www.burmeseclassic.com



BURMESE CLASSIC .com

# အာယုဗေဒ • ၂

## ဒဂုန်တာရာ

www.burmeseclassic.com

www.burmeseclassic.com



အလှဗေဒ (၂)

●
ခွင့်ပြု
စာမူခွင့်ပြု - ၁၁၅၁/၂၀၀၃ (၁၁)
မျက်နှာဖုံးခွင့်ပြု - ၁၀၅၆/၂၀၀၃ (၁၂)

●
မျက်နှာဖုံးဒီဇိုင်း
ကိုဆန်း

●
ထုတ်ဝေ
ဦးသန်းဆွေ (၀၁၄၇၃) စစ်သည်တော်စာပေ
၁၁၃၁၊ ဥယျာဉ်လမ်း၊ ၁၉ ရပ်ကွက်
ဒဂုံတောင်ပိုင်း။

●
ပုံနှိပ်သူ
ဒေါ်တင်ရီ (၀၂၈၃၉) နန်းသဇင်စက်
၁၉၆၊ ၃၉ လမ်း၊ ရန်ကုန်။

●
ပုံနှိပ်ခြင်း
၂၀၀၄ ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်
အုပ် - ၁၀၀၀

●
တန်ဖိုး
၁၃၀၀ ကျပ်

●
ထုတ်ဝေဖြန့်ချိ

ဆုစာအုပ်တိုက်
အမှတ် ၁၉၈၊ ၃၉ လမ်း၊ ရန်ကုန်။
[ ဖုန်း - ၂၅၂၆၂၂ ]

BURMESE CLASSIC .com

## မာတိကာ

အမှာစာ ၁

**အခန်း ၁ စာပေဝေဖန်ရေး**

၁။ ကမ္ဘာ့စာပေနှင့် မြန်မာ့ဂန္ထဝင် ၇
၂။ ၁၉၄၉ မြန်မာဝတ္ထုများ
ဘာကြောင့် စာပေဗိမာန်ဆု မပေးသနည်း ၁၃
၃။ ခေတ်ရေစီးကြောင်းနှင့် စာပေ ၃၃
၄။ တော်လှန်ရေးနှင့် သရုပ်ဖော်စာပေ အခန်းပြဿနာ ၃၉
၅။ အမျိုးသားလွတ်မြောက်ရေးနှင့်
စာပေဝေဖန်ရေး ၄၇
၆။ ခေတ်ပြိုင်လှုပ်ရှားမှုနှင့် စာပေဝေဖန်ရေး ၅၅
၇။ သမိုင်းအတွေ့အကြုံနှင့် စာပေဝေဖန်ရေး ၆၃
၈။ လမ်းဆုံလမ်းခွဆီသို့ ပြန်လည်ကြည့်ရှုခြင်း ၆၉
၉။ အယ်ဒီတာနှင့် ဝေဖန်ရေးအမြင် ၇၇
၁၀။ စာအုပ်စျေးကွက်နှင့် စာဖတ်ပရိသတ် ၈၅
၁၁။ စာပေသမိုင်းခေတ်နှင့် ပြည်သူ့ပညာရေးစနစ် ၈၉

www.burmeseclassic.com

www.burmeseclassic.com

## ဒဂုန်တာရာ၏ အမှာ

### (က)

၁၉၉၉ က အလှဗေဒ စာအုပ်ထွက်ခဲ့သည်။ ယင်းစာအုပ်မှာ မူလက မုံရွေး စာအုပ်တိုက်မှ ထွက်ရန်စီစဉ်ထားရာ အနုပညာနှင့် စာပေဝေဖန်ရေး၊ နောက်ခံကား၊ စာပေဝေဖန်ရေးစသည်ဖြင့် အခန်းကြီး သုံးခန်း ခွဲထားသည်။ ယင်းအခန်းကြီးများဖြင့် ခွဲထားသည့် စာအုပ်ကို ပထမ ဒုတိယ (၁) (၂) စသည်ဖြင့် ခွဲခြားသတ်မှတ်၍ ထုတ်ဝေရန် မဟုတ်ပေ။ သို့သော် အကြောင်းကြောင်းကြောင့် မုံရွေးစာပေမှ မထုတ်ဝေဖြစ်ဘဲ နောက်တစ်ဆင့်ကူးကာ တခြားနေရာမှ ထုတ်ဝေ ဖြစ်သွားသည်။

ထိုအခါက ကျွန်တော်သည် ရန်ကုန်တွင် မရှိ။ အောင်ပန်းတွင် ရောက်ရှိနေသော အချိန်ဖြစ်သည်။ ကျွန်တော်က အတွဲများ ခွဲခြား၍ ထုတ်ရန် မဟုတ်ဘဲ တစ်အုပ်တည်းနှင့် ထုတ်ဝေရန် အစီအစဉ်မှာ ပျက်ပြားသွားသည်။ မည်သို့ စာအုပ်များ ခွဲခြားထုတ်ဝေရမည်ကို ကျွန်တော့်ကို မေးမြန်းခြင်း မပြုဘဲ သူတို့၏ အစီအစဉ်ဖြင့် ထုတ်ဝေလိုက်သည်ကို စာအုပ်ထွက်မှ တွေ့ရှိရသည်။ စာမူခ စသည်တို့ကိုလည်း ကျွန်တော်နှင့် ပြောဆိုခြင်း မရှိခဲ့ပေ။ ယင်းအလှဗေဒ စာအုပ်သည် ကျွန်တော် စီစဉ်ထားသည့်အတိုင်း မဟုတ်ဘဲ ထွက်ပေါ်လာခြင်း ဖြစ်သည်ကို စာဖတ်သူများ သိစေလိုသည်။ စာမူများ ကျန်ရှိနေသည်။ ထို့ကြောင့် ယခု အလှဗေဒ (၂) အဖြစ် ထုတ်ဝေလိုက်ရပေသည်။

### (ခ)

ယခု ဆုစာပေမှ ထုတ်ဝေသော အလှဗေဒသည် ကျွန်တော်၏ အစီအစဉ်အတိုင်း ထုတ်ဝေလိုက်သော စာအုပ်ဖြစ်သည်။ ကျွန်တော်သည် စာပေရေးရာ စာအုပ်များ ထုတ်ဝေသောအခါ အခန်းကြီး အခန်းငယ် စသည်ဖြင့် ခွဲခြားကာ ဘာသာရပ်များကို မိမိအစီအစဉ်အတိုင်း သတ်မှတ်၍

www.burmeseclassic.com



ထားခဲ့သည်။ ပထမဦးဆုံး ထုတ်ဝေသော စာပေသဘောတရား စာအုပ်မှာ 'စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု' ဟူ၍ ဖြစ်သည်။ ၁၉၆၇ က နံ့သာစာပေမှ ပထမနှိပ်ခြင်း ထုတ်ဝေသည်။ စာမျက်နှာ ၇၄၄ ဖြစ်သည်။ စာပေရေးရာ လေ့လာသူများအဖို့၊ စာပေမွေ့သူတို့အဖို့ စာပေအတွေးအခေါ်ကို ချောချောမောမော ရရှိနိုင်ရန်အတွက် ယင်းသို့ စာပေ သဘောတရား၊ စာပေဝေဖန်ရေး စသည့် လှုပ်ရှားမှု အစဉ်အတိုင်း စီစဉ်ထားခြင်း ဖြစ်သည်။ အကြောင်းမဲ့ မဟုတ်ပေ။

ထို့နောက် 'စာလုံး၊ ဆေးစက်၊ စောင်းကြိုးနှင့် ကဗ္ဗိပါကားလိပ်' ဟူသော အမည်ဖြင့် ၁၉၇၄ က ဂုဏ်ထူးစာအုပ်တိုက်မှ ထုတ်ဝေသည်။ ယင်းစာအုပ်တွင်ကား စာပေသာမကဘဲ ပန်းချီ ဂီတ ရုပ်ရှင် သဘင်စသည် ဖြင့် အခြားသော ဘာသာရပ်များကို စု၍ ဖော်ပြထားသော စာစုဖြစ်သည်။ ထို့နောက် ၁၉၇၄ အောက်တိုဘာတွင် 'သဇင်သင်းပျံ့တော့' အမည်ဖြင့် ယင်းကဲ့သို့ စာပေ ဂီတ ပန်းချီ ရုပ်ရှင် သဘင် ဘာသာရပ် များပါသော စာအုပ်ကို ဂုဏ်ထူးတိုက်မှ ထုတ်ဝေခဲ့ရာ ကျွန်တော် မဂ္ဂဇင်း များတွင် ရေးသားခဲ့သော ဆောင်းပါးများကို စုထားသည့် စာပေါင်းချုပ် ဖြစ်သည်။ ယင်းဘာသာရပ်တို့သည်လည်း ယခုအလှဗေဒနှင့် ဆက်သွယ် နေသော ဘာသာရပ်များ ဖြစ်ကြပေသည်။

အနုပညာနှင့် စာပေသဘောတရားရေး အခန်းကြီးတွင် သဘော တရားသက်သက်ကိုသာ တင်ပြထားသည်။ နောက်ခံကားတွင်ကား ကျွန် တော်၏ စာပေအတွေ့အကြုံ၊ အနုပညာအတွေ့အကြုံဖြစ်သော ဂီတ ပန်းချီ အတွေ့အကြုံတို့ ပါဝင်သည်။ ယင်းနောက်ခံကားမှာ အနုပညာ စာပေ သဘောတရား အလှဗေဒ သဘောတရားကို နားလည်နိုင်ရန်အတွက် အထောက်အကူပြုသော ရေးသားချက်များ ဖြစ်သည်။ အနုပညာနှင့် စာပေ ဝေဖန်ရေး အခန်းကြီးတွင်ကား ကျွန်တော်၏ အနုပညာနှင့် စာပေရေး ရာ ဝေဖန်ချက်၊ အကဲဖြတ်ချက်ကို ဖော်ပြထားသည်။ ထို့ကြောင့် အခန်း ကြီး အခန်းငယ် ခွဲခြား၍ ဖော်ပြခြင်းကို ယင်းအလှဗေဒ ဘာသာရပ် သို့မဟုတ် စာပေဗေဒ ဘာသာရပ်များကို လွယ်ကူချောမွေ့စွာ နားလည် နိုင်ရန်အတွက် ပြုလုပ်ထားခြင်း ဖြစ်သည်ကို ဖော်ပြလိုပေသည်။

စာပေသဘောတရားသည် စာပေဖန်တီးဖွဲ့နွဲ့မှုမှ ဆင်းသက်လာ သည်။ စာပေဝေဖန်ရေးသည် စာပေလှုပ်ရှားမှုနှင့် ဆက်စပ်နေပြန်သည်။



စာပေသမိုင်းခေတ် တစ်ခေတ်က လိုအပ်သော စာပေလှုပ်ရှားမှု ဖြစ်ပေါ် ရာ စာပေဝေဖန်ရေးက အကျိုးပြုပြန်သည်။ ယင်းသို့လျှင် စာပေ သဘော တရား၊ စာပေဝေဖန်ရေး စာပေလှုပ်ရှားမှုတို့သည် ဆက်စပ်နေကြပေသည်။

(ဂ)

ယခုအလှဗေဒမှာ စာပေဘာသာရပ်တစ်ခုအတွက်သာ မဟုတ် ဘဲ အနုပညာများဖြစ်ကြသော ပန်းချီ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် စသော ဘာသာရပ်များ၏ အလှဗေဒ ဖြစ်သည်။ စာပေတစ်ရပ်အတွက် အလှ ဗေဒသာ မဟုတ်ပေ။ အလှဗေဒဘာသာရပ်တွင် ရသစာပေအလှ၊ ဂီတ၏ အလှ၊ ပန်းချီအလှ၊ ရုပ်ရှင်သဘင်တို့၏ အလှစသော အလှ ဘာသာရပ် များနှင့်လည်း ပါဝင်သက်ဆိုင်ပေသည်။

ကျွန်တော့်တွင် ဝတ္ထု ကဗျာ စသော ရသစာပေသာ မဟုတ်။ ဂီတ၊ ပန်းချီစသော အနုပညာ အတွေ့အကြုံများလည်း နည်းနည်းပါးပါးစီ ရှိထားသည်။ ထို့ကြောင့် အလှဗေဒ သဘောတရားသည် အနုပညာရပ် များနှင့် သက်ဆိုင်သည်ဟု ဆိုခြင်း ဖြစ်သည်။ ပန်းချီကား နည်းနည်းပါးပါး ရေးဖူးသည်။ စန္ဒယား နည်းနည်းပါးပါး တီးခတ်ဖူးသည်။ ယင်း အနုပညာ အတွေ့အကြုံများကို နောက်ခံကားတွင် ထည့်သွင်းထားသည်။ အနုပညာ နှင့် စာပေဝေဖန်ရေးတွင် ဝေဖန်ရေးများကို ထည့်သွင်းထားသည်။ အလှ ဗေဒ စာအုပ်သည် ရသစာပေဖန်တီး ဖွဲ့နွဲ့သူတို့အတွက်သာ မဟုတ် ဂီတ၊ ပန်းချီ ဖန်တီးဖွဲ့နွဲ့သူတို့အတွက်သာ မဟုတ်၊ ယင်း အနုပညာနှင့် စာပေကို ခံစားသောသူများအတွက်လည်း ယူနိုင်သည်။ ထို့ကြောင့် အနု ပညာနှင့်ဆိုင်ရာ သဘောတရားရေးရာ ဝေါဟာရများ နည်းနိုင်သမျှ နည်း အောင် အများသူတို့ ဖတ်ရှုနိုင်အောင် ရေးသားထားသည်။ စာဖတ်သူ တို့သည် ရသစာပေ၊ အလှစာပေ၊ ပန်းချီ၊ ရုပ်ရှင် သဘင်တို့၏ သိပ္ပံ ပညာဘက်သာမက ဆန်းသစ်တီထွင်မှု အနုပညာဘက်တို့ကိုပါ နားလည် သိရှိမည်ဆိုလျှင် စာရေးသူသည် ကျေနပ်ရပေသည်။

ဒဂုန်တာရာ
၁၂၊ ၃၊ ၀၂
သာမိုင်းခမ်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁

## စာပေဝေဖန်ရေး

ကမ္ဘာ့စာပေနှင့် မြန်မာ့ဂန္ထဝင်
၁၉၄၉ မြန်မာဝတ္ထုများ
ဘာကြောင့် စာပေဗိမာန်ဆု မပေးသလဲ
ခေတ်ရေစီးနှင့် စာပေ
တော်လှန်ရေးနှင့် သရုပ်ဖော်စာပေ အခန်းပြဿနာ
အမျိုးသားလွတ်မြောက်ရေးနှင့် စာပေဝေဖန်ရေး
ခေတ်ပြိုင်လှုပ်ရှားမှုနှင့် စာပေဝေဖန်ရေး
သမိုင်းအတွေ့အကြုံနှင့် စာပေဝေဖန်ရေး
လမ်းဆုံလမ်းခွဆီသို့ ပြန်လည်ကြည့်ရှုခြင်း
အယ်ဒီတာနှင့် ဝေဖန်ရေးအမြင်
စာအုပ်ဈေးကွက်နှင့် စာဖတ်ပရိသတ်
စာပေသမိုင်းခေတ်နှင့် ပြည်သူ့ပညာရေးစနစ်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## ကမ္ဘာ့စာပေနှင့် မြန်မာ့ကဗ္ဗဝင်

## (၁)

သဘာဝသည် ကမ္ဘာကြီးအား ပြုပြင်သည်။ လူသည် ကမ္ဘာကြီး၏ တစ်စိတ် တစ်ဒေသ ဖြစ်၏။ ထို့ကြောင့် သဘာဝသည် လူအား ပြုပြင်သည်။

ဤ ပံသုပထဝီမြေပေါ်တွင် အဏ္ဏဝါနှင့် ကန္တာရစိမ့်စမ်း၊ အိုင် ကမ်းမြစ်ပြင်၊ တောတစ်ခွင် တောင်တစ်ခွင် သစ်ပင်ပန်းပင် စသော အဝိညာဏက ဝတ္ထုများမှ သဘာဝ ပြုပြင်တန်ဆင်သော ပစ္စည်း ဖြစ်လေ ၏။ ကောင်းကင်၊ နေ၊ လ၊ နက္ခတ်၊ တာရာတို့အောက်၌ လောကကြီး သည် ဖြစ်ထွန်းနေ၏။ သဘာဝကို ကြံ၍ ကူညီပြုပြင်သော သဘာဝ ဓာတ်ကြီး လေးခုရှိ၏။ ထိုလေးခုမှာ ရေ၊ မြေ၊ လေ၊ မီးတို့ ဖြစ်လေ သည်။ သူတို့၏ လှုပ်ရှားသွားလာမှုကြောင့် ရာသီဥတုသည် ဖြစ်ပေါ်လာ ၏။ နေသွားရာ လမ်းကြောင်းတွင် ကျရောက်သော တိုင်းပြည်သည် အပူပိုင်း ဒေသဖြစ်၍ နေသွားရာ လမ်းကြောင်းနှင့် ဝေးသော တိုင်းပြည် တို့သည် အအေးပိုင်း ဒေသဖြစ်လာ၏။ လေသည် ပင်လယ်ကို ဖြတ်လာ ရသောကြောင့် ရေခိုးရေငွေ့ဖြစ်ကာ အပေါ်သို့ တက်၍ တစ်ဖန် အောက်သို့ ပြန်ကျသောအခါ မိုးပေါက်အဖြစ်ဖြင့် ရွာချ၏။ မိုးရေအဖြစ် မပြောင်းလဲ နိုင်သော သဘာဝအင်္ဂါ ချို့ယွင်းနေလျှင် မိုးမရွာ။ ဘုရင်မင်းတို့တရားနှင့် မညီသောကြောင့် မဟုတ်။ မိဖုရားကြီး လော်လီဖောက်ပြားသောကြောင့် လည်း မဟုတ်ပေ။ မြေအောက်အတွင်း၌ အပူဆိုင်းချော်မြုပ်များ ပွက်ဆူ လျက် ရှိလေရာ၊ ပါးလွှားသော မြေပြင်နှင့် တွေ့လျှင် ရန်းကန်သော ကမ္ဘာမြေသည် လှုပ်ရှား၏။ မြေငလျင်လှုပ်သည်ဟု အသိအမှတ်ပြုကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မင်းလောင်း ပဋိသန္ဓေတည်သောကြောင့် မဟုတ်။ ပြည်ပျက်မည့် နိမိတ်လည်း မဟုတ်ပေ။

ထက်ကောင်းကင် လျှပ်စစ်တိမ်တိုက် မိုးသားထဲ၌ အဖိုနှင့်အမ ဓာတ်များ ထိတွေ့ခြင်း၊ ပို၍ အန်သွားလာခြင်းကြောင့် မိုးခြိမ်းခြင်း မိုးကြိုး ပစ်ခြင်းများ ဖြစ်ပေါ်၏။ သိကြားနှင့် အသူရာ စစ်ပြိုင်ကျင်းခြင်း မဟုတ်။ မကောင်းသူကို အပြစ်ပေးလို၍ သိကြားမင်း ဝရဇိန်လက်နက်ဖြင့် ပစ်ခွင်း ခြင်းလည်း မဟုတ်ပေ။

မိုးရေ မြောက်မြားစွာ ရသော အရပ်တွင် ကြံ့ခိုင်ထွားပျိုသော သစ်ပင်အကြီးစားကြီးများ ပေါက်ရောက်သည်။ မိုးရေအလျှင်း မရသော လွင်ပြင်သည် သဲကန္တာရကြီး ဖြစ်လာ၏။

မှန်သည်။ သဘာဝသည် ကမ္ဘာလောကကြီးအား ပြုပြင်သည်။

ရှုမဆုံး မျှော်မခန်း ကျယ်ပြန့်ဝန်းလျားသော သဲကန္တာရကြီး တွင် အမြဲလိုလိုပင် ကုလားအုတ်ဖြင့် ဖြတ်သန်းသွားလာနေရသော အာရပ် လူမျိုးတို့သည် ညအချိန် စတည်းချချိန်၊ ကြယ်တာရာတို့ကိုသာ ကြည့်မြင် နေရသောကြောင့် နက္ခတ်သျှတ္တရပညာတို့၌ ကောင်းစွာ တတ်မြောက် ကြ၏။ ပါရမီပါ၍ မဟုတ်ပေ။ အတ္တလန္တိတ်သမုဒ္ဒရာ ရေဝိုင်းလျက်၊ ကျွန်းမြေပင်လယ်စပ်တွင် ပေါက်ဖွားကြရသော ဗြိတိသျှလူမျိုးတို့သည် ရေကြောင်းဘက်၌ ကျွမ်းကျင်ကြ၏။ သူတို့သည် ရေကြောင်းစစ်ပွဲ နှံ့ လေသမျှတို့၌ အောင်မြင်သည်သာများ၏။ ဘုန်းကံကြီး၍ မဟုတ်ပေ။ အအေးပိုင်း၌ ရှိသော ဥရောပ အမေရိကတိုင်းပြည်တွင် လောကဓာတ်ပညာ ထွန်းကား၏။ တီထွင်ကြံစည်၍ အောင်မြင်မှုများ မကြာခဏ တွေ့ရ၏။ ထူးချွန်ဉာဏ်ရှိ၍ မဟုတ်ပေ။ အေးသောအခါ၌ လူတို့သည် တီထွင်ချင် သောစိတ် ရှိသည်။ ပေါပေါက်၏။ လုပ်ချင် ကိုင်ချင်၏။ ဖျတ်လတ်၍ စိတ်ရှည်၏။ ကိုယ်လက် လှုပ်ရှားချင်၏။ ထို့ကြောင့် လောကဓာတ်ပညာ သည် အအေးပိုင်းဒေသတွင် ထွန်းကားခဲ့လေသည်။ နေပူသည့်အခါ လူတို့ ၏ စိတ်သည် ထိုင်းမှိုင်းလေ၏။ စိတ်တို၏။ မလုပ်ချင် မကိုင်ချင် ကိုယ်လှုပ်ရှားခြင်းကို ညည်းငွေ့၏။ ထို့ကြောင့်ပင် အပူပိုင်းဒေသတွင် လောကဓာတ်ပညာများ၊ ကြံစည်တီထွင်မှုများ ထွန်းကားသည်ဟု မကြားရ။ ကြံစည်တီထွင်လိုသော ဝီရိယဉာဏ် နည်းပါးသည့်အတွက် အပူပိုင်း ဒေသတွင် မယဉ်ကျေးသော လူရိုင်းများ ယနေ့တိုင် ရှိသည်ကို တွေ့ရ



လေ၏။ ဤကား အတွင်းစိတ်၏ ပြုပြင်ပုံများ ဖြစ်၏။ အပြင်အသွင် တွင်လည်း သဘာဝသည် ပြုပြင်၏။ အေးသောနိုင်ငံတွင် လူတို့၏ အသားအရေ ဖြူ၏။ အပူရှိန်ကို ကောင်းစွာ မခံစားရသောကြောင့် ဖြစ်၏။ တောက်လောင်၍နေသော နေမင်းအောက် အပူပိုင်းဒေသရှိ လူများ ကား အသားမည်း လူမျိုးများ ဖြစ်လေသည်။

မှန်သည်။ သဘာဝသည် လူအား ပြုပြင်၏။

(၂)

ကမ္ဘာကြီး ဖြစ်ခါစက လူတွေသည် တိရစ္ဆာန်နှင့် ဘာမျှ မခြား ချေ။ နောက် လူတို့သည် ဓာတ်ပါလာသော သဘာဝတွေကို ကျော်လွှန် ပုန်ကန်၍ တိုးတက်မှုကို ရှာကြ၏။ ဓာတ်ကိုယ်ပိုင်ဉာဏ်ကို အသုံးပြု ၍ စဉ်းစားကြ၏။ ကျောက်ဂူလိုဏ်ထဲတွင် နေခြင်းမှ အမိုးအကာဆောက် လုပ်၍ လာကြ၏။ ထို့ထက် တိုးတက်၍ ပန်းပုပန်းရန် ဗိသုကာ အတတ် ဖြင့် အဆောက်အဦများကို လှပအောင် တန်ဆာဆင်ကြ၏။ လှေငယ်ကို ထွင်း၍ တက်ဖြင့် လှော်ရာမှ ပျဉ်စပ်၍ ရွက်ဖြင့် လွှင့်လာကြ၏။ နောက် တစ်ထစ်တက်၍ စက်ယန္တရား၊ ရေနွေးငွေ့ဓာတ်အားဖြင့် သွားကြ၏။ ကျောက်ခေတ်ပြီးမှ အဆင့်ဆင့်တက်၍ လျှပ်စစ်မီးသို့ တိုးတက်လာ၏။ ကျောက်တုံးကို ချိုးဖဲ့ထုခွဲ၍ လက်နက် ကိရိယာ လုပ်ရာမှ သံကြေးဖြင့် ထွင်ကြ၏။ ဓားလှံလေးမြားမှ တစ်ဖန် သေနတ်အမြောက်ဗုံးဓာတ်ငွေ့ စသည်တို့ တိုးတက်လာကြ၏။ လက်မှုပညာတို့ကို တီထွင်လာကြ၏။ စာပေတွင်လည်း တိုးတက်မှုများ ရှိပေသည်။ အစက အက္ခရာ သင်္ကေတ များ မရှိပေ။ နောက်သူတို့သည် ရေးသားလိုစိတ် ပြင်းပြသည်အတွက် အီဂျစ်ပြည်က စ၍ အက္ခရာ အမှတ်အသား သင်္ကေတဖြစ် ပေါ်လာသည်။ ဓမ္မသတ်များ ရာဇဝင်များ ကမ္ဗည်းတင် ထိုးခဲ့ကြ၏။ ထို့ယက် တိုးတက်၍ ပရမတ်တရား၊ အဘိဓမ္မာတရားကို ရေးကြ၏။ စာပေဘက် ဗိသုကာ အစရှိသော လက်မှုပညာ၊ သုခုမ ပညာဘက်တို့တွင် တစ်ဆင့်ထက် တစ်ဆင့် တိုးတက်လာသည်ကို ယဉ်ကျေးမှုဟု အသိအမှတ်ပြု လာကြ၏။ ထိုနှစ်ပေါင်း ငါးထောင်ကျော်လောက်က အီဂျစ်ပြည်၊ ဘေဘီလုံပြည်၊ ဂရိပြည်၊ ပါရှားပြည် ယဉ်ကျေးမှုများ၊ တရုတ်ပြည် ယဉ်ကျေးမှုများသည် ကမ္ဘာအား ပျံ့နှံ့စေ၏။ အရှေ့တိုင်း၊ အနောက်တိုင်းတို့တွင် ယဉ်ကျေး၍

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ တိုးတက်၍ လာသည်။ ထိုအခါက အမေရိကပြည်၊ ဩစတေးရီးယားတို့မှာ မရှိသေး။ ကမ္ဘာကြီးမှာ သီးသန့် ခွဲခြား၍ နေသကဲ့သို့ နေခဲ့၏။ ကျွန်ုပ်တို့ မြန်မာပြည် ဆိုသည်မှာလည်း မပေါ်ပေါက်သေးချေ။ အိန္ဒိယပြည်ကား အသိအမှတ်ပြုခြင်း ခံခဲ့ရလေပြီ။

(၃)

မြန်မာလူမျိုးဟူ၍ မယ်မယ်ရရ ပေါ်လာသည်မှာ နှစ်ပေါင်းထောင့် ငါးရာလောက်သာ ရှိသေးသည်။

မြန်မာမင်းကား အိန္ဒိယတိုင်း သာကီဝင်တို့၏ အဆက်အနွယ်ဖြစ်၏။ မြန်မာလူမျိုးသည် တိဗက်ပြည် မောင်းဂွတ်မှ ဆင်းသက်ခဲ့၏။ ထိုအခါ စာပေ အက္ခရာပြု ဘာသာဖြစ်ပေသည်။ ပုဂံခေတ်၌ မြန်မာယဉ်ကျေးမှုသည် တိုးတက်သည်ဟု ရာဇဝင်ဆရာတို့ ရေးကြ၏။ သို့ရာတွင် ကိုယ်ပိုင် မြန်မာယဉ်ကျေးမှုအစစ် မဟုတ်ချေ။ စာပေဘက်က ကြည့်မည်ဆိုလျှင် မြန်မာစာပေသည် ဗုဒ္ဓဝစနနှင့် ရာဇဝင်ကျောက်စာတို့သာ ဖြစ်သည်ကို တွေ့ရ၏။ အိန္ဒိယတိုင်းမှ ဗုဒ္ဓဝစနစာပေ မြန်မာပြည်တို့ အမြောက်အမြား ရောက်လာ၏။ ဗုဒ္ဓသည် ဗုဒ္ဓဘာသာကို စတင်ဟောပြောရာ၌ မဂဓဘာသာဖြင့် ဟောပြောခဲ့သည်။ အိန္ဒိယပြည်တွင် ဗုဒ္ဓဝစနစာပေကို မဂဓဘာသာ၊ သက္ကဋဘာသာဖြင့် ရေးမှတ်ထားခဲ့လေရာ မြန်မာပြည်သို့ ရှင်မဟာဗုဒ္ဓဃောသ ပိဋကတ်စာပေကို ယူဆောင်လာရာ၌ သီဟိုဠ် အက္ခရာမှ မဂဓဘာသာ အက္ခရာဖြင့် ပြန်ဆိုခြင်း ဖြစ်လေသည်။ မဂဓမှ ပါဠိသို့ ကူးပြောင်းရလေသည်။ ထိုအခါက မြန်မာပြည်တွင် သုံးစွဲကြသော ကမ္ဗည်းစာများမှာ ပါဠိ၊ သသံဂရိုက်ဘာသာများ ဖြစ်လေသည်။ ထိုဘာသာတို့မှာ မြန်မာဘာသာသို့ ဆင်းသက်ခဲ့လေသည်။ သသံဂရိုက်ဘာသာကိုမူ တကောင်းပြည် ကောင်းစားစဉ်က သုံးစွဲခဲ့ကြသည်။ ပါဠိရိပ်၊ သက္ကဋရိပ် မကင်းသော မြန်မာစာပေ၏ တိုးတက်မှုတွင်လည်း ပါဠိစာပေသည် လိုက်၍ နေပြန်လေ၏။ ခေတ်ဂန္ထဝင်ကို လှန်လှောကြည့်ရှုမည်ဆိုလျှင် မြန်မာစာပေသည် ရာဇဝင်အမှတ်အသားများနှင့် ပိဋကတ်သုံးပုံ ဖြစ်သည်ကို တွေ့ရှိရလေသည်။ မြစေတီဘုရားကျောက်စာ၊ လက်သဲရှည်ဘုရား ကျောက်စာများကို ကြည့်ရှုကာ ရာဇဝင်အမှတ်အသား ဖြစ်ကြောင်း အထောက်အထားကို တွေ့ရှိရပေ၏။



ကျန်စာပေမှာ ဗုဒ္ဓစာပေ ပရိယတ္တိစာပေ ဖြစ်လေသည်။

ကိုယ်ပိုင်စိတ်ကူးဖြင့် ကြံစည်ရေးသော စာဟူ၍ ပုဂံခေတ်က မရှိသလောက်ပင် ရှားပါးခဲ့သည်။ အနန္တသူရိယရေး အမျက်ပြေ လင်္ကာနှင့် ပုပ္ပါးနတ်တောင်ဘွဲ့ လင်္ကာ အတိုအစလောက်သာ မနည်းရှာဖွေ၍ တွေ့ရပေ၏။ ပင်းယ၊ စစ်ကိုင်း၊ အင်းဝခေတ် စာပေတို့ကို အနုလုံ ပဋိလုံ ဆင်ခြင်ပြန်ကလည်း ထိုနည်းအတူ ပင်ကိုယ်ဉာဏ်ဖြင့် စိတ်ကူးကြံစည်၍ ရေးသော စာများ မဟုတ်ဘဲ ဗုဒ္ဓစာပေပင် ဖြစ်နေပြန်လေသည်။ စိတ်ကူးဖြင့် ဖွဲ့ကြသော အချစ်ရတု၊ သဘာဝဘွဲ့ရတုတို့ကား မဖြစ်စလောက်သာ ရှိ၏။ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဟု ပိဋကတ်သုံးပုံ ရှိသည့်အနက် သုတ္တန်ကို မြန်မာတို့သည် စိတ်အားထက်သန်စွာ သုံးသပ်လေ့လာကြ၏။ သုတ္တန်မှ ဇာတကများကို ကောက်နုတ်ရွေးချယ်၍ မြန်မာစာပေအဆောက်အဦကြီး တည်ဆောက်ကြလေတော့၏။ အနုအယဉ် အပျောင်းအနွဲ့ကို ကြိုက်သော သူတို့သည် သုဗောဓာလင်္ကာရကျမ်း၊ ဝိင်္ဂလဆန်းကျမ်းတို့ကို လေ့လာ၍ ကဗျာဖြင့် သီကုံးကြ၏။ တိုတိုတုတ်တုတ်၊ လိုရင်းကို ချုပ်၍ အချိန်မကုန်ဘဲ အများ နားလည်စေလိုသော သူတို့သည် စကားပြေဖြင့် သီကုံးကြ၏။ သူတို့ဖွဲ့သော စာများသည် ဇာတကနိပါတ်တော်များသာ ဖြစ်လေသည်။ အင်းဝခေတ်၌ ထိပ်တန်းထားရသော ပျို့အများဆုံး ထွက်ပေါ်ခဲ့၏။ ထိုပျို့များစွာသည် ကိုယ်ပိုင်ဉာဏ်ဖြင့် စိတ်ကူးကြံစည်၍ ရေးသော ဝတ္ထုများ မဟုတ်ဘဲ ငါးရာ့ငါးဆယ် ဇာတကနိပါတ်လာ ကောက်နုတ်ချက်များသာ ဖြစ်သည်ကို တွေ့ရှိရလေသည်။

(၄)

သို့ဖြစ်လေရာ မြန်မာစာပေ၌ စိတ်ကူးစိတ်သန်းတွင် ညံ့ဖျင်းခြင်း ရှိသလောက်ဖြစ်၍ ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုကာ ကြံစည်တီထွင်လာလျှင် 'ရှေးထုံးကို မပယ်နှင့်' ဟူသော ဆောင်ပုဒ်တင်းပုတ်ကြီးဖြင့် အဆန်းထွင်ကာ စမ်းသပ်လိုသူတို့၏ ဦးခေါင်းကို ပုခနဲနေအောင် ထုတော့၏။ ရှေးစာပေကိုသာ အတန်တန် အောက်မေ့၍ စဉ်းစားဉာဏ်ကို အသုံးပြုကာ ကြံဆတွေးတောခြင်းကို မြန်မာတို့သည် မနှစ်ခြိုက်။ မြန်မာစာပေသည် ခေတ်မမီ၍ ကမ္ဘာ့ဂန္ထဝင်တွင်းသို့ မဝင်နိုင်ဘဲ ရှိရ၏။ မြန်မာစာတစ်ပုဒ်ဘွဲ့သည် ကမ္ဘာကျော်၍ နိုဘယ်ဆု ရသည်ဟု တစ်ခါ

www.burmeseclassic.com



မျှ မကြားဘူး။ မြန်မာစာပေတွင် (ပရိလက်တေးရီးရက်)ခေါ်သော ဆင်းရဲသား တောသူတောင်သားတို့၏ အကျိုးကို ထမ်းဆောင်သော ဆင်းရဲသားအကျိုးဆောင် စာပေခေါင်းပါးလှသည်ကို တွေ့ရှိရလေ၏။ ရုရှားမှ အီတလီမှ အင်္ဂလန်မှ ဖိလစ်ပိုင်မှ စသော စာရေးဆရာကြီးများ၏ ဆင်းရဲသား အကျိုးဆောင် ဝတ္ထုစာပေများ တွေ့ရှိရပြီ။ ၁၇၈၉ ခု ပြင်သစ်အရေးတော်ပုံ ဖြစ်ပွားစဉ်အခါက မြန်မာပြည်တွင် သက်ဦးဆံပိုင်အုပ်စိုးသော ခေတ်၌ ရှိခဲ့၏။ ဘုရင်၏ ဘုန်းတော်ကို ချီးမြှောက်သော စာတွေ၊ နေမျိုးအာဒိစ္စမှ ဆင်းသက်ကြောင်း ကိုယ်ရည်သွေးသည့် စာတွေ၊ အချစ်သစ္စာတိုင် ဘုရားတိုင်စာတွေ အလျှိုလျှို ပေါ်ပေါက်နေခဲ့၏။ ထိုအခါက ဘော်လတိုင်ယာ၊ ရဆူးတို့သည် ဆင်းရဲသား အကျိုးဆောင် စာပေများကို ရေးသားခဲ့ကြလေပြီ။ ကားလမတ်၊ အိန်းဂျယ်စသူတို့သည်လည်း အလုပ်သမား အကျိုးဆောင်စာအုပ်များကို ကမ္ဘာအား တင်ပြဖြန့်ဖြူးခဲ့ကြလေပြီ။ မြန်မာစာပေတွင် ဆင်းရဲသား အကျိုးဆောင်စာအုပ်စာတမ်းဟူ၍ အန့်ပင် မရကြသေး။ သူဌေးလောက၊ ဘုရင်လောကတို့ကို သရုပ်ဖော်သည့် ပရိယတ္တိကိုသာ တွေ့ရှိရလေသည်။

သို့ဖြစ်လေရာ မြန်မာစာပေကို ခေတ်မီလာအောင် တော်လှန်ပုန်ကန်ရန် သင့်ပြီ။ ကမ္ဘာ့စာပေကို အတန်တန် သုံးသပ် ဆင်ခြင်၍ လောကအမြင် ပညာများ၊ ဆင်းရဲသား အလုပ်သမား အကျိုးဆောင်စာများကို ဘာသာပြန်ခြင်းဖြင့် လည်းကောင်း၊ စတင် ကြံဆ၍လည်းကောင်း၊ ဂန္ထဝင်တွင်းသို့ သွတ်သွင်းကြသင့်ပြီဟု နိဂုံးချုပ် တိုက်တွန်းဖော်ပြလိုက်ရပေသတည်း။

(ဤဆောင်းပါး တစ်နေရာတွင် ပါသော၊ ဝိဂ်လဆန်းကျမ်းဆိုသည်မှာ အိန္ဒိယတိုင်း စာပေပင် ဖြစ်သည်။ စာတည်း။)

[ပင်းယမဂ္ဂဇင်း၊ ၁၉၄၀]

❀

၁၉၄၉ ခု၊ မြန်မာဝတ္ထုများ
ဘာကြောင့် စာပေဗိမာန်ဆု မပေးသလဲ

(၁)

၁၉၅၀ ခု၊ မတ်လ (၁၅) ရက်နေ့ထုတ် သတင်းစာများတွင် ၁၉၄၉ ခုအတွက် စာပေဗိမာန်ဆုကို မပေးကြောင်း ကြေညာချက်ကို ဖတ်ရလေသည်။

စာပေမွေ့သူများသည် ၁၉၄၉ ခုနှစ်အတွက် ဝတ္ထုဆုကို ဘယ်သူရရှိမလဲ ဆိုသည်ကို နှစ်ဆန်းကပင် မှန်းဆလျက် ရှိကြသည်။ မြန်မာပြည်တွင် ဤကဲ့သို့ ဆုများ ပေးသည် သိပ်မရှိခဲ့လှသဖြင့် ယခုစာပေဗိမာန်ဆုကို အထူးစိတ်ဝင်စားကြပေသည်။ ဆုပေးသည်မှာလည်း (၂) နှစ်မျှသာ ရှိသေးသဖြင့် သာ၍ ဆန်းသစ်နေကာ 'ဘယ်ဝတ္ထုရပါ့မလဲ' ဆိုသည်ကို စိတ်စောလျက် ရှိကြပေသည်။

၁၉၄၈ ခုနှစ်တွက် ဆုကို မင်းအောင်၏ 'မိုးအောက်မြေပြင်' ဝတ္ထုက ရသည့်အကြောင်းကိုလည်း မမေ့နိုင်ကြသေး။

စာပေဗိမာန်ဆုနှင်းသဘင်ကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ စာပေနှင့် ပတ်သက်၍ သည်မျှလောက် တစ်ခါမျှ ခမ်းနားကြီးကျယ်စွာ ပွဲကြီးလမ်းကြီးအနေဖြင့် လုပ်သည်ကို မကြုံဘူးခဲ့။ (နတ်တော်လစာဆိုတော် ကပွဲမှ လွဲ၍) အသင်းကြီး ဥက္ကဋ္ဌ ဝန်ကြီးချုပ် သခင်နုက ဝတ္ထုအကြောင်း မိန့်ခွန်းပြောခဲ့သည်။ အင်္ဂလိပ်စာ ပါမောက္ခ ဒေါက်တာထင်အောင်ကလည်း 'ဝတ္ထုဆိုတာ ဘာလဲ' အကြောင်းဟောပြောသည်။

တဝင်းဝင်း တလက်လက် ပြိုးပြက်နေသော ဓာတ်ပုံလျှပ်စစ်

www.burmeseclassic.com

www.burmeseclassic.com



ရောင်များအလယ် တခဲနက်သော ဩဘာသံများ၏ အလယ်၊ ဝတ္ထုရေးဆရာ မင်းအောင်သည် ဝန်ကြီးချုပ်ကတော် ပေးအပ်သော စာပေဗိမာန်ဆုငွေ တစ်ထောင်ကို လှမ်းလင့်ယူခဲ့လေသည်။

တက်ရောက်ကြသော ပရိသတ်တို့သည် လှုပ်လှုပ်ရွရွဖြစ်ကာ သူ့ထက်ငါ ဦး၍ စာပေဗိမာန်ဆုရှင် မင်းအောင်ကို ကြည့်ကြလေသည်။ ထိုဆုနှင်းသဘင် အခမ်းအနားနေ့က တိုးဝှေ့၍ မကြည့်နိုင်သော စာပေမွေ့သူသည် လည်းကောင်း၊ သတင်းစာများတွင် ဓာတ်ပုံကို ကြည့်ရ၍ မကျေနပ်သော ကာလပေါ် ဝတ္ထုဖတ် နှုတ်ခမ်းနီမကလေးသည် လည်းကောင်း၊ နတ်တော်လ စာဆိုတော်နေ့က ပွဲကျမှသာလျှင် မင်းအောင်၏ မျက်နှာကို ကြည့်ခွင့်ရပေသည်။

သို့သော် စာပေဗိမာန်ဆုနှင်းသဘင်တုန်းက မျက်နှာအမူအရာနှင့်ကား မတူပေ။ နတ်တော်လ ကပွဲတွင်ကား မင်းသား မင်းအောင်၏ မျက်နှာမှာ နံ့သာခြယ်သထားသဖြင့် မှုန်နေပေသည်။

မိုးအောက်မြေပြင် ဝတ္ထုသည် (၅) ကြိမ်ပုံနှိပ်ရသည်။ ဝတ္ထုရေးဆရာ မင်းအောင်သည် ဆုရသည့် သတင်းကြေညာပြီးကတည်းက ဝိုင်းဝန်းအသိအကျွမ်း ဖွဲ့ကြသော ပရိသတ်နှင့် လက်မလည်အောင် ဖြစ်ခဲ့ရသည်။ လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်၊ မကြာခဏ သွားကာ မိတ်ဆွေများကို ကျွေးမွေးဧည့်ခံသည်။ ထို့နောက် ပြဇာတ်ဒါရိုက်တာဖြစ်သည်။ ထို့နောက် စာဆိုတော်ပြဇာတ်တွင် မင်းသားဖြစ်သည်။ ထို့နောက်။

ထိုနောက် ဘာတွေ ဖြစ်သေးသည်ကို ကျွန်တော် မသိဘဲ ရှိနေစဉ် ယခု စာပေဗိမာန်ဆုပေးချိန် နီးကပ်လာသောအခါ မင်းအောင်ကို သတိရလာပြန်သည်။

စာရေးဆရာများ စုမိလျှင် စာပေဗိမာန်ဆုနှင့် ပတ်သက်၍ ထင်ကြေးပေးနေကြသည်ကို ကြားသည်။ ထင်ကြေးပေးရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

ကျွန်တော်ကား နှစ်ကုန်သွားသောအခါ ဝတ္ထု (၃) ပုဒ်ကိုပဲ ထင်နေသည်။ သည် ၃ ပုဒ်ထဲက ရမှာပဲဟု တွက်ထားသည်။

ထိုအတွင်း ၁၉၄၉ ခုနှစ်အတွက် ဝတ္ထုဆုကို မပေးဘဲ ချန်လှပ်ထားသည်ဟူသော ကြေညာချက်ကို ဖတ်ရလေသည်။

ဘာကြောင့် ၁၉၄၉ ခုနှစ်အတွက် စာပေဆုကို မပေးရသလဲ။



ဤအချက်ကို လေ့လာသင့်ပေသည်။

(၂)

ကြေညာချက်မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

'၁၉၄၉ ခုနှစ်အတွက် မြန်မာနိုင်ငံဘာသာပြန် စာပေအသင်းက လက်ခံရရှိသော ဝတ္ထုရှည်များအနက် အချို့ဝတ္ထုများသည် ဝတ္ထု၏ အဆင့်တန်း မမီသောကြောင့် လည်းကောင်း၊ အချို့ဝတ္ထုများမှာ အဆင့်အတန်း မီသော်ငြားလည်း အငြင်းထွက်စရာ အချက်များကို ရှောင်ရှားရမည်ဟူသော အသင်း၏ ရည်ရွယ်ချက်နှင့် မကိုက်ညီသောကြောင့် လည်းကောင်း၊ ၁၉၄၉ ခုနှစ်အတွက် စာပေဗိမာန်ဆုကို မပေးဘဲ ချန်လှပ်ထားရန် မတ်လ ၁၃ ရက်နေ့က ကျင်းပသော ဘာသာပြန်စာပေအသင်းကြီး၏ အုပ်ချုပ်မှုကောင်စီ အစည်းအဝေးမှ အားလုံး သဘောတူ ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း'

ဘာကြောင့် စာပေဗိမာန်ဆု မပေးရသလဲ ဆိုသည့်အချက်ကို ဖော်ပြထားပေသည်။

ဤကြေညာချက်သည် ပြတ်ပြတ်သားသား မရှိဟု ထင်သည်။ (ပြတ်ပြတ်သားသား မရှိသည့်အတွက် အံ့ဩစရာ မဟုတ်ပေ။ မြန်မာပြည်တွင် ပြတ်ပြတ်သားသား လုပ်လေ့မရှိသည့် ရောဂါ ကပ်ငြိနေသည်။ မြန်မာ့လုပ်သား လူထုကို မဆိုလို။)

စာပေဗိမာန်ဆုပေးရေးနှင့် ပတ်သက်၍ အဆင့်အတန်းမီသည်ဟု သဘောရလျှင် ဆုပေး၊ အဆင့်အတန်း မီသည်ဟု သဘောမရလျှင် ဆုမပေးဘဲ ထား။ သည်နှစ်ခုအတွက် တစ်ခုခုသာ လုပ်သင့်သည်ဟု နားလည်ထားပေသည်။

ဆုံးဖြတ်မှုကို ပေးရန်အတွက်သာလျှင် ရွေးချယ်ရေးအဖွဲ့ ဖွဲ့ထားခြင်း ဖြစ်ပေသည်။ ဟိုဝတ္ထုကောင်းနိုးနိုး၊ သည်ဝတ္ထုကောင်းနိုးနိုးနှင့် ဇဝေဇဝါ ဖြစ်ရန် မလိုပေ။ ဤဇဝေဇဝါများ၊ တွေဝေမှုများကို ပယ်ကာ ရတိပြတ် ဘာပဲဟု ဆုံးဖြတ်မှု ရရန်သာလျှင် အကဲဖြတ်လူကြီး၊ ဆုံးဖြတ်ရေးအဖွဲ့ စသည်အားဖြင့် ဖွဲ့ထားခြင်း ဖြစ်သည်ဟု သိရှိထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု စာပေဗိမာန်ဆု အရေးတွင် ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်ဘဲ တွေဝေနေသည်ကို မြင်တွေ့ရပေသည်။

၁၉၄၉ ခုနှစ် ဝတ္ထုများ အားလုံးသည် အဆင့်အတန်း မမီဘဲ နေကြသလား။ မဟုတ်ပေ။

'အချို့ဝတ္ထုများသည် ဝတ္ထု၏ အဆင့်အတန်းကို မမီသောကြောင့် လည်းကောင်း' ဟု ဖော်ပြထားပေသည်။

နောက်တစ်ဖန် ဆက်လက်၍ 'အချို့သော ဝတ္ထုများသည် အဆင့်အတန်းမီသော်ငြားလည်း' ဟု ဖော်ပြပြန်သည်။

ဤနေရာ၌ 'အဆင့်အတန်း' ဟူသော အနက်ကို စဉ်းစားရန် ရှိလေသည်။

အဆင့်အတန်း ဆိုသည်ကား အရည်အချင်းကို ဆိုလိုပေသည်။ အရေအတွက်ကို မဆိုလိုပေ။ ပေးပို့ထားသော ဝတ္ထုအရေအတွက်ကို စဉ်းစားရန် မဟုတ်ပေ။

ဝတ္ထုများထဲမှ အရည်အချင်းနှင့် ပြည့်စုံသော ဝတ္ထုများကိုသာ စဉ်းစားကာ သည်အထဲမှ အကောင်းဆုံး တစ်ပုဒ်ကို ဆုံးဖြတ်ကာ ရွေးချယ်ရန် ဖြစ်ပေသည်။ ဝတ္ထုအပုဒ် (၁၀၀) အနက် တစ်ပုဒ်သာ အဆင့်အတန်းမီလျှင်လည်း ထိုတစ်ပုဒ်ကိုသာ ရွေးချယ်ရပေလိမ့်မည်။

သို့ဖြစ်ရာ အချို့အဆင့်အတန်း မမီဟူသော အချက်သည် ပေါ်လာရန် အကြောင်းမရှိပေ။ ဆုပေးရာ၌ ဤအချက်သည် အကြောင်း မဟုတ်ပေ။ 'အချို့' ဟု ခွဲခြား၍ ရှိနေသည့်အတွက်ပင် ရှုပ်ထွေးကာ တွေဝေနေခြင်း ဖြစ်ပေသည်။

'အချို့ဝတ္ထုများသည် အဆင့်အတန်းမီသော်ငြားလည်း' ဟု ဆက်လက်ဆိုသောအခါ ပထမ အချို့ အဆင့်အတန်း မမီဟူသော အချက်များမှာ ပျက်သွားခဲ့လေပြီ။ ဆုံးဖြတ်ရာ၌ ရတိပြတ် မရှိ။ 'အဆင့်အတန်းမီ' သည်ကိုသာ ပြတ်ပြတ်သားသား ဆိုသင့်ပေသည်။ သို့မဟုတ်လျှင်လည်း အဆင့်အတန်း မမီဟု ဆိုချင်က ဆိုနိုင်ပေသည်။

တစ်ဖန်ဆက်လက်၍ 'အချို့ ဝတ္ထုများသည် အဆင့်အတန်းမီသော်ငြားလည်း အငြင်းထွက်စရာအချက်များကို ရှောင်ရှားရမည်ဟူသော အသင်း၏ ရည်ရွယ်ချက်နှင့် မကိုက်ညီသောကြောင့်လည်းကောင်း' ဟု ဖော်ပြထားသည်။



ဤနေရာ၌ 'အငြင်းထွက်စရာ အချက်များ' သည်ကား အဘယ်နည်းဟူ၍ အငြင်းမပွားမီ 'ရည်ရွယ်ချက်' ဟူသော အနက်ကို စဉ်းစားရန် တွေ့လာရပြန်သည်။ ဘာသာပြန် စာပေအသင်း၏ ရည်ရွယ်ချက်ကား အဘယ်နည်း။

၁၉၄၉ ခု၊ ဇွန်လ (၁၉) ရက် စာပေဗိမာန်ဆုနှင်းသဘင် အခမ်းအနားတွင် အသင်းကြီး၏ ဥက္ကဋ္ဌ သခင်နု၏ မိန့်ခွန်းတွင် 'ဒီအသင်းကြီးရဲ့ ရည်ရွယ်ချက်ဟာ အထူးသဖြင့် အနောက်နိုင်ငံပညာရပ်များကို မြန်မာဘာသာ ပြန်ဆိုဖြန့်ချိဖို့ ဖြစ်ပါတယ်။ ဒါပေမဲ့ မြန်မာစာပေနှင့် မြန်မာ့ယဉ်ကျေးမှုအရပ်ရပ်ကိုလည်း အခွင့်ရတိုင်း တတ်နိုင်သလောက် အားပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်ကိုလဲ ထားရှိရပါတယ်။ ဒီရည်ရွယ်ချက်အရ ကာလပေါ် မြန်မာဝတ္ထု တိုးတက်ရေးကိစ္စကို အမှုဆောင်အဖွဲ့က စဉ်းစားဆွေးနွေးပြီးတဲ့နောက် တတ်နိုင်လျှင် နှစ်စဉ်နှစ်တိုင်းလိုလိုပဲ၊ တစ်နှစ်အတွင်း ရေးသားထုတ်ဝေခဲ့တဲ့ ဝတ္ထုတွေထဲက ဝတ္ထုတစ်ပုဒ်ကို ရွေးချယ်ဆုပေးဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်' ဟု ဖော်ပြထားပေသည်။

အသင်းဥက္ကဋ္ဌ သခင်နု၏ မိန့်ခွန်းအရဆိုလျှင် မြန်မာစာပေ အားပေးရေး၊ ကာလပေါ် မြန်မာဝတ္ထု တိုးတက်ရေးကို ရည်ရွယ်ပေသည်။

စာပေဗိမာန်ဆုပေးရာ၌ ဘာသာပြန်စာပေအသင်း၏ ရည်ရွယ်ချက်သည် ကာလပေါ် မြန်မာဝတ္ထု တိုးတက်ရေးမျှသာလော။

ဘာသာပြန်စာပေအသင်းမှ ကြေညာသော 'စာပေဗိမာန်ဆု' စာတမ်းတွင်

'ရည်ရွယ်ချက်။ ။ အများပြည်သူတို့သည် စာဖတ်ရင်း စိတ်ဝင်စားကာ ပျော်ရွှင်နှစ်သိမ့်ကြည်နူးရုံသာမက လောကီ လောကုတ်အကျိုးလည်း ဖြစ်ထွန်းစေနိုင်မည့် ဝတ္ထုကောင်းများ အမြောက်အမြားပေါ်ထွက်လာစေရန် ရည်ရွယ်သည်'ဟု ဖော်ပြထားသည်ကို တွေ့ရပြန်သည်။

သခင်နု မိန့်ခွန်းအရ အသင်း၏ ရည်ရွယ်ချက်ကား ရှင်းလင်းပေသည်။ မြန်မာစာပေ မြန်မာ့ယဉ်ကျေးမှုများကို အားပေးမည်ဟူသော ရည်ရွယ်ချက်အရ ကာလပေါ် မြန်မာဝတ္ထုတိုးတက်ရေး ကိစ္စကို ဆွေးနွေးပြီး နောက်ဆုပေးရန် ဆုံးဖြတ်သည်ဟု ဆိုပေသည်။

မြန်မာစာပေကို အားပေးရန် ကျယ်ပြန့်စွာ ရည်ရွယ်သည့် အသေးစိတ် တစ်ဖန် ကာလပေါ် မြန်မာဝတ္ထု တိုးတက်ရန် ရည်ရွယ်၍

www.burmeseclassic.com



ဆုပေးသည်။ နောက်တွင် မြန်မာကဗျာ၊ အတ္ထုပ္ပတ္တိစာ၊ ဝေဖန်စာ၊ ဝတ္ထုမဟုတ်သော စာများကိုလည်း အားပေးရန် ရှေ့ရှုသင့်ပေသည်။

ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ အသင်းမှ ထုတ်ပြန်ချက်ကား မကြည်လင် မရှင်းလင်းပေ။ 'အများပြည်သူတို့ စာဖတ်ရင်း စိတ်ဝင်စားကာ ပျော်ရွှင်၊ နှစ်သိမ့်၊ ကြည်နူးရုံသာမက လောကီ လောကုတ်အကျိုးလည်း ဖြစ်ထွန်းစေနိုင်မည့် ဝတ္ထုကောင်းများ' ဟူ၍ ဝတ္ထု၏ အရည်အချင်းကိုလည်း ညွှန်ပြထားသည်ကို တွေ့ရသည်။

စာဖတ်ရင်း ပျော်ရွှင်ရမည်၊ နှစ်သိမ့်ရမည်၊ ကြည်နူးရမည် ဆိုသည်မှာ အဘယ်နည်း။ လောကီအကျိုးကား အဘယ်နည်း။ ဤအကျိုးဖြစ်ထွန်းရေးမှာ ဘာကို ဆိုလိုပါသနည်း။ ကျွန်တော် ရှင်းလင်းစွာ နားမလည်နိုင်ပါ။ ဤမရှင်းလင်းသည့် ရည်ရွယ်ချက်ကိုကား ချန်လှပ်ထားရပေမည်။

ရည်ရွယ်ချက်ကား ကာလပေါ် မြန်မာဝတ္ထု တိုးတက်ရေး၊ ထိုရည်ရွယ်ချက် ပြည့်ဝအောင် လုပ်သည့် လုပ်ငန်းသည်ကား တစ်နှစ်လျှင် ဝတ္ထုတစ်ပုဒ်ကို ရွေးချယ်ကာ တစ်ထောင်ဆုပေးခြင်း ဖြစ်ပေသည်။ ကောင်းလေစွ။

စာပေဗိမာန် တစ်ထောင်ဆုပေးခြင်းဖြင့် မြန်မာဝတ္ထု တိုးတက်ရေး ရည်ရွယ်ချက်သို့ အဘယ်ပုံ ရောက်မည်နည်း။ ဝတ္ထုရေးသူတို့သည် ကြိုးစား၍ ရေးကြပေမည်။ ရေးသားမှုကို လေးစားလာကြပေမည်။ ဤသို့ သာမန်အားဖြင့် ဆိုနိုင်ပေမည်။

ယခုကဲ့သို့ ဆုမပေးဘဲ ချန်လှပ်ထားခြင်းသည် ရည်ရွယ်သော မြန်မာဝတ္ထုတိုးတက်ရေးကို ဖြစ်စေပါမည်လော။

ဘာကြောင့် စာပေဗိမာန်ဆု မပေးသလဲပေါ်တွင်ပင် ဟည်ရှိပေသည်။

ယခု အသင်းကြီး၏ အုပ်ချုပ်မှုကောင်စီ အစည်းအဝေး ဆုံးဖြတ်ချက်တွင်ကား (၁) အချို့ဝတ္ထုများသည် အဆင့်အတန်း မမီသောကြောင့် လည်းကောင်း၊ (၂) အချို့ဝတ္ထုများမှာ အဆင့်အတန်း မီသော်ငြားလည်း အငြင်းတွက်စရာ အချက်များကို ရှောင်ရှားရမည် ဟူသော အသင်း၏ ရည်ရွယ်ချက်နှင့် မကိုက်ညီသောကြောင့်ဟု ဖော်ပြထားရာ၌ အကြောင်း (၂) ချက် ပြလားလေသည်။



ပထမအချက်မှာ အချို့အဆင့်အတန်းမမီ၊ ဒုတိယအချက်မှာ အချို့ မီသော်လည်း အငြင်းထွက်စရာ အချက်များကို ရှောင်ရှားရမည်ဟူသော အသင်း၏ ရည်ရွယ်ချက်နှင့် မကိုက်ညီဟု ဆိုသော်လည်း ပထမအချက် အချို့အဆင့်အတန်းမမီဟူသော အချက်မှာ 'အချို့ မီသော်ငြားလည်း' ဟု ဆိုသဖြင့် ပျက်သွားခဲ့ပေပြီ။

အချို့မှာ အဆင့်အတန်းမီသည်။ အချို့မှာ မမီဟူ၍ မတူကွဲပြားကာ ဆက်စပ်မိတွယ်ခြင်း မရှိသော နှစ်ရပ်ကို အတူလက်ခံထားခြင်းသည် အဓိပ္ပာယ် မရှိပေ။ မမီဘူး၊ မီသည်အနက် တစ်ခုကိုသာ ပြတ်ပြတ်သားသား မြင်ရပေမည်။ ယခုမူ ရတိပြတ် မရှိဘဲ ဇဝေဇဝါ ထွေပြားသောအနက်ကို ဆောင်နေသည်။ ယူဆချက် အတွေးအမြင်၌ ဤကဲ့သို့ တစ်ခုနှင့် တစ်ခု မှီတွယ်ခြင်း မရှိသော သီးခြားနှစ်ရပ်အား တွဲ၍ လက်ခံသော ဝါဒ (ဝါ) မပြတ်သားသော ဝါဒမှာ မရှိအပ်ပေ။

အဆင့်အတန်းမီလျှင်လည်း 'မီသည်' မမီလျှင်လည်း 'မမီ' ဟူ၍သာ ယတိပြတ် ရှိရပေမည်။

ရည်ရွယ်ချက်အသစ်ကား အဘယ်နည်း။ သခင်နု မိန့်ခွန်းမှ ရည်ရွယ်ချက်နှင့် ယခု 'အငြင်းထွက်စရာ အချက်များကို ရှောင်ရှားရမည်' ဟူသော ရည်ရွယ်ချက်ကား တခြားစီလား။

ဆုဝတ္ထုကို ရွေးချယ်ရာ၌ ဘယ်ဟာသည် အဓိကလဲ။ အဆင့်အတန်းလား။ ရည်ရွယ်ချက်လား။ အဆင့်အတန်းနှင့် ရည်ရွယ်ချက် ဘယ်လို ဆက်သွယ်စပ်လျဉ်းနေသလဲ စသော မရှင်းလင်းသည့် အချက်များသည် စဉ်းစားစရာ ပေါ်လာပြန်သည်။

အဆင့်အတန်း မီသည့် ဝတ္ထုကို တွေ့ရပြီ။ သို့သော် မဆုံးဖြတ်နိုင်ဘဲ တွေဝေနေလေသည်။

ဘာကြောင့် တွေဝေနေသလဲ။

'အငြင်းထွက်စရာအချက်' ကြောင့် ဖြစ်ပေသည်။

အငြင်းထွက်စရာ အချက်ကား အဘယ်နည်း။ ဘာကို ဆိုလိုပါသနည်း။

အဆင့်အတန်းမီသော 'အချို့' ဝတ္ထုများ၌ အယူအဆသည် အငြင်းထွက်စရာလား။ ဘယ်ဟာကို ရွေးချယ်ရမည်ဟူ၍ ရွေးချယ်ရေးအဖွဲ့တွင် အငြင်းထွက်နေတာလား။ ဝတ္ထုက အငြင်းထွက်သလား။ ဝတ္ထု

www.burmeseclassic.com



ရွေးချယ်သူများက အငြင်းထွက်သလား။

ဤသို့ အငြင်းထွက်စရာ၊ စဉ်းစားစရာများ ရှိနေပေသည်။

ဤအငြင်းထွက်စရာ အချက်များကို သိချင်နေပေသည်။

အကယ်၍ ၁၉၄၉ ခုနှစ်ရှိ မြန်မာဝတ္ထုများသည် အဆင့်အတန်း မမီဟု ဆိုလျှင်လည်း ကာလပေါ် ဝတ္ထုများ တိုးတက်ရေးအတွက် ဘာ့ကြောင့် အဆင့်အတန်း မမီရသည်ကို ပြန်လည် ဆန်းစစ်ကြည့်ဖို့ လိုလာပေမည်။ ပြန်လည်ဆန်းစစ်ကြည့်ခြင်းအားဖြင့် ချို့ယွင်းချက် အပြစ် အနာအဆာမှစ၍ သိမြင်နိုင်စရာ ရှိပေမည်။ သို့မှလည်း စာပေတိုးတက်ရေးကို ရှေ့ရှုရာ ရောက်ပေမည်။

ယခုကား မပြတ်သားသော ဆုံးဖြတ်ချက် တွေဝေသော အကြောင်းပြချက်များကြောင့် ဘာမျှပြစရာ မတွေ့ရဘဲ မရှင်းမလင်း ဖြစ်ကာ နေပေသည်။

(၃)

၁၉၄၉ ခု စာပေဗိမာန်ဆုအတွက် တင်ပြသော ဝတ္ထုပေါင်းမှာ (၄၀) ဖြစ်ပေသည်။

ရဲလှလင်၊ မတစ်ထောင်တစ်ကောင်ဘွား၊ ဒွေးညီနောင်၊ မှုံးနက် စသော ဝတ္ထုတို့မှာ တိုက်ရိုက်ဘာသာပြန်များဖြစ်၍ စဉ်းစားရန် မလိုတော့ပေ။ ပင်ကိုယ်ဉာဏ်ဖြင့် ရေးသားသော ဝတ္ထုကိုသာ ထည့်သွင်း စဉ်းစားရပေမည်။

နိုင်ငံခြား ဝတ္ထုမှ မှီး၍ ရေးသော ဝတ္ထုများကိုလည်း တစ်ဖန် ပယ်ထားရပေဦးမည်။ ဖြေလျော့ခွေ၊ မှုံ၊ ပထမ် ဆရာသိန်းတို့မှာ မှီး၍ ထားသော ဝတ္ထုများ ဖြစ်ပေသည်။

ဤမှီး၊ မမှီး စစ်ဆေးရန်မှာ မလွယ်ကူလှပေ။ စာရေးသူတို့က ဖြောင့်မှန်လျှင် စစ်ဆေးရန် မလိုတော့ပေ။ သို့မဟုတ်က ရွေးချယ်သူတို့လည်း ဝတ္ထုအကုန်လုံးကို လိုက်၍ မဖတ်နိုင်ပေ။ ချောင်ကြိုချောင်ကြား မြုပ်နေသော ဝတ္ထုများ၊ မထင်ပေါ်သော ဝတ္ထုများကို မှီးလျှင် ဘာမျှ မတတ်နိုင်ပေ။ သိဖို့ရန်လည်း ခက်ပေသည်။

မိုက်ခွဲ၊ မိုက်ခဲ၊ ညစောရ၊ နဂါးငွေ့၊ မသတ္တိ စသော ဝတ္ထုတို့ကား စာပေ မဟုတ်ကြပေ။ စုံထောက်ဝတ္ထုဆိုသည်ကား စာပေဝင်သော စာများ



မဟုတ်ကြပေ။ စာဖတ်ခါစ ကလေးများ ကစားစရာလို 'ကစားဖတ်' သော စာများသာ ဖြစ်ပေသည်။ စုံထောက်ဝတ္ထုများကား လူမှုဆက်ဆံရေးကိုလည်း ဖော်ပြသည်မဟုတ်၊ အပျင်းပြေပျော်တော်ဆက် သက်သက်မျှ ဖြစ်၍ သိပ်စဉ်းစားရန် မလိုပေ။ အနောက်နိုင်ငံတို့တွင်ကား စုံထောက်ဝတ္ထုများကို ဈေးနည်းနည်းနှင့် ရောင်းသော အပေါစား 'ဝတ္ထုကိုရောင်းသည့်' စာအုပ်များသာ ဖြစ်ပေသည်။ ပဲနီဖိုးသာ ထားသဖြင့် ပဲနီဝတ္ထုဟု ခေါ်ကြသည်။

မင်းညွန့်၏ သူပုန်လောင်း၊ အမောက်နှင့်မယား၊ သာဝင်း၏ မှိုင်းမှုံပြာဝေ၊ ခင်မောင်သွင်၏ ချစ်ဘေးဒဏ် စသော စာအုပ်များကား စမ်း၍ အရေးကျင့်သော ဝတ္ထုမျှသာ ဖြစ်ပေသည်။ ဝတ္ထုအင်္ဂါ များစွာ ချို့ယွင်းသည်က များသည်။ သာခု၏ ချစ်စံနမူလည်း ထို့အတူပင် ဖြစ်သည်။ အနုပညာတန်ဖိုး၊ စာပေတန်ဖိုး လုံးဝ မရှိပေ။

ရွှေစကြာ၏ ကုန်းဘောင်နန်းတွင်းရေးနှင့် ဓာတုကလျာတို့မှာ ရာဇဝင်ဝတ္ထုနှင့် မတူပေ။ ဖတ်ကောင်းအောင် ချစ်ကြိုက်ခန်း ထည့်ကာ ဆင်၍ လုပ်ထားသော ဓာတ်လမ်းဓာတ်ကွက်မျှပင် ဖြစ်ကြသည်။ ရွှေစကြာသည် တကယ့်ရာဇဝင်ကြောင်းကို ပြလေ့ မရှိပေ။

ပြည့်စုံ၏ ညိုးပန်းတစ်ပွင့်၊ ချစ်သဲနီ၊ မိုးဝေ၏ ညိုးရက်လေအား စသော ဝတ္ထုများမှာလည်း အတတ်ပညာအားဖြင့် နုနယ်ကြသေးသည်။ သုခ၏ ချစ်တော့ချစ်တယ်မှာလည်း ခပ်ပေါ့ပေါ့ ဖတ်ရန် ကောင်းသော ဝတ္ထုမျှပင် ဖြစ်လေသည်။

မဂ္ဂဇင်းမှ သာခု၏ နိုင်လွန်နှင့် မောင်နှင်းဆီ၏ ချစ်သံဝေကိုလည်း တစ်နှစ်အတွင်း ဝတ္ထုတွင် ထည့်သွင်းထားသည်ကို တွေ့ရသည်။ ရွေးချယ်ရန် ဝတ္ထုနည်းလွန်းသဖြင့် ရာကြဲ၍ ထည့်သွင်းရဟန်တူသည်။ သို့မဟုတ်ကလည်း တစ်နှစ်အတွင်း ရေးသားပုံနှိပ်သည့် ဝတ္ထုများကို အရေအတွက်ထဲတွင် ထည့်သွင်းဟန် တူပေသည်။ စာတစ်အုပ်ချင်း ထုတ်သည် ဖြစ်စေ၊ မဂ္ဂဇင်းများထဲတွင်ပဲ ပါသည်ဖြစ်စေ။

ဤနိုင်လွန်နှင့် ချစ်သံဝေမှာလည်း သိပ်မထူးခြားလှပေ။ နိုင်လွန်မှာ ဓာတ်လမ်းကို တမင်တကာ ဆင်ကာ ဖြစ်ကတတ်ဆန်း ရေးထားသော ဝတ္ထုပင်။

မဟာဆွေ၏ စာရေးကြီးကား ဟိုအင်္ဂလိပ်ခေတ်က စာရေးကြီး

www.burmeseclassic.com

www.burmeseclassic.com



၏ ဘဝကို ဖော်ပြထားပေသည်။ သို့သော် ရယ်မောစရာအဖြစ်၊ အချစ်ဇာတ်လမ်းလောက်ကိုသာ အသားပေး၍ ရေးထားပေသည်။ အပေါ်ယံ ကြည့်မြင်ချက်သာ ပါလေသည်။ စာရေးကြီးဘဝကို ကြည့်ရှုလေ့လာမှု၊ ဗျူရိုကရက် စက်ကိရိယာအောက်ရှိ အစိတ်အပိုင်း တစ်ခုအဖြစ် လည်းကောင်း၊ အရင်းရှင်ခေတ်ရှိ စာရေးတစ်ဦးအဖြစ် လည်းကောင်း၊ လူ့ဘဝ၏ အဖြစ်အပျက်စသည်များကို စိတ်ဝင်စားသည့်အနေ လည်းကောင်း၊ လေးလေး နက်နက် ရေးသားမည်ဆိုက ဝတ္ထုကောင်း ဖြစ်လာပေမည်။

မောင်ကကြီး၏ ရာဂဇွက်အိုင်ကား ဖရေဇာလမ်းတွင် တိတ်တိတ်ဝှက်၍ ရောင်းသော အမြင်မတော်သည့် ကာမဇာတ်ပုံကားများနှင့် ရည်ရွယ်ချက်ခြင်း မခြားပေ။ အရောင်းရတွင်ကျယ်သော ကာမရာဂ လှုံ့ဆော်သည့် ကာမစာအုပ်များ ဒလကြမ်း ထွက်နေရာ ဝတ္ထု အဖြစ်ပင် ထုတ်ဝေ၍ လာသော ရဲတင်းသည့် ထုတ်ဝေသူများပေ။

သို့ဖြစ်ရာ ၁၉၄၉ ခုနှစ်ရှိ မြန်မာဝတ္ထုများကို စိစစ်ကြည့်လိုက်သောအခါ စိတ်ပျက်စရာ တွေ့ရပေမည်။ စာပေသို့ မဝင်သော ဝတ္ထုများစွာကို တွေ့ရပေမည်။

(၄)

စိတ်ပျက်နေ၍လည်း မဖြစ်၊ တကယ့်အဖြစ်ကိုသာ ပြန်လည်သုံးသပ်ရန် လိုပေသည်။

တစ်နှစ်အတွင်း ဝတ္ထု (၄၀) အနက် စာပေလောကသို့ စမ်းကာ လေ့ကျင့်ရင်း ဝင်လာသော စာရေးဆရာများမှာ အတော်များလာသည်ကို တွေ့ရသည်။

သာဓု၊ မင်းညွန့်၊ သာဝင်း၊ ဗိုလ်အေးမောင် (ဘာသာပြန်သူ) ဘုန်းမြင့် စသော စာရေးသူများကား အရေးလေ့ကျင့်ခါစ ဖြစ်ကြသည်။ ဝတ္ထု (၄၀) ထွက်သည့် အနက်လည်း ဝတ္ထု (၁၀) ပုဒ်လောက်သာလျှင် ရှေးက ရေးသားလာခဲ့သော ဝါရင့်သည့် စာရေးဆရာများဖြစ်၍ ကျန်အပုဒ် (၃၀) လောက်ကား နုနယ်သေးသော သူများသာ ဖြစ်ကြပေသည်။

ဤသို့ ဝတ္ထုရေးဆရာ အသစ်များ ထွက်ပေါ်လာသည့်အတွက် အားတက်စရာကား ဖြစ်ပေသည်။ သို့သော် အရေအတွက်မျှသာ ရှိသေးသည်။ အရည်အချင်းသို့ မရောက်ကြသေးဟု သဘောရရှိသည်။ တဖြည်း



ဖြည်း ရေးသားမှု ရင့်သန် ကြီးပြင်းလာသောအခါ စာပေကောင်းများ ထွက်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ရသည်။

၁၉၄၉ ခုနှစ်အတွင်း ဝတ္ထုများအနက်

| | |
|---|---|
| တိုက်ရိုက်ဘာသာပြန် | ၄ |
| မှီးသော ဘာသာပြန် | ၄ |
| စုံထောက် | ၆ |
| အချစ်အလွမ်း | ၂၃ |
| ရာဇဝင် | ၂ |

စသည်ဖြင့် အကြမ်းအားဖြင့် ရှိပေသည်။

၁၉၄၉ ခုနှစ်တွင် ဘာသာပြန် ဝတ္ထုများ အတော်ထွက်ခဲ့သည်။ အများအားဖြင့် စာပေအဆင့်အတန်းရှိသော ဝတ္ထုများမှ ဘာသာပြန်မဟုတ်ဘဲ အပျင်းပြေ ဖတ်၍ကောင်းရုံမျှ တတိယတန်းစား ဝတ္ထုမျိုးများသာ ဖြစ်၍ မြန်မာစာပေလောကအတွက် အားရစရာ မရှိလှသေး။

စစ်မဖြစ်မီခေတ်က ဆိုလျှင် ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ သခင်ဘသောင်း စသော ဝတ္ထုရေးဆရာကြီးများသည်သာ ဘာသာပြန်များကို ရေးလေ့ရှိကြသည်။ ယခုခေတ် ဆိုလျှင် ဗိုလ်အေးမောင်သည် ဘာသာပြန်ဝတ္ထုများကို ထုတ်ဝေလာပေပြီ။ အကယ်၍ ဘာသာပြန်ခြင်းအတူတူကမ္ဘာ့စာပေတွင် ယနေ့တိုင် တည်တန့်၍ စာပေဂုဏ်မြောက်သော ဝတ္ထုကြီးများကို ဘာသာပြန်ဖို့ သင့်ပေသည်။ ရိုက်တာဟက်ဂတ်လောက်၊ ဒူးမားလောက်နှင့်သာဆိုလျှင် စာပေနယ်ကျယ်ဝန်းရေးအတွက်လည်း မထူး၊ စာပေ အနုပညာအတွက်လည်း ဘာမျှ မပါပေ။

အများဆုံးမှာ အချစ်ဝတ္ထုများ ဖြစ်ပေသည်။

ဘာသာပြန်အလွတ်၊ ကိုယ်ပိုင်စိတ်ကူးနှင့် ရေးကြသော ဝတ္ထု (၃၀) ကျော်အနက် ဝတ္ထု (၁၀) ပုဒ်မှာ 'ချစ်' အမည်တပ်ထားသော ဝတ္ထုများ ဖြစ်ကြပေသည်။ ချစ်မှုဆန်း၊ ချစ်ပါရစေ အသနားခံသော်လည်း၊ ချစ်ဇွဲကာ၊ ချစ်ဝေမညီ၊ ချစ်စံနမူ၊ ချစ်သံဝေ၊ ချစ်ဘေးဒဏ်၊ ချစ်မာန်စွယ်၊ ချစ်တော့ချစ်တယ်၊ ချစ်ဆန်းကျယ်၊ ချစ်ကြေးမုံ။

အမည်တွင် ချစ်စာလုံးပါမှ ကာလပေါ် ဝတ္ထုနှင့် တူရတော့မလောက် အခြေအနေ ဖြစ်နေသည်။ ထုတ်ဝေသူတို့ကလည်း အရောင်းရတွင်ကျယ်မှု သက်သက်ကိုသာ လိုက်၍ ထုတ်ပေးနေကြဟန်တူပေသည်။

www.burmeseclassic.com

www.burmeseclassic.com



စာပေထုတ်ဝေဖြန့်ချိရေးသည် တိုင်းပြည်၏ ပညာရေး တစ်ရပ်အနေဖြင့် လည်းကောင်း၊ လူ့ဘောင်ကို လမ်းညွှန်ပြသော သဘောတရားအနေဖြင့် လည်းကောင်း မကြည့်ကြဘဲ၊ ကုန်တစ်ခုကို တွင်ကျယ်အောင် ရောင်းမည် ဟူသော ကုန်ပစ္စည်းအဖြစ် ထားကာ ထုတ်ဝေနေကြသည်။ သို့ဖြစ်ရာ စာပေနှင့် အနုပညာ၌ နစ်နာလေသည်။

အရင်းရှင် စီးပွားရေးစနစ်ဝယ် ငွေအရင်းရှိလျှင် စာအုပ်ထုတ်ဝေနိုင်ကြပေသည်။ ထုတ်ဝေသူသည် စာအကြောင်း၊ ပေအကြောင်း၊ အနုပညာအကြောင်း၊ နကန်းတစ်လုံးမှ တတ်ဖို့ မလိုပေ။ (မြန်မာပြည်တွင် ပညာတတ် အယ်ဒီတာအဖွဲ့များထားရှိကာ ညှိနှိုင်းတိုင်ပင်၍ စာအုပ်များကို ရွေးချယ်ထုတ်ပေးသော အလေ့အထ မရှိပေ။)

စာပုံနှိပ်စက် အပိုင်ရှိလျှင် 'သို့မဟုတ်' ဝတ္ထုဖိုး၊ ဘလောက်ပုံနှိပ်ခဖိုး၊ စာရေးဆရာ ပူဇော်ခစသော ငွေအရင်းရှိလျှင် စာအုပ်ထုတ်ဝေနိုင်လေသည်။ မိမိစာအုပ်ကို လူကြိုက်များလျှင် ကိုယ်စားလှယ်က ငွေပို့များလိမ့်မည်။ ထုတ်ဝေသူကလည်း မြတ်မည့်စာအုပ်ကိုသာ ထုတ်ဝေလိမ့်မည်။

ကိုယ်စားလှယ်ကလည်း 'အနှုတ်' များသော စာအုပ်ကိုသာလျှင် များများမှာပေမည်။ ကိုယ်စားလှယ်သည် စာအုပ်ကုန်သည်များသာ ဖြစ်သည်။ မြတ်မည့်ကုန်ကို ဝယ်သည်။ ကိုယ်စားလှယ်များ၏ အားပေးမှုကြောင့် ထုတ်ဝေသူသည် နောက်တစ်အုပ် ဆက်လက် ထုတ်နိုင်လာသည်။ ဤသို့ဖြင့် အမြတ်များများရသော စာအုပ်လုပ်ငန်း (အများကြိုက်စာအုပ်ထုတ်ဝေမှု)သည် ကြီးပွား၍ လာပေလိမ့်မည်။ ဤကား အရင်းရှင် စနစ်အရ စာပေဖြန့်ချိရေးလုပ်ငန်း ဖြစ်ပေသည်။

ဆိုရှယ်လစ် စီးပွားရေး စနစ်အောက်တွင်ကား ပုဂ္ဂလိကပိုင် စာအုပ်တိုက်များ မရှိပေ။ စာအုပ်ဖြန့်ချိရေးလုပ်ငန်းကို ဆိုရှယ်လစ် ဒီမိုကရေစီ အစိုးရ၊ ပြည်သူ့အစိုးရက လုပ်လိမ့်မည်။ ပညာတတ်စာပေဆရာများကသာ စာပေလုပ်ငန်းများကို ပိုင်ဆိုင်ပေမည်။ စာရေးဆရာများ ထမင်းငတ်ရန် အကြောင်းမရှိပေ။ အရင်းရှင်နိုင်ငံရှိ သတင်းစာဆရာများကိုပင် 'ဆိုဗီယက်မှာ အထက်တန်းစား မရှိဘူးလို့သာ ပြောနေပေမဲ့ စာရေးဆရာ၊ ကဗျာဆရာ အစရှိတဲ့ အနုပညာသည်တွေဟာတော့ ကောင်းကောင်းမွန်မွန် ထယ်ထယ်ဝါဝါ ရေးနိုင်ကြတဲ့ အထက်တန်းစား ပုဂ္ဂိုလ်



များပဲ' ဟူ၍ ဝေဖန်လေသည်။

ဆိုရှယ်လစ် ဒီမိုကရေစီ စနစ်ဝယ် အကြင်စာရေးဆရာ တစ်ဦးသည် ဝမ်းရေးအတွက် လူကြိုက်များသော ဝတ္ထုများကို မကောင်းမှန်းသိလျက်နှင့် ထုတ်ဝေသူ အရင်းစိုက်သူ အကြိုက်လိုက်၍ ရေးရပါသည်ဟူ၍ကား ရေးလိမ့်မည် မဟုတ်ပေ။

အရင်းရှင် စီးပွားရေးစနစ်ရှိသော မြန်မာပြည်တွင်ကား 'စာပေအဆင့်အတန်းနိမ့်သည်' ဟု အပြစ်တင်သည့်အခါ 'ထုတ်ဝေသူ အကြိုက်လိုက်ရေးရတယ်။ ခြင်ထောင်ခန်းများများ ထည့်ပါဆိုလို့ ထည့်ရတယ်များ။ ဝတ္ထုနှာမည်လဲ တပ်ပေးရတယ်' အစရှိသော အကြောင်းပြချက်များကို တွေ့နေရပေသည်။

သို့ဖြစ်ရာ အရင်းရှင်စီးပွားရေးစနစ် မရှိသော ဆိုရှယ်လစ် ဒီမိုကရေစီလက်ထက် ရောက်လျှင် တကယ့် စာပေအဆင့်အတန်းရှိသော ဝတ္ထုများပေါ်ထွက်လာရပေမည်တည်း။

(၅)

ကျွန်တော့် သဘောအရဆိုလျှင် ၁၉၄၉ ခုနှစ် ဝတ္ထုများအနက် အဆင့်အတန်းမီသော ဝတ္ထုများမှာ (အဆင့်အတန်းဆိုသည်မှာ ၁၉၄၈ ခုနှစ်က ရရှိသော မိုးအောက်မြေပြင် အတိုင်းဆိုလျှင်) သိန်းဖေမြင့်၏ 'လမ်းစပေါ်ပြီ'၊ နယဉ်၏ 'ချစ်ကြေးမုံ'၊ ဗန်းမော်တင်အောင်၏ 'လွမ်းရစ်တော့ သက်လှယ်' တို့ ဖြစ်ပေသည်။

'လမ်းစပေါ်ပြီ' မှာ နိုင်ငံရေးဝတ္ထုဖြစ်သည်။ 'ချစ်ကြေးမုံမှာ' စာပေဆန်သော ဝတ္ထုဖြစ်သည်။ 'လွမ်းရစ်တော့ သက်လှယ်ရယ်'ကား နိုင်ငံရေးနှင့် အချစ်၊ အလွမ်း တွဲစပ်၍ ထားသော ဝတ္ထု ဖြစ်သည်။

'အငြင်းထွက်စရာ အချက်များ' ဟု ဆိုထားရာ၌ ဘာကို ဆိုလိုသနည်းဟု သဲလွန်စ ရှာရာ၊ ချစ်ကြေးမုံ၊ လွမ်းရစ်တော့ သက်လှယ်ရယ်တို့ကား ပါစရာ မရှိပေ။

နောက်ဆုံး သိန်းဖေမြင့်၏ 'လမ်းစပေါ်ပြီ' ကို တွေ့ရလေသည်။

ဝတ္ထုတွင် နိုင်ငံရေး မပါရဟု သတ်မှတ်ချက်ကား ကျွန်တော့် သဘောမတူပေ။ စာပေတစ်ရပ်သည်ကား လူမှုဆက်ဆံရေး၊ နိုင်ငံရေးနှင့် ကင်းကွာ၍ မရပေ။ ကင်းကွာလျှင်လည်း စာပေ မမည်ပေ။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးဟူရာ၌ လူ့ဆောင်တစ်ရပ်လုံးနှင့်ဆိုင်သော လူမှုဆက်ဆံရေးကိုသာ ဆိုလိုပေသည်။ သို့သော် မိမိတစ်ဦးတည်းနှင့်သာ သက်ဆိုင်သော ပုဂ္ဂလိက နိုင်ငံရေး ပိုစတာများကိုကား ပယ်ရပေမည်။

၁၉၄၉ ခုနှစ် ဝတ္ထုများအနက် 'လမ်းစပေါ်ပြီ' ဝတ္ထုသည် မြန်မာပြည်၏ နိုင်ငံရေး အခြေအနေ၊ ခေတ်အခြေအနေကို ဖော်ပြထားသည်ကို တွေ့ရှိရပေမည်။ အခြား ဝတ္ထုများမှာ ဘာမျှ ထူးခြားခြင်းမရှိလှသော သာမန် အချစ်ဇာတ်လမ်း၊ စုံထောက်ဇာတ်လမ်းများသာ ဖြစ်ကြပေသည်။

'လမ်းစပေါ်ပြီ' သည် ကွန်မြူနစ်ပါတီခေါင်းဆောင်ဟောင်း သိန်းဖေမြင့်၏ 'ညီညွတ်ရေးမူ' ကို တင်ပြထားသော ဝတ္ထုလည်း ဖြစ်ပေသေးသည်။ သူက ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော် ညီညွတ်ရေးကို ဖြစ်ချင်နေလေသည်။

သို့သော် ယခုလက်ရှိ အခြေအနေတွင် ကွန်မြူနစ်နှင့် ပြည်သူ့ရဲဘော်တို့ တိုက်လျက် ရှိနေသည်။ ဆိုရှယ်လစ် အစိုးရက အလံနီ ကွန်မြူနစ်ပါတီကို မတရားအသင်း ကြေညာထားကာ တဖမ်းတည်း ဖမ်းလျက်ရှိသည်။ ထောင်ထဲတွင် အလံနီများ အစာငတ်ခံကာ သေဆုံးကြသည်မှာ မနည်းပေ။ သခင်သန်းထွန်း၏ ကွန်မြူနစ်ပါတီနှင့်ကား ပြောစရာ မလိုပေ။ စစ်တိုက်၍ပင် နေကြပေပြီ။

ညီညွတ်ရေး ဘယ်မှာ ရှိပါပြီလဲ။

သိန်းဖေမြင့်၏ ညီညွတ်ရေးကား မိမိဖြစ်ချင်သည်ကို စိတ်ကူးယဉ်၍ ကြည့်သော ညီညွတ်ရေးသာ ဖြစ်နေလေသည်။ တကယ်လက်တွေ့အားဖြင့် လုပ်၍ မရပေ။ (ယခုအထိ အဖြစ်အပျက်များကား ရာဇဝင်သက်သေပင်။)

ညီညွတ်ရေး လိုချင်သည် ဆိုသည်မှာ စိတ်ကူးယဉ်ခြင်းမျှသာ ရှိသေးသည်။ အကောင်အထည်ဖြစ်အောင် လုပ်ဖို့သာ လိုပေသည်။ ထို့အပြင် ဘယ်လို ညီညွတ်ရေးရအောင် လုပ်မည်လဲဟူသော လမ်းစဉ်ကို တင်ပြရန်သာ ရှိသည်။ လမ်းစဉ်ကို တင်ပြပြီးသည့်နောက် တကယ်လုပ်ကြည့်သည့်အပေါ်တွင်လည်း တည်သေးသည်။ လုပ်၍ ရမှသာ သူ၏ ညီညွတ်ရေးသည် အဓိပ္ပာယ်ရှိပေမည်။

ညီညွတ်ရေး ဆိုသည်ကား အတူ ပူးပေါင်းခြင်းပင်။ သို့ ပူးပေါင်း



ရာ၌ အရည်အချင်း တူရပေမည်။ တစ်ခုနှင့် တစ်ခု ဆက်စပ်ကာ အချင်းချင်း မှီတွယ်နေရပေမည်။ တစ်ခုနှင့် တစ်ခု မတူခြားနားကာ မှီတွယ်ခြင်းမရှိသော အရာနှစ်ခု ပူးပေါင်းသော ညီညွတ်ရေးသည်ကား မခိုင်မြဲပေ။ ဆန့်ကျင်ဘက် နှစ်ခုကို အတူ လက်ခံထား၍ မဖြစ်နိုင်ပေ။ ခေတ္တခဏသာ ညီညွတ်ပြီး နောက်တစ်နေ့ ကွဲရပေမည်။ သို့မဟုတ်လျှင် ကြိုတင် သိမြင်ကာ မပေါင်းဘဲ နေသည်က မှန်ပေသည်။

ပြည်သူ့ရဲဘော်၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်ညီညွတ်ရေးသည် ယခုရနေပြီလော။

သိန်းဖေမြင့်ကမူ 'လမ်းစပေါ်ပြီ' ဟု ဆိုလေသည်။

လမ်းစပေါ်ပြီတွင် သိန်းဖေမြင့်သည် နိုင်ငံရေးလှုပ်ရှားမှုများကို တတ်နိုင်သလောက် ခြယ်ရေး၍ ပြပေသည်။ ခေတ်အခြေအနေကို ကြေးမုံသဖွယ် ပြခြင်းကား စာရေးဆရာ၏ အလုပ်တာဝန်တစ်ခုပင်။ ဤတာဝန် ကျေပွန်ပါ၏လော။ တင်ပြရာ၌ စာပေအနုပညာသဘော သက်ရောက်ပါ၏လော။

ယခင်ရေးလာခဲ့သော ဝတ္ထုများနှင့်စာလျှင်ကား ယခု လမ်းစပေါ်ပြီသည် ကြမ်းနေပေသည်။ မိမိတင်ပြလိုသော အကြောင်းအရာသည် ထိုအကြောင်းအရာကို ဖော်ပြသော အရေးအသားနှင့် ဟပ်ဖို့သည် အရေးကြီးပေသည်။

မိမိက ဘာကို ဆိုလိုပါသည် ဆိုသည်ကို ဘာမျှ ရေးမပြဘဲ မမြင်ရပေ။ စာလုံးကလေးများဖြင့် စီဖွဲ့သီကုံးရေးထားသည်ကို တွေ့ရမှသာလျှင် ထိုစာလုံး (ဘာသာစကား) မှ တစ်ဆင့် အကြောင်းအရာ (ဝါ) အတွေးအခေါ်ကို သိရှိရပေမည်။

အကြောင်းအရာ 'အတွေး' နှင့် ထိုအကြောင်းအရာကို ဖော်ပြသော ရေးသားမှု 'အနုပညာရေး' သည် အံကျဖြစ်ရပေမည်။ ဟပ်မိရပေမည်။ သို့မှသာ စာပီသပေမည်။ စာပေမြောက်ပေမည်။ လူအများကလည်း လက်ခံပေမည်။ စာပေအဖြစ် တည်တန့်နိုင်ပေမည်။

မော်စီတုံး၏ စာပေရေးရာ မိန့်ခွန်းတွင် 'ကျွန်ုပ်တို့ အလိုရှိသည်ကား နိုင်ငံရေးနှင့် အနုပညာတို့ ပေါင်းစပ်ညီညွတ်ခြင်းအမှု။ အကြောင်းအရာနှင့် ဟန်တို့၏ ပေါင်းစပ် ညီညွတ်ခြင်း အမှုပင်တည်း။ အတွင်းဝယ် ဘာပါသည်ဆိုသော အကြောင်းအရာကို လိုသည်ထက်

www.burmeseclassic.com



ပို၍ အလေးပြုလွန်းသော သဘောကို ကျွန်ုပ်တို့က အလိုမရှိ အပြင်ဘက်က လှပအောင် မွမ်းမံထားသော အကြောင်းအရာကို ဂရုမထားသည့် သဘောကိုလည်း ကျွန်ုပ်တို့အဖို့ အလိုမရှိ။ ထို့အပြင် စာပေနှင့် အနုပညာကို နိုင်ငံရေး ကြော်ငြာကတ်ပြားကြီးအဖြစ် ရောက်အောင် လုပ်သော သဘောကိုလည်း မလိုချင်ပေ' ဟု ဖော်ပြထားလေသည်။ မော်စီတုံးသည် ကဗျာဆရာဖြစ်၍ စာပေနှင့် အနုပညာကို ကောင်းစွာ နားလည်သိရှိသူ ဖြစ်ပေသည်။

ဥပမာ 'အရင်းရှင်ဝါဒ ပျက်စီးပါစေ' ဟူသော အကြောင်းအရာကို ရေးသားသည် ဆိုပါစို့။ စာမျက်နှာ (၃၀၀) ကျော်ရှိသော စာအုပ်ထဲတွင် 'အရင်းရှင်ဝါဒ ပျက်စီးပါစေ' ဟူသော စာလုံးချည်းသာ ရိုက်ထုတ်၍ စာပေဖြစ်လာနိုင်မည်လော။ မဖြစ်နိုင်ပေ။ ဖတ်သူလူတွေက အဘယ်ပုံ အရင်းရှင်စနစ်ကြီး ဆိုးဝါးနေသည်။ မည်သို့ လောကကို ဖျက်ဆီးနေသည်။ အရင်းရှင်စနစ်ထက် ကောင်းသော ဆိုရှယ်လစ်စနစ်ကား ဘယ်လို စသည်ဖြင့် စကားလုံးများဖြင့် ဖော်ပြနိုင်စွမ်း ရှိမှသာလျှင် စာပေ မြောက်လာပေမည်။ အနုပညာပါမှသာလျှင် စာပေအဖြစ် တည်တန့်လာပေမည်။

သိန်းဖေမြင့်သည် ယခင်က တက်ဘုန်းကြီး၊ တက်ခေတ်နတ်ဆိုး၊ အစရှိသော ပြုပြင်ရေး ဝတ္ထုများကို ရေးလာခဲ့ပေသည်။ ယခု ကွန်မြူနစ်ပါတီမှ ထုတ်ပယ်ခြင်း ခံရပြီးနောက် ကွန်မြူနစ်၊ ဆိုရှယ်လစ် ပြည်သူ့ရဲဘော် ညီညွတ်ရေးမှုကို တင်ပြသော 'လမ်းစပေါ်ပြီ' ကို ရေးပေပြီ။ သူ၏ နိုင်ငံရေး အယူအဆကို ဝတ္ထုဖြင့် ပြောပြလေပြီ။

ဝတ္ထုထဲတွင် ၁၉၄၅ ခု၊ ဇွန်လမှ ၁၉၄၇ ခု ဇွန်လအထိ ဖဆပလ နိုင်ငံရေးခေတ်ကို ဖျာပုံနယ် နောက်ခံထား၍ ရေးလေသည်။ သိန်းဖေမြင့်သည် ကွန်မြူနစ်ပါတီမှ ခွင့်နှင့် ဖျာပုံနယ်တွင် နေစဉ် ဤဝတ္ထု၏ အကြောင်းအရာများကို ရရှိပေသည်။ စာရေးဆရာသည် မိမိနေသော လူ့ဘောင်ရှိ အဖြစ်အပျက်ကို ရေးသည်ဟူသော သဘော။ တကယ့်လူ့ဘဝမှ မှီး၍ ရေးသည်ဟူသော သဘောမျှနှင့် လမ်းစပေါ်ပြီသည် ဖြစ်ထွန်းလာပေသည်။

စာပေဗိမာန်ဆု ရွေးချယ်ရာ၌ 'စာပေသည် နိုင်ငံရေး မပါရ' ဟူသော 'အငြင်းထွက်စရာ အချက်' ဖြင့် ဆုံးဖြတ်၍ သိန်းဖေမြင့်၏



ဝတ္ထုကို မရွေးချယ်ဟု ဆိုလျှင်ကား ဤမှုကို အပြင်းအထန် ဝေဖန်သင့်ပေသည်။ စာပေဗိမာန်မှ ကြေညာသော အငြင်းထွက်စရာ အချက်များကို ရှောင်ရှားရမည်ဟူသော မှုသည် 'စာပေသည် နိုင်ငံရေးမပါရ' ဟူသော မှုဖြစ်ပါက ကျွန်တော်တို့သည် လားလားမျှ သဘောမတူနိုင်ပေ။

စာပေနှင့် နိုင်ငံရေးသည် ခွဲ၍ မရပေ။ နိုင်ငံရေးဆိုသည်ကား လူ့ဘောင်ကြီးရှိ လူမှုဆက်ဆံရေး၊ လူထုလှုပ်ရှားမှု၊ တော်လှန်ရေးအရေးတော်ပုံ စသည့် အကြောင်းအချက်များကို ဆိုလိုပေသည်။ (မော်စီတုံးပြောသော နိုင်ငံရေး ကြော်ငြာကတ်ပြားမျိုးကို စာပေတွင်းသို့ သွတ်သွင်းသည်ကိုကား လက်မခံနိုင်ပေ။ မော်စီတုံး၏ ဝါဒကို သဘောတူသည်။)

'လမ်းစပေါ်ပြီ' ဝတ္ထုသည် ကွန်မြူနစ်ခေါင်းဆောင်ဟောင်း သိန်းဖေမြင့်၏ နိုင်ငံရေး ကြော်ငြာကတ်ပြားလား။ သို့မဟုတ် လူ့ဘောင်ကြီး၏ နိုင်ငံရေး လှုပ်ရှားမှု အဖြစ်အပျက်ကို ပေါ်လွင်အောင် ဖော်ပြနိုင်စွမ်း ရှိသလား။ စာပေအဖြစ် အနုပညာ တန်ဖိုး အဘယ်မျှ ရှိသလဲ စသည့် အချက်တို့ကို ဆန်းစစ်ကြည့်သင့်ပေသည်။

'စာပေသည် နိုင်ငံရေး မပါရ' ဟူသော စာပေမှုဟောင်းကိုကား တိုက်ဖျက်ရပေမည်။

ကမ္ဘာကြီးတွင် ဖြစ်လိုက် ပျက်လိုက် နောက်ထပ် ဖြစ်လိုက် စသည်ဖြင့် အစဉ်ပြောင်းလဲလျက်ရှိရာ ဤရုပ်ကမ္ဘာကြီး ပြောင်းလဲမှုပေါ်တွင် တည်၍ ပြောင်းသော အယူအဆတို့လည်း ပြောင်းလဲရပေမည်။ မပြောင်းလဲလျှင် ဆုတ်ယုတ်ခြင်း မည်ပေသည်။

တန်ဖိုးဟောင်းတို့သည် ပျက်ကာ၊ တန်ဖိုးသစ်တို့သည် ဆန်းလေပြီ။

'စာပေသည် နိုင်ငံရေး မပါရ' ဟူသော မှုကား အရင်းရှင်စာပေခေတ်က ဆောင်ပုဒ် ဖြစ်ပေသည်။ လက်ရှိ အရင်းရှင်စနစ်ကို ကျေနပ်ကာ ထိုအရင်းရှင် လူတန်းစားအား ဖြေဖျော်ရန်သာ လုပ်သော စာပေဟောင်း၏ မှုဖြစ်သည်။ ဤမှုကို မလိုလားအပ်ပေ။

စာပေသစ်သည်ကား စာပေသည် နိုင်ငံရေးမှ ကင်း၍ မရ။ သို့မဟုတ် စာပေသည် လူမှုဆက်ဆံရေးကို ဖော်ပြရသည် ဟူသော မှုကို လက်ခံပေသည်။

မော်စီတုံးက 'အကြင်ယဉ်ကျေးမှုသည်ကား အကြင် လူ့ဘောင်

www.burmeseclassic.com

www.burmeseclassic.com



၏ နိုင်ငံရေးနှင့် စီးပွားရေးမှ သဘောတရား အတွေးအခေါ် ထင်ဟပ်ချက်ပင်တည်း' ဟု ဆိုခဲ့လေသည်။

(၆)

စာပေဆုပေးခြင်းသည် ယခု ရာအကြိမ် (၂၀) မြောက် နှစ်တွင်မှ ထင်ရှားစွာ ပေါ်လာပေသည်။ ကုန်သည်သဘောမှ ကင်းစင်သော ဆုများကား ဆွီဒင်ပြည်မှ နိုဘယ်လ်ဆု၊ ပြင်သစ်ပြည်မှ ပရစ်ဖယ်မီနားဆု၊ အင်္ဂလန်မှ ဟော်သံဒန်ဆု၊ အမေရိကန်မှ ပူလစ်ဇာဆုတို့ ဖြစ်ကြပေသည်။

နိုဘယ်လ်ဆုကိုကား ကွယ်လွန်သူ လောကဓာတ်ဆရာကြီး ဒိုင်းနမိုက်ကို စတင် တွေ့ရှိသူ အဲဖရက် နိုဘယ်က ပေးသည်။ ရူပဗေဒ၊ ဓာတုဗေဒ၊ ဆေးပညာ၊ ငြိမ်းချမ်းရေးနှင့် စာပေဆုစသဖြင့် ဆု (၅) ခု ပေးသည်။ စာပေဆုအတွက်မူ 'စာပေနယ်တွင် စိတ်ကူးဖြင့် ရေးသားထားသော ထင်ရှားကျော်စောသည့် စာပေကိုပြုသူ စာရေးဆရာ' အား ပေးအပ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ဆုကို ဆွီဒင်သိပ္ပံပညာ အဖွဲ့က ဆုံးဖြတ်ရသည်။ ဒေါ်လာ ၄၈၀၀၀ မှ ၄၀၀၀၀ အတွင်းရသည်။

၁၉၀၃ ခုနှစ်၌ ပြင်သစ်ပြည်တွင် ပဲရစ်ကွန်ကိုးဆု (Prix Goncourt) ဆုကို စတင်ပေးသည်။ အများအားဖြင့် ကလောင်သစ်များကို ချီးမြှင့်လေ့ရှိသည်။ နိုင်ငံခြားသို့ပင် ဂယက်ရိုက်သော ဆုကား ပြင်သစ်ဂျာနယ်နှစ်စောင်ဖြစ်သော Fimina နှင့် La Vie Hevreuse မှ ကမကထပြုလုပ်၍ ၁၉၀၄ ခုနှစ်တွင် စတင်ပေးသည့် ဆုဖြစ်သည်။ ပြင်သစ်ငွေ ၅၀၀၀ ပေး၍ 'ပြင်သစ်ဘာသာစကားတွင် စိတ်ကူးအကောင်းဆုံးစာ' ကို ပြင်သစ်စာရေးဆရာမများ ပါဝင်သော ဆုရွေးချယ်ရေးအဖွဲ့က ဆုံးဖြတ်လေသည်။

ဤဖဲမီးနားကော်မတီက ၁၉၁၉ ခုတွင် အင်္ဂလိပ်စာရေးဆရာများကို ပေးသည်အထိ ကျယ်ဝန်းလာသည်။ ၁၉၃၂ ခုတွင်ကား အမေရိကစာရေးဆရာများကို ပေးသည့် ဆုအဖြစ် ချဲ့ပြန်လေသည်။

အင်္ဂလန်ရှိ အဖိုးအတန်ဆုံးသော ဆုကား Jame Tait Black Memorial Prize ဂျိန်းတိတ်ဆုဖြစ်သည်။ အတ္ထုပ္ပတ္တိနှင့် ဝတ္ထုတစ်ပုဒ်ကို ဆုပေးသည်။ အီဒင်ဘာရာတက္ကသိုလ်မှ အင်္ဂလိပ်စာ ပါမောက္ခက ဆုကို ဆုံးဖြတ်ပေးသည်။



ဟော်သံဒန်ဆုလည်း ရှိသေးသည်။ စိတ်ကူးဖြင့် ရေးသော အသက် ၄၁ နှစ်အောက် အင်္ဂလိပ်စာရေးဆရာကို ဆုပေးလေသည်။

အမေရိကန်ရှိ ပူလစ်ဇာဆုကား သတ်မှတ်ထားလေသည်။

၁၉၂၆ ခု မေလက စင်ကလဲယားလီးဝစ်အမည်ရှိ စာရေးဆရာအား သူ၏ အဲရိုးစမစ်ဝတ္ထုအတွက် ပေးသောအခါ ဆုပေးရေးအဖွဲ့သည် သူတို့ သတ်မှတ်ထားသည့် အချက်ကို သိမြင်လာတော့သည်။ စင်ကလဲယားက သူ့ကို ချီးမြှင့်သည့် ဆုကို ငြင်းပယ်လိုက်သည်။ သူ ဘာကြောင့် ငြင်းပယ်ရသည်ဆိုသော အကြောင်းပြချက်ကို ထုတ်ဝေသူများ ဂျာနယ်တွင် ဖော်ပြထားလေသည်။

စင်ကလဲယားက သူ ပူလစ်ဇာဆုကို ဘာကြောင့် ငြင်းပယ်ရသည့်အကြောင်း ဖော်ပြရာ၌–

'ဝတ္ထုအတွက် ပေးသော ပူလစ်ဇာဆုကိုကား ကန့်ကွက်ရပေမည်။ အဘယ်ကြောင့် ဆိုသော် ဆုပေးဝေရေးမှာ မှားယွင်းနေပေသည်။ ထိုမူကား 'တစ်နှစ်အတွင်း ထုတ်ဝေသော အမေရိကန်ဝတ္ထုဖြစ်ပြီးလျှင် အမေရိကန်ဟန်မူနှင့် အမေရိကန် သားကောင်းအဖြစ်ကို တင်ပြသောလေ ပါရမည်' ဟု သတ်မှတ်ထားသည်။ ဤစကား အသုံးအနှုန်းအားဖြင့် စာပေ၏ ကောင်းခြင်း ကြန်အင်ဖြင့် မဟုတ်ဘဲ ထိုခေတ် ထိုအခါက ခေတ်စားနေသော ပုံစံအတိုင်းဖြင့် ဆုံးဖြတ်မည်ဟု အဓိပ္ပာယ်ရှိပေသည်။ ဘာကြောင့် ဤကဲ့သို့ သတ်မှတ်သည်ကိုကား မသိရပေ' စသည်ဖြင့် ရေးသားဝေဖန်ခဲ့ပေသည်။

စင်ကလဲယား ဝေဖန်ပြီးနောက် ဆု၏ စံကိုလည်း ပြောင်းလဲလိုက်သည်ကို တွေ့ရှိရပေသည်။ 'အမေရိကန်စာရေးဆရာ၏ အကောင်းဆုံး ဝတ္ထုဖြစ်ပြီးလျှင် အမေရိကန်ဘဝကို ဖော်ပြသော' ဟု ပြင်ဆင်လိုက်ရလေသည်။

[တာရာမဂ္ဂဇင်း၊ အတွဲ ၄၊ အမှတ် ၂၇၊ ၁၉၅၀]

www.burmeseclassic.com

www.burmeseclassic.com

# ခေတ်ရေလှိုင်းနှင့် စာပေ

## (၁)

ခါတိုင်းကဲ့သို့ပင် မြီးကောင်ပေါက်ကလေးများ (မူဝံနှင့် ကြူမွေး ဝတ္ထုများလည်း ဖတ်လာကြပြီ) နှင့် လူငယ်ကလေးများသည် သူတို့ မျှော်နေကြသော တက္ကသိုလ်ဘုန်းနိုင်၏ 'နွေကန္တာဉီး' ဝတ္ထုကို တမောလျှလျှ ဖတ်လိုက်ကြသည်။

စဖတ်လိုက်ကတည်းက လျှို့ဝှက်သဲဖိုကဲ့သို့ 'နုနုငယ်' ၏ ဆန်းကြယ်မှု၊ နုနုငယ်နေသော အိမ်ပတ်ဝန်းကျင်၏ ဆန်းကြယ်မှု၊ ဦးမြတ်မင်း၊ က်ရာဇာတို့၏ ဆန်းကြယ်မှုများနှင့် မက်လုံးပေးထားလိုက်သည်။ နောက်ဆုံး၌ ဆန်းကြယ်မှု အားလုံးတို့သည် တစ်ရစ်ပြီး တစ်ရစ်၊ တစ်ခွေပြီး တစ်ခွေ ပြေကျကာ တော်လှန်ရေး ကောင်စီခေတ် ကျောက်တံခါး ဆည်ဖွင့်ပွဲအပြန် အိုးစည်သံ၊ လင်းကွင်းသံတို့ဖြင့် အဆုံးသတ်ထားသည်။

'လှေကားဦးမှာ ဘီလူးမောင့်ကြောင့် စောင့်တော့တယ်' ဟူသော အိုင်ချင်းကလေးနှင့် ညည်းနေသော နုနုငယ်မှာလည်း ဘာမှ မဟုတ်တော့။ စိတ်ရောဂါသည်မကလေး ဖြစ်နေသည်။ လူပြိန်းများအဖို့ စိတ်ရောဂါ ဟု နားလည်ရမည် ဖြစ်သော်လည်း ထုံးစံအတိုင်း ဘက္ကသိုလ်ဘုန်းနိုင်သည် တက္ကသိုလ်ဆန်ဆန်ပင် 'စကီဇိုဖရီးနီးယား' ဟု ဆိုသော စိတ်ဘောသဗ္ဗဗေဒ ဝေါဟာရဖြင့် ခေါ်လိုက်သော်အခါ ပို၍ ဆန်းကြယ်စရာ ဖြစ်လာတော့သည်။ ကျိန်စာသင့်ထားသော ရွာ၏ အစွန်၌ရှိသော စန္ဒယားသံ (တက္ကသိုလ်ဘုန်းနိုင်က ပီယာနိုသံဟု သုံးနှုန်းသည်) ထွက်ပေါ်လာသော နုနုငယ် အိမ်ကြီးမှာ ဆန်းကြယ်သည်။ နုနုငယ်၏ ဖခင် ဦးမြတ်မင်းမှာ

www.burmeseclassic.com



လည်း လူထုလူတန်းကြီး ဖြစ်သည်။ မိတ္တီလာခရိုင်ရှိ နာမည်ကြီး ပြူစောထီးများ၊ သေနတ်ဝါဒသမား၊ နိုင်ငံရေးသမားများနှင့် ဆက်သွယ်ပုံ ပြထားသော်လည်း လှို့ဝှက်ဆန်းကြယ်ရုံမှတစ်ပါး နိုင်ငံရေး အကြောင်းဆက်များ ပါမလာတော့။

၎င်းတို့သည်ကား တက္ကသိုလ် ဘုန်းနိုင်၏ စာဖတ် ပရိသတ် မြီးကောင်ပေါက်ကလေးများအား ဆွဲဆောင်သော စိတ်ကူးယဉ် စာပေ အင်အားစုများ ဖြစ်ကြသည်။

တက္ကသိုလ်ဘုန်းနိုင်၌ စိတ်ကူးယဉ် စာပေအင်အားစု ရှိသကဲ့သို့ ဘဝ သရုပ်ဖော် စာပေအင်အားစုလည်း ရှိသည်။ သူသည် သရုပ်ပေါ်အောင် ဖွဲ့နွဲ့တတ်သည်။ ဒေသရေမြေတောတောင် ရှုခင်းတို့ကို အဆေးစိတ်လုပအောင် ဖွဲ့နိုင်သည်။ လူများ၏ စရိုက်ပေါ်အောင် ဖွဲ့နိုင်သည်။ သူ၏ 'ဤရေမြေမှသည်' ဝတ္ထု၌ သုသာန်၏ နောက်ကျောဘက်၊ လမ်းဘေးကွက်သစ်မြို့နေ ဆင်းရဲသား ရပ်ကွက်ကို ဖော်ထားသည်မှာ ဘဝသရုပ်ပေါ်သည်။ လူများ့မှာလည်း ရုပ်လုံးကြွသည်။ ဟာသကွက်များဖြင့် ရွှင်သည်။ ယခုလည်း ရွာမွန်သာ၏ ဆင်းရဲသားဘဝ (ဘခက်၏ အိမ်သားစုနှင့် ပတ်ဝန်းကျင်) များကို ဖွဲ့ထားသည်မှာ စရိုက်ပေါ်သည်။ ထိုခေတ် (၁၉၅၅ ဝန်းကျင် ဖြစ်သည်) က မိတ္တီလာရှိ ဖဆပလခေတ် သေနတ်ဝါဒသမား ပြူစောထီးများ၏ လှုပ်ရှားမှု ဖော်ထားသည်မှာ ခေတ်အခြေအနေ သရုပ်ပေါ်လွင်သည်။ တစ်ခုပဲ ရှိသည်။ ထိုခေတ်ကာလ၊ ဖဆပလခေတ်ကောင်းစဉ်က ပြူစောထီးဝါဒကို တိုင်းပြည်အား တင်ပြခဲ့လျှင် အကျိုးရှိမည်။ ယခုကား ကျားသေမှ ကျားသေကို ခြေထောက်နှင့် ကန်ချင်ကြသော သတ္တိပေလော။ ကျားကောင်းစားစဉ်ကမူ ကျားကြီးကိုပင် ပသနေကြသည် တကား။

ယခု ဝတ္ထု၌ ဆေးတက္ကသိုလ် ကျောင်းသား နှင်းငွေမှာ ဇာတ်လိုက် ဖြစ်သည်။ ဘခက်မှာ ဇာတ်ဖြည့် ဖြစ်သည်။ သို့သော် ဘခက်မှာ နှင်းငွေထက် အရောင်အဆင်း ရှိနေသည်ကို တွေ့ရသည်။ ဘခက်မှာ လူထဲက လူနှင့် တူ၍ နှင်းငွေမှာ စိတ်ကူးယဉ် ဆန်နေသည်။ ဘခက်ဘဝမှာ တိုက်ပွဲအတိ ပြီး၍ နှင်းငွေဘဝမှာ သက်တောင့်သက်သာ အထက်တန်းလွှာ ရောက်နေရသည်။ နောက်ဆုံး၌ နှင်းငွေမှာ မိန်းလာကာ ဘခက်မှာ တောက်ပပေါ်လွင်လာသည်ကို တွေ့ရသည်။ ဝတ္ထုအဆုံးသတ်၌ပင်လျှင်



ဘခက်၊ ညွန့်မေ ရုပ်လုံးများဖြင့် ဆုံးထားသည်။ နှင်းငွေမှာ နောက်ဘက်ရောက်သွားသည်။ တက္ကသိုက်ဘုန်းနိုင်သည် သရုပ်ဖော်နှင့် စိတ်ကူးယဉ် လမ်းဆုံလမ်းခွ၌ ရောက်နေကာ တွေဝေနေသလော။

တက္ကသိုလ်ဘုန်းနိုင်၏ နိုင်ငံရေးအမြင်ကိုလည်း နှင်းငွေနှုတ်၊ ဘခက်နှုတ်များမှတစ်ဆင့် သိရသည်။ ဖဆပလ အစိုးရလည်း မကောင်း၊ ပမညတ၊ တောတွင်းလည်း မကောင်း၊ တပ်မတော်သည်သာ ကိုးကွယ်စရာဟူသော ခေတ်မီသော အမြင်ကို ဖော်ပြထားသည်။

စိတ်ကူးယဉ် စာပေအင်အားစုသည် မြီးကောင်ပေါက် လူငယ်ကလေးများ အကြိုက် ဖြစ်တတ်၍ ပျော်တော်ဆက်ဖက် ယိမ်းသည်။ သရုပ်ဖော်စာပေအင်အားစုသည် ရသစာပေ မွေ့သူများသို့ နက်ရှိုင်းစွာ တိုးဝင်တတ်သည်။

ကန်ရေပြင်ထဲ၌ အရိပ်ထင်နေသော မိမိပုံကိုပင် ချစ်နေတတ်သည့် အတ္တမေတ္တာသမားများသည် လောကတွင် မနည်းလှ။ တက္ကသိုလ်ဘုန်းနိုင်မှာ ကံ့ကော်ရိပ် မြကျွန်းသာကို ဖွဲ့နိုင်၍ လူကြိုက်များလာသော ဝတ္ထုရေးဆရာ ဖြစ်သည်။ ကံ့ကော်ရနံ့ကိုမှ ယစ်မူးကြည်ဝေသော အပျိုသင်စ ကလေးများသည် ကံ့ကော်ရနံ့ကို တသကြသည်။ သို့သော် ပြည်တွင်းစစ် အတွင်း၌ကား ကံ့ကော်ရနံ့သည် ယမ်းနံ့ သွေးနံ့တို့ဖြင့်လည်း ရောခဲ့ပြီ မဟုတ်လော။

စာပေ၌ သရုပ်ဖော်နှင့် စိတ်ကူးယဉ်သည် ပေါင်းစပ်ထားမြဲဖြစ်သည်။ သို့သော် သရုပ်ဖော်ကို အခြေထား၍ စိတ်ကူးယဉ်ဖြင့် မွမ်းမံလျှင် လူလည်းကြိုက်၊ အဆင့်လည်း မြင့်နိုင်သည်။ လော်ရင်း ပုံကိုင်ပေးရပေမည်။

(၂)

နွေကန္တာဦး ဝတ္ထုနှင့် မရေးမနှောင်းပင် ခင်ဆွေဦး၏ 'တိုပ်တောက်ချိန်' ဝတ္ထု ထွက်လာသည်။ ခင်ဆွေဦးသည် လွန်ခဲ့သော လေးငါးနှစ်အတွင်းက ဝတ္ထုများစွာ ရေးလာပြီး ထင်ရှားစ ပြုလာသူ ဖြစ်သည်။ သူမသည် ဖခင်ဆရာကြီး မဟာဆွေ၏ စာပေအမွေအနှစ်ကို ဆက်ခံသည်။ ဖခင် မဟာဆွေကဲ့သို့ပင် ဝတ္ထုရေးရာ၌ နိုင်ငံရေးနောက်ခံကားကို ခြယ်ရေးသည်။

www.burmeseclassic.com

www.burmeseclassic.com



တိမ်တောက်ချိန်သည် စစ်အတွင်းနှင့် စစ်ပြီးခေတ် နိုင်ငံရေးလှုပ်ရှားမှုကို ဖြတ်သန်းထားသော ကက်စဘီကာလကို ဖော်ပြသည်။ တစ်နည်းဆိုရသော် အမျိုးသား လွတ်လပ်ရေး တိုက်ပွဲခေတ်နှင့် လွတ်လပ်ရေးရပြီ ဒီမိုကရေစီတော်လှန်ရေးခေတ်၊ ပြည်တွင်းစစ်ခေတ်များကို ဖော်ပြသည်။ အမျိုးသား လွတ်လပ်ရေး တိုက်ပွဲခေတ်ကို အသားပေး ဖော်ပြထားသည်။

ကိုအောင်ဇင်၊ မမြနွယ်၊ ရူပါဟူသော ဇာတ်ဆောင် သုံးဦးသည် သူတို့ ဖြတ်သန်းလျက်ရှိသော တော်လှန်ရေးခေတ်၏ စရိုက်အသီးသီးကို ကိုယ်စားပြုထားကြသည်။

ကိုအောင်ဇင်သည် ကိုယ်ကျိုးမရှာသော မျိုးချစ်၊ မမြနွယ်သည် ကိုယ်ကျိုးမရှာသော နိုင်ငံရေးစိတ် ထက်သန်သော ပြောက်ကျား ရဲမေ၊ ကိုယ်ကျိုးရှာ နိုင်ငံရေးခေတ် စားဖားခေတ်၏ သမီးပျို ရူပါ။

မမြနွယ်ဘဝနှင့် စရိုက်၊ ရူပါ၏ ဘဝနှင့် စရိုက်များကို သရုပ်ဖော်ရာ၌ ပေါ်လွင်သည်။ စားဖားခေတ်၏ သမီးပျို ရူပါမှာ နောက်ဆုံးပေါ် မာဇဒါ ဖင်မလီယာ ကားကလေးနှင့် ပျံ့ဝဲနေပုံမှာ ထိမိသည်။ ရူပါက သူ့သားနှင့် မမြနွယ် သမီးဖြစ်ရကောင်းလားဟု ဆိုစဉ် သူ့သမီးကို ပါးရိုက်လိုက်ပုံမှာလည်း မိခင် မမြနွယ်၏ ကရုဏာဒေါသ ပေါ်လှပေသည်။

ကိုအောင်ဇင်ကို ထူးခြားသော စွမ်းရည်သတ္တိရှိသူ နိုင်ငံရေးခေါင်းဆောင် တစ်ယောက်အဖြစ် ဖော်ပြထားသော်လည်း ကိုအောင်ဇင်မှာ ပါတီနိုင်ငံရေး ဆန့်ကျင်သူ၊ လက်နက်ကိုင်တော်လှန်ရေးဝါဒ ဆန့်ကျင်သူ၊ တသီးပုဂ္ဂလ တစ်ကိုယ်တော် နိုင်ငံရေးသမား ဖြစ်နေလေသည်။

နိုင်ငံရေးပါတီတစ်ရပ်သည် လူတန်းစား တစ်ရပ်ရပ်ကို ကိုယ်စားပြုသည်။ ဓနရှင် လူတန်းစားသို့မဟုတ် ဆင်းရဲသား လူတန်းစား။ လက်နက်ကိုင် တော်လှန်ရေးဆိုသည်မှာလည်း တိုက်ပွဲပုံသဏ္ဌာန် ဖြစ်သည်။ တိုက်ပွဲပုံသဏ္ဌာန်ကို ဖိနှိပ်သူက ပြဋ္ဌာန်းသည်။ အဖိနှိပ်ခံရသူက ပြဋ္ဌာန်းခြင်း မဟုတ်ပေ။ လက်နက်ဖြင့် ဖိနှိပ်၍ လက်နက်ဖြင့် ခုခံကြခြင်း ဖြစ်သည်။ ဖက်ဆစ်ဂျပန်ကို လက်နက်ဖြင့် ခုခံတော်လှန်ရသည် မဟုတ်လော။

ကိုအောင်ဇင်မှာ ကွန်မြူနစ်လည်း ဆန့်ကျင်၊ ဆိုရှယ်လစ်လည်း



ဆန့်ကျင်သော၊ တစ်ကိုယ်တော်သမားသက်သက် ဖြစ်နေသည်။ တစ်နည်းဆိုသော် အားလုံးကို ပစ်ပယ်သူ ပုဂ္ဂလိကသမား။

ဝတ္ထုတစ်နေရာ၌ ရှိတ်စပီးယား၏ ဂျူလီယက်ဆီဇာပြဇာတ်ကို ကိုးကား၍ လူထုက ဆွဲဆောင်ရာ ပါလွယ်တာပဲဟူသော သဘောဖြင့် လူထုအား အထင်သေးသော အတွေးအခေါ် တစ်ရပ်ကို ဖော်ထုတ်ထားသည်။ ခင်ဆွေဦးသည် လူအုပ်သဘောတရားနှင့် လူထုသဘောတရားကို ကွဲဟန် မတူပေ။ လူအုပ်သည် ယာယီစိတ် အခြေအနေရှိ၍ လူထုသည်ကား လူ့ရာဇဝင်ကို ပြောင်းသော၊ ဘဝ ခံစားမှုအရ တကယ်သိသော၊ ခိုင်မာသော သတ္တိထူး ရှိသည်။ တော်လှန်ရေး၌ လူထုပါမှ အောင်မြင်ပေသည် မဟုတ်လော။ ခေါင်းဆောင်သည် လူထု၏ ဆန္ဒအရသာ လုပ်ဆောင်ခြင်း ဖြစ်သည် မဟုတ်ပေလော။

ခင်ဆွေဦးသည် သရုပ်ဖော်စာပေ အင်အားစုဘက်သို့ ယိမ်းပေရာ ယနေ့နိုင်ငံရေး လှုပ်ရှားမှုများကို ယခုထက် ယထာဘူတကျကျ ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် ကိုင်တွယ်ကာ ဖွံ့ဖွံ့လျှင် ပြည်သူတို့၏ ချစ်သော ဝတ္ထုရေးဆရာ ဖြစ်လာပေလိမ့်မည်။

(၃)

စာရေးဆရာများသည် ခေတ်ကို ကမ္ဘည်းထိုးသူများ ဖြစ်ကြသည်။ အဖြူပေါ် အမဲအက္ခရာတင်ပြီးလျှင် တော်တော်နှင့် ဖျက်၍ မရတတ်ပေ။

ခေတ်၏ ရေလှိုင်းကို စီးမည်လော။ အလိုက်သင့် နိဂါ ပင်လယ်ထဲအထိ လိုက်မည်လော။ သို့မဟုတ် ကြံ့ကြံ့ခံ၍ ရည်ရွယ်ချက်ကမ်းရောက်အောင် ကူးခတ်မည်လော။

တော်လှန်ရေးခေတ်များသည် တော်လှန်ရေးစာပေများကို ရွေးချယ်မြဲ ဖြစ်သည်။

[မိုးဝေမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၆၈]

www.burmeseclassic.com

www.burmeseclassic.com

## တော်လှန်ရေးနှင့် သရုပ်ဖော်စာပေ အခန်းပြဿနာ

### (၁)

စာပေသည် နိုင်ငံရေး၏ လက်အောက်ခံ ဖြစ်သည်။ နိုင်ငံရေးသည် စာပေ၌ ထင်ဟပ်သည်။ ယင်း သဘောတရားကို ယနေ့ စာပေသမိုင်း ဆရာများက လက်ခံကြပြီ။ အထူးသဖြင့် ပြည်သူ့ဘက်က နေသော စာပေသဘောတရားရေး ဆရာများက ပြည်သူတို့၏ အရေးတော်ပုံများကို ဖွဲ့နွဲ့ရမည်ဟု အခိုင်အမာ ဆိုနေကြပြီ။ တစ်ဖက်က စာပေတွင် နိုင်ငံရေး မပါရ၊ စာပေသက်သက်။ အနုပညာသည် အနုပညာ ဖြစ်ရမည် စသော တိမ်ကောနေသော ခေနရှင် ကြွေးကြော်သံများကို လူသား ဝါဒ ဟူသော စကားဖြင့် လှည့်ပတ်ရစ်ခွေလာသော်ငြားလည်း စာပေသည် ပြည်သူ့ အရေးတော်ပုံများကို ဖွဲ့နွဲ့ရမည်ဟူသော သဘောတရားကား အဟုန်တန့်သွားသည် မရှိဘဲ ဆက်လက်၍ တိုးတက်စီးမြစ်းလျက်။

တစ်နည်းဆိုရသော် သရုပ်ဖော် စာပေဝါဒသည် အမြစ်တွယ် လျက် ရှိနေပြီ။

အမြစ်တွယ်လာပြီဖြစ်သော ယင်းသရုပ်ဖော်စာပေဝါဒကို ခိုင်မာအောင်၊ ကြည်လင်အောင်၊ မသွေဖည်အောင်၊ မဝိုးဝါးအောင်၊ မမှုန်မွှားအောင် လုပ်ရေးသည်လည်း တပါတည်း ပါလာသည်။

သရုပ်ဖော်စာပေဝါဒ မှေးမှိန်နေသေးလျှင် ထွန်းလင်းလာအောင် လုပ်ကြရမည်။ ထွန်းလင်းလာပြန်လျှင် ကြည်လင်လာအောင် လုပ်ကြရမည်။ အမြစ်တွယ်လာပြီဖြစ်လျှင် ခိုင်မာလာအောင် လုပ်ကြရမည်။ တိုးတက်လာလျှင်လည်း လမ်းဖြောင့်အောင် သတိပေးကြရမည်။ မတိမ်း

www.burmeseclassic.com

www.burmeseclassic.com



အောင် ထိန်းသိမ်းပေးကြရမည်။ ယင်းသို့လျှင် တော်လှန်ရေးသည် မဆုံးသကဲ့သို့ ယင်းတော်လှန်ရေးကို ထင်ဟပ်သော စာပေ လှုပ်ရှားမှုသည်လည်း မဆုံး၊ မဆုံး၊ မဆုံး။

(၂)

ဘဝမှ ထွက်ပြေးသော၊ နေချင့်စဖွယ် သာယာတောက်လွင်သည့်ဘဝကိုသာ မှိန်းချင်သော၊ တိုက်ပွဲကို ရှေ့ဆိုင်းသော၊ ပြည်သူ့အရေးတော်ပုံများကို ဖုံးကွယ်သော၊ မြီးကောင်ပေါက် အချစ်အသားပေးသော စိတ်ကူးယဉ် စာပေဝါဒကို ဖက်ပြိုင်လျက် ဘဝကို ရင်ဆိုင်သော၊ တကယ့် ဖြစ်ရပ်ကို ဖော်ပြသော၊ တိုက်ပွဲကို နောက်မဆုတ်သော၊ ပြည်သူ့အရေးတော်ပုံများကို ဂုဏ်ပြုသော၊ လူတန်းစား အလွှာများအောက်ရှိ အချစ်ကိုသာ ခြယ်ရေးသော သရုပ်ဖော် စာပေဝါဒသည် ပေါ်ထွန်းလာရပေမည်။

သရုပ်ဖော်စာပေဝါဒသည် သက်တမ်းနုသေးသော်လည်း တိုးတက်သော၊ ပျိုမျစ်သော၊ အလားအလာရှိသော အင်အားစု ဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် စာပေအင်အားသစ် ဖြစ်သောကြောင့်ပင်။

ယင်း သရုပ်ဖော် စာပေအင်အားစု၌ တစ်လတည်း နှစ်ပုဒ်ထွက်လာသော မောင်နေဝင်း၏ 'ရေရိုင်း မြေရိုင်း' ဝတ္ထုနှင့် ဆင်ဖြူကျွန်း အောင်သိန်း၏ 'လယ်သမားသူပုန်' ဝတ္ထု ပထမပိုင်းတို့သည် ပါဝင်ကြသည်။

ထို့ကြောင့် ယင်းဝတ္ထုများကို ကြိုဆိုရမည်။ သို့သော်။

(၃)

ရေရိုင်း မြေရိုင်းသည် အမျိုးသား လွတ်လပ်ရေးတိုက်ပွဲ၏ ဖက်ဆစ် တော်လှန်ရေး ကဏ္ဍနှင့်စ၍ ဒီမိုကရေစီတိုက်ပွဲ၊ ငြိမ်းချမ်းရေး တိုက်ပွဲ (ပြည်တွင်းစစ်) အစပိုင်းတွင် နိဂုံးချုပ်ထားလေသည်။ တစ်နည်းဆိုရသော် အရင်းရှင် ဒီမိုကရေစီ တော်လှန်ရေးကဏ္ဍနှင့် ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး ကဏ္ဍ တစ်ပိုင်းတစ်စိတ်ဖြစ်သော ဒီမိုကရေစီ တော်လှန်ရေးကို ဖွဲ့နွဲ့ထားသည်။ ယင်းသို့ ဖွဲ့နွဲ့ရာ၌ ဝင်းကြည်တည်းဟူသော ကျောင်းသား လူငယ်ကလေးတစ်ဦး၏ တော်လှန်ရေးကာလ ဖြတ်သန်းကြုံတွေ့ရပုံကို ဇာတိပြုထားသည်။



ဝတ္ထု၏ နောက်ခံ ဒေသမှာ မအူပင်ခရိုင် မြစ်ဝကျွန်းပေါ်ဖြစ်ရာ ယင်းဒေသ၏ ထူးခြားချက်ဖြစ်သော ကရင် ဗမာ လူမျိုးရေး ဆက်ဆံရေး ပြဿနာများ ပါလာသည်။ တစ်နည်းဆိုရသော် အမျိုးသား ပြဿနာ ဖြစ်သည်။ ယင်းသည် ယနေ့ခေတ်၌ အရေးကြီးသော ပြဿနာ တစ်ရပ် ဖြစ်သည်။ ယနေ့ခေတ်သည် အမျိုးသား လွတ်မြောက်ရေးခေတ်ဟုပင် ဆိုနိုင်သည်။ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲသည် လူတန်းစား တိုက်ပွဲနှင့်လည်း ခွဲ၍ မရ။ ထို့ကြောင့် အရေးကြီးသည်။ အလွန် အရေးကြီးသည်။

မောင်နေဝင်းသည် ယင်း ကရင်ဗမာ လူမျိုးရေး အနေအထားကို ဖော်ပြရာ၌ ဗမာဘက်က နေနေသည်။ အထူးသဖြင့် ဗမာစာရေးဆရာက ရေးသဖြင့် သတိထားရပေမည်။ ကရင် ဗမာ ညီညွတ်ရေးမှာ အင်္ဂလိပ် နယ်ချဲ့သမားကြောင့် ပျက်ပြားခဲ့ရသည်။ ကရင်အမျိုးသားများမှာ ပထမ၌ အင်္ဂလိပ်နယ်ချဲ့သမားနှင့် နီးစပ်၍ ဗမာများအပေါ်၌ အထင်အမြင်လွဲခဲ့ရသည်။ ဗမာကလည်း 'သခင်မျိုးဟေ့ တို့ဗမာ' လုပ်ခဲ့သဖြင့် (ဝါ) အမျိုးသားစိတ် လွန်ကဲမှုကြောင့် မလိုလားအပ်သော လူမျိုးရေး အဓိကရုဏ်းကြီး ဖြစ်ခဲ့ရသည်။ ဘီအိုင်အေက တစ်ကြိမ်၊ နောက် လွတ်လပ်ရေးရပြီး တစ်ကြိမ်။ ကရင် အလုပ်သမား လယ်သမား ဆင်းရဲသား လူတန်းစား နိုးကြားလာသောအခါ ကရင်ဗမာ ညီညွတ်ရေးသည် ဖြိုခွဲ၍ မရတော့။ ပစ္စည်းမဲ့ လူမျိုးစုံ သွေးစည်းရေးသည် တော်လှန်ရေးစွမ်းအားကို အဟုန်မြှင့်တင်ပေးတော့သည်။ လူမျိုးများ၏ ကိုယ်ပိုင် ပြဌာန်းခွင့်သည် မလွှဲမရှောင်သာ.. [illegible]

မလွှဲကိုင်အခြေခံ ဖြစ်လာရပေသည်။ မောင်နေဝင်းသည် ယင်း ကရင်အမျိုးသား လှုပ်ရှားမှုကို တင်ပြရာ၌ ဖွံ့ဖြိုး တိုးတက်လာပုံအစဉ်ကို မဖော်ပြနိုင်။ သို့ကြောင့် နက်ရှိုင်းသင့်သလောက် မနက်ရှိုင်း။

လွတ်လပ်ရေး ရစ ပြည်တွင်းစစ်၏ ရက်စက်ကြမ်းကြုတ်ခြင်းအဖြစ် မြစ်ဝကျွန်းပေါ် ဒေသကို မီးဝန်းစုပြရာ၌ ပေါ်ပါ၏။ စစ်ပွဲများဖြင့် ပြည့်လျှမ်းပါ၏။ သို့သော် တစ်ဖက်သတ် ဖြစ်နေသည်။ ကြည့်လော့။ ဝါးကိုင်းသဘော်အဖြစ်အပျက် သရုပ်ဖော်ကောင်းသည်။ သို့သော် ကရင်ဘက်က ရက်စက်ပုံကိုသာ မြင်စေသည်။ လက်ဖောင်နှင် ကာနယ် တင်ဖေကို ကရင်အမျိုးသား ကာကွယ်ရေး တပ်များက ဖမ်းသွားသည်ကို ပြပြီး မန်းဘဇံပါဝင်သော အင်အားစုက ပြန်လွှတ်သည်ကိုကား အထင်

www.burmeseclassic.com

www.burmeseclassic.com



အရှား မပြတော့။ ရာဇဝင် ပုဂ္ဂိုလ်များ ဖော်ပြလျှင် အဖြစ်အပျက်သည်လည်း ရာဇဝင်ဆန်ရပေမည် မဟုတ်တဲ့လော။ စာရေးဆရာသည် ပြည်သူတို့၏ ရာဇဝင်ကို ရေးသူလော၊ ဖုံးကွယ်သူလော။

ဖက်ဆစ်တော်လှန်ရေး စည်းရုံးပုံများ ပေါ်နေသည်။ လှေတစ်စင်းနှင့် လျှောက် လှူတွေ တွေ့ရုံမျှလိုလို ဖြစ်နေသည်။ မတ်ဝါဒ သဘောတရားဖြင့် စည်းရုံးပုံများ မပါပေ။ လေးနက်မှု လျော့နေသေးသည်။

ဝင်းကြည်၏ ဖခင်မှာ ဖက်ဆစ်တော်လှန်ရေး၌ သားဖြစ်သူအား အားပေးပြီး၊ နောက်ပိုင်း စိတ်ပျက်ပြီး သားအား ဖြတ်လိုက်သည်မှာ မဆီလျော်တော့။ နော်အေးမူမှာ အရောင်လှသော ဇာတ်ကောင်တစ်ယောက် ဖြစ်သည်။ သို့သော် နောက်ပိုင်း ပျောက်သွား၍ လွမ်းစရာဖြစ်နေသည်။ အရောင်အဆင်း မရှိသော အနွဲ့မှာ ဝင်းကြည်နှင့် ပေါင်းရန် အဝေးမှ ခေါ်ယူလိုက်ရသည်။ ခေတ်ဆန်သူ၊ မနုရှင် စနစ်၏ သားကောင် စင်သီယာကား အရောင် အဝင်းပဆုံးပင်။

ဝင်းကြည်၏ ရဲဘော် စောကျော်သန်း ကျသွားခန်း၊ ဖုန်းမြင့်အား ဝယ်မပေးဖြစ်ခဲ့သော ပန်းသီးကို စင်သီယာက ယူလာ၍ မစားရက်ပုံ အခန်းတို့မှာ လူ၏ မေတ္တာစောင်းကြိုးအား တီးခတ်သော တေးသံများဖြစ်၍ စိတ်ထိခိုက်စရာ၊ ကြေကွဲစရာပင်။

ဝင်းကြည်သည် ပြင်းထန်သော နိုင်ငံရေး တိုက်ပွဲများကို ဖြတ်သန်းလာသူ ဖြစ်သည်။ လက်နက်ကိုင်ခဲ့ရသည်။ သတင်းစာ စစ်မျက်နှာ၌ ကလောင်ကိုင်စ ထောင်ကျသွားသည်။ ထောင်တွင်း တိုက်ပွဲ၌ ဒဏ်ရာရသည်။ တော်လှန်ရေးသမား ဖြစ်ရန်အတွက် အတော်နက်ရှိုင်းသော အတွေ့အကြုံ ဖြစ်သည်။ ယင်းတို့ကို ဖော်ရာ၌ ပေါ်လွင်လှပသည်။ သို့သော် ဝင်းကြည်သည် ထောင်မှ လွတ်သော် 'အနွဲ့ကို ဖက်လိုက်သည်' နှင့် ဆုံးထားရာ၊ ဝင်းကြည်သည် အရှုံးသမားအဖြစ် နိဂုံးချုပ်ရလေတော့သည်။ မောင်နေဝင်းရယ်။

ဇာတ်လိုက်သဘောတရား ပြဿနာ ဖြစ်သည်။ သရုပ်ဖော်စာပေသစ်၌ ဇာတ်လိုက်သည် အပြုသမား ဖြစ်ရမည်။ တက်ကြွသူ၊ ခုခံသူ၊ အရှုံးမပေးသူ၊ ခါးမညွတ်သူ။ ဆိုရှယ်လစ် သရုပ်ဖော် စာပေ၌ကား တော်လှန်ရေးသမား၊ သူပုန်။



ဇာတ်လိုက်သည် တိုးတက် ရင့်သန်လာသူ၊ ပြည်သူအတွက် 'စံ' ထားထိုက်သူ။ စာပေသည် တော်လှန်ရေး၏ ယဉ်ကျေးမှုလက်နက်။

ယင်း စံကိုက်နှင့် အကဲဖြတ်လျှင်ကား ရေရိုင်းမြေရိုင်း၏ ဇာတ်လိုက် ဝင်းကြည်သည် မနုရှင် ပေါက်စ၊ နောက်ဆုတ်သူ။ စာရေးဆရာက တကယ့်ဘဝ၊ အဖြစ်အပျက် (ဝါ) ဒိဋ္ဌမှုကို သရုပ်ဖော်ထားတာပဲ၊ လူထဲက လူပဲဟု ဆောဒက တက်ပါက တကယ်ရှိသော ဘဝသရုပ်ဖော်ဖြစ်ကောင်း ဖြစ်ပါမည်။ သို့သော် အရှုံးသမားကို ဂုဏ်ပြုအပ်ပါသလော။ တကယ့် အဖြစ်အပျက်သည် စာပေ၏ ကုန်ကြမ်းမျှသာ ဖြစ်သည်။ အနုပညာရှင်သည် မိမိ၏ အဘိဓမ္မာဖြင့် ဇာတ်ကောင်ကို ဖန်တီးခြင်း မဟုတ်ပေလော။ သို့မဟုတ်ပါက ဒိဋ္ဌမှုသမားသက်သက်၊ ရည်ရွယ်ချက်မဲ့ အတ္တသမား တစ်ယောက်ကို အားပေးရာ ရောက်တတ်ပေသည်။

ဘာ့ကြောင့် ဝင်းကြည်သည် အရှုံးပေးသမား၊ နောက်ဆုတ်သမား ဖြစ်ရသနည်း။ ဝင်းကြည်သည် တော်လှန်ရေး ပါတီဝင်တစ်ယောက် မဟုတ်ပေ။ တော်လှန်ရေး အဘိဓမ္မာ အားဆေးဖြင့် မိမိ၏ မနုရှင် ပေါက်စ တွေဝေမှုများကို မကုသနိုင်ခဲ့ပေ။ ပြည်သူ့ရဲဘော်ဘက်ကလိုလို၊ အလံနီအားကျသလိုလို၊ ကွန်မြူနစ်ဘက် ကြင်နာသလိုလိုနှင့် နောက်ဆုံး တစ်ကိုယ်တော် အလုပ်မဲ့ ဖြစ်သွားသည်။ အယ်ဒီတာဘဝ ရောက်သွား၍ ပြည်သူ့တိုက်ပွဲထဲ ပါမည်ဟု မျှော်လင့်ရသော်လည်း ဝတ္ထုအဆုံးတွင် စိတ်ဓာတ်ကျပြီး မိန်းမရသွားသည့် သဘောဘက် ရောက်နေ၍ ဝတ္ထု၏ အခြားသော သရုပ်ဖော် အင်အားကောင်းလာသလောက် အဖျားရှုးသွားရတော့သည်။ တစ်နည်းဆိုသော် သဘာဝကျသည်ဟု ဆိုရပေမည်။

အကယ်၍သာ မောင်နေဝင်းသည် သူ၏ စိုးပိုင်သမျှသော သရုပ်ဖော် စာပေ အနုပညာအင်အားစုကို အဘိဓမ္မာ သွေးသစ်လောင်း၍ တော်လှန်ရေးသမား လူငယ်တစ်ယောက်ကို ဗဟိုပြု၍ ရေးမည် ဆိုပါက ဆိုရှယ်လစ် သရုပ်ဖော် စာပေ ကြယ်နီတစ်ပွင့်အဖြစ် တောက်ပနိုင်ကောင်းပေလိမ့်မည်။

(၄)

ဆင်ဖြူကျွန်း အောင်သိန်း၏ လယ်သမား သူပုန်ဝတ္ထုမှာ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲကို သရုပ်ဖော်ထားသော စာပေအင်အားစု

www.burmeseclassic.com



တစ်ရပ် ဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုကြီးကို အပိုင်းပိုင်း ခွဲကာ ဖော်လို၍ ပထမပိုင်းဖြင့် အစပျိုးလိုက်ဟန် တူသည်။

ယင်း အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲသည် ပဲခူးရိုးမ တောင်ခြေ တောကျေးလက်မှ စတင်လျက် သူပုန်မိသားစုသည် မြစ်ဝကျွန်းပေါ် အောက်ဖက် မြေနုသို့ လျှိုသွားကာ ဧရာဝတီမြစ်ရိုးအတိုင်း ဆန်တက်၍ ချင်းတွင်းမြစ်အကြား ရခိုင်ရိုးမ၏ အရှေ့ခြမ်း လွင်ပြင်ထက်သို့ ရောက်သွားသော ဇာတ်လမ်းနှင့် တည်ထားသည်။ စင်စစ် ယင်းသူပုန်မိသားစုမှာလည်း အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲအပြီး ဆယ်နှစ်တိုင် လက်နက်အင်အားကောင်းသော အင်္ဂလိပ်နယ်ချဲ့သမားများအား ခုခံတိုက်ခိုက်ခဲ့သော မျိုးရိုးအနွယ် ဖြစ်နေသည်။ ယင်းသို့ နယ်ချဲ့ဆန့်ကျင်ရေး အစဉ်အလာ တည်ဆောက်ထားပုံမှာ ခံ့ညားထယ်ဝါခြင်း ရှိပါပေသည်။

ဆင်ဖြူကျွန်း အောင်သိန်းသည် အလွန် ကြီးကျယ်သော မြန်မာတို့၏ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲမဟာကို သရုပ်ဖော်ရန် အစပျိုးလိုက်သည့်အတွက်ပေလော မသိ၊ အရေးအသားမှာ ယခင်ဝတ္ထုများထက် တည်ငြိမ်ညက်ညောပြီး လူ့စရိုက်များ ပီသအောင် ဖော်နိုင်ခြင်း ရှိလာသည်။ တောကျေးလက်၊ အထူးသဖြင့် အညာသဘာဝကို ပေါ်လွင်အောင် ဖွဲ့နွဲ့သူ ဖြစ်သည်။ ပထမပိုင်းအနေဖြင့်ပင်လျှင် ဇာတ်ကောင်များမှာ လူ့သဘာဝ ပီသည်။ တောမာန်တောဟန်ပါသည်။ သို့သော် ယာအလုပ်ဖြစ်သော ကုန်ထုတ်လုပ်ငန်း၌ မှုန်နေသည်။

သူပုန် အိမ်ထောင်စုများ ရိုးမတောင်ခြေ ဇီးကုန်းဘက်မှ ပုလိပ်နှိပ်စက်၍ မြစ်ဝကျွန်းပေါ် မြန်အောင်ဘက်သို့ ပြေးလာရပုံ၊ မြန်အောင်ဘက်တွင်လည်း နောက်ဆုံး နေမရ၍ ပခုက္ကူသို့ တက်လာခဲ့ပုံ၊ ပခုက္ကူတွင် ဆွေမျိုးနှင့် ပတ်သက်ကာ အခြေချရပုံ စသည်များကို ဖွဲ့နွဲ့ထားသည်မှာ သရုပ်ပေါ်သည်။

သို့သော် ၁၈၈၈ လောက်က ရိုးမတောင်ခြေ ဇီးကုန်း၌ လယ်သမားများ ဓားဆွဲ၍ တိုက်ကြသော တော်လှန်ရေးစစ်ပွဲများကို ဖော်ရာ၌ လယ်သမား သူပုန်များဘက်က ကြောက်ရွံ့နေပုံများ ဖွဲ့ထားသည်မှာ တော်လှန်ရေး၏ သူရသတ္တိကို ထိခိုက်မနေပေဘူးလောဟု ခံစားမိသည်။

အမှန်အားဖြင့် သေနတ်ကို ဓားဖြင့် ယှဉ်ပြိုင်သော သူရသတ္တိကား ချီးကျူးဖွယ်ရာပင်၊ ထွက်ပြေးပုံများ အတော်ပြထားသည်မှာ



တော်လှန်ရေးအား သေးသိမ်အောင် လုပ်ရာ ရောက်မနေပေသလော။ ပထမပိုင်းမျှသာဖြစ်၍ စာရေးဆရာ၏ မပြီးဆုံးသေးသော စေတနာကို ဝေဖန်ရန် စောနေသေးသည်ကိုလည်း ဝန်ခံရပေမည်။

သရုပ်ဖော် စာပေသမားများသည် ယုတ္တိကို ရှာခြင်း၊ ဒိဋ္ဌဓမ္မသဘောဘက်ကို လိုက်ခြင်းတို့ကြောင့် တော်လှန်ရေး ရည်ရွယ်ချက်ကို မထိပါးရအောင် သတိထားသင့်သည်။ စစ်ပွဲတစ်ပွဲ၌ အနိုင်အရှုံး ရှိနိုင်သည်။ သို့သော် လက်နက်ချင်း မမျှ၍ ကြောက်စိတ်ဝင်ကာ ထွက်ပြေးသော မြင်ကွင်းကို အတော်များများ ဖော်ပြခြင်းဖြင့် ဒိဋ္ဌဓမ္မ သဘောဘက် အလေးပေးလွန်းခြင်း သက်ရောက်ကာ 'စာပေသည် တော်လှန်ရေး၏ လက်နက် ဖြစ်သည်' ဟူသော ဦးတည်ချက်၌ အားပျော့သွားမည်ကို စိုးရိမ်မိသည်။

မင်းလောင်း မောင်သန့် ဖြစ်လာပုံ၌ ပထမပိုင်း ဆုံးနေသည်။ လယ်သမားများ ဝေါ်ပြတ်နေပုံ၊ မကျေမနပ်ပုံများမှာ ပေါ်သည်။ သို့သော် မောင်သန့်မှာ ရယ်စရာ ဖြစ်နေသည်မှာ အုပ်စိုးသူ အင်္ဂလိပ် အစိုးရရေးသော ရာဇဝင်ပျက်ဆန်နေသည်ဟု ထင်မြင်မိသည်။

တော်လှန်ရေးကို သရုပ်ဖော်ရာ၌ ပြည်သူ့ရာဇဝင်အဖြစ်ဖြင့် ဖွဲ့နွဲ့ရမည် မဟုတ်ပေလော။

[မိုးဝေမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၆၈]

www.burmeseclassic.com

www.burmeseclassic.com

## အမျိုးသားလွတ်မြောက်ရေးနှင့် စာပေဝေဖန်ရေး

### (က)

ယခုအခါ 'ဝေဖန်ရေး' ဟူသော စကားလုံးမှာ နိုင်ငံရေးလောက၊ စာပေလောကတို့တွင် ဆန်းသစ်သော စကားလုံး မဟုတ်တော့ပြီ။ ကြားရဖန်၊ မြင်ရဖန်များနေသော စကားလုံး။ ဝေဖန်ရေးဆိုတာ ဘာလဲဟု မေးလျှင်၊ မေးသူ၏ ခေတ်တွင် ကြားရ၊ ဖတ်ရသော ဝေဖန်ရေးများကို အကဲခတ်ကာ ဝေဖန်ရေးဆိုတာ ဒါပဲဟု နားလည်သိရှိပေလိမ့်မည်။ ဤကား သဘာဝကျသည်ဟု ဆိုရမည်သာ။ ဝေဖန်ရေးဟူသော စကားလုံး၏ အဓိပ္ပာယ်ကို ဝေဖန်ရေးလုပ်ရပ်များကပင် ဖော်ပြနေတတ်ကြသောကြောင့် ဖြစ်ပေသည်။ ဝေဖန်ရေးဟူသော စကားလုံးသည် ယနေ့ခေတ်တွင် ရိုးနေသော စကားလုံး ဖြစ်နေပေပြီ။

သို့သော် စစ်မဖြစ်မီ ခေတ် ၁၉၃၈ ပတ်ဝန်းကျင်လောက်ကတော့ ဝေဖန်ရေးဟူသော စကားလုံးသည်ပင်လျှင် ဆန်းသစ်လျက် ရှိနေခဲ့ပေသည်။ ထိုကာလလောက်က ကျွန်တော် 'စာပေဝေဖန်စာ' များ ရေးသည် ဆိုသည်မှာပင်လျှင် စာပေလေ့လာစ၊ ဖတ်စ၊ ကြိုက်စမို့ စိတ်လှုပ်ရှားကာ မိမိ၏ ရသစာပေ ခံစားမှုကို ဖော်ပြသည့် သဘောပင် ဖြစ်မည်။ ထိုအခါက မြန်မာစာပေလောကတွင် စာပေဝေဖန်ရေး ဆိုသည်ကပင် ကျယ်ကျယ်ပြန့်ပြန့် မြင်ရ ကြားရသည် မဟုတ်သေး။ မိမိကျောင်းပတ်ဝန်းကျင်ရှိ စာပေမွေ့သူများနှင့် ဆုံမိကြလျှင် ကိုယ်ဖတ်ထားသော ဝတ္ထု၊ ကဗျာများအကြောင်း ပြောဖြစ်ကြသည်။ ရင်းနှီးသူအချင်းချင်း ဆိုလျှင် ပို၍ ပွင့်ပွင့်လင်းလင်း ပြောဆိုဖြစ်ကြသည်ကို

www.burmeseclassic.com



အမှတ်ရမိသေးသည်။ အထူးသဖြင့် အင်္ဂလိပ်ဝတ္ထု၊ ကဗျာများနှင့် ပတ်သက်၍ ငြင်းကြခုံကြသည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာပေဝေဖန်ရေး စာများလည်း ဖတ်ဖြစ်လာသည်။ သူတို့ မဂ္ဂဇင်း၊ ဂျာနယ်များတွင် စာပေဝေဖန်ရေးကို သီးသန့်ကဏ္ဍဖွင့်ကာ အရေးထား ဖော်ပြကြသည်ကို တွေ့နေသည်။ နေ့စဉ် သတင်းစာများတွင်ပင် တနင်္ဂနွေနေ့ အထူးထုတ် စာပေကဏ္ဍ ဖွင့်ပြကာ စာပေဝေဖန်ရေးကို အရေးပေး ထည့်သွင်း ဖော်ပြသည်ကို တွေ့ရသည်။ ယင်း စာပေဝေဖန်ရေး စာများကို စိတ်ဝင်စားလာမိသည်။ ရန်ကုန်မှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ရန်ကုန်ဂေဇက် သတင်းစာတွင်ပင် မြန်မာဝတ္ထုများကို ဝေဖန်သော ဆောင်းပါးများ ထည့်သွင်းသည်ကို ဖတ်ရသည်။ အင်္ဂလိပ်စာတတ် မြန်မာစာပေ ပညာရှင်များ ရေးသားကြသည်။ စာပေဝေဖန်ရေးစနစ်သည် အနောက်နိုင်ငံတွင် ထွန်းကားသော စနစ်ဖြစ်သည်။ အနောက်နိုင်ငံမှာ သိပ္ပံပညာ ထွန်းကားရာ ဒေသဖြစ်သည့်အတိုင်း စာပေကိုလည်း သိပ္ပံဆန်စွာ ကိုင်တွယ်သော သဘောဟု ယူဆဖွယ်ရှိသည်။ ဂန္ထလောက မဂ္ဂဇင်းတွင် စာပေဝေဖန်ရေး ဆောင်းပါးများပါသည်။

အနောက်နိုင်ငံမှ ဝေဖန်ရေးစာများ ဖတ်ဖြစ်သော်လည်း မိမိကိုယ်တိုင်ကား ၁၉၃၈ နောက်ပိုင်းတွင် ဆက်မရေးဖြစ်တော့။ စာပေဝေဖန်ရေးသည် စာပေပညာရပ် တစ်ရပ်ဆိုသည်ကိုတော့ နားလည်လိုက်သည်။

(ခ)

အမျိုးသား လွတ်မြောက်ရေး သမိုင်းနောက်ခံကားချပ်ကို ဖော်ပြတိုင်း ကျွန်တော်သည် ၁၃၀၀ ပြည့် အရေးတော်ပုံကို မှတ်တိုင် တစ်တိုင်အဖြစ် ခြယ်ရေးခဲ့သည်ကို မှတ်မိကြပေလိမ့်မည်။ ၁၃၀၀ ပြည့် အရေးတော်ပုံ၏ ထူးခြားချက်အဖြစ် ယဉ်ကျေးမှုသစ်ကဏ္ဍ သို့မဟုတ် ယဉ်ကျေးမှု တော်လှန်ရေးကဏ္ဍဟု ဖော်ပြခဲ့သည်။ ယင်းဝိသေသကို ဖော်ပြသည်မှာ အကြောင်းရှိသည်။

၁၃၀၀ ပြည့် အရေးတော်ပုံဆိုသည်မှာ ၁၉၃၈– ၃၉ ကာလက မြန်မာပြည်တစ်ဝန်းလုံး ရိုက်ခတ်ခဲ့သော အထွေထွေ သပိတ်ကြီးကို ခေါ်ခြင်း ဖြစ်သည်။ ၁၉၃၈– နှစ်လယ်လောက်ကတည်းက ရေနံမြေ အလုပ်



သမားတို့ သပိတ်မှောက်လျက်ရှိသည်။ ကျောင်းသား သမဂ္ဂက အလုပ်သမားသပိတ်ကို အားပေးထောက်ခံသည်။ မကြွေးတွင် ကျောင်းသားသမဂ္ဂ ခေါင်းဆောင်များကို ဖမ်းရာမှ စ၍ ကျောင်းသား သပိတ်ပြန့်ပွားလာသည်။ ရေနံမြေအလုပ်သမားတပ်ကြီး ရန်ကုန်သို့ ချီတက်လာသော အခါ ပဲခူးဘက်မှ လယ်သမားတပ်ကြီးကလည်း ချီတက်လာသည်။ အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ ပညာရှင် လူငယ်များသည် စည်းလုံးလက်တွဲကာ ညီညွတ်မိကြသည်။ ဤကား ထူးခြားချက်ပင်။

ထိုအခါက ကျွန်တော်တို့သည် ကျောင်းသားဘဝ။ စာသင်ခန်းတွင် မနေနိုင်ကြ။ အလုပ်သမား၊ လယ်သမားတို့နှင့် လက်တွဲရသည်။ ကျွန်တော်သည် ရေနံမြေသို့ ရောက်ခဲ့ရသည်။ ရေနံချောင်း၊ ချောက်မှအပြန် ညောင်ဦးသို့ ဝင်ရာ တရားဟောရင်း ပုဂံ၏ အံ့ဖွယ်ရာ ဗုဒ္ဓယဉ်ကျေးမှု အလှအပများကို ခံစားသိရှိခဲ့ရသည်။ ကျောင်းသားဆိုသည်မှာ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို သယ်ဆောင်ကာ ပြန့်ပွားစိုက်ပျိုးပေးသူ လူငယ်များ ဖြစ်ကြသည်။ အလုပ်သမား၊ လယ်သမားတို့နှင့် ပေါင်းစည်းညီညွတ်မိလျှင် နယ်ချဲ့စနစ်ကို ဖက်ပြိုင်ခြောက်ခြားစေနိုင်သော အင်အားသစ်ကြီး အဖြစ် ပေါ်ထွန်းလာမည်ဟူသော နိုင်ငံရေးအသိ ရရှိလာပေသည်။ ယင်း အင်အားဖြင့် နောင်အခါ လွတ်လပ်ရေးကို ရယူနိုင်ခဲ့သော အဆင့် တစ်ဆင့် ဖြစ်ခဲ့ပေသည်။ အလုပ်သမား၊ လယ်သမားနှင့် ကျောင်းသား၊ လူငယ်၊ ပညာရှင်တို့ ပေါင်းစည်းမိခြင်းမှ ယဉ်ကျေးမှုသစ် စိတ်ဓာတ်မွေးဖွားလာခဲ့ပေသည်။

စစ်ပြီးစတွင် ကျွန်တော်သည် စာပေဘက်ရောက်သွားသည်။ ကျောင်းသားသမဂ္ဂလုပ်ဖော်ကိုင်ဖက်များက သူတို့၏ ပါတီ၊ တပ်ပေါင်းစုများသို့ ခေါ်ကြသော်လည်း ငြင်းကာ တာရာမဂ္ဂဇင်း ထုတ်ဝေရန် စိုင်းပြင်းသည်။ ၁၉၄၆ ၌ တာရာမဂ္ဂဇင်းထုတ်ဖြစ်သည်။

ထိုကာလကား၊ လွတ်လပ်ရေး တိုက်ပွဲ အဟုန်မြင့်မားနေသော ကာလပေတည်း။

၁၃၀၀ ပြည့် အရေးတော်ပုံခေတ်ကာလက စ၍ ညီညွတ်ရေး အင်အားအရှိန်ရလာကာ၊ ဖက်ဆစ်တော်လှန်ရေးတို့ကို ဖြတ်သန်းပြီး အမျိုးသား လွတ်လပ်ရေးရလိုသော စိတ်ဓာတ်မှာ တစ်ပြည်လုံး အားမာန်တက်ကြွလျက် ရှိနေသည်။ လွတ်လပ်ရေး လူထုလှုပ်ရှားမှုကြီးမှာ လှိုင်းတံပိုး

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ခတ်ဆူဝေလျက် ရှိသည်။ ယင်းကာလ၌ ကျွန်တော်သည် တာရာ မဂ္ဂဇင်းကို ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။

စစ်အတွင်းခေတ်သည် အမှောင်ခေတ်ဟု ခံစားနေမိသည်။ ကျွန်တော်သည် စာတစ်ပုဒ်မျှ မရေးဖြစ်။ ရေးချင်စိတ်လည်း မရှိ။ ဗိုလ်အောင်ဆန်းက တိုက်တွန်း၍ 'အရေးတော်ပုံရာဇဝင်' ဟူသော သူတို့ ဂျပန်ပြည်သွားကြသော အကြောင်းကို မှတ်တမ်းပုံသဏ္ဍာန်ဖြင့် ရေးဖြစ်သည်။ ရဲဘော်သုံးကျိပ်ဝင်များနှင့် တွေ့ဆုံမေးမြန်းကာ ရေးရသည်။ တစ်ဝက်တစ်ပျက်မျှသာ ပြီးသေးသည်။ တော်လှန်ရေးကာလ နေရာ အပြောင်းအရွှေ့တွင် သခင်ဘဟိန်းလက်ထဲ၌ စာမူပျောက်သွားသည်။

မှောင်ရိပ်မှ လွတ်လာသော ကာလတွင် စာပေပန်းပွင့်များ ဖူးပွင့်စေချင်သည်။ အပွင့်သစ်၊ ရနံ့သစ်၊ မြေတောင်မြှောက်ရမည်။ ပေါင်းသင်ရမည်။ တာရာမဂ္ဂဇင်း အမှတ် (၁) တွင် လင်းအရုဏ်၊ ပြာမှဲ့မှဲ့ ကောင်းကင်ရောင်၌ ကြယ်ပွင့်များ တောက်ပနေစဉ်၊ အပျိုမလေးက ပန်းပင်စိုက်ပျိုးနေပုံ၊ အပင်အဟောင်း အငုတ်ထဲမှ အဖူးအဖွင့် လူးလွန့်ထွက်ပေါ်လာသော ပြန်လည် ဆန်းသစ်ရေးပုံ သရုပ်ဖော်ပန်းချီ မျက်နှာဖုံးကို ပန်းချီဆရာ ဦးဘကြည်အား ရေးဆွဲစေသည်။ ကျွန်တော်က စာပေသစ် သဘောကို တင်စားခြယ်ရေးလိုက်ခြင်း ဖြစ်သည်။ မဂ္ဂဇင်းတွင် စာပေ ဝေဖန်ရေးများ ထည့်သွင်းရသည်။ မြေတောင်မြှောက်ခြင်း၊ ပေါင်းသင်ခြင်း၊ မြက်ရှင်းခြင်းတို့သည် ဝေဖန်ခြင်း လုပ်ငန်းမျိုးပင် ဖြစ်သည် မဟုတ်လား။

(ဂ)

တကယ်ကတော့ ကျွန်တော်သည် ဝေဖန်ရေးကို ထက်သန်လှသူ မဟုတ်ပါ။ သို့သော် လုပ်ငန်းသဘောအရတော့ စိစစ်ခြင်း၊ ဝေဖန်ခြင်းများ မလွဲမရှောင်သာ လုပ်ရသည်။ အဖွဲ့အစည်းများ၏ အစည်းအဝေးများတွင် ကြေညာချက်တစ်ခုကို မူတည်၍ဖြစ်စေ၊ အဆိုတစ်ရပ်ကို မူတည်၍ ဖြစ်စေ၊ စဉ်းစားဆုံးဖြတ်ရသောအခါ စိစစ်ရသည်။ ဝေဖန်ရသည်။ မိမိတို့ အဖွဲ့အစည်းက ပြဋ္ဌာန်းထားသော ရည်ရွယ်ချက် သဘောတရားနှင့် ကိုက်ညီခြင်း ရှိ မရှိ ညှိနှိုင်းကြည့်ရန် စိစစ်ဝေဖန်ရခြင်း ဖြစ်သည်။ ရည်ရွယ်ချက်ရှိသော လုပ်ငန်းများတွင် ဝေဖန်ရေးသည် လိုအပ်သည်။



မောင်းနှင်ရေး အင်အား တစ်ရပ်ဖြစ်သည်။ နိုင်ငံရေး လှုပ်ရှားမှု သို့မဟုတ် စာပေလှုပ်ရှားမှုတို့တွင် ဝေဖန်ရေးသည် လက်နက်ကိရိယာသဖွယ် ဖြစ်သည်ကို တွေ့ရပေသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့တွင် ဆောင်ရွက်စဉ်အခါက စိစစ်ဝေဖန်ကြရခြင်းမှာ ပြဋ္ဌာန်းထားပြီးဖြစ်သော မူတို့နှင့် မကိုက်ညီသော ဆုံးဖြတ်ချက်ကိစ္စများတွင် အငြင်းပွားကြရသောကြောင့် ဖြစ်သည်။ ရည်ရွယ်ချက် သဘောတရား မူဝါဒများ ပါလာသော လုပ်ငန်းများတွင် ဝေဖန်ရေးသည် ပါလာရတတ်သည်။ ချမှတ်ထားသော မူကို ဗဟိုပြု၍ ဝေဖန်စိစစ်ရသည်မှာ လုပ်ငန်း သဘော ဖြစ်သည်။ ထို့ကြောင့်ပင်လျှင် ဦးတည်ချက် ခိုင်မာသော နိုင်ငံရေးပါတီတို့သည် ဝေဖန်ရေး၊ ကိုယ့်ကိုယ်ကို ဝေဖန်ရေးဟူသော စနစ်ကို ကျင့်သုံးကြခြင်း ဖြစ်သည်။ စာပေဝေဖန်ရေးသည်လည်း ယင်းသို့ ဦးတည်ချက်ကို ညှိနှိုင်းစံထား၍ စိစစ်ကြသည်။

ဦးတည်ချက်မရှိသော စာပေဝေဖန်ရေး ရှိသလော။ ရှိသည်သာ။ ဝေဖန်ရေးသက်သက် ဝေဖန်ရေးအတွက် ဝေဖန်ရေးဟု ခေါ်ကြသည်။ တစ်အုပ်ချင်း မိမိအကြိုက်ကို မူတည်၍ ဝေဖန်သော စာပေဝေဖန်ရေးမျိုး ဖြစ်သည်။ မည်သည့်ဝေဖန်ရေးပင်ဖြစ်စေ၊ စာပေရေစီးကြောင်း တစ်ခုခု သို့မဟုတ် စာပေ လှုပ်ရှားမှု တစ်ဘက်ဘက်သို့ကား ရောက်သွားနိုင်သည်။ ၁၉၃၁ ပတ်ဝန်းကျင် ခေတ်စမ်းစာပေပေါ်စက စာပေဝေဖန်ရေးများ ရှိခဲ့သည်။ ခေတ်စမ်းစာပေမှာ တစ်စုံတစ်ခုသော အတိုင်းအတာအထိ ရှေးဟောင်း ဂန္ထဝင်စာပေမှ လမ်းခွဲထွက်သည်ဖြစ်ရာ ရှေးဟောင်းစာပေ အယူအဆဘက်မှ ခေတ်စမ်းစာပေကို ဆန့်ကျင်ဝေဖန်ကြသည်။ ခေတ်စမ်းစာပေဘက်မှလည်း သိပ္ပံမောင်ဝ စသော သူတို့က ပြန်လည် ချေပကြသည်။ နှစ်ဘက်အားပြိုင်ကြခြင်း၊ ဝေဖန်ရေး လက်နက်ဖြင့် ဆင်နွှဲကြခြင်း ဖြစ်သည်။ အယူအဆဟောင်းနှင့် အယူအဆသစ်တို့ အားပြိုင်ကြရာတွင် ဝေဖန်ရေးလက်နက်ကို အသုံးပြုကြသည်။ အဟောင်းဘက်မှ အစဉ်အလာကို ထိန်းသိမ်းထားချင်ကြသည်။ အသစ်ကို လက်မခံချင်။ လူးလွန့်လာသော အသစ်သည် အားနည်းသည်၊ နုသေးသည်ဟု အဟောင်းဘက်မှ ထင်တတ်ကြစမြဲ ဖြစ်သည်။ မည်သည့်အရာမဆို ငယ်ရာမှ ကြီးရင့်ဖွံ့ဖြိုးလာရစမြဲ ဖြစ်သည်မှာ သဘာဝပင် ဖြစ်သည်။

ဝတ္ထု၊ ကဗျာ စသော ရသစာပေများကို ရေးဖွဲ့နေလျှင် ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်လည်း ဝေဖန်စာ ရေးဖြစ်ချင်မှ ရေးဖြစ်မည်။ မဂ္ဂဇင်းအယ်ဒီတာ လုပ်လိုက်သောအခါ မရေး၍ မဖြစ်တော့။ ဝေဖန်စာရေးသူက မရှိသလောက် နည်းနေသည်။ ဝေဖန်ရေးဆရာဆိုသော စကားလုံးသည်ပင် လျှင် သိပ်ကြားဖူး နားဝ မရှိသေး။ သည်တော့ မဂ္ဂဇင်းတွင် စာပေကဏ္ဍများ စုံလင်အောင် အခြားကဏ္ဍများ အပြင် ဝေဖန်စာကဏ္ဍကိုပါ တာဝန်ယူရေးရသည်။ သို့ဖြင့် ဝေဖန်စာရေးဖြစ်လာသည်။ ထိုအခါက စာပေဝေဖန်စာသာ မဟုတ်။ ဂီတ၊ ပန်းချီ၊ ပြဇာတ်၊ ရုပ်ရှင် စသော အခြား အနုပညာများကိုပါ ဝေဖန်စာများ ရေးဖြစ်ရတော့သည်။ အနုပညာဆိုသည်က ပညာတစ်ရပ်နှင့် တစ်ရပ် သဘောတရားချင်းက တူနေသည်။ ဆက်နွယ်နေသည်။ ခံစားမှုကလည်း တူနေသောကြောင့် ဖြစ်မည်။

ကျွန်တော်တို့က ယဉ်ကျေးမှုသစ်၊ စာပေသစ် စသည်ဖြင့် မဂ္ဂဇင်း၏ ဦးတည်ချက်အဖြစ် ဖော်ပြလိုက်သောအခါ အယူအဆဟောင်းများကို ထောက်ပြရသည်။ ယင်းသည် လုပ်ငန်းသဘောဖြစ်လာရသည်။ အဖွဲ့အစည်းတစ်ခုတွင် မိမိ၏ မူဝါဒနှင့် ကိုက်ညီအောင် စိစစ်ဝေဖန်ရသည့် သဘောမျိုး ဖြစ်လာခြင်း ဖြစ်သည်။ မဂ္ဂဇင်းတွင် အယူအဆဟောင်းတို့ကိုသာ ဝေဖန်ရသည် မဟုတ်သေး။ မိမိတို့၏ အယူအဆ သဘောတရားများကိုလည်း တစ်ဘက်က တင်ပြသော လုပ်ငန်းပါ ပါလာသည်။

၁၉၄၇ လောက်က စ၍၊ စာအုပ် တစ်အုပ်ချင်း မိမိကြိုက်ရာကို ရွေးကာ စာပေဝေဖန်စာများ ရေးသည်။ ကျွန်တော် တစ်ယောက်တည်းလိုပင် ရေးခဲ့ရသည်။ ဝတ္ထု၊ ကဗျာများသာ အယ်ဒီတာ စားပွဲသို့ ပို့ကြသည်က များသည်။ ဝေဖန်စာ မပို့ကြပေ။ ၁၉၄၈၊ ၄၉၊ ၅၀ တွင် ပိုရေးဖြစ်သည်။ ထိုနှစ်ကာလများကား စာပေသဘောတရားများ အနုပညာအယူအဆများ၊ အငြင်းပွားမှု ဂယက်ထနေသော ကာလဖြစ်သည်။ တိုင်းပြည်တွင်လည်း ဒီမိုကရေစီတော်လှန်ရေး လှုပ်ရှားမှု လှိုင်းထနေသော ခေတ်ကာလများ ဖြစ်သည်။ ယင်း လှုပ်ရှားမှုများသည် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှု၏ အဆင့်များ ဖြစ်ကြသည်ဟု ဆိုရပေမည်။ ဆက်လက်၍ ကျွန်တော်၏ စာပေဝေဖန်ရေး အတွေ့အကြုံကို လက်ရင်းထား၍ ဖော်ပြသွားပါမည်။

မကြာသေးမီက လန်ဒန်တက္ကသိုလ် အရှေ့တိုင်း လေ့လာရေးဌာနမှ မြန်မာစာပေ လေ့လာနေသော ကထိကတစ်ယောက်က 'ရှင်ပြော



နေတဲ့ စာပေသစ်ဟာ အောင်မြင်ပါသလား' ဟု မေးလိုက်သည်။ လွန်ခဲ့သော ၃၅ နှစ်က စာပေသစ်ဟု ပြောခဲ့ခြင်း ဖြစ်သည်။ သူမသည် ရုရှားဘာသာ၊ ချက်ဘာသာများ တတ်သူဖြစ်သည်။ ကျွန်တော်၏ စာပေရေးရာနှင့်ပတ်သက်သော ဆောင်းပါးများကို ဖတ်ဖူးထားသူ ဖြစ်သည်ဟု သိရသည်။

ကျွန်တော်သည် ခဏမျှ စဉ်းစားပြီးမှ 'ကျွန်တော် ရည်မှန်းသလောက်တော့ အောင်မြင်မှု မရသေးဘူးလို့ ထင်ပါတယ်' ဟု ဖြေလိုက်မိသည်။ 'အောင်မြင်မှု ရှိပါတယ်' ဟု ကျွန်တော်၏ ခံစားမှုကို ပြောပြလိုက်သည်။

တကယ်တော့လည်း ၃၅ နှစ် မျိုးဆက် ၂ ဆက်နီးပါး နှစ်ကာလများကို တခဏအတွင်း ပြန်လည် သုံးသပ်ရန် လွယ်မည် မထင်ပါ။ သို့သော် စာပေဝေဖန်ရေး အတွေ့အကြုံကို ဖော်ပြရင်း ခေတ်ပြိုင်စာပေစာတမ်းသဖွယ် ခံစားလာမည်ဟု ထင်မိပေသည်။

[ရှုမဝမဂ္ဂဇင်း၊ မေလ၊ ၁၉၈၁]

www.burmeseclassic.com

www.burmeseclassic.com

## ခေတ်ပြိုင်လှုပ်ရှားမှုနှင့် စာပေဝေဖန်ရေး

## (က)

ပထမဦးဆုံး မာ့က်ဝါဒ (Marxism) ဟူသော စကားလုံး အဓိပ္ပာယ်ကို ရှင်းမှ ဖြစ်မည်ဟု ခံစားမိသည်။ မရှင်း၍ မဖြစ်။ အထူးသဖြင့် စာပေ၊ အနုပညာနှင့် ပတ်သက်၍ ပြောရဆိုရလျှင် ရှင်းလင်းထားမှ ဖြစ်မည်။ ပြောမှာ စာပေဝေဖန်ရေးအကြောင်း။ မာ့က်စ်ဝါဒဆိုသည်က နိုင်ငံရေး ဝေါဟာရ။ မာ့က်စ်ဝါဒဟု အများက သိထားကြသော သူများ၏ လက်တွေ့ လုပ်ရပ်တို့ကို ကြုံတွေ့ခံစားကာ မာ့က်စ်ဝါဒဆိုသည်ကား သည်လိုပါကလားဟု နားလည်ထားကြမည်။ စာဖတ်သူများထဲတွင် နိုင်ငံရေး နားလည်သူ ရှိမည်။ နိုင်ငံရေး နားမလည်သူ ရှိမည်။ အနုပညာခံစားမှု သက်သက်လည်း ရှိကြမည်။ ယင်းသို့ အမျိုးမျိုးသော စာဖတ်သူများ ရှင်းမှ ကျွန်တော်၏ စာပေ ဝေဖန်ရေးအကြောင်းသည် သမိုင်းကြောင်း ခင်းရာတွင် ရှင်းရှင်းလင်းလင်း သိမြင်နိုင်ကြမည် ဖြစ်ပေသည်။ သို့မဟုတ်လျှင် သူတို့ သိနှင့်ထားပြီးသား ရုပ်ပုံတို့နှင့် ရောထွေးကုန်မည်။

ကားလ်မာ့က်ဟူသော ဂျာမနီ အဘိဓမ္မာဆရာကြီး ကွယ်လွန်သည်မှာ အနှစ်တစ်ရာပြည့်ဖို့ ၂ နှစ်သာ လိုတော့သည်။ သူ၏ အယူအဆ အတွေးအခေါ်ကို မာ့က်စ်ဝါဒဟု နာမည်ပေးထားခြင်း ဖြစ်သည်။ ယင်း မာ့က်စ်၏ အယူအဆ အတွေးအခေါ်ကို ယုံကြည်လက်ခံသူကို မာ့က်စ်ဝါဒီဟု ခေါ်ကြသည်။ မာ့က်စ်သည် ဆိုရှယ်လစ်စီးပွားရေး စနစ်ပိုင်း အဘိဓမ္မာပိုင်းဆိုင်ရာ ကျမ်းများ ပြုစုခဲ့သူ ဖြစ်သည်။ နိုင်ငံရေး၊ တော်လှန်ရေးနှင့် ပတ်သက်၍ကား သူနှင့် အိန်ဂျယ်တို့ တွဲဖက်ရေးသား ပြုစုသော 'ကွန်မြူ

www.burmeseclassic.com



နှစ်ပါတီ ကြေညာစာတမ်း' (၁၈၄၈) တွင် ဖော်ပြထားသည်။ သူ့လက်ထက်က အရင်းရှင် စီးပွားရေးစနစ်ကို ဂဃနဏ ဆန်းစစ်ဝေဖန်ထားသော 'အရင်းကျမ်း' ကြီးမှာ ကမ္ဘာကျော်သွားခဲ့သည်။ သူသည် ပညာရှင် ဖြစ်သည်။ နိုင်ငံရေးဘောဂဗေဒပညာရှင် ဖြစ်သည်။ သတင်းစာ အယ်ဒီတာလုပ်သည်။ ဥရောပ တစ်ခွင် လှည့်လည်ကာ ဆိုရှယ်လစ်ဝါဒ ပြန့်ပွားရေးအတွက် စည်းရုံးဆောင်ရွက်သည်။ ကားလ်မာ့က်မှာ 'တော်လှန်ရေး အတွေးအခေါ်ရှင်' ဖြစ်သဖြင့် ဘယ်နိုင်ငံကမျှ သူ့ကို လက်မခံ။ သူသည် 'နိုင်ငံတကာ အလုပ်သမား အဖွဲ့'ကိုလည်း တည်ထောင်သည်။ တစ်ဖက်ကလည်း တစ်သက်တာပတ်လုံး စီးပွားရေးစနစ်ဆိုင်ရာ၊ အတွေးအခေါ်ဆိုင်ရာ လူမှုသိပ္ပံကျမ်းကြီးများစွာ ပြုစုရေးသားလာခဲ့သည်။

ကျွန်တော်ကတော့ မာ့က်စ်ကို ထူးခြားသော ပညာရှင်ကြီး တစ်ဦးဟု မြင်နေမိသည်။ ဝေဖန်စိစစ် ဉာဏ်အားကောင်းသော ပညာရှင်။ သူ့တွင် နိုင်ငံတကာ အဖိနှိပ်ခံ ပြည်သူများကို လှုံ့ဆော်နိုင်သော နိုင်ငံရေးဆောင်ရွက်မှု ရှိသော်လည်း သူ့ကို နိုင်ငံရေးသမားဟု မမြင်။ နိုင်ငံရေးသမားဟု မြင်လိုလျှင်လည်း အများ ယေဘုယျ နားလည်နေသော 'နိုင်ငံရေးသမား' မျိုး မဟုတ်ဟု ထင်သည် တစ်မူထူးခြား ဂုဏ်ပုဒ်ရှိသော နိုင်ငံရေးသမားကြီးသာ ဖြစ်ပေလိမ့်မည်။ သူ၏ အတွေးအခေါ် အယူအဆကား ကမ္ဘာအနှံ့အပြားတွင် ပျံ့နှံ့လျက် ရှိသည်မှာ ယနေ့ရာစုနှစ်ရှိပြီ။ သူ့ကိုယ်တိုင်ကား နိုင်ငံရေး အာဏာ ရယူကာ ဆိုရှယ်လစ်စနစ်တည်ထောင်ခွင့် ရခဲ့သည်မဟုတ်။ သို့သော် သူ၏ အလုပ်သမား စည်းရုံးရေးဗေဒသည်ကား ရှင်သန်နေဆဲဟု ဆိုရပေမည်။ မာ့က်ဝါဒကို နိုင်ငံရေးဒဿနဗေဒအဖြစ် စိစစ်ဝေဖန်သူမှာ နည်းသေးသည်။ သူ၏ မာ့က်စ်ဝါဒကို အခြေခံ၍ လက်တွေ့လုပ်ဆောင်ကြသူများဖြစ်သော လီနင်၊ စတာလင်၊ မော်တို့အား ဝေဖန်မှုကား ရှိသည်။ နိုင်ငံရေးဝါဒ တစ်ရပ်ကို လက်တွေ့လုပ်ဆောင်ကြရာတွင် မှားသည် မှန်သည်ဆိုသည်ကား ပြည်သူ တို့၏ ခံစားမှု အသိဖြင့် သိကြသည်။ လက်တွေ့လုပ်သော ခေါင်းဆောင်များကား အမှားနှင့် ကင်းမည် မဟုတ်ပေ။ သို့သော် ပြည်သူတွေ ဒုက္ခရောက်အောင် မှားလျှင်ကား အမှားကြီးဖြစ်၍ ခွင့်လွှတ်ရမည် မဟုတ်ပေ။ မာ့က်စ်သည် သဘောတရားများကို ဖော်ပြသူ ပညာရှင် ဖြစ်သည်။ လီနင်၊ စတာလင်၊ မော်တို့သည် မာ့က်စ်သဘောတရားအတိုင်း လက်တွေ့



ရုပ်လုံး ဖော်ကြသည်။ သူတို့သည် သူတို့၏ လက်တွေ့များကို အခြေခံကာ သဘောတရားလည်း ထုတ်ကာ ဖော်ပြကြသူများ ဖြစ်ကြသည်။ မာ့က်စ်က ဆိုရှယ်လစ်လမ်းကို ညွှန်ပြသည်။ သူတို့က ကိုယ်တိုင် ခြေလှမ်းကာ ပြည်သူကို ခေါင်းဆောင်ကာ ချီတက်သွားကြသူများ ဖြစ်သည်။ သူတို့ ခြေလှမ်းမှားလျှင် မာ့က်စ်၏ အမှား မဟုတ်နိုင်ပေ။ မာ့က်စ်ပြဿနာ မဟုတ်ပေ။ ထို့နောက် ခေတ်လုပ်ဆောင်သူများ၏ ပြဿနာသာ ဖြစ်နိုင်သည်။

မာ့က်စ်ဝါဒကော ပြဿနာ မရှိသလော။ မရှိဟု မပြောနိုင်ပေ။ ကျွန်တော်သည် ကျောင်းသားဘဝ၊ ၁၉၃၈ လောက်ကစ၍ မာ့က်စ်ဝါဒ စာအုပ်များကို ဖတ်ရှုခဲ့သည်။ သို့သော် စာအုပ်အားလုံးကုန် ဖတ်သူကား မဟုတ်ပေ။ ကျွန်တော် စိတ်ဝင်စားရာ၊ ကျွန်တော် လေ့လာနေသော ဘာသာရပ်ဆိုင်ရာများကိုသာ ရွေးကောက်၍ ဖတ်ရှုလေ့လာခြင်းသာ ဖြစ်ရာ မာ့က်စ်ဝါဒကို ခြုံငုံ၍ စိစစ်ဝေဖန်ရန် အားမရှိပေ။ ပညာရှင်များက ပညာရပ်အနေဖြင့် မာ့က်စ် အရေးအသားများကို ဝေဖန်သည်ကိုကား ဖတ်ဖူးပေသည်။

(ခ)

မာ့က်စ်ဝါဒကို စာဖတ်စက နိုင်ငံရေးရာ၊ သမိုင်းရေးရာ၊ အတွေးအခေါ်ရေးရာများကို စိတ်ဝင်စားသည်။ ကျောင်းသားဘဝက ခံစားနေရသော စိတ်၊ တစ်နည်းဆိုရသော် အင်္ဂလိပ် ကိုလိုနီဘဝမှ လွတ်မြောက်ချင်သော စိတ်ဓာတ်ဖြင့် ဖတ်ခြင်း ဖြစ်သည်။ တစ်ဖက်ကလည်း စာပေ၊ အနုပညာ ခံစားသော စိတ်က ရှိနေသည်။ ယင်းသို့ နိုင်ငံရေးနှင့် စာပေ၊ အနုပညာ ခံစားမှုတို့ မည်သည်က ပို၍ ထက်သန်သည်ကို မဝေခွဲနိုင်သော ကျောင်းသားအရွယ်တွင် မာ့က်စ်ဝါဒနှင့် သိကျွမ်းမိခြင်း ဖြစ်သည်။ မိမိ တွေ့ကြုံနေရသော ခေတ်ပြိုင်နိုင်ငံရေး လှုပ်ရှားမှု (ကိုလိုနီ ဆန့်ကျင်ရေး လူထုလှုပ်ရှားမှု) ကလည်း မာ့က်စ်ဝါဒနှင့် သက်ဆိုင်နေသည်။ ကျွန်တော် လက်ငင်း ဖွဲ့နွဲ့ရေးသားနေသော ကဗျာနှင့် စကားပြေ ဆိုသည်ကလည်း သမိုင်းရေး၊ အတွေးအခေါ်ရေးတို့ကို စိစစ်သုံးသပ်ထားသော လောကအမြင်ပါရှိသည့် မာ့က်စ်ဝါဒနှင့် သက်ဆိုင်နေပြန်သည်။ သည်တော့ အသစ်ကို ရှာဖွေနေသော ကျွန်တော့်လို ကျောင်းသားလေး တစ်ယောက်အား မာ့က်စ်

www.burmeseclassic.com

www.burmeseclassic.com



အရေးအသားများက ဆွဲဆောင်နိုင်သည် ဆိုသည်မှာ မဆန်းပေ။ သည်အထဲ သခင်ဗဟိန်း၊ သခင်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်တင်မောင်စသော မာ့က်စ်ဝါဒ လေ့လာသူများနှင့် ခင်မင်မိလေသောအခါ မာ့က်စ်ဝါဒ လေ့လာမှုမှာ ပို၍ ထက်သန်လာအောင် လုပ်ပေးသကဲ့သို့ ရှိသည်ဟု ထင်ပေသည်။ ကိုဗဟိန်းသည် ထွန်းအေး စာအုပ် ဖြန့်ချိထုတ်ဝေရေးအတွက် 'ဓနရှင်လောက' စာအုပ် ရေးသားပြုစုနေသောအခါ ကျွန်တော် သူ့ဆီတွင် ရှိသည်။ တချို့သော ဝေါဟာရ စကားလုံးများမှာ ကျွန်တော်တို့ နှစ်ယောက် တိုင်ပင်ရင်း ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ကိုဗဟိန်းသည် စကားလုံးထွင်၍ သုံးချင်သူ ဖြစ်သည်။ ကျွန်တော် မှတ်မိသလောက် 'ကုန်ထုတ်စွမ်းအားစု' ဟူသော ဝေါဟာရသည် နှစ်ယောက်သား ငြင်းရင်း ခုန်ရင်း ထွက်ပေါ်လာသည်ဟု ထင်သည်။ စွမ်းအားစုနှင့် အင်အားစု နှစ်ယောက် ငြင်းကြရသည်။ သူက ကျွန်တော့်ထက် နိုင်ငံရေးစိတ် ပြင်းပြသူ ဖြစ်၍ နိုင်ငံရေး စာအုပ်ကောင်းများ လုလုပပ ရေးနိုင်သူ ဖြစ်လာသည်။

ယင်းသို့သော နိုင်ငံရေး အသိုင်းအဝိုင်းရှိသော်လည်း တစ်ဖက်က စာပေ၊ အနုပညာအသိုင်းအဝိုင်းကလည်း ရှိသည်။ မာ့က်စ်ဝါဒ တစ်ခုတည်း မဟုတ်။ ကဗျာ၊ ဝတ္ထု၊ ပန်းပွင့်၊ အလှ၊ ဂီတ၊ ပန်းချီစသည်တို့ကိုလည်း ကျွန်တော်က စိတ်ဝင်စားသည်။ ကျွန်တော် အဆောင်မှ မြို့ထဲသွားလျှင် လက်ဝဲသမားများ စုဝေးရာ နဂါးနီ စာအုပ်တိုက်ကိုသာ မဟုတ်၊ ဒဂုန်မဂ္ဂဇင်း အယ်ဒီတာ စကားဝိုင်းသို့လည်း မရောက်ဘဲ မနေနိုင်ပေ။

မိတ်ဆွေတစ်ယောက်က ကျွန်တော့်အား မာ့က်စ်ဝါဒကို ယုံကြည်သလားဟု မေးဖူးသည်။ ကျွန်တော် မည်သို့ ဖြေရမည်လဲ။ လောကတွင် ကျွန်တော် အကြွင်းမဲ့ ယုံကြည်တာ မရှိပေ။ မည်သည့်အရာမဆို အတိုင်းအတာ ဆိုသည်က ရှိစမြဲ။ အားလုံးကို အကုန်အစင် မသိနိုင်။ ကျွန်တော်သည် အမှန်တရားကို ရှာဖွေချင်သည်။ သိချင်သည်။ ဒါလောက်ပါပဲ။ စာပေ၊ အနုပညာလုပ်ငန်းမှာ အမှန်တရားနှင့် သက်ဆိုင်သည်။ စာပေ၊ အနုပညာ ခံစားမှုက မဲတင်းပေးလိုက်သဖြင့် ကျွန်တော်သည် နိုင်ငံရေးသမား ဖြစ်မသွားခြင်းဖြစ်မည်ဟု နောင်အခါ မိမိကိုယ်ကို သုံးသပ်မိသည်။

မာ့က်စ်ဝါဒီများက ဆိုရှယ်လစ်စနစ် တည်ထောင်လာကြသည်မှာ ရာစုနှစ် တစ်ဝက်ပင် ကျော်လာပေပြီ။ ဒုတိယကမ္ဘာစစ် ပြီးသောအခါ တိုးပွားလာသည်။ အနောက်ဘက်ကော၊ အရှေ့ဘက်ကောပင်။ သို့သော်



ယခုအခါ ပုံပန်းများ၊ ရုပ်လုံးဖော်ပုံလုပ်ဆောင်ချက်များ ကွဲပြားလျက်ရှိကြသည်ကို တွေ့ရပေမည်။ ယင်းသည် သဘာဝကျပေသည်။ မာ့က်စ်ဝါဒသည် တရားသေ မဟုတ်ဟု ဆိုထားရာ ပုံပန်းအမျိုးမျိုး ဖြစ်ရမည်မှာ မာ့က်စ်အမြင်နှင့် ကိုက်ညီသည်ဟုပင် ဖြေရပေမည်။ မိမိတို့၏ အမျိုးသား အခြေအနေအလိုက် ပုံပန်းများလည်း ခြားနားမည် ဖြစ်ပေသည်။ ပြည်သူတို့၏ အကျိုးစီးပွားနှင့် အကိုက်ညီဆုံးသည်သာ အကောင်းဆုံးစနစ် ဖြစ်ရပေမည်။ ယင်းသည်သာ မာ့က်စ်ဝါဒ၏ လုပ်ဆောင်ချက် ဖြစ်မည်ဟု တွေးခဲ့ပေသည်။

## (၈)

မာ့က်စ်ဝါဒနှင့် စာပေအနုပညာ ဘယ်လို သက်ဆိုင်သလဲ။

မာ့က်စ်၏ ရေးသားချက်များအနက် စီးပွားရေး စနစ်သည် စာပေအနုပညာနှင့် မည်သို့ ဆက်သွယ်နေသည့်အကြောင်း ဖော်ပြသည်ကို စိတ်ဝင်စားမိသည်။ စီးပွားရေးစနစ်သည် အခြေခံက ပင်စည်ပင်မ။ စာပေ အနုပညာ၊ နိုင်ငံရေး၊ အဘိဓမ္မာ စသည်တို့သည် အကိုင်းအခက် ဟူသော သဘောတရား၊ စဉ်းစားစရာပါသည်။ စဖတ်ခါစကမူ စာလုံး အဓိပ္ပာယ်သာ နားလည်မိသည်။ ထိုအခါက အတွေ့အကြုံကလည်း နည်းသေးသည် မဟုတ်လား။ အတွေ့အကြုံနှင့် ဟပ်၍ ကောင်းစွာ အဓိပ္ပာယ် မကောက်တတ်သေး။ ၁၉၃၈–၃၉၊ ၁၃၀၀ ပြည့် အရေးတော်ပုံ ဟူသော သမိုင်း အတွေ့အကြုံကို ရရှိပြီးသောအခါ စာလုံးများ၏ အဓိပ္ပာယ်ကို မိမိအတွေ့အကြုံနှင့် ဟပ်ကာ တွေးတောလာသည်။ တွေး၍ ရသလောက် နားလည် သိရှိလာသည်ဟု ဆိုရပေမည်။

၁၉၃၉–၄၀ လောက်အတွင်းတွင် ကျွန်တော်သည် 'တို့ရေနံ' ဟူသော ဝတ္ထုတစ်ပုဒ်ရေးဖူးသည်။ ရေနံမြေ သပိတ်မှောက် အလုပ်သမားအကြောင်း ဖွဲ့ထားသော ဝတ္ထုတိုကလေး ဖြစ်သည်။ ၁၃၀၀ ပြည့်အရေးတော်ပုံ ကာလက ချောက်ရေနံမြေသို့ တရားဟောရောက်ရင်း အလုပ်သမားတန်းလျားကို လည်ပတ်ရာမှ ခံစားမှုကလေး ရသည်ကို ဇာတ်လမ်းဖွဲ့ကာ ရေးမိခြင်း ဖြစ်သည်။ ကျွန်တော်၏ နိုင်ငံရေး အတွေ့အကြုံထဲမှ ပေါက်ဖွားလာသော စာပေ၊ အနုပညာတစ်ခု၊ တစ်နည်းဆိုရသော် နိုင်ငံရေး ဆိုသည်မှာ အခြားမဟုတ်။ ကိုလိုနီဆန့်ကျင်ရေး (နယ်ချဲ့ဆန့်ကျင်

www.burmeseclassic.com

www.burmeseclassic.com



ရေး) လှုထု လှုပ်ရှားမှုပင် ဖြစ်သည်။ ထို ၁၃၀၀ ပြည့် အရေးတော်ပုံခေတ်က ကြွေးကြော်သံတစ်ခုမှာ ‘ဓနရှင်အစိုးရကျဆုံးပါစေ’ ဖြစ်သည်။ ဓနရှင်အစိုးရဟူသည်မှာ ဓနရှင် စီးပွားရေးစနစ်ကို ဆိုလိုခြင်း ဖြစ်သည်။ ထိုအခါက အရင်းရှင် စနစ်ကို ဆိုလိုခြင်း ဖြစ်သည်။ ထိုအခါက အရင်းရှင်စနစ်ဟူသော ဝေါဟာရ မပီသသေး။ မာ့က်စ်ဖော်ပြသည်မှာ ‘ရုပ်ဝတ္ထုပစ္စည်း ကုန်ထုတ်လုပ်မှုစနစ်သည် လူမှုရေး၊ နိုင်ငံရေး၊ အတွေးအခေါ်၊ စိတ်ကူးဉာဏ်ရေးဆိုင်ရာ ဘဝဖြစ်စဉ်တို့ကို ဖန်တီးပေသည်’ ဟူ၏။ ရုပ်ဝတ္ထုပစ္စည်း ကုန်ထုတ်လုပ်မှုစနစ် ဆိုသည်မှာ စီးပွားရေးစနစ်၏ အတွေးအခေါ်၊ စိတ်ကူးဉာဏ်ဆိုသည်မှာ စာပေ၊ အနုပညာတို့ကို ဆိုလိုခြင်း ဖြစ်သည်။ မာ့က်စ်စကားဖြင့် ဖော်ပြထားခြင်း ဖြစ်သည်။ ထိုအခါကတော့ ယခု ရှင်းလင်းဖော်ပြသကဲ့သို့ နားလည်လှသေးသည် မဟုတ်။ စိတ်ထဲက ခံစားရာ ဝတ္ထုရေးဖွဲ့လိုက်ခြင်း ဖြစ်သည်။ ရေနံမြေ အလုပ်သမား တန်းလျားသို့ ရောက်ဖူးရာမှ အနုပညာခံစားမှု ရရှိခြင်း ဖြစ်သည်။ နောင်အခါ ပြန်လည် သုံးသပ်ရင်း တွေ့ရှိချက် ဖြစ်သည်။

ယင်း ၁၉၃၈–၄၀ ကာလ ကျောင်းသားဘဝက မာ့က်စ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ စာအုပ်များ ဖတ်နေစဉ် ဝေဖန်ရေးဆန်သော ဆောင်းပါး ၃ ပုဒ် ရေးဖြစ်သည်။ ဘုံဝါဒနှင့် စစ်မက်ရေး (ဒဂုန်မဂ္ဂဇင်း၊ ၁၉၃၈–အောက်တိုဘာ)၊ ကမ္ဘာ့စာပေနှင့် မြန်မာ့ဂန္ထဝင် (၁၉၄၀)၊ စာပေတော်လှန်မှုတို့ ဖြစ်ကြသည်။ ဘုံဝါဒနှင့် စစ်မက်ရေးမှာ လီနင်၏ ‘ဆိုရှယ်လစ်ဝါဒနှင့်စစ်’ ဟူသော စာအုပ်ကလေးကို ဖတ်ပြီးနောက် မိမိနားလည်သလို ပြန်လည် ဖော်ပြထားသော ဆောင်းပါးဖြစ်သည်။ ကမ္ဘာ့စာပေနှင့် မြန်မာ့ဂန္ထဝင်၊ စာပေတော်လှန်မှု ဆောင်းပါး ၂ ပုဒ်မှာ စာပေဝေဖန်ရေးဆောင်းပါး ဖြစ်သည်။

ယင်း ၁၉၃၈ ပတ်ဝန်းကျင်ခေတ်ကာလက ကျွန်တော်၌ စာပေဘဝ အတွေ့အကြုံ အနည်းငယ်မျှလောက်တော့ ရှိပြီဟု ဆိုရပေမည်။ မတောက်တခေါက် ရေးစပြုပြီ။ ကဗျာ၊ စကားပြေ ၂ မျိုး ရေးလာပြီ။ ၁၉၃၄ က ကျွန်တော်၏ ရှေးဟောင်း ဂန္ထဝင်ဟန် ရတုပိုဒ်စုံ ဒဂုန်မဂ္ဂဇင်း၌ ပါလာခဲ့ပြီ။ ဟုတ်ဟုတ်ငြားငြားတော့ ဟုတ်မည် မထင်။ ထက်သန်စအရွယ်ဖြစ်သည့်အတိုင်း စိတ်ကူးပေါ်၍ ရေးဖွဲ့နေခြင်း ဖြစ်မည်။ စာကတော့ အစုံဖတ်နေပြီ။ ရှေးဟောင်းကော၊ ခေတ်ပေါ်ပါ အပါအဝင်။ အင်္ဂလိပ်



စာပေလည်း ထို့အတူ။

ယင်းသို့ နုနယ်ငယ်ရွယ်သေးသော စာပေ၊ အနုပညာ အတွေ့အကြုံဖြင့် ကြီးကျယ်သော အကြောင်းအရာကို သွား၍ ကိုင်တွယ်လိုက်သည်။ ကမ္ဘာ့စာပေ၊ မြန်မာ့ဂန္ထဝင်၊ စာပေတော်လှန်မှုတဲ့။ ထိုအခါကတော့ ခပ်ရဲရဲပင် ရေးချလိုက်သည်။ အတွေ့အကြုံနှင့် စာအုပ်မမျှ၍လော။ သို့မဟုတ် နိုင်ငံရေး စိတ်က တက်ကြွနေ၍လော။ ပြန်လည်သုံးသပ်ကြည့်ရပေမည်။

[ရှုမဝရုပ်စုံမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၈၁။]

www.burmeseclassic.com

www.burmeseclassic.com

## သမိုင်းအတွေ့အကြုံနှင့် စာပေဝေဖန်ရေး

### (က)

၁၉၄၁ ဒီဇင်ဘာလ၊ ဒုတိယကမ္ဘာစစ်သည် အာရှဘက်ကူးလာသောအခါ
မှ စ၍ စစ်ကို ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့ကြုံရတော့သည်။
၁၉၃၈ လောက်က စ၍ ဆိုရှယ်လစ်ဝါဒ၊ မတ်ဝါဒစာအုပ်များကအစ
နိုင်ငံရေး သဘောတရား စာအုပ်များ ဖတ်ရှုလေ့လာခဲ့ရာ စစ်အကြောင်းကို
စာအုပ်များမှသာ သိရှိခဲ့ရသည်။ ၁၉၃၈ က 'ဘုံဝါဒနှင့် စစ်မက်ရေး'
ဆောင်းပါး ရေးခဲ့သည်။ ၁၉၃၉ က စ၍ ဥရောပတွင် စစ်ကြီးစဖြစ်နေ
ပြီ။ သတင်းစာများတွင်သာ စစ်သတင်းဖတ်ခဲ့ကြရသည်။

ယင်း ၁၉၄၁ ဒီဇင်ဘာလဆန်းက ကျွန်တော်သည် မိတ်ဆွေ
များနှင့် ကျိုက်ထီးရိုးသွားသည်။ လပြည့်ရက်ပိုင်းဖြစ်၍ လက ဝင်းပ
နေသည်။ ကျွန်တော်တို့ ညဘက်ထွက်သော မော်လမြိုင်ရထားဖြင့် လိုက်
ပါခဲ့ကြခြင်း ဖြစ်သည်။ လသာသာတွင် စစ်တောင်းတံတားကို ဖြတ်
သည်ကို အမှတ်ရနေသည်။ ကုန်တွဲရထားများကို ရပ်စောင့်နေရသည်။
ကုန်တွဲများမှာ ဘာမီးမှ ထွန်းမထား၊ အလုံလည်း ပိတ်ထားသည်။ ...
တော့ တစ်ခုခုပဲဟု သိနေရသည်။ လက်နက်များလား။ လူမသိစေချင်သော
ကိစ္စပင် ဖြစ်မည်။ စစ်ရိပ်စစ်ငွေ့ သဘောဟု မှတ်လိုက်သည်။

ကျိုက်ထိုသို့ မနက် ၂ နာရီ ရောက်သည်။ ကျိုက်ထီးရိုးမှနေ၍
ပတ်ဝန်းကျင်ရှိ တောင်များသို့လည်း သွားကြသည်။

ကျိုက်ထီးရိုးမှ ပြန်ရောက်သည့် ...ပင် ဂျပန်က ပုလဲဆိပ်
ကမ်း ဗုံးကြဲ တိုက်ခိုက်သော သတင်း ရေဒီယိုမှ ကြားရသည်။ ကျွန်တော်

www.burmeseclassic.com



သည် ဆူးလေဘုရားလမ်းထောင့်ရှိ ကွန်တီနင်တယ်တွင် ကော်ဖီသောက်နေခိုက် ဖြစ်သည်။ သတင်းက ချက်ချင်း ပြန့်ပြီး လှုပ်လှုပ်ရှရှ ဖြစ်သွားသည်။ လမ်းသွားလမ်းလာများသည် စစ်ဖြစ်ပြီ ဖြစ်ကြောင်း နှုတ်မှ တရှရှ ပြောဆိုနေကြလေပြီ။ ထိုညနေ 'အိမ်မှ အမြန်ပြန်လာပါ' ဟူသော သံကြိုးစာရသည်။ သဆော်မှာ ကျပ်ခဲနေတော့သည်။ ဒီဇင်ဘာ ၂၃ ရက် ရန်ကုန်သို့ ပထမဆုံး ဗုံးကြဲသည့် နေ့က ကျွန်တော်မှာ မြို့၏ တစ်ဘက်ကမ်းရှိ ခြံထဲတွင် ရှိနေသည်။ တဝုန်းဝုန်း ဗုံးချသံကို ကြားနေရသည်။ သည်က စ၍ စစ်၏ အနိဋ္ဌာရုံကို တွေ့ကြုံခဲ့ရတော့သည်။ သည်ကစ၍ မတည်ငြိမ်မှုကို ခံစားလာလိုက်ရသည်မှာ ပြီး မပြီးနိုင်တော့။ ထိုအခါက စ၍ စစ်နှင့် ဆန့်ကျင်ဘက်ဖြစ်သော ငြိမ်းချမ်းရေးဟူသော ခံစားမှုသည် ကျွန်တော်၏ ရင်ထဲတွင် ကိန်းအောင်းအမြစ်တွယ်ခဲ့တော့သည်။ စာအုပ်ထဲမှရသော အသိနှင့်မတူ၊ ကိုယ်တွေ့မှ ရရှိသော အသိ။ သမိုင်း အတွေ့အကြုံမှ ရရှိသော အသိ။

(ခ)

စာအုပ်နှင့် ကိုယ်တိုင် ထိတွေ့ရသော အတွေ့အကြုံ မည်သို့ ဆက်စပ်သနည်း။ စစ်ကြီးအစမှပင် သိရှိလာသည်ဟု ဆိုရပေမည်။ သည့်အရင်ကမူ စာအုပ်များ ဖတ်ရင်း စာလုံးများကို ယုံကြည်ခဲ့သည်။ နိုင်ငံရေးသဘောတရားရေးရာများ ဖတ်ကာ ဖက်ဆစ်စနစ် ဆိုးဝါးပုံကို သိရှိနေခဲ့ရာ ဂျပန်ခေတ် ရောက်သောအခါ ကိုယ်တိုင် တွေ့ကြုံခံစားရသဖြင့် ကိုယ်တွေ့ သိရှိလာသည်။

ကျွန်တော်သည် ဂျပန်ခေတ်အတွင်းက စာမရေးဖြစ်ခဲ့ပေ။ ဂျပန်ခေတ်ကို အလင်းရောင် ကင်းမဲ့သည့် အမှောင်ခေတ်ဟု ခံစားနေမိသည်။ ယင်း ခံစားမှုဖြင့် စစ်ပြီးစ 'ယနေ့ မြန်မာပြည်သည် အမှောင်မှ လွတ်မြောက်၍ ပြန်လည် ဆန်းသစ်ရေးသို့ မျက်နှာမူရပေတော့မည်။ စစ်အပြီး မြန်မာပြည်သည် စစ်ကြောင့်၊ ပျက်စီးယိုယွင်းချို့တဲ့ခြင်း အခြေတွင် ကျန်ရစ်ခဲ့ပေရာ ပြန်လည်ထူထောင်ရမည့် အခါ ဖြစ်ပေသည်။' ဟု ဖော်ပြခဲ့သည်။ တကယ့် အတွေ့အကြုံနှင့် စာလုံးသည် ဆက်စပ်လာခြင်း ဖြစ်သည်။

ယင်း ဂျပန်ခေတ် အတွင်းက စာမရေးဖြစ်သော်လည်း စာကား ဖတ်ဖြစ်သည်။ နိုင်ငံရေး သဘောတရားများ တော်တော် ဖတ်ဖြစ်သည်။ မိမိကိုယ်တိုင် တွေ့ကြုံရသော အတွေ့အကြုံနှင့် နှိုင်းယှဉ်ထင်ဟပ်ကာ အဓိပ္ပာယ်ကောက်သည်။ အဖြစ်အပျက်တွေက များမြောင်ထွေပြားလာသည်။ စာအုပ်နှင့် ညှိကာ အဖြေရှာရသည်။ ကျေနပ်သော အဖြေရလျှင် စာလုံးများ မှန်ပြီဟု ယုံကြည်လိုက်သည်။ ကျေနပ်လောက်အောင် အဖြေမရလျှင် စိစစ်ပိုင်းခြားကြည့်မိသည်။ ထိုအခါ ဝေဖန်စိတ် ဖြစ်ပေါ်လာသည်။

ဂျပန်တစ်ခေတ်လုံး စာမရေးဖြစ်။ ရေးချင်သော စာကလည်း ရေး၍ ရမည်မဟုတ်။ ဒီမိုကရေစီ အခွင့်အရေးများက မှောင်ချထားသည်။ သို့သော် ရေးစရာတွေက များလှသည်။ အဓိပတိ အရှင်မင်းကြီး ဆေါက်တာဘမော်၏ 'တစ်သွေးတစ်သံတစ်မိန့်' ဟူသော စကားအတိုင်းပင် တစ်မင်းပြောင်းမှ တစ်မင်းအကြောင်း သိသည်ဟူသော ဆိုရိုးစကား ရှိသည် မဟုတ်လား။

ဂျပန်တစ်ခေတ်လုံးလိုလိုပင် ကျွန်တော်သည် 'အာဏာ' ရ အသိုင်းအဝိုင်းနှင့် နီးကပ်စွာ နေခဲ့ရသည်။ စစ်မဖြစ်ခင်ကတော့ သူတို့သည် ကျောင်းသား သမဂ္ဂနှင့် တို့ဗမာအစည်းအရုံးမှ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြသည်။ ယခုတော့ ဝန်ကြီး၊ မှူးကြီးများဖြစ်နေကြပြီ။ သူတို့ နေထိုင်ကြသော ရွှေတောင်ကြား ဘီအိုင်အေ သိမ်းထားသော အင်္ဂလိပ်လက်ကျန်တိုက်များတွင် နေထိုင်ခဲ့ကြသည်။ ကျွန်တော်မှာ ယင်း ရွှေတောင်ကြားရပ်ကွက်တွင် လှည့်လည်နေထိုင်သည်။ ဘာအလုပ်မှတော့ မလုပ်။ စန္ဒရားသာ တီးနေခဲ့သည်။ အိမ်တိုင်းလို စန္ဒရားက ရှိကြသည်။ ထမင်းစားပွဲလုပ်ကြလျှင် ကျွန်တော့်လာလာခေါ်ကြ၍ ရှောင်ပြေးနေရသည်။ ဝန်ကြီးတစ်ယောက်အိမ်တွင် နေရာ မိုးလင်းလျှင် အလုပ်လာတောင်းသူတွေက ဧည့်ခန်းတွင် အပြည့်။ တစ်ခါတစ်ရံ ကျွန်တော်က သူတို့အစားလှည့်ပတ်ပြောရဖူးသည်။ အာဏာဆိုသည်မှာ အခွင့်အရေးပါကလား။ စန္ဒရား တီးရတာကတော့ အေးအကင်းဆုံး။ ကျွန်တော်သည် အနုပညာကို ပို၍ ယုံကြည်လာမိသည်။

(ဂ)

စစ်ပြီးသောအခါ မဂ္ဂဇင်း ဂျာနယ် တစ်ခုခု ထုတ်ရန် ဆုံးဖြတ်လိုက်သည်။ နိုင်ငံရေးအသိုင်းအဝိုင်း မိတ်ဆွေများက ခေါ်ကြသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သိပ်မသွားတော့ပေ။ သူတို့ကလည်း လွတ်လပ်ရေး တိုက်ပွဲအတွက် အလုပ်ရှုပ်နေကြသည်။ မဂ္ဂဇင်း ဂျာနယ် ထုတ်ဖြစ်လျှင် စာပေ၊ အနုပညာရေးရာ သဘောတရားများ၊ ဝေဖန်သုံးသပ်ချက်များ ထည့်သွင်းရန် စိတ်ကူးထားသည်။ စာပေနှင့် ဂီတ၊ ပန်းချီ၊ အက၊ သဘင် စသည့် အနုပညာရပ်များမှာ အခြေခံ သဘောတရားချင်း တူကြသည်။ စာပေ၊ ဂီတ၊ ပန်းချီတို့တွင် အတွေ့အကြုံ အသင့်အတင့် ရှိနေသည်။ ယင်း အတွေ့အကြုံကို အခြေခံ၍ ဝေဖန်ရန် စိတ်ကူးမိသည်။ ၁၉၄၆ တွင် တာရာ မဂ္ဂဇင်း ထုတ်ဖြစ်သောအခါ ဝေဖန်ရေးအခန်း ပါရှိရန် သတ်မှတ်ထားသည်။

ဝေဖန်ရေးကို ခေတ်ပြိုင်လှုပ်ရှားမှုဖြစ်သော လွတ်လပ်ရေး တိုက်ပွဲနှင့် ဆက်စပ်ချင်သည်။ ကျွန်တော်၏ ကျောင်းသား သမဂ္ဂနှင့် တို့ဗမာအစည်းအရုံးမှ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများကတော့ နိုင်ငံရေးလောကသို့ လုံးလုံး ရောက်သွားကြပြီ။ သူတို့သည် ကျွန်တော့်ထက် နိုင်ငံရေးစိတ် ပြင်းပြကြသူများ နိုင်ငံရေးကို စောက်ချလုပ်လိုသူများ ဖြစ်ကြသည်။ သူတို့ကလည်း တစ်ဖက်တစ်လမ်းက လုပ်။ ကျွန်တော်ကလည်း မိမိယုံကြည်သော စာပေ၊ အနုပညာဘက်က တစ်ဖက်တစ်လမ်း လုပ်မည်ဟု ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

တကယ်ကလည်း ကျွန်တော်နှင့် နိုင်ငံရေးက မဖြစ်။ ဒါကို သိနေသည်။ ၁၉၄၂ နှစ်ဆန်းစက ကျွန်တော်တို့ မြို့ကို ဗိုလ်ရန်နိုင်၏ ဗမာ့လွတ်လပ်ရေး တပ်မတော်က သိမ်းသည်။ ဗိုလ်ရန်နိုင်မှာ သူ တက္ကသိုလ် သမဂ္ဂ အတွင်းရေးမှူး လုပ်ကတည်းက ကျွန်တော်နှင့် ခင်မင်ရင်းနှီးသူ ဖြစ်ရာ၊ မြို့သိမ်းပြီး ကျွန်တော်တို့အိမ်တွင်ပင် တည်းနေသည်။ သူ ရောက်လာသောအခါ အိမ်ရှေ့အပေါက်ဝတွင် လုံ့စွပ်သေနတ်နှင့် အစောင့်တပ်သားများ စောင့်ကြပ်နေသည်။ နောက်တစ်နေ့တွင် ဒေါ်ဆင်ဘဏ် အဆောက်အဦတွင် ပြုလုပ်သည့် မြို့မိ မြို့ဖများ အင်္ဂလိပ်လက်ထက်က ပုလိပ်အရာရှိများ စသည်တို့နှင့် တွေ့ဆုံပွဲသို့ အတူ သွားကြသည်။ မော်ရစ်ကားနှင့် ဗိုလ်ရန်နိုင် ပါလာ၍ ကားဆော ခြေနင်းခုံပေါ်တွင် သေနတ်ကိုင် စစ်သားနှစ်ယောက်က ရပ်လျက် လိုက်ပါလာကြသည်။ ရောက်သွားသောအခါ လူကြီးများက နေရာမှ ထကာ အရိုအသေပေးကြသည်။ ပုလိပ်အရာရှိက ဆလုရိုက်သည်။ ဗိုလ်ရန်နိုင်မှာ မြို့သိမ်း ဗိုလ်မှူး ဟန်ပန်၊ ခတ်မတ်မတ်ဖြင့် ခြေလှမ်းမှန်မှန် လျှောက်သွားကာ သူ့နေရာတွင်



ဝင် ထိုင်လိုက်သည်။ ထိုနောက် မြို့သိမ်းမိန့်ခွန်းကို မြွက်ကြားသည်။ လွန်ခဲ့သော ၂ နှစ်က တက္ကသိုလ် သမဂ္ဂအတွင်းရေးမှူးသည် ယခု ဗမာ့လွတ်လပ်ရေး တပ်မတော် မြို့သိမ်းတပ်ဗိုလ်မှူး ဖြစ်နေပေပြီ။ ထိုနှစ်က ကျွန်တော်လည်း သမဂ္ဂအမှုဆောင်ဖြစ်ရာ ပထမ ကျွန်တော့်အား အတွင်းရေးမှူး လုပ်ရန် ပြောကြသေးသည်။ ကျွန်တော် လက်မခံခဲ့ပါ။ အမှုဆောင် ရွေးကောက်ပွဲတွင် ကျွန်တော် မဲအရ မနည်း။ ထိုနှစ်က ကျွန်တော်သည် ဝါဒပြန့်ပွားရေးမှူး တာဝန်ယူရသည်။ အပြန်ကားပေါ်၌ ကျွန်တော် ပြုံးနေသည်ကို ဗိုလ်ရန်နိုင်က 'ဖိုးဌေးက ဘာပြုံးတာလဲ' ဟု တတွတ်တွတ် မေးနေသည်။ ညဘက်လူရှင်းသောအခါ အိမ်ရှေ့ သဘော်ပင်အောက်တွင် ကျွန်တော်က မယ်ဒလင်ကလေးနှင့် သူက ပါမောက္ခ ဦးဘညွန့်၏ ချစ်ဒုက္ခသီချင်းကို မရတရ ဆိုနေသည်။ ဗိုလ်ရန်နိုင်မှာ ကျောင်းသားဘဝကတည်းက ချစ်ဒုက္ခသီချင်းကို ကြိုက်သူ ဖြစ်သည်။ အသံက မဆိုး။ သို့သော် အလိုက်ကောင်းကောင်းမရ။ ဒါကို ကျွန်တော်က ပျော်သည်။ အေးချမ်းသည်ဟု နှစ်သက်မိသည်။ စောစောက ခံစားမှုနှင့် ကွာခြားသည်။

၁၉၄၆ နှစ်ဝက်ပိုင်းလောက်က စ၍ မဂ္ဂဇင်းဂျာနယ်ထုတ်ဝေရန် စိုင်းပြင်းသည်။ ပထမ ဆန်းသစ်ဦးဂျာနယ် နာမည်ဖြင့် ထုတ်ရန်၊ ရန်ကုန် ဒိစတြိတ် တရားသူကြီးရုံး၌ လျှောက်ရာ ခွင့်ပြုချက် ချက်ချင်းရသည်။ သို့သော် အကြောင်းမညီညွတ်သဖြင့် ဂျာနယ် မထုတ်ဖြစ်တော့ဘဲ လစဉ် မဂ္ဂဇင်း ထုတ်ရန် အစီအစဉ်ပြောင်းလိုက်ရသည်။ ဂျာနယ်မှ ဝေဖန်ရေးကို ပို၍ လုပ်နိုင်မည်ဟု တွက်ဆခဲ့သည်။ ဆန်းသစ်ဦးဂျာနယ်မှ တာရာမဂ္ဂဇင်း အမည် ပြောင်းကြောင်း လျှောက်လွှာတင်လိုက်ရာ ခွင့်ပြုချက်ရသည်။

တာရာမဂ္ဂဇင်းထုတ်ဝေရန် ပြင်ဆင်နေချိန်တွင် လွတ်လပ်ရေး တိုက်ပွဲ အရှိန်ကောင်းနေဆဲ ဖြစ်သည်။ သို့သော် ဖဆပလ အင်အားစုများအတွင်း ပါတီများ အားပြိုင်မှုက ရှိနေပြီ။ နိုင်ငံရေးပဋိပက္ခများက ရှိနေပြီ။ နှစ်ဘက်စလုံးတွင် ကျောင်းနေဘက် မိတ်ဆွေများ ရှိနေကြသည်။ ၁၃၀၀ ပြည့် အရေးတော်ပုံခေတ်ကတည်းက စည်းလုံးခဲ့သော ညီညွတ်ရေးသည် ပြိုကွဲစပြုနေပြီ။ ၁၉၄၆ အောက်တိုဘာတွင် ဖဆပလသည် ကွန်မြူနစ်ပါတီကို ထုတ်ပစ်လိုက်သည်။ ညီညွတ်ရေးကို မည်သို့ ပြန်လည် တည်ဆောက်ကြမည်နည်း။ စာပေ၊ အနုပညာဖြင့် မည်သို့ ဆောင်ရွက်နိုင်မည်နည်း။ ကျွန်တော်သည် သခင်နု၊ သခင်သန်းထွန်းတို့ထံမှ

www.burmeseclassic.com



တာရာမဂ္ဂဇင်း အမှတ် ၁ အတွက် ဆောင်းပါးများတောင်းသည်။ သူတို့သည် မအားကြ။ သခင်သန်းထွန်းက 'ခင်ဗျားအကြောင်း ရေးပေးရမလား' ဟု ပြောပြီး အလုပ်သမား သပိတ်ကိစ္စများကြောင့် မရေးဖြစ်။ သည်ကြားထဲ ဖဆပလ ပြန်ကြားရေးဌာနတွင် လုပ်နေသော ကိုထွန်းအုံက ဖဆပလ သတင်းစဉ်အတွက် ဆောင်းပါး တကျိကျိ တောင်းနေ၍ ယူဂိုဆလပ်ခေါင်းဆောင် တီးတိုးအကြောင်း ကလောင်နာမည်ဝှက်တစ်ခုဖြင့် ရေးပေးလိုက်ရသေးသည်။ နှစ်ဘက်စလုံးတွင် မိတ်ဆွေများ ရှိနေကြသည် မဟုတ်လား။

ဂျပန်ခေတ်က စ၍ 'နိုင်ငံရေး' ၏ အရသာ အချိုအခါးတို့ကို မြင်တွေ့နေရသည်။ စာပေ၊ အနုပညာသည်ကား အရသာ အရှိဆုံး။ စာပေသည် အမှန်တရားကို ဖော်ပြရာ ဖြစ်သည်ဟု ယုံကြည်မိသည်။ ယင်းယုံကြည်ချက်သည် ယနေ့တိုင် လျော့ပါးမသွား။ တာရာမဂ္ဂဇင်း စတင်ထုတ်ဝေသောအခါ ကျွန်တော်၏ စာပေ၊ အနုပညာ အတွေ့အကြုံ၊ သမိုင်း အတွေ့အကြုံများကို ပင်ရင်းအခြေခံထားလျက် မိမိတတ်နိုင်သမျှ ခေတ်ပြိုင်လှုပ်ရှားမှုတို့ကို အမှန်အတိုင်း ဖော်ပြမည်ဟု သဘောထားမိသည်။ သမိုင်းအတွေ့အကြုံအရ ဒီမိုကရေစီရေး၊ ညီညွတ်ရေး၊ ငြိမ်းချမ်းရေးသည် ပြည်သူလူထုအတွက် အမြဲတမ်း လိုအပ်ချက်များဟု ယုံကြည်မိသည်။ ယင်း သဘောထား၊ ယင်းယုံကြည်ချက်တို့ကိုပင် စာပေဝေဖန်ရေး စံအဖြစ် သတ်မှတ်လိုက်သည်။ စံတစ်ခု မရှိဘဲ ဝေဖန်ရေး လုပ်၍ ရပါမည်လား။ ဤအတွေးဖြင့် ကျွန်တော်သည် တာရာမဂ္ဂဇင်းမှ စတင်၍ ယနေ့တိုင် ကလောင်အမည်အမျိုးမျိုးဖြင့် စာပေဝေဖန်ရေးကို စတင်ရေးသားခဲ့ပေသည်။

ထိုအခါ မိမိယုံကြည်ချက်ကို လွတ်လပ်စွာ လုပ်ကိုင်လာသည်။ မည်သည့် လက်အောက်ခံမျှ မဟုတ်။ မည်သည့် ဩဇာခံမျှ မဟုတ်။ ဝေဖန်ရေးအားကောင်းလာလျှင် ပြည်သူနှင့်ဆိုင်သော နိုင်ငံရေးကိုပင် ဩဇာ သက်ရောက်နိုင်ပေသည်။

[ရှုမဝမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၁၉၈၁]

## လမ်းဆုံလမ်းခွဆီသို့ ပြန်လည်ကြည့်ရှုခြင်း

'စစ်' ဟူသော စကားလုံးကို ငယ်စဉ်က ၁၀ တန်းကျောင်းသား ဘဝက ရာဇဝင် စာအုပ်များတွင် စတင် တွေ့ဖူးခဲ့သည်။ စစ်ဟူသော စကားလုံးအတွက် ကျွန်တော့်တွင် ဘာခံစားမှုမှ မရှိခဲ့။ အရေးတော်ပုံ စာအုပ်များတွင် ပါသော ပဒေသရာဇ် မင်းတို့ အချင်းချင်း ဖြစ်သော စစ်ပွဲများအကြောင်း ဖွဲ့နွဲ့ရေးသားထားသည်ကို ဖတ်ရရာ အဖွဲ့အနွဲ့ ကောင်းသဖြင့် ပန်းချီကားလိပ်များ ရှုဖွင့်ခဲ့ပေါ်တွင် ကတ္တီပါအနီ အစိမ်း ပိုးချည် ရွှေချည် ငွေချည်ထိုး တဖိတ်ဖိတ်၊ ဘော်ကြယ်ရောင် တလက်လက်၊ ဓားရောင်တွေ ပြိုးပြိုးပြက်ပြက်ဖြင့် ဓားချင်း ခုတ်နေကြသော ဗိုလ်မင်းများ၏ ကဟန်သိုင်းဟန်များကိုသာ မြင်နေမိသည်။ ဆိုင်း၏ ဗိန်းမောင်းသံ တူရိယာသံတို့ကို သဘောကျနေမိသည်။ မိမိကိုယ်ကို ဇာတ်ပွဲထဲက သူရဲကောင်းကြီးလို စိတ်ကူးယဉ်နေမိသည်။ စစ်ပွဲဟူသော စကားလုံးကပင် ပွဲဟူသော လှပ၍ ရင်ခုန်စရာ ဗိန်းမောင်းတေးသံကို ကြားနေရသည်။ စစ်ပွဲကို ပွဲတစ်ပွဲအဖြစ်သာ ဣန္ဒာရုံစိတ်ကူးမြင်ကူး လှပသော စိတ်ကူးရုပ်ပုံအဖြစ် ခံစားနေခဲ့သည်။ မြန်မာ အနုပညာဖန်တီး မှုတွင် ဘီလူးရုပ်၊ ခြင်္သေ့ရုပ်၊ နဂါးရုပ်တို့သည် ကြောက်စရာ မကောင်းဘဲ ကနုတ်ပန်း အဆင်အယင်ဖြင့် အကိုင်းအညွန့်၊ အသီးအပွင့် ခြယ်သထားခြင်းကြောင့် ချစ်စရာ ဖြစ်နေသည့် သဘောမျိုး ဖြစ်မည်ထင်သည်။

ရာဇာဓိရာဇ်နှင့် မင်းရဲကျော်စွာတို့ စစ်ပွဲအကြောင်း ဖတ်ရသောအခါ သဲဖိုနှောင်ချိန်ဇာတ်လမ်း ဖတ်ရသကဲ့သို့ ရင်တမမဖြစ်သော စိတ်ဝင်စားခဲ့ရသည်။ စစ်၏ အကျိုးအပြစ်ကို မတွေးမိခဲ့။

www.burmeseclassic.com



၁၉၃၈ ပတ်ဝန်းကျင် နိုင်ငံရေးသဘောတရားများ ဖတ်ရှုလေ့လာသောအခါ ခေတ်ပြောင်းတော်လှန်ရေးများအကြောင်း စိတ်ဝင်စားရင်းက စစ်အကြောင်းပါ တွေ့လာရသည်။ ကျောင်းတွင် သမိုင်းဘာသာရပ် ယူသဖြင့်လည်း ကမ္ဘာ့ ရာဇဝင် သင်ကြားရသောအခါ ဂရိခေတ်ကာလက စ၍ စစ်ပွဲများအကြောင်း မပါမပြီး ကျက်မှတ်နေခဲ့ရ၍ ရာဇဝင်ဆိုတာ စစ်ပွဲတွေအကြောင်းချည်းပါပဲကလားဟု နားလည်နေခဲ့သည်။ ကျွန်တော်သည်ပင် ဘုံဝါဒနှင့် စစ်မက်ရေး အမည်ရှိ ဆောင်းပါးကို ဒဂုန်မဂ္ဂဇင်းတွင် ရေးဖူးသေးသည်။ (၁၉၃၉)။ ကျွန်တော်၏ ပင်ကို အယူအဆမဟုတ်။ လီနင်၏ (ဆိုရှယ်လစ်ဝါဒနှင့် စစ်) စာအုပ်ငယ်ကို ဖတ်ပြီး ပြန်လည် ဖော်ပြခြင်း သဘောသာ ဖြစ်သည်။ တော်လှန်ရေးစစ်နှင့် နယ်ချဲ့စစ်တို့ကို ခွဲခြားပြထားသည်။ ကျွန်တော် သိသော စာအုပ်ထဲမှ စစ်အကြောင်း ဖြစ်သည်။

တကယ့်စစ်၏ အတွေ့အကြုံကား ခါးသီးလှစွာသည်။ ပုလဲဆိပ်ကမ်းကို ဂျပန်က ဗုံးကြဲပြီး တိုက်ခိုက်သည့် အချိန် နံနက်ပိုင်းတွင် ကျွန်တော်သည် ဆူးလေဘုရားလမ်းရှိ ကွန်တီနင်တယ်မုန့်တိုက် ဆင်ဝင်အောက်တွင် ရှိနေသည်။ စစ်ဖြစ်သည့် သတင်းကို လူတစ်ယောက်ထံမှ သိရခြင်း ဖြစ်သည်။ လူတွေ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်ကို တွေ့ရသည်။ လမ်းဘေး ပလက်ဖောင်းတွင် ဆုံကြသော ခရီးသွား အချင်းချင်းရပ်ကာ စစ်ကြေညာသည့်အကြောင်း ပြောနေကြသည်။ ဂျပန်တွေ ဖမ်းကုန်ပြီ။ ကျွန်တော်တို့ နားက သွားစိုက်ဆရာတစ်ယောက်ပါသွားတယ် စုရုံး စုရုံးနှင့် ပြောနေကြသည်။ စစ်ဆိုသည့် စကားလုံးကြောင့် လူတွေ စိတ်လှုပ်ရှားနေကြသည်။ အိမ် အမြန်ပြန်လာရန် သံကြိုးစာရ၍ မီးရထားဖြင့် ပြန်ခဲ့ရာ သင်္ဘောမှာ လူတွေအပြည့် ဝန်စည်စလယ်တွေ တိုးလို့တွဲလောင်း၊ ဝန်လေးနေ၍ မျှောကြောင်းနှင့် ရေထိလုနီးနီး။ နစ်မှာပင် စိုးရသည်။ စစ်ဘေး ဒုက္ခသည်ပုံအသေး။

နောက် ၂ ပတ်ခန့် ကြာသော နေ့လည် နေ့တစ်နေ့၊ ညည့်သည်များနှင့် မြို့တစ်ဘက်ကမ်းရှိ ခြံထဲတွင် စားသောက်နေစဉ် ရန်ကုန်မြို့ဘက်ဆီမှ တအုန်းအုန်း အသံများ ကြားရသည်။ ထူးဆန်း၍ ဘာသံများပါလိမ့်ဟု နားစွင့်ရသည်။ နောက်တစ်နေ့တွင်ကား ရန်ကုန်ကို ဂျပန်တို့ ဗုံးကြဲသည့် အနိဋ္ဌာရုံ သတင်းများ ကြားရတော့သည်။ မြင်မကောင်း



ရှုမကောင်း အလောင်းတွေ ထပ်လို့။ အသားတစ်တွေက လမ်းပေါ်မှာ ကျဲလို့တဲ့။

၁၉၄၂ နွေဦးပေါက် ရန်ကုန်ကို ဂျပန်သိမ်းသောအခါ ကျွန်တော် ရန်ကုန်သို့ ရောက်သွားသည်။ ရန်ကုန်ကား စစ်ဒဏ်ကြောင့် မြို့ပျက်ကြီး ဖြစ်နေပေပြီ။ အုတ်ပုံတစ်ပိုင်း၊ နံရံပြိုသံယက်မတွေ တစ်ပိုင်း၊ မှုထစ်ချိုင့်ခွက်တို့ဖြင့် ပြည့်နေသော လမ်းပေါ် လျှောက်ရသည်။ အမှိုက်သရိုက်မရှင်း၊ ရေမြောင်းတို့က အရင်လို မစီး၍ အနံ့အသက်မကောင်း၊ ခြင်ကကိုက်၏။ ကျွန်တော်တို့ ကျောင်းနေစဉ်က ရန်ကုန် မဟုတ်တော့။ လျှပ်စစ်ဖြင့်သွားသော ထရော်လီများလည်း မရှိတော့။ မီးက ခဏခဏ ပျက်တတ်သည်။ မီးမလာသောညများက မနည်း။ လမ်းဘေးတွင် ပုံခင်းရောင်းကြသော သူခိုးဈေးကို မြို့လယ်ကောင်တွင် တွေ့ရသည်။ ရန်ကုန် ဗုံးချ၍ မြို့ကို လူများ စွန့်ခွာပြေးကြသော အခါ ဆိုင်များ၊ ကုန်တိုက်များမှ ပစ္စည်းတို့ကို သယ်၍ သူခိုးဈေးဖွင့်ကြခြင်း ဖြစ်သည်။ စစ်အတွင်း ဂျပန်ခေတ်ကာလတွင် ကုန်ဈေးနှုန်းများ တရိပ်ရိပ် တက်ကာ ငွေဖောင်းပွလာသည်။ လူသုံးကုန်ပစ္စည်းက တစ်နေ့ထက် တစ်နေ့ ရှားလာသည်။ ကျုံ့လုပ်သည် (တန်းစီသည်) ကို ပထမဆုံး တွေ့ဖူးလာသည်။ လူတို့သည် ရှားပါး ဆင်းရဲသော်လည်း ခေတ်ပျက်သူဌေးတွေ ပေါ်လာသည်။ အဓိပတိ ဒေါက်တာဘမော်၏ တစ်သွေး တစ်သံ တစ်မိန့်ကို ကြားနေရသည်။ သူခိုးဈေး၊ ခေတ်ပျက်သူဌေး၊ ငွေဖောင်းပွ၊ တစ်သွေး၊ တစ်သံ တစ်မိန့်။ ယင်းတို့သည် စစ်ခေတ်၏ အမှတ်အသားများဟု ခံစားသိရှိမိသည်။ ဗုံးကြဲယာဉ် ကောင်းကင်ယံမှာ ဆင်းလာလျှင် ရင်တထိတ်ထိတ်။ ရန်သူ့လေယာဉ်လာပြီဟူသော လေကြောင်းအချက်ပေး ဥသြသံ၊ ဗုံးချသံ၊ အမြောက်သံ၊ သေနတ်သံ၊ ငိုရှိုက်သံ၊ ညည်းညူသံတို့သည် စစ်၏ အသံများ ဖြစ်နေကြသည်။ ပြာပုံ၊ လူသေအလောင်း တိုက်ပြို တိုက်ပျက်၊ မီးလောင်မြေတို့သည် စစ်၏ မြင်ကွင်း ဖြစ်သည်။ ဂျပန်ခေတ်စစ်အတွင်းက စစ်ကို အဖျက်အဆီး အနိဋ္ဌာရုံဟု နားလည်လာခဲ့သည်။ ကျောင်းသားဘဝက လီနင်စာကို ဖတ်ပြီး တော်လှန်စစ်ကို ပြည်သူအား အကျိုးပြုသည့် သဘော နားလည်ခဲ့သော်လည်း ကျွန်တော့် စစ်ခံစားမှုက ကျွန်တော်၏ အတွေးအခေါ်ကို အနှောင့်အယှက် ပေးလျက် ရှိနေသည်။ စာအုပ်နှင့် ခံစားမှု ဆဲ့စပ်၍ မရ။ စစ်ကို ကျွန်တော် မကြိုက်သော်လည်း ဂျပန်ခေတ်

www.burmeseclassic.com

www.burmeseclassic.com



တွင် စစ်ဗိုလ်များနှင့် အတူ နေခဲ့ရသည်။ ဗိုလ်အောင်ဆန်း၊ ဗိုလ်လက်ျာ၊ ဗိုလ်ဇေယျ။ သူတို့ကို ကျောင်းသားဘဝကတည်းက သိခဲ့သည်။ ဗိုလ်အောင်ဆန်းမှာ စာသမား၊ ဗိုလ်လက်ျာမှာ နူးညံ့ပျော့ပျောင်းသည့် ပန်းချီရေးသမား၊ ဗိုလ်ဇေယျမှာ တယောသမား၊ အကကောင်း။ သူတို့သည် ပင်ကိုအားဖြင့် စာပေ၊ အနုပညာခံစားသူများ ဖြစ်ကြသော်လည်း အမျိုးသားလွတ်မြောက်ရေးစစ်၊ တော်လှန်စစ်တွင် ပါဝင်ဆောင်ရွက်ကြသဖြင့်သာ စစ်ဗိုလ်အဖြစ် မလွဲမရှောင်သာ ဖြစ်သွားရခြင်း ဖြစ်သည်ကိုကား ငြင်း၍မရ။ သမိုင်းဆိုသည်မှာ လူတို့၏ ဆန္ဒအတိုင်း ဖြစ်ပွားသည် မဟုတ်။

ကျွန်တော် စိတ်ထဲတွင်ကား မရှင်းမကြည်လင်။ ရှုပ်ထွေးနေသည်။ ဂျပန်တစ်ခေတ်လုံး ဘာအလုပ်မှ မလုပ်။ စာတော်တော်များတော့ ဖတ်ဖြစ်သည်။ စန္ဒရားတီးသည်။ စာတစ်ပုဒ်မှ မရေးဖြစ်။ ကျောင်းသားဘဝတုန်းကလို ကြည်လင်တက်ကြွခြင်းမျိုး မရှိ။ စစ်ကြီး ပြီးသွားသောအခါ စိတ်ထဲက ပေါ့သွားသည်။ ညအမှောင်တိုက်မှ လွတ်မြောက်သွား၍ လန်းဆန်းလာမိသည်။ စာပေလုပ်ငန်း စာပေမဂ္ဂဇင်း ထုတ်ရန် ပြင်ဆင်သောအခါ စာပေမိတ်ဆွေဟောင်းတို့နှင့် ပြန်တွေ့ရမည်။ ဆက်ရမည်။ သို့သော် အမှတ် (၁) တွင် သိပ်မိတ်ဟောင်းများ မပါဖြစ်။ တချို့ မြန်မာပြည်တွင် မရှိကြ။ ကိုတိုက်စိုးမှာ စာကြည့်တိုက် ပညာတော်သင်ဖြင့် အင်္ဂလန်သွားနေသည်။ ကိုထင်ကြီးမှာ သတင်းစာပညာတော်သင်ဖြင့် အမေရိကန်ရောက်နေသည်။ ကျွန်တော်၏ သိကျွမ်းဟောင်းထဲမှ မောင်ထင်က ပြင်သစ်စာရေးဆရာ မိုပါဆွန်း၏ 'တောလား' ဝတ္ထု ဘာသာပြန်ပါသည်။ မောင်ထင်မှာ ကျွန်တော့်ထက် ၁၀ နှစ်ခန့် ကြီးမည် ထင်သည်။ ဂျပန်ခေတ် ၁၉၄၄ ကလား မသိ၊ အင်းလျားကန်ထောင့်ရှိ အိမ်ဖြူအဆောက်အအုံ နိုင်ငံခြားရေးဌာနရုံး၊ ဒုတိယအတွင်းဝန် သခင်ဘဟိန်း ရုံးခန်းတွင် မောင်ထင်နှင့် ဆုံဖြစ်သည်။ အခန်းတွင် နိုင်ငံခြားရေးဝန်ကြီး သခင်နုလည်း ရောက်နေခိုက် ဖြစ်သည်။ သခင်နု၏ ညချမ်းအချိန်ခါဝယ် ပြဇာတ် လက်ရေးမူကို ကျွန်တော်တို့ ဖတ်ပြီးစ။ သခင်နု ရောက်လာကာ ပြဇာတ်အကြောင်း စကားပြောနေစဉ် နိုင်ငံခြားရေး အရာရှိအဖြစ် မောင်ထင်သည် အလုပ်ဝင်ရန် ရောက်လာသည်။ ကျွန်တော်မှာ သူ၏ ကိုဒေါင်းဝတ္ထုတိုများကို ကြိုက်သူဖြစ်ရာ စာရေးဆရာကို လူကိုယ်တိုင် တွေ့ရ၍ ဝမ်းသာသွားသည်။ စစ်ပြီးသောအခါ သူ့ကို ဗဟန်းတွင် ဆုံမိသည်။



သူ၏ နေရာကို သိနေရာ မဂ္ဂဇင်းထုတ်ရန် ပြင်ဆင်သောအခါ သူ့ထံ စာမူတောင်းလိုက်သည်။ သူ၏ ဘဝတွတ္ထုစာမူ ကျွန်တော့်အား ပေးဖတ်ပြီး ထုတ်ဝေရန် ပြောသည်။ ကျွန်တော်တို့ ကျောင်းသားဘဝက သူသည် နယ်တွင် မြို့အုပ်လုပ်ရင်း 'မြို့အုပ်မင်းဆို ဘုံရုံကဗျာများ'ကို ရေးလျက်ရှိသည်။ မဂ္ဂဇင်း အလုပ်က ရှုပ်နေ၍ မထုတ်ဖြစ်။ ၁၉၄၇ တွင် ဆက်လက်ထုတ်ဝေသော တာရာမဂ္ဂဇင်းတွင် ကိုတက်တိုး၊ မန်းတင်၊ သာဂရငစိုးတို့ ဝတ္ထုတိုများ ရေးကြသည်။ ဆရာဇော်ဂျီက ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ စာပေကို အကဲဖြတ်ထားသော ဇာတိမာန်စာဆိုဆောင်းပါးရေး ပေးသည်။ ဆရာ မင်းသုဝဏ်က အင်းလျားကန်သို့ အိုကူးတို့၊ ပျဉ်းမငုတ်တို စသော ကဗျာများကို ရေးပေးသည်။ သူတို့သည် ကျွန်တော့်ထက် ၁၀ နှစ်ကျော် ကြီးကြပြီး ကျွန်တော် ကျောင်းရောက်ချိန်တွင် ပညာတော်သင်အဖြစ် ပြည်ပတွင် ရောက်နေကြသည်။ မင်းသုဝဏ်၏ အင်္ဂလန်မှ ရောက်စ သူ၏ မြန်မာစာအတန်းတွင် ကျွန်တော် ကိုးခန်းပျို့ သင်ခဲ့ရဖူးသည်။ သူတို့သည် စာရေးကြဲကြသည်။ ဂန္ထလောကတွင် ပါခဲ့သော စာများထဲမှ ကျွန်တော့်အကြိုက် ရွေးချယ်၍ တာရာတွင် ပြန်လည်ပုံဖော်ပေးသည်။ ခေတ်စမ်းစာပေ ပျိုးထောင်သူတို့နှင့် စစ်ပြီးခေတ် စာဖတ်ပရိသတ်ကို မိတ်ဆက်ပေးချင်သည်။

ဆရာဇော်ဂျီသည် သခင်ကိုယ်တော်မှိုင်း၏ ဘဝနှင့် စာပေကို ဆက်လက် ရေးခဲ့သည်။

ယင်းတို့သည်ကား စစ်မဖြစ်မီခေတ် ကျောင်းသားဘဝက ခေတ်ပြိုင် စာပေသမားများ ကျွန်တော်တို့ထက် စောသော စာပေသမားများ၏ စာပေအသိုင်းအဝိုင်း ဖြစ်သည်။ ယင်းကို စာပေအသိုင်းအဝိုင်းဟောင်းဟု ခေါ်လိုက်ခြင်း ဖြစ်သည်။ စစ်ကြီးက မျဉ်းသားပေးလိုက်သော ခေတ်နယ်ခြား အမှတ်သဘောလည်း ဖြစ်သည်။

စစ်မဖြစ်မီ ခေတ်မှာ ကိုလိုနီခေတ်ဖြစ်၍ စစ်ပြီးခေတ်မှာ အမျိုးသား နိုင်ငံတော်သစ် တည်ထောင်သည့် လွတ်လပ်ရေး ခေတ်ဟု ဆိုနိုင်သည်။

စာပေအသိုင်းအဝိုင်းသစ်ကား စစ်ပြီးခေတ်နှင့် ဆက်စပ်သည်ကို တွေ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



(ဃ)

မဂ္ဂဇင်းအမှတ် (၁) တွင် စာပေအသိုင်းအဝိုင်းသစ်နှင့် စတင်ထိတွေ့ရသည်။ တာရာမဂ္ဂဇင်းအမှတ် (၁) တွင် ဇန်းမော်တင်အောင်၏ စစ်မဖြစ်မီ ခေတ်က စာပေလောက တစ်စိတ်တစ်ဒေသကို ခြယ်ထားသော 'တရံရောခါ' အမည်ရှိ ဝတ္ထုတို၊ သခင်သန်းမြိုင်၏ စစ်ပြီးစကာလ နေအိမ် အခက်အခဲ ပြဿနာကို ဟာသဟန်ဖြင့် ဖွဲ့နွဲ့သရုပ်ဖော်ထားသော အေးဖေ အေးမေဝတ္ထုတို့ ပါသည်။ မဂ္ဂဇင်းထုတ်ရန် ပြင်ဆင်နေစဉ် ဇန်းမော်တင်အောင် ပြည်မှ ပို့လိုက်ရာ နှစ်သက်၍ အမှတ် (၁) တွင် ထည့်လိုက်ခြင်း ဖြစ်သည်။ နောက်သူ ရန်ကုန်ဆင်းလာ၍ လူချင်းသိသွားသည်။ သည်ကစ၍ သူနှင့် ခင်မင်ရင်းနှီးလာခဲ့သည်မှာ သူ ကွယ်လွန်သည်အထိ နှောင်ကြိုးမပြတ်။ သူက ကျွန်တော့်ထက် တစ်နှစ်ငယ်သည်။ သခင်သန်းမြိုင်နှင့် ဂျပန်ခေတ်က စတင်သိခဲ့သည်။ ကျွန်တော့်ထက် ၆-၇ နှစ်ခန့် ကြီးမည်လား မပြောတတ်။ သူက စာသမား။ ဘင်ဂျို အတီးကောင်းဟု ကြားဖူးသည်။

အမှတ် (၃) တွင် ကြည်အေး၏ 'ထိုည' အမည်ရှိ ဝတ္ထုတို ကလေးပါသည်။

ကြည်အေးသည် ဒစ်ကန်ဆန်စာရေးစက္ကူအပြာ၊ စာအိတ်အပြာရောင်နှင့် စာမူ စကားပြေ တစ်ပုဒ် ပို့ရာ အဖွဲ့အနွဲ့ စိတ်ကူး အစအနရှိသည်ကို တွေ့၍ ထည့်လိုက်ခြင်း ဖြစ်သည်။ ကဗျာများမှာ တစ်ခါထက် တစ်ခါ သိသိသာသာ တိုးတက်လာသည်ကို တွေ့ရ၍ ကဗျာကို ထည့်သွင်းလိုက်သည်။ အတော်ကြာမှ ကျောင်းသူအမျိုးသမီးကလေးမှန်း သိရသည်။ ၁၉၄၈ မှ လူချင်း သိရသည်။ သူမကို ကိုတက်တိုးအိမ်တွင် တွေ့ရသည်။ ကျွန်တော့်ထက် ၁၀ ခန့်ငယ်သည်။

သခင်သန်းမြိုင်မှာ စာပေလောကသို့ ရောက်မလာ။ ဇန်းမော်တင်အောင်နှင့် ကြည်အေးကတော့ စာပေလောကမှာပဲ ရှိနေကြရာ ယနေ့ဆိုလျှင် သူ့နေရာသူ အသီးသီး တည်ရှိနေကြပြီ။ ၁၉၄၈ နောက်ပိုင်းတွင် ကျွန်တော့်ထက် ဆယ်စုနှစ်လောက် ငယ်သော လူငယ်ကျောင်းသားများ ရေးကြသည်။ အသက်အရွယ်တို့ကို ဖော်ပြနေခြင်းမှာ အခြားကြောင့်မဟုတ်။ စစ်ပြီးခေတ် စာပေလောကသို့ မျိုးဆက်သစ်များ ရောက်ရှိ



လာကြသည်ကို ဆိုလို၍ ဖြစ်သည်။

အသက်အရွယ်သည် မိမိတို့ သမိုင်းခေတ် ဖြတ်သန်းခဲ့ကြသော အတွေ့အကြုံကို ညွှန်းပြနေသည်။ အနုပညာရှင်တို့ မည်သည် အာရုံခံစားမှုဘက်တွင် ထက်မြက် ဖူးရှတတ်သည်။ သူ ဖြတ်သန်းသော သမိုင်းခေတ်ကို မည်သို့ တုံ့ပြန်သနည်း ဆိုသည်မှာ စာပေဒဿန၊ စာပေ အတွေးအခေါ် ဖြစ်သည် မဟုတ်ပါလား။

အမှတ် (၁) တွင် ပါသော စာပေသစ် အမည်ရှိ ဒုတိယခေါင်းကြီးပိုင်းမှ ကလောင်သစ်များကို ဖိတ်ခေါ်ရာတွင် စာမူနှင့်အတူ ကိုယ်ရေးအတ္ထုပ္ပတ္တိပါ ပေးပါရန် ပန်ကြားခဲ့သည်။ စာပေနှင့် ဘဝကို ယှဉ်တွဲ အကဲခတ်နိုင်ရန် ဖြစ်သည်။

ကျွန်တော်က စာပေသမိုင်းလမ်းကြောင်းတွင် အဟောင်းနှင့် အသစ်တို့ကို ဆက်စပ်ကာ ပေးချင်သည်။

အဟောင်းမြေပေါ်မှ ပွင့်သစ်တို့ ဖူးပွင့်လာကြရသည်။ ကျွန်တော်သည် မဂ္ဂဇင်းထုတ်ဝေသည်မှစ၍ စာပေအသိုင်းအဝိုင်းသစ်နှင့် ထိတွေ့ခဲ့ရသည်။ အသိုင်းအဝိုင်းသစ်သည်ပင်လျှင် ရွှေ့လျားကာ အသစ်မှ အဟောင်း ဖြစ်လာ အသစ်ထပ်တိုးဖြင့် ရွေ့လျားလာသည့် မြင်ကွင်းသည် ယနေ့ အနှစ် ၄၀ ခန့်ကြာသည့်အခါ ပြန်တွေ့ရသော မြင်ကွင်း ဖြစ်ပေသည်။

[ဒဂုန်မဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၈၆]

www.burmeseclassic.com

www.burmeseclassic.com

## အယ်ဒီတာနှင့် ဝေဖန်ရေးအမြင်

### (က)

အယ်ဒီတာသည် စာရေးဆရာ မဟုတ်ပေ။ စာရေးဆရာ ဖြစ်ရန် မလိုပေ။ သို့သော် သူသည် စာပေစည်းရုံးရေးမှူး ဖြစ်သည်ဟု ကျွန်တော်ထင်သည်။ အယ်ဒီတာသည် စာရေးဆရာဖြစ်ချင် ဖြစ်မည်။ စာရေးဆရာ မဖြစ်ရင်လည်း ရသည်။

သို့သော် သူ့အလုပ်က စာပေနှင့် ဆက်စပ်နေ၍ စာရေးဆရာ အသိုက်အဝန်း၊ သတင်းစာဆရာ အသိုက်အဝန်းနှင့်တော့ ဖွဲ့နှောင်ထားပေသည်။

အနုပညာစာပေရေးရာ မဂ္ဂဇင်း အယ်ဒီတာဆိုလျှင် သူ၏ အယ်ဒီတာ စားပွဲသို့ ရောက်လာသော စာမူများကို ရွေးချယ်ရပေမည်။ သူသည် ဝေဖန် သုံးသပ်၍ ရွေးချယ်ရမည် ဖြစ်ပေသည်။ ထုတ်ဝေလျက်ရှိသော ခေတ်ပြိုင် အခြေအနေ၊ ခေတ်ပြိုင်စာပေ အနုပညာ အခြေအနေနှင့် သက်ဆိုင်သော စာမူများကို ဝေဖန်သုံးသပ်ကာ ရွေးချယ်ရပေမည်။

နိုင်ငံရေးရာ၊ သတင်းစာ၊ မဂ္ဂဇင်းဂျာနယ်၊ အယ်ဒီတာဆိုလျှင်လည်း ထို့အတူပင်။ သူ၏ အယ်ဒီတာ စားပွဲသို့ ရောက်ရှိလာသော ဆောင်းပါးများကို သူ့ခေတ်ပြိုင် နိုင်ငံရေးအခြေအနေအရ သုံးသပ်ဝေဖန်ကာ ရွေးချယ်ရပေမည်။

ဤသည်တို့မှာ အယ်ဒီတာတို့၏ ယေဘုယျ လုပ်ငန်းဖြစ်မည်ထင်သည်။ ထို့ကြောင့်ပင် အယ်ဒီတာသည် ဝေဖန်ရေးအမြင် ရှိကို ရှိရပေမည်။ သို့မှသာလျှင် သူသည် စာပေအနုပညာ၏အကျိုး၊ ပြည်သူတို့၏

www.burmeseclassic.com

www.burmeseclassic.com



အကျိုးကို ဆောင်ရွက်သော၊ စည်းရုံးပေးသော အယ်ဒီတာ ဖြစ်ရပေမည်။

ထို့ကြောင့် အယ်ဒီတာသည် စာပေစည်းရုံးရေးမှူး။ စာပေစည်းရုံးရေးမှူးသည် ဝေဖန်ရေးအမြင် ရှိပေမည်။ စာပေရေးရာအမြင်၊ အနုပညာရေးရာအမြင်၊ သို့မဟုတ် နိုင်ငံရေးရာအမြင်၊ သူလုပ်ကိုင်သည့် မဂ္ဂဇင်းပညာရပ်အမြင် ရှိရပေမည်။ ယင်းအမြင်သည်လည်း ဝေဖန်ရေးအမြင် ဖြစ်ရပေမည်။

(ခ)

ကျွန်တော်သည် ၁၉၅၃ က ဂန္ထဝင်ဂျာနယ်အမည်ရှိ ဂျာနယ်တစ်စောင် တည်းဖြတ်ခဲ့ဖူးသည်။

ထိုအခါက ဂန္ထဝင်ဟူသော စကားလုံးသည် သိပ်လူသုံးမများလှသေး။ ဂန္ထဝင် စာပေဟု ယခုအခါ ခေါ်ဝေါ်သုံးစွဲလျက်ရှိသော ရှေးဟောင်းစာပေအဓိပ္ပာယ်ဟူ၍လည်း သိပ်မပေါ်ပေါက်လှသေးပေ။

'ဂန္ထဝင်' ဟူသည် စာပေဟူသော အဓိပ္ပာယ်နှင့် ကျွန်တော်က ဂန္ထဝင်ဟု အမည်ပေးလိုက်ခြင်းသာလျှင် ဖြစ်သည်။

ကျွန်တော်က ဂျာနယ်အရေးအသား၊ သတင်းစာအရေးအသားကို စာပေအဖွဲ့အနွဲ့ဆန်ဆန်၊ ရသစာပေဆန်ဆန် ဖြစ်စေချင်သောကြောင့် ယင်းသို့ စာပေ အသုံးအနှုန်းဖြင့် ရွေးလိုက်ခြင်း ဖြစ်သည်။

တကယ်က ကျွန်တော်သည် နိုင်ငံရေးသမား မဟုတ်ပေ။ နိုင်ငံရေးကိုတော့ စိတ်ဝင်စားသည်။ နိုင်ငံရေးရာ စာအုပ် စာတမ်းများကို ဖတ်သည်။ ဒါပဲ ဖြစ်သည်။

စစ်မဖြစ်ခင် ကျောင်းသားဘဝက သမဂ္ဂ အပေါင်းအသင်းများမှာ ထိုအခါက အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှု (ဝါ) ကိုလိုနီဆန့်ကျင်ရေး လှုပ်ရှားမှု ဆောင်ရွက်ကြသော ကျောင်းသားများ ဖြစ်ကြသည်။ သူတို့သည် စစ်ပြီးသောအခါ အာဏာရရှိသွားသော ဖဆပလ အစိုးရ အဖွဲ့ထဲတွင် ပါဝင်သော သူများ ဖြစ်ကြသည်။

သူတို့နှင့် ခင်မင်သည်၊ ရင်းနှီးသည်။ သို့သော် ကျွန်တော် ဂျာနယ်ထုတ်ဝေသောအခါ ယင်းအပေါင်းအသင်း အစွဲအလမ်းများ၊ ခင်မင်မှု အစွဲအလမ်းများ မရှိခဲ့။ ထိုအခါက ဖြစ်ပေါ်နေသော နိုင်ငံရေး အခြေအနေကို လွတ်လပ်စွာပင် ဝေဖန်သုံးသပ်မိသည်။



ယင်း သုံးသပ်ချက်တို့ကို ကျွန်တော်၏ ခေါင်းကြီးတွင် ဖော်ပြခဲ့ပေသည်။

ဂန္ထဝင်ဂျာနယ်ထုတ်ဝေသော ၁၉၅၃ ခုမှာ လွတ်လပ်ရေးရပြီး ၅ နှစ်အကြာကာလတွင် ဖြစ်သည်။

ပြည်တွင်းတွင် မငြိမ်သက်။ ပြည်တွင်းစစ်အရှိန်ကောင်းနေဆဲကာလဟု ဆိုနိုင်သည်။ ပြည်တွင်းစစ်သည် ထိုအချိန်က မြို့ပြသို့ ရိုက်ခတ်မှု မရှိလှသေး။ တောကျေးလက်တွင်သာ ရိုက်ခတ်သည်ဟု ဆိုနိုင်သည်။

ပြည်ပတွင် စစ်အေးလှိုင်းကလည်း အရှိန်ကောင်းနေသောအချိန်လည်း ဖြစ်သည်။ စစ်အေးဆိုသည်မှာ အခြားမဟုတ်။ စစ်ပြီးခေတ်တွင် ဆိုဗီယက်ခေါင်းဆောင်သော ကွန်မြူနစ်အုပ်စုက တစ်ဖက် အမေရိကန်ခေါင်းဆောင်သော အရင်းရှင်အုပ်စုက တစ်ဖက် အားပြိုင်ကာ အယူအဆဝါဒကို လှုပ်ရှားနေသော အခါလည်း ဖြစ်ပေသည်။

ဒေသစစ်ပွဲအဖြစ် ကိုရီးယားတွင် စစ်ဖြစ်ခဲ့သည်။ သို့သော် ၃ နှစ်ခန့်အကြာတွင် ပြီးဆုံးသွားသည်။

ဥရောပတွင်ကား အရှေ့ဂျာမနီ၊ အနောက်ဂျာမနီဟူ၍ ခြားနားကွဲပြားကာ တစ်ဖက်နှင့် တစ်ဖက် တင်းမာမှုကတော့ ရှိနေသည်။

ဗီယက်နမ်စစ်ပွဲကလည်း အရှိန်လျှော့မသွားသေး။ ကမ္ဘာစစ်ကြီး မဖြစ်သော်လည်း လက်နက်အပြိုင်အဆိုင် တပ်ဆင်နေကြခြင်းဖြင့် ယင်းအုပ်စု ၂ စုတို့မှာလည်း တင်းမာသလောက် တင်းမာမှု ရှိနေသည်။

ဖဆပလ အစိုးရက ကြားနေရေးဝါဒဟု ကြေညာထားသည်။ ဆိုဗီယက်အုပ်စုနှင့် အမေရိကန်အုပ်စုတို့လည်း အာရှ၊ အာဖရိကရှိ လွတ်လပ်ရေးရခါစ ဖွံ့ဖြိုးစ နိုင်ငံတော်သစ်များကို မိမိတို့ဘက်သို့ ပါအောင် ဆွဲဆောင်လျက်ရှိသော ကာလလည်း ဖြစ်သည်။

ထိုအခါက ကျွန်တော်သည် အမေရိကန်အုပ်စုသည် နယ်ချဲ့ဝါဒ ကျင့်သုံးသည်၊ ဆိုဗီယက်ဝါဒသည် ငြိမ်းချမ်းရေးဝါဒ ကျင့်သုံးသည်ဟူသော အယူအဆလည်း ရှိနေခဲ့သည်။

အမေရိကန်လက်ထဲတွင် အဏုမြူလက်နက်ရှိနေသည်။ ဆိုဗီယက်ကလည်း အဏုမြူလက်နက် ပိုင်ဆိုင်စ ဖြစ်သည်။

ထိုအခါ ကျွန်တော်သည် လက်နက်လျှော့ပေါ့ရေး၊ အဏုမြူလက်နက် ပိတ်ပင်ရေးတို့ကို ယုံကြည်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့မှသာလျှင် နောက်ထပ် ကမ္ဘာစစ်ကို တားဆီးနိုင်မည်ဟု ထင်နေခဲ့သည်။ ဂျာမနီ ၂ နိုင်ငံပေါင်းစည်း ညီညွတ်စေချင်သည်။ ကိုရီးယား (၂) နိုင်ငံ ပေါင်းစည်းညီညွတ်စေချင်သည်။

သို့သော် အင်အားစု ၂ ရပ်တို့ လက်နက်ချင်း ပြိုင်ဆိုင်တိုက်ကာ စစ်ခင်းနေခြင်းထက် ၂ နိုင်ငံတွဲနေသည်က တော်သေးသည်ဟု ထင်နေသည်။

တွဲနေသော ၎င်း ၂ နိုင်ငံသည် မိမိတို့ ယုံကြည်ရာ နိုင်ငံရေးစနစ်ကို ငြိမ်းချမ်းစွာ တည်ထောင်ယှဉ်ပြိုင်သင့်သည်ကိုပင် မကောင်းသဘောဟု စဉ်းစားမိသည်။

ဤသည်တို့ကား ကျွန်တော်၏ နိုင်ငံရေးအမြင် ဖြစ်သည်။ ထိုအခါ ဖဆပလ၏ ကြားနေရေးဝါဒကို ကျွန်တော် နှစ်သက်ခဲ့သည်။

ပြည်တွင်းစစ် ဖြစ်ပွားနေသော အခြေအနေတွင် ကြားနေရေးဝါဒသည် အကောင်းဆုံး ဖြစ်ပေသည်။

ကမ္ဘာ့အုပ်စုကြီးများ၏ ပြိုင်ဆိုင်မှု သားကောင် မဖြစ်ဖို့ အရေးကြီးသည်ဟု ခံစားလျက် ရှိနေသည်။

ပြည်တွင်းရေးရာနှင့် ပတ်သက်လျှင်ကား ငြိမ်းချမ်းရေးသည် အရေးကြီးသည်ဟု ယူဆနေသည်။ ယခုလည်း ယူဆလျက် ရှိနေသည်။

အမျိုးသား လွတ်လပ်ရေး၊ ညီညွတ်ရေး၊ ငြိမ်းချမ်းရေးတို့သည် ဆက်စပ်နေသော သဘောတရားများ ဖြစ်သည်။

လွတ်လပ်ရေးကြေညာခဲ့သည်မှာ ၅ နှစ်ခန့်မျှသာ ရှိသေး၍ တကယ်ပင် လွတ်လပ်ရေး အင်အားကောင်းဖို့ လိုသည်။

လွတ်လပ်ရေး အင်အား ကောင်းဖို့ အချုပ်အခြာ အာဏာပိုင်မှု ပြည့်ဝခိုင်မာအားကြီးရေးပင် ဖြစ်သည်။

လွတ်လပ်သော နိုင်ငံတော်ဆိုသည်မှာ ခေတ်အဆက်ဆက် ပြည်သူတို့ တည်ဆောက်ခဲ့ကြသော အရာဖြစ်သည်။

ပြည်သူတို့က မိမိတို့၏ ကံကြမ္မာကို မိမိတို့ ဘာသာပြဌာန်းနိုင်ခွင့် ရှိသည်မှာ မိမိတို့၏ အချုပ်အခြာ အာဏာပိုင်ခွင့်၏ အနှစ်သာရပင် ဖြစ်သည်ဟု ကျွန်တော်ထင်သည်။

အမျိုးသား လွတ်မြောက်ရေး အင်အားမှာ မိမိတို့ကိုယ်ကို မိမိတို့ အားကိုး၍ မိမိတို့ အမျိုးသားအင်အား၊ မိမိတို့ လူထုအင်အားပေါ်၌



ရပ်တည်သည်ဟု ကျွန်တော် နားလည်သည်။

ယင်းသို့သော နိုင်ငံရေး ခံစားမှုဖြင့် ကျွန်တော်သည် ဂန္ထဝင်ဂျာနယ်ခေါင်းကြီးပိုင်းကို ရေးသားလိုက်ခြင်း ဖြစ်သည်။

(ဂ)

၁၉၅၃ မေလတွင် ထွက်သော ဂန္ထဝင်ဂျာနယ်အမှတ် ၂ တွင် ကျွန်တော်သည် ဖဆပလ အစိုးရ၏ တီစီအေ ဖြတ်တောက်ခြင်းကို ခေါင်းစဉ်အကြီးထား၍ ပြည်တော်သာမည့် နိမိတ်ဟူသော ခေါင်းစဉ်ကို ဒုတိယခေါင်းစဉ်ငယ် ထားခဲ့သည်။

ဖဆပလ အစိုးရသည် နိုင်ငံခြား ထောက်ပံ့ငွေအတွက် ဖြတ်တောက်သည့် အချက်ကို ကျွန်တော်က ကြိုဆိုသည့် သဘော ရေးလိုက်သည်။

၁၉၅၀ က ဖဆပလ အစိုးရသည် အီးစီအေဟု ခေါ်သော စီးပွားရေးပေါင်းစပ်မှု စာချုပ်တစ်ရပ် ချုပ်ဆိုရန် စိုင်းပြင်းခဲ့သည်။

ယင်းစာချုပ်မှာ အမေရိကန်နှင့် ပူးပေါင်းခြင်း စာချုပ် ဖြစ်သည်။

ယင်းစာချုပ်ပါ အချက်အလက်များကို ကျွန်တော် လေ့လာကာ ကျွန်တော်သည် လင်းယုန်ဂျာနယ်တွင် ဆန့်ကျင်သော ဆောင်းပါးတစ်စောင် ရေးခဲ့ဖူးသည်။

ယခုအခါ ဂန္ထဝင် ဂျာနယ်ခေါင်းကြီးတွင်ကား ဖဆပလ အစိုးရ၏ အမေရိကန်နည်းပညာ အကူအညီ ထောက်ပံ့ရေး စာချုပ် ဖြတ်တောက်ပယ်ဖျက်ခြင်းကို ကျွန်တော် ထောက်ခံကြောင်း ဖော်ပြသည့် သဘောပင်။ ယင်းခေါင်းကြီးထဲတွင် အမျိုးသား လွတ်လပ်ရေး၊ ညီညွတ်ရေး၊ ငြိမ်းချမ်းရေး စသော စကားလုံးများ ပါရှိနေသည်။

အမျိုးသား လွတ်လပ်ရေး ဆိုသည်မှာ မိမိတို့၏ အချုပ်အခြာ အာဏာပိုင်မှု ပြည့်စုံပီသ အားကောင်းရေးပင် ဖြစ်သည်။

ပြည်သူတို့သည် အခွင့်အရေးတန်းတူဖြင့် လွတ်လပ်မှုရှိနေခြင်း၊ မည်သည့် နိုင်ငံခြားကိုမှ မမှီခိဘဲ မိမိအမျိုးသား အင်အားပေါ်တွင် ရပ်တည်နေခြင်းတို့သည် အချုပ်အခြာ အာဏာပိုင်ခြင်း သဘောပင် ဖြစ်ပေသည်။

ယင်းတို့ အားကောင်းလျှင် ညီညွတ်ရေး ရှိမည်။ ညီညွတ်ရေး အားကောင်းမည်။ ညီညွတ်ရေးအင်အား ကောင်းလျှင် ငြိမ်းချမ်းသာယာ

www.burmeseclassic.com



မည်၊ စည်ပင်ဝပြောမည် ဖြစ်သည်။

ယင်းခံစားချက်ဖြင့် ကျွန်တော်ရေးလိုက်ခြင်း ဖြစ်သည်။ လွန်ခဲ့သော အနှစ် ၃၀ ကျော်က ကျွန်တော့်အမြင်ဟု ဆိုနိုင်သည်။

## တီစီအေဖြတ်ခြင်း ပြည်တော်သာမည့် နိမိတ်

ကူမင်တန်များ မြန်မာပြည်သို့ ကျူးကျော်မှုကိစ္စကို ကုလသမဂ္ဂ နိုင်ငံရေး ကော်မတီ၌ တင်သွင်း တိုင်တန်းမည်ရှိသောအခါ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရသည် 'တီစီအေ' ခေါ် အမေရိကန်ထောက်ပံ့ရေးကို ဆက်လက် မယူနိုင်တော့ဟု ဆိုလိုက်လေသည်။

အမေရိကန် မြန်မာစီးပွားရေး ပူးပေါင်းမှု စာချုပ် လက်မှတ်ရေးထိုးစဉ်ကတည်းက ဖဆပလ အစိုးရသည် တိုင်းပြည်အား တိုင်ပင်ခြင်းမပြု၊ အများဆန္ဒအား တောင်းခံခြင်း မပြုဘဲ လုပ်ခဲ့သည်ဖြစ်ရာ ယင်းသို့ တိုင်းပြည်လူထု၊ လူအများနှင့် ဆန့်ကျင် ပြုလုပ်ခဲ့သော ကိစ္စသည် ယခုအခါ ဘယ်မျှအထိ အမျိုးသားလွတ်လပ်မှုနှင့် ငြိမ်းချမ်းရေးကို အန္တရာယ်ပြုနေသည်ကို ဖဆပလ အစိုးရသည် ယခု သိမြင်သွားပြီး ဖြစ်ပေသည်။

အမျိုးသား လွတ်လပ်ရေးမှာ တော်လှန်ရေးခေတ်အဆက်ဆက်က လူထုတစ်ရပ်လုံး သွေးဖြင့် ရင်း၍ တည်ဆောက်ခဲ့ရသော လူထု၏ နိုင်ငံရေးအမွေအနှစ် ဖြစ်ပေရာ ယင်းအမွေအနှစ်ကို ထိပါးမှု မည်သည့်ကိုမျှ တိုင်းပြည်က လက်ခံနိုင်မည် မဟုတ်ချေ။

ပြည်တော်သာစီမံကိန်း ဟူရာ၌ အမေရိကန်ထောက်ပံ့ရေး ခေါ် လာငွေများနှင့် တိုင်းပြည် ပြန်လည်ထူထောင်ရေးအတွက် လုပ်ခြင်း ဖြစ်ပေရာ တစ်ဖက်က ငွေရနေသည်မှာ မှန်သော်လည်း တစ်ဖက်က ရသည့် ငွေများနှင့် မမျှအောင် ပင့်ကူမျှင်များဖြင့် ဖွဲ့နှောင်ရစ်ပတ်ချက်မှာ တိုင်းပြည်အဖို့ နစ်နာဆုံးရှုံးလှချေသည်။

နိုင်ငံရေးအမှားအမှန်ဟူရာ၌ တိုင်းပြည်၏ သဘောထား ဆန္ဒနှင့် ကိုက်ညီသော ကိစ္စသည် မှန်ကန်၍ တိုင်းပြည်၏ သဘောထားဆန္ဒနှင့် ဆန့်ကျင်သော ကိစ္စသည် မှားယွင်းပေသည်။



အဘယ်ကြောင့်ဆိုသော် တိုင်းပြည်လူထုသည် မိမိကိုယ်တွေ့ကောင်းကျိုးချမ်းသာ ငြိမ်းအေးသာယာသည့် ကိစ္စများကိုသာ ယုံကြည်၍ မိမိကိုယ်တွေ့ မအေးချမ်း မသာယာသော ကိစ္စများကို မလိုလားချေ။

လူထု၏ လိုလားချက်သည် အမြဲတမ်း မှန်ကန်သည်သာလျှင် ဖြစ်ပေသည်။ တိုင်းပြည်လူထုနှင့် ချီ၍ မှားသည်ဟု မရှိပေ။

လူတစ်စု၏ မှားခြင်းသာ ရှိသည်။ လူတစ်စုက မိမိ သဘောထားကို တိုင်းပြည်လူထုသဘောထားဟု အလွဲသုံးစားပြု၍ မှားခြင်းသည်ကား လူတစ်စု၏ နိုင်ငံရေးအမှား ဖြစ်သည်။ အမျိုးသား အမှား မဟုတ်ပေ။

အမှန်အားဖြင့် တီစီအေ ဖြတ်တောက်ခြင်းသည် အမေရိကန် ပင့်ကူအိမ်ထဲမှ ရုန်းထွက်ခြင်း တစ်ရပ်ပင်တည်း။

သို့သော် ယနေ့တိုင် ဖဆပလအစိုးရသည် အမေရိကန် ထောက်ပံ့ရေး ဖြတ်တောက်ခြင်းသာမက အခြား နာမည်နှင့် အခြား အသွင်သဏ္ဌာန်ဖြင့် မည်သည့် အမေရိကန်အကူအညီမျှ အလိုမရှိပေ။

နိုင်ငံတကာနှင့် ဆက်ဆံရာ၌ မိတ်ဆွေနှင့် ရန်သူကို ခွဲခြားရန်လိုပေသည်။ မိတ်ဆွေဟန်ဆောင်သူသည် ရန်သူထက် ဆိုးသည်ကိုလည်း သိမြင်ဖို့လည်း သတိချပ်အပ်သည်။

တိုင်းပြည်က အမေရိကန်ထောက်ပံ့ရေးကို အလိုမရှိသည်မှာ အခြားကြောင့် မဟုတ်၊ အမေရိကန် ထောက်ပံ့ရေး မရှိလျှင် မိမိ အမျိုးသား အင်အားပေါ်၌သာ အားကိုးကြရပေတော့သည်။

မိမိအင်အားကိုသာ အားကိုးခြင်းသည် လမ်းမှန်ကမ်းမှန် သဘာဝကျသော အားထုတ်မှုဖြစ်၍ လွတ်လပ်သော တိုင်းပြည်၏ ကြန်အင် ဖြစ်ပေသည်။

အမျိုးသား အင်အားကြီးမားလာလေ လွတ်လပ်ရေး စွမ်းအင်မှာလည်း ပို၍ ထက်မြက်တောက်ပလာလေ ဖြစ်ရပေသည်။

အမျိုးသားအင်အား ကြီးမားတောင့်တင်းအောင် မည်သို့ ပြုရပေမည်နည်း။

အမျိုးသား အင်အား တောင့်တင်းခိုင်မာရေးမှာ အမျိုးသား စည်းရုံးရေးပင် ဖြစ်ရာ အမျိုးသားများ စည်းလုံးညီညွတ်ကြသည်ဆိုလျှင် ပြည်တွင်းစစ်လည်း ရှိတော့မည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တစ်ပြည်လုံး ချမ်းသာလာကာ ပြည်တော်သာပေလိမ့်မည်။

[ဂန္ထဝင်ဂျာနယ်၊ အမှတ် ၂၊ မေ၊ ၁၉၅၃]

ယင်းခေါင်းကြီးကို ပြန်ဖတ်လိုက်သောအခါ ထိုအခါက ကျွန်တော့် ယုံကြည်ချက်ကို သတိပြုမိသည်။

ညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ကျွန်တော်၏ ယုံကြည်ချက်သည် ယခုတိုင် မပြောင်းလဲသေးပေ။

[ရွှေဝတ်မှုန်မဂ္ဂဇင်း၊ ၉၊ ၄၊ ၁၉၉၁။]

❁

## စာအုပ်ဈေးကွက်နှင့် စာဖတ်ပရိသတ်

မြန်မာဘုရင်များလက်ထက်က စာအုပ်ဈေးကွက်နှင့် စာဖတ်ပရိသတ်များ မရှိသေး။ သူ့ခေတ်နှင့်သူ။ ရှေးအင်းဝခေတ်က စာပေ ဖွံ့ဖြိုးသည်ဟု စာပေသမိုင်းဆရာတို့က မှတ်ထားခဲ့ကြသည်။ ရှင်မဟာရဋ္ဌသာရ၏ကိုးခန်းပျို့သည် နာမည်ကျော်ကြားလှသည်။

ကျွန်တော်တို့ မျက်မှောက်ခေတ် ရောက်သောအခါ စာပုံနှိပ်စက်တွင် ပုံနှိပ်ထားသော ကိုးခန်းပျို့ကို ကျောင်းတွင် သင်ကြားခဲ့ရသည်။ ရှေးအခါက ပုံနှိပ်စက်ဟူ၍လည်း မရှိ။ စာအုပ်ဆိုသည့် ဝေါဟာရလည်း မရှိ။ ပေပုရပိုက်ဟူသော ဝေါဟာရများသာ ရှိခဲ့သည်။ ပျို့ကဗျာ၊ လင်္ကာတို့ကို ယင်းပေပုရပိုက်တွင် မှတ်သားထားသည်။ စာပေမွေ့သူတို့သည် ယင်းပေပုရပိုက်တို့ဖြင့် လက်ဆင့်ကူးယူကာ ဖတ်ကြသည်။

ယင်းသို့ စာပေမွေ့သူ၊ ကဗျာလင်္ကာရေးသူတို့မှာ လူနည်းစုမျှသာ ဖြစ်လိမ့်မည်။ နန်းတွင်းတွင် မှူးမတ်၊ ပညာရှင်တို့က ရေးဖွဲ့ကြသည်။ ပျို့ကဗျာ၊ လင်္ကာတို့ကို ဖတ်ကြသည်။ အထက်တန်းစား မင်းစိုးရာဇာတို့က စာပေတွင် မွေ့လျော်သည်ဟု ဆိုနိုင်သည်။ ယနေ့ခေတ်နှင့် မတူ။

ယနေ့ခေတ်တွင်တော့ ပုံနှိပ်စက်များလည်း ရှိလာသည်။ စာအုပ်ထုတ်ဝေသူများလည်း ရှိလာသည်။ ပုံနှိပ်စက်တွင် ပွားထားသော စာအုပ်များကို စာဖတ်ပရိသတ်ဆိုသော သူတို့က ဝယ်ယူဖတ်ရှုနိုင်ကြပြီ။

ရှေးခေတ်က စာဖတ်ပရိသတ်ဟု ပြောရလောက်အောင်ပင် ထောင်နှင့်သောင်းနှင့် မရှိ။ ယနေ့ခေတ်၊ အရေးရှင်ခေတ်၊ ယခု လွတ်

www.burmeseclassic.com

www.burmeseclassic.com



လမ်သော စီးပွားရေးစနစ် (ဈေးကွက်စီးပွားရေးစနစ်ဟု ခေါ်နေကြပြန်ပြီ) တွင် စာအုပ်ဈေးကွက်များ ရှိနေကြပြီမှာ အမှန်ပင်။

(ခ)

ဘောဂဗေဒ ပညာရှင်တို့က စားသုံးသူ လူ့အဖွဲ့အစည်းဟု ခေါ်ခဲ့ကြသည်။ စားသုံးသူဟူသည်မှာ စားဝတ်နေရေးတွင် လူသုံးကုန် ပစ္စည်းများကို ဝယ်ယူသူဟု အဓိပ္ပာယ်ရသည်။ စာပေတွင် စားသုံးသူဟု မခေါ်သော်လည်း စာဖတ်သူတို့ ရှိနေသည်။ စာအုပ်ဈေးကွက်တွင် စာဖတ်သူတို့က လူသုံးကုန်ပစ္စည်းကဲ့သို့ ဝယ်၍ ဖတ်ကြသည်။

ရှေးကကဲ့သို့ ပေပုရပိုက်တွင် ကူး၍ စာပေကို မွေ့လျော်ကြသည့် ခေတ်မဟုတ်။ ပုံနှိပ်စက် နည်းပညာကလည်း တစ်နေ့ထက် တစ်နေ့ ဆန်းသစ်တီထွင်လာကြသည်၊ လက်ထိုးပုံနှိပ်စက်ခေတ်၊ အလိုအလျောက် စက္ကူသယ်ယူသော ခေတ်မှ အော့ဖ်ဆက်ဟု ခေါ်သော ခေတ်မီစက်များ ရှိလာပြီး ခဲစာလုံးဘက်တွင် လက်ဖြင့် နှိုက်၍ စီသော ခေတ်မှ ခလုတ်တွင် နှိပ်သော ကွန်ပျူတာ စာစီခေတ်သို့ ရောက်နေပြန်ပြီ။ တစ်ခေတ်ထက် တစ်ခေတ် ဆန်းသစ်လာကြပြီ။ စာအုပ်ဈေးကွက်ကလည်း ကျယ်လာသည်။ စာဖတ်ပရိသတ်ကလည်း ကျယ်လာသည်။

ခေတ်ပြိုင် အခြင်းအရာတို့ကလည်း စုံလင်များမြောင် ရှုပ်ထွေးလာသည်။ ရေးဖွဲ့စရာ အကြောင်းတွေက ပတ်ဝန်းကျင်တွင် ဒုနှင့်ဒေး ဖြစ်လာသည်။ ထိုအခါ ပတ်ဝန်းကျင်တွင် ဖွဲ့နွဲ့သော၊ ခေတ်ပြိုင်ခံစားမှုကို ဖွဲ့နွဲ့သော ဝတ္ထုတို့ကလည်း စာဖတ်ပရိသတ်တို့၏ နယ်ကို ချဲ့ထွင်ပေးလိုက်သည်။

စာဖတ်စ လူငယ်တို့သည် ဝတ္ထုဖတ်ကြသည်။ ထိုစဉ် အချစ်ဝတ္ထုဖတ်ချင်ကြသည်။ ထိုအခါ ပရိသတ်အကြိုက်ကို လိုက်ရေးသော အများကြိုက်စာပေဟု စာပေသမိုင်းဆရာတို့အခေါ် အချစ်ဝတ္ထုတို့မှာ စောင်ရေ များစွာ ထုတ်ဝေခဲ့ရသည်။

စောင်ရေများစွာ ထုတ်ဝေသော စာပေကို အများကြိုက် စာပေဟု သမိုင်းဆရာတို့က ရေးကြသည်။ နိုင်ငံတိုင်းတွင် ရှိသည်။ ယနေ့ခေတ်တွင် စီးပွားရေးရာ ဂျာနယ်၊ မဂ္ဂဇင်းတို့က ဂီတ၊ ကက်ဆက်ခွေ အရောင်းအတွင်ကျယ်ဆုံးကို ဇယားများဖြင့် ပြလာကြသည်။



ဝတ္ထု စာဖတ် ပရိသတ် အကြိုက်တို့ကိုလည်း ဇယားဖြင့် ဖော်ပြကြသည်။ အများကြိုက် စာပေ၏ ဇယားပြကားချပ်ကို ဖော်ပြခြင်း ဖြစ်သည်။ တစ်နည်းဆိုရသော် ဈေးကွက်ဝင် စာပေဟု ပြောလျှင် ရမည်ထင်သည်။

(ဂ)

အများကြိုက် စာပေ၊ အများကြိုက် ဝတ္ထုဆိုသည်မှာ စာဖတ်စ၊ စာပေတွင် ဝင်ရောက်စ ပရိသတ်ကို အရောင်းသွက်စေသော ဈေးကွက်ဝင် စာပေဖြစ်သည်။ ယင်းသဘောကို ယူ၍ စာဖတ်ပရိသတ်သည် ဝတ္ထုရေးဆရာ၊ စာရေးဆရာကို ဩဇာပေးနိုင်သလော၊ လွှမ်းမိုးနိုင်သလောဟု မေးခွန်းထုတ်စရာ ပေါ်လာတတ်သည်။ သို့မဟုတ် စာဖတ်ပရိသတ်က စာရေးဆရာကို ပြုပြင်ဖန်တီးသည်ဟူ၍ ပြောနိုင်သလော၊ စူးစမ်းစရာပင်။ သို့သော် စာဖတ်ပရိသတ်ဆိုသည်မှာ တစ်သမတ်တည်း အများကြိုက် စာပေ၊ စိတ်ကူးယဉ်စာပေကို ဖတ်နေသော စာဖတ်ပရိသတ်ဟု တစ်ထစ်ချ တွက်ဆ၍ မရနိုင်။ အရွယ်ရောက်စ၊ စာဖတ်စ၊ စာဖတ်ပရိသတ်သည် သူ့ထုထည်နှင့် သူ ရှိသည်ကား မှန်သည်။ သို့သော် စာဖတ်ပရိသတ်တို့သည် စာပေခံစားမှု၌ တစ်သမတ်တည်း ရှိနေသည်မဟုတ်။ ပြောင်းလဲနေသည်။ ပထမတော့ အများကြိုက်စာပေကို ဖတ်သည်။

နောင်အခါ အများကြိုက်စာပေ မဟုတ်တော့ဘဲ ရင့်ကျက်သော ဝတ္ထုများကို ပြောင်းလဲ၍ ဖတ်လာတော့သည်။ သူသည် ရင့်ကျက်သော စာပေများကို ဖတ်၍ သူ့နောက်တွင် စာဖတ်ပရိသတ်များက တိုးပွားလျက်ရှိသည်။ ယင်းစာဖတ်စ ပရိသတ်သည် သူငယ်စဉ် အရွယ်ရောက်စကဲ့သို့ပင် အများကြိုက် ဝတ္ထု၊ အများကြိုက် စာပေကို ဖတ်ခြင်းဖြင့် စာဖတ် ဝါသနာ ရင့်သန်လာရသည်။

ထို့ကြောင့် အများကြိုက်စာပေ၊ အများကြိုက် စာဖတ်ပရိသတ် ဆိုသည်မှာ အမြဲတမ်း လှည့်လည် ပြောင်းလဲလျက် ရှိသည်ဟု ဆိုနိုင်သည်။ အချို့က နစဉ်တုန်းက ကြိုက်တဲ့ ဝတ္ထုတွေပါဟု ပြောတတ်ကြသည်။

အများကြိုက် မဟုတ်သော ဝတ္ထု၊ အများမကြိုက် မဟုတ်သော စာပေသည်လည်း အများကြိုက်စာပေနှင့် တစ်ပြိုင်နက် တည်ရှိ လှုပ်ရှား

www.burmeseclassic.com



လျက် ရှိပေသည်။ အများကြိုက် စာပေလောက်၊ အများကြိုက် ဝတ္ထုလောက် စောင်ရေ မများသော်လည်း သူ၏ ပရိသတ်နှင့် သူတည်တံ့နေသော စာပေမွေ့သူ အသိုင်းအဝိုင်းလည်း ရှိနေပြန်သည်။ စာပေပရိသတ်သည် ပြည်သူ၏ အစိတ်အပိုင်း ဖြစ်သည်။

စာဖတ်သော ပြည်သူဟု ပြောလျှင်လည်း ရမည်ထင်သည်။ သူတို့သည် လူ့အဖွဲ့အစည်းကြီး၏ တစ်စိတ်တစ်ဒေသ ဖြစ်သဖြင့် ခေတ်ပြိုင် လူ့အဖွဲ့အစည်းကြီး၏ ရုပ်ပုံကားချပ်ကို ဖွဲ့နွဲ့ရေးခြယ်တတ်ကြသည်။

လူ့အဖွဲ့အစည်းကြီးသည်လည်း သမိုင်းခေတ် တစ်ခေတ်နှင့် တစ်ခေတ် တစ်ပြေးတည်း တူညီကြသည် မဟုတ်။ ပြောင်းလဲလျက်ရှိသော သမိုင်းခေတ်များအလိုက် ပြောင်းလဲလျက် ရှိသည်။

ယင်းသို့ ပြောင်းလဲလျက်ရှိသော ခေတ်ပြိုင်ခံစားမှုကို ဖွဲ့နွဲ့ဖော်ပြသော စာပေသည် သမိုင်းအဆက်ဆက်တွင် တည်ရှိနိုင်သည်ဟု အဆိုရှိသည်။ သို့ဖြစ်ရာ စာပေကို အတည်ပြုသည်ကား ခေတ်ပြိုင်လူ့အဖွဲ့အစည်းကြီးဟု ဆိုရပေမည်။

စာပေတစ်ရပ် ပြောင်းလဲရေးတွင် ဘာသာရပ်များစွာ ရှိနေသည်။ ယင်းသို့ ပြောင်းလဲရာတွင် စာပေ အတွေးအခေါ် စိတ်ကူးတွင် ပြောင်းလဲသလော၊ သို့မဟုတ် စာပေအဖွဲ့အနွဲ့၊ စာပေပုံသဏ္ဌာန်တွင် ပြောင်းလဲသလော ဝေဖန်စရာများက ရှိနေသည်။

[ရွှေဝတ်မှုန်၊ အတွဲ ၄၊ အမှတ် ၇၊ ဒီဇင်ဘာလနှင့် ဇန်နဝါရီလ၊ ၁၉၉၃]

❁

## စာပေသမိုင်းခေတ်နှင့် ပြည်သူ့ပညာရေးစနစ်

သမိုင်းခေတ်များသည် ပြောင်းလဲလျက် ရှိသည်။ ငယ်စဉ်ကျောင်းသားဘဝကတော့ သမိုင်းခေတ်ကို စာအုပ်ထဲတွင်သာ ဖတ်ဖူးသည်။ စာအုပ်ထဲမှ အသိသာလျှင် ဖြစ်သည်။ စာမေးပွဲအောင်ရန်အတွက် ပြဋ္ဌာန်းထားသော စာများကို ကျောင်းသုံး စာအုပ်ထဲမှ ကျက်မှတ်ပြီး စာမေးပွဲ ဖြေကြရသည်။ စာအုပ်ထဲက အချက်နှင့် ကိုက်ညီလျှင် အမှတ်များများ ရသည်။ ထိုအခါက ကျွန်တော် ဆယ်ကျော်သက်အရွယ်။ ထိုအခါကတော့ သမိုင်းဟူသော စကားလုံးကို မသုံးမဖြစ် သုံးသည်။ ဘုရားသမိုင်း သိုက်သမိုင်း စသည်များဖြင့်သာ သုံးသည်။

ထိုအခါက ဒုတိယကမ္ဘာစစ်မတိုင်မီ ၁၉၃၀– ၄၀ ဆိုပါတော့။ ဆယ်စုနှစ် ခေတ်ကာလ၊ နောင်အခါ ရာဇဝင်စာအုပ် (ဝါ) သမိုင်းစာအုပ်များကို ဖတ်သောအခါ၊ ဆောင်းပါးများကို ဖတ်သောအခါ အင်္ဂလိပ်ကိုလိုနီဟူသော စကားလုံးကို နားလည်ခဲ့သည်။ စာအုပ်ထဲမှာ မဟုတ်။ ကိုယ်တိုင် ထိတွေ့သိရှိသော အသိဟု ဆိုရမည်။

အသက်အရွယ်အလိုက်၊ ဘဝ၏ အတွေ့အကြုံအလိုက် အသိ၏ အတိုင်းအတွာတော့ ရှိနေပေမည်။ အချိန်ကာလ ဆိုသည်ကတော့ ရပ်တန့်နေမည် မဟုတ်။ ရာဇဝင်ဘီးသည် လည့်လည်လျက် ရှိသည်၊ သမိုင်းဘီးကြီး လိမ့်နေသည်ဟု ဆိုသည်။ ထိုအခါ ကျွန်တော်တို့သည် မိမိတွေ့ကြုံလာသော ခေတ်များ ကျော်ဖြတ်ပြီးနောက် သမိုင်းခေတ်ကို ခံစားကိုခံစား သိရှိလာခဲ့ရသည်။ စာအုပ်ထဲတွင် ပါရှိသော သမိုင်းခေတ်သာမကဘဲ မိမိကိုယ်တိုင် သိရှိခံစားရသော သမိုင်းခေတ်ကို မျက်ဝါးထင်ထင်

www.burmeseclassic.com

www.burmeseclassic.com



သိရှိလာခဲ့ရပေသည်။ ယင်းသို့သော အတွေ့အကြုံဖြင့် သမိုင်းခေတ်ကို ကျွန်တော်တို့သည် နားလည်နေကြပြီ။

ကိုလိုနီခေတ်ကို စတင် သိရှိခဲ့ရသည်။ ထို့နောက် ဂျပန်ခေတ် စစ်ခေတ်၊ ထို့နောက် လွတ်လပ်ရေး ကြိုးပမ်းမှု နှစ်ကာလခေတ်။ ထို့နောက် ၁၉၄၈ အချုပ်အခြာ အာဏာပိုင်သော လွတ်လပ်ရေး ရရှိပြီဟု ကြေညာသောခေတ် တစ်ခေတ်သို့ ရောက်ပြန်သည်။ သမိုင်းဆရာတို့က တော့ လွတ်လပ်ခါစ အမျိုးသား နိုင်ငံတော် စတင် တည်ဆောက်ဖွဲ့စည်းသော ခေတ်ဟု ဆိုကြသည်။ ဤခေတ်သည်လည်း နရာမှ ရင့်လာရသည်။

စာပေသည်လည်း ယင်းသို့သော သမိုင်းခေတ်များနှင့် အတူ တွဲလျက် ရှိသည်။ ကျွန်တော်၏ ကိုလိုနီခေတ် ကျောင်းသားဘဝမှာ အာရှစစ်ကြီး မြန်မာပြည်သို့ ရောက်လာချိန် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်၏ ပညာရေးစနစ်မှာ ကိုလိုနီခေတ် ပညာရေးစနစ်ဖြစ်ပေသည်။ ကျွန်တော်သည် အမျိုးသားကျောင်းတွင် နေခဲ့သည်။ ကျွန်တော်၏ စာပေ အဖွဲ့အစည်းသည်လည်း ယင်းကိုလိုနီခေတ် ပညာရေးစနစ်နှင့် ဆက်စပ် နေသည်ဟု ဆိုနိုင်သည်။ သို့သော် ကျွန်တော် ကျောင်းသုံး စာအုပ်ထဲ တွင်သာ နစ်မြုပ်နေသည် မဟုတ်။ ကျောင်းနံရံပြင်ပ ပညာရေးဟုခေါ် သော ပြင်ပစာပေနှင့်လည်း ထိတွေ့သဖြင့် ကျွန်တော်၏ ပညာရေး အခြေခံ၊ ယဉ်ကျေးမှု အခြေခံဖြင့် ထည့်တွက်ရပေမည်။

ကျွန်တော်တို့ ကျောင်းတွင် မြန်မာဘာသာရပ် ပြဋ္ဌာန်းသော စာအုပ်တွင် စကားပြေနှင့် ကဗျာပါရှိသည်။ ၈ တန်းလောက်ရောက်သော အခါ ပို့ရတု စသော ကဗျာလင်္ကာများ သင်ကြားရသည်။ ယင်းကျောင်း တွင် သင်ကြားရသော ပို့ရတုလင်္ကာ (ဝါ) ဂန္ထဝင်ကဗျာများကို နှစ်သက် ပြီး ကျောင်းပြဋ္ဌာန်းချက် မဟုတ်သော ကဗျာစာအုပ်များ လစဉ် ဖတ်ရ သည်။

ထိုအခါက သတင်းစာတိုက်များ၊ စာအုပ်တိုက်များက သူတို့ တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြေညာသည်။ မဂ္ဂဇင်းများထဲတွင် လည်း ကြော်ငြာသည်။ ယင်း ကြော်ငြာစာကို ဖတ်၍ စာတိုက်မှ ကျွန် တော် မှာယူသည်။ စာအုပ်ရောက်လျှင် ငွေဖြင့် ရွေးရသော စနစ်ဖြင့် ဖြစ်သည်။

ထိုအခါကပင် ကျွန်တော်သည် သုဘောတလင်္ကာရကျမ်း၊ ဆန်း



အလင်္ကာနိဿယအနက် စသော စာအုပ်များကို ဘာ၍ ဖတ်ရှုသည်။ ကျောင်းတွင် ကဗျာစပ်နည်း စာအုပ်ကိုတော့ ပြင်ပအနေဖြင့် ဖတ်ရသည်။ သို့သော် ကျွန်တော် အားမရ၍ ယင်းကြော်ငြာပါ ကဗျာနှင့် သက်ဆိုင်သော ကျမ်းများကို မှာဖတ်ခြင်း ဖြစ်သည်။ ပါဠိအဘိဓာန်စာအုပ် သုံးရသည်။ ဂန္ထဝင်ကဗျာတွင် ပါဠိက လွှမ်းမိုးထားသည်ဟု ကျွန်တော် ထင်သည်။

ပါဠိအဓိပ္ပာယ် မသိလျှင် ကဗျာအဓိပ္ပာယ် ကောက်ယူရန် မ လွယ်။ နားလည်ရန် မလွယ်။ ပါဠိအပြင် ပေါရာဏဟူသော ရှေးသုံး စကားလည်း ပါသည်။ ယင်းရှေးသုံး စကားလုံးကို မိမိ၏ ဉာဏ်ဖြင့် တွေးယူ၍ မရ။ ထိုအခါ အဘိဓာန်စာအုပ် မှာရပြန်သည်။ ကြော်ငြာ၍ ရောင်းသော ဦးကျော်လှ သံချိုစာအုပ် မှာရသည်။ ပါဠိအဘိဓာန်မှာ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ပြုစုသော အဘိဓာန်၊ သုဘောတလင်္ကာရ ကျမ်းမှာ ကျွန်တော် မှတ်မိသလောက် စာအုပ်က အရွယ်ကြီး ဖြစ်သည်။

ကျွန်တော်က တစ်ခုခုကို စိတ်ဝင်စားတတ်သည်။ စိတ်ဝင်စား မိပြီဆိုလျှင် ကျကျနန သိချင်သည်။ ထို့ကြောင့် ယင်းသို့ စာအုပ်များကို ကျောင်းသုံးစာအုပ် မဟုတ်ဘဲ (ဝါ) နံရံပြင်ပ ပညာရေး သဘောအဖြစ် လေ့လာခြင်းမျှသာ။ ဘုန်းကြီးကျောင်းများတွင် ဆန်းလင်္ကာ သင်ကြားသည် ကို ကျွန်တော် သိသည်။ ကျွန်တော်က မြို့ပေါ်တွင် ခင်မင်သော ဘုန်းတော် ကြီး မရှိ။ တောကျောင်းဆရာတော်ထံမှ မေးရမြန်းရသည်။

မလုံလောက်၍ ကျွန်တော်သည် ယင်းဆန်းလင်္ကာစာအုပ်များ မှာယူရသည်။ ယနေ့ခေတ်တွင်တော့ ယင်းပညာရပ်ကို ရသပညာ၊ အလှ ဗေဒ၊ ခံစားမှုဗေဒ စသည်ဖြင့် ဖော်ပြနေကြသည်။ ကျွန်တော်က ဆယ် ကျော်သက်အရွယ်ကတည်းက အဆန်းအသစ်ကို စိတ်ဝင်စားသည်။

မယ်ဒလင်တီးစဉ်က ကျွန်တော် စမ်း၍ တီးသည်။ တီးကွက် အသစ်များကို ရှာတတ်သည်။ အစပထမတော့ ဂန္ထဝင်စာရှုပ်ထဲမှ၊ ထို့ နောက် ကျွန်တော် အသစ်များ ရှာစပြုလာသည်။

၁၉၃၈ တက္ကသိုလ်ရောက်သောအခါ ကျွန်တော်၏ စာပေလေ့ လာမှု၊ ခံစားမှု ကျယ်ပြန့်လာသည်ဟု ဆိုရပေမည်။

ယင်းသို့ဖြစ်လျှင် ကျွန်တော်၏ စာပေ အခြေခံ၊ ယဉ်ကျေးမှု အခြေခံသည် ကိုလိုနီ ပညာရေးစနစ်ဟု ဆိုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



(ခ)

တိုင်းပြည်တစ်ပြည်၏ ပညာရေးစနစ်သည် ယင်းတိုင်းပြည်နေပြည်သူတို့အား ပညာရေးရာအားဖြင့်၊ ယဉ်ကျေးမှုရေးရာအားဖြင့် ဩဇာသက်ရောက်သည်မှာ အမှန်ပင်။ မည်မျှအထိ သက်ရောက်သည်။ မည်သို့သက်ရောက်သည်ဟု အသေးစိတ် လေ့လာခြင်းတော့ မရှိခဲ့ပေ။ ကျောင်းပညာရေးစနစ်သည် ငယ်ရွယ်စဉ် မူလတန်းကျောင်းသို့ စတင်သင်ကြားသည်က စ၍ သက်ရောက်သည်ဟု အကြမ်းအားဖြင့် ဆိုနိုင်သည်။

၅ နှစ်အရွယ်က စ၍ မူလတန်းကျောင်းသို့ သွားကြရသည်။ ကျောင်းကတော့ အမျိုးမျိုး ရှိသည်။ ကျောင်း၏ ပညာရေးစနစ်ကလည်း တစ်ပြည်လုံး သတ်မှတ်သကဲ့သို့ တစ်ပြေးတည်း တစ်ထပ်တည်း ရှိသည်ဟူ၍ကား မပြောနိုင်။ သင်ကြားသော ကျောင်းဆရာတို့အပေါ် တည်သည်ဟု ပြောနိုင်သည်။

ကိုလိုနီခေတ် ကျောင်းသားများအနက် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ရှိ၍ နောင်အခါ အမျိုးသားလွတ်လပ်ရေးခေါင်းဆောင်များ ဖြစ်သွားကြသူများလည်း ရှိခဲ့သည်။ သူတို့သည် ကိုလိုနီပညာရေးစနစ်ဖြင့် သင်ကြားတတ်မြောက်သူများ ဖြစ်သည်ကို အထင်အရှား တွေ့နိုင်သည်။ ကိုလိုနီခေတ် ကာလပင် ကိုလိုနီပညာရေးစနစ်ဖြင့် ကြီးသူတိုင်းသည် အမျိုးသား လွတ်လပ်ရေးခေါင်းဆောင်များ ဖြစ်ကြသည်ဟု မဟုတ်ပေ။ အမျိုးသား လွတ်လပ်ရေး လှုပ်ရှားမှုတွင် မပါဘဲ အစိုးရ အမှုထမ်းဖြစ်သူက များသည်။ အနဂ္ဂ များပြားလှသည်။ ယင်းအမျိုးသားခေါင်းဆောင်များမှာ အတိဇာတသားများဟု ဆိုနိုင်သည်။

ကျွန်တော်သည် အစိုးရကျောင်းများတွင် ပညာမသင်ခဲ့ဘူး၍ ကိုလိုနီခေတ် အစိုးရပညာရေး ကျောင်းတွင် ရှိသော စိတ်ဓာတ်ကို ကောင်းစွာ မသိပေ။ ကျွန်တော်သည် ၁ တန်းမှ စ၍ ၁၀ တန်းအထိ အမျိုးသားကျောင်းတွင် ပညာသင်ကြားခဲ့ဖူးသည်။ အမျိုးသားကျောင်းများကတော့ ထိုခေတ်ထိုအခါကပင် လွတ်လပ်ရေး စိတ်ဓာတ်ရှိသူများ ဖြစ်ကြသည်မှာ အထင်အရှားပင်။ သူတို့၏ စိတ်ဓာတ်ကို ဖန်တီးသော အရာများမှာ ကျောင်းစာအုပ်များ၊ ကျောင်းပညာရေးစနစ် တစ်ခုတည်းသာ မဟုတ်ပေ။ ကျောင်းနံရံပြင်ပ စာပေ (ဝါ) ကျောင်းနံရံပြင်ပ သမိုင်းခေတ် အတွေ့



အကြုံတို့ကလည်း များစွာ ဩဇာသက်ရောက်သည်ကို တွေ့နိုင်သည်။

ထို့ကြောင့် ကျွန်တော်ပညာရေးစနစ် ပြောရာတွင် ကျွန်တော်သည် ပညာရေးရာတွင် နားလည် ကျွမ်းကျင်သူ မဟုတ်ပေ။ ယေဘုယျအားဖြင့် ပြင်ပက လေ့လာသည့် သဘောမျှသာ ဖြစ်သည်ကို ပြောထားရန် လိုပေသည်။

ကျွန်တော်တို့၏ စာပေဗီဇသည် ကိုလိုနီခေတ် ပညာရေးစနစ်အောက်တွင် ဖြစ်ပေါ်ခဲ့သည်ကား အမှန်ပင်။ ယင်းကျောင်းများတွင် သင်ကြားရသော မြန်မာစာပေသည်လည်း အခြေခံဟု ဆိုနိုင်သည်။

သို့သော် ကျွန်တော် ၁၀ တန်းနှစ်တွင် အမျိုးသားကျောင်းတွင် မနေ။ ရန်ကုန်သာသနာပြုကျောင်း တစ်ကျောင်းတွင် နေ၍ ယင်းကျောင်း၏ သက်ရောက်မှုကတော့ ကျွန်တော့်အပေါ် မသက်ရောက်နိုင်ဟု ယူဆသည်။

အရေးကြီးသည်က တက္ကသိုလ်ပညာရေးသည် တက္ကသိုလ်ရောက်သည့်အခါ အရွယ်ကလည်း ဆယ်ကျော်သက်၊ ဆယ်ကျော်သက်ထက် ကျော်လွန်သော အရွယ်၊ ဉာဏ်ပညာအတွေ့အကြုံ၊ ပြင်ပပတ်ဝန်းကျင် အတွေ့အကြုံတို့ကလည်း နက်ရှိုင်းကျယ်ဝန်းလာသော အရွယ်လည်း ဖြစ်နိုင်သည်။ ထို့ကြောင့် တက္ကသိုလ်ပညာရေးသည် အရေးကြီးသည်ဟု ဆိုရမည်။

သာမန်အားဖြင့် ကြည့်လျှင်တော့ တက္ကသိုလ်ပညာရေးသည် ရသ ဖန်တီးမှုကို ဖွံ့နွဲ့သော အလုပ်နှင့် မသက်ဆိုင်ဟု ဆိုနိုင်သည်။ စာပေ ဖွံ့နွဲ့မှု (ဝါ) ကဗျာဖွံ့နွဲ့မှုသည် ခံစားမှုကသာလျှင် စီးဆင်းလာသော ကိစ္စကတော့ မှန်သည်။ စာပေရေးရာ အယူအဆများ၊ စာပေဝိုင်းနှင့် ပတ်သက်သော အခါများတွင်ကား သူ၏ အခြေခံပညာရေးနှင့် သက်ဆိုင်လေမလားဟု ကျွန်တော်တို့သည် ကျွန်တော်နှင့် ခေတ်ပြိုင် စာပေရေးသား ဖွံ့နွဲ့သူများနှင့် ကျောင်းတွင် စားရင်းသောက်ရင်း ပြောဆိုရင်း သိနေသည်။ သို့သော် နောင်အခါ ကျွန်တော်သည် ခေတ်ပြိုင် စာပေများကို အကဲဖြတ်ကြည့်လိုက်သောအခါ ယင်း ဒုတိယမျိုးဆက်၊ တတိယမျိုးဆက် လူငယ်များ၏ ပညာရေး အခြေခံကို ကောင်းစွာ မသိဆိုနိုင်သည်။

အထူးသဖြင့် တတိယမျိုးဆက် လူငယ်များနှင့် ကဗျာအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောကြည့်သောအခါမှ သူတို့၏ အတွေးအခြေခံ၊ သူတို့၏ ပညာရေး နောက်ခံကား၊ ယဉ်ကျေးမှု နောက်ခံကားတို့ကို ကောင်းစွာ မသိသည်ကို တွေ့ကြုံနေရသည်။

(ဂ)

ကျွန်တော် ဆယ်ကျော်သက်အရွယ်က တစ်နည်းဆိုရသော် ကိုလိုနီခေတ်ကာလက ဖြတ်သန်းခဲ့သော စာပေခေတ်မှာ ဝံသာနုစာပေ ခေတ်နှင့် ခေတ်စမ်း စာပေခေတ် ဖြစ်နေသည်ကို တွေ့ရသည်။ ဝံသာနု စာပေခေတ်ဆိုသည်မှာ အခြားမဟုတ်။ ၂၀ ရာစုနှစ်အစလောက်က အမျိုးသား လွတ်လပ်ရေး လှုပ်ရှားမှု စတင်စဉ် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ စာပေများကို အခြေခံ၍ ဝံသာနု စာပေဟု အမည်ပေးရခြင်း ဖြစ်သည်။ ဆရာကြီးမှာ ကိုယ်တိုင်ပင် လူထု လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်သူဖြစ်၍ ယင်းအမျိုးသား လွတ်လပ်ရေး၊ လူထုလှုပ်ရှားမှုမှ ထင်ဟပ်သော ဆရာကြီး၏ အဖွဲ့အနွဲ့များကို စံထား၍ သတ်မှတ်လိုက်ရခြင်း ဖြစ်သည်။

ခေတ်စမ်းစာပေဆိုသည်ကတော့ ခေတ်ပညာတတ် တက္ကသိုလ်ကျောင်းသား မှူးပွင့်စ လူငယ်တို့က စာပေအဆန်းအသစ် စတင် ဖွဲ့နွဲ့သည့် စာပေကို ဆိုလိုခြင်း ဖြစ်သည်။

[စာပေဂျာနယ်၊ ၁၉၊ ဖေ၊ ၁၉၉၅။]

❁

# အခန်း (၂)
## စာပေသဘောတရား

လှိုင်းဂယက် ထကြွချိန်
အာရုံခံစားမှုနှင့် ရမ္မက်ပုံသဏ္ဌာန်
လှိုင်းဂယက်၏ အရှိန်
ပုံတင်သံဂယက်
စာပေဝေဖန်ရေးနှင့် သဘောတရား

www.burmeseclassic.com

www.burmeseclassic.com

# လှိုင်းဂယက် ထကြွချိန်

စစ်ပြီးစ လွတ်လပ်ရေး မရခင်နှင့် ရပြီးစ ခေတ်ကာလ၊ ဆယ်စုနှစ်မှာ လမ်းဆုံလမ်းခွသို့ ရောက်နေသော ကာလပိုင်း ဖြစ်သည်ဟု ထင်မိပေသည်။ လှိုင်းဂယက် အထကြွဆုံး၊ အလှုပ်ရှားဆုံးကာလ ဖြစ်သည်ဟု ခံစားမိသည်။

လှိုင်းဂယက်တို့အကြောင်းမဲ့ ထကြွနေသည် မဟုတ်။ အမျိုးသား လွတ်မြောက်ရေး တော်လှန်ရေး လှုပ်ရှားမှု လမ်းကြောင်း တစ်လျှောက်တွင် ကဏ္ဍအဆင့်များကို ကျော်ဖြတ်လာခဲ့ကြရသည်။ မြန်မာဘုရင်မင်းဆက် ပြုတ်ကျခါစ၊ ၁၉ ရာစုကုန်ခါနီးတွင် လက်နက်ကိုင် တိုက်ပွဲများ ကြိုကြားဖြင့် ကိုလိုနီစနစ်ကို ခုခံကြသည်။ ထို့နောက် ၂၀ ရာစုနှစ်အစပိုင်းတွင် ဝံသာနု အမျိုးသား လှုပ်ရှားမှု (ဝါ) ဒီမိုကရေစီ လူထု လှုပ်ရှားမှုများ ပေါ်ပေါက်လာကြသည်။ ထိုအခါက ဆောင်ပုဒ်မှာ အမျိုး၊ ဘာသာ၊ သာသနာ။ ၁၉၂၀ တွင် ယင်း လှုပ်ရှားမှုအား အရှိန်လျှော့လာပြီး ၁၉၃၀ ဝန်းကျင်တွင် တို့ဗမာအစည်းအရုံး ပေါ်ပေါက်လာခဲ့သည်။ ဆောင်ပုဒ်မှာ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား၊ ဗမာပြည်သည် တို့ပြည်။ ၁၉၃၆ တွင် ဒုတိယကျောင်းသားသပိတ်ပေါ်၍ ကျောင်းသား သမဂ္ဂ ပေါက်ဖွားလာကာ တို့ဗမာ အစည်းအရုံးနှင့် လက်တွဲမိကြပြီး၊ ၁၃၀၀ ပြည့် အရေးတော်ပုံတွင်ကား အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ လူငယ်ပညာရှင်တို့ ညီညွတ်သွေးစည်းသော အားသစ်တစ်ရပ် ဖြစ်ထွန်းလာခဲ့သည်။ ယင်း တို့ဗမာအစည်းအရုံးနှင့် ကျောင်းသားသမဂ္ဂမှ ခေါင်းဆောင်တို့သည် ဆိုရှယ်လစ်ဝါဒ၊ မာ့က်စ်ဝါဒ စသော ခေတ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေး သဘောတရားတို့ကို လေ့လာကြသည်။ သခင်အောင်ဆန်း ဆောင်းပါးအချို့ကို ကြည့်လျှင် သိနိုင်သည်။ ယင်း အမျိုးသား လွတ်မြောက်ရေး ရေစီးကြောင်းကြီး၏ အဟုန်သည် စစ်ပြီးစတွင် အရှိန် ကောင်းကောင်းဖြင့် စီးဆင်းခဲ့သည်ဟု ဆိုရမည်။ ယင်းသို့ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုမှ မြစ်ဖျားခံလာခဲ့သော ရေစီးကြောင်းကြီးသည် (ယင်း နိုင်ငံရေး ရေစီးကြောင်းကို လက်ဝဲရေစီးကြောင်းခေါ်ခေါ်၊ ဆိုရှယ်လစ် ရေစီးကြောင်းခေါ်ခေါ်) လွတ်လပ်ရေး တံတားဝသို့ ရောက်လာချိန်တွင် ကျွန်တော်သည် စာပေသစ်ဟူသော ဆောင်ပုဒ်ဖြင့် တာရာမဂ္ဂဇင်းကို ထုတ်ဝေဖြစ်ခြင်း ဖြစ်သည်။ လက်ဝဲ၊ လက်ျာ၊ ကွန်မြူနစ်၊ ဆိုရှယ်လစ် စသော စကားလုံးများဖြင့် ပြောဆိုဝေဖန်ကာ ပြိုင်ဆိုင်နေကြသော အခါ ဖြစ်သည်။

လက်ဝဲ၊ လက်ျာ (ဆိုကြပါစို့။) လှိုင်းဂယက်မှာ စာရေးဆရာ အသင်းဟူသော အဖွဲ့အစည်းကြမ်းပြင်တွင် ထင်ဟပ်သည်ဟု ကျွန်တော် ဖော်ပြခဲ့သည်။ စာပေ အယူအဆ ငြင်းခုံကြခြင်းဖြင့် စာရွက်ပေါ်တွင်သာ 'တိုက်ပွဲ' ရှိမည်ဟု ထင်ခဲ့သည်။ စာရေးဆရာ အသင်း ဥက္ကဋ္ဌ ဖြစ်သွားရသည်မှာလည်း မမျှော်လင့်ခဲ့။ ညီလာခံ မတိုင်ခင် တစ်ပတ်လောက်က ဇန်းမော်တင်အောင်က ကျွန်တော့်အား ဥက္ကဋ္ဌ လုပ်ရန် တိုက်တွန်းသည်။ ကျွန်တော်က ငြင်းခဲ့သည်။ ကျွန်တော် တကယ် မလုပ်ချင်၍ ဖြစ်သည်။ ဂျပန်ခေတ်က ကျွန်တော်သည် အစိုးရအဖွဲ့ဝင် ခေါင်းဆောင်များ၊ တပ်မတော် ခေါင်းဆောင် (ကိုလိုနီခေတ်က ကျောင်းသားသမဂ္ဂနှင့် တို့ဗမာ အစည်းအရုံးခေါင်းဆောင်များ) စသော နိုင်ငံရေး ခေါင်းဆောင် အသိုင်းအဝိုင်းများနှင့် နီးနီးကပ်ကပ် အတူတူလိုနေခဲ့ရသည်။ ကျွန်တော်နှင့် 'နိုင်ငံရေး' အံကိုက်မည် မဟုတ်ဟု ခံစားနေမိသည်။ ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေး တပ်မတော်ခေတ်မှ နောက်ဆုံး ဗမာ့မျိုးချစ်တပ်မတော် (၁၉၄၅) ခေတ်အထိ တတ်နိုင်သမျှ ကူညီခဲ့ပါသည်။ နောက်ဆုံး ဗမာ့ တပ်မတော်၊ ပြည်သူ့ဆက်ဆံရေးဌာန ဖွဲ့စည်းပုံ မူကြမ်းရေးပေးခဲ့သည်။ စစ်ပြီးသောအခါ စာပေလုပ်ငန်းကိုသာ လုပ်မည်ဟု စိတ်ပိုင်းဖြတ်ထားခဲ့သည်။ သည်လုပ်ငန်းသာ ကျွန်တော့်စိတ်နှင့် ကိုက်ညီသည်ဟု ထင်မိသည်။ ထို့ကြောင့်ပင် ဥက္ကဋ္ဌ လုပ်ရန် စိတ်မရှိ။ သို့သော် အခြေအနေက တစ်မျိုး။ ညီလာခံတက်သွားမိရာ လူငယ်များက ကျွန်တော့်အား



ဥက္ကဋ္ဌတင်ရန် ဆန္ဒပြင်းပြနေသည်ကို တွေ့ရသည်။ သို့နှင့် မလွဲမရှောင်သာ ဥက္ကဋ္ဌ ဖြစ်လာရခြင်း ဖြစ်သည်။ အမှုဆောင်အဖွဲ့ ရွေးချယ် တင်မြှောက်ပြီးသောအခါ ဥက္ကဋ္ဌ မိန့်ခွန်း ပြောရသည်။ (အမှုဆောင်များမှာ လူငယ်စာရေးဆရာတို့က များပါသည်။ ကျွန်တော်မှာပင် အသက် ၃၀ အရွယ်ဖြစ်သည်။) ပြောရန် စကားကို ကမန်းကတန်း စက္ကူတစ်ရွက်ပေါ်တွင် ရေးချလိုက်ရသည်။ ကျွန်တော်က မျက်စိမှုန်သူ ဖြစ်၍ စာရွက်ကို လက်ကကိုင်ကာ စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။ နောင်အခါ 'အတိုက်အခံ' စာရေးဆရာ တစ်ဦးက ဥက္ကဋ္ဌသည် ကြိုတင် ပြင်ဆင်ထားသော မိန့်ခွန်းကို ဖတ်ကြားသည်ဟု 'စွပ်စွဲ' လိုက်သည်။ တကယ့်ဖြစ်ရပ်မှန် ကြည့်လျှင် ရယ်စရာပင် ဖြစ်သည်။

စာရေးဆရာအသင်း၏ နောက်နှစ်ညီလာခံတွင် စာရေးဆရာ တစ်ဦးက 'နိုင်ငံရေးပါတီ ဝါဒများမှ ကင်းလွတ်သန့်စင်သော အို စာရေးဆရာအသင်းသား၊ အသင်းသူအပေါင်းတို့' အစချီသော ဝေငှသည့် 'စာရေးဆရာများသတိ' စာတမ်းတွင် ယင်းသို့ စွပ်စွဲထားခြင်းကို ဖတ်ခဲ့ရသည့်အတွက် မှတ်မိနေသေးသည်။ ထိုအခါက 'လက်ဝဲ၊ လက်ျာစွဲ' အခြေအနေကြောင့် ယင်းသို့ သံသယများ ဝင်နေခြင်းဟု အကဲဖြတ်မိသည်။

စာရေးဆရာအသင်း (၁၉၅၀) အမှုဆောင်အဖွဲ့ ပထမဆုံး အစည်းအဝေးတွင် ကျွန်တော်က စာပေရေးရာနှင့် ပတ်သက်သော ကြေညာချက် မူကြမ်းတစ်စောင် တင်ပြရာ၊ အဖွဲ့က လက်ခံသဘောတူလိုက်သည်။ ယင်းကြေညာချက်တွင် ပြည်သူ့စာပေအကြောင်း ဖော်ပြခဲ့သည်။ ယင်းကို စာရေးဆရာ အသင်းဝင် အချို့က 'နိုင်ငံရေး' ဆန်သည်။ သို့မဟုတ် 'လက်ဝဲ' ဆန်သည်ဟု ထင်ကြဟန် ရှိသည်။

ပထမသုံးလပတ်အသင်းလုံးကျွတ် အစည်းအဝေးတွင် ကျွန်တော်တို့အား အယုံအကြည် မရှိ အဆိုတင်ကြသည်။ အဆိုဘက်မှ လူများမှာ စာပေသစ် ဝေဖန်သူတို့နှင့် စာပေသစ် အယူအဆကို မကြိုက်သူ၊ စာပေသည် နိုင်ငံရေး၏ ထင်ဟပ်ချက် စသော အယူအဆကို ဆန့်ကျင်ကြသူ လူငယ် လူကြီးတို့ ဖြစ်ကြသည်ကို တွေ့ရသည်။ အဆိုချေပသူတို့မှာ စာပေသစ် အယူအဆကို လက်ခံသူနှင့် ခေတ်စမ်းကဗျာဆရာကြီး တစ်ဦးတို့ ဖြစ်ကြသည်။ နောက်ဆုံး မဲခွဲရာ အဆို ရှုံးသွားသည်။ မဲ အပြတ်အသတ်နှင့် မဟုတ်။ ဥက္ကဋ္ဌ အရွေးခံသူဦးကလည်း ယှဉ်ပြိုင်သူ

www.burmeseclassic.com

www.burmeseclassic.com



နှင့် မဲအကွာကြီး နိုင်ခဲ့သည် မဟုတ်။ နောက် ၆ လပတ် သင်းလုံးကျွတ် အစည်းအဝေးတွင်လည်း အယုံအကြည် မရှိ အဆိုတင်ကြပြန်သည်။

ကျွန်တော် တွေးတောကြည့်မိသည်။ ကျွန်တော်၏ စာရေးဆရာ အသင်း လုပ်ရပ်ကြောင့် ဟုတ်မည် မထင်။ လက်ဝဲလက်ျာစွဲဖြင့် လှုပ်ရှား နေသော အခြေအနေတွင် ကျွန်တော်အား 'လက်ဝဲ' ဟု ခေါ်ဆိုကာ 'ပုဂ္ဂိုလ်စွဲ' ဖြင့် လုပ်နေကြသည်ဟု ကောက်ချက်ချလိုက်သည်။ စာပေ အမည်ဖြင့် စာပေမဂ္ဂဇင်း တစ်စောင်အသင်းက ထုတ်ဝေခဲ့သည်။ စာဆို တော်နေ့၊ နတ်ရှင်နောင် ပြဇာတ်ကပြရာ အမြတ်ငွေ တစ်သောင်းကျော် ရရှိခဲ့သည်။ လက်မှတ်ကို ဝန်ကြီးချုပ် ကူညီရောင်းပေးခြင်း ဖြစ်သည်။ အသင်း လုပ်ရပ်ကြောင့် မဟုတ်။ ကျွန်တော်၏ စာပေအယူအဆကို ဆန့်ကျင်သည့် သဘောဟူ၍ နားလည်လိုက်တော့သည်။

ထိုခေတ်က ပုံကားချပ်ကို အကျဉ်းရုံး၍ ဖော်ပြခြင်း ဖြစ်သည်။ တစ်ဘက်က တစ်ဘက်အပေါ် အထင်မြင်မှားခြင်း၊ သံသယဝင်နေခြင်း၊ ခေတ်အခြေအနေက ရိုက်ခတ်ခြင်းစသော အကြောင်းများကြောင့် ယင်းသို့ လှိုင်းဂယက်သည် စာရေးဆရာအသင်း ကြမ်းပြင်တွင် လှုပ်ရှားလာခြင်း ဖြစ်သည်ဟု ဆိုရမည် ထင်သည်။ ကျွန်တော့်အတွက်ကား အတွေးအခေါ် ကို ထက်သန်စေသော အတွေ့အကြုံများကို ရလိုက်ပေသည်။ သမိုင်း၏ ပုံကားချပ် အသေးကလေးပင်။

အတိုက်အခံတို့နှင့် ရင်ဆိုင်ရသဖြင့် ပို၍ မှတ်သားစရာ ကောင်း သော အတွေ့အကြုံ ရရှိခဲ့သည်။

(ခ)

ကျွန်တော့်အား ဆန့်ကျင်သော စာရေးဆရာအသင်းတွင် တိုက်ခိုက်သူတို့မှာ 'ရေးဆန်' သူ လူကြီးများလည်း ပါသည်။ သူတို့က စာပေသည် ဝါဒမရှိရဟု ဆိုကြသည်။ အထူးသဖြင့် ဝါဒဆိုသည်မှာ ထိုခေတ်ကာလက လှုပ်ရှားဝေစည်လျက် ရှိသော ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူ နစ်ဝါဒ၊ မာ့က်ဝါဒ စသော လက်ဝဲဝါဒများကို ဆိုလိုခြင်း ဖြစ်မည်။ စာပေတွင် နိုင်ငံရေး ဝါဒ မပါရ။ စာပေသက်သက်၊ အနုပညာသက်သက်၊ အနုပညာသည် အနုပညာအတွက် စသည်ဖြင့် စကားလုံးအမျိုးမျိုးဖြင့် ဖော်ပြကြသော စာပေအယူအဆရှိသူတို့က တစ်ဘက်၊ စာပေသစ်၊ ပြည်သူ့



စာပေ၊ သရုပ်ဖော်စာပေ၊ စသည့် စကားလုံးများဖြင့် ဖော်ပြသော အယူ အဆက တစ်ဘက်၊ (လက်ဝဲအယူအဆဟုလည်း မြင်ကြသည်၊) ယင်း အယူအဆ နှစ်ဖက်တို့ အယူအဆ အငြင်းအခုံ ဖြစ်ကြသော လွတ်လပ် ရေး ခေတ်ဦးကာလဟု ဆိုရမည်ထင်သည်။ တစ်ဖန် လက်ဝဲ အသိုင်း အဝိုင်းနှင့် ပတ်သက်၍ စာပေအယူအဆပိုင်းတွင် ကွဲလွဲမှုများ ရှိခဲ့သည်။ စာပေရေးသားပုံ အဖွဲ့အနွဲ့စနစ် နည်းနာနှင့် ပတ်သက်၍လည်းကောင်း၊ အယူအဆနှင့် ပတ်သက်၍ လည်းကောင်း အငြင်းပွားခဲ့ကြသည်။ အဖွဲ့ အနွဲ့နှင့် ပတ်သက်၍ ကျွန်တော်တို့အား ဝေဖန်လျှင် ဤသို့ သဘောထား သည်။ စာရေးဆရာ အနုပညာရှင်တို့သည် မိမိတို့ နှစ်သက်သော အဖွဲ့ အနွဲ့ ပုံသဏ္ဌာန်ဖြင့် ရေးဖွဲ့နိုင်ခွင့် ရှိသည်ဟု သဘောထားသည်။ ပန်းပွင့် တို့သည် ရနံ့စုံ၊ အရောင်အသွေးစုံ မျိုးစုံဖြင့် မွေးထုံလှပပါစေ။ 'တာရာ နှင့် အပေါင်းပါ တစ်စု'ဟု ဆိုလိုက်သည်မှာ ထိုအခါက တာရာ မဂ္ဂဇင်း တွင် ရေးနေကြသော ကြည်အေးနှင့် ဗန်းမော်တင်အောင်တို့ကိုပါ ရည်ညွှန်း သည်ဟု နားလည်လိုက်သည်။ ကျွန်တော်တို့သည် ရသစာပေများကို ဝေဖန်သည့်အခါ အဖွဲ့အနွဲ့ကို ဝေဖန်လေ့ မရှိပေ။ အဖွဲ့အနွဲ့ဟူသည်မှာ စာပေပုံသဏ္ဌာန်၏ အစိတ်အပိုင်း တစ်ခု ဖြစ်သည်။ ပုံသဏ္ဌာန်အပိုင်း ကို အဓိကထား၍ ဝေဖန်စရာ မလို။ အကြောင်းအရာ (ဝါ) အတွေး အခေါ်ကိုသာ အဓိကထား၍ ဝေဖန်ရမည်ဟု ယူဆသည်။

စာပေအယူအဆများနှင့် ပတ်သက်၍ကား ကျွန်တော်၏ ရသ စာပေ အတွေ့အကြုံကို အခြေခံကာ ဖော်ပြလာခဲ့သည်မှာ ယနေ့တိုင်ပင်။ ထိုအခါက ပေါ်လာသော စာပေပြဿနာမှာ အကြောင်းအရာနှင့် ပုံ သဏ္ဌာန် မည်သည်က အရေးကြီးသနည်း။ အကြောင်းအရာက အရေးကြီး သည် မဟုတ်ပါလား စသော အငြင်းပွားမှု ဖြစ်သည်။ ဝတ္ထု ကဗျာ စသော ရသစာပေ အတွေ့အကြုံ မရှိသူတို့၏ မေးခွန်းဖြစ်သည်ဟု ဆိုရမည်။ ကျွန်တော်က အကြောင်းအရာနှင့် ပုံသဏ္ဌာန် တစ်ပြိုင်တည်း အရေးကြီးသည်ဟုကျွန်တော်၏ စာပေ အတွေ့အကြုံမှ ကောက်ယူခဲ့သည်။

အကြောင်းအရာနှင့် ပုံသဏ္ဌာန် ညီညွတ်စွာ ပေါင်းစပ်နိုင်မှ အနုပညာ ဖြစ်သည်ဟု နားလည်သည်။ လုပ်ငန်း သဘောအားဖြင့် အကြောင်းအရာကို တွေးခေါ် စိတ်ကူးပြီး ရေးသားရခြင်း ဖြစ်သော်လည်း (ပုံသဏ္ဌာန်အဖွဲ့အနွဲ့၊ လှပမှုရသ) မှ တစ်ဆင့်သာလျှင် အကြောင်းအရာ

www.burmeseclassic.com



တို့ကို ခံစားသိရှိနိုင်မည် ဖြစ်သည်။ 'ဖွံ့နွဲ့စီရင်ထားသော အကြောင်းအရာ' ဟု ဆိုရမည် ထင်သည်။ အဖွဲ့အနွဲ့မကောင်းလျှင် အကြောင်းအရာ (ရသအပါအဝင်)သည် ထင်ရှားမည် မဟုတ်ပေ။

'နိုင်ငံရေး' အကြောင်းအရာကို ရေးဖွဲ့သောအခါ အနုပညာမမြောက်လျှင် စာပေ ဖြစ်မလာ။ နိုင်ငံရေး ကြွေးကြော်သံကတ်ပြားသာ ဖြစ်မည်ဟု ကျွန်တော်က ယူသည်။ တချို့က 'နိုင်ငံရေး' အကြောင်းအရာ ပါလျှင် ပြည်သူ့စာပေ ဖြစ်ပြီဟု ထင်နေကြသည်။ ယင်းသို့ အမြင်ကွဲလွဲကြသည်လည်း ရှိသည်။

နောက် ပြဿနာတစ်ခုမှာ ပြည်သူ့စာပေ၏ အဓိပ္ပာယ် ဖွင့်ဆိုရာတွင် ဖြစ်သည်။ နိုင်ငံရေးအမြင်ပေါ်တွင် တည်၍ တစ်ယောက်နှင့် တစ်ယောက် မတူနိုင်ကြ။ 'ပြည်သူ' ဟူသော စကားရလဒ်၏ အဓိပ္ပာယ် ကောက်ယူခြင်းအပေါ် တည်၍ ပြည်သူ့စာပေ အဓိပ္ပာယ်ကွဲလွဲနိုင်သည်။

(၈)

တာရာ၊ အမှတ် (၁) ခေါင်းကြီးတွင် 'ထာဝစဉ် ငြိမ်းချမ်းရေးသို့ တစိုက်စိုက် ချီတက်သွားကြပေအံ့' ဟု ဖော်ပြခဲ့သည်။ ငြိမ်းချမ်းရေးဆိုသည်မှာ စစ်ပွဲများ မရှိသော ခေတ်ကို ဆိုလိုသည်။ စစ်ဆိုသည်က အမျိုးမျိုး ရှိသည်။ နယ်ချဲ့စစ်၊ တော်လှန်ရေး၊ ကျူးကျော်စစ်၊ ခုခံစစ်။ ဖိနှိပ်ချုပ်ချယ်သဖြင့် တော်လှန်စစ်များ ဖြစ်ကြသည်။ နယ်ချဲ့ကျူးကျော်သဖြင့် ခုခံစစ်များ ဖြစ်ကြသည်။ လူမျိုးအချင်းချင်း၊ နိုင်ငံအချင်းချင်း၊ လူတန်းစားအချင်းချင်း၊ အဖွဲ့အချင်းချင်း စသည်ဖြင့် စစ်ခင်းကြသည်။ ယင်းစစ်ကို မည်သို့ ဖြေရှင်းမည်နည်း။

၁၉၄၈ ပတ်ဝန်းကျင်လောက်က ကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှုကြီးပေါ်ပေါက်လာရာ စိတ်ဝင်စားသွားခဲ့သည်။ တာရာမဂ္ဂဇင်းတွင် ယင်းကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှုအကြောင်း ပညာရှင်များ ညီလာခံမှ အစဖော်ပြခဲ့သည်။ ထိုအခါက စာနယ်ဇင်းများတွင် သိပ်မဖော်ပြကြ။ ယင်းကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှု ချမှတ်ခဲ့သော မူများကို နှစ်သက်မိသည်။ နိုင်ငံအချင်းချင်း ဖြစ်ပွားစေသော ပြဿနာကို စစ်နည်းဖြင့် မဟုတ်ဘဲ ငြိမ်းချမ်းရေးနည်းဖြင့်သာ ဖြေရှင်းရေး၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြား နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေး၊ စနစ်ချင်း မတူကြစေကာမူ



ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး စသော မူများ ဖြစ်ကြသည်။

၁၉၄၅ တွင် ကမ္ဘာစစ်ကြီး ပြီးသွားသော်လည်း ကမ္ဘာမြေပြင်တွင် စစ်အန္တရာယ်က ရှိနေသေးသည်။ လူ့အသက်စည်းစိမ်တို့ သေကြေ ပျက်စီးစေနိုင်သော အနုမြူဗုံးလက်နက်ပိုင်သူ ရှိနေသည်။ ယင်းအခြေ အနေတွင် ကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှုကြီး ပေါ်ပေါက်လာသည်ကို အားတက်သွားမိခဲ့သည်။ လှုပ်ရှားမှု ပုံသဏ္ဌာန်ကလည်း ဒီမိုကရေစီ လူထု လှုပ်ရှားမှု ပုံသဏ္ဌာန်ဖြစ်၍ ကျွန်တော့်အကြိုက် ဖြစ်နေသည်။

၁၉၅၂ ညီလာခံမှ စတင်၍ ကျွန်တော်သည် ကမ္ဘာ့ငြိမ်းချမ်းရေး အဖွဲ့အစည်းထဲတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် 'အာဏာနိုင်ငံရေး မပါသော အဖွဲ့အစည်း'ဟု နားလည်၍ ပါဝင်ခြင်း ဖြစ်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေး အဖွဲ့အစည်းဟူသည်မှာ လူမျိုးမရွေး၊ ဘာသာမရွေး၊ အလုပ်အကိုင် မရွေး လက်တွဲဆောင်ရွက်ရမည် ဖြစ်သဖြင့် ကျယ်ပြန့်လှသည့် လူထု လှုပ်ရှား မှုကြီး ဖြစ်သည်ဟု နားလည်နေသည်။ သို့သော် တကယ်ပါဝင်သောအခါ အခက်အခဲများနှင့် ရင်ဆိုင်ရသည်။ ကျယ်ပြန့်သည့် သဘောထားများ မထားနိုင်ဘဲ ပါတီနေရာကို ကြည့်လာကြခြင်းများကို တွေ့ရသည်။

ထိုအခါ ကျွန်တော်က ဝေဖန်၍ 'အတိုက်အခံ' သဖွယ် ဖြစ်လာ ခဲ့ရသည်။ ဤကား စည်းရုံးရေး ပုံသဏ္ဌာန်နှင့်ဆိုင်သော ပြဿနာ ဖြစ် သည်။ ၁၉၅၆ တွင် ဟန်ဂေရီအရေးအခင်း ဖြစ်ပွားသောအခါ ကျွန်တော် နှင့် သဘောကွဲလွဲခဲ့ရသည်။ ကျွန်တော်က ဟန်ဂေရီပြည်တွင်းသို့ ဝင် ရောက်ကျူးကျော်စွက်ဖက်သည့် နိုင်ငံခြား စစ်တပ်များ ထွက်ခွာပေးစေ လိုသည်။

ကျွန်တော့်သဘော မူတစ်ခု ချမှတ်ပြီးလျှင် နိုင်ငံကြီးငယ် မရွေး လိုက်နာရမည်ဟု ယူဆသည်။ သို့သော် နိုင်ငံကြီး တချို့သည် မလိုက်နာ ကြ။ မိမိတို့အကျိုးကို ကြည့်ကာ ရွေ့လျားနေကြ၍ စိတ်ပျက်မိသည်။ အနုမြူလက်နက် ပိတ်ပင်ရေး ကိစ္စတွင်လည်း ကျွန်တော် စိတ်ပျက်ရ သည်။ နောက်ထပ် အဏုမြူလက်နက်ပိုင်ဆိုင်သူ ရှိလာသောအခါ ကမ္ဘာ့ ငြိမ်းချမ်းရေး လှုပ်ရှားမှု ဆုံးဖြတ်ချက်ကို အရေးမထားတော့။ အနုမြူ လက်နက်များ ဆက်လက် ထုတ်ရန် စမ်းသပ်လာကာ အဏုမြူလက် နက် ပြိုင်ပွဲကြီး အရှိန် ယနေ့အထိ အားကောင်းဆဲ။

လှိုင်းဟူသည် ဂယက်ထမြဲပင်။ လှိုင်း၏ အားအပေါ်တွင် တည်

www.burmeseclassic.com



၍ ဂယက်အရှိန်သည် လှုင့်ဖုံ့ရိုက်ခတ်တတ်မြဲ ဖြစ်သည်။ သူ့အရှိန်သည် မည်မျှ ကြာမည်ကို မမျှော်လင့်မိချေ။

[မိုးဝေမဂ္ဂဇင်း၊ ဖေဖော်ဝါရီလ၊ ၁၉၆၈]

## အာရုံခံစားမှု ရမ္မက် ပုံသဏ္ဍာန်

### (က)

စာပေတွင်ဟန်၊ ပန်းချီတွင် လက်ရာ၊ ဂီတတွင် လက်သံ စသည်ဖြင့် အနုပညာ၏ ထူးခြားမှုကို ဝိသေသပြုသော ရသဗေဒ ဆိုင်ရာ ဝေါဟာရများအကြောင်း သုံးစွဲခဲ့သော်လည်း ယင်း ဝေါဟာရများသည် အများက တညီတညွတ်တည်း အတည်ပြုလက်ခံသော စကားလုံးများဟုကား မဆိုနိုင်ပေ။ ရသဗေဒ၊ ခံစားမှုဗေဒရေးရာနှင့် ပတ်သက်၍ ကျွန်တော်၏ အနုပညာ အတွေ့အကြုံများကို ကောက်နုတ်ဖော်ပြရာတွင် အများနားလည်စေရန် သုံးစွဲခြင်း ဖြစ်သည်။ 'ဟန်' ဟူသော စကားလုံးသည် စာပေ ဝေဖန်ရေး လောကတွင် ဝေါဟာရအဖြစ် တည်ရှိနေကြသည်ဟု မဆိုနိုင်သေးပေ။ အနောက်နိုင်ငံ စာပေဝေဖန်ရေးလောကတွင် စာရေးဆရာ၊ ကဗျာဆရာ တစ်ဦးစီ၏ ထူးခြားသော အရေးအသား ဟန်ကို လေ့လာသော ပညာရပ်ကို ဘာသာတစ်ရပ်အဖြစ် သဘောထားကြသည်။ အထူးသဖြင့် ဘာသာစကားကို လေ့လာသော ဘာသာဗေဒ၊ အသံဖွဲ့စည်းပုံတို့ကို လေ့လာသော သဒ္ဒဗေဒပညာရပ်တွင် တွဲဖက်ပါဝင်သည်။ မည်သည့် စာရေးဆရာ၊ မည်သည့် စကားလုံးမျိုးကို မည်သို့မည်ပုံ ရွေးချယ်သုံးတတ်သည် စသဖြင့် အရေးအသား၊ အဖွဲ့အနွဲ့ကို လေ့လာဆန်းစစ်သော ပညာရပ် ဖြစ်သည်။ ရသဗေဒနှင့် နယ်ဆက်သော်လည်း ရေးသားမှုနစ်ကိုသာ လေ့လာသောသဘော ဖြစ်သည်။

ကျွန်တော်က စာပေဟန်အကြောင်း ပြောရာတွင် စာရေးဆရာ၏ ထူးခြားသော အရေးအသား အဖွဲ့အနွဲ့ကို ဆိုလိုရင်း ဖြစ်သည်။ ယင်း

www.burmeseclassic.com



သဘောဖြင့် ဂီတတွင် လက်သံ ပန်းချီတွင် လက်ရာဟူ၍ အဓိပ္ပာယ်ကို ဖော်ပြခဲ့သည်။

'ဟန်' ဟူသော စကားလုံးမှာ အရပ်သုံး စကားလုံးအားဖြင့် ကောင်းသော အဓိပ္ပာယ်ဟု မဆိုနိုင်ပေ။ ဟန်လုပ်သည်၊ ဟန်ဆောင်သည်၊ ဟန်ရေးပြသည် စသည်ဖြင့် သုံးစွဲလျှင် အစစ်အမှန် မဟုတ်သော သဘော၊ တမင်တကာ လုပ်ထားသည့် သဘော သက်ရောက်နေတတ်သည်။ သို့သော် ရသဗေဒ ပညာရပ်၌ အနုပညာ ဝေါဟာရ အသုံးတွင် 'ရေးဖွဲ့သီကုံးဟန်၊ တီးမှုတ်သီဆိုဟန်၊ စုတ်ချက်ဆွဲဟန်၊ ကဟန်' စသည့် အနုပညာရှင်၏ ရသဖော်ကျူးပုံဟန်ကိုသာ ဆိုလိုခြင်း ဖြစ်ပေသည်။ အနုပညာဟန်သည် အနုပညာရှင်တစ်ဦးစီ၏ ထူးခြားချက်ကို လေ့လာခြင်း ဖြစ်သည်။ စာရေးဆရာတစ်ယောက်၏ စာတစ်ပုဒ်ကို (ယင်းစာရေးဆရာ၏ ကလောင်အမည်ကို မဖော်ဘဲ) ဖတ်ကြည့်လျှင် ဘယ်စာရေးဆရာပဲဟု အကဲခတ်နိုင်လျှင် ယင်းစာရေးဆရာတွင် ထူးခြားသော ဖွဲ့နွဲ့မှု ရှိမည်မှာ သေချာသည်။ ယင်းကို 'ဟန်' ဟု သတ်မှတ်ရစေမည်။ ဂီတတွင်လည်း ဆိုင်းလက်သံ၊ စန္ဒရားလက်သံ၊ ပတ္တလားလက်သံ၊ စောင်းလက်သံ၊ ပန်းချီတွင် စုတ်ချက်လက်ရာ စသည်ဖြင့် အကဲဖြတ်ခြင်းမျိုး ဖြစ်သည်။ ယင်း အနုပညာရပ် တစ်ဦးစီ၏ ဟန်ကို အကဲခတ်နိုင်ရန် အနုပညာမှုကို စိုက်စိုက်မတ်မတ် စွဲစွဲမြဲမြဲ လေ့လာမှ ဖြစ်မည်ထင်သည်။

ကျွန်တော်သည် 'ဟန်' အကြောင်းကို ပြောရာတွင် ဟန်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုခြင်းနှင့် ဘယ်က ဖြစ်ပေါ်လာသနည်းဆိုသော လေ့လာမှုသာ တင်ပြခြင်း ဖြစ်သည်။ အနုပညာရှင်တစ်ဦးဦး၏ ဟန်ကို ထုတ်ဖော် အကဲခတ်ရန် မဟုတ်ပေ။

(ခ)

'ဟန်' သည် ဘယ်က ဆင်းသက်သလဲ။ ခံစားမှုက ဆင်းသက်လာသည်ဟု ပြောရမည်။ ခံစားမှုကို ကျွန်တော် စိတ်ဝင်စားသည်။ ခံစားမှု ဘယ်က ရလာသလဲဟု တစ်ဆင့်တက် စိတ်ဝင်စားလာသည်။ ခံစားမှုသည် လူ၏ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်း၏ ထင်ဟပ်ချက် ဖြစ်သည်။ ဟန်၊ ခံစားမှု၊ လူ့ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်း၊ ဆက်စပ်နေသော အရာများ ဖြစ်ကြသည်။ ဟန်သက်သက်ကို ကျွန်တော် ခွဲထုတ် မလေ့လာချင်။



သို့သော် ပထမဟန်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရန် လိုလာသည်။ မကြာသေးမီက လူငယ် စန္ဒရားဆရာ တစ်ယောက်နှင့် စကားစပ်မိသည်။ သူက ကျွန်တော်ရေးသော အီလက်ထရွန်နစ်ဂီတအကြောင်း ဖတ်ပြီးစ ဖြစ်သည်။ သူသည် ရိုးရိုး စန္ဒရားလည်း တီးသည်။ ယနေ့ခေတ်ပေါ် အီလက်ထရွန်နစ်အော်ဂင်စန္ဒရားလည်း တီးနေသူ ဖြစ်သည်။ သူ 'အီလက်ထရွန်နစ်က ထိလိုက်ရုံနှင့် ဘော်ခနဲ အသံထွက်သွားကာ၊ တီးရတာ အဖော့အဖိ လုပ်လို့ မရဘူးဗျာ' ဟု ညည်းသဖြင့် လွှတ်ခနဲ ပြောလိုက်သည်။ ကျွန်တော်က ယနေ့ခေတ် ကြီးပြင်းလာသော လူငယ်ပေါက်များ၊ စန္ဒရားကို စိတ်မဝင်စားတော့ကြောင်းဖြင့် စန္ဒရားခေတ် တိမ်ကောလာမည်လောဟု ထင်မြင်ချက်ကို ပြောရင်း စကားစပ်မိသွားခြင်း ဖြစ်သည်။

'အဖိအဖော့လုပ်လို့ မရဘူးဗျာ' ဟူသော စန္ဒရားဆရာ၏ ရင်ဖွင့်သံကို ကျွန်တော် နားလည်သည်။

'ဟုတ်တယ်၊ စန္ဒရားမှာ ဒါက အရသာပဲ၊ ညာလက်သန်းကလေးနှင့် သီချင်းအဆုံးမှာ တောက်လိုက်တာ အရသာပဲ' ဟု ကျွန်တော်က ပြောမိသည်။

စန္ဒရား ခလုတ်ကို အဖိအဖော့ဖြင့် တီးခတ်ရသည်မှာ မိမိခံစားမှုကို ဖွဲ့နွဲ့ခြင်း ဖြစ်သည်။ တစ်နည်းဆိုရသော် မိမိဟန်ကို ဖွဲ့စည်းခြင်း ဖြစ်သည်။

ကျွန်တော် စန္ဒရားဆရာကို စာနာမိလိုက်ပါသည်။ စန္ဒရားခလုတ်ကို တီးခတ်သည့် အချိန် မိမိ၏ ခံစားမှုက စေသလို အဖိအဖော့များ လုပ်တတ်ကြသည်။ အသံကျယ်ချင်သည့် နေရာတွင် ကျယ်လိုက်ချင်ကြသည်။ တိုးချင်သည့် နေရာတွင် တိုးလိုက်ချင်ကြသည်။ ညင်ညင်သာသာ၊ ကြမ်းကြမ်းတမ်းတမ်း၊ မြန်မြန်နှေးနှေး စသဖြင့် မိမိ ဂီတ အဖွဲ့အနွဲ့ကို ဆင်ယင်ကြသည်။ တီးကွက်တို့ကိုလည်း မိမိကြိုက်သော အသံ အတွဲအစပ်ဖြင့် ဖွဲ့ချင်ကြသည်။ ယင်းတို့သည် သူ၏ 'ဟန်' ဖြစ်လာသည်။

ကျွန်တော် ငယ်ငယ်က ချန်ပီယံမောင်ကျော်၏ လက်သံကို အတုခိုးခဲ့သည်။ သူက လက်သံပြင်းပြင်း ခပ်တုန်တုန် အသံထည့်သည့် နေရာ ထည့်သည်။ နည်းနည်းတီးမိလာသောအခါ သူ့လက်သံကို အတုမခိုးမိတော့။ ကိုယ့်ဟန်နှင့် ကိုယ်တီးမှ ကောင်းမည်ဟု ထင်လာမိသည်။ ရွှေပြည်အေး လက်သံမှာ ညင်သာပျော့ပျောင်းသည်။ အဝမ်း ခင်မောင်မှာ

www.burmeseclassic.com

www.burmeseclassic.com



လက်ကျမှာပြီး ပီသသည်။ ဆိုင်းလက်သံတွင်လည်း စိန်ဗေဒါ၏ လက်သံမှာ ပြတ်သားသည်။ သွက်လက် တက်ကြွသည်။ ဦးဘမောင်မှာ လက်သံမပြင်း၊ ပျော့ပျောင်းသည်။ သူတို့၏ ကိုယ်ပိုင်ဟန်များ ဖြစ်ကြသည်။ အနုပညာဝါရင့်လာသည့်အလျောက် ပင်ကိုယ်ဟန်များ ဖြစ်ပေါ်လာခြင်း ဖြစ်မည်။ ခံစားမှုဖြင့် တီးတတ်ကြသဖြင့် လက်အဖိအဖော့၊ တီးကွက်အသံစပ်ဟပ်မှုတို့ဖြင့် အနုပညာဖန်တီးကြရင်း ကိုယ်ပိုင် လက်သံတို့ ဖွံ့စည်းမိကြခြင်း ဖြစ်မည်။ တီးကွက်အတူတူ၊ အသံလုံး အတူတူပင် တီးနိုင်ကြသည်ထား၊ လက်ကျ အဖိအဖော့ (ဝါ) လက်သံ မတူကြခြင်းမှာ ခံစားမှုချင်း မတူကြသောကြောင့် ဖြစ်မည်။ အနောက်နိုင်ငံ စနစ်တွင် ဂီတသင်္ကေတဖြင့် တီးကြသည်။ တီးကွက်ချင်း လွဲစရာ မရှိ။ သို့သော် စန္ဒရားဆရာများ အတူတူ နာမည်ကျော်ကြသည်မဟုတ်။ လက်ကျကောင်းသူ ကျော်ကြားလာသည်။ မူလတေးကိုပင် မိမိကိုယ်ပိုင် ဖန်တီးသော တီးကွက်ဖြင့် ဖွံ့နွဲ့နိုင်သဖြင့် နာမည်ရလာခြင်း ဖြစ်သည်ကို တွေ့ရသည်။ တစ်နည်းဆိုရသော် ခံစားမှုဖြင့် မိမိကိုယ်ပိုင် လက်သံကို ဖွံ့စည်းခြင်းကြောင့် ပေါ်လွင်ထင်ရှားခြင်း ဖြစ်သည်ဟု ဆိုရမည်။

အနုပညာ ပရိသတ်တွင်လည်း ခံစားမှု ရှိကြသည်။ ခံစားမှုအင်အား အနည်းအများသာ ခြားနားကြသည်။ ယင်း ခံစားမှုရှိသော ပရိသတ်သည် ခံစားမှုဖြင့် ဖော်ကျူးသော လက်သံကို စွဲလန်းကြသည်။ ပရိသတ်သည် ဘာကို စွဲလန်းနှစ်သက်သနည်း။ ထူးခြားသော လက်သံကို စွဲလန်းနှစ်သက်ခြင်း ဖြစ်သည်။

(ဂ)

ကျွန်တော်သည် ခံစားမှုဗေဒ၊ ဂီတကဏ္ဍနှင့် ပတ်သက်၍ လက်သံအကြောင်း ပြောရာတွင် စန္ဒရားလက်သံကို ဥပမာပြ၍ ဖော်ပြခဲ့သည်။ ကျွန်တော်က အတီး အတွေ့အကြုံမှ ကောက်ယူ၍ ဖော်ပြခြင်း ဖြစ်သည်။ ဂီတအကြောင်း ပြောရာတွင် အတီးအကြောင်း၊ အထူးသဖြင့် စန္ဒရားအကြောင်း ပြောသည့်သဘော ဖြစ်နေခဲ့သည်။

ငယ်စဉ်လေ့ကျင့်စဉ်က ချန်ပီယံ မောင်ကျော် စန္ဒရားလက်သံကို နှစ်သက်စွဲလန်းခဲ့သည်။ ထိုနောက် ကျွန်တော့်အကြိုက် ပြောင်းသွားသည်။ ရွှေပြည်အေး၏ လက်သံကို ကြိုက်သွားသည်။ စန္ဒရားဆရာများ



၏ အမည်ကို ဓာတ်ပြားတွင် ဖော်ပြပေးသည်ကား မဟုတ်။ အဆိုတော် မတင်အုန်းက သီချင်းထဲတွင် 'ချန်ပီယံမောင်ကျော်စိတ်ကရည်' ဟု ထည့်၍ ဆိုသောကြောင့် သိကြရသည်။ အဆိုတော် မအေးမိက ယိုးဒယားဖိန်းများကလေး သီချင်းတွင် 'ကိုအေး၊ ကိုအေး၊ ရွှေဂုံမြို့အသည်းကျော်'ဟု အတီးပိုဒ်၌ ထည့်သွင်း ဆို၍ သိရခြင်း ဖြစ်သည်။ ဓာတ်ပြားများတွင် စန္ဒရားတီးသူ၏ အမည်ကို မဖော်ပြတတ်ကြဟု ထင်သည်။ အသံလွှင့်ရုံများ၌လည်း ထို့အတူပင်။ (ဖော်ပြသည့်အခါလည်း ဖော်ပြကြသည်။) အဆို၏ အမည်ကို အဓိကထား၍ ဖော်ပြကြသည်။ အနောက်နိုင်ငံတွင်ကား အပြည့်အစုံ ဖော်ပြကြသည်။ တူရိယာပညာရှင်၊ သီချင်းအသံရေးစပ်သူ၊ သီချင်း စာသားရေးစပ်သူ စသည်ဖြင့် ဖော်ပြပေးသည်။

ကျွန်တော်တို့ နိုင်ငံတွင် အစဉ်အလာအားဖြင့် အတီးကို ခံစားသော ဂီတပရိသတ် အားမကောင်းသေးဟု ထင်မိသည်။ ဂီတတွင် သီချင်းများကို စုဆောင်းမှတ်တမ်းတင်ရာတွင် သီချင်းစာသား (ဝါ) လင်္ကာစာသားကိုသာ ဖော်ပြခဲ့ကြသည်။ မြန်မာဂန္ထဝင်ဂီတတွင် တီးလုံးတီးကွက် (အသံ) ကို မှတ်သားသော ဂီတသင်္ကေတ မရှိ၍ မရေးမှတ်ခြင်း ဖြစ်နိုင်သည်။ သို့မဟုတ် တီးလုံးတီးကွက် (ဂီတသံ) ကို ရှေးခေတ်က အဓိက မထား၍လည်း ဂီတသင်္ကေတများ မတီထွင်ခြင်းလည်း ဖြစ်နိုင်သည်။ ရှေးသီချင်းကြီးများကို နားဖြင့်သာ မှတ်သား၍ ဆင့်ပွားခဲ့ကြရသည်။ တီးကွက်မှ အမှတ်အသား မရှိခဲ့။ (အထူးသဖြင့်) ကာလရွေ့လျားလာသော် မူအကွဲကွဲဖြစ်ကာ မလိုလားအပ်သော အငြင်းပွားမှုများ ပေါ်ပေါက်ကြသည်။ (ဤအကြောင်း ကျွန်တော် ရေးဖွဲ့ခဲ့ပါသည်။) ထားပါတော့။

ရှေးကတော့ မသိ။ ယနေ့ခေတ်တွင် အတီးကို ခံစားသော ပရိသတ် ရှိလာပြီဟု ဆိုနိုင်ပြီ။

လွန်ခဲ့သော ၁၄-၅ နှစ်ခန့်က ကျွန်တော်တို့ မြို့သို့ ဝါတွင်းရက်အတွင်း ရောက်သွားရာ၊ အဖိတ်ရက်ညတွင် ဆွမ်းချက်ရုံတို့တွင် ရပ်ကွက်အလိုက် ဆိုင်းဝိုင်းဖြင့် ဖျော်ဖြေကြသည်ကို ကြားခဲ့ရသည်။ လမ်းပေါ်တွင် ပရိသတ်မနည်း။ ပတ်တီးဆရာ၏ လက်သံကို နားထောင်ကြသည်ကို တွေ့ရသည်။ ပတ်ဝိုင်းတီးလုံးသက်သက်ကို ခံစားသော မြန်မာပရိသတ်ရှိသည်မှာ သေချာသည်။ အတီးသက်သက် တူရိယာ ဂီတပွဲများကို အားပေးသော ဂီတပွဲများရှိလျှင် တူရိယာ ဂီတအနုပညာ ထွန်းကားမည် ဖြစ်သည်။

www.burmeseclassic.com



အနောက်နိုင်ငံတွင်ကား ဂန္ထဝင်ဂီတ ပညာရှင်ဟူသည်မှာ တီးလုံး ဂီတအသံကို ရေးစပ်ဖန်တီးသူ ပညာရှင်ဟု နားလည်ကြသည်။ တီးပြရန် မလို။ ဂီတသင်္ကေတဖြင့် ရေးသား ဖော်ပြခြင်း ဖြစ်သည်။ စန္ဒရား စသော တူရိယာဖြင့် တီးခတ်ကာ အသံကို ဖွဲ့နွဲ့စပ်ကြသည်။ စာသားရေးစပ်သူ မဟုတ်ကြဘဲ အသံရေးစပ်သူ ဖြစ်သည်။ တေးသံရေးစပ် ဖန်တီးသူကိုသာ ဂီတအနုပညာရှင်ဟု သူတို့က နားလည်ကြသည်။ ကျွန်တော်တို့ဆီကနှင့် မတူ၊ မြန်မာရေးသီချင်းရေးစပ်သူ ဂီတအနုပညာရှင်တို့မှာ အသံရော ကဗျာစာသားပါ ရေးစပ် ဖန်တီးသူများ ဖြစ်ကြသည်။ မြန်မာသံ ရေးစပ်သူတို့မှာ ယနေ့တိုင်ပင် အသံရော၊ ကဗျာစာသားပါ ရေးစပ်သူ ဖြစ်သည်။ အစဉ်အလာအတိုင်း ဆိုလျှင် သီချင်းစပ်သူမှာ အသံနှင့် ကဗျာစာသားပါ ရေးရမည် ဖြစ်သည်။ တီးလုံးတီးကွက်မှာ တူရိယာ ပညာရှင်က ဖန်တီးရမည်သာ ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာ သီချင်း ဂီတကို အကဲဖြတ်ခြင်း၊ ဝေဖန်ခြင်းပြုမည် ဆိုလျှင်၊ သီချင်းအသံနှင့် ကဗျာစာသားရေးစပ်သူကဏ္ဍ၊ သီဆိုသူကဏ္ဍ၊ သီချင်းကို တီးမှုတ်သူ တူရိယာ ပညာရှင်ကဏ္ဍ စသည့် ကဏ္ဍများ ပါဝင်ရမည် ဖြစ်သည်။

ကျွန်တော်သည် ဂီတအကြောင်း ရေးရင်း ဂီတဗေဒနယ်သို့ပင် နည်းနည်း ကျူးကျော်သွားပြီ။ ကျွန်တော်သည် ဂီတဗေဒသမား မဟုတ်။ ခံစားမှုနှင့် ပတ်သက်သော ရသဗေဒသာ ကျွန်တော်၏ အတွေ့အကြုံကို အခြေပြုကာ ပြောလိုရင်း ဖြစ်ရာ ပြန်ကောက်ရမည်။

(ဃ)

စန္ဒရားလက်သံကို ဥပမာထား၍ 'လက်သံ' သည် ရှိသည်ဟု သာမန်အားဖြင့် ပြောနိုင်သည်။ အဖိအဖော့၊ တီးကွက် စသည့် စကားလုံး မျှလောက်ဖြင့်သာ ဖော်ပြနိုင်သည်။ သည့်ထက် ထင်ရှားအောင် ပြောရန် မလွယ်။ အင်္ဂလန်ရသဗေဒ လေ့လာရေးအသင်းကြီးမှ ထုတ်ဝေသော ရသဗေဒဂျာနယ် တစ်စောင်တွင် နာမည်ကျော် စန္ဒရားဆရာကြီးတစ်ဦး၏ လက်သံကို ဝေဖန်အကဲဖြတ်ထားသော ဆောင်းပါးတစ်စောင် ဖတ်ဖူးသည်။ စည်းတစ်စည်းတွင် အသံလုံးရေ မည်မျှပါဝင်သည်၊ ပေါင်းမည်မျှဟု ဖော်ပြသည်။ ဂီတ သင်္ကေတဖြင့် ထည့်သွင်းကိုးကား၍ တီးကွက်များကို အကဲဖြတ်ထားသည်။



စန္ဒရားလက်သံအကြောင်း ပြောရခြင်းမှာ အနုပညာခံစားမှုတွင် 'လက်သံ' ဟူသော ခံစားမှု ရှိသည်။ အနုပညာရှင်များ တစ်ယောက်နှင့် တစ်ယောက် မတူသော လက်သံခြားနားမှု ရှိသည်ဟု ဖော်ပြလို၍ ဖြစ်သည်။ ဂီတတွင် လက်သံကို ခံစားခြင်းဟူသော ခံစားမှုရှိသည်ဟု သာ ပြောနိုင်သည်။ သည့်ထက် ထင်ရှားအောင် အထောက်အထားဖြင့် ဖော်ပြရန် ခက်လှသည်။

အနုပညာခံစားမှုအကြောင်း ပြောရာတွင်၊ စာပေတွင် ဟန်၊ ဂီတတွင် လက်သံ၊ ပန်းချီတွင် လက်ရာဟူ၍ ဖော်ပြရာ၊ ဟန်နှင့် ပတ်သက်၍ ပြောရန် အားထုတ်ကြည့်ခြင်း ဖြစ်သည်။ ကျွန်တော်၏ စာပေ အတွေ့အကြုံမှ ကောက်နုတ်လျှင် သိပ်မခက်ခဲလှ။ အဖွဲ့အနွဲ့ဟန်ထဲတွင် စကားလုံး အသုံးအနှုန်းပိုင်း ပါမည်ထင်သည်။ ယင်းသို့ ကောက်နုတ် ဖော်ပြရခြင်းမှာ လွယ်ကူစေရန် ဖြစ်သည်။

အဖွဲ့အနွဲ့ ရေးဟန်ကောင်းအဖြစ် ဥပမာ ပေးခြင်း မဟုတ်။

ကျွန်တော် စကားပြေနှင့် ကဗျာတို့တွင် မွှေးမြ၊ ရွှန်းမြ၊ ပြုံးမြ၊ သင်းမြ၊ စိမ်းမြ၊ မှိုင်းမြ စသည်ဖြင့် သုံးနှုန်းခဲ့သည်။ မကြိုက်သူလည်း ရှိသည်ကို တွေ့ရသည်။ လွန်ခဲ့သော အနှစ် ၃၀ ခန့်က ရေးဖော်ရေးဖက် ဆရာဝန် ဝတ္ထုရေးဆရာ တစ်ယောက်က ကျွန်တော်၏ လရောင်တွင် ရွှန်းမြသော ညတစ်ည၊ ဝတ္ထုအမည်ကို သူ မကြိုက်ကြောင်း ပြောလိုက်သည်။ သူက 'လရောင်ရွှန်းသော ညတစ်ညလို့ ရေးလည်း ရသားပဲဗျာ' ဟု ပြုံးကာ ပြောသည်။ ကျွန်တော်က ဘာမျှ ပြန်မပြောခဲ့ပါ။ အနုပညာ ခံစားမှု တစ်ယောက်နှင့် တစ်ယောက် တူကြမည် မဟုတ်။ အကြိုက်ချင်း တူကြမည် မဟုတ်။ သူ့အကြိုက်နှင့် သူ ရှိရမည်မှာ သဘာဝကျသည်ဟု ထင်သည်။

ကျွန်တော် ဝတ္ထုရှည်တစ်ပုဒ်တွင် လမိုး၊ စိမ်းသော ည စသည်ဖြင့် ဖွဲ့နွဲ့ဖူးသည်။ တချို့က ကြိုက်ကြ။ လမိုးဘယ်မှာ ရှိမလဲဟု မေးကြသည်။ ကျွန်တော် ခံစားခဲ့ဖူးသော စိမ်းသောလကို အမှတ်ရကာ ဖွဲ့ခြင်း ဖြစ်သည်။ စိမ်းမြလဟု ရေးထားသည်။ နေဝင်ချိန်ညအကူးကို မြဆည်းဆာဟု ကဗျာ တစ်ပုဒ်တွင် ဖွဲ့ဖူးသည်။

မကြာသေးမီက ဗေဒါလမ်းတွင် စာပေမွှေ့ လူငယ်တစ်စုက ကျွန်တော်၏ ဝတ္ထုတိုများကို 'ခံစားကြည့်ကြ' သော ရသပိုင်းမှ ဆွေးနွေး

www.burmeseclassic.com

www.burmeseclassic.com



သော စာတမ်းကို ပို့လိုက်သည်။ ယင်းဝေဖန်ချက်တွင် ကျွန်တော်သည် စာအဖွဲ့အနွဲ့ လွန်ကဲကြောင်း ထောက်ပြထားသည်။ သူ၏ အနုပညာ ခံစားချက်ကို ရင်ဖွင့်ထားခြင်းကို သိရသည် ဖြစ်ရာ ကျေးဇူးတင်မိသည်။ လွန်ခဲ့သော အနှစ် ၃၀ ခန့်ကပင် ကျွန်တော် အဖွဲ့အနွဲ့ လွန်ကဲကြောင်း ရေးဖော်ရေးဖက် စာရေးဆရာ အချို့က ယင်းသို့ပင် ပြောသည်ကို ကြားရဖူးသည်။ ယခု စာဖတ်ပရိသတ် ခံစားချက်ကို သိရခြင်းမှာ ခံစားမှုခြင်း၊ အကြိုက်ခြင်း မတူ ခြားနားစွာ ရှိခြင်းမှာ အနုပညာခံစားမှု၏ သဘာဝ ဖြစ်သည်။ ကျွန်တော်နှင့် ခံစားမှုခြင်း တူသူ၊ သို့မဟုတ် နီးစပ်သူတို့က ကျွန်တော့်စာကို နားလည်မည်၊ ကြိုက်မည်ဟု ယူဆသည်။

ကျွန်တော်၏ ဝတ္ထု၊ ကဗျာတို့တွင် အာရုံခံစားမှုကို ဖွဲ့ချင်သည်။ အထူးသဖြင့် သဘာဝရေမြေတောတောင် အလှအပများကို အကွက်ဆိုက်လာလျှင် ဖွဲ့ချင်သည်။ ကျွန်တော် ခရီးထွက်လျှင် လမ်းခရီး ရှုခင်းကို ကြည့်၍ သွားတတ်သည်။ အမြဲတမ်းပင် မီးရထားပြတင်း၊ သင်္ဘောပြတင်းတို့မှ ငေးကြည့်ရင်း လိုက်ပါတတ်သည်။ ငြီးငွေ့သည် မရှိ။ မြင်ကွင်းလှနေလျှင် မျက်စေ့က မခွာချင်တော့။ စာရေးသောအခါ ယင်းခံစားခဲ့သော အလှအပ ပုံကားချပ်တို့သည် စိတ်ကူးထဲတွင် ပေါ်လာကာ အလှအပ ရမ္မက်အကြောင်း ပြန်လည် ရေးချမိတော့သည်။ တားဆီး၍ မရတော့။ ယင်းသည် ကျွန်တော်၏ အားနည်းချက် ဖြစ်နိုင်သည်။ ယင်းသို့ ခံစားမှုပုံကားချပ်တို့ကို ရေးသောအခါ ပေါ်လွင်အောင် စကားလုံးများ ရှာရသည်။ မရှိတော့လျှင် အသစ်ထွင်ရသည်။ အထူးသဖြင့် အရောင် အဆင်း အသွေးများကို ဖော်သောအခါ စကားလုံး ရှာရသည်။ စပ်ရသည်။ ကျွန်တော်၏ စိတ်လှုပ်ရှားသလို စာဖတ်သူ လှုပ်ရှားစေချင်သည်။ ကျွန်တော်ခံစားသလို ခံစားစေချင်သည်။ ထို့ကြောင့် ဖွဲ့နွဲ့ခြင်း ဖြစ်သည်။

အနုပညာရှင်တို့သည် သူတို့၏ ခံစားမှုကို ဖွဲ့နွဲ့ဖော်ပြရင်း ဟန်၊ လက်သံ၊ လက်ရာဟု ခေါ်ကြသော အနုပညာခံစားမှု ရမ္မက်ပုံ သဏ္ဌာန်ကို ဖြစ်ပေါ် ဖွဲ့စည်းလာကြမည်ဟု ယူဆပေသည်။

[စပယ်ဖြူအမျိုးသမီးမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၁၉၈၅။]

## လှိုင်းဂယက်၏ အရှိန်

### (က)

(၁၉၄၆) ဒီဇင်ဘာလက စာပေသစ်၊ (၁၉၄၇) ဒီဇင်ဘာလက ပြည်သူ့စာပေ၊ ဆိုရှယ်လစ်သရုပ်ဖော်စာပေ စသည်ဖြင့် တာရာမဂ္ဂဇင်း ခေါင်းကြီးများတွင် ဖော်ပြခဲ့သည်။ ယင်းစကားလုံးများကို ထိုအခါက 'လက်ဝဲ' ဝေါဟာရစကားလုံးများဟု နားလည်နေကြသည်။

စစ်ပြီးစ ထိုကာလက လက်ဝဲလက်ျာဟူသော စကားလုံးများ ခေတ်စားခဲ့သည်။ ယင်း လက်ဝဲ၊ လက်ျာ အခေါ်အဝေါ်ဖြင့် သတ်မှတ်တတ်ကြသည်။ ယင်းသို့ပင် လက်ဝဲစကားလုံးများဟု သတ်မှတ်ခြင်းခံရသော စာပေသစ်၊ ပြည်သူ့စာပေ၊ ဆိုရှယ်လစ်သရုပ်ဖော် စာပေဟူသော ဝေါဟာရတို့ဖြင့် စာပေရေးရာတို့ကို ဖော်ပြသောအခါ ကျွန်တော့်ကိုလည်း 'လက်ဝဲ' ဟူသော ရုပ်ပုံလွှာအမြင်ဖြင့် မြင်ထားကြပုံရသည်။ အမှန်အားဖြင့် စာပေတွင် သစ်ဟူသော စာတစ်လုံးထိုးကာ စာပေသစ်ဟု ဖော်ပြခဲ့ရာတွင် 'သစ်'ဟူသော စကားလုံးမှာ လက်ဝဲစကားလုံးဟု မဆိုနိုင်ပေ။ သို့သော် ဒီမိုကရေစီသစ်၊ ပြည်သူ့အာဏာသစ်ဟူသော စကားလုံးတို့ကြောင့် သစ်မှာ လက်ဝဲစကားလုံးကဲ့သို့ ဖြစ်နေသည် ထင်သည်။ ပြည်သူဟူသော စကားမှာလည်း နိုင်ငံရေးစကားလုံးပင် ဖြစ်သည်။ မှန်နန်းရာဇဝင်တော်ကြီးများတွင် ရဟန်းရှင်လူ ပြည်သူ အပေါင်းသည်ဖြင့် ပြည်သူဟူသော စကားလုံးကို သုံးခဲ့ကြသည်။ သို့သော် စစ်ပြီးစကာလ လောက်က စ၍ လက်ဝဲစကားလုံးအဖြစ် နားလည်ခဲ့ကြသည် ဆိုရပေမည်။ စကားလုံးတို့မည်သည် တကယ်ကျင့်သုံးသော ဖြစ်ရပ်ပေါ်တည်၍ အနက်

www.burmeseclassic.com



အဓိပ္ပာယ် ထင်ရှားတည်ရှိမြဲ ဖြစ်သည်။ ထိုအခါက ဗိုလ်ချုပ်အောင်ဆန်းက ‘လက်ဝဲညီညွတ်ရေး’ ဟူ၍ သုံးခဲ့သည်ကို မှတ်မိကြပေလိမ့်မည်။ သူက ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ်ပါတီတို့၏ ညီညွတ်ရေးကို ရည်ညွှန်း၍ လက်ဝဲညီညွတ်ရေး ဟူသော ဝေါဟာရကို သုံးခြင်း ဖြစ်သည်။ စစ်ပြီး လွတ်လပ်ရေးရခါစက ပေါ်ခဲ့သော ဖဆပလ ဥက္ကဋ္ဌ သခင်နု၏ နိုင်ငံရေးလမ်းစဉ် တစ်ရပ်ကို နုမူ ၁၅ ချက်၊ သို့မဟုတ်၊ လက်ဝဲညီညွတ်ရေးမူဟု ခေါ်ခဲ့ကြသည်။ ထိုနောက် တစ်ဖန် ဖဆပလ အစိုးရကို လက်ျာဟု ခေါ်ကြပြန်သည်။ ဖဆပလ အစိုးရသည် နုအက်တလီစာချုပ်ဖြင့် လွတ်လပ်ရေး ရယူခြင်း၊ (၁၉၅၀) က အမေရိကန် အစိုးရနှင့် အီးစီအေခေါ် စီးပွားရေးပူးပေါင်းမှု စာချုပ်ချုပ်ဆိုခြင်း စသည်များကြောင့် လက်ျာဟု ခေါ်ကြခြင်း ဖြစ်သည်။ ထိုအခါက အင်္ဂလိပ်၊ အမေရိကန်နှင့် နီးစပ် ဆက်ဆံသူကို လက်ျာ၊ ဆိုဗီယက်နှင့် နီးစပ်ဆက်ဆံသူကို လက်ဝဲ စသဖြင့် သတ်မှတ်ခေါ်ဝေါ်လေ့ ရှိတတ်ကြသည်။ တစ်ဖန် လက်ဝဲ အသိုင်းအဝိုင်းထဲတွင်ပင် လက်ျာ သွေဖီရေးသမား၊ လက်ဝဲသွေဖီရေးသမား စသည်ဖြင့် ခေါ်ဝေါ်ကာ ခွဲထားပြန်သည်။ ယင်းသို့လျှင် နိုင်ငံရေးလောကတွင် လက်ဝဲ၊ လက်ယာဟူသော ဝေါဟာရသည် ခေတ်စားလာပြီးနောက် တစ်ဖန်ရှုပ်ထွေးလာပြန်သည်။ ကွန်မြူနစ်ကို လက်ဝဲဆိုရှယ်လစ်၊ ဖဆပလကို လက်ျာ ဆိုရှယ်လစ် စသည်ဖြင့် ခေါ်ဝေါ်ကြသဖြင့် ရှုပ်ထွေးစရာ ဖြစ်လာကြဟန် ရှိသည်။

ယင်းအခြင်းအရာတို့သည် သဘာဝကျသည်ဟု ဆိုရမည် ထင်သည်။ စစ်နှင့် တော်လှန်ရေးကို ဖြတ်သန်းပြီးခါစ၊ လွတ်လပ်ခါစ၊ နိုင်ငံတော် တည်ထောင်မှု နုပျိုစ အဘက်ဘက်မှ ဖွံ့ဖြိုးစကာလကို ခေတ်ကာလက နိုင်ငံရေး ခေါင်းဆောင်များသည်ပင်လျှင် အသက်အရွယ်အားဖြင့် ငယ်ကြသေးသည်။ (၁၉၄၇) က ဗိုလ်အောင်ဆန်းမှာ ၃၂ နှစ်သာ ရှိသေးသည်။ ကျွန်တော်မှာ ၂၈ နှစ်။

ယင်းကာလက ကျွန်တော်သည် စာပေသစ်၊ ပြည်သူ့စာပေ၊ ဆိုရှယ်လစ် သရုပ်ဖော် စာပေစသည်ဖြင့် ဖော်ပြခဲ့သည်။ ထိုအခါ ယင်းအယူအဆကို လက်ခံသူက တစ်ဖက်၊ လက်မခံသူက တစ်ဖက် ခြားနားကာ အယူအဆရေးရာ အငြင်းအခုန်များ ပေါ်ပေါက်လာခြင်းများ စတင်ခဲ့သည်။ လက်ခံသူကို ‘လက်ဝဲ’ ဟု ခေါ်လိုက်ကြပြီး တစ်ဖန် လက်မခံသူကို



‘လက်ျာ’ နားလည်လိုက်ကြသည်ကို တွေ့ရသည်။ ထိုကာလက ပေါ်ပေါက်လျက်ရှိသော ဝေါဟာရတို့ဖြင့် သတ်မှတ်ခေါ်ဝေါ်ကြခြင်း ဖြစ်သည်ဟု ဆိုရမည်။

အမှန်အားဖြင့် လက်ဝဲ၊ လက်ျာဟူသော စကားလုံးတို့မှာ ရွေ့လျားနေသော အဓိပ္ပာယ်ရှိသည့် စကားလုံးမျိုး ဖြစ်သည်။ နှိုင်းယှဉ်ချက်ဖြင့် နားလည်ရသော သဘောရှိသည်။ မိမိ၏ အယူအဆကို ဗဟိုတည့်တည့် နေရာမှန်ဟု သဘောထားကာ လက်ဝဲ၊ လက်ျာတို့ သတ်မှတ်ကာ ခေါ်တတ်ကြသော သတ်မှတ်နည်းဖြစ်သည်ဟု ဆိုနိုင်သည်။ မူလစကားရင်းမှာ ပြင်သစ်လွှတ်တော်တွင်အမတ်များ နေရာယူပုံကို အကြောင်းပြု ခေါ်ဝေါ်ခြင်း ဖြစ်သည်ဟု ဆိုကြသည်။ အစိုးရ အတိုက်အခံ အမတ်များကို လွှတ်တော်၏ လက်ဝဲဘက်တွင် ထိုင်စေခြင်းက စတင်၍ လက်ဝဲဟု ခေါ်တွင်လာသည်။ စစ်မဖြစ်မီက မြန်မာနိုင်ငံရေးလောကတွင် လက်ဝဲ၊ လက်ျာ အသုံးအနှုန်း ခေတ်မစားသေးပေ။ စစ်ပြီးမှ ခေတ်စားသည်။ ယနေ့တွင် ယင်းစကားလုံးသည် ခေတ်မစားပြန်တော့ပေ။

စစ်ပြီးစနှင့် လွတ်လပ်ရေး ရခါစကာလ ကွန်မြူနစ်ဆိုရှယ်လစ် စသည်ဖြင့် နိုင်ငံရေးလောကတွင် ခေါ်ဝေါ်အမည်ပေးတတ်ကြသည်။ ထိုအခါက ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ်ပါတီစသည်တို့ အပြိုင်စည်းရုံးလှုပ်ရှားနေကြသော အခြေအနေ ဖြစ်သည်။ ကျွန်တော်မှာ နှစ်ဘက်သော ပါတီများမှ ခေါင်းဆောင်တို့နှင့် ကျောင်းသားဘဝကတည်းက ခင်မင်ရင်းနှီးခဲ့သူများ ဖြစ်ကြသည်။ ပါတီများ မတည်ထောင်ခင်ကပင် သူတို့နှင့် ခင်မင်ရင်းနှီးခဲ့သည်။ ပါတီများ တည်ထောင်ပြီးကာလတွင်လည်း သူတို့နှင့် ခင်မင်မှု မပျက်ခဲ့။ ကျွန်တော်က ကျွန်တော့်အယူအဆနှင့် ကျွန်တော်။ ထိုအခါက ဗမာပြည်ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်၊ ဖဆပလ အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးဗဆွေက သူ သဘာပတိအဖြစ် ဆောင်ရွက်သော ပြည်သူ့စာပေကော်မတီတွင် ဝင်ရောက်ဆောင်ရွက်ရန် ကျွန်တော့်အား စီစဉ်ပေးဖူးသည်။ ကုန်သည်လမ်းတွင် စာအုပ်ထုတ်ဝေရေးနှင့် နိုင်ငံခြား စာအုပ်များ ရောင်းသော ပြည်သူ့စာပေတိုက်အမည်ရှိ စာအုပ်တိုက် တစ်ခုရှိသည်။ အထူးသဖြင့် အင်္ဂလန်၊ အမေရိကန်၊ ဆိုဗီယက်မှ မာ့က်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ စသော လက်ဝဲစာအုပ်များ မှာယူရောင်းချသည်။ မာ့က်ဝါဒ လေ့လာနည်း စသော စာအုပ်များ ထုတ်ဝေသည်။ ယင်း ပြည်သူ့စာပေ

www.burmeseclassic.com

www.burmeseclassic.com



တိုက်ကို ကိုဗဆွေက မတည် ထူထောင်ပေးသည်ဟု သိရသည်။ ကျွန်တော်က ပြည်သူ့စာပေတိုက်သို့ မကြာခဏ ဆိုသလို ရောက်တတ်ရာ ကိုဗဆွေ၊ ဗိုလ်ခင်မောင်လေး၊ ကိုထွန်းဝင်းစသော ဆိုရှယ်လစ်ပါတီခေါင်းဆောင်တို့နှင့် ဆုံသည်။ တစ်နေ့တွင် ကိုဗဆွေက 'ပြည်သူ့စာပေကော်မတီဆိုတာ ငါဖွဲ့ထားတယ်၊ မင်းအဖွဲ့ဝင် အဖြစ်ပါပါလား၊ မင်းနှင့်တော်တယ်၊ မင်းက ကျောင်းသားဘဝကတည်းက ဖတ်မှတ်နေတတ်တာ ငါသိတယ်၊ ဖဆပလရဲ့ နိုင်ငံရေးလမ်းစဉ်တွေကို ညွှန်ပြမည့် သဘောတရားရေး လမ်းညွှန် အဖွဲ့မျိုးဆိုပါတော့။ သဘောပေါက်ကွာ' ဟု ပြောသည်။ ကျွန်တော်ကြိုက်သည့် အလုပ်မျိုး။ သူနှင့် ကျွန်တော်က ရင်းနှီးသည်။ ကျွန်တော်က ဘာမျှ မပြောဘဲ ပြုံးကာ ငေးကြည့်နေစဉ် သူက 'မင်း အစည်းအဝေးတက်ကြည့်ပါလား၊ ငါ ဖိတ်စာပို့လိုက်မယ်' ဟု သူက ဆက်ပြောသည်။ ကျွန်တော် အစည်းအဝေးတက်ကြည့်သည်။ ကိုဗဆွေ၏ စေတနာကို ကျွန်တော် သံသယ မဖြစ်။ သူက ရိုးသားစွာပင် မာ့က်ဝါဒ၊ ဆိုရှယ်လစ်ဝါဒများ ပြန့်ပွားစေလိုသည်။ ကျွန်တော်လည်း ကျွန်တော်နှင့် မဖြစ်ဟု တွက်ဆကာ နောက်အပတ် အစည်းအဝေးသို့ မတက်တော့ပေ။ သို့သော် ပြည်သူ့ စာပေအတွက် 'လုပ်ကြံမှုကြီး' အမည်ရှိ စာအုပ်တစ်အုပ်ကိုကား ဘာသာပြန်ပေးခဲ့သည်။ သို့သော် အုပ်ရေ ၅၀၀၀၊ စာမျက်နှာ ၁၆၀ ပုံနှိပ်ပြီးခါမှ ဆက်၍ မရိုက်တော့။ သူ့လူများက ကန့်ကွက်ဟန်တူသည်။

ယင်းသို့လျှင် လက်ဝဲ၊ လက်ျာ၊ ကွန်မြူနစ်၊ ဆိုရှယ်လစ် စသည်ဖြင့် အပြိုင်အဆိုင် ဒီမိုကရေစီ လှုပ်ရှားမှုတို့ဖြင့် ဆူဝေလျက်ရှိနေသည့် ကာလတွင် ကျွန်တော်က တာရာမဂ္ဂဇင်းမှ နေ၍ စာပေသစ်၊ ပြည်သူ့စာပေ၊ ဆိုရှယ်လစ် သရုပ်ဖော်စာပေ စသည်ဖြင့် ဖော်ပြလိုက်သောအခါ အငြင်းအခုံ ဖြစ်ပေါ်ခြင်းမှာ သဘာဝကျသည်ဟု ဆိုနိုင်သည်။

(ဂ)

(၁၉၄၆၊ ၄၇)က စာပေသစ်၊ ပြည်သူ့စာပေ၊ ဆိုရှယ်လစ်သရုပ်ဖော်စာပေစသည်ဖြင့် တာရာမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော်လည်း အဓိပ္ပာယ်နှင့် သဘောတရားတို့ကို ဖွင့်ဆိုခဲ့သည် မဟုတ်ပေ။ စကားလုံး၏ အဓိပ္ပာယ်လောက်မျှသာ ထွက်သည့် သဘောသာ ရှိခဲ့သည်။ ခေါင်းကြီးများတွင် အလျဉ်းသင့်သလို ရိုးတိုးရိပ်တိတ် ဆက်စပ်ဖော်ပြခြင်းတို့သာ



ရှိသည်။ စာပေသစ် သဘောတရားကိုကား (၁၉၅၀) မှ ဂဃနဏ ဖော်ပြဖြစ်သည်။ ပြည်သူ့စာပေ၊ ဆိုရှယ်လစ်သရုပ်ဖော် စာပေတို့မှာ ဆိုရှယ်လစ် စာပေလောကအကြောင်း ရေးသား ဖော်ပြချက်တို့ကို ဖတ်ကြရပြီးဖြစ်၍ လေ့လာသူတို့အဖို့ သိရှိနေကြပြီး ဖြစ်သည်ဟု ဆိုနိုင်သည်။ ဆိုရှယ်လစ်သရုပ်ဖော် စာပေအကြောင်းကို (၁၉၆၂) ကမ္ဘာအေး စာပေညီလာခံတွင် တင်ကြသော စာတမ်း၌ အတော်ကလေး ပြည့်စုံစွာ ဖော်ပြခဲ့ဖူးသည်။ ပြည်သူ့စာပေအကြောင်းကိုကား အရေးနည်းလှသည်။ ဆိုရှယ်လစ်အယူအဆ ဆိုသည်မှာ ရုရှားပြည်တွင် ဆိုရှယ်လစ် နိုင်ငံတော်ဟူ၍ မတည်ထောင်ခင် အနှစ် ၁၀၀ ခန့်ကတည်းက ပေါ်ပေါက်ခဲ့သော အယူအဆ ဝါဒ ဖြစ်သည်ဟု ဆိုရမည်ထင်သည်။

ဆိုရှယ်လစ်စာပေ၊ ဆိုရှယ်လစ်စာပေအယူအဆ၊ ဆိုရှယ်လစ်သရုပ်ဖော် စာပေစသည်တို့မှာ ဆိုရှယ်လစ်စီးပွားရေးစနစ်ပေါ်တွင် တည်၍ ဖြစ်ပေါ်လာရသော အခြင်းအရာများ ဖြစ်ကြသည်။ သရုပ်ဖော်စာပေ အယူအဆဟူသည်မှာလည်း ဆိုဗီယက်စာပေဟူ၍ မပေါ်မီ အနှစ် ၅၀ ခန့်ကပင် ဥရောပတွင် ပြောဆိုနေကြသော အယူအဆ ဖြစ်သည်။ ဆိုရှယ်လစ် အယူအဆဆိုသည်က အမျိုးမျိုး ရှိခဲ့ကြသည်။ ဆိုရှယ်လစ် စနစ်ဆိုသည်ကလည်း ပုံစံအမျိုးမျိုး ရှိနိုင်သည်။ တစ်ပုံစံတည်း ရှိရမည်ဟု ပုံသေကားချပ် ပြော၍ မရ။ မိမိတို့၏ ရေမြေတောတောင်၊ လူမျိုးယဉ်ကျေးမှု၊ အမျိုးသားမှု၊ နိုင်ငံရေးအခြေအနေ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အစားစားအလိုက် ပုံစံ အမျိုးမျိုး ရှိနိုင်သည်။ ဆိုရှယ်လစ် စီးပွားရေးစနစ်ကို အခြေခံသော ဆိုရှယ်လစ် နိုင်ငံတော်ဟူ၍ ကမ္ဘာမြေပြင်တွင် စတင် ဖူးပွင့်လာခဲ့သည်မှာ အနှစ် ၇၀ ခန့် ရှိလာပေပြီ။ ယင်းနှစ်ကာလအတွင်း ဖြတ်သန်းခဲ့သော အတွေ့အကြုံများအရ ပုံစံအမျိုးမျိုး ဖြစ်ပေါ်ကွဲပြားခဲ့ကြသည်ကို တွေ့မြင်နိုင်ကြပြီ။ ဆိုရှယ်လစ် အခြေခံအနှစ်သာရနှင့် မကွဲလွဲရန်သာ အရေးကြီးပေသည်။ ယင်းသို့ ဆိုရှယ်လစ်ရေးရာ အယူအဆတို့သည်လည်း မိမိရေခံ၊ မြေခံအရ အမျိုးမျိုး ရှိနိုင်သည်။ နိုင်ငံရေး လှုပ်ရှားမှု ပုံသဏ္ဌာန်၊ စာပေလှုပ်ရှားမှု ပုံသဏ္ဌာန်တို့သည် သူတို့၏ ရေမြေတောတောင်အရ ဖြစ်ပေါ်နေကြခြင်း ဖြစ်သည်။ ပုံသဏ္ဌာန်တစ်ခုတည်း မဟုတ်ပေ။

'ပြည်သူ့စာပေ' နှင့် ပတ်သက်၍ (၁၉၄၇)၊ ဒီဇင်ဘာလထုတ်

www.burmeseclassic.com

www.burmeseclassic.com



တာရာမဂ္ဂဇင်း (၁၉၄၈၊ မတ်လမှ ထွက်ဖြစ်သည်) တွင် အရိပ်အမြွက်မျှ ဖော်ပြခဲ့သည်။

'ကျွန်ုပ်တို့ကား အနုပညာမြောက်သော ပြည်သူ့စာပေသို့ မျှော်မှန်းကာ အမျိုးသားယဉ်ကျေးမှုကို တင်ဆောင်သွားမည်သာ။ လမ်းသည် အဘယ်မျှပင် ကြမ်းတမ်းကြမ်းတမ်း၊ ခက်ထန် ခက်ထန် ကျွန်တော်၏ အယူအဆကို ပြည့်စုံစွာ မဖော်ပြခဲ့ပေ။ ပြည်သူဟူသော စကားလုံးမှာ ရှေးကတည်းက ရှိခဲ့သည်။ သို့သော် ယနေ့တွင် ယင်းစကားလုံး၏ အဓိပ္ပာယ် ထင်လင်းမှုသည် ရှေးကနှင့် တူချင်မှ တူပေမည်။ အထူးသဖြင့် စစ်မဖြစ်မီခေတ် အမျိုးသား လှုပ်ရှားမှု အားကောင်းနေသောအခါက ခံစားမှုဖြင့် ကောက်ယူသော အဓိပ္ပာယ်မှာ လေးနက်သည်ဟု ဆိုရမည်။ ထိုအခါက အင်္ဂလိပ်ကိုလိုနီအစိုးရ၏ ဖိနှိပ်မှုကို ခံနေရသော ခံစားမှုဖြင့် ပြည်သူကို နားလည်ခဲ့ကြသည်။ ပြည်သူဆိုသည်မှာ တိုင်းတစ်ပါးသား အင်္ဂလိပ် ကိုလိုနီအစိုးရ၏ အအုပ်စိုးခံ၊ အဖိအနှိမ်ခံ ပြည်သူဟု မိမိတို့ဘဝ ခံစားမှုအရ နားလည်သိရှိခဲ့ကြသည်။ ယင်းကာလက စ၍ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှု သမိုင်းခေတ် အတွေ့အကြုံများအရ 'ပြည်သူ' ကို ခံစားနားလည်သိရှိခဲ့ကြသည်။ ထိုအတွင်း ကျွန်တော်တို့မှာ လူငယ်ကျောင်းသားဘဝဖြစ်ကြ၍ ခံစားမှု နုနယ်လတ်ဆတ်တုန်း အရွယ်မို့လည်း ဤသို့ နားလည်ခြင်းလည်း ဖြစ်နိုင်သည်။ ပြည်သူ့စာပေဟူသော ဝေါဟာရကိုလည်း ယင်း ပြည်သူဟု နားလည်ခံစားမှုဖြင့် အဓိပ္ပာယ် ဖွင့်ရပေမည်။

ကျွန်တော် နားလည်သော ပြည်သူ့စာပေဆိုသည်မှာ ပြည်သူတို့ဘဝအကြောင်းကို ပြည်သူတို့ ကိုယ်တိုင် ရေးသားဖွဲ့နွဲ့ကြ၍ ပြည်သူတို့ ဖတ်ရှုခံစားသော စာပေဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ဤသည်မှာ ရည်မှန်းချက် ဖြစ်သည်။ အနာဂတ် ခေတ်ကို စိတ်ကူးယဉ်ခြင်းဟု ဆိုချင်လည်း ဆိုတော့။ ယင်း ပြည်သူ့စာပေသို့ ရှေ့ရှုသွားရာလမ်းတွင် (စာပေသစ်သည် လမ်းအစ ဖြစ်မည် ထင်သည်။ ကြာချင် ကြာမည်။ မြန်ချင်လည်း မြန်မည်။ ခက်ထန်ချင်လည်း ခက်ထန်မည်၊ ကြမ်းတမ်းချင် ကြမ်းတမ်းမည်။ လမ်းတွင် နေရစ်ခဲ့သူများလည်း ရှိချင်ရှိမည်။ လမ်းခုလပ်တွင် အချိုးအကွေ့တွေ ရှိသည် မဟုတ်ပါလား။)

ယင်းသို့ စာပေသစ် ပြည်သူ့စာပေဟု ဖော်ပြခါစက ဆန့်ကျင်ဘက် လှိုင်းဂယက်များထခဲ့သည်။ အထူးသဖြင့် ကျွန်တော်၏ အဖွဲ့အနွဲ့၊ အရေးအသားတို့ကို ဗဟိုပြုကာ ပြောကြဟန်ရှိသည်။ သရုပ်ဖျက်စာပေသစ်၊ စိတ်ကူးယဉ် စာပေသစ်၊ စာပေသစ် မဟုတ်။ အရေးအသားသစ်သာဖြစ်သည်။ အကြောင်းအရာသစ် မဟုတ်။ အရေးအသား လျှပ်ပေါ်လော်လီခြင်း။ ပြောတော့ ပြည်သူကို ယူသော စာပေသစ် စသည်စသည်ဖြင့် ရေးသားကြသည်။



လှိုင်းဂယက်ဟူသည် ဆန့်ကျင်ဘက်သို့လည်း ရိုက်ခတ်သည်။ တူညီသော ဘက်ကလည်း ရိုက်ခတ်သည်။ လွန်ခဲ့သော အနှစ် ၄၀ က ရိုက်ခတ်ခဲ့သော လှိုင်းဂယက်သည် အရှိန်တန့်သွားပြီလော။

[မိုးဝေမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၈၆]

www.burmeseclassic.com

www.burmeseclassic.com

## ပွဲတင်သံဂယက်

### (က)

အနုပညာဟူသည်ကား အဘယ်နည်း။ ဤစကားရပ်သည် မေးခွန်းဆန်သော စကားရပ် ဖြစ်သော်လည်း ဤခေါင်းစဉ်မျိုးဖြင့် အနုပညာရှင်များစွာ စာရေးဆရာများစွာသည် သူတို့၏ အနုပညာအတွေ့အကြုံအရ အဓိပ္ပာယ်ကို ဖွင့်ဆိုကြသည်မှာ ယနေ့တိုင်ပင် ဖြစ်သည်။

အနုပညာ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုကြရာတွင် သဘောတရားတိုက်ဆိုင်ချက်များ ရှိကြသည်။ ရှိလည်း ရှိနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အနုပညာဟူသည်မှာ ခံစားမှုကို ဖော်ပြသော အနုပညာရပ်တစ်ရပ်ဖြစ်သောကြောင့် ဖြစ်သည်။ စာပေ၊ ဂီတ၊ ပန်းချီ၊ သဘင်၊ အကစသည်ဖြင့် များလှစွာသော အနုပညာရပ်တို့တွင် ဖော်ပြပုံဖော်ပြမှု ပုံသဏ္ဍာန်တွင် အမျိုးမျိုး ကွဲလွဲကြမည် ဖြစ်သော်လည်း ခံစားမှုကို ဖော်ပြသောအရာကား အမျိုးမျိုး မရှိနိုင်။ ထို့ကြောင့်ပင်လျှင် အနုပညာရပ်၏ အဓိပ္ပာယ်ကို ‘ဖွင့်ဆိုရာတွင် (သို့) အနုပညာရပ်ဟူသော ဘာသာရပ်တစ်ခုလုံး၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် စကားလုံး တူညီသော ဝေါဟာရဖြင့်သာလျှင် သုံးနှုန်းခဲ့ကြသည်။

အနုပညာဘာသာရပ်ကို ရသဗေဒ (သို့) ခံစားမှုဗေဒ (သို့) အလှဗေဒ စသည်ဖြင့် ခေါ်ကြသည်။ ယင်းစကားလုံးတို့၏ ပင်ရင်းအဓိပ္ပာယ် အားလုံးမှာ မကွဲပြား။ တစ်ခုတည်းပင် ဖြစ်သည်။ သို့သော် စကားပရိယာယ်အားဖြင့်သာလျှင် အမျိုးမျိုး သုံး၍ နေကြခြင်း ဖြစ်သည်ဟု ဆိုရမည်။

www.burmeseclassic.com

www.burmeseclassic.com



အနုပညာအမျိုးမျိုးဟု ဆိုခဲ့သည်မှာ အခြားကြောင့် မဟုတ်။ 'စာဆ' ဟူသော ဘာသာရပ်တွင်ကြည့်။ စာပေတွင် ကဗျာနှင့် စကားပြေဟု ရှိသည်။ စကားပြေတွင် ဝတ္ထု၊ ပြဇာတ်၊ ခရီးသွားမှတ်တမ်း၊ အမှတ်တရ၊ ခေတ်ပြိုင်မှတ်တမ်း၊ သမိုင်းမှတ်တမ်း၊ ရုပ်ပုံလွှာ အဖွဲ့အနွဲ့၊ ရသဟန်စကားပြေ အဖွဲ့အနွဲ့ စသည်အားဖြင့် များစွာ ရှိသည်။ အခြားနာမည်ခေါင်းစဉ်တပ်၍ မရသေးသော စကားပြေများလည်း များစွာ ရှိဦးမည်။ ဝတ္ထုတွင် ဝတ္ထုတို၊ ဝတ္ထုရှည်ဟု ရှိပြန်သည်။ ပန်းချီတွင် ကြည့်ကလည်း ရေးပုံရေးနည်းကို ကြည့်၍ များစွာသော ပုံသဏ္ဌာန်တို့ ရှိကြသည်။ ဂီတတွင်လည်း ရှေးဂန္ထဝင်ဟန်၊ ခေတ်ပေါ်ဟန် စသည်ဖြင့် များစွာ ရှိကြသည်။ ယင်းသို့ အမျိုးမျိုးသော ခံစားမှုကို ဖော်ပြသည့် အနုပညာပုံသဏ္ဌာန် အမျိုးမျိုးကို ခြုံ၍ လေ့လာပြီးနောက် ရသဗေဒ၊ ခံစားမှုဗေဒ၊ အလှဗေဒ စသည်ဖြင့် ဝေါဟာရများကို သုံးကာ ဘာသာရပ် တစ်ခုလုံး ခေါ်ခဲ့ကြသည်။

ယင်းသို့ စာပေနှင့် အနုပညာရပ်များစွာကို ခြုံ၍ လွန်ခဲ့သော နှစ်ပေါင်း ထောင်ပေါင်းများစွာကပင် ဒဿနဗေဒပညာရှင်များသည် ကျမ်းများ ပြုစုရေးသားခဲ့ကြသည်။ နောက်လူ စာဖတ်ပရိသတ်တို့က အနုပညာရှင်တို့က ယင်းကျမ်းများကို ဖတ်ရှုကာ သူနှင့် ခေတ်ပြိုင်ထွက်ပေါ်လျက်ရှိသော စာပေနှင့် အနုပညာရပ်များကို အကဲဖြတ်ကြ၊ ဝေဖန်ကြပေသည်။

(ခ)

လွန်ခဲ့သော အနှစ် (၅၀) ကျော်က ကျွန်တော်သည် စာပေအတိုအစများကို စတင်ရေးသားခဲ့သည်။ ကဗျာနှင့် စကားပြေ ဆိုပါတော့။ မများလှပါ။ ကျောင်းသားဘဝဖြစ်၍ အတွေ့အကြုံက သိပ်နည်းလှသေးသည်။ ဘဝအတွေ့အကြုံသာ မဟုတ်၊ စာပေအတွေ့အကြုံလည်း နည်းလှသေးသည်။ ထိုအခါကပင် စာတိုပေစများကို ရေးခဲ့ဖူးသည်။ စာဖတ်ခြင်းက ပို၍ အားသန်သည်ဟု ဆိုရမည်။ ယင်းသို့ စာဖတ်ဝါသနာပါသောကြောင့် မိမိဖတ်ရသော ကဗျာစကားပြေစသည်များကို အကဲဖြတ်ရင်း စာပေဆိုသည့် သဘောကို တစ်ခါတစ်ရံ တွေးတောမိသည်။

ကျွန်တော်သည် ဘယ်ကဲ့သို့သော စာမျိုးကို ကြိုက်သလဲ၊ ဘာကြောင့် ကြိုက်သလဲ၊ ဘယ်သို့သော စာများကို စွဲလမ်းသလဲ၊ ဘာကြောင့်



စွဲသွားရသလဲ။ စာပေသာမဟုတ်၊ ဂီတ၊ ပန်းချီ၊ သဘင်၊ အက၊ ရုပ်ရှင်စသည်များကို ခံစားသည့် အခါလည်း ဤမေးခွန်းမျိုးကို မေးကြည့်သည်။ မည်သည့် အနုပညာမျိုးကို ကြိုက်သလဲ၊ ဘာကြောင့် ကြိုက်သလဲ။ မည်သည့် အနုပညာမျိုးကို ဘာကြောင့် စွဲလမ်းသလဲ၊ ဤမေးခွန်းများသည် တစ်ထိုင်တည်း ပေါ်လာသည် မဟုတ်။ ကျွန်တော်သည်လည်း တစ်ထိုင်တည်း တွေးတောတတ်သည် မဟုတ်။

မိမိကြိုက်သော စာပေ၊ မိမိကြိုက်သော အနုပညာတစ်ခုကို ခံစားပြီးလျှင် ပေါ်လာသော မေးခွန်းများ ဖြစ်သည်။ အဖြေကား မရ။ ထိုအခါက ရသစာပေသာ မဟုတ်။ ရသမဟုတ်သော စာပေများကိုလည်း ဖတ်သည်။ စာဖတ်ဝါသနာပါသောကြောင့် မိမိဝါသနာပါသော စာဆိုလျှင် ဖတ်လိုက်သည်။ ထိုအခါက ကျွန်တော်မှာ အသက် ၂၀ ပင် ပြည့်သေးသည် မဟုတ်။ နုနယ်ငယ်ရွယ်သော အတွေ့အကြုံ၊ ပျို့နုသော အလေ့အလာဖြင့် တွေးတောရင်းက တစ်ချက်ကိုတော့ သွား၍ စဉ်းစားမိလိုက်သည်။ ဤသည်မှာ အခြားမဟုတ်၊ မှတ်မိစွဲလမ်းနေသော ကိစ္စရပ်ပင် ဖြစ်သည်။ စာတစ်ပုဒ်၊ အနုပညာတစ်ဖွဲ့သာ မဟုတ်။ မိမိငယ်စဉ်က အတွေ့အကြုံ အဖြစ်အပျက်များကို မှတ်မိနေသည်။ ယင်း စွဲလမ်းခြင်းမျိုးကို သတိပြုမိရင်းက မိမိအာရုံ၌ စွဲလမ်းမှတ်ထင်နေသော စာတစ်ပုဒ် (သို့) အနုပညာတစ်ဖွဲ့သည် စာကောင်း တစ်ပုဒ်ဆိုရမည်လော။ ဤသို့လည်း တွေးမိပြန်သည်။

'ပဲ့တင်သံ' ဟူသော သဘောကို ကျွန်တော် စဉ်းစားမိပြန်သည်။ အသံ တစ်သံ ထွက်ပေါ်လာပြီးနောက် ပျောက်မသွားဘဲ ပဲ့တင်ရိုက်ခတ်နေခြင်းကို ကျွန်တော် ဆိုလိုခြင်း ဖြစ်သည်။ ဤပဲ့တင်သံ သဘောမျိုးပင် ဂယက်သည် လှိုင်းထပြီးနောက် အရှိန်သေမသွားဘဲ ဝေ့ကာ ဝေ့ကာ ကျန်ရစ်ခဲ့သော လှိုင်းဂယက် သဘောမျိုးဟု ဆိုချင်သည်။

ယင်းစဉ်းစားချက်ကို စာပေခံစားမှုနှင့် ဆက်စပ်၍ တွေးမိသည်။ စာတစ်ပုဒ် (သို့) အနုပညာတစ်ဖွဲ့သည် ဖတ်ပြီးလျှင် ချက်ချင်း ခံစားပြီးလျှင် ချက်ချင်း ပျောက်ကွယ်မသွားဘဲ မိမိအာရုံ၌ နှစ်ပေါင်းများစွာ ထင်ကျန်ရစ်ခဲ့သော သဘော၊ စွဲကျန်ရစ်သော သဘောကို ကျွန်တော် တွေးမိလာသည်။ ယင်းသည် အနုပညာဖြစ်သလောဟု မေးခွန်းမေးမိသည်။ ထိုအခါကတော့ 'အနုပညာ' ဟူသော ဝေါဟာရ စကားလုံးပင် မပေါ်

www.burmeseclassic.com

www.burmeseclassic.com



သေး။ ကျွန်တော်က 'အလင်္ကာ' ဟူသော ဝေါဟာရဖြင့် လွန်ခဲ့သော နှစ်ငါးဆယ်က ဂန္ထလောကမဂ္ဂဇင်းတွင် ကဗျာ ဖွဲ့ဖူးသည်။

ထိတွေ့စမှု
နားဝမှာလျှင်၊ ကျယ်လောင်သွင်တည့်
မြင်လိုက်သည့်ခါ၊ အာရုံမှာလည်း
မှုန်ဝါးမစင်၊ ဝိုးဝါးထင်၏
ပုံတင်သံကား၊ တိမ်တိုက်ကြားဝယ်
လွင့်ပါး လှိုင်းဝေ့ပမာတည်း။
ခံစားတတ်မှု
မြင့်မြတ်ပညာ၊ အလင်္ကာကား
မြင်ရကြားမှု၊ အာရုံစုကို
မနမရိုင်း၊ ပုံတင်လှိုင်းဖြင့်
လွင့်တိုင်းသံလွင်၊ ကြည်ဘဝင်မှာ
ယဉ်ယဉ်ငြိမ့်ငြိမ့်လှသတည်း ။

ကျွန်တော်၏ တွေးတောချက် တစ်ခုကို ဝိုးတဝါး ရေးချလိုက်ခြင်း ဖြစ်သည်။ ကျွန်တော်မှာ ကောင်းစွာ တွေးတောတတ်သေးသူ မဟုတ်။ သို့သော် လက်ခနဲ့ တွေးချင်သော ပြဿနာတစ်ရပ်က တွေးတော ဖြေရှင်းလိုက်ခြင်း ဖြစ်သည်။

(ဂ)

စွဲလမ်းထင်ကျန်ရစ်နေသည်။ (သို့) ပုံတင်ရိုက်ခတ်ကျန်နေပြီဟု ဆိုလျှင် ယင်းသည် အနုပညာမြောက်ခြင်း သဘောပေလော။ စံသတ်မှတ်ခြင်းလော၊ ထိုအခါက ယင်းအတွေးဖြင့် ရေးဖွဲ့လိုက်ခြင်း ဖြစ်မည်ဟု ထင်သည်။ စွဲလမ်းခြင်းဟူရာ၌လည်း အနုပညာ ခံစားသူ (သို့) စာဖတ်သူ၊ တစ်ဦးနှင့်တစ်ဦး တူကြမည် မထင်။ တူလည်း မတူပေ။ သူတို့၏ အာရုံခံစားမှုသည် တစ်ယောက်နှင့် တစ်ယောက် မတူကြပေ။ တစ်ယောက်က စွဲလမ်းသော်လည်း၊ တစ်ယောက်က စွဲလမ်းချင်မှ စွဲလမ်းမည်။ ဤသို့ ခြားနားပေလိမ့်မည်။ တစ်ယောက်နှင့် တစ်ယောက် အကြိုက်ချင်းလည်း တူသည် မဟုတ်။ ဘဝ အတွေ့အကြုံချင်း တူကြသည် မဟုတ်။ သမိုင်းခေတ် ဖြတ်သန်းခြင်းအပေါ် တုံ့ပြန်မှုချင်း တူကြသည်



မဟုတ်။ ထို့ကြောင့်ပင်လျှင် တစ်ယောက်နှင့် တစ်ယောက် စွဲလမ်းခြင်း ထင်ကျန်ရစ်ခြင်း မတူကြပေ။ ထိုအခါက ကျွန်တော်သည် စာပေသို့ မဟုတ် အနုပညာတစ်ဖွဲ့ကို ခံစားသူအဖြစ် စာဖတ်သူအဖြစ် တွေးတော မိခြင်း ဖြစ်သည်။ ရေးဖွဲ့သူ သဘောမျိုး မဟုတ်။ ထိုအခါကလည်း ရေးဖွဲ့မှု အတွေ့အကြုံ ဘာမျှ မရှိသေး။

ဆက်၍ မေးစရာ၊ မေးမြန်းစရာများ ကျန်ရှိနေသေးသည်။ ဘာကြောင့် စွဲလမ်းထင်ကျန်ရစ်ရသနည်း။ စကားလုံးကြောင့်လော၊ ရေးဖွဲ့သည့် အဖွဲ့အနွဲ့ အကြောင်းအရာကြောင့်လော၊ အဖွဲ့အနွဲ့ကြောင့်လော။ ဖတ်ရှုသည့် အချိန်ကာလကြောင့်လော၊ ဖတ်ရှုသည့် အရွယ်ကြောင့်လော၊ ဖတ်ရှုသည့် အရွယ်ကလည်း တစ်ချိန်နှင့် တစ်ချိန် မတူ။

စိတ်အခြေအနေနှင့်လည်း ဆိုင်နိုင်သည်။ စိတ်အခြေအနေက အမျိုးသား လွတ်လပ်ရေး တောင့်တနေသည့်အခါတွင် အမျိုးသားရေးနှင့် ပတ်သက်သည့် အကြောင်းအရာကို စွဲလမ်းနိုင်သည်။ အလွမ်းဓာတ်ခံရှိသူသည် အလွမ်းစာတစ်ပုဒ်ကို စွဲလမ်းသွားနိုင်သည်။ ဆယ်ကျော်သက် အရွယ် စိတ်ကူးယဉ် အချစ်လွမ်းမိုးလျက် ရှိနေချိန်တွင် စိတ်ကူးယဉ် ဝတ္ထုကို စွဲလမ်းသွားနိုင်သည်။ ဤသို့ စိတ်အခြေအနေများ လိုက်၍ စွဲလမ်းနိုင်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် စာရေးဖွဲ့သူ၏ အကြိုက် (သို့) စာရေးဖွဲ့သူ၏ ခံစားမှုနှင့် စာဖတ်သူအကြိုက် (သို့) စာဖတ်သူ၏ ခံစားမှုနှင့် တူနေသည့် အခါတွင် စွဲလမ်းမှုသည် ဖြစ်ပေါ်လာတတ်ပေသည်။

[စပယ်ဖြူအမျိုးသမီးမဂ္ဂဇင်း၊ မတ်လ၊ ၁၉၈၈]

❁

www.burmeseclassic.com

www.burmeseclassic.com

## စာပေဝေဖန်ရေးနှင့် သဘောတရား

သဘောတရားဟူသော စကားလုံးမှာ စစ်ပြီးခေတ်တွင် ခေတ်စားလာသော စကားလုံး ဖြစ်သည်ဟု ဆိုရပေမည်။ ယင်းစကားလုံးသည် အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုနှင့်အတူ ပေါ်ပေါက်လာသော နိုင်ငံရေးအဖွဲ့ အစည်းများမှ သုံးစွဲသော စကားလုံး ဖြစ်သည်။ အထူးသဖြင့် လက်ဝဲ နိုင်ငံရေး အဖွဲ့အစည်းများမှ စတင်သုံးနှုန်းခြင်း ဖြစ်သည်။

နိုင်ငံရေးအဖွဲ့အစည်းဆိုသည်မှာ လူထုအတွင်း ရောက်အောင် စည်းရုံးလှုံ့ဆော်ရသော အဖွဲ့အစည်း ဖြစ်၍ သူတို့သုံးသော စကားလုံး တွင် တစ်ပြည်လုံး ပျံ့နှံ့နေမြဲ ဖြစ်သည်။ ၁၃၀၀ ပြည့်ဝန်းကျင်မှ ပေါ် ပေါက်ခဲ့သော တို့ဗမာအစည်းအရုံးကြီး၏ လက်စွဲစာအုပ်များ၊ ဂျာနယ်များ တွင် သုံးစွဲသော စကားလုံးများသည်လည်း တစ်ပြည်လုံး ပျံ့နှံ့ခဲ့သည်သာ ဖြစ်သည်။

ကျွန်တော် မှတ်မိသလောက် ဗမာဟူသော စကားလုံးသည် ယင်း တို့ဗမာအစည်းအရုံးမှပင် သုံးစွဲပြီး တစ်ပြည်လုံး ပျံ့နှံ့တည်ရှိနေ သော စကားလုံး ဖြစ်သည်ဟု ထင်နေသည်။

သည့်အရင်က မြန်မာဟူ၍ သုံးစွဲခဲ့ကြသည်။ ယင်းကို ဝေါဟာရ သုတေသန ပညာရှင်တို့ ရှုစမ်းသင့်သည်။ ကျွန်တော့်အလုပ်တော့ မဟုတ်။

ကျွန်တော်က ပြည်သူအများ သုံးစွဲနေသော စကားလုံးကိုသာ သုံးစွဲသူ ဖြစ်သည်။ တို့ဗမာအစည်းအရုံးက စတင်သုံးစွဲခဲ့သော အတွင်းရေး မှူး၊ ညီလာခံအစည်းအရုံးအစရှိသော စကားလုံးများသည် တို့ဗမာ အစည်း

www.burmeseclassic.com

www.burmeseclassic.com



အရုံးမှ သုံးစွဲပြီး ပျံ့နှံ့ တည်ရှိလာသော ဝေါဟာရ ဖြစ်သည်ဟု ဆိုရမည်။ ထို့အတူပင် သဘောတရားဟူသော စကားလုံးသည်လည်း စစ်ပြီးခေတ် လက်ဝဲနိုင်ငံရေး ပါတီများမှ စတင် သုံးစွဲရင်း တစ်ပြည်လုံး အပျံ့အနှံ့ သုံးစွဲလာရသော ဝေါဟာရအဖြစ် တည်ရှိလာရခြင်း ဖြစ်သည်ဟု ဆိုရမည်။

အထူးသဖြင့် လူငယ်များ၏ နှုတ်များတွင် ပြောဆိုသုံးစွဲလာသော စကားဖြစ်သည်။ ထို့ကြောင့်ပင်လျှင် သဘောတရားဟူသော စကားလုံးသည် တည်ရှိခိုင်မာလာသည်ဟု ဆိုရမည်။ လူငယ်ဆိုသည်မှာ ရှေ့သို့ တက်နေသော သီကင်း ဖွံ့ဖြိုးနေသော အရွယ် ဖြစ်သည်။ သူတို့ သုံးစွဲနေသော စကားလုံးများ အနာဂတ်တွင် တည်ရှိမြဲ ဖြစ်သည်။ ယင်းသည် သဘာဝကျသည်ဟု ဆိုရမည်။

စကားလုံး ဝေါဟာရဆိုသည်မှာ ပြည်သူက လက်ခံသုံးစွဲမှသာလျှင် အတည်ဖြစ်သည်ဟု ဆိုရမည်။ ဗဟိုကော်မတီ၊ ကလာပ်စည်း၊ ပါတီစိတ်၊ ပြည်သူ့စစ်၊ ပြည်သူ့အုပ်ချုပ်ရေး ကော်မတီ၊ အဖွဲ့မှူးစသော ဝေါဟာရများမှာ ကွန်မြူနစ်များမှ စတင်သုံးစွဲခဲ့သော စကားလုံးများ ဖြစ်ကြသည်။

လက်ဝဲပါတီများသည် ယင်းစကားလုံးများကို ဆက်လက်၍ သုံးစွဲခဲ့ကြသည်။ စကားလုံးဆိုသည်ကလည်း တစ်ခေတ်နှင့် တစ်ခေတ်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကျေးဇူးပြုသည်သာ ဖြစ်သည်။ မူပိုင်ဥပဒေဖြင့် မှတ်ပုံတင် လက်ဝါးကြီး အုပ်ထားရသည် မဟုတ်၊ အများပြည်သူတို့ လက်ခံ၍ သုံးနှုန်းကြလျှင် အတည်ဖြစ်သွားသည်သာ ဖြစ်ပေသည်။ ဤသည်မှာ သဘာဝကျသည်။

ယင်းသို့ လက်ဝဲဝေါဟာရ စကားလုံးများ စစ်ပြီးစကတည်းက ပေါ်ပေါက်ခဲ့ရာတွင် သဘောတရားဟူသော စကားလုံးသည်လည်း တစ်ခု အပါအဝင် ဖြစ်ပေသည်။ သဘောတရားဟူသော ဝေါဟာရ စကားလုံး တည်ဖြစ်လာသည်နှင့်အတူ သဘောတရားရေးရာများကို လေ့လာသော အလေ့အကျင့်သည်လည်း ပေါ်ထွန်းလာခဲ့ပေသည်။ သဘောတရားရေး စကားပြောသောအခါ သဘောတရားရေးရာ စာအုပ်စာတမ်းများကို မဖတ်၍ မဖြစ်၊ မလေ့လာ၍ မဖြစ်၊ အထူးသဖြင့် နုနယ် ပွင့်သစ်စ လူငယ်များသည် သဘောတရားများကို စိတ်ဝင်စားကြသည်။



သဘောတရားဟူသော စကားလုံးသည် နိုင်ငံရေး နယ်ပယ်တွင်သာမဟုတ် စာပေနယ်ပယ်သို့လည်း ရောက်လာသည်။ အထူးသဖြင့် စစ်ပြီးစ လွတ်လပ်ရေးရစ ကာလတွင် စာပေရေးရာနှင့် ပတ်သက်၍ သဘောတရားဟူသော အသုံးအစွဲဖြင့် တွဲဖက်ကာ ပေါ်လာပေသည်။

ဝေဖန်ရေးတွင် ယင်း သဘောတရားသည် ထပ်၍ ပါလာရသည်။ ရှေးအခါကတော့ စာပေဝေဖန်ရေးဆိုလျှင် စာပေသက်သက်ကိုသာ မိမိတို့၏ အမြင်ဖြင့် ဝေဖန်ခဲ့ကြသည်။ ဆွေးနွေးခဲ့ကြသည်။ သဘောတရားရေးခေတ် ရောက်လာသောအခါ သဘောတရားရေးရာဖြင့် ညှိနှိုင်း ဝေဖန်လာကြသည်။ စာပေဝေဖန်ရေးနှင့် သဘောတရားရေးသည် စစ်ပြီးခေတ် စာပေဝေဖန်ရေးတွင် ဆက်စပ်ကာ ထင်ရှားလာရသည်ဟု ဆိုရမည် ထင်သည်။

ယင်း လက်ဝဲဝေါဟာရများသည် ဆိုရှယ်လစ်ဝါဒရေးရာ မာ့က်စ်ဝါဒရေးရာ စာအုပ်များမှ ပါသော စကားလုံးမှ ဘာသာပြန်သော စကားလုံးလည်း ရှိသည်။ တချို့လည်း မိမိတို့၏ အတွေ့အကြုံမှယူ၍ ထုတ်နုတ်ကာ ထွင်ထားသော စကားလုံးလည်း ရှိသည်။ မည်သို့ပင် ဖြစ်စေ သဘောတရားဟူသော စကားလုံးသည် ယင်းခေတ်ကာလက ထွက်ပေါ်လာခဲ့သည်။

(ခ)

ဦးသိန်းဖေမြင့်၏ ကျွန်တော်ရေးသော မြိုင်ဝတ္ထု (၁၉၄၈) ကို ဝေဖန်ထားသည့် ဆောင်းပါးထဲတွင်ပင် သူသည် မာ့က်စ်လီနင်ဝါဒကို လက်ခံယုံကြည်သည်ဟု အတိအလင်း ဖော်ပြထားပေသည်။ သို့ဖြစ်ရာ သူ၏ ဝေဖန်ရေးသည်လည်း မာ့က်စ်လီနင်ဝါဒအမြင် ဖြစ်သည်ဟု သတ်မှတ်နိုင်ပေသည်။

ကျွန်တော်သည် နိုင်ငံရေးခေါင်းဆောင်များ၊ အနုပညာရှင်များ၏ အကြောင်းအရာကို ဖော်ပြသော ရုပ်ပုံလွှာ အဖွဲ့အနွဲ့များ ရေးသားရာတွင် ၁၉၅၄ က ဦးသိန်းဖေမြင့် ရုပ်ပုံလွှာကို အနီခေတ် ထူထောင်သူဟူ၍ ခေါင်းစဉ်တပ်ကာ ရေးသားခဲ့ဖူးသည်။

ဦးသိန်းဖေမြင့်သည် ကျွန်တော်၏ မြိုင်ဝတ္ထုနှင့် ပတ်သက်၍ ဝေဖန်သော အချက်အလက်ထဲတွင် မြိုင်ဝတ္ထုကို အလုပ်သမား၊ လယ်

www.burmeseclassic.com

www.burmeseclassic.com



သမား လူတန်းစား ဘဝကို ဖွဲ့နွဲ့ထားခြင်း မရှိဟု ရေးသားထားသည်။ မှန်ပါသည်။ မြိုင်ဝတ္ထုထဲတွင် အလုပ်သမား၊ လယ်သမား လူတန်းစား ဘဝကို ဖွဲ့နွဲ့ခြင်း မရှိ။ မြိုင်ဝတ္ထုသာ မဟုတ် အခြားသော ကျွန်တော်၏ ဝတ္ထုတိုများ၊ ရှည်များထဲတွင် အလုပ်သမား၊ လယ်သမား အကြောင်း အရာများ အဖွဲ့အနွဲ့ နည်းပါသည်။ တကယ်ကတော့ ကျွန်တော် ကိုယ်တိုင် အလုပ်သမားဘဝ၊ လယ်သမားဘဝထဲတွင် နေထိုင်ကြီးပြင်းခဲ့သူ မဟုတ်။

ကျွန်တော်သည် မြစ်ဝကျွန်းပေါ်ရှိ လယ်သမား မျိုးရိုး အဆက် အနွယ်မှ ပေါက်ဖွားလာသူ ဖြစ်သည်။ ကျွန်တော်တို့၏ အဘိုးအဘွားများ သည် မြေယာများကို ဓားမဦးချ ထွန်ယက်စိုက်ပျိုးရာမှ နှစ်ကြာလာသော အခါ မြေရှင်များ ဖြစ်လာကြတော့သည်။ ကျွန်တော်တို့အရွယ်ရောက်စက သူတို့သည် မြေရှင်များ ဖြစ်ကြသည်။ သို့သော် စစ်ကြီးအပြီး ကျွန်တော် ဝတ္ထုများ ပို၍ ရေးသားလာသည့် ကာလတွင် မြေရှင်စနစ်သည်လည်း စတင် ကွယ်ပျောက်တိမ်ကောစ ပြုနေပေ၏။ ထို့ကြောင့် ကျွန်တော်သည် မြေရှင်စနစ်ကို နှစ်ကာလ ကြာစွာ ခံစား သိရှိလာသည် မဟုတ်ဟု ဆို နိုင်သည်။

ကျွန်တော်က ဦးသိန်းဖေမြင့်နှင့် စကားစပ်မိ၍ ကျွန်တော်က လယ်သမား မျိုးရိုးပါဗျဟု သူ့အား ပြောပြသည်။ ထိုအခါ သူက လက်မခံ။ 'မင်းက ဘယ်က လယ်သမားဟုတ်ရမှာလဲကွ၊ မြေရှင်ပဲ' ဟု ပြန်၍ ချေပလေ့ ရှိသည်။ ကျွန်တော်က ပြုံး၍သာ သူ့ကို ကြည့်နေ မိသည်။

ကျွန်တော်သည် လယ်ယာများ ခြံရံလျက်ရှိသော ရွာငယ်ကလေး တွင် နေခဲ့သူ ဖြစ်သည်။ သို့သော် လေးငါးနှစ်အရွယ်တွင် ရန်ကုန်သို့ ပြောင်းရွှေ့သွားရသည်။ ထို့နောက် တစ်ဖန် တောမြို့ကလေးသို့ ပြန် ရောက်သွားရသည်။ ကျေးရွာတွင် မကြီးပြင်း၊ ကျွန်တော် ကြီးပြင်းသည့် ဘဝ ပတ်ဝန်းကျင်က မြို့ပြသာလျှင် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော် ဝတ္ထုများ ဖွဲ့သောအခါ မြို့ပြဝန်းကျင်ကို နောက်ခံကားအဖြစ် ထားသည်ကို တွေ့နိုင်သည်။

တောကျေးလက် အထိအတွေ့လုံးလုံး မရှိမဟုတ်၊ ကျွန်တော် မွေးစနှစ်ကာလက တောရွာတွင် ရှိနေသည်။ ထို့နောက် ကျွန်တော်တို့၏ မွေးရပ်ရွာများသို့ နေ့ကျောင်းပိတ်ရက်တွင် သွားနေတတ်သည်။ သို့သော်



လယ်ကွင်းသို့ ဆင်း၍ လယ်ယာထွန်ရက်သော နေရာသို့ ခဏတစ်ဖြုတ် လာရောက်သည်။ စပါးလှေ့ချိန်တွင် တလင်းထဲ ရောက်နေတတ်သည်။ ထို့ကြောင့် ယေဘုယျသဘောလောက်သာ သိသည်ဟု ဆိုနိုင်သည်။ သို့ ဖြစ်ရာ ကျွန်တော်သည် တောကျေးရွာ အဖွဲ့အနွဲ့ နည်းပါး၍ ကျွန်တော် က ကျွန်တော် သိသော ဘဝအတွေ့အကြုံကိုသာ ဖွဲ့နွဲ့ချင်သည်။ ကျွန်တော် ၏ ဝတ္ထုများတွင်ကား မြို့ပြဆင်းရဲသား လူတန်းစား ဘဝကို သရုပ်ဖော် သော ဝတ္ထု နည်းနည်းပါးပါးသာ ရှိသည်ဟု ဆိုနိုင်သည်။

ဆင်းရဲသားဘဝ ဆိုသည်မှာလည်း ဘဝ တစ်ခုလုံးကို ဖွဲ့ထား ခြင်းမျိုးတော့ မဟုတ်။ မြို့နေ ဆင်းရဲသားဘဝ၏ ဓာတ်လမ်းတစ်စိတ် တစ်ဒေသကို ဖော်ပြရုံသာ ဖြစ်သည်။ စံပယ်ဦးဝတ္ထုတိုပေါင်းချုပ်တွင် ရဲဘော်ဝတ္ထုမှာ ယင်း သဘောပင် ဖြစ်သည်။ ၁၉၆၁ ဝတ္ထုတိုပေါင်းချုပ် စာပေဗိမာန်ဆုအတွက် ကျွန်တော်၏ စံပယ်ဦး ဝတ္ထုရရှိခဲ့ရာ ဆုရွေး ချယ်ရေးအဖွဲ့၏ စာပေအကဲဖြတ်ခြင်းတွင် ကျွန်တော်သည် မြို့နေလူတန်း စားများ၏အကြောင်း ဖွဲ့နွဲ့ရာတွင် ပေါ်လွင်သည်ဟူသော အချက်အလက် ကို တွေ့ရသည်ဟု ဖော်ပြထားသည်ကို တွေ့ရ၍ ကျွန်တော် ပြုံးမိသည်။ ပြုံးမိသည်မှာ အခြားမဟုတ်၊ စာပေဗိမာန်ဆု ရွေးချယ်ရေးအဖွဲ့က လူတန်း စားဟု သုံးနှုန်းထားသောကြောင့် ဖြစ်သည်။ မြို့နေလူတန်းစား၊ တောနေ လူတန်းစား စသည်ဖြင့် လက်ဝဲသဘောတရားတွင် သုံးတတ်သော အသုံး အနှုန်းများ ဖြစ်နေသောကြောင့် ပြုံးမိခြင်း ဖြစ်သည်။

မည်သို့ပင် သုံးသည်ဖြစ်စေ စကားလုံး တစ်လုံးသည် တကယ် ရှိနေသော လူ့အဖွဲ့အစည်း၏ အဖြစ်အပျက်နှင့် မှန်ကန်စွာ ဆီလျော်သုံး နှုန်း တည်ရှိနေမည်ဆိုလျှင် ကောင်းသော စာပေဖွံ့ဖြိုးမှု ဖြစ်သည်ဟု ယူဆပေသည်။ လက်ဝဲလက်ျာ သဘောမျိုးဖြင့် အရာရာတွင် အကဲဖြတ်၍ ရမည် မထင်။ ယနေ့ခေတ်သည် ရောယှက် ပေါင်းစပ်လျက်ရှိသောခေတ် ဖြစ်နေသောကြောင့် ဖြစ်သည်။

(ဂ)

စစ်မဖြစ်မီ ခေတ်ကာလလောက်ကတည်းက ဝင်ရောက် သန္ဓေ တည်စပြုသော လက်ဝဲဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ မာ့က်စ်ဝါဒ၏ ကျေးဇူး ကြောင့်ပင် ကျွန်တော်တို့သည် သဘောတရားရေးရာများကို လေ့လာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်ဟု ဆိုရမည် ထင်သည်။

သဘောတရား လေ့လာခြင်း ဆိုသည်မှာ အရင်းအမြစ်ကို ရှာဖွေလေ့လာသော သဘော ဖြစ်သည်။ သဘောတရားဆိုသည်ကတော့ မည်သည့် ဘာသာရပ်တွင်မဆို ရှိမြဲသာ ဖြစ်သည်။ လက်ဝဲဝါဒမှာသာ မဟုတ်ပေ။

ယခုခေတ် ဒဿနဗေဒ ပညာရပ်များတွင်လည်း သဘောတရား ရှိပါသည်။ အိန္ဒိယပြည်မှ ဆက်ခံရရှိလာသော ဆန်းအလင်္ကာကျမ်းများသည်လည်း စာပေရေးရာ၊ အနုပညာရေးရာ သဘောတရား စာအုပ်များဟုလည်း ဆိုနိုင်သည်။ သို့ဖြစ်ရာ သဘောတရားဟူသော စကားလုံးသည် စစ်ပြီးစ ကာလတွင် ခေတ်စားလာသည်ဟု ဆိုရသော်လည်း သဘောတရားကို လေ့လာခြင်းမှာ ယင်းခေတ် မတိုင်မီ နှစ်ပေါင်းများစွာကပင် ရှိခဲ့သည် ဆိုရမည် ထင်သည်။

စစ်ပြီးစတွင် သဘောတရားဟူသော ဝေါဟာရအသုံးအနှုန်းများလာခြင်း ဖြစ်ပေသည်။ ယနေ့ခေတ်တွင်ကား ကမ္ဘာကြီးမှာ ပိုမို၍ အဆက်အသွယ် များပြားလာသည်။ သဘောတရားရေးရာမှာ လေ့လာရသော ပညာဖြစ်နေပေပြီ။

စာပေရေးရာနှင့် ပတ်သက်၍ စာပေသဘောတရားများလည်း လေ့လာကြရပေသည်။ ယင်းအပေါ် စိတ်ကူးယဉ်စာပေ၊ ရသစာပေ၊ ခေတ်ပြိုင် ခံစားမှု စာပေ၊ ရသဗေဒ၊ ခံစားမှုဗေဒ စသည်ဖြင့် သုံးစွဲလျက်ရှိသော ဝေါဟာရများသည် သဘောတရားရေးရာ (ဝါ) စာပေသဘောတရားရေးရာနှင့် ပတ်သက်ဆက်နွယ်နေသော စကားလုံးများ ဖြစ်ပေသည်။

စစ်ပြီးခေတ် စာပေဝေဖန်ရေးတွင် ယင်းသို့ သဘောတရားများကို ဖြန့်ကျင်းကာ စာပေဝေဖန်ရေးကို ပြုသည်ကို တွေ့ရပေသည်။

လက်ဝဲဝါဒနှင့်လည်း မဆိုင်၊ ဆိုရှယ်လစ်ဝါဒနှင့်လည်း မဆိုင်။ ရှေးပဝေသဏီကပင် အနုပညာစာပေတို့ ပေါ်ပေါက်လာကတည်းက ယင်းတို့နှင့်အတူ သဘောတရားများ ထက်ကြပ်မကွာ ရှိလာသည် ဖြစ်ပေသည်။ တည်ရှိလာသောအခါ ယင်းစာပေ အနုပညာတို့ကို ပြန်၍ လေ့လာဖွဲ့စည်းပေးသော ပညာရပ်သည် သဘောတရားရေးရာ ပညာရပ် ဖြစ်ပေသည်။



အခြေခံ သဘောတရားဆိုသည်မှာ နှစ်ပေါင်းများစွာကတည်းက တည်ရှိလာခဲ့သော ပညာရပ် ဖြစ်ပေသည်။

[ရုပ်ရှင်တေးကဗျာ ရသစုံမဂ္ဂဇင်း၊ ၁၉၉၀။]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

## သမိုင်းနောက်ခံကား

စကားပြေနှင့် ခေတ်ပြိုင်ဝါဒ
ကဲ့ကော်က ညှို့ဖမ်းခြင်း
ပန်းပွင့်၏ ငြိမ်းချမ်းရေးရသ
ဝတ္ထုနှင့် ဓာတ်လမ်း
ဖြူလွသော ဆင်စွယ်ရောင် ခလုတ်များကို ချစ်မိခြင်း
ထံတျာတေးရှင် မတီးတတ်သူ
ကဗျာအဆင့်ဆင့် ဖြစ်ပေါ်ပြောင်းလဲပုံ
လွန်ခဲ့သော နှစ်လေးဆယ်က မဂ္ဂဇင်းလောက
ဖုန်တက်နေသော ဝါကြင်ကြင် စာရွက်ဟောင်းများ
ခံစားမှုနှင့် အဖွဲ့အနွဲ့
လှိုင်းဂယက်
လှိုင်းဂယက်၏ အရှိန်များ
ပန်းခူးချိန်
မြတ်လေးရုံတောအစ
နေကြာပွင့်မှ ကုမုဒြာပွင့်သို့
မှုန်ဝါးသော အဝေးမြင် ပုံကားချပ်များ
အဝေးတွင် ကျန်ရစ်ခဲ့သော အယ်ဒီတာဘဝ ပုံကားချပ်များ
အယ်ဒီတာနှင့် အတွေးအခေါ်
အယ်ဒီတာနှင့် နှုပျိုလူငယ်ပွင့်သစ်
ပေါင်းလောင်းမြစ်ပေါ်မှ ကဗျာရွှတ်ဖတ်သံ
ဖြတ်သန်းရာစာပေဝိုင်းများ
ပိတောက်ပန်းနှင့် ကဗျာ
အစဉ်အလာ၏ ရိုက်ခတ်မှု

www.burmeseclassic.com

www.burmeseclassic.com

## စကားပြေနှင့် ခေတ်ပြိုင်ဗေဒ

### (က)

ကျွန်တော်၏ စာပေအတွေ့အကြုံ၊ စကားပြေ အတွေ့အကြုံအရ၊ ငယ်စဉ် ကျောင်းသား ဘဝ စာရေးသက် ငါးနှစ်အတွင်းပင် ဝတ္ထု၊ ဝေဖန်ရေး စာပေ၊ ခရီးသွားမှတ်တမ်း၊ နိုင်ငံရေးဆောင်းပါးစသော စကားပြေ စာပေ ပုံသဏ္ဌာန်များ ရေးဖြစ်သည်။ စာရေးသက် ဆယ်နှစ်ကျော်သော အခါ အတ္ထုပ္ပတ္တိစာပေ ပုံသဏ္ဌာန်ဖြစ်သော ရုပ်ပုံလွှာ အဖွဲ့အနွဲ့နှင့် သမိုင်း မှတ်တမ်း၊ သို့မဟုတ် မှတ်မိသမျှ မှတ်တမ်းများ ရေးဖြစ်သည်။ ဆိုပါတော့ စာရေးသက် ဆယ်နှစ်သက်တမ်းအတွင်း အတ္ထုပ္ပတ္တိနှင့် သမိုင်း မှတ်တမ်း အထိ ရေးဖြစ်သွားသည်။

ဤနေရာ၌ စကားပြေ ပုံသဏ္ဌာန်များကို ခွဲခြား သတ်မှတ်ပုံ သတ်မှတ်နည်းမှာ ကျွန်တော့် အတွေ့အကြုံအရ၊ ကျွန်တော့်သဘောနှင့် ကျွန်တော် ခွဲခြားသတ်မှတ်ခြင်း ဖြစ်သည်။ မည်သည့်မူအရမျှ မဟုတ်။ အနောက်နိုင်ငံ စာပေသဘောတရား၊ နိယာယများအရလည်း မဟုတ်ပေ။ ကျွန်တော်၏ စာပေ အတွေ့အကြုံကို လက်ရင်း အခြေခံထား၍ ကျွန်တော် ဖြတ်သန်းခဲ့ရသော စာပေလောက အတွေ့အကြုံအရ သတ်မှတ်ခြင်း ဖော်ပြခြင်းသာ ဖြစ်သည်ဟု ဆိုရပေမည်။ ယင်းသို့ ဆိုသဖြင့် အနောက် နိုင်ငံ စာပေသဘောတရား၊ စာပေဝေဖန်ရေး နိယာယတို့ကို ဖယ်ဘုယျ သဘောသာ ယူသည်။ နှိုင်းယှဉ်လေ့လာရာအဖြစ် ယူသည်။ အနောက် နိုင်ငံသာ မဟုတ်။ အရှေ့နိုင်ငံလာ ကျွန်တော်တို့ ဂန္ထဝင်စာပေ၏ ရိုးရာ အစဉ်အလာ အလင်္ကာကျမ်း၊ ဆန်းကျမ်းများကိုလည်း၊ ယင်းသို့ပင်

www.burmeseclassic.com



ယေဘုယျ သဘောသာယူသည်။ ယင်းတို့ကို ကျွန်တော်၏စာပေ၊ အနုပညာ အတွေ့အကြုံနှင့် ညှိကာ လက်ခံသည်။ အနောက်မှာ ဖြစ်စေ၊ အရှေ့မှာဖြစ်စေ ယေဘုယျရှိသော စာပေ၊ အနုပညာ အခြေခံ ဓမ္မတာရားတို့ကိုကား လက်ခံရပေမည်။

အနောက်နိုင်ငံက စကားပြေ၏ စာပေပုံသဏ္ဌာန်များကို ခွဲခြားသတ်မှတ်ရာတွင် ဝတ္ထုကို သီးခြားနေရာထားသည်ကို တွေ့ရမည်။ ဝတ္ထုကို စကားပြေ ကဏ္ဍထဲတွင်တော့ ထည့်သည်။ သို့သော် သီးခြား အကဲဖြတ်သည်။ ဝတ္ထုရေးသူကို စာရေးဆရာဟု မဖော်ပြဘဲ ဝတ္ထုရေးဆရာဟု ဖော်ပြတတ်ကြသည်။ ဤသည်မှာ ဝတ္ထုကို သတ်သတ်နေရာပေးထားသောကြောင့် ဖြစ်သည်။ ဝတ္ထုကို စကားပြေထဲတွင် ထူးခြားသော စာပေပုံသဏ္ဌာန် တစ်ရပ်အဖြစ် သဘောထားခြင်းဟု ယူဆရသည်။ ကမ္ဘာ့ကလောင်အဖွဲ့၏ အမည်ကို အက္ခရာစာလုံးဖြင့် အဓိပ္ပာယ်ဖော်ရာ၌ ကဗျာဆရာ၊ ဆောင်းပါးဆရာ၊ ဝတ္ထုရေးဆရာဟု ဖွင့်ဆိုထားသည်ကို တွေ့ရပေမည်။ ဤနေရာ၌ ဆောင်းပါးကို ဟူသော အင်္ဂလိပ်စကားလုံးမှ ဘာသာပြန်ထားခြင်း ဖြစ်သည်။ အတိအကျ အဓိပ္ပာယ်တော့ မဟုတ်ပေ။ မြန်မာစာပေ ဝေါဟာရတွင်ကား 'ဆောင်းပါး' ဟူသော ဝေါဟာရစကားလုံးမှာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ရေးသားသော စကားလုံးများကို ဆောင်းပါးဟု ခေါ်ဝေါ်ရာမှ ဝေါဟာရအဖြစ် တည်ရှိလာခြင်း ဖြစ်မည်ဟု ယူဆရသည်။ ဆောင်းပါးထဲတွင် စကားပြေ ပုံသဏ္ဌာန် အားလုံးလောက်ပင် အကျုံးဝင်သွားသည်။ စကားပြေဖြင့် ရေးသမျှ ဝတ္ထု မဟုတ်လျှင် ဆောင်းပါးဟူသော ကဏ္ဍထဲ ရောက်သွားတော့သည်။ ဤမျှ ယေဘုယျကျ၍ ကျယ်ဝန်းလွန်းသည်။ ခြုံ၍ ခေါ်ဝေါ်သတ်မှတ်လိုက်သော ဝေါဟာရဖြစ်သည်။ စာပေ တစ်ခုလုံးကို ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးဟူ၍ ပြောလိုက်ရုံနှင့် အကုန်ပါဝင်သွားတော့သည်။ စာပေဝေဖန်ရေး၊ စာပေအကဲဖြတ်ရေးစာပေကို စာပေဆောင်းပါးဟူ၍ ခေါ်တတ်ကြသည်။ ခရီးသွားမှတ်တမ်းကို ခရီးသွားဆောင်းပါးဟု ခေါ်ကြသည်။ နိုင်ငံရေးအကြောင်းရေးထားသော ဆောင်းပါးကို နိုင်ငံရေးဆောင်းပါးဟူ၍ ခေါ်ကြခြင်းများရှိသည်။ အားလုံးကို ယေဘုယျခြုံ၍ ဆောင်းပါးဟု ခေါ်ဝေါ်သတ်မှတ်သည်။ ကျွန်တော်က ယင်းသို့ မသတ်မှတ်ဘဲ ရေးဖွဲ့သော အကြောင်းအရာ ဘာသာရပ်အလိုက် သတ်မှတ်လိုက်သည်။ သတင်းစာတွင် ရေးသော



စာကို ဆောင်းပါးထဲ ထည့်သည်။

ကျွန်တော်၏ စကားပြေများကို ခွဲခြားသတ်မှတ်ရာ၌ ဝတ္ထု၊ ဝေဖန်ရေး စာပေ၊ ခရီးသွားမှတ်တမ်း၊ ရုပ်ပုံလွှာ အဖွဲ့အနွဲ့၊ သမိုင်းမှတ်တမ်း သို့မဟုတ် မှတ်မိသမျှ မှတ်တမ်း၊ သတင်းစာဆောင်းပါး သို့မဟုတ် နိုင်ငံရေး ဆောင်းပါးဟူ၍ ကဏ္ဍရပ်များ စီလိုက်သည်။

ဝတ္ထုကို အနောက်နိုင်ငံစာပေ သဘောတရားရေးဆရာ၊ စာပေဝေဖန်ရေးဆရာတို့က စိတ်ကူးစာပေ၊ ခံစားမှုစာပေ ဟူသော ထူးခြားသည့် စာပေပုံသဏ္ဌာန် သဘောမျိုးဟူ၍ သတ်မှတ်သည်။ ယင်းကြောင့်ပင် ကမ္ဘာ့ကလောင်အဖွဲ့၏ အမည်ကို အတိုကောက် အက္ခရာဖြင့် မှတ်သားရာ၌ 'ဝတ္ထုရေးဆရာ' ဟူ၍ တစ်ကဏ္ဍ ဖော်ပြခြင်း ဖြစ်မည်။ ဝတ္ထုကို စိတ်ကူးစာပေဟုလည်း ခေါ်ကြသေးသည်။ ကျွန်တော်၏ စကားပြေစုကို ကဏ္ဍခွဲခြားရာတွင်ကား ဝတ္ထုဟု ဆိုရာ၌ ဝတ္ထုတို၊ ဝတ္ထုရှည် နှစ်မျိုးစလုံးပါဝင်သည်။

ဝေဖန်ရေး စာပေ။ ယခုအထိ ကျွန်တော် တော်တော်များများ ရေးခဲ့သော စာအမျိုးအစား။ စာပေသာမက၊ အခြားသော အနုပညာများကို ဝေဖန်သော စာများလည်း အကျုံးဝင်သည်။ ဂီတ၊ ပန်းချီ၊ ရုပ်ရှင်၊ ပြဇာတ်များကို ဝေဖန်သော စာများအားလုံး စုရုံး၍ ဝေဖန်ရေး စာပေဟု ခေါ်လိုက်ခြင်း ဖြစ်သည်။ တချို့သော စာများမှာ စာပေ၊ အနုပညာတို့ကို ဝေဖန်ခြင်း မဟုတ်ဘဲ အကဲဖြတ်ထားသော စာများ ဖြစ်သည်။ ယင်းတို့ကိုလည်း ဝေဖန်ရေး စာပေကဏ္ဍထဲတွင် ထည့်သွင်းထားသည်။ အကဲဖြတ်ခြင်း ဆိုသည်မှာ မိမိနှစ်သက်သော စာတစ်ပုဒ်၊ သို့မဟုတ် အနုပညာ လက်ရာတစ်ခုကို မည်သို့ မိမိခံစားကြောင်း၊ နားလည်တွေ့ရှိကြောင်း ဖော်ပြထားသော စာမျိုးဖြစ်သည်။ အနောက်နိုင်ငံ စာပေလေ့လာရေးက စာပေဝေဖန်ရေးဆရာကို စာပေသမိုင်းဆရာဟုလည်း ခေါ်ကြသည်။ စာပေဝေဖန်ရေး၊ စာပေအကဲဖြတ်ရေးသည် စာပေသမိုင်းလုပ်ငန်းဖြစ်သည်ဟု ယူဆသောကြောင့် ဖြစ်သည်။ စာပေဝေဖန်ရေး စာများ စုလိုက်သောအခါ စာပေသမိုင်း ဖြစ်လာပေမည်။

အခြား ကျွန်တော် ရေးသော အတ္ထုပ္ပတ္တိစာပေ၊ ရုပ်ပုံလွှာ အဖွဲ့အနွဲ့၊ သမိုင်းမှတ်တမ်း၊ မှတ်မိသမျှ မှတ်တမ်းစသော အရေးအသားများမှာ သမိုင်းစာပေဝင်များပင် ဖြစ်သည်။ သတင်းစာဂျာနယ်များ၌

www.burmeseclassic.com

www.burmeseclassic.com



ရေးသော ဆောင်းပါးများမှာ နိုင်ငံရေး ဆောင်းပါးများက များနေသည်ကို တွေ့ရသည်။ လင်းယုန်ဂျာနယ်၊ ရောင်ခြည်သစ်ဂျာနယ်၊ ကြေးမုံ၊ မြန်မာ့အလင်း စသော သတင်းစာများ၌ ရေးခဲ့ခြင်း ဖြစ်သည်။ ခေတ်ပြိုင် အခြေအနေများကို ဝေဖန်ထားခြင်း၊ သို့မဟုတ်လျှင် သရုပ်ဖော်ထားခြင်းများ ဖြစ်ကြသည်။

## (ခ)

စကားပြေသည် ကဗျာနှင့် မတူသော ထူးခြားချက်တစ်ခု ရှိသည်။ ယင်းသည်ကား အခြားမဟုတ်။ စကားပြေ၌ ခေတ်ပြိုင်အကြောင်းအရာကို တွေ့ရှိရခြင်း ဖြစ်သည်။ ကဗျာ၌ကော ခေတ်ပြိုင်အကြောင်းအရာကို မတွေ့နိုင်ပြီလော။ တွေ့တော့ တွေ့နိုင်သည်။ သို့သော် ရှာဖွေရမည်။ အဓိပ္ပာယ်ကောက်တတ်ရမည်။ စကားလုံးနောက်ကွယ်၌ ကပ်နေသော အစအနကို ကော်နှိုက်ယူရမည်။ ကိုးခန်းပျို့ကို ဖတ်၍ အင်းဝခေတ်လူ့အဖွဲ့အစည်းအကြောင်း သိဖို့ရာ သိပ်မလွယ်။ ကဗျာဆိုသည်က တဲ့တိုးကြီး ဖွဲ့သည်မဟုတ်။ ပုံရိပ်လောက်ပြသည်။ တင်စား၍ ပြသည်။ သင်္ကေတလောက်သာ ဖော်ပြထားတတ်သည်။ ကဗျာဆရာဆိုသည်က စိတ်ကူးသမား။ အာရုံခံစားမှုသမား။ စိတ်ကူးဆိုသည်က တိုက်ခန်းထဲ နေရင်းက လကမ္ဘာသို့ ပျံသန်းသွားလို့လည်း ရသည်။ သို့မဟုတ် သူနေသော ခေတ်ကာလမှ ခုန်ကျော်ကာ ပန်ထွာမင်းသမီးအလှကို ဖွဲ့ချင် ဖွဲ့မည်၊ အချစ် ရင်ခုန်သံကို ဖွဲ့ချင်ဖွဲ့မည်။ အချစ်ရင်ခုန်သံဆိုသည်က ခေတ်တိုင်း တွေ့နိုင်သော ခံစားမှုမျိုး။ သူတို့ ဖွဲ့နွဲ့သော လ၊ ကြယ်ဆိုသည်တို့ကလည်း ခေတ်တိုင်း၌ ရှိသည်သာ။ ဘယ်တော့မှ ပြောင်းလဲမည် မဟုတ်။ ကဗျာဆရာ တော်တော်များများမှာ သူ့ခေတ်ကို မှတ်ပုံတင်နေကြသည် မဟုတ်။ သည်တော့ ကဗျာတိုင်း ခေတ်ပြိုင်ရုပ်ပုံကို မထင်ဟပ်။ ခေတ်ပြိုင်ခံစားမှု ဝေဒနာကို ဖွဲ့ထားသော ကဗျာက ခပ်ရှားရှား။

စကားပြေကျတော့ သည်လိုမဟုတ်။ စကားပြေဆိုသည်က လက်ငင်း မျက်မြင်ကိုယ်တွေ့ အခြေအနေကို ဖော်ပြသော စာပေ ပုံသဏ္ဌာန်ဖြစ်သည်ဟု ဆိုနိုင်သည်။ တကယ်တည်ရှိနေသော အကြောင်းအရာကို မှုတည်၍ ရေးသား စီကုံးရသည်။ စာအဖွဲ့အနွဲ့၌ စိတ်ကူး၊ ခံစားမှုတို့ ပါဝင်ရသော်လည်း စိတ်ကူးသက်သက် မဟုတ်။ စကားပြေသည် မိမိ၏



ခေတ်ပြိုင် အကြောင်းအရာကိုသာလျှင် ရေးဖွဲ့ရသည်။ ထို့ကြောင့် ခေတ်ပြိုင် ရုပ်ပုံကို စကားပြေတွင် အလွယ်တကူ တွေ့နိုင်သည်။

စာပေဝေဖန်ရေး။ ခေတ်ပေါ် စာပေကို ဝေဖန်သည်ဆိုလျှင် သူ့ခေတ်ပြိုင် ဝတ္ထု၊ ကဗျာ စသည်တို့ကို လွှဲဖယ်၍ မရတော့။ အခြား အနုပညာရပ်များဖြစ်သော ဂီတ၊ ပန်းချီ၊ ရုပ်ရှင်၊ ပြဇာတ်စသည်များကို ဝေဖန်လျှင်လည်း ခေတ်ပြိုင်ယဉ်ကျေးမှုများနှင့် ထိတွေ့နေမှ ဝေဖန်အကဲဖြတ်နိုင်ပေမည်။ နိုင်ငံရေး ဝေဖန်ချက် ဆောင်းပါးများ ရေးလျှင်လည်း လက်ငင်း ဖြစ်ပျက်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများနှင့် မျက်ခြည်မပြတ် ရှိနေမှ ဖြစ်မည်။ ဝေဖန်သောအခါ မိမိဝေဖန်မည့် စာ သို့မဟုတ် လှုပ်ရှားမှု၊ သို့မဟုတ် လက်ရာကို စေ့စပ်သေချာစွာ လေ့လာ သုံးသပ်ပြီးမှ အကျိုးအကြောင်း ဆက်စပ်ကြည့်ရသည်။ ထို့နောက် အဆုံးအဖြတ်ပေးရသည်။ မိမိဖတ်ရှုသော စာအုပ်၊ မိမိလေ့လာတွေ့ရှိသော အနုပညာလက်ရာ၊ အနုပညာလှုပ်ရှားမှု၊ တစ်နည်းပြောရသော် စာပေ အတွေ့အကြုံကို အခြေအနေခံ၍ ဝေဖန်ရခြင်း ဖြစ်သည်။ အတွေ့အကြုံမရှိဘဲ ရေး၍ ရသော စာအုပ် မဟုတ်ပေ။ ကဗျာကဲ့သို့ စိတ်ကူးအလုပ် မဟုတ်ပေ။

ခရီးသွားမှတ်တမ်း။ ယင်းသည်လည်း အတွေ့အကြုံကို အခြေခံ၍ ရေးဖွဲ့ရသော စာမျိုး ဖြစ်သည်။ မိမိကိုယ်တိုင် ခရီးမသွားဘဲ ရေး၍ ရသော စာမျိုး မဟုတ်ပေ။

အတ္ထုပ္ပတ္တိစာပေ၊ ရုပ်ပုံလွှာ အဖွဲ့အနွဲ့။ သူ့ခေတ်၌ ရေးဖွဲ့သူနှင့် ထိတွေ့သော လူပုဂ္ဂိုလ်များ အကြောင်း ဖော်ပြရသည်ဖြစ်ရာ၊ အရေးခံပုဂ္ဂိုလ်၏ သူ့ခေတ် လှုပ်ရှားမှုများ မပါမဖြစ်တော့။

သမိုင်းမှတ်တမ်း၊ မှတ်မိသမျှမှတ်တမ်း။ ယင်းသည်ကား ကျယ်ဝန်းသည်။ သာမန်အားဖြင့် သမိုင်းမှတ်တမ်းရေးရာတွင် မိမိကိုယ်တွေ့ မျက်မြင် မဟုတ်ဘဲ၊ ကြားဖူးသော အဖြစ်အပျက်များ၊ သူတစ်ပါး၏ အထောက်အထား အကိုးအကားဖြင့် ကူးယူဖော်ပြ၍ ရသည်ဟု ဆိုနိုင်သည်။ ဤကား အတိတ်သမိုင်းရေးသား ပြုစုရာနှင့် သက်ဆိုင်သည်။ ယခု မျက်မှောက်ခေတ် ရေးသားပြုစုသောအခါ မိမိမျက်မြင်ကိုယ်တွေ့ကို အခြေမခံကြ။ စာရွက်စာတမ်း အထောက်အထားတို့ကို အခြေပြု၍ ပြုစုကြသည်။ မှတ်မိသမျှ သမိုင်းမှတ်တမ်းကတော့ သည်လို မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူကိုယ်တိုင် ကြုံတွေ့သော၊ သူမှတ်မိသော သမိုင်းအဖြစ်အပျက်ကိုသာ ဖော်ပြခြင်း ဖြစ်သည်။ သူ မကြုံတွေ့တာကို မရေး။ မှတ်မိသမျှ သမိုင်းမှတ်တမ်းရေးသူများမှာ သမိုင်းလှုပ်ရှားမှုထဲတွင် ပါဝင်ခဲ့လျှင် သို့မဟုတ် သမိုင်းဝင် အဖြစ်အပျက်များနှင့် ကြုံတွေ့ခဲ့ရသူ ဖြစ်နေလျှင် သမိုင်းတန်ဖိုးများစွာ ရှိပေသည်။ အတ္ထုပ္ပတ္တိစာပေတွင်လည်း သူကိုယ်တိုင်က အရေးခံပုဂ္ဂိုလ်ကို မသိကျွမ်း၊ မမြင်ဘူးသော်လည်း၊ နီးစပ်ရာဆွေမျိုး၊ မိတ်ဆွေအပေါင်းအသင်းများကို မေးမြန်း၍လည်းကောင်း၊ မှတ်စုမှတ်တမ်းများမှ လည်းကောင်း၊ အခြေခံ၍ ရေးသား ပြုစုသည်များ ရှိသည်။ ကျွန်တော်ရေးသော 'ရုပ်ပုံလွှာ' များမှာ၊ ကျွန်တော် သိတာ၊ ကျွန်တော်နှင့် ထိတွေ့တာသာ ရေးခြင်း ဖြစ်သည်။

ယင်းစာပေဝေဖန်ရေး၊ ခရီးသွားမှတ်တမ်း၊ နိုင်ငံရေးဆောင်းပါး၊ အတ္ထုပ္ပတ္တိစာပေ၊ ရုပ်ပုံလွှာ အဖွဲ့အနွဲ့၊ သမိုင်းမှတ်တမ်း မှတ်မိသမျှ မှတ်တမ်း စသော စကားပြေ စာပေပုံသဏ္ဌာန်တို့သည် မိမိကိုယ်တိုင် တွေ့မြင်သိရှိသော၊ ခံစားသော အတွေ့အကြုံကို အခြေခံ၍ ရေးမှ ဖြစ်သော စာပေအမျိုးအစား ဖြစ်သည်ဟူသော အချက်မှာ စကားပြေ၏ ထူးခြားမှု ဖြစ်သည်။

သို့ဖြစ်ရာ စကားပြေကို လေ့လာခြင်းသည် ခေတ်ပြိုင်ဗေဒကို လေ့လာခြင်းမည်ပေသည်။ စကားပြေတွင် ခေတ်ပြိုင်အခြင်းအရာကို တွေ့ရပေမည်။ စကားပြေ၌ အခြား ထူးခြားချက်များ ရှိသေးသည်။ မည်သည့် စကားပြေ ပုံသဏ္ဌာန်ဖြင့် ရေးရေး ရေးသော အကြောင်းအရာကို အားဖြည့်ပေးသော အချက်အလက် ခိုင်မာ သန့်စွမ်းခြင်း ရှိပေမည်။ ဗေဒအား ကောင်းရပေမည်။ ယင်းသို့ အကြောင်း ဆက်စပ်မှုအားအင် သန့်စွမ်းစွာဖြင့် အချက်အလက်ကို ဖော်ပြနိုင်ခြင်းသည် စကားပြေ၏ ထူးခြားမှုပင် ဖြစ်ပေသည်။ ဤကား ကဗျာနှင့် မတူသော အချက်ဖြစ်သည်။ ကဗျာကျတော့ တင်စားမှုအင်အား၊ စိတ်ကူးမှုအင်အား၊ အာရုံခံစားမှုအင်အား သန့်စွမ်းဖို့က အရေးကြီးသည်။ သို့မှ ရသအားကောင်းမည်။ လှပမည်။ ယင်း ရသအင်အား၊ အလှအင်အားတွင် သမိုင်းအတွေ့အကြုံ၊ ခေတ်ပြိုင် အတွေ့အကြုံဖြင့် စပ်တည်လိုက်သောအခါ ပြည်သူ့ကဗျာ ဖြစ်လာတော့သည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ကဗျာ။



စကားပြေ အရေးအသား ဖွဲ့နွဲ့မှု မရှိသလော။ ရှိသည်ဟု ပြောချင်သည်။ စကားပြေစာပေ ပုံသဏ္ဌာန်ဆန်းသစ်လာသော ယနေ့ခေတ်၌ ရှိသည်။ အထူးသဖြင့် ခရီးသွားမှတ်တမ်း၊ အတ္ထုပ္ပတ္တိစာပေ၊ မှတ်မိသမျှ မှတ်တမ်းတို့၌ အဖွဲ့အနွဲ့ဖြင့် ဖော်ပြ၍ ရသည်။ အဖွဲ့အနွဲ့ အင်အားကောင်းလျှင် ကောင်းသလောက်ရပါသည်။ ခံစားမှုပါသည်။ ၁၉၃၉ က ကျွန်တော် ပထမဆုံး ရေးသော 'ရှမ်းပြည်' အမည်ရှိ ခရီးသွား မှတ်တမ်း။ ရသပါအောင် ခံစားမှုပါအောင် အဖွဲ့အနွဲ့ဖြင့် ရေးခဲ့ပေသည်။ ၁၉၄၆ သည်ဘက်ရေးသော ရုပ်ပုံလွှာ၊ မှတ်မိသမျှ မှတ်တမ်းများ၌ ရသအဖွဲ့အနွဲ့၊ အာရုံခံစားမှု အဖွဲ့အနွဲ့များဖြင့် ဖော်ပြခဲ့သည်။ ဤကား ကျွန်တော်၏ အနုပညာ အတွေ့အကြုံ ဖြစ်ပေသည်။

ကျွန်တော်က ကဗျာအဖွဲ့အနွဲ့ နည်းနာဖြင့် စကားပြေကို ရေးခြင်းဖြစ်သည်။ စကားပြေ၌ ထည့်သွင်းရမည်ဖြစ်သော ခေတ်ပြိုင် ခံစားမှုကို ကဗျာ၌ ထည့်သွင်းသည်။ ကျွန်တော်၏ စာပေ ဟဒယအိမ်တွင်း၌ ကဗျာနှင့် စကားပြေ ရင်ခုန်သံတို့သည် အပြိုင်လှုပ်နေကြသည်။ ယနေ့ခေတ် လူငယ်စာပေမွေ့သူ အစိတ်အပိုင်း တစ်စုကတော့ ကဗျာကို ပထမဆုံး အကြိုက်ဆုံးဟု ဆိုပါကလား။ ဘာကြောင့်ပါလိမ့်။

[ရှုမဝရုပ်စုံမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၈၁]

❁

www.burmeseclassic.com

www.burmeseclassic.com

# ကံ့ကော်က ညှို့ဖမ်းခြင်း

## (က)

ကျွန်တော်သည် ပန်းချီဆရာ မဟုတ်ပါ။ သို့သော် ပန်းချီတစ်ချပ်ရေး ဖြစ်သွားပါသည်။

နှင်းယွန်းဟေမာန်ကာလ၊ နွေအကူးရက်များတွင် ကျွန်တော်သည် မြို့တော်နှင့် မိုင် ၃၀ ခန့် ဝေးသော စက်ရုံသစ်များရှိသည့် ကျေးလက်ဒေသ တစ်ခုသို့ ရောက်သွားသည်။ ဆီဆေးများ ယူသွားသည်။ အေးအေးဆေးဆေး နေမည်။ ကဗျာရေးမည်။ စိတ်ပါလျှင် ပန်းချီရေးမည်ဟု စိတ်ထဲက ကြံထားသည်။ ပထမအပတ်တွင် မမျှော်လင့်ဘဲ ဆောင်းပါး တစ်ပုဒ်၊ (စကားပြေ) ပြီးသွားသည်။ ရေးနေကျဖြစ်၍ အကြောင်းအရာ ရှိပြီးသားဖြစ်၍ ပြီးသွားသည်။ နောက်အပတ်တွင် ကဗျာ နှစ်ပုဒ်ရေးဖြစ်သွားသည်။ စက်ရုံ ကျေးလက်နှင့် ခဝဲပွင့်တို့၏ ဆုံးမခန်း။

စက်ရုံ ကျေးလက်မှာ ကျွန်တော် အလည်အပတ် ရောက်နေသော ပတ်ဝန်းကျင် ခံစားတွေ့ထိချက်ကို ဖွဲ့လိုက်ခြင်း ဖြစ်သည်။ ခဝဲပွင့်၏ ဆုံးမခန်း ကဗျာမှာ လွန်ခဲ့သော အနှစ် ၂၀ ခန့်က စခဲ့သော အတွေးကို ပြန်လည် ရေးချလိုက်ခြင်း ဖြစ်သည်။ အခက်အခဲ မရှိ။

စာပေ၊ အနုပညာဆိုသည်မှာ ခံစားမှုမှ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ခံစားမှု ဆိုသည်မှာ တစ်နည်းအားဖြင့် အကြောင်းအရာဟု ပြော၍ ရမည်ထင်ပါသည်။ ကျွန်တော် ဖြတ်သန်းခဲ့ရသော စာပေ အတွေ့အကြုံ၊ အနုပညာ အတွေ့အကြုံများအရ သိရှိနားလည်လာရသည်။ ယင်းအတွေ့အကြုံများကို အခြေခံ၍ ဖော်ပြချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခံစားမှု ဘယ်က ရသလဲ။

'စက်ရုံကျေးလက်' ကဗျာကား ကြားနေရသော၊ မြင်နေရသော ပတ်ဝန်းကျင် အာရုံခံစားမှုများက ကဗျာဖွဲ့ချင်လာအောင် တိုက်တွန်းနေသလိုပင်။

ကျွန်တော် တွေ့ဖူး မြင်ဖူးသော စက်ရုံ၊ အလုပ်ရုံဆိုသည်မှာ မြို့ပြတွင်သာ ဖြစ်သည်။ ယခု တွေ့နေရသည်ကား တိုက်တာ လမ်းမ အတွင်းမှ မဟုတ်။ တကယ့် ကျေးလက်အလယ်မှ ဖြစ်သည်။ သစ်ပင်၊ လယ်ယာ၊ မြစ်ချောင်း အတွင်းမှ။ ကျွန်တော် လည်ပတ်သည်မှာ စိမ်းလန်းအေးဆေး ငြိမ်သက်သော ကျေးလက်။ ယခု အာရုံခံစားရသည်မှာ ရောယှက်နေသော စက်ရုံနှင့် ကျေးလက်။ တစ်မျိုး ဆန်းသစ်နေသည်။ ဆန့်ကျင်ဘက်များ ရောစပ်ထားသည်။ အာရုံခံစားမှုက အသစ်။ နွားအော်သံနှင့် စက်မောင်းသံ။ ကဗျာနှင့်မှ ဖြစ်မည်။ စကားပြေ ဝတ္ထုရေးလျှင် ဇာတ်ကောင်ဇာတ်လမ်း၊ ဇာတ်အိမ်များ ဖွဲ့စည်းတည်ဆောက်ရမည်။ အချိန်ယူရမည်။ မစောင့်ချင်။ ခံစားမှုက လှိုင်းထနေပြီ။ ရင်က ခုန်လာသည်။

သို့နှင့် စကားလုံးများကို သီကုံးဆင်ယင်ရသော ကဗျာပုံသဏ္ဌာန်ဖြင့်ပင် ဖွဲ့ဖြစ်တော့သည်။ ကျွန်တော် ခံစားရသော အကြားအာရုံ၊ အမြင်အာရုံတို့သည် အကြောင်းအရာ ဖြစ်လာလေတော့သည်။ ယင်းသို့ ရေးသားဖွဲ့နွဲ့ခြင်း (ဝါ) ခံစားမှုကို ဖန်တီးခြင်း အကြောင်းသည် ရသပညာ၊ ကျွန်တော်၏အခေါ် အလှဗေဒ ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် (Aesthetic)။ ခံစားမှုဗေဒဟုလည်း ခေါ်၍ ရမည် ထင်ပါသည်။

ပန်းချီအကြောင်း ဆက်ရဦးမည်။ ခံစားမှုဗေဒ၊ အလှဗေဒ၊ ရသဗေဒပညာ (မည်သို့ခေါ်ခေါ်)၊ ဆိုသည်မှာ ကဗျာတစ်ခုတည်းသာ မဟုတ်၊ ပန်းချီ၊ ဂီတ၊ အက၊ ပြဇာတ် စသည်တို့သည် အနုပညာရပ်တွင် ပါဝင်ကြသည်။ ဖော်ပြပုံသာ ကွဲသော်လည်း ခံစားမှု သဘောတရားမှာ အတူတူပင် ဖြစ်သည်။ ကဗျာဖွဲ့နွဲ့ပုံအကြောင်း ရေးခြင်းသည် ပန်းချီ ရေးခြင်းအကြောင်းနှင့် ခြားမည် မဟုတ်ပေ။ ခံစားမှုဗေဒသည် အနုပညာရပ်အားလုံးနှင့် သက်ဆိုင်ပေသည်။

(ခ)

နေရာလေးမှာ အေးဆေးသည်။ နေ့လယ်နေ့ခင်းဆိုလျှင်



ကျွန်တော် တစ်ယောက်တည်း။ အိမ်ရှေ့တွင် ဆီးဖြူသီးပင်။ လမ်းဘေးတွင် ယူကလစ်ပင်တန်း။ အိမ်ဘေးတွင် လက်ပံပင်။ နောက်ဘေးတွင် ဆီးသီးပင်။ နေ့လယ်တွင် နည်းနည်း ပူသော်လည်း လေက တဖြူးဖြူးမို့ မသိသာလှ။ ညဘက် အေးသည်။ သက္ကလပ်စောင်နှင့် ညည စောင်ထပ်ခြုံရသည်။ မနက်ဘက် ဆွယ်တာ ထပ်ဝတ်ရသည်။ ဆောင်းအကုန်နွေအကူး။ ယင်းရက်များကို 'နှင်းယွန်းဟေမန်' ဟု ခေါ်သည်။ ကဗျာတစ်ပုဒ် ရေးဖူးသည်။ မတ်လ မရောက်ခင်ကာလ။ နှင်းကျန်နှင့် ရော်ရွက်ပြေးတမ်း လိုက်တမ်း ကစားသော ကာလ။ 'စိတ္တဇနွေရက်များ' ဟူသော ကဗျာ ရေးဖူးသည်။ ခံစားရသော ကာလ။

ကုံကော်နဲ့ သင်းလာပေပြီ။

ဆောင်းအကုန် နွေကူးတော့မည့် အမှတ်အသား သင်္ကေတတစ်ခုပင်။ မနေနိုင်တော့။ ပထမတော့ ကဗျာရေးရန် စိတ်ကူးသည်။ တစ်နေကုန်သွားသည်။ ကုံကော်နှင့် တွဲဖက် ပုံဖော်ရန် စိတ်ကူးရုပ်ပုံများ ပေါ်လာကြသည်။ ပန်းစိုက်အိုးတွင် ထည့်ထားသော ကုံကော်ပန်းများပင် ညှိုးသွားလေပြီ။

နောက်တစ်နေ့တွင် ကျွန်တော် စိတ်ပြောင်းသွားသည်။

ကျွန်တော်သည် ကုံကော် ခံစားပုံကို ပန်းချီရေးရန် စိတ်ကူးပေါ်လာသည်။ စုတ်တံက များများမရှိ။ ပန်းချီဆရာ မဟုတ်၍ စုတ်တံများများလည်း မသုံးတတ်။ ပိတ်ကားတော့ မရှိ။ ၃ ထပ်သားပေါ်တွင် ရေးမည်။

ကျွန်တော့်ရှေ့တွင် ဆေးတောင့်၊ စုတ်တံ၊ ပျဉ်ပြားစသော ပန်းချီပစ္စည်းများ အစုံရှိနေပြီ။ အခန်းထဲတွင် ကျွန်တော် တစ်ယောက်တည်း။ လွတ်လပ်သည်။ အေးဆေးသည်။ ပျဉ်ပြားကို ထောင်လိုက်သည်။ ပျဉ်ပြားမှာ ကျွန်တော့်အကြိုက် ဖြတ်ထားခြင်း မဟုတ်။ ဖြတ်ပြီးသားကို သုံးရန် ဖြစ်သည်။ အရှည်။

ဘယ်လို စဆွဲရပါ့မလဲ။

အိမ်ရှေ့လမ်းပေါ်မှ ကုံကော်ရနံ့သင်းပျံ့လာသည်။ အမျိုးသမီးများ ပေါ်စ ကုံကော်ကို ပန်လာကြသည်။

ကျွန်တော့်ရင်ထဲတွင် လှိုင်းထလာသည်။ ဘုရားစင်မှ ကုံကော်ပန်း စိုက်ထားသည့် ပန်းအိုးကို ကြည့်မိသည်။ ခြောက်ကုန်ပြီ။ အနံ့လည်း

www.burmeseclassic.com



မရှိ။ အရောင်လည်း မရှိတော့။ ကြည့်ရေးရန် မဖြစ်နိုင်။ ရေးချင်လာပြီ။ ကဲ့ကော်ရနံ့၊ ကဲ့ကော်အလှက ဖမ်းစားနေပြီ။ လမ်းပေါ်မှ ကဲ့ကော်နံ့ သင်းလာပြန်ပြီ။ သည်တော့။

ကျွန်တော်သည် အနက်ဖြင့် ပန်းအိုးကောက်ကြောင်း ဆွဲလိုက်သည်။ ဘုရားစင်မှ ပန်းအိုး မဟုတ်။ စိတ်ကူးပန်းအိုး။ ထို့နောက် ယင်း ဆေးအနက်ဖြင့်ပင် ပန်းအိုးကို ဖြတ်၍ စားပွဲသောင်ကို တန်းသည်။ စိတ်ကူးပေါ်လာပြီ။ ကဲ့ကော်ပွင့်များ ဆက်ရေးတော့သည်။ အဝါ၊ အဖြူ၊ အစိမ်းဆေးများကို လိုက်တို့သည်။ စိတ်ကူးလှိုင်းထလာပြီ။ ဆောင်းအကုန် နွေအကူး ခံစားမှုများ ပေါ်လာကြသည်။ ဖရဲသီး။ သည်ဒေသသို့ လာစဉ်က ထောက်ကြံ့လမ်းဆုံ ကားဆိပ်မှ ဖရဲသီး တစ်လုံး ဝယ်ခဲ့သည်။ ရောက်သည့်နောက် တစ်နေ့ နေ့လယ်တွင် ဖရဲသီး ခွဲစားရာ ချို အေး၍ အရသာရှိလှသည်။ ဖရဲသီးမှာ ကဲ့ကော်ပွင့်ချိန်နှင့်အတူပင်။ နွေအကူး၏ သင်္ကေတ။ ကျွန်တော်သည် ပန်းအိုးအောက်နားတွင် ဖရဲသီး ထည့်သည်။ ဖရဲသီးကို ကြည့်ရေးရသည် မဟုတ်။ စိတ်ကူးဖရဲသီး။ စိတ်ကူး ကဲ့ကော်ပန်း။

တကယ်က ကျွန်တော် ယခု ဆွဲသည့်ကားမှာ သက်ငြိမ် ပန်းချီကားမျိုး။ မိမိရှေ့တွင် ကဲ့ကော်ပန်း၊ ဖရဲသီးများကို ချကာ ရေးရသည့် သက်ငြိမ်ပန်းချီကားမျိုး။ ကျွန်တော်က စိတ်ကူးဖြင့် ရေးနေသည်။ စိတ်ကူး ကဲ့ကော်၊ စိတ်ကူးဖရဲသီး။ တကယ်ကလည်း ကျွန်တော်သည် စိတ်ကူးဖြင့် ဖွဲ့နွဲ့ရသည်ကို ပိုကြိုက်သည်။ စိတ်ကူးအလုပ်ဖြစ်၍သာ ပန်းချီရေးခြင်း ဖြစ်သည်။ ပန်းချီဆရာလုပ်ရန် မဟုတ်ပါ။

စိတ်ကူးတစ်ခုပေါ်လာပြန်သည်။ ဆီးသီး။ ဖရဲသီးအထက်နားတွင် ဆီးသီးတစ်ပန်းကန်ထည့်မည်။ ရေးချလိုက်သောအခါ နေရာပွတ်ကျပ်ပြီး အရာဝတ္ထု များနေမည် စိုး၍ ဆီးသီးမထည့်ဖြစ်တော့ပါ။ ကဲ့ကော်ပွင့်ချိန်၊ ဖရဲသီး၊ ဆီးသီးပေါ်ချိန်တို့ လမှာ တစ်ချိန်တည်း၊ ဆောင်းအကုန် နွေအကူးကာလ၊ မတ်လတော်လှန်ရေးကာလ။ ယင်း ခံစားမှုကို ဆေးရောင်ဖြင့် ဖော်ချင်နေသည်။ ကား၏ ညာဘက်ထောင့်တွင် ဟာနေသည်။ ပန်းအိုးကို ကောက်ကြောင်း ချလိုက်ကတည်းက ညာဘက်အပေါ်ဘက်တွင် ပြတင်းပေါက် ထည့်မည်ဟု စိတ်ကူးထားခဲ့သည်။ ပန်းအိုးမှာ အလယ်မဟုတ်ဘဲ ဘယ်ဘက်ရောက်နေခဲ့သည်။ ပန်းပွင့်၊ ဖရဲသီးများ



ရေးပြီးသွားသောအခါ ယင်းကွက်လပ်တွင် ပန်းချီကားတစ်ချပ် ချိတ်ထားမည်ဟု ဆုံးဖြတ်လိုက်သည်။ ပြီးခဲ့သော ကဲ့ကော်နှင့် ဖရဲမှာ ရှေးဆန်နေသလားဟု သံသယ ဖြစ်သွားသည်။ ကျွန်တော်က ရှေးဟန်ကို မကြိုက်။ ချိတ်ထားသည့် ကားလေးတွင် စိတ်ကူးထင်ချက်ဖြင့် ခပ်ရဲရဲ ဆွဲကာ ရေးလိုက်သည်။

တော်ပါသေးသည်။ ကားကို ပန်းချီ ဝေဖန်ရေးဆရာ ပေါ်သစ်ကို ပြရာ သူက 'ဗင်ဂို ဆန်တယ်' ဟု ပြော၍ သက်သာရာရသည်။ ရှေးမဆန်သည်မှာ သေချာသွားပြီ။ ပန်းချီဆရာ ခင်မောင်ရင်က 'ဦးလေးကားက ၁၉ ရာစု ရောက်နေပါလား' ဟု ဆိုသည်။

ကျွန်တော် လန့်သွားသည်။ ၁၉ ရာစုနှစ် ဆိုတော့ ရှေးဆန်တာ ပြောတာ ဖြစ်မှာပဲ။ စိတ်လည်း ပျက်သွားသည်။

'၁၉ ရာစုနှစ် ဟုတ်လား'

ခင်မောင်ရင်က ပြုံးကာ 'ပြစ်သစ်က (Impressionism) စိတ်ထင်ချက် ပန်းချီခေတ်ကို ပြောတာပါ။ မာတီးစ် ဖွဲ့စည်းပုံနှင့် ဗင်ဂို စုတ်ချက်မျိုး'

သည်တော့မှ သက်သာရာ ရသွားသည်။ သို့သော် သေချာအောင် ကျွန်တော်က 'ရှေးမဆန်ပါဘူးနော်' ဟု မေးလိုက်သည်။

'အရောင်တွေက ရဲသားပဲ'

ကျွန်တော်ကတော့ မိမိကားကို မာတီးစ်၊ ဗင်ဂိုဆန်သည်ဟု ပြော၍ ကျေနပ်မိသလိုလို။ ဟုတ်တာ၊ မဟုတ်တာ အပထား။

(၈)

ကျွန်တော်၏ ပန်းချီနှင့် ပတ်သက်သော အနုပညာ အတွေ့အကြုံတစ်ခုကို ဖော်ပြပြီးပါပြီ။ ကျွန်တော်သည် ပန်းချီဆရာ တစ်ယောက် မဟုတ်ပါ။ ကျွန်တော် ပြောချင်သည်က စာပေ၊ အနုပညာနှင့် ဆိုင်သော ရသဗေဒပညာ သို့မဟုတ် အလှဗေဒ၊ သို့မဟုတ် ခံစားမှုဗေဒ၊ (ဟာခေါ်ခေါ်တို့၏ သဘောတရားအကြောင်း။)

အနုပညာသည် လူတို့၏ ခံစားမှုမှ ပေါက်ဖွားလာသည်။ ခံစားပုံခြင်း တစ်ယောက်နှင့် တစ်ယောက် မတူကြ။ ခံစားပုံအရ ရေးဖွဲ့ရာ အကြောင်းအရာ ကွဲပြားခြားနားသွားကြသည်။ ထိုအခါ ခံစားမှုကို လိုက်

www.burmeseclassic.com

www.burmeseclassic.com



၍ ဖော်ပြသော ပုံသဏ္ဌာန် ဖြစ်လာသည်။ ကံ့ကော်ပန်းကားကိုပဲ ကြည့်။ ကျွန်တော် ခံစားသလို ဖွဲ့နွဲ့လိုက်ခြင်း ဖြစ်သည်။ ဆောင်းအကုန် နွေအကူး ခံစားမှုက ရာသီကို အမှတ်ရစေသော ဖရဲသီးနှင့် တွဲဖက်ထည့်ချင်လာပေသည်။

ဖွဲ့နွဲ့ပုံနည်းကား စိတ်ကူးကို အသားပေးသော စိတ်ထင်ချက်နည်း ဖြစ်သွားရသည်။ ကျွန်တော်သည် မာတီးစ်တို့ ဗင်ဂိုတို့ကို အတုယူသည် မဟုတ်။ ကျွန်တော့်ဟန်နှင့် ကျွန်တော် ဆွဲချင်သူ။ ရေးဆွဲနေသည့် အချိန်တွင် ရင်ထဲက ပေါ်လာသည့် ခံစားမှုက စေခိုင်းသည့်အတိုင်း လက်က လှုပ်ရှားနေခြင်းမျှသာ ဖြစ်သည်ဟု ထင်ပါသည်။ တစ်ခုရှိသည်။ ကျွန်တော် ရှေးဟန် (ဝါ) ဂန္ထဝင်ဟန်ကို မကြိုက်။ ဂန္ထဝင်ဟန်၊ ရိုးရာ ရှေးဟန်က စည်းကမ်းကြီးပြီး မျက်မြင်အတုကို လိုက်ရသည်။

ကျွန်တော်က လွတ်လပ်စွာ စိတ်ကူးကို ရဲရဲဖော်ပြရသော နည်းကြိုက်သူ ဖြစ်သည်။ ကျွန်တော်သည် ပန်းချီကျောင်းနေဖူးသူ မဟုတ်။ သင်လည်း မသင်ဘူး။ စည်းကြီးကမ်းကြီးက မဟန့်တား။

ကျွန်တော့်အဖို့ ပန်းချီရေးရသည်မှာ ကဗျာ စပ်ရသည်နှင့် အတူတူပင်။ စာလုံးများကို ပြင်လိုက် ဖျက်လိုက် လုပ်တတ်သည်။ ဆီဆေးကားကိုလည်း တို့ကာ ဆတ်ကာ၊ ဆွဲကာ ငင်ကာ၊ ထပ်ပြင်ကာ လုပ်တတ်သည်။ ပထမပန်းအိုးမှာ အနီရဲရဲ။ ဖရဲသီး ရေးပြီးသောအခါ အနီကို သိပ်မကြိုက်ချင်တော့။ ညာဘက်ထောင့် ချိတ်ထားသော ကားထဲက ပန်းအိုးကို အနီလုပ်ပြီးသောအခါ ပန်းအိုးကြီးကို အပြာရောင် ပြင်လိုက်သည်။ သည်တော့မှ စိတ်ထဲက ပေါ့သွားသည်။ ပုံလေးထဲက ကံ့ကော်ပန်းအရွက်များကို ဖက်ဖူးရောင် အစိမ်းနုနု လုပ်ချင်သည်။ သို့သော် ကျွန်တော့်တွင် အစိမ်းနှင့် စပ်စရာ အဝါရောင်ဆေး မရှိတော့သဖြင့် စိတ်ကူးအတိုင်း မရတော့ပါ။

ပန်းချီကား ရေးပြီး ထောင်ထားလိုက်သောအခါ ပန်းချီပြပွဲများ ကြည့်ဖူးသလား မကြည့်ဘူးသလား မသိရသော ကျေးလက်တွင် အနေများသော ဆယ်တန်းကျောင်းသူကလေးက ‘စိတ္တဇပန်းချီ’ ဟု ဆိုလိုက်သည်။ ကျွန်တော် ပြုံးမိသည်။ စိတ်ကူးများတာကို ပြောတာဖြစ်မှာပဲဟု နားလည်ရသည်။ သူ နားလည်သော စကားလုံးနှင့် ပြောခြင်း ဖြစ်မည်။

BURMESE CLASSIC .com



အနုပညာဆိုသည်ကား ခံစားမှုစိတ်ကူး၊ ပတ်ဝန်းကျင်တို့၏ ပေါင်းစပ်ခြင်း မဟုတ်ပါလား။

ဤသို့ အတွေ့အကြုံမှ ရသဗေဒ သဘောတရား ထုတ်မိသည်။ ယင်းသည်ကား အနုပညာဖန်တီးခြင်းမှ ခံစားမှု သိပ္ပံပညာ ထုတ်ယူရရှိသည်ဟု ဆိုချင်ပါသည်။

[ပန်ရုပ်စုံမဂ္ဂဇင်း၊ မေ၊ ၁၉၈၄]

❁

www.burmeseclassic.com

www.burmeseclassic.com

## ပန်းပွင့်၏ နေ့အညီမှီးခြင်းရသ

### (က)

ကျွန်တော်သည် ၁၉၆၃ လောက်က စ၍ ဆိဆေးပန်းချီကားများ စတင်ရေးဆွဲခဲ့သည်။

ငယ်စဉ် ကျောင်းသားဘဝက ရေဆေးဖြင့် ရေးဖူးခဲ့သည်။ ဆီဆေးရေးချင်သော်လည်း ဆီဆေးပန်းချီပစ္စည်းများ အဆင်သင့် မရှိသဖြင့် မရေးဖြစ်ခဲ့။ ပန်းချီရေးချင်စိတ်မှာ တစ်ခါတစ်ခါ ပေါ်သော်လည်း လက်လှမ်းမီရာတွင် ပန်းချီပစ္စည်း မရှိသဖြင့် မရေးဖြစ်ခဲ့။ ၁၉၆၁ က ဆွီဒင်ပြည် စတော့ဟုမ်းသို့ ရောက်ရာ ဂျာမနီဆီဆေးတောင့်များ ဝယ်ဖြစ်သည်။ တရုတ်ပြည်က လှည့်ပြန်သဖြင့် ပီကင်းတွင် ဆီဆေးတောင့်များ၊ စုတ်တံများ ဝယ်ဖြစ်သွားသည်။

ပန်းချီပစ္စည်းများ အဆင်သင့် ရှိနေပြီ ဘာကား ရေးရမလဲ။ အနုပညာ ခံစားမှုပေါ်လာမှ အနုပညာ ဖွဲ့နွဲ့ဖန်တီးမှု ဖြစ်လာနိုင်သည်။ ကျွန်တော် ဖွဲ့နွဲ့ရေးသားခဲ့သော ဝတ္ထု၊ ကဗျာ၊ စသော စာပေများမှာ ခံစားမှုမှ အကြောင်းခံ၍ ဖြစ်ပေါ်လာခြင်းဟု ဆိုနိုင်သည်။ ကဗျာရေးစ ၁၃-၄ နှစ်အရွယ်ကမူ ကဗျာတစ်ပုဒ် ရေးသားပြီးစီးချင်သော စိတ်ကသာ ထက်သန်ခဲ့သည်။ ကဗျာဖြစ်လျှင် ပြီးရော။ ထိုအခါက ခံစားမှု စသည်ကို နားမလည်ခဲ့ပေ။ ကဗျာစည်းကမ်း၊ ကာရန်စည်းကမ်းနှင့် ညီသော ကဗျာ တစ်ပုဒ် ရေးသားပြီးစီးသွားလျှင် ကဗျာ ဖြစ်ပြီဟု ထင်မှတ်ခဲ့သည်။ ငယ်စဉ်က ကျွန်တော်သည် ရှေးဟောင်းပျို့၊ ကဗျာ လင်္ကာ၊ ရတုစသော ဂန္ထဝင်စာများကို တစိုက်စိုက်ဖတ်ခဲ့ရာ ယင်း ဂန္ထဝင်ကဗျာ လင်္ကာ စာလုံး

www.burmeseclassic.com

www.burmeseclassic.com



များမှာ ကျွန်တော့် မှတ်ဉာဏ်ထဲတွင် သိုမှီးစုဆောင်းထားပြီး ရှိနေခဲ့သည်။ ထိုအခါ ကျွန်တော်သည် ရေးဂန္ထဝင်ဟန် (လူးတား ချေင်းတေးထပ် လေးချိုး စသော) ကဗျာဟန် များစွာဖြင့် ရေးဖွဲ့ခဲ့သည်။ ကျွန်တော် ၁၃-၄ နှစ်အရွယ် (၈) တန်းတွင် ကျောင်းနေစဉ်က ဒဂုန်မဂ္ဂဇင်းတွင် ယင်း ဂန္ထဝင်ဟန် ကဗျာများ ပါရှိခဲ့ရာ ယခု ကျွန်တော် ရေးဖွဲ့နေသော ကဗျာဟန်နှင့် နှိုင်းယှဉ်ကြည့်လျှင် ယနေ့ခေတ် လူငယ်စာဖတ်သူက ကျွန်တော်ရေးသည်ဟု ယုံကြမည် မထင်ပေ။

ထိုအခါ ကဗျာဆိုသည်မှာ ကာရန်ညီလျှင် ပြီးတာပဲဟု ထင်ခဲ့သည်။ ခံစားမှုဆိုသည်ကို မသိခဲ့ပေ။ ယင်းသို့ မိမိကိုယ်ကို ဝေဖန်သုံးသပ်မိသဖြင့် (၁၉၆၁) လောက်က လင်္ကာနှင့် ကဗျာဟူသော စာပေဝေဖန်ရေး ဆောင်းပါး တစ်စောင် ရေးခဲ့ဖူးသည်။ ယင်းဆောင်းပါးတွင် ကာရန်စည်းကမ်းနှင့် ညီသော အဖွဲ့ကို ကျွန်တော်က လင်္ကာဟု အမည်ပေးခဲ့၍ ခံစားမှု ပါဝင်သော အဖွဲ့ကိုသာ (ကာရန်ညီတာ၊ မညီတာ အရေးမကြီးဘဲ) ကဗျာဟု ခေါ်သင့်ကြောင်း ဖော်ပြခဲ့သည်။

ယခု ပန်းချီရေးရန်ရှိသောအခါ ဘာရေးရပါ့မလဲဟူသော အကြောင်းအရာ ပြဿနာ (ဝါ) ခံစားမှုပြဿနာ ပေါ်လာသည်။ ကဗျာရေးရန် ခံစားမှုများမှာ ကျွန်တော်၏ ပတ်ဝန်းကျင်၌ ရှိကြသည်။ ပတ်ဝန်းကျင်မှ ကျွန်တော်၏ ရင်တွင်းသို့ ရိုက်ခတ်မှုသည် ခံစားမှုပင် ဖြစ်သည်။ ခံစားမှုပေါ်လာလျှင် ကဗျာဖွဲ့သည်။ ယခု ကျွန်တော့်တွင် ပန်းချီပစ္စည်းများ အဆင်သင့်ရှိနေစဉ် ပန်းချီရေးရန် အကြောင်းအရာက ဖြစ်ပေါ်မလာ။ ခံစားမှုရောက်မလာ။

ခံစားမှုပေါ်လာအောင် မည်သို့ လုပ်ရမည်နည်း။

ဝတ္ထုတိုများ ရေးသောအခါ ရေးရန် အကြောင်းအရာ (ဝါ) ခံစားမှုသည် ကျွန်တော်၏ ပတ်ဝန်းကျင်မှ ရရှိခဲ့သည်။ ကဗျာဖွဲ့လျှင်လည်း ထို့အတူ။ ယခု ကျွန်တော်၏ ဝန်းကျင်က ပန်းချီကားရေးရန် အကြောင်း ဖြစ်မလာသေး။ ဝတ္ထုဇာတ်လမ်း၊ ဇာတ်ကောင်တို့သည် ပတ်ဝန်းကျင်မှ ရရှိသော်လည်း ပန်းချီကားကို ပတ်ဝန်းကျင်မှ မည်သို့ ရယူရပါမည်လဲ။ ကဗျာ ခံစားမှုကို ပတ်ဝန်းကျင် အာရုံများမှ ရရှိသော်လည်း ပန်းချီကားပေါ်တွင် မည်သို့ ခံစားမှု ထည့်ရပါမည်လဲ။

ကျွန်တော့်အတွက်ကတော့ ပြဿနာ။



ကျွန်တော့်မိတ်ဆွေ ပန်းချီဆရာများသည် 'တံခါးအပြင်ထွက်မည်' ဟု ဆိုကာ အိမ်မှ အပြင်လောကသို့ ထွက်ခါ ပန်းချီကားများ ရေးကြသည်။ သူတို့သည် လယ်ကွင်းစပ်၊ ချောင်းကွင်းစပ်၊ ရွှေတိဂုံရင်ပြင် စသော နေရာများသို့ တစ်စုတစ်ဝေး ထွက်ခါ ရှုမျှော်ခင်းကားများ ရေးတတ်ကြသည်။ မိမိတို့ တစ်နေရာတည်း သွားသော်လည်း မြင်ကွင်းမှာ မတူကြ။ ညနေဘက်ပြန်လာကြသောအခါ ရွှေတိဂုံရင်ပြင်ကား၊ လယ်ကွင်းစပ်ကား၊ ပုဇွန်တောင်ချောင်းကား စသော ရှုခင်းပန်းချီကားများ အသီးသီး ပါလာကြသည်။ တစ်နေရာတည်း သွားကြသော်လည်း မိမိသန်ရာ နှစ်သက်ရာ မြင်ကွင်းအမျိုးမျိုးကို အမြင်အမျိုးမျိုး အရောင်အမျိုးမျိုးဖြင့် ရေးကြသည်။ ဆေးရောင်သုံးပုံ မြင်ကွင်းပုံသဏ္ဌာန် ပန်းချီရေးနည်းစနစ် တစ်ယောက်နှင့် တစ်ယောက် မတူကြ။ ယင်းသို့ မတူခြင်းမှာ ပန်းချီဆရာ တစ်ယောက်နှင့် တစ်ယောက်အကြောင်းအရာ ယူပုံချင်း (ဝါ) ခံစားမှု မတူခြင်းကြောင့် ဖြစ်မည်။

ကျွန်တော်လည်း သူတို့ကဲ့သို့ အပြင်ထွက်၍ ရေးကွက်ရှာရမည်လော။ ကျွန်တော် တော်တော်နှင့် မရေးဖြစ်။

ဝတ္ထုဇာတ်လမ်း ကဗျာ စိတ်ကူးတို့မှာ သွားရင်း လာရင်း ရချင်ရတတ်သည်။ ဘတ်စ်ကားပေါ်မှာ (သို့) တက္ကသိုလ်ကျောင်း ပရဝဏ်အတွင်း (သို့) ဘုရားရင်ပြင်စသည်တို့မှ မြင်ကွင်းတစ်ခု အဖြစ်အပျက်တစ်ခုတို့ကို တွေ့မြင်၍ ဝတ္ထုဇာတ်လမ်း (သို့) ကဗျာစိတ်ကူး ရချင်ရတတ်သည်။ ပန်းချီကားတွင်ကား ဤသို့ စိတ်ကူးရတိုင်း မြင်ကွင်းတစ်ခုကို တွေ့လိုက်တိုင်း ရေး၍ ရသည် မဟုတ်ပေ။ ကျွန်တော် သိမ်ကြီးဈေးတန်းကို သွားရင်း ဈေးခင်းများကို ဘတ်စ်ကားပေါ်ကနေ၍ ကြည့်ကာ ဈေးခင်း၌ လူများ လှုပ်ရှားသွားလာနေသည်ကို ပန်းချီရေးရန် စိတ်ကူးတွင် ပေါ်လာဖူး၏။ သို့သော် အိမ်ပြန်ရောက်သောအခါ ယင်းမြင်ကွင်းကို စိတ်ကူးသက်သက်ဖြင့် ပန်းချီဆွဲ၍ မရပေ။ ဝတ္ထု၊ ဇာတ်လမ်း ဖွဲ့နွဲ့၍ ရချင်ရမည်၊ ကဗျာဖွဲ့နွဲ့၍ ရချင်ရမည်၊ ပန်းချီဈေးခင်းကို ကိုယ်တိုင် ထိုင်ကြည့်ကာ ရေးမှသာ ဖြစ်နိုင်မည်၊ ပန်းချီရေးရန် အကြောင်းအရာမှာ ဝတ္ထုတို့ ကဗျာတို့နှင့် မတူပေ။

သို့နှင့် ပန်းချီပစ္စည်းများ အဆင်သင့် ရှိသော်လည်း ပန်းချီ မရေးဖြစ်။ ၁၉၆၂ ခုနှစ်ဆန်းစတွင် ပန်းချီကား တစ်ချပ်ရေးရန် အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာသည်။

(ခ)

အကြောင်းကား ဤသို့။

၁၉၆၂–၆၃ ပတ်ဝန်းကျင်က စာပေ အဖွဲ့အစည်း ကိစ္စတစ်ရပ်နှင့် ပတ်သက်၍ ကျွန်တော့်စိတ်သို့ လာပြီး ရိုက်ခတ်သော အဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့ရသည်။ အဖွဲ့အစည်းဆိုင်ရာ ကျွန်တော်၏ ဆောင်ရွက်ချက်ကို အများစုက နားမလည်။ ကျွန်တော့်ဘက်က လူနည်းစု။ (၇ မဲ ၃ မဲ) သို့သော် ကျွန်တော်က ကျွန်တော့်ဆောင်ရွက်ချက်ကို မှန်သည်ဟု ခိုင်ခိုင်မာမာ ယုံကြည်သည်။ (ယခုတိုင်လည်း ကျွန်တော်မှန်သည်ဟု ယူဆလျက် ရှိသည်။)

ယင်းကိစ္စနှင့် ပတ်သက်၍ ကျွန်တော့်ဘက်က မှန်ပါလျက် အများစုက ကျွန်တော့်အား နားမလည်ခြင်းကို စိတ်ထဲက မကြည်မလင် မှိုင်းဝေဝေ (အမည်မဖော်တတ်သော ဝေဒနာတစ်ရပ်) ခံစားနေမိသည်။ ကျွန်တော်၏ ဆောင်ရွက်ချက်ကို တင်ပြရာတွင် တစ်ဘက်က မချေပနိုင်ဘဲ ဆန့်ကျင်ဘက် တင်ပြချက်မှာ မခိုင်လုံဘဲလျက် လက်ခံပြီး ကျွန်တော့်အား များရာမဲဖြင့် အနိုင်ကျင့်သည်ဟု ခံစားနေမိသည်။

ယင်း ခံစားမှုဖြင့် မှိုင်းဝေလျက် ရှိစဉ် တစ်နံနက်ခင်း၌ ဧည့်ခန်းစားပွဲပေါ်တွင် ပန်းစိုက်အိုးကို မြင်လိုက်ရသည်။ ပန်းစိုက်အိုးမှာ မကြာသေးမီကမှ ကျွန်တော် ဝယ်လာသော အနားပြာရစ်ဖြင့် အဖြူရောင် ပန်းစိုက်အိုးပု အဖြူ။ ယင်းပန်းစိုက်အိုးထဲတွင် မေမြို့ပန်းခက်များ ဝေနေအောင် စိုက်ထားသည်ကို တွေ့လိုက်ရသည်။ ပန်းပွင့်များမှာ ခရမ်းနုရောင်၊ ပန်းနုရောင်ဖျော့ဖျော့ (အဖြူဘက် လုသော ပန်းနုရောင်) မရမ်းစေ့ရောင်၊ အရောင်များ သစ်လွင်လျက်၊ လတ်ဆတ်လျက်၊ နုပျိုလျက်၊ ပန်းပွင့်၏ အလှကြောင့် ကျွန်တော့်ရင်ထဲ၌ ကြည်လင်လန်းဆန်းသွားသည်။ ငြိမ်းအေးသွားသည်။ ဤပန်းပွင့်၏ အရောင်သစ်လွင်ခြင်း၊ လတ်ဆတ်ခြင်း၊ နုပျိုခြင်း၊ အေးငြိမ်းခြင်း အလှကို အမြဲခံစားရအောင် ကျွန်တော့်ရင်ထဲ၌ မည်သို့ ထိန်းသိမ်း သိုမှီးထားရမည်လဲ။

ခေါင်းထဲ၌ လက်ခနဲ ဝင်းပြက်သွားသည်။ ကျွန်တော်သည် ပန်းချီပစ္စည်းများကို ကမန်းကတန်း သွားယူသည်။ ထို့နောက် မေမြို့ပန်းစိုက်အိုး ရှေ့၌ ထိုင်လိုက်သည်။ အောက်ခံဆေးအဖြူ သုတ်ထားသော မကြာသေးမီကပင် ဘားလမ်းထွန်းကြည်ဆိုင်မှ ဝယ်လိုက်သော ဆီဆေးရေးကားချပ်ကို ဖြန့်လိုက်သည်။ ကျွန်တော်သည် မေမြို့ပန်းကို ကြည့်ကာ သက်ငြိမ်ပန်းချီကား စတင်ရေးဖြစ်သွားတော့သည်။

ကျွန်တော့်အဖို့ ဤဆီဆေးကားသည် ပထမဦးဆုံးသော သက်ငြိမ် ပန်းချီကားချပ် ဖြစ်သည်။ ကျွန်တော် ဘယ်ပန်းချီကျောင်းမှ မနေဘူး။ ဘယ်ပန်းချီဆရာထံတွင်မှ မသင်ဘူး။ ပန်းချီနှင့် ပတ်သက်သော စာအုပ်များ နည်းနည်းပါးပါး ဖတ်ဖူးသည်။ ပန်းချီသဘောတရားများ ပန်းချီဒဿနဗေဒများ ဖော်ပြသော စတူဒီယို (ပန်းချီရေးသောအခန်း) အမည်ရှိ မဂ္ဂဇင်း၊ ပန်းချီဆရာအမည်ရှိ (ပန်းချီလက်တွေ့ရေးနည်းများကို ဖော်ပြသော ပန်းချီဆရာအမည်ရှိ မဂ္ဂဇင်း) ကို ဖတ်သည်။ သို့သော် ပန်းချီစိုက်အိုးမှ ပန်းပွင့်၏ အလှက ကျွန်တော်၏ လက်မှ စုတ်တံကို ဆွဲခေါ်သွားသည်။ ပန်းချီရေးနေစဉ် ရင်ထဲမှ မကြည်လင်ခြင်း၊ မှိုင်းဝေခြင်းစသော အညစ်အကြေးများ ကင်းစင်သွားလေသည်။ လွင့်စင်ကွယ်ပျောက်သွားလေသည်။ စောစောက စာပေ အဖွဲ့အစည်းနှင့် ပတ်သက်၍ ခံစားခဲ့သော ဝေဒနာသည် ဘယ်ရောက်သွားသည် မသိ။ ပန်းပွင့်၏ အရောင်သစ်လွင်ခြင်း၊ လတ်ဆတ်ခြင်း၊ နုပျိုခြင်း အလှသည် ကျွန်တော့်ရင်ထဲသို့ ဝင်ရောက် ကိန်းအောင်းနေသဖြင့် စိတ်သည် ငြိမ်းအေးသွားသည်။ ပန်းချီစုတ်တံဖြင့် ဆေးတို့ကာ ရှေ့တွင် မြင်ရသော ပန်းပွင့်ကို ပန်းချီကားချပ်ပေါ်သို့ ကူးပြောင်း ဘာသာပြန်နေသော စိတ်အာရုံ တစ်ခုတည်းသာ ရှိသည်။ ပတ်ဝန်းကျင်ရှိ အသံဗလံများကိုလည်း ကျွန်တော် မကြား၊ ဧည့်ခန်းပတ်ဝန်းကျင်ကိုလည်း မမြင်မိ၊ ပန်းချီရေးခြင်းသည် အနုပညာဖြင့် ကျင့်သုံးသော သမထတစ်မျိုးဟု ဆိုချင်ပါသည်။

ကျွန်တော်သည် ပန်းချီအနုပညာဖြင့် စိတ်အေးချမ်းမှု ရရှိသွားသည်။

(ဂ)

ပန်းပွင့်နှင့် ပန်းအိုး ရေးပြီးနောက် ပန်းအိုးအောက်တွင် ကြိမ်စားပွဲလေးခင်းပေးလိုသည်။ အမြင်အတိုင်း မဟုတ်။ အမြင်အတိုင်းမှာ သစ်သားစားပွဲပေါ်တွင် တင်ထားသည့် ပန်းစိုက်အိုး နောက်ခံကားကို



www.burmeseclassic.com

www.burmeseclassic.com



အညိုနှင့်အနက်စင်း လုပ်ပေးလိုက်သည်။ ပန်းအိုးကလွဲ၍ အားလုံး စိတ်ကူးဖြင့် ခြယ်သသည်။

ကျွန်တော်၏ ပန်းချီဆရာ မိတ်ဆွေများက ကားကို ကြည့်ကာ အမျိုးမျိုး ဝေဖန်ချက် ပေးကြ၏။ တင်ပြချက်ပေးကြသည်။

'ကျွန်တော်ကတော့ ရမ်းဆွဲတာပဲဗျာ' ဟု ကျွန်တော်က ပြောသည်။

ပန်းချီ ဦးဘရင်လေးက 'ခင်ဗျားရေးတာ ဝင်စတန်ချာချီရေးပုံမျိုးပဲ။ သူလည်း ဆရာနှင့် သင်တာ မဟုတ်ဘူး'။ ချာချီဟု ဆိုလိုက်သဖြင့် ကျွန်တော် ဖတ်ခဲ့ဖူးသော အကြောင်းအရာကို လက်ခနဲ သတိရမိလိုက်သည်။ ၁၉၃၀ ကျော် ပတ်ဝန်းကျင်က ချာချီသည် ဗြိတိသျှလွှတ်တော်ထဲတွင် ဂျာမနီ၌ ရန်လိုသော ဟစ်တလာ၏ စစ်အင်္ဂါရာယ်ရှိနေသဖြင့် လက်နက်တပ်ဆင်ရန် လိုကြောင်း သတိပေးခဲ့ဖူးသည်။ အများစုက သူ၏ သတိပေးချက်ကို လက်မခံကြ။ သူတစ်ယောက်တည်း လူနည်းစုဖြစ်၍ အဆိုရှုံးခဲ့သဖြင့် ချာချီသည် စိတ်ပျက်ကာ တောအိမ်လေးသို့ သွား၍ ပန်းချီရေးဆွဲပြီး စိတ်ငြိမ်းအေးမှုကို ရခဲ့သည်ဟု ဖတ်ရဖူးသည်။ နောက် လေးငါးခြောက်နှစ်ခန့် ကြာသောအခါ ဟစ်တလာ၏ ရန်စမှုကြောင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခဲ့၏။ ထိုအခါမှ ချာချီ၏ အယူအဆ မှန်ကန်ကြောင်း သိရှိသွားခဲ့ကြသည်။

ကျွန်တော် ချာချီပန်းချီကားကို 'လိုက်ဖ်မဂ္ဂဇင်း' ၌ တွေ့ခဲ့ရဖူးသည်။ မျက်မြင်အတိုင်း မဟုတ်ဘဲ (ဝါ) ဓာတ်ပုံရိုက်ပြသကဲ့သို့ မဟုတ်ဘဲ ဆေးရောင်ထူထူ စုတ်ချက်ကြမ်းကြမ်းဖြင့် စိတ်ကူးဟန်ပါပါ ဖွဲ့နွဲ့ထားသည့် ပန်းချီကားမျိုး။ စစ်ပြီးစလောက်က မြင်ဖူးခြင်းဖြစ်သည်။ ကိုဘရင်လေးပြောမှ သွားသတိရသည်။

ဦးအုန်းလွင်၊ ပေါ်ဦးသက် စသော မိတ်ဆွေ ပန်းချီဆရာများကလည်း ပန်းပွင့်ပန်းချီကားကို ကြိုက်ကြသည်။ 'ပေါ်ဦးသက်က ကျွန်တော့်ရောင်းပါ' ဟု ပြုံးကာ ပြောသည်။

အနုပညာရပ်များထဲတွင် စိတ်အေးချမ်းမှုကို အပေးဆုံးသည် ပန်းချီ ဖြစ်သည်။ ပန်းချီရေးနေစဉ် ဘာကိုမျှ သတိမရတော့။ ဒေါမနဿ၊ ဝိစိကိစ္ဆာ စသော စိတ်အညစ်အကြေးများသည် ပန်းချီအာရုံကို မနှောင့်ယှက်နိုင်။ မီးကို ရေဖြန်းလိုက်သကဲ့သို့ ငြိမ်းအေးသွားသည်။ အခြား



အနုပညာများတွင် ဤကဲ့သို့ မဟုတ်။ စန္ဒရား တီးနေစဉ် အခြား မလိုလားအပ်သော အသံဗလံများ ဝင်လာလျှင် ဂီတအာရုံကို အနှောင့်အယှက်ဖြစ်စေသည်။ စိတ်မကြည်လင်လျှင် စန္ဒရားတီးမရ။ တီးကွက်များ စိတ်ကူးဖွဲ့နွဲ့တိုင်း မရ။ သောကဗျာပါဒ ကပ်နေလျှင် ကဗျာဝတ္ထုများ ကောင်းကောင်း ဖွဲ့နွဲ့မရ။

ကျွန်တော်သည် ပန်းချီကို စိတ်အေးငြိမ်းနိုင်သော သမထအနုပညာအဖြစ် အကြိုက်ဆုံး ဖြစ်သည်။

ကျွန်တော်သည် အရောင်သစ်လွင်ခြင်း၊ လတ်ဆတ်ခြင်း၊ နုပျိုခြင်း ပါရှိသော ပန်းပွင့်ကို ခံစားကာ ရင်တွင်း၌ သိမ်းထားရင်း အေးငြိမ်းခြင်း ရသကိုပါ တွေ့ရှိသွားရပေသည်။

[ပန်ရုပ်စုံမဂ္ဂဇင်း၊ အတွဲ(၁)၊ အမှတ် (၇)၊ ဇူလိုင်၊ ၁၉၈၄]

www.burmeseclassic.com

www.burmeseclassic.com

# ဝတ္ထုနှင့် ဇာတ်လမ်း

ရုပ်ရှင်ဇာတ်ကားသည် ဝတ္ထု သို့မဟုတ် ဝတ္ထုဇာတ်လမ်းကို အခြေပြု ရိုက်ကူးရသည့်အကြောင်း ပြောပြီးပြီ။ ယခု ဝတ္ထုအကြောင်းကို ပြောရဦးမည်။

ဝတ္ထုကို ဇာတ်လမ်း၊ ဇာတ်ကောင်၊ နောက်ခံကားဟူသော အင်္ဂါသုံးရပ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်။ ဝတ္ထုပုံသဏ္ဌာန်ကလည်း အမျိုးမျိုး ရှိသည်။ အကြမ်းအားဖြင့် ဇာတ်လမ်းအသားပေး ဝတ္ထု၊ ဇာတ်ကောင်အသားပေးဝတ္ထု၊ နောက်ခံကား (သမိုင်းခေတ်) အသားပေးဝတ္ထု စသည်ဖြင့် ရှိကြသည်။ ယင်းသုံးရပ်စလုံး ညီညွတ်သော ဝတ္ထုလည်း ရှိသည်။

ဇာတ်လမ်းဆိုသည်မှာ ဇာတ်ကောင်များ လှုပ်ရှားပါဝင်သော အဖြစ်အပျက်။ နောက်ခံကား ဆိုသည်မှာ ယင်းဇာတ်လမ်းဖြစ်ပျက်ရာ နေရာ၊ ဒေသ၊ ဖြစ်ပျက်ရာအချိန်ကာလ။ ဇာတ်ကောင်ဆိုသည်မှာ ဝတ္ထုတွင် ပါဝင်ထမ်းဆောင်သော လူပုဂ္ဂိုလ်များ။ ယင်းသို့ အကြမ်းအားဖြင့် **အဓိပ္ပာယ်** ရပါသည်။

အကျယ်ဖွင့်ဆိုရလျှင် အယူအဆ အများအပြား ပါဝင်ပါလိမ့်မည်။

(၁)

ဝတ္ထုသည် လူ့အဖြစ်အပျက်ကို ရသပေါ်အောင် စိတ်ကူးဖြင့် ဖွဲ့နွဲ့ ရေးသားထားသော စာပေပုံသဏ္ဌာန် တစ်ရပ် ဖြစ်သည်။ လူ့အဖြစ်အပျက်ကိုဖော်ပြသဖြင့် ဝတ္ထုထဲတွင် လူဟူသော ဇာတ်ကောင်ပါရသည်။

www.burmeseclassic.com

www.burmeseclassic.com



လူများ လှုပ်ရှားကြသော အဖြစ်အပျက် ဇာတ်လမ်းပါရသည်။ ဇာတ်လမ်း ဖြစ်ပျက်ရာ နေရာနှင့် အချိန်ကာလပါရသည်။ ဇာတ်လမ်းဟူသည်မှာ ဝတ္ထုတွင် ပါဝင်သော အဖြစ်အပျက်တို့ လှုပ်ရှားရာ လမ်းကြောင်းဟု အဓိပ္ပာယ်ရသည်။ ဇာတ်၏ လမ်းကြောင်းကို ဇာတ်လမ်းဟု ခေါ်ခြင်း ဖြစ်မည်။

ဤကား အကြမ်းအားဖြင့် အဓိပ္ပာယ်ဖော်ခြင်း ဖြစ်သည်။ အဖြစ်အပျက်၏ တစ်ခုပြီး တစ်ခု ဖြစ်ပျက်ရာ ဖြစ်စဉ်ကို ဇာတ်လမ်းစဉ်ဟု ခေါ်ကြသည်လည်း ရှိသည်။ အထူးသဖြင့် ရုပ်ရှင်ဇာတ်လမ်း တင်ရာတွင် သုံးသော ဝေါဟာရ ဖြစ်သည်။

ဝတ္ထုဟူ၍ စာပေပုံသဏ္ဌာန် တစ်ခု ပေါ်ပေါက်ကတည်းက ဝတ္ထုရေးဆရာ အမျိုးမျိုးသည် ဝတ္ထုအမျိုးမျိုးကို ရေးခဲ့ကြသည်။ ဝတ္ထုရေးဆရာများသည် အနုပညာသမားများ ဖြစ်ရာ သူတို့ စိတ်ကူးအင်အား ရှိသည့်အလျောက် ဝတ္ထုပုံသဏ္ဌာန် အမျိုးမျိုးကို ဖန်တီးကြခြင်း ဖြစ်သည်။ ဇာတ်လမ်းအသားပေးဝတ္ထု၊ ဇာတ်ကောင် အသားပေးဝတ္ထု စသည်ဖြင့် စာပေဝေဖန်ရေး လောကတွင် သတ်မှတ်ကြခြင်းမှာ ဝတ္ထုရေးဆရာ၏ အနုပညာ အယူအဆကို မူတည်၍ သတ်မှတ်ခြင်းဟု ဆိုရမည်။ (ရုပ်ရှင်ဒါရိုက်တာ တော်တော်များများကတော့ ဇာတ်လမ်း အသားပေး ဝတ္ထုများကို ကြိုက်တတ်ကြသည်။ စာဖတ်စ မြီးကောင်ပေါက် လူငယ်စာဖတ်ပရိသတ်များသည် ဇာတ်လမ်းဝတ္ထုကို ကြိုက်ကြသည်။ ဇာတ်လမ်းဝတ္ထုတွင် ပုံစံများ ရှိသည်။ တွေ့ကွဲညားပုံစံ၊ ဖိုခနောက်ဆိုင်ပုံစံ။ ကောင်လေးနှင့် ကောင်မလေး တွေ့ပြီး ချစ်ကြ။ အထင်လွဲပြီး ကွဲသွား။ နောက်ဆုံးညား ဇာတ်လမ်းပုံစံကို တွေ့ကွဲညားပုံစံဟု ခေါ်ကြသည်။ ကောင်လေး၊ ကောင်မလေး၊ နောက်တဘက်သတ် ချစ်နေသူတစ်ယောက်။ နောက်ယင်းကို ဖိုခနောက်ဆိုင်ပုံစံဟု ခေါ်ကြသည်။ ယင်းပုံစံ ဇာတ်လမ်း ဝတ္ထုများကို စာပေဝေဖန်ရေး ဆရာတို့က စာပေအဆင့်အတန်း မြင့်သော ဝတ္ထု စာရင်းထဲတွင် မထည့်သွင်းကြ။ လူကြိုက်များသော ဝတ္ထုဟု ခေါ်ကြသည်။

ဇာတ်လမ်း (အသားပေး) ဝတ္ထုအကြောင်း ဖော်ပြလျှင် ဇာတ်ကောင် (အသားပေး) ဝတ္ထုအကြောင်းပါ ဖော်ပြမှ ပို၍ ဆက်စပ်မိမည်။ သဘော ရှင်းသွားမည်။



ဇာတ်ကောင်ဟူသော ဝေါဟာရကို အနောက်နိုင်ငံက 'လူ့စရိုက်၊ လူ့သဘာဝ' ဟူသော စကားလုံးဖြင့် ခေါ်ဝေါ်သည်။ (Character) အဓိပ္ပာယ်ပေါ်သည်။ ရုပ်ရှင်ဝေါဟာရက 'သရုပ်ဆောင်' ဟု ခေါ်သည်မှာ မှန်ကန်သည်။ အဓိပ္ပာယ်ပေါ်သည်။ ဝတ္ထုတွင် ဇာတ်ကောင်သည် လူ့စရိုက်၊ လူ့သဘာဝကို ဖော်ရသည်။ တကယ့် လူနှင့် တူအောင် ဖော်ရသည်။ ကပြရသည်။ သရုပ ဟူသော ပါဠိပုဒ်မှာ တူခြင်းအနက်ရသည်။ ယင်းကြောင့် ရုပ်ရှင်ကြီးတွင် မေရှင်တို့ ညီအစ်မ ၇ ဖော်၏ ဖခင် တောလိုက်မုဆိုးကြီးအဖြစ် ဦးဖိုးထွန်း ပါဝင်သရုပ်ဆောင်ထားသည်ကိုမူ ထိုခေတ်ကို မီလိုက်သူများ ကောင်းစွာ မှတ်မိကြပေလိမ့်မည်။

သူ၏ ကြီးထွားကြံ့ခိုင်သော ကာယဗလနှင့် သူ၏ မြန်မာပီသသော ထုံးဖွဲ့မှုတို့ကြောင့် ဇာတ်ဝင်ခန်းနှင့် အထူးလိုက်လျောလှပေ၏။ စစ်ပြီးခေတ် အတန်ကြာအောင်ပင် ဦးဖိုးထွန်းအား ရုပ်ရှင်လောကမှာပင် တွေ့မြင်နေရသေး၏။ အလဲတောင် ဇာတ်ကားတွင်လည်း သူ၏ မြန်မာပီသသော အင်္ဂါရုပ်နှင့် တုတ်ခိုင်သော ခွန်အားဗလတို့ကြောင့် ဗြိတိသျှတို့အား တော်လှန်သူ ဆရာကြီးအဖြစ် ပါဝင်လှုပ်ရှားမှုမှာ အလွန်လိုက်ဖက်လှပေ၏။

ထိုဇာတ်ကားတွင် ဦးဖိုးထွန်းနှင့်အတူ တော်လှန်ရေး သမားကြီးအဖြစ် ပါဝင်သူ တစ်ဦး၏ သရုပ်ဆောင်ချက်မှာလည်း အားမာန် ပါလှပေ၏။ ကာယဗလလည်း အလွန်ကောင်းမွန်ပြီး ဦးဖိုးထွန်းကဲ့သို့ပင် သျှောင်ထုံးနှင့် နှုတ်ခမ်းမွေးကားကားကြီးတို့ကြောင့်ပင်လျှင် ပုံက ခန့်ညားထယ်ဝါနေ၏။ ကာယဗလမှာ အမှန်တကယ် ကောင်းမွန်သူ ဖြစ်သော်လည်း သျှောင်ထုံးနှင့် နှုတ်ခမ်းမွေးတို့မှာ တကယ် အစစ် မဟုတ်ဘဲ အတု တပ်ဆင်ထားခြင်း ဖြစ်သည်။

သူက အခြားမဟုတ်၊ နောင်အခါ ကျော်ကြားလာသော စတန့်မင်းသား ကာယဗလ ရွှေမန်းထွန်းတင်ကြီးပင်တည်း။ ထိုစဉ်အခါက ဇာတ်လိုက်မင်းသားလိုရာ ပဲရောကုမ္ပဏီသို့ ရောက်ရှိလာပြီ ဖြစ်သော်လည်း မင်းသမီးနှင့် မတွဲဘက်ရသည့် ပြဿနာကြောင့် သူနှင့် သင့်လျော်မည့် အခန်းများတွင် ထည့်သွင်းရိုက်ကူးရခြင်း ဖြစ်သည်။

မင်းသား ဘချစ်နှင့် မင်းသမီး ခင်မြရင်တို့ အတွဲကလည်း ထိုအချိန်အခါက အလွန်ကျော်ကြားနေသော ဘဘင့်နှင့် ခင်နု၊ မောင်

www.burmeseclassic.com

www.burmeseclassic.com



မောင်အေးနှင့် ခင်ခင်ကြည်၊ ဘမြင့်နှင့် ခင်မေလေး။ မောင်မောင်လေးနှင့် ခင်ခင်အေး၊ တင်ငွေနှင့် ခင်စန်းသော စုံတွဲများကဲ့သို့ပင် ပွဲကြည့်ပရိသတ်များ အလွန်တောင်းတနေသော အချိန်ဖြစ်ရာ ထိုဇာတ်ကားတွင် ဘချစ်နှင့် ခင်မြရင်ဟူသော နာမည်ကျော်စုံတွဲတို့ကလည်း တအားပင် ဖြစ်လေသည်။

လူရွှင်တော် ထိပ်ပိတ်နှင့် မုတ်ကြီးတို့မှာလည်း အနောက်နိုင်ငံ လူရွှင်တော်စုံတွဲ လော်ရယ်နှင့် ဟာဒီတို့ကဲ့သို့ပင် အလွန် စန်းပွင့်ချိန် ဖြစ်ရာ အလံတောင် ဇာတ်ကားတွင် အူတက်မတတ် ရယ်မောရသော ဟာသခန်းများသာမက မြန်မာလူမျိုးများအတွက် သူတို့ တတ်နိုင်သည့်ဘက်က တတပ်တအား ပါဝင်ဆောင်ရွက်သော အခန်းများကြောင့် ပရိသတ် အလွန်နှစ်ခြိုက်ကြသည်။ လူကြမ်းချစ်တင်ကြီးမှာ သူ၏ ထုံးစံအတိုင်း လူမုန်းခန်းများကို သရုပ်ဆောင်ထားရာ ထိုအချိန်က မျိုးချစ်စိတ်တက်ကြွလျက်ရှိကြသော ပွဲကြည့်ပရိသတ်တို့သည် အော်ဟစ် ဆဲရေးရုံမျှမက ပိတ်ကားပေါ်သို့ပင် ဖိနပ်များ၊ ပြောင်းဖူးရိုးများဖြင့် ပစ်ပေါက်ကြသည်အထိ ဖြစ်ခဲ့ရလေသည်။ သူ ပါဝင်သော အခန်းကလည်း မြန်မာလူမျိုးတို့အပေါ် သစ္စာဖောက်ကာ ဗြိတိသျှ အလိုတော်ရိ အဖြစ် ပါဝင်ထားရခြင်း ဖြစ်ရာ သူ၏ သရုပ်ဆောင်ခန်းက သဘာဝကျလှသဖြင့် ချစ်တင်ကြီးအား ဤဇာတ်ကားတွင် ပွဲကြည့်ပရိသတ်တို့က ပိုမို မုန်းတီးကြခြင်း ဖြစ်ပေသည်။

ဗြိတိသျှအစိုးရ၏ အာဏာကို ဖိဆန်ကြမည့် မြန်မာလူမျိုးတောင်သူလယ်သမား အများတို့သည် မိမိတို့ လက်ဝယ် အသင့်ရှိသော ဓားရှည်၊ ဓားမြှောင်၊ လှံ၊ မှိန်းများသာမက ထင်းခွေသည့် ဓားမ၊ ငရုတ်ကြက်သွန်လှီးသည့်ဓား၊ ယင်းတိုက်သား၊ တုတ်၊ ရဲဒင်း၊ ပေါက်ဆိန်စသော ရရာလက်နက်ကို ဆွဲ၍ ခေါင်းဆောင် ဆရာကြီးနောက်သို့ လိုက်ကြသော အခန်းမှာ ယုတ္တိရှိပြီး အားမာန်ပါလှသဖြင့် ထိုအခန်းတွင် ပွဲကြည့်ပရိသတ်တို့၏ တက်ကြွသော စိတ်ဓာတ်ဖြင့် ထွက်ပေါ်လာသော ဩဘာလက်ခုပ်သံများမှာ ကြွက်ကြွက်ညံခဲ့၏။ ထိုဇာတ်ကားပြသရာ မြို့တိုင်းမှာ အဆမတန် ရရှိသော ဝင်ငွေများကို ထောက်ချင့်ခြင်းအားဖြင့် ထိုအခါက သူ့ကျွန်မခံလိုသော မြန်မာတို့၏ စိတ်ဓာတ် မည်မျှ ထက်သန်ကြီးမားကြောင်းကို အကဲခတ်နိုင်ကြပေသည်။



ထိုဇာတ်ကားကို ရုံတင်ပြစဉ်က ပဲရော့ ရုပ်ရှင်၏ တီးဝိုင်းနောက်ခံဇာတ်ပို့ တီးပေးခဲ့ရာ **ဇာတ်ကားပဏာမ တေးကို ၁၂ လမ်း၊ ဆရာဖောင်က ရေးစပ်ပေးခဲ့သည်။ အဆိုတော် ဦးငွေရနှင့် မတင်လှကြီးတို့က သီဆိုပေးခဲ့သည်။**

**အလံတောင်ပဏာမ**

၁၂ လမ်း ဆရာဖောင်ရေးသည်။

ပဲရော့ကုမ္ပဏီ တစ်ဖုံစီ ကွာခြား၊ ထပ်များတင်ပြသ
မောင်၊ ဇာတ်ကားအမည် (အလံတောင်)[၂]။ မောင်ဘချစ်၊ ခင်မြရင်၊
မောင်ချစ်တင် စုံလှသမောင်၊ ထိပ်ပိတ်မုတ်ကြီး ရယ်ရအောင်
တို့ဗမာတွေ မဟုတ်မခံတဲ့ ဂုဏ်ရောင်ကိုယ့်နိုင်ငံ ကိုယ်အုပ်စိုးဖို့
ရည်ရွယ်ခဲ့တာမောင်၊ ဒါကြောင့် အလံတောင် မြန်ပြည်တောင်
ကြံစည်အောင် ဒါမှ အလံတောင်။

သံပြိုင်။ ။ တို့အမျိုးသားတွေ ချစ်ကြပါ၊ ချစ်ကြပါ၊ ဒါမှ
အကြံအောင်၊ ဘချစ် ခင်မြရင်တို့ အလံတောင်၊
ဗိုလ်လာမကျနဲ့ ဖြိုချမယ်၊ အလံတောင်၊ စာရေး
သူက ၁၂ လမ်း ဆရာဖောင်း

သရုပ်ဆောင်ဟု သုံးခြင်းမှာ ဆီလျော်ပါသည်။ ဝတ္ထုတွင်လည်း ယင်း သဘောပင် ဖြစ်သည်။

ဇာတ်လမ်းဆိုသည်မှာ ဇာတ်ကောင် (သရုပ်ဆောင်) တို့ လှုပ်ရှားသွားလာရာ လမ်းကြောင်းပင် ဖြစ်သည်။ ဇာတ်ကောင်သည် ဇာတ်လမ်းကို ရှေ့ဆောင်ရသည်ဟူသော ဝတ္ထုအယူအဆရှိသည်။ နောက် အယူအဆတစ်ခုက ဇာတ်လမ်းက ရှေ့ဆောင်ရသည်ဟူသော အယူအဆ။ သတ်မှတ်ထားသော ဇာတ်လမ်းဘောင် အတွင်း၌သာ ဇာတ်ကောင်တို့ လှုပ်ရှားရသည် ဟု ဝတ္ထုရေးဆရာ အချို့က ယူဆကြသည်။ ထို့ကြောင့် ဇာတ်လမ်းအသားပေး ဝတ္ထု၊ ဇာတ်ကောင် အသားပေး ဝတ္ထုဟူ၍ ခြားနားခြင်း ဖြစ်သည်။

(ဂ)

ဇာတ်လမ်းဝတ္ထုကို လူငယ်များ ကြိုက်ကြသည်။ စာဖတ်ပရိသတ်ကို ဆွဲဆောင်နိုင်သည်။ ယနေ့ မီးကောင်းပေါက်များ ကြိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



သော အပစ်အခတ် သိုင်းဝတ္ထုများ၊ အချစ်ဝတ္ထုများ၊ ရုပ်ပြများသည် ဇာတ်လမ်းဝတ္ထု အမျိုးအစားများ ဖြစ်ကြသည်။

ဇာတ်လမ်းဝတ္ထုတို့တွင် လှည့်ကွက်၊ ဖုံးကွက်၊ ဖော်ကွက်၊ အဖုံး အပိတ် စသော ပရိယာယ်များဖြင့် ဖွဲ့စည်းထားရာ ဆွဲငင်မှု အားကောင်း သည်။ ဇာတ်လမ်းဝတ္ထုမျိုးသည် အဆန်းတကြယ် စိတ်ကူးယဉ်သဘော ဆန်တတ်ပြီး တကယ့် လူ့ဘဝ သရုပ်ဖော်သဘောနှင့် ဝေးတတ်သည်။

ဇာတ်ကောင်ဝတ္ထုသည်ကား လူ့စရိုက်၊ လူ့သဘာဝ အဓိကထား၍ ဖော်ပြသဖြင့် လူ့သဘာဝ သရုပ်ဖော်ဘက် နီးစပ်သည်။

ဇာတ်ကောင်ဝတ္ထုသည် လူ့စရိုက်၊ လူ့သဘာဝကို သရုပ်ဖော် ရသဖြင့် လူ့ဘဝအကြောင်း သရုပ်မဖော်၍ မရတော့ပေ။ ဇာတ်လမ်းသည် ဇာတ်ကောင်တို့ လှုပ်ရှားသွားလာရာ ဖြစ်သဖြင့် ဇာတ်လမ်းသည်လည်း လူ့ဘဝတွင် ဖြစ်တတ်ပျက်တတ်သော သဘာဝအဖြစ်အပျက်နှင့် နီးစပ် လာရတော့သည်။

ဇာတ်လမ်းဝတ္ထု၊ ဇာတ်ကောင်ဝတ္ထုအပြင် နောက်ခံကား အသားပေး ဝတ္ထုလည်း ရှိသည်။ ယင်းဝတ္ထုမျိုးက ရှားပါးစာပေ ဖြစ် သည်။ နောက်ခံကား ဆိုသည်မှာ နေရာဒေသနှင့် အချိန်ကာလဟူ၍ အကြမ်းဖျဉ်း အဓိပ္ပာယ်ရသည်။ သမိုင်းခေတ် တစ်ခုသို့ ပေါ်လွင်ထင်ရှား အောင် သရုပ်ဖော်သော ခေတ်ကြေးမုံ (EPIC) သဘောပါသော ဝတ္ထုမျိုး ကို ဆိုလိုသည်။ ယင်းဝတ္ထုမျိုးသည် ဇာတ်ကောင်အားရော၊ ဇာတ်လမ်း အားပါ ကောင်းသော ဝတ္ထုမျိုး ဖြစ်သည်။

ယင်းသို့လျှင် ဇာတ်လမ်း အသားပေး ဝတ္ထု၊ ဇာတ်ကောင် အသားပေး ဝတ္ထု၊ နောက်ခံကား အသားပေး ဝတ္ထုဟူ၍ အကြမ်းဖျဉ်း အားဖြင့် ဝတ္ထု (၃) မျိုး ရှိသည်ကို တွေ့ရသည်။ 'အသားပေး' ဟူသော ဝိသေသစကားလုံး ထည့်ပေးရခြင်းမှာ ဝတ္ထုတွင် အထူးပြုထားခြင်းကို ဖော်ပြလိုသော စာပေဝေဖန်ရေး အမြင်ဖြင့် သုံးနှုန်းရခြင်း ဖြစ်သည်။ အမှန်အားဖြင့် ဝတ္ထုတိုင်း၊ အင်္ဂါရပ်သုံးရပ် ပါဝင်ရမည် ဖြစ်ပေသည်။

ဝတ္ထုဖွဲ့နွဲ့သောအခါ ယင်းဇာတ်လမ်း၊ ဇာတ်ကောင်၊ နောက်ခံ ကား (၃) ထောက်ကို အခြေခံကာ တည်ဆောက်ရသည်။ အတိုအရှည် ညီရသည်။ တစ်ချောင်းတို၊ တစ်ချောင်းရှည် တည်ဆောက်၍ မသင့်ပေ။ ညီညွတ်မှ ပုံပန်းလှပမည်။ ချောမောမည်။ ခိုင်ခံ့မည်။ ဝတ္ထုတစ်ပုဒ်ကို



ယင်းသို့ စာပေဝေဖန်ရေး အမြင်ဖြင့် ကြည့်ကြရသည်။ ဝတ္ထုတွင် ဇာတ် လမ်းက ရှေ့ဆောင်ရသလော။ ဇာတ်ကောင်က ရှေ့ဆောင်ရသလော ဟူသော ပြဿနာ ရှိသည်။ ယင်းပြဿနာ ဝတ္ထုရေးဆရာနှင့် ဆိုင်သော ပြဿနာ ဖြစ်သည်။ ဝတ္ထုရေးဆရာတို့ ဝတ္ထု အနုပညာဆိုင်ရာ ဆွေးနွေး ပွဲများတွင် ဆွေးနွေးတတ်ကြသည်။ ဝတ္ထုရေးဆရာတို့တွင် အယူအဆ အမျိုးမျိုး။ တချို့က ဇာတ်လမ်း၊ ဇာတ်ကွက်ကို အဓိကထားချပြီးမှ ဇာတ်လမ်းနှင့် ဝင်သော ဇာတ်ကောင်များကို ဖန်တီးရသည်ဟု ဆိုသည်။ တချို့က ဇာတ်ကောင်ကို အရင် အဓိကထား စိတ်ကူးပြီးမှ ဇာတ်ကောင် တို့ လှုပ်ရှားရန် ဇာတ်လမ်းကို ဖန်တီးရသည်ဟု ဆိုကြသည်။ တချို့က နောက်ခံကားနှင့် ဇာတ်ကောင်ကို အရင်ချပြီးမှ ဇာတ်လမ်းကို စိတ်ကူး သည်။ ဇာတ်လမ်းဆိုတာက လက်အောက်ခံပါဟု ဆိုကြသည်။

ဝတ္ထုဆိုသည်မှာ လူအကြောင်း၊ လူ့ဘဝအကြောင်း ရေးသား ဖွဲ့နွဲ့သော စာပေပုံသဏ္ဌာန် တစ်ရပ် ဖြစ်သည်။ လူသည် ဇာတ်ကောင် ဖြစ်သည်။ လူ့ဘဝ သို့မဟုတ် လူတို့၏ အဖြစ်အပျက်သည် ဇာတ်လမ်း ဖြစ်သည်။ နောက်ခံကား ဆိုသည်မှာ လူတို့နေထိုင်ရာ ဖြစ်ပျက်ရာ နေ ရာ ဒေသနှင့် အချိန်ကာလပင် ဖြစ်သည်။ လူ၊ လူ့ဘဝ၊ နေရာနှင့် နောက်ခံကာလတို့ကိုပင် ဝတ္ထုအနုပညာရပ်အရ ဇာတ်ကောင်၊ ဇာတ်လမ်း၊ နောက်ခံကားဟူ၍ ခွဲခြား သတ်မှတ်ထားခြင်း ဖြစ်သည်။

သဘာဝ သဘောနှင့် ကြည့်လျှင် လူဟူ၍ ဖြစ်ပေါ်ပြီးမှ လူ့ဘဝ ဟူ၍ ဖြစ်လာရခြင်း ဖြစ်သည်။ လူဖြစ်ပြီးမှ လူ့ဘဝဖြစ်လာရသလို ဇာတ်ကောင်လှုပ်မှ ဇာတ်လမ်းလည်း လှုပ်ရှားရမည်မှာ သဘာဝ ဖြစ်သည်။ သို့ဖြစ်ရာ ဇာတ်လမ်းသည် ဇာတ်ကောင်ပြုရာ အသုံးတော်ခံရသော အရာ ဖြစ်နေပေသည်။

[ရုပ်ရှင်၊ ဩဂုတ်၊ ၁၉၈၄]

❁

www.burmeseclassic.com

www.burmeseclassic.com

## ဖြူလွသော ဆင်စွယ်ရောင် ခလုတ်များကို ချစ်မိခြင်း

### (က)

တစ်နေ့ ကျွန်တော်၏ မိတ်ဆွေတစ်ယောက်က သူ့ကို စန္ဒရား သင်ပေးဖို့ ပြောသည်။ သူသည် ကျွန်တော်ထက် နည်းနည်းကြီးမည်။ ကိုအောင်ဆန်းနှင့် ကျောင်းနေဘက်၊ အိုးဝေမဂ္ဂဇင်း ကော်မတီအဖွဲ့ဝင်။ ဂျပန်ခေတ်မှစ၍ စန္ဒရားအကြောင်း ပြုစုပြီး သူနှင့် ပိုခင်သွားသည်။ ဗိုလ်စကြာအိမ်မှ ပြင်သစ်လုပ် ပလေရယ် စန္ဒရားကြီးကို အတူ တီးခဲ့ကြသည်။ သူက ငယ်ငယ်ကတည်းက အင်္ဂလိပ်သီချင်းကြီးများကို တီးလာသူ ဖြစ်သည်။ ဂီတသင်္ကေတဖြင့် စနစ်တကျ တီးသူ။ ကျွန်တော်ကလည်း အနောက်နိုင်ငံသီချင်းကြီး များကို ကြိုက်သူဖြစ်၍ သူနှင့် တွဲမိသွားသည်။ ကျွန်တော်တို့လို အင်္ဂလိပ် သီချင်းကြီး ကြိုက်သူတစ်ယောက် သခင်တင်မောင်။ စစ်ဖြစ်အံ့ဆဲဆဲနှစ်က တို့ဗမာအစည်းအရုံး ဉက္ကဋ္ဌ လုပ်ခဲ့သူ ပန်းတနော်မှ သခင်တင်မောင်။ ဒန့်မြစ်ပြာ Blue Danube သီချင်း တီးနိုင်းတတ်သည်။ အင်္ဂလိပ် သီချင်းကြီးများ ကောင်းကောင်းတီးတတ်သူက ကျွန်တော့်ကို ဘာကြောင့် စန္ဒရား သင်ခိုင်းရသလဲ။ သူက မြန်မာသီချင်း မတီးတတ်ပါ။ ငယ်စဉ်ကတည်းက အင်္ဂလိပ်သီချင်းများနှင့်သာ ရင်းနှီးကြီးပြင်းခဲ့သူ ဖြစ်သည်။ ကျွန်တော် စန္ဒရားဆရာ မဟုတ်ကြောင်း သူ မသိ။ ကျွန်တော် ပြော၍လည်း မယုံပါ။ ဂျပန်ခေတ်က သူ အတင်း သင်ခိုင်း၍ ပိုးဒယားဖိန်းချာကလေး သူ့ကို တက်ပေးဖူးပါသည်။ ကျွန်တော်အဖို့ တစ်ခါတီး တစ်မျိုးဖြစ်၍ သူ စိတ်ညစ်သွားပါသည်။ တစ်ပုဒ် နှစ်ပုဒ် တက်ပေးပြီး ဆက်မသင် ဖြစ်တော့။

www.burmeseclassic.com



(၁)

ကျွန်တော်သည် ၁၃-၁၄ နှစ်အရွယ်လောက်က စ၍ ဂီတ ပန်းချီ၊ ကဗျာ စသော အနုပညာများကို စိတ်ဝင်စားခဲ့သည်။ တစ်ပြိုင်တည်း အားလုံးကို စိတ်ဝင်စားသည်ဟု ထင်ပါသည်။ ဂီတနှင့် ကဗျာကိုကား ယနေ့တိုင် စွဲစွဲမြဲမြဲ ဖွံ့ဖွံ့လျက် ရှိသည်ကို တွေ့နေရသည်။ ပန်းချီကားကို အတော်ပြတ်နေပြီးမှ ၁၉၆၂ လောက်ကမှ ပြန်စမိခြင်း ဖြစ်သည်။

ဂီတ၊ ပန်းချီ၊ ကဗျာစသော အနုပညာများမှာ ဖန်တီး ဖွံ့ဖွံ့ပုံ သဘောတရား တူညီကြသည်ကို တွေ့ရသည်။ အထူးသဖြင့် ပန်းချီနှင့် ကဗျာမှာ အတော်တူသည်။ ပန်းချီကားရေးနေစဉ် ကားကို အဝေးမှကြည့်၊ အနီးမှကြည့်ကာ ပြင်စရာ၊ ဖြည့်စရာများကို ကိုးကားဖွံ့ဖွံ့ရသည်မှာ ကဗျာ စပ်ရသလိုပင်။ ဆီဆေးမှာ ထပ်၍ ပြင်၍ ရသောနည်း ဖြစ်ရာ စိတ်ကူးလိုင်း ထလာသလို လုပ်၍ ရသည်။ ကဗျာမှာလည်း စာလုံး စိတ်ကြိုက် မတွေ့လျှင် အသံ စိတ်ကြိုက် မတွေ့လျှင် ပြင်လိုက် ဖျက်လိုက်နှင့် စိတ်တိုင်းကျမှ အချောကူးသည်။ ပန်းချီရေးလျှင်လည်း ယင်းသဘောမျိုးပင်။ စိတ်ကြိုက်ပုံ မရမချင်း အရောင်စိတ်ကြိုက် မရမချင်း ဆေးတို့ရသည်။ စိတ်ကြိုက် လက်ရာရအောင် ဖွံ့ဖွံ့ရသည်မှာ ပျော်စရာ။

ဂီတက တစ်မျိုး၊ အနုပညာအခြေခံ သဘောတွင် ပန်းချီ၊ ကဗျာတို့နှင့် တူသော်လည်း ဖော်ပြပုံချင်း မတူ။ ဂီတက ပရိသတ်နှင့် တိုက်ရိုက် ထိတွေ့ရသည်။ ပရိသတ် ရှေ့မှောက်၌ ကပြရသည်။ ပန်းချီနှင့် ကဗျာကို မိမိအခန်းတွင်း၌ ဖွံ့ဖွံ့နေ၍ ရသော်လည်း ဂီတကား တစ်ကိုယ်တည်း လုပ်၍ မရ။ မိမိအခန်းထဲတွင် လေ့ကျင့်ပြီး ပရိသတ်နှင့် တွေ့ရသည်။ ပွဲမဝင်ခင် လေ့ကျင့်ထားရသည်။ ပွဲရောက်လျှင် ပရိသတ်နှင့် တွေ့ရတော့သည်။ ပန်းချီနှင့် ကဗျာတွင်ကား လေ့ကျင့်စရာ မလို။ ပရိသတ်နှင့် တွေ့စရာမလို။ စိတ်ကူးအား ခံစားမှုအား ရှိလျှင် ရှိသလောက် ဖွံ့ဖွံ့လျှင် ပြီးပြီ။

ကျွန်တော်၏ ပင်ကို သဘာဝက လူကြောက်သည်။ ပရိသတ် ကြောက်သည်။ တစ်ကိုယ်တည်း နေချင်သည်။ ဇာကတသမား ကျွန်တော်သည် ဂီတကို အနုပညာထဲတွင် အကြိုက်ဆုံး။ အခံစားချင်ဆုံး။ သို့သော် ဂီတသမား မဖြစ်ချင်။ ဂီတသမား မိတ်ဆွေနည်းသည်။ စင်မြင့်ပေါ်တက်ရ



မှာ ဝန်လေးသည်။ မလွှဲမရှောင်သာလွန်း၍သာ တက်မိခြင်း ဖြစ်သည်။ ကျောင်းသားဘဝက ဆရာကြီး ဦးဖေမောင်တင် တက္ကသိုလ်ကျောင်းအုပ်ကြီးဖြစ်၍ ကျောင်းသားများက ဂုဏ်ပြုသော ပဒေသာကပွဲတွင် ကျွန်တော်နေသော စစ်ကိုင်းကျောင်းဆောင်မှ တင်ဆက်သော အခန်းအတွက် တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမကြီး စင်မြင့်ပေါ်တွင် စန္ဒရား တီးပေးရဖူးသည်။ ရင်ခုန်လိုက်သည့် ဖြစ်ခြင်း။

တက္ကသိုလ် ဓမ္မာရုံအလှူငွေအတွက် ဂျူဘလီဟောတွင် ပဒေသာကပွဲ ကပြရာ အင်းလျားဆောင် ယိမ်းအတွက် စန္ဒရားတီးပေးရဖူးသည်။ ရှက်လိုက်သည့် ဖြစ်ခြင်း။ ထိုခေတ်က ကျောင်းတွင် စန္ဒရားတီးသူ နည်းလှသေးသည်။ လာခေါ်လျှင် ငြင်းရခက်သည်။ ကျွန်တော် ထိုနှစ်က တက္ကသိုလ် ဗုဒ္ဓဘာသာအသင်း အမှုဆောင်။ နောက်တော့ နည်းနည်းရဲသွားသည်။ တက္ကသိုလ်သမဂ္ဂ ဂီတညဉ့်ဦးယံပွဲတွင် တစ်ခါ တီးပေးရဖူးသည်။ ထိုညက (ဆရာ ဦးဘညွန့် သမိုင်းပါမောက္ခဟောင်း) မိုးဒေဝီ မလှရွှေတို့လည်း သီဆိုကြသည်။ စာရေးဆရာ ကိုသုခက ချစ်သမျှကို ပတ်ပျိုးကို ကျွန်တော့် စန္ဒရားဖြင့် သီဆိုပါသည်။ ကျွန်တော့်အဖို့တော့ ရင်တဖိုဖိုနှင့် ပြီးသွားရပါသည်။

ဓာတ်ခုံပေါ် တက်လိုက်ကတည်းက ရင်က ဖိုလာသည်။ စန္ဒရားခလုတ်ကို တို့ရသည်မှာ မထိတထိ။ မိမိအခန်းထဲ တီးရသလို မဟုတ်။ သီချင်း ၂ ပိုဒ် ၃ ပိုဒ် တီးလိုက်ရမှ စိတ်ပါလာတတ်ပြီး ဆုံးခါနီးလေ တီး၍ ကောင်းလေ။ တီးကောင်းစဉ် ဆုံးသွားတော့သည်။ တစ်ယောက်တည်း ကိုယ့်အခန်းထဲ တီးရတာလောက် အရသာမတွေ့။

တစ်ခါက လက်တွေ့ဖူးသည်။ ဓာတ်ခုံပေါ်တွင် ဖြစ်သည်။ ၁၉၅၂ အာရှနှင့် ပစိဖိတ်ဒေသ ငြိမ်းချမ်းရေးညီလာခံ ပီကင်းတွင် ကျင်းပရာ ညီလာခံအပြီး နိုင်ငံတကာ ပဒေသာကပွဲ ကျင်းပသည်။ အခြားနိုင်ငံများနှင့် အတူ မြန်မာနိုင်ငံကလည်း အစီအစဉ် တစ်ခု ယူရသည်။ ကျွန်တော်က စန္ဒရားတစ်လက်တည်းတီးသော အစီအစဉ်။ ကျွန်တော်တို့ အစီအစဉ် အရင်က အစီအစဉ်များမှာ လက်တင် အမေရိကန်နိုင်ငံများမှ ဂီတာနှင့် အဆိုအတီးများ ဖြစ်သည်။

ကျွန်တော့်အလှည့် ရောက်သောအခါ ကျွန်တော်သည် စန္ဒရားခုံတွင် ထိုင်ကာ အစမ်းတီးလုံးလေး စမ်းလိုက်သည်။ ညာမှဘယ်၊ ဘယ်သံ

www.burmeseclassic.com

www.burmeseclassic.com



မှ ညာဖျားသို့ ကူးလိုက်သောအခါ ပရိသတ်မှာ ငြိမ်သွားသည်ကို ခံစား သိရှိလိုက်ရသည်။ စန္ဒရားမှာလည်း အသံကောင်း၊ ခလုတ်များကလည်း လက်ဆကောင်း။ ကျွန်တော် စိတ်ပါလာသည်။ ဖိန်းချားကလေး ၂ ပိုဒ် လောက်သာ တီးရာ၊ ပန်းဟောဝန်ထဲ ရောက်သွားသလို ထင်ရသည်။ နောက် တေးထပ် ၂ ပိုဒ်တွင်ကား မိမိလိုချင်သော အလုံးများ ရ၍ လက်များ သွက်လာသလို ခံစားရသည်။ ကျွန်တော် သည်တစ်ခါပဲ ဇာတ်ခုံပေါ်တွင် စိတ်ပါဖူးသည်။ ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့တွင် ဆရာကြီး ရွှေဥဒေါင်းလည်း ပါရာ ကျွန်တော်၏ စန္ဒရား လက်သံကို ကြားရပြီး ကျွန်တော့်ကို နားလည်လာကြောင်း သူ၏ 'တစ်သက်တာ မှတ်တမ်း' စာအုပ်တွင် ဖော်ပြထားသည်။ ဆရာကြီး ရွှေဥဒေါင်း၏ စာကို ကျွန်တော်က 'မောင်သစ္စာ' ကလောင်အမည်ဖြင့် ရောင်ခြည်သစ် ဂျာနယ်တွင် ဝေဖန်ဖူးရာ ဆရာကြီးက ကျွန်တော့်ကို သိပ်သဘောမတွေ့။ ယခုစန္ဒရားလက်သံကို ကြားရမှ စိတ်ပြေသွားကြောင်း ဖော်ပြထားသည်ကို ဖတ်ရသည်။

ဆရာကြီးက အတီးအမှုတ်အကြောင်းပြောကြားရာတွင် 'ကျွန်တော် စန္ဒရားတီးလျှင် တော်ရုံတန်ရုံ အဆိုတော်မျိုးနှင့် မဖြစ်ဘူး။ ဒေါ်စော မြအေးကြည်တို့လို အဆိုတော်ကြီးမျိုးမှ တီးချင်တယ်' ဟု ဒဂုန်တာရာက ပြောလိုက်သဖြင့် ကျွန်ုပ်အတော် မျက်လုံး ပြူးသွားသည်။ ဟုတ်လောက် သည် ထင်ခြင်းကား တစ်ဝက် (မူလ အာဃာတကြောင့်) ကြွားသည်ထင် ခြင်းကား တစ်ဝက် ဖြစ်နေ၏။

'သို့ရာတွင် ပီကင်း၌ပင် သူ၏ လက်သံကို ကျွန်ုပ် နားထောင်ခွင့် ရသောအခါ 'အာဂလူငယ် တစ်ယောက်ပေတကား' ဟု ကျွန်ုပ် ဆုံးဖြတ် ခဲ့ပါသည်'ဟု သူ၏ 'တစ်သက်တာ မှတ်တမ်း (၁၉၆၁) တွင် ဖော်ပြထား သည်။

ကျွန်တော့်အဖို့ စိတ်ခံစားမှုရှိလျှင် တီးကောင်းသည်။ အလုံး လေးများ ဘယ်ကမှန်း မသိ ပေါ်လာကြသည်။ စန္ဒရား ခလုတ်မကောင်း လျှင်၊ လက်ဆမကောင်းလျှင်လည်း စိတ်မပါ။

တစ်ခါတစ်ရံ ကျွန်တော်သည် ၂-၃ လ မတီးဖြစ်။ ကျွန်တော့် အိပ်ခန်းတွင်ထားသော Moutrie အမည်ရှိ စန္ဒရားမှာ အသံကောင်းသည်။ သို့သော် ခလုတ်များက သိပ်မကောင်း။ ကျွန်တော့်လက်ထဲတွင်ပင် အနှစ်



(၄၀) ကျော်ပြီ။ ဧည့်ခန်းတွင်ရှိသော YAMAHA စန္ဒရားမှာ အသံ သိပ်မကောင်းသော်လည်း ခလုတ်ယန္တရား ဖွဲ့စည်းတည်ဆောက်ပုံ ခေတ် မီ သစ်လွင်သည်။ သို့သော် သူက မိုးတွင်းဆို တီးမရ။ ခလုတ်များ ကပ်နေတတ်သည်။ မီးပေးမှ တီးရတတ်သည်။ စန္ဒရားရွေးနေ၊ ခံစားမှု ရွေးနေသည်နှင့် နေ့တိုင်း တီးဖြစ်သည် မဟုတ်။ သည်လူမျိုး စန္ဒရား ဆရာ ဘယ်မှာ ဖြစ်နိုင်မည်လဲ။

စန္ဒရားဆရာ ဆိုသည်မှာ နေ့တိုင်း တီးနေရမည်။ ဘယ်အခါ ထတီးတီး လက်ကျမှန်နေရမည်။ ခံစားမှု ရွေးနေ၍ မဖြစ်။ ပိုလန်စန္ဒရား ဆရာကြီး ပက်ဒရူးစကီး (သူသည် ဝန်ကြီးချုပ်လည်း လုပ်ဖူးသည်။) မှာ တစ်နေ့ (၄) နာရီ လေ့ကျင့်တီးသည်ဟု ဖတ်ရဖူးသည်။ သူသည် နိုင်ငံတော် ကိစ္စဖြင့် အမေရိကန် ရောက်စဉ် အိမ်ဖြူတော်တွင် အချိန်ရ သလောက် အတီးကျင့်သည်။ အထူးသဖြင့် စန္ဒရားမှာ အမြဲတမ်းလိုလို အတီးကျင့်ရသည့် တူရိယာမျိုး။

(၈)

ဂီတကို စတင်သင်ကာစက စန္ဒရားမဟုတ်။ ဘာဂျာ။ ဘာဂျာမှာ အလွယ်တကူဝယ်၍ရသော တူရိယာပစ္စည်း ဖြစ်သည်။ နည်းနည်း လေ့ကျင့်ရုံနှင့် သီချင်းမှတ်နိုင်သွားသည်။ ဘာဂျာမှာ သီချင်း အသွား လိုက်နိုင်ရုံ၊ အသံသဘောပေါက်ရုံမျှသာ ဖြစ်၍ အားမရ။ မယ်ဒလင် တီးချင်စိတ် ပေါ်လာသည်။ ကျွန်တော်တို့ ကျောင်းမှ အတန်းကြီးသမား ကျောင်းသားကြီး တစ်ယောက်မှာ မယ်ဒလင် အတီးကောင်း။ သူ တီး သည်ကို နားထောင်ရသည်။ ထိုအခါ ကျွန်တော်တို့ အိမ်တွင် ဓာတ်စက်ပင် မရှိ။

မယ်ဒလင် တီးချင်စိတ် ပြင်းပြလာသည်။ ကျွန်တော်၏ ဦး လေးတော်သူ တစ်ယောက် ရန်ကုန်သွားရာ မယ်ဒလင်တစ်လုံး မှာလိုက် သည်။ ချက်ကိုစလိုဗက်ကီးယားလုပ် နီညိုရင့်ရောင် မယ်ဒလင် တစ်လုံးပါ လာသည်။ ရှစ်ကြိုးတပ်ရသည်။ လေးကြိုးတွဲညှိရသည်။ အသံ အင်မတန် သာ၍ အဝေးမှဆိုလျှင် စန္ဒရားသံနှင့် ခပ်ဆင်ဆင်။ မယ်ဒလင်အသံမှာ လရောင်နှင့် အင်မတန်လိုက်သည်။ ထိုအခါက ဆယ်တန်းမရောက်သေး။ ၈-၉ တန်း ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



မယ်ဒလင်မှာ အခက်အခဲ မရှိလှဘဲ သီချင်း တီးတတ်သွားပါသည်။ သီချင်း ဖြစ်ရုံမှာ သိပ်မကြာပါ။ အတွဲအဖက်များကို နားဖြင့်မှတ်သားပြီး တီးရသည်။ လက်ကျ လက်န ကောင်းဖို့၊ ဆန်းသစ် တီထွင်ဖို့သာ လေ့ကျင့်ရပါသည်။ လက်ကျကောင်းရန် လက်မနှင့် လက်ညှိုး အသွားအပြန် အခတ်ကျင့်စဉ်က လက်ညှိုးသွေးထွက်လာမှ နားလိုက်သည်။ ဂီတမှာ ခွဲလိုသည်။ အနုပညာရပ်များထဲတွင် ဂီတသည် စိုက်လိုက်မတ်တတ်လုပ်ရန်လိုသော ပညာဖြစ်သည်ကို တွေ့ရသည်။ တူရိယာကို ကျွမ်းကျင်အောင် ခွဲနှင့် မအိပ်မနေ လေ့ကျင့်ရသည်။ တူရိယာနိုင်မှ အသံ နားလည်မည်။ အသံနိုင်မှ ဆန်းသစ် တီထွင်နိုင်မည် ဖြစ်သည်။

ကျွန်တော်က သီချင်းဖြစ်ရုံနှင့် မပြီး၊ လက်ကျကောင်းမှ ကျေနပ်သည်။ လက်အဆ၊ အဖိအဖော့ ကောင်းအောင် လေ့ကျင့်သည်။ လေ့ကျင့်နိုင်မှ ခံစားမှုလည်းပါ လက်ကလည်း ကောင်းလာသည်ကို တွေ့ရသည်။ မယ်ဒလင် တီးရင်း သဘောပေါက်လာခြင်း ဖြစ်သည်။

စန္ဒရားသံကိုကား ဓာတ်ပြားမှသာ ကြားဖူးသည်။ စန္ဒရားကို မမြင်ဘူး။ တူရိယာထဲတွင် စန္ဒရားကို အကြိုက်ဆုံး။ ယနေ့တိုင် စန္ဒရားသံကြားလျှင် မနေနိုင်။ ရပ်နားထောင်မိသည်သာ။ စန္ဒရားသိပ်တီးတတ်ချင်နေသည်။

တစ်နေ့ ကျွန်တော်တို့ ကျောင်းတွင် အလှူလုပ်သည်။ စန္ဒရားဝိုင်းပါသည်။ စန္ဒရားဆရာမှာ မအူပင်က ဦးဘသင်။ သူစန္ဒရားတီးသည်ကို ခပ်လှမ်းလှမ်းမှ ငေးကြည့်နေမိသည်။ စန္ဒရားခလုတ် အဖြူများပေါ်တွင် စန္ဒရားဆရာ၏ လက်ချောင်းများ လှုပ်ရှားနေသည်ကို ကြည့်ကာ ကျွန်တော့် ရင်မှာလည်း လှုပ်ရှားနေသည်။ ဘယ်သူမှ သိကြမည် မဟုတ်။

ကံကောင်းချင်တော့ ညနေဘက်တွင် ပရိသတ် စဲသွားသည်။ စန္ဒရားနားတွင် ဘယ်သူမှ မရှိ။ အခွင့်ကောင်း စောင့်နေသော ကျွန်တော်သည် လှစ်ခနဲ စန္ဒရားအပေါ်သို့ ရောက်သွားသည်။ ဆရာကြီးများ မြင်မလားဟု ရင်တထိတ်ထိတ်။ ဆရာကြီးကို ကျွန်တော်တို့ အင်မတန်ကြောက်ရသည်။

ကျွန်တော်သည် စန္ဒရားခုံတွင် ထိုင်လိုက်ကာ ရင်ခုန်စွာဖြင့် ဖြူလွှညက်ညောသော ဆင်စွယ်ရောင် ခလုတ်များကို တို့ကြည့်။ ဘယ်ညာသို့အဝင် လိုက်နှိပ်ကြည့်သည်။ အသံစဉ်များ ထွက်လာတော့ ရင်ခုန်သွား



သည်။ ကျွန်တော် သိပြီးသား အသံများပါတကား။ အသံနှင့် ခလုတ်ကို မှတ်မိသွားသည်။

ကျွန်တော်သည် ရွှေနှင်းဆီ သီချင်းကို စမ်းတီးကြည့်သည်။ ရသွားသည်။ ကျွန်တော် ပျော်သွားသည်။ ထိုညတွင် စန္ဒရားဝယ်ရန် ဆုံးဖြတ်လိုက်သည်။ နောက်တစ်နေ့ အမေ့ကို စန္ဒရား ဝယ်ပေးရန် ပူဆာရသည်။ နောက်တစ်ပတ်တွင် ဆွေမျိုးတစ်ယောက်နှင့် ရန်ကုန်လိုက်သွားပြီး ပန်းဆိုးတန်းရှိ ဆိုင်တစ်ဆိုင်မှ ဟော့ကင်ဆန် Hopkinson အမည်ရှိ တစ်ပတ်ရစ် စန္ဒရားတစ်လုံး ဝယ်လိုက်သည်။

ဆယ်တန်းရောက်သည့်နှစ် ၁၉၃၅ လောက်က ဖြစ်မည်။ သဘောဆိပ်မှ သယ်လာသော စန္ဒရားကြီး အိမ်ပေါ်ရောက်ရောက်ချင်း ခလုတ်များကို တို့ကာ စမ်းတီးမိပေသည်။

ခလုတ်အဖြူများပေါ်တွင် အသံများကို တွေ့ရတော့သည်။

[ပန်ရပ်စုံမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၈၄]

❁

www.burmeseclassic.com

# ထံတျာတောရှင် မတီးတတ်သူ

## (က)

ကျွန်တော်သည် ဆင်စွယ်ရောင် စန္ဒရားခလုတ်နှင့် စတင် ထိတွေ့ရလေပြီ။

သဘောကျသွားသည်။ ပျော်သွားသည်။ မယ်ဒလင်နှင့် မတူ။ စန္ဒရားခလုတ်များမှာ အသံစဉ်အတိုင်း စီထားသဖြင့် အသံရှာရန် အခက်အခဲ မရှိ။ အသံ အကြီးအသေး အသံစုံ ရသစုံပါသဖြင့် ကျယ်ဝန်းလှသည်။ အဖြူခလုတ် ၅၂ ခု၊ ခလုတ်အနက် ၃၆ ခု ပါဝင်သည်။ လက်နှစ်ဘက် ဆန့်လိုက်ရုံနှင့် ခလုတ်အားလုံးကို လက်လှမ်းမီသည်။

မယ်ဒလင်ကဲ့သို့ အသံ မကြာခဏ ညှိစရာ မလို။ မယ်ဒလင်တွင် တီးခဲ့သော အသံ အတွဲအဖက်များကို စန္ဒရားတွင် ရှာကြည့်ရာ အခက်အခဲ မရှိဘဲ တွေ့ရသည်။ မယ်ဒလင် တီးရာတွင် ကြိုးများကို ဖိရသဖြင့် ဘယ်လက်ချောင်းကလေးများ အသားမာ ဖြစ်နေခဲ့သည်။ ညာဘက်လက်မနှင့် လက်ညှိုးမှာလည်း ခတ်ရသဖြင့် အသားမာ ဖြစ်နေခဲ့သည်။

စန္ဒရားကတော့ လက်ချောင်းကလေး တို့ရုံနှင့် အသံထွက်သည်။ အတီးရ သက်သာသည်။ ကျွန်တော့်ဘာသာပင် အသံရှာကာ တီးသည်။ လိုချင်သော အသံများ၊ တီးကွက်များသည် စန္ဒရား ခလုတ်များထဲမှ ဘယ်ကိုမှ ထွက်ပြေးမည် မဟုတ်ဟု သဘောထားသည်။ မရမခြင်း ရှာရသည်။ ရလျှင် အသံမှန်အောင် လေ့ကျင့်သည်။

ပထမတော့ စနစ်မကျ။ လက်ချောင်းများ အနေအထားကို

www.burmeseclassic.com

www.burmeseclassic.com



မသိ။ ကျွန်တော် အသံစမ်းကာ လေ့ကျင့်နေသည်ကို အမေက ရပ်ကာ ကြည့်နေသည်။

အမေက 'နင် ဆရာနှင့် ခေါ်မသင်ဘူးလား' ဟု ပြောသည်။

'စန္ဒရားဆရာမှ မရှိဘဲ။ ကျွန်တော့်ဘာသာ ကျွန်တော် တီးလို့ ရနေတာပဲ'

အမေက ကျွန်တော် အတီးကျင့်နေသည်ကို ငေးကြည့်နေသည်။ တစ်ညနေ ကျွန်တော် ကျောင်းက ပြန်ရောက်သောအခါ ကျောင်းလွယ်အိတ်ကို ချပြီး စန္ဒရားခုံတွင် တန်းထိုင်ကာ တီးလိုက်သည်။ ရှာထားသော တီးကွက်များကို မှတ်မိအောင် ထပ်ကာ ထပ်ကာ လေ့ကျင့်တတ်သည်။ မနက်က ရှာဖွေ တွေ့ရှိထားသော တီးကွက်ကို ပြန်လေ့ကျင့်ခြင်း ဖြစ်သည်။

ကျွန်တော် ထိတ်လန့်သွားသည်။ ခေါင်းနပန်းကြီးသွားသည်။ ဘာသံတွေ ထွက်လာမှန်း မသိ။ အသံတွေ တီးကွက်တွေက မှားနေသည်။ စန္ဒရား ခလုတ်တွေ ဘာဖြစ်သွားပါလိမ့်။ ကျွန်တော် နားမလည်အောင် ဖြစ်ရသည်။ ရင်ထဲက ခုန်လာသည်။

'စန္ဒရားကို ဘာလုပ်လိုက်တာလဲ'

ကျွန်တော့်အသံ ကျယ်သွားသည်။ အမေက နောက်မှာ ရပ်လျက်။

'ဟဲ့ ဘာဖြစ်လို့လဲ'

'စန္ဒရားကို ဘယ်သူ ဘာသွားလုပ်ကြသလဲ'

ကျွန်တော် တုန်လှုပ်ချောက်ချားနေသည်ကို အမေက ရိပ်မိသွားသည်။

အမေက 'စန္ဒရား ဆရာတစ်ယောက် လာပြီး ပြင်ပေးသွားတာ'

'ဘယ်က စန္ဒရားဆရာလဲ၊ ဒီမှာ ဘယ်က စန္ဒရားဆရာ ရှိလို့လဲ'

ကျွန်တော့်အသံမှာ အလိုလို မာသွားသည်။

'ဟိုဘက်ပိုင်းက ပတ္တလား တီးနေတဲ့သူလေ၊ သူက နင့်ကို စန္ဒရားသင်ပေးမယ်ဆိုလို့ ငါက သူ့ကို လက်ခံလိုက်တယ်။ အဲဒါ ပြင်ပေးမယ်ဆိုပြီး စန္ဒရားကို ဖွင့်ပြီး လုပ်နေတာပဲ၊ တဒေါင်ဒေါင်နှင့်'

သည်တော့မှ စန္ဒရားအဖုံးတွင် တင်ထားသော ဂေါက်တံကို



သွားတွေ့သည်။

'အဲဒါ စန္ဒရား ဆရာမှ မဟုတ်ဘဲ။ ပတ္တလား တီးတဲ့လူ၊ ခက်တာပဲ၊ အမေတို့ ကျွန်တော့်လည်း မမေးဘူး။ အခု စန္ဒရား အသံတွေ ဘာဖြစ်ကုန်လဲ မသိဘူး'

အမေကတော့ နားမလည်နိုင်သော အကြည့်ဖြင့် ကျွန်တော့်ကို ငေးစိုက်ကြည့်နေသည်။ သူ့စေတနာကို ကျွန်တော်က နားမလည်သဖြင့် စိတ်ပျက်နေသည့်ပုံ။

ကျွန်တော့်အဖို့ကား စန္ဒရားတီး၍ မရသဖြင့် စိတ်အပျက်ကြီး ပျက်နေသည်။ စန္ဒရားကို နောက်ထပ်တစ်ခါ စမ်းတီးပြန်သည်။ ကျွန်တော် ရထားသော တီးကွက်များ ဖြစ်မလာ။ ကျွန်တော်က ဘာဖြစ်နေသည်ကို သိချင်၍ ဆက်တီးကြည့်မိသည်။

တွေ့ပြီ။

ပတ္တလားဆရာက ညာဘက်သို့ အသံစုံများ ရွှေ့ကာ ပြင်ညှိထားခြင်း ဖြစ်သည်။ မူလက မြန်မာဂီတအခေါ် သံမှန်မှာ အနောက်နိုင်ငံ (C) စီသံ ခလုတ်တွင် ထားရှိခြင်း ဖြစ်သည်။ ယခု သံမှန်ကို ဒီ (D) သံသို့ ရွှေ့ထားလိုက်ခြင်းပါကလား။

သူက စန္ဒရား ခလုတ်များကို ပတ္တလား အသံရွက်များအဖြစ်သို့ ပြောင်းလဲခြင်း ဖြစ်သည်။ ကျွန်တော် လက်မခံနိုင်။

ကျွန်တော့် ရင်ခုန်သံ မှန်လာသည်။ ဒေါသ ပြေစ ပြုလာသည်။ သို့သော် လုံးဝတော့ မပျောက်သေး။

'အမေ့လူက ဘယ်တော့လာမှာလဲ'

'ဘာပြုလို့လဲ'

'ကျွန်တော်က ဒီလူနှင့် မသင်ဘူး'

'နင် ဆရာ မသင်ဘဲနှင့် တီးတတ်မလား။ အမေက အကောင်း ခေါ်ထားရတာ၊ တောင်းတောင်းပန်ပန်နှင့်'

'ဟင့်အင်း ကျွန်တော် အဲဒီလူနှင့် မသင်ဘူး၊ ဆရာ မလိုဘူး'

အမေသည် ဘာမှ ပြန်မပြောတော့ဘဲ ကျွန်တော့်အနားမှ ထွက်သွားသည်။ အမေသည် ကျွန်တော့် ခံစားမှုကို နားလည်သည် မထင်။ ကျွန်တော်ကလည်း အမေ နားလည်အောင် မပြောတတ်။

ကျွန်တော်သည် စန္ဒရားအဖုံးကို ပိတ်ကာ အတော်ကြာ ငိုင်နေ

www.burmeseclassic.com



မိသည်။

ဘာလုပ်ရမည်လဲ။ နဂိုအသံ ပြန်ရအောင် ဘယ်လိုလုပ်ရမည်လဲ။ ကျွန်တော် အကြံအိုက်နေသည်။ ဒုက္ခတော့ ဖြစ်ပြီ။

ကျွန်တော်သည် အဖုံးကို ပြန်ဖွင့်ကာ အသံစမ်းတီးသည်။ တီးပြီး တစ်ခါ အဖုံးကို ပြန်ပိတ်သည်။ ကျွန်တော့် လက်သန်းသည် စန္ဒရား ကြိုးညှိသော ဂေါက်တံကို သွားတိုက်မိသည်။ ခေါင်းထဲ၌ လက်ခနဲ ဝင်းပသွားသည်။

စန္ဒရား နဂိုသံရအောင် စန္ဒရားကို ကြိုးပြင်ညှိမှ ဖြစ်မည်။ သည်တစ်လမ်းတည်း ရှိသည်။ ကျွန်တော်သည် ဂေါက်တံကို လက်နှင့် ဆကြည့်မိသည်။ မညှိလျှင် မဖြစ်တော့။

မယ်ဒလင်ကြိုး ညှိရသည်မှာ အလွယ်ကလေး။ နှစ်သံပဲ ညှိရသည်။ စန္ဒရားခလုတ်ပေါင်း ၈၀ ကျော် ၉၀ နီးပါး ခလုတ်တစ်ခုချင်း ညှိရမည်။ ဖြစ်ပါမလား။

ကျွန်တော် ဆုံးဖြတ်လိုက်သည်။ ကျွန်တော့်ဘာသာ ကျွန်တော် ညှိမည်။ ရန်ကုန်တွင် စန္ဒရားကြိုးညှိသူများ ရှိမည်။ ကျွန်တော်တို့ တောမြို့လေးတွင်တော့ ညှိတတ်မည့်သူ ရှိမည် မထင်။

ကျွန်တော်သည် စန္ဒရားကို ဖွင့်ကာ စတင် ကြိုးညှိရတော့သည်။ ကျောင်းပိတ်ရက် တစ်ရက်လုံး အချိန်ကုန်သွားတော့သည်။

အမှန်က ရယ်စရာ။ စန္ဒရားက မတီးတတ်သေး၊ ကြိုးက အလျှင်စညှိနေရသည်။ တီးနိုင်သော နဂိုအသံမှန် ပြန်ရသွားသည်။ ပတ္တလား ဆရာလည်း မလာတော့။ တစ်ခါလာစဉ်က ကျွန်တော်အိမ်ပေါ် တက်ပုန်းနေခဲ့သည်။ ကျွန်တော် ကြိုးညှိသည် ဆိုသည်မှာ နားဖြင့် ညှိခြင်းဖြစ်သည်။ မယ်ဒလင် တီးသည့်အတွက် အသံများ မှတ်မိနေခြင်း ဖြစ်သည်။

စန္ဒရား ရောက်လာသောအခါလည်း မနားမနေ လေ့ကျင့်စမ်းတီးနေသဖြင့် အသံ မှတ်မိနေသည်။

မယ်ဒလင်နှင့် စန္ဒရားမှာ အသံပုံစံချင်း တူသည်။ အသံစဉ် ခုနစ်သံ အသံဝက် ၅ သံ။ (ခလုတ်နက်တပ်) ပေါင်းစပ်ထားသော ပုံစံဖြစ်သည်။ အနောက်နိုင်ငံ သံစဉ်စနစ် (Chromatic-Scale)ဖြစ်သည်။ ယင်း အသံဖွဲ့စည်းပုံ စနစ်သာ ကျွန်တော့်နားထဲတွင် စွဲနေခဲ့သည်။ ပတ္တလားသံ အသံစနစ် မဟုတ်။ ပတ္တလားသံကို ကျွန်တော် နားမယဉ်။



ကျွန်တော့်ကို ကျွန်တော်အံ့ဩနေမိသည်။ ကျွန်တော်သည် ပင်ပန်းကြီးစွာဖြင့် စန္ဒရားအသံ ညှိသော လုပ်ငန်း ပြီးသွားခဲ့ပေသည်။ ဆက်လက်၍ လေ့ကျင့်သည်။

(ခ)

အမှန်အားဖြင့် ကျွန်တော် စန္ဒရားအသံ ညှိခြင်းမှာ ရူပဗေဒနည်းအားဖြင့် စနစ်မကျပေ။ စီ (C)သံမှာ ကြိမ်နှုန်း (261.6)ရှိရမည်။ ကျွန်တော်က ကျွန်တော့်အကြိုက်ဖြင့် Cသံကို မြှင့်၍ စံထားကာ ညှိလိုက်မိခြင်း ဖြစ်သည်။ ကျွန်တော် မယ်ဒလင် တီးလျှင် ကြိုးကို တင်းအောင် ညှိပြီးမှ တီးတတ်သည်။ ကြိုးတင်းမှ အသံသာသည်။ ၁၉၃၈ ကျွန်တော် ရန်ကုန်တက္ကသိုလ် ရောက်သောအခါ ကျွန်တော်နေထိုင်ရာ စစ်ကိုင်းကျောင်းဆောင် အခန်းထဲသို့ ရွှေ့ခဲ့သည်။ အသံညှိသော ဆိုင်းမွန်အမည်ရှိသူ အိန္ဒိယသားကို ခေါ်၍ စန္ဒရားလည်းပြင်ရင်း အသံညှိခိုင်းတော့မှ (C) သံကို ကြိမ်နှုန်းဖြင့် စံထားကာ ညှိကြောင်း သိရတော့သည်။ မစ္စတာဆိုင်မွန်က (Tuning Fork)စံတိုင်းသည့် ကိရိယာဖြင့် အသံ ညှိသည်ကို ပထမဦးဆုံး တွေ့ဖူးခြင်း ဖြစ်သည်။

ဆိုင်မွန်က ‘ခင်ဗျား ညှိထားတဲ့ ကြိုးတွေက သိပ်တင်းလွန်းနေတယ်။ ဒီအတိုင်း ကြာကြာထားလျှင် စန္ဒရား နောက်ခံသံပြား ခုံးသွားနိုင်တယ်’ ဟု ရယ်မောကာ ပြောသည်။

‘ကျွန်တော် ညှိထားတာ မှားနေလို့လား’

‘မမှားပါဘူး၊ နည်းနည်းပါးပါးပဲ ကြိုးတင်းနေတာ၊ စီသံက မမှန်တာ (စံနှင့် မကိုက်တာကို) ပြောတာပါ’

ပတ္တလားသံနှင့် တူအောင် ဒီသံ (D)ဘက်သို့ ရွှေ့ညှိထားသော စန္ဒရားစနစ်ကို ၁၉၃၉ က မန္တလေးတွင် တွေ့ရသည်။ ကိုဘဟိန်းနှင့် ကျွန်တော် ရှမ်းပြည်နယ်အသွား မန္တလေးတွင် ၁၀ ရက်ခန့် နေသည်။ ကိုဘဟိန်းက တစ်နေ့တွင် စန္ဒရားရှိသော သူ့မိတ်ဆွေအိမ်သို့ ကျွန်တော့်ကို ခေါ်သွားသည်။ စန္ဒရားတီးသူ အိမ်ရှင်က အမျိုးသမီး။

ကိုဘဟိန်းက ကျွန်တော် စန္ဒရား အတီးတော်ကြောင်း ကြွားထားဟန် တူသည်။ ထိုအိမ်တွင် ကျွန်တော် လှလှကြီး အရှက်ကွဲခဲ့ရသည်။ ကျွန်တော် စန္ဒရားတီး၍ မရတော့။

www.burmeseclassic.com



ကိုဘဟိန်းက ကျွန်တော့်ကို ဇမ္ဗူကျွန်းလုံး သီချင်းခန့်ကြီး တီးခိုင်းသည်။ ကျွန်တော်လည်း တီးကွက်မေ့သလိုလို ဘာလိုလိုလုပ်ကာ ပြန်ခဲ့ရတော့သည်။ သည်တော့မှ D သံသို့ ပြောင်းညှိထားသော စနစ် ရှိကြောင်း သိခဲ့ရသည်။

ယင်းသို့ စန္ဒရားကို မြန်မာ့အသံ (ဝါ) ပတ္တလားသံနှင့် ကပ်၍ (ဒီ) D သံဘက် ရွှေ့ညှိထားသည့် အသံစနစ်အကြောင်း လူထု ဒေါ်အမာ ရေးဖူးပါသည်။

စစ်ကိုင်းကျောင်းဆောင်တွင် စန္ဒရားထားစဉ် စောင်း ဦးဘသန်းထံမှ ထူးမခြားနား သီချင်းခန့်ကြီး တစ်ဝက်တက်ဖူးပါသည်။ လက်အနေအထားမှစ၍ စန္ဒရား သဘောကို ပထမဦးဆုံး သိရခြင်း ဖြစ်သည်။ သည်အလျင်က ကျွန်တော်သည် နားအကြားဖြင့်သာ စန္ဒရား တီးကွက်များကို မှတ်သား တီးခဲ့ရသည်။

(အစက ကျွန်တော်၏ တီးကွက်များမှာ ရောပြွမ်းနေခဲ့သည်။ ကျွန်တော့်နားနှင့် မှတ်သားထားသည့်အတိုင်း ဟိုတီးကွက်၊ သည်တီးကွက်များကို စုပေါင်းကာ ထားခြင်း ဖြစ်သည်။ မသန့်။ စောင်း ဦးဘသန်းနှင့် တွေ့မှ စောင်းတီးကွက် သဘောတရားကို သိရှိသွားသည်။)

စစ်ကိုင်းကျောင်းဆောင်တွင် ဂီတကလပ်ဖွင့်ကာ စောင်းဦးဘသန်းထံမှ ကျောင်းသားအချို့ စောင်း၊ မယ်ဒလင် စသော ဂီတပညာရပ်များ သင်ကြားခဲ့သည်။ စောင်းဦးဘသန်းထံမှ မြန်မာဂီတ သံစဉ်အကြောင်း သိရသည်။ ဤကစ၍ ကျွန်တော် စောင်း ဦးဘသန်းနှင့် စတင် ခင်မင်ရင်းနှီးခဲ့သည်။

စန္ဒရား မယ်ဒလင်စသော အနောက်နိုင်ငံ တူရိယာ ပစ္စည်းများဖြင့် မြန်မာသီချင်းကြီးများ တီးကြရာတွင် မြန်မာအမျိုးသား ဂီတသံစဉ် မဟုတ်သဖြင့် အနည်းနှင့်အများ မြန်မာဟန် ပျက်ယွင်းရသည်ဟု စောင်းဦးဘသန်းနှင့် ဆွေးနွေးရာမှ နားလည်သွားမိသည်။ သီချင်းခန့်ကြီး၊ ကြိုးစသော သံရိုးပိုင်း သီချင်းများကို တီးလျှင်ကား အနောက်နိုင်ငံ သံစဉ်စနစ် (ခလုတ်အနက် တစ်ဝက်သံ ၅ ခုနှင့် ခလုတ်အဖြူ ၇ သံ) ဖြင့် တီးလျှင် ပီပီသသ တီး၍ ရသည်။

စန္ဒရား၊ မယ်ဒလင်စသော အနောက်နိုင်ငံ တူရိယာပစ္စည်းများ ဝင်ရောက်လာကတည်းက ယင်း အနောက်နိုင်ငံ သံစဉ်စနစ် လွှမ်းမိုးကာစ



ဖြစ်နေခဲ့သည်။ မြန်မာသီချင်းကြီးကို မြန်မာအမျိုးသား သံစဉ် စစ်စစ်ဖြင့် တီးခတ်လိုလျှင် စောင်းကောက်ကိုသာ တီးရပေမည်။ ကျွန်တော့်အဖို့ကား စန္ဒရားသာ တီးခဲ့သဖြင့် အနောက်နိုင်ငံ သံစဉ်စနစ်ဖြင့်သာ နားယဉ်ခဲ့သည်။ ကျွန်တော် စောင်းတီးသင်ချင်လာသည်။ သို့သော် စောင်းမဝယ်ဖြစ်သဖြင့် မသင်ရတော့ပေ။ ဂီတတတ်လိုလျှင် ကိုယ်ပိုင် တူရိယာရှိမှ တတ်ကျွမ်းသည်။ ကိုကျော်မြင့်လေး (ဖဆပလ ဝန်ကြီးဟောင်း) လည်း စစ်ကိုင်းကျောင်းဆောင်သို့ လာကာ စောင်းလာသင်သည်ကို တွေ့ရသည်။

ကျွန်တော့်မှာ ဆရာနှင့် မသင်သဖြင့် သင်ရိုးများ မရပေ။ ယခုတိုင် တံတျာတေရှင် ကျွန်တော် မတီးဘူးပေ။

(၈)

သီချင်းကြီး သင်ရိုးအတိုင်းဆိုလျှင် တံတျာ သီတာ သာယာစသော ကြိုးသီချင်းများကို စတင်သင်သည်ဟု သိရသည်။ ကျွန်တော် တစ်ပုဒ်မျှ မရ။ ကျွန်တော်က ကျွန်တော်ကြိုက်သော သီချင်းများကိုသာ အတီးလေ့ကျင့်ခဲ့သည်။

သီချင်းကြီး သင်လျှင် ကြိုး၊ ဘွဲ့၊ သီချင်းခန့်ကြီး၊ ပတ်ပျိုး၊ ယိုးဒယား စသည်ဖြင့် အစဉ်လိုက် သင်ရန် မလိုဟု ယူဆသည်။ ကျွန်တော့် အတွေ့အကြုံအရ ယူဆခြင်း ဖြစ်သည်။ မိမိအကြိုက်၊ မိမိခံစားသည့် သီချင်းကို သင်လျှင် ပြီးသည်။ ခံစားမှု မပါဘဲ သီချင်းလေ့ကျင့်လျှင်လည်း မကြာမီ ငြီးငွေ့ကာ ဂီတနှင့် ဝေးသွားတတ်သည်။

အနုပညာဆိုသည်မှာ ခံစားမှုမှ အခြေခံခြင်း ဖြစ်ရာ ခံစားမှုပါသော သီချင်းကို လေ့ကျင့်ပေးမှ တီးသူကိုယ်တိုင် ခံစားမှုပါသော အလေ့အကျင့် ရပေမည်။ တစ်ခုတော့ ရှိသည်။ ကျွန်တော်က ကိုယ်ကြိုက်သော သီချင်းမှ တီး၊ ကိုယ်ခံစားရသော သီချင်းမှ တီးသဖြင့် အတီးနည်းသော သီချင်းများကို မေ့ကုန်သည်။

ကျွန်တော်သည် သီချင်းခန့်ကြီးနှင့် ဘွဲ့ကြီးသီချင်းများကိုသာ တီးကွက်နှင့် တီးသည်။ ပတ်ပျိုး၊ ယိုးဒယားနှင့် အခြား သီချင်းများကိုကား တီးကွက်ပုံသေ မထားဘဲ မိမိခံစားရသလို တီးသည်။ ကိုယ့်အကွက်နှင့်ကိုယ် တီးသည်။ ခံစားမှုအလိုက် တစ်ခါတီးလျှင် တစ်မျိုး ဖြစ်တတ်သည်။ ခေတ်ပေါ် မြန်မာသံများကိုလည်း ကိုယ့်အကွက်ကိုယ် တီးသည်။

www.burmeseclassic.com



ကိုယ့်အကွက်နှင့်ကိုယ် တီးရမှ ပျော်သည်။

၁၉၄၃ ခု ဂျပန်ခေတ်က ရွှေဂုံတိုင်ရှိ မလှရွှေ (မိုးဒေဝါ) ၏ အိမ်တွင် ကျွန်တော် စန္ဒရားတီးသည်ကို 'တင့်တယ်' ကြားရသည်။ တက္ကသိုလ်ထင်ကြီးလည်း ပါသည်။ ယိုးဒယား ဖိန်းချားလေး၊ မြမြ မောင်းမောင်း စသော သီချင်းများ တီးမိသည် ထင်သည်။

'သို့နှင့် တစ်နေ့တွင် မိုးဒေဝါ မလှရွှေအိမ်သို့ တာရာနှင့် လိုက်၍ သွားမိသည်။ တာရာသည် စန္ဒရားခွဲ ထိုင်လေသည်။ တာရာသည် စန္ဒရား ခလုတ်များနှင့် လူရိုးတစ်ယောက် သုံးနွှန်းသော စကားကို ပြောရန် ကြိုးစားသည့်ပမာ စမ်းတော့မလို၊ မစမ်းဘဲ နေတော့မလို လုပ်စပြုလာလေသည်။

ထို့နောက် ခဏ ကြာသောအခါ တာရာနှင့် စန္ဒရားသည် အဘယ်ပုံ ချစ်ကြိုးသွယ်မိသွားကြသည် မသိ။ တာရာသည် ဘယ်သီချင်းကြီးထဲကမှန်း မသိသော အကွက်တစ်ကွက်ကို စိတ်လိုလက်ရ တီးလိုက်သည်။ ထိုအခါတွင် တာရာသည် စန္ဒရား ထိပ်ကို ကျော်ကာ နံရံ လွင်တီးခေါင်ကို ငေးနေသည်။ ဆေးတိုက်ကြည့်နေသော စာရေးသူသည် သူ့မျက်မှန်နောက်မှ သူ့မျက်လုံးကို အတိုင်းသား မြင်နေရသည်။ သူ့မျက်လုံးသည် ဝေ၍ နေသည်။ သူ၏ အာရုံတွင် အတိတ်က ကြွေမွသွားခဲ့သော ကြွေရုပ်တုကလေးတစ်ခု၏ အစအနများကို ပြန်၍ ကောက်ယူကာ ရုပ်လုံးပြန်၍ ပေါ်လာအောင် ဆက်စပ်ရန် တနံ့နံ့ ကြိုးစား၍ပဲနေလေသလား။ သူ့ရင်ခုန်သံသည် စန္ဒရားကြိုးများမှ ထွက်ပေါ်လာသော ဂီတလှိုင်းကို စီးနင်းကာ လိုက်ပါလာပြီးလျှင် စာရေးသူ၏ နှလုံးတွင်းရှိ အာရုံကြိုးများကို လှုပ်ရှားစေသည်' ဟု ဖော်ပြထား၏။

တင့်တယ်က 'ဟံသာဝတီသတင်းစာ' ၁၉၅၀ ခုလောက်ဆီက မဂ္ဂဇင်းကဏ္ဍ၌ 'ဒဂုန်တာရာ၏ ရင်ခုန်သံနှင့် ကိုကို၏ စက်လက်သံ' အမည်ဖြင့် ဆောင်းပါး ရေးသားဖူးသည်။ သည်တော့မှ ကျွန်တော်သည် တင့်တယ်၏ ဂီတခံစားမှုကို သိရသည်။ သူက ကျွန်တော်၏ စန္ဒရားလက်သံမှာ ခံစားမှုပါကြောင်း ဖော်ပြခြင်း ဖြစ်သည်။

အမှန်မှာ ကျွန်တော်ကိုယ်တိုင် ထိုအချိန်တွင် ခံစားမှုနှင့် တီးခဲ့



သည်ကို သူ ရေးသားမှ အမှတ်ရလာသည်။ ခံစားမှုရ၍ တီးသောအခါ တီးကွက်အသစ်များ၊ အတို့အပင့်များ ဘယ်က ပေါ်လာမှန်း မသိ။ ခလုတ် အဖိ၊ အဖော့၊ အဆက်၊ အတောက်များ ရလာတတ်သည်။ နောက်တစ်ကြိမ် တီးလျှင် သည်ဟန်မျိုး ရချင်မှ ရမည်။ ပြော၍မရ။ ထိုအခါ တီးကွက်များမှာ တစ်ခါတီးတာနှင့် နောက်တစ်ခါ မတူကြ။ ကျွန်တော်ကိုယ်တိုင်လည်း မမှတ်မိ။

စန္ဒရားသင်ရန် ကျွန်တော့်အား ပြောသော အင်္ဂလိပ် သီချင်းကြီးများ တီးသည့် မိတ်ဆွေအား ကျွန်တော် ဂျပန်ခေတ်က စန္ဒရားသင်ပေးဖူးသည်။ ကျွန်တော်က သူ့ကို သီချင်းတက်ပေးရာ တစ်ခါပြဲ တစ်မျိုးဖြစ်နေ၍ သူက 'ခင်ဗျား အရင် ကျွန်တော့် ပြပေးတဲ့ အကွက်နှင့် မတူပါလား' ဟု ဆိုလိုက်သည်။ ကျွန်တော်ကိုယ်တိုင် အရင်တစ်ခါက မည်သည့်တီးကွက်နှင့် တီးသည်ကို မမှတ်မိတော့။ အခက်အခဲတွေ့ရသည်။

တံတျာတေရှင် မတီးတတ်သူ၊ တီးကွက်များ မမှတ်မိသဖြင့် တစ်ခါတီး တစ်မျိုး ဖြစ်နေသူ၊ တီးချင်မှ တီးသူ၊ ခံစားမှုရှိမှ တီးသူ၊ ဤသူမျိုးသည် မည်သို့သော အခါမှ စန္ဒရားဆရာ ဖြစ်မည်နည်း။

[ပန်ရုပ်စုံမဂ္ဂဇင်း၊ အတွဲ (၂)၊ အမှတ် (၁၀)၊ အောက်တိုဘာ၊ ၁၉၈၄]

www.burmeseclassic.com

www.burmeseclassic.com

## ကဗျာအဆင့်ဆင့် ဖြစ်ပေါ်ပြောင်းလဲလာပုံ

### (က)

ကျေးတမာ ကဗျာဝိုင်းအတွက် ကဗျာတစ်ပုဒ် ရေးပေးပြီးနောက် (မကျေနပ်သေးဘဲ) နောက်ထပ် ကဗျာအကြောင်း ဆောင်းပါး တစ်ပုဒ် ထပ်တောင်းနေသည်။ တကယ်တော့ ကျွန်တော်သည် ကဗျာအကြောင်း ရေးခဲ့သည်မှာ မနည်းလှပါ။ လွန်ခဲ့သော အနှစ် ၃၀ ခန့်ကပင် ရေးခဲ့သည်။ ကဗျာရေးရာတွင် ကျမ်းကြီး ကျမ်းခိုင်များမှ ကိုးကားရေးခဲ့ခြင်း မဟုတ်။ ကျွန်တော်၏ အနုပညာ အတွေ့အကြုံများမှ ကောက်နုတ်၍ ကျွန်တော်၏ ကဗျာ အယူအဆ ဖော်ပြခြင်း ဖြစ်သည်။ အထူးသဖြင့် ကျွန်တော်၏ ခေတ်ပြိုင်စာပေလောကနောက်ခံကားကို ကျွန်တော်၏ ကဗျာ ဖွံ့ဖြိုးမှု အတွေ့အကြုံဖြစ်စဉ်တစ်ရပ်အဖြစ် သဘောထား ရေးသားခဲ့သည်။

ကျွန်တော်သည် ယေ်စဉ်ကျောင်းသားဘဝ ၁၉၃၀ ကျော်လောက်ကတည်း ကဗျာကို စတင် သီကုံးခဲ့သည်။ ကျွန်တော်၏ ပုံနှိပ်စာလုံးဖြင့် ပထမဦးဆုံး ပါရှိသော ကဗျာမှာ ရတုပိုဒ်စုံ ဖြစ်သည်။ ၁၉၃၄ ခု၊ စက်တင်ဘာလထုတ် ဒဂုန်မဂ္ဂဇင်း ကဝိပေါင်းချုပ် ကဏ္ဍ၌ ပါရှိသည်။ ရှေး ဂန္ထဝင်ဟန်ဖြင့် ဖွဲ့နွဲ့ သီကုံးထားသော ကဗျာ ဖြစ်သည်။ ယနေ့ခေတ် ကဗျာ လှုငယ်ပရိသတ်များ ဖတ်ဖူးကြမည် မထင်။ ဖတ်လျှင်လည်း ကျွန်တော် ရေးသည်ဟု ယုံကြမည် မထင်။ ယနေ့ ကျွန်တော် ရေးနေသော ကဗျာဟန်နှင့် များစွာ ခြားနားနေသည်။

ထိုအခါက ကျွန်တော်သည် ရှေးဟောင်း ဂန္ထဝင်ကဗျာ လင်္ကာများကို တစိုက်မတ်မတ် လောဘတကြီးဖြင့် ဖတ်နေစဉ် ဖြစ်သည်။

www.burmeseclassic.com



ကျွန်တော့် ခေါင်းထဲ၌ ရှေးဟောင်း ဂန္ထဝင်စာလုံးများနှင့် ပြည့်လျှံလျက် ရှိနေခဲ့သည်။ ထို ၁၀ နှစ်ကျော်အရွယ်၌ ဘဝအတွေ့အကြုံက နုနယ်ကျဉ်းမြောင်း၍ နေခဲ့သေးရာ ကဗျာရေးစပ်လိုက်သောအခါ ဘဝအတွေ့အကြုံကို ကိုယ်စားပြုသော ကိုယ်ပိုင်စကားလုံးများ မရှိဘဲ ဂန္ထဝင်စာလုံးများသာ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ထိုအခါက ကျွန်တော်သည် အချီအကျ ပဒသီ ရတုပိုဒ်စုံ၊ လူးတား၊ ချောင်း၊ တေးထပ်၊ ရှေးရေးလေးချိုးစသော ကဗျာ လင်္ကာပုံသဏ္ဌာန်များကို ရှေးဂန္ထဝင် စာလုံးအဖွင့်အပိတ်များဖြင့်သာ ရေးသားခဲ့ခြင်းများသည်။ ထို့ကြောင့် တချို့က ကျွန်တော့် ကဗျာများကို ဖတ်ပြီး ဘုန်းကြီး (သို့) ဘုန်းကြီးလူထွက်ဟု ထင်မှတ်ခဲ့ကြသည်။ ကဗျာသည် ခံစားမှုကို ဖွဲ့နွဲ့သော စာပေပုံသဏ္ဌာန်တစ်ရပ် ဖြစ်ပေရာ ထိုအခါက ကျွန်တော့်တွင် သူ့အတိုင်းအတာနှင့်သူ ခံစားမှုရှိသော်လည်း၊ ယင်းခံစားမှုကို ဖော်ပြသော ကဗျာအရေးအတွက်ကား သိပ်မများလှပါ။ ခံစားမှုကလေးများကို ဖော်ပြလျှင်လည်း မိမိကိုယ်ပိုင် စကားလုံးဖြင့် မဖော်ပြနိုင်ဘဲ ရှိပြီးသား ဂန္ထဝင် စကားလုံးနှင့် စပ်ဟပ်ရေးဖွဲ့ချသည်ဟု နောင်အခါ ပြန်လည် သုံးသပ်မိသည်။

(ခ)

၁၉၃၈ ရန်ကုန်တက္ကသိုလ်သို့ ရောက်သောအခါ ဘဝအတွေ့အကြုံ၊ စာပေအတွေ့အကြုံများ ကျယ်ဝန်းလာသည်။ ကဗျာအရေးအသား နည်းလာပြီး စကားပြေ အရေးအသားဘက်တွင် ထက်သန်လာသည်။ စကားပြေမှာ မိမိဖော်ပြလိုသော အကြောင်းအရာကို လွတ်လပ်စွာ ရေးသားနိုင်သည်။ ကဗျာကဲ့သို့ စကားလုံးရှာရန် မလို၊ နေ့စဉ်သုံး စကားလုံးများဖြင့် ရေးသားနိုင်သဖြင့်လည်း စကားပြေကို အနုပညာပုံသဏ္ဌာန်အဖြစ် အသုံးပြုခြင်း ဖြစ်မည်။ ငယ်စဉ်က ရှေးဟန် ရတုပိုဒ်စုံကဲ့သို့သော ကဗျာများ မရေးဖြစ်သော်လည်း ခေတ်စမ်းဟန် လေးလုံးစပ်ကဗျာများ တစ်ခါတစ်ရံ ရေးဖြစ်သည်။ ဂန္ထလောက မဂ္ဂဇင်းတွင် 'အလင်္ကာ'၊ 'တော်လှန်မှု' စသော ကဗျာများ ရေးသည်။ ယင်းကဗျာများတွင် ဂန္ထဝင် စကားလုံးများ အတော်များများ ပါနေသည်။ လေးလုံးစပ်အဖွဲ့ ၄-၃-၂ ကာရန် စနစ်ကိုမှု အခြေခံထားသုံးခဲ့သည်။ သို့သော် ရတုပိုဒ်စုံများထက် ခံစားမှုများက ပါလာသည်။ ဂန္ထဝင်သစ်သဘော ဖြစ်မည်။ လမ်းသစ်သို့



လုံးလုံး မရောက်သေး အဟောင်းနှင့်အသစ် ရောယှက်နေသည့် သဘောပင်။

(ဂ)

စစ်ပြီးခေတ် ကျွန်တော်၏ ကဗျာများသည် ရတုပိုဒ်စုံ စနစ်နှင့် သိသိသာသာ ခြားနားသွားပြီး ဘဝအတွေ့အကြုံ၊ သမိုင်းခေတ် အတွေ့အကြုံများအရ ဖြစ်ပေါ်လာသော ထင်ဟပ်လိုက်သော ခံစားမှုတို့ကို ကဗျာဖွဲ့နွဲ့ချင်လာသည်။ ရှေးဟောင်း ဂန္ထဝင် အမွေအနှစ်နှင့် မလုံလောက်တော့၊ ခေတ်ပြိုင် ခံစားမှုတို့ကို ကိုယ်စားပြုသော စကားလုံးများကို အသစ်ရှာလာရသည်။ အခါခပ်သိမ်း ၄-၃-၂ ကာရန်စနစ်၌သာ တွယ်ကပ်မနေချင်တော့။ ထိုအခါ ခံစားမှု အကြောင်းအရာပေါ်တွင် အခြေပြု၍ ပို၍ လွတ်လပ်သော ကာရန်စနစ်ကို သုံးချင်လာသည်။ ယင်းသို့ ခေတ်က ထင်ဟပ်လိုက်သော ခံစားမှု အကြောင်းအရာကို ရေးဖွဲ့ရင်း ယခု ကျွန်တော်ရေးနေသော ကဗျာပုံသဏ္ဌာန်ဖြစ်ပေါ်လာရခြင်း ဖြစ်ပေသည်။ လေးလုံးစပ် စနစ်ကို ကျွန်တော် နှစ်သက်သည်။ သို့သော် ခံစားမှု အကြောင်းအရာကို လိုက်၍ လေးလုံးမှ နည်းနည်းပါးပါး ချွင်းချင် ချွင်းမည်။ အချို့စာကြောင်းတွင် သုံးလုံး ဖြစ်ချင်ဖြစ်မည်။ ၅-၆-၇ လုံး ဖြစ်ချင် ဖြစ်သွားမည်။ ကာရန်စနစ်တွင် ၄-၃-၂ သုံးချက်ညီ အမြဲတမ်း မဟုတ်ဘဲ ခံစားမှု အကြောင်းအရာကို ကိုယ်စားပြုသော စကားလုံးအလိုက် ရှေ့နောက် ကာရန်ညီရုံသာ ဖြစ်ချင်လည်း ဖြစ်မည်။ ခံစားမှု အကြောင်းအရာကို ဦးစားပေးချင်သည့် သဘောပင်။ (တမင်တကာ ၄-၃-၂ ကာရန်စနစ်၊ လေးလုံးစပ် လင်္ကာစနစ်ကို ချိုးဖောက်ခြင်း မဟုတ်) ယင်းကို ကျွန်တော်က လွတ်လပ်ကာရန်ဟု ခေါ်ချင်သည်။

ကျွန်တော်၏ ကဗျာဘဝတွင် အဆင့်ဆင့် ဖြစ်ပေါ်လာသော ဖြစ်စဉ်ကို ကျွန်တော်၏ အတွေ့အကြုံမှ ကောက်နုတ်ဖော်ပြလိုက်ခြင်း ဖြစ်သည်။ စာပေဝေဖန်ရေးဆရာတို့က မည်သို့ ဖြစ်မည်ဟုကား မပြောတတ်။

[ကျေးတမာကဗျာဝိုင်း၊ ၇-၁၀-၁၉၈၄]

www.burmeseclassic.com

www.burmeseclassic.com

# လွန်ခဲ့သော အနှစ် ၄၀ က မဂ္ဂဇင်းလောက

## (က)

လွန်ခဲ့သော အနှစ် ၄၀က စာပေလောက၊ မဂ္ဂဇင်းလောက အခြေအနေမှာ ယနေ့နှင့် မတူ။ လွတ်လပ်ရေး မရသေး။ အင်္ဂလိပ်ကိုလိုနီ ခေတ်ကာလ ဖြစ်သည်။ စစ်ပြီးစမို့ နိုင်ငံရေးအခြေအနေက မတည်ငြိမ်။ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုက အရှိန်ကောင်းနေဆဲ ဖြစ်သည်။ စစ်ကြီးအပြီး ဂျပန်ခေတ်မှ လွတ်မြောက်လာခဲ့ပြီး ဖြစ်၍ အမှောင်မှ ကင်း၍ လင်း အရဏ်ပေါ်စ ကြယ်နီဝင်းပြက် ကောင်းကင်ပြာ တောက်လက် နံနက်ခင်း အချိန်၊ အားသစ်ရှင်ပြဖြင့် နိုးထနေကြသည်။

ထိုအခါက ယနေ့ကဲ့သို့ မဂ္ဂဇင်းတွေ အစောင် ၂၀ ကျော် ၃၀ မရှိ။ ဝတ္ထုစာအုပ်တွေကတော့ ထွက်နေသည်။ ဇဝနဂျာနယ်မှာ လူကြိုက် များနေသည်။ ထိုအခါက ဇဝနမှာ ဟာသဉာဏ် ရွှင်ဝေနေသော အခါ ဖြစ်သည်။

ဇဝနဂျာနယ်၏ မျက်နှာဖုံး တစ်ခုတွင် ဇဝန၏ ပုံ ဆံပင်ရှည် ရှည် မှုမှု ပုံတူကို ပန်းချီဆရာ ကိုဗကြည်က ရေးဆွဲသည်။ ဦးဗကြည်မှာ လူရုပ်ပုံရုပ်ပြောင်ဆွဲရာတွင် သရုပ်ပါသည်။ ဇဝနဂျာနယ်တွင် လွတ်လပ် ရေးတိုက်ပွဲ၊ ဖဆပလ နိုင်ငံရေးလှုပ်ရှားမှုများကို တွေ့နိုင်သည်။ ဖဆပလမှာ လူထုအတွင်းတွင် ဩဇာဒီရေတက်နေသော ကာလလည်း ဖြစ်သည်။ ဖဆပလ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းက ဇဝနဂျာနယ်တွင် သဝဏ်လွှာ ရေးသည်။ ဖဆပလ အထွေထွေ အတွင်းရေးမှူး သခင်သန်းထွန်းလည်း

www.burmeseclassic.com



ဆောင်းပါးရေးသည်။ ဇဝန၏ ရွှေဝါဆန် ဝတ္ထုတွင် သခင်သန်းထွန်းက အမှာရေးရာတွင် 'ဇဝနသည် ဇဝနဲ့ဆောစကီးဖြစ်လေပြီ' ဟု ရေးသည်။ ဇဝနဂျာနယ်မှာ နိုင်ငံရေးဂျာနယ်ဟုပင် ဆိုရမည်ထင်သည်။ ထိုအခါက ဇဝန၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း စသူတို့မှာ အသက် ၃၀ ကျော် လူငယ်များ ဖြစ်ကြသေးသည်။ စစ်ပြီး အမေရိကန်မှ ပြန်လာခါစ ညိုမြကလည်း ညိုမြဂျာနယ် ထုတ်ဝေရန် ကြေညာလိုက်သည်။ သို့သော် ဘာကြောင့်မသိ၊ ထွက်မလာ။

စာပေဆန်ဆန် မဂ္ဂဇင်းများကား သိပ်မထွက်လာကြ။ သစ်ဆန်း အမည်ရှိ မဂ္ဂဇင်းလေး တစ်စောင် ထွက်လာသည်။ စာပေအဖွဲ့အနွဲ့ လှလှကလေးများကိုသာ နှစ်သက်သူ စာပေသမားများက ထုတ်ဝေကြသည်။ ရဲခေါင်၊ မိုးဝေ၊ မင်းရှင် စသော ပွင့်သစ်စ စာပေသမားများ၏ အသိုင်းအဝိုင်း ဖြစ်သည်။ သူတို့သည် ထိုအခါက အသက် ၂၀ ကျော် လူငယ်လေးများ ဖြစ်ကြသည်။ တစ်စောင်တလေသာ ထုတ်နိုင်ကြရှာသည်။ အရွယ်မှာ ဇဝနဂျာနယ်အရွယ်။ ယခု ဝတ္ထုစာအုပ်များအရွယ်။ စာမျက်နှာ သိပ်မများ။ ၄၈ မျက်နှာဝန်းကျင်။ ရောင်းဈေး ၁ ကျပ်။ ထိုအခါက ထွက်သော အခြား မဂ္ဂဇင်း တစ်စောင်မှာ 'ကာတွန်းရုပ်စုံ'။ ထုတ်ဝေသူ အယ်ဒီတာမှာ ကာတွန်း ကိုညီညီ၊ စစ်မဖြစ်မီကတည်းက ထုတ်ဝေခဲ့သော စာစောင်။ စစ်ဖြစ်ခါနီး ဖြစ်၍ သိပ်ကြာကြာ မထွက်လိုက်ရ။ စထုတ်စဉ်က ကာတွန်း ရုပ်စုံမှာ ဂျာနယ် ထင်သည်။ သူ၏ အစ်ကို မောင်မောင် (ယခု ဘီဘီစီ သတင်းထောက်) နှင့် ပတ်သက်၍ ကိုညီညီနှင့် ခင်မင်သွားခြင်း ဖြစ်သည်။ ကျွန်တော့် မေဝတ္ထုမျက်နှာဖုံးကို ကိုညီညီက ပန်းချီရေးဆွဲပေးသည်။ ထိုအခါက ထွက်နေကြသော ဝတ္ထု မျက်နှာဖုံးမှာ ကြွေရောင်ဝတ္ထုအချောပေါ်တွင် သုံးရောင်ခြယ် ပန်းချီဖြစ်သည်။ ယနေ့ထွက်နေကြသော ဝတ္ထုမျက်နှာဖုံးပုံစံမျိုးပင်။ ယနေ့ခေတ်တွင် အော့ဖ်စက်ခေါ် အရောင်ရိုက် ဓာတ်ပုံကူး ပုံနှိပ်စက်ဖြင့် ရိုက်ကြသည်။ ထိုအခါကမူ ရိုးရိုးဘလောက် ၃ ခုဖြင့် ၃ ရောင်ရိုက်ကြသည်။ ကျွန်တော်က ကြွေရောင် စက္ကူချောပုံစံကို သဘောမကျ၍ ဟိန္ဒူစတန်ခေါ် စက္ကူအထူ မီးခိုးရောင်တွင် ကိုညီညီ၏ အဖုံးပန်းချီကို ဒေါင်းပြာရောင်ခေါ် စိမ်းပြာရောင်နှင့် အနက် ၂ ရောင် ရိုက်စေသည်။

ထိုခေတ်က ယင်း ဟိန္ဒူစတန် စက္ကူအထူကို တက္ကသိုလ်မဂ္ဂဇင်း



များ၊ ဂန္ထလောကမဂ္ဂဇင်းများတွင်သာ အဖုံးအဖြစ် သုံးသည်။ ယင်း ကာတွန်းရုပ်စုံ ဂျာနယ်တွင် ကျွန်တော် ဝတ္ထုတစ်ပုဒ်ရေးပေးသည်။ လွတ်လပ်ရေး အမည်ရှိ နိုင်ငံရေးသမား ဘမော်ကို ဓာတ်ကောင်လုပ်၍ သရော်တော်တော် ဖွဲ့နွဲ့ရေးထားသည့် စာပြောင် ဖြစ်သည်။ ၃၇ လမ်းရှိ ကာတွန်းရုပ်စုံတွင် ကိုဓောသိန်းကိုလည်း တွေ့ရတတ်သည်။ ထိုအခါက ကျွန်တော်တို့သည် ကျောင်းသားများ ဖြစ်ကြသေးသည်။ အသက် ၂၀ အရွယ်။ စစ်အပြီး ထုတ်ဝေသော ကာတွန်းရုပ်စုံတွင် ကျွန်တော်သည် စက်ကိရိယာနှင့် လနတ်သမီး၊ ညတစ်ည စသော ကဗျာများနှင့် အငတ် အမည်ရှိ ဝတ္ထုတစ်ပုစ်ရေးပေးသည်။ ကိုညီညီတို့နှင့် ကျွန်တော်မှာ ဆွေမျိုးကဲ့သို့ ခင်မင်ရင်းနှီးသည်။ ကာတွန်းရုပ်စုံမှာ ကြာကြာမထုတ်လိုက်ရပါ။ မောင်မောင်၊ ညီညီတို့၏ ဖခင် သူရိယ ဦးဘကလေး၏ သမာဓိ သတင်းစာထွက်ပေါ်လာ၏။ ထိုသတင်းစာတွင် ဝင်ရောက်သွားကြဟန် တူသည်။ ကိုညီညီမှာ နောင်တွင် ရှင်လုံးအမည်ဖြင့် ဓာတ်ညွှန်းများ ရေးလျက် ရှိသည်။

ကာတွန်းရုပ်စုံတွင် ကိုညီညီ၏ မရေလှိုင်းအမည်ရှိ ရုပ်ပြဇာတ်လမ်း အခန်းဆက်ပါသည်။ ရုပ်ပြဇာတ်လမ်း အစောဆုံးဖြစ်မည် ထင်သည်။

ဇဝနဂျာနယ်အရွယ်နှင့်ပင် မဂ္ဂဇင်းလေး တစ်စောင် ထွက်လာသေးသည်။ ဇဝနကဲ့သို့ပင် အရွယ်သေးသေး၊ နာမည်က မြဝတ်လွှာဟု ထင်သည်။ ကောင်းကောင်း မမှတ်မိတော့။ သူလည်း တစ်အုပ်သာ ထွက်သည် ထင်သည်။ စာပေဆန်၍ သတိရမိခြင်း ဖြစ်သည်။ ယင်း အရွယ် ခေတ်ဆန်းအမည်ရှိ မဂ္ဂဇင်းထွက်လာသည်။ ထုတ်ဝေသူက ဗိုလ်အေးလွင်။ ကျွန်တော် ဆောင်းပါး တစ်စောင်ရေးပေးဖူးသည်။ တစ်စောင်တည်းသာ ထွက်သည် ထင်သည်။ ထိုအချိန်လောက်တွင် တင့်တယ်ကလည်း စာပဒေသာအမည်ဖြင့် ထိုအရွယ်မျိုးပင် မဂ္ဂဇင်းတစ်စောင် ထုတ်ရန် စိုင်းပြင်းလျက် ရှိနေသည်။ (ထိုအခါက သူသည် တင့်တယ် မဖြစ်သေး။ ကိုတင့်တယ်နှင့် ကျောင်းသားဘဝကတည်းက သိခဲ့သည်။) ယင်းပျော်ပျော် တစ်မတ်တန် ဝတ္ထုခေတ်က သူသည် အောင်ကျော်အမည်ဖြင့် ဝတ္ထုရေးဖူးသည်။ ဂျပန်ခေတ်က သူ ခိုနေသော ဦးပြားတော်ရှို့ ဇရပ်တစ်ဆောင်တွင် နေစဉ် ညဘက်စကားစမြည် ပြောရအောင် သွားအိပ်ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ညဘက် ဂျပန်လေယာဉ်ပျံလာလျှင် ဇရပ်ရှေ့ရှိ ဗုံးခိုကျင်းသို့ အတူ ဝင်ကြရာ သူက မှောင်နှင့်မည်းမည်းတွင်ပင် 'စစ်ကြီးပြီးသွားရင် စာပေပဒေသာ ဆိုပြီး ထုတ်မယ်' ဟု ပြောလေ့ ရှိသည်။ ယင်းဇရပ်တွင် ကိုတင့်တယ်နှင့်အတူ ကိုထင်ကြီး၊ ကိုလှကြည်တို့ပါ အတူနေကြသည်။ သူ့စိတ်ကူးက စာပေ မဂ္ဂဇင်း သဘောမျိုးကား မဟုတ်၊ ဒိုင်ဂျက်ပုံစံ ဘာသာပြန်များများ ပါမည်။ ယနေ့ခေတ် သုတပုံစံ။ သူက ဘာသာပြန်လည်း ဝါသနာပါသည်။

ယင်းစစ်ပြီးစကာလ (၁၉၄၅–၄၆) က အရှေ့တိုင်းနှင့် သွေးသောက် မဂ္ဂဇင်းထွက်လာသည်။ အရှေ့တိုင်းမှာ ကြာကြာမထွက်။ သွေးသောက်မှာ ယနေ့တိုင် ထွက်နေသော စစ်ပြီးခေတ် မဂ္ဂဇင်းတို့တွင် အသက်အကြီးဆုံး မဂ္ဂဇင်း ဖြစ်သည်ဟု ဆိုရမည်။ အရွယ်က ယနေ့ထွက်နေကြသော မဂ္ဂဇင်းများအရွယ်၊ အများကြိုက် မဂ္ဂဇင်းပုံစံဟု ဆိုရမည်။ အတွင်းပန်းချီ ရုပ်ပုံများ ပြင်ဆင်မွမ်းမံရန် ကောင်းသော အရွယ်ဖြစ်သည်။ အရွယ်သေးလျှင် မွမ်းမံပြင်ဆင်ရန် ကျဉ်းကျပ်နေတတ်သည်။ ယင်းကာလတွင် ကျွန်တော်သည် တာရာမဂ္ဂဇင်းကို ထုတ်ဝေလိုက်သည်။

(ခ)

၁၉၄၅ ဩဂုတ်လတွင် ဂျပန်လက်နက်ချ၍ အရှေ့အာရှတွင် စစ်ကြီးပြီးဆုံးခြင်းသို့ ရောက်ခဲ့သည်။ ကျွန်တော်သည် ယင်းနှစ် အောက်တိုဘာလတွင် ရန်ကုန်သို့ ကျိုက်လတ်မှ လာခဲ့သည်။ ထိုအခါ ကျိုက်လတ်နှင့် ရန်ကုန် ပုံမှန် ခုတ်မောင်းသော ရေယာဉ်သင်္ဘောမထွက်သေးပေ။ မဟာမိတ်တက်စ စစ်အစိုးရအုပ်ချုပ်ရေးပင် ရှိနေသေးသည်။ ပုဂ္ဂလိကများ ခုတ်မောင်းသော မော်တော်ဘုတ်နှင့် လိုက်ခဲ့ခြင်း ဖြစ်သည်။ အမွေရထားသော စိန်လက်ကောက်၊ စိန်ကြယ်စိ၊ စိန်ဘီး၊ စိန်လယ်တံ့ စသော ပစ္စည်းများ ယူခဲ့သည်။ ထုခွဲ၍ တစ်ခုခု စာပေလုပ်ငန်း လုပ်ရန် ဖြစ်သည်။ ပထမ ပုံနှိပ်စက် ဝယ်ရန် ကြည့်သေးသည်။ သို့သော် ဝယ်မရ။ ကျွန်တော်က လည်လည်ဝယ်ဝယ် မဟုတ်။ ယင်းရတနာများမှာ ကျွန်တော်၏ မိခင်က 'နင် မိန်းမရရင် ဆင်ဖို့ လက်ဖွဲ့ပစ္စည်းတွေပေါ့ဟယ်' ဟု ပြုံးကာ ပြောဖူးသည်။

ပထမ ဆန်းသစ်ဦးဂျာနယ်ဟူသော အမည်ဖြင့် အပတ်စဉ်



ဂျာနယ်တစ်စောင် ထုတ်ရန် ရည်ရွယ်သည်။ ရန်ကုန်ခရိုင်ရာဇဝတ် တရားသူကြီးထံမှပင် ထုတ်ခွင့် အမိန့် ရထားပြီ။ ဂျာနယ်ခေါင်းစီး ရုပ်ပုံပန်းချီကို ကာတွန်းဦးဗဂျမ်းထံ အပ်ပြီး ဘလောက်ပင် လုပ်ပြီးထားပြီ။ ဦးဘဂျမ်းနှင့် ကျွန်တော် ကျောင်းသားဘဝ အိုးဝေမဂ္ဂဇင်း အယ်ဒီတာ လုပ်ပြီးကတည်းက သိကျွမ်းခင်မင်ခဲ့သည်။ ထိုအခါ ဦးဗဂျမ်းသည် ဗဟန်းတွင် နေသည်။ ဂျာနယ်၏ အမည်ခေါင်းစဉ်တွင် ဆန်းသစ်ဦးဂျာနယ်ဟု အင်္ဂလိပ်စာလုံးအမည်ပါ ထည့်သွင်းထားသည်။ ပြန်လည်ဆန်းသစ်ရေး၏ ခေတ်ဦးဟူသော အဓိပ္ပာယ် အတိုချုပ်၍ ဆန်းသစ်ဦးဟု မှည့်ခေါ်လိုက်ခြင်း ဖြစ်သည်။ လွတ်လပ်မှု ကင်းမဲ့သော ဂျပန်ခေတ်က အမှောင်တိုက်မှ လွတ်မြောက်လာသောအခါ ယဉ်ကျေးမှု ပြန်လည် ဆန်းသစ်ရေးကို လုပ်မည်ဟူသော ခံစားမှုဖြင့် ယင်းနာမည်ကို ပေးခြင်း ဖြစ်သည်။ ဦးဗဂျမ်းက ကျွန်တော်နှင့် တိုင်ပင်ကာ သစ်ငုတ်တိုထဲမှ ပန်းပွင့်တစ်ခက်ကလေး ဖူးပွင့်လာပုံကို သင်္ကေတ သဘော ရေးဆွဲပေးသည်။ အိုးဝေမဂ္ဂဇင်း အဖုံးကို သူပင် ရေးပေးခဲ့သည်။

ဆန်းသစ်ဦးတွင် အတော်လေး ပြင်ဆင်ပြီးပြီ။ သို့သော် မထုတ်ဖြစ်တော့။ ကျွန်တော်မှာ သွေးအားနည်းနေ၍ ဒေါက်တာလှရွှေနှင့် အားဆေးထိုးနေရသည်။ အပတ်စဉ်ထွက်အောင် လုပ်ရမည့် တာဝန်မှာ မသေး။ သို့နှင့် လစဉ် မဂ္ဂဇင်းလေးထုတ်ရန် အစီအစဉ်ကို ပြောင်းလဲလိုက်ရသည်။ တာရာအမည်ကို ရွေးချယ်လိုက်သည်။ အရွယ်အသေး၊ စာမျက်နှာလည်း မများ၊ ၄၈ မျက်နှာ။ ခြေနိုင်လက်နိုင်၊ ခပ်ကျဉ်းကျဉ်းလုပ်၍ ရသည်။

စာလုံးအရွယ်ကို ၁၄ ပွိုင့်ဟုခေါ်သော စာလုံးအသေးကို ရွေးချယ်လိုက်သည်။ စစ်မဖြစ်မီ မဂ္ဂဇင်း၊ စာအုပ်တို့တွင် ဂရိတ်ပရိုင်မာဟု ခေါ်သော စာလုံးကြီးကို သုံးကြမြဲ ဖြစ်သည်။ ထိုခေတ်က စက္ကူအခက်အခဲက မရှိ။ သတင်းစာဆိုလျှင်ပင် တစ်ရွက်တွေက အများကြီးဖြင့် အတော်ထူသည်။ စစ်ပြီးစတွင် စက္ကူရှားပါး၍ စာမျက်နှာ များများထုတ်ရန် ခက်ခဲသဖြင့် စာဝင်ရန် စာလုံးသေးသေးကို သုံးကြခြင်းလည်း ဖြစ်နိုင်သည်။ အစောဆုံးပေါ်သော ဇဝနဂျာနယ်မှာ စာလုံးသေးသေး ဖြစ်သည်။ ၁၄ ပွိုင့်၊ ယနေ့ခေတ် မဂ္ဂဇင်းများကား ပို၍ စာလုံးသေးလာကြတော့သည်။ ၁၄ ပွိုင့်ထက်ငယ်သော အသေးဆုံး ၁၂ ပွိုင့်ကို သုံးနေကြပြီ။

မဂ္ဂဇင်း၏ စာပေ ပုံသဏ္ဌာန်ကို ပထမ စဉ်းစားရသည်။ ဝတ္ထု၊

www.burmeseclassic.com

www.burmeseclassic.com



ကဗျာ စသော ရသစာပေအဖွဲ့အနွဲ့အပြင် (ထိုအခါက ရသစာပေဟူသော စာပေဝေါဟာရပင် မပေါ်သေးပါ။) အနုပညာနှင့် စာပေဝေဖန်ရေး ဆောင်းပါး။ ခရီးသွားမှတ်တမ်း၊ သမိုင်းမှတ်တမ်း၊ အတ္ထုပ္ပတ္တိ အဖွဲ့အနွဲ့စသော စာပေဆန်သော ဆောင်းပါးများသာ ထည့်သွင်းရန် လျာထားလိုက်သည်။ အနုပညာနှင့် စာပေဝေဖန်ရေး အပိုင်းတွင် အကဲဖြတ်စာနှင့် စာပေသဘော တရားများ ပါဝင်သည်။ ဆန်းသစ်ဦးဂျာနယ်မှ တာရာမဂ္ဂဇင်းအမည်သို့ ပြောင်း၍ ထုတ်ဝေလိုကြောင်း ခရိုင်တရားသူကြီးသို့ လျှောက်လွှာတင်ရာတွင် မဂ္ဂဇင်း၏ မူဝါဒကို စာပေနှင့် ယဉ်ကျေးမှု အနုပညာစာစောင်ဟု ဖော်ပြခဲ့သည်။

ထို့နောက် အပြင်အဆင် ပုံသဏ္ဍာန်ကို စဉ်းစားရသည်။ ပုံစံ တစ်မျိုး လုပ်ချင်သည်။ ဝတ္ထု၊ ကဗျာတို့တွင် သရုပ်ဖော်ပုံများဖြင့် ခြယ် သည်။ ပန်းချီကို တစ်ကြောင်းဆွဲ ပန်းချီကို တစ်ရောင်သုံးသည်။ အများ ကြိုက် မဂ္ဂဇင်းများတွင် တစ်ကြောင်းဆွဲပန်းချီပုံကို သုံးလေ့သုံးထမရှိကြပေ။ ကျောင်းသုံး စာအုပ်၊ တက္ကသိုလ်ကျောင်း မဂ္ဂဇင်းများတွင်သာ သုံးသည် ကို တွေ့ရသည်။ ယင်းပုံစံမျိုးကို ကျွန်တော် ကြိုက်သည်။ ဝတ္ထုကဗျာတို့ ၏ ခေါင်းစဉ်ကို ပန်းချီစာလုံးဖြင့် မဖော်ဘဲ ရိုးရိုးစာလုံးစီ၍ ဖော်ပြသည်။ ဝတ္ထုကဗျာကို တစ်ကြောင်းဆွဲ ပန်းချီပုံဖြင့် ဖော်ပြသည်။ တစ်ခါတရံ မှသာ အတွင်းပုံကို ရေဆေးစုတ်တံ ပန်းချီဟန်ဖြင့် ဖော်သည်။ ကဗျာလည်း များများမထည့်။ တစ်လမှာ ၁ ပုဒ် ၂ ပုဒ်လောက်သာ ပါတတ်သည်။ ယနေ့ပေါ်နေကြသော မဂ္ဂဇင်းပုံစံနှင့် မတူ။

ယနေ့ထွက်ပေါ်လျက်ရှိကြသော မဂ္ဂဇင်းပုံစံကို ‘အများကြိုက်’ ပုံစံ ဆိုကြပါစို့။ အတွင်းပုံများကို အော့ဖ်စက် ခေတ်မီစက်များဖြင့် အတွင်း အပြင် ရောင်စုံ ဖြိုးပြက်ဝင်းလက်လျက် ရှိသည်။ ဝတ္ထုကဗျာ ဆောင်းပါး များကို ပန်းချီစာလုံး ခေါင်းစီးအရောင်တို့ဖြင့် ပြင်ဆင်ကြသည်။ ဓာတ် ပုံဆောင်းပါးများကလည်း ဝေဝေဆာဆာ။ ယင်း အများကြိုက် ပုံစံလေး မှာ စစ်မဖြစ်မီ ခေတ်ကတည်းက ရှိခဲ့သည်။ အထူးသဖြင့် စစ်ဖြစ်ခါနီး မြန်မာ့အလင်း မဂ္ဂဇင်းက အရွယ်ကြီးကြီး အပြင်အဆင်ကလည်း ပန်းချီ ပုံများ အရောင်များဖြင့် ရှုချင့်စဖွယ် မွမ်းမံပြင်ဆင်ထားသည်။ စာမမြင် ရသေးမီ အဆင်အပြင် လှလှပပနှင့် ရှုချင့်စဖွယ် ပြင်ဆင်ထားသည်။ အပြင်အဆင်နှင့် အတူ လူအများ ကြိုက်နှစ်သက်တတ်သည့် စာများကို



ရွေးချယ်သည်။ ထိုအခါက မြန်မာ့အလင်း မဂ္ဂဇင်းသည် ကော်စမို ပေါ် လစ်တန် အမည်ရှိ အရွယ်ကြီး ဆိုက်ကြီး အင်္ဂလိပ်မဂ္ဂဇင်းပုံစံအပြင် အဆင်ကို လိုက်ခြင်း ဖြစ်ဟန် တူသည်။

ယနေ့ထွက်ပေါ်နေကြသော မဂ္ဂဇင်းပုံစံမှာ ယင်းအများကြိုက် ပုံစံအစဉ်အလာကို ဆင့်ကဲဆင့်ကဲ ဆက်ခံလာကြခြင်း ဖြစ်သည်။ ကျွန်တော်က ယင်းပုံစံလမ်းကြောင်းကို မလိုက်ဘဲ မိမိပုံစံနှင့် မိမိစိတ်ကူး တာရာမဂ္ဂဇင်းကို မွေးဖွားလိုက်သည်။

(ဂ)

၁၉၄၆ ဒီဇင်ဘာလကုန်ခါနီးတွင် ထွက်လာသည်။ အများကြိုက် ပုံစံ မဟုတ်သဖြင့်လား မသိ၊ အများက မကြိုက်။ စောင်ရေ ၂၀၀၀ ရိုက်ရာ အများကြီး ကျန်နေသည်။ မှတ်မိသလောက် ၁၀၀၀ ခန့် ကျန်နေ သည် ထင်သည်။ အိမ်တွင် အစည်းလိုက် တစ်ပုံကြီး။ ပုံနှိပ်မင်နံ့ပင် မပြယ်သေး။ ဆေးက ကောင်းစွာ မခြောက်သေး၍ ခပ်စိုစိုထိုင်းထိုင်း။ အနောင့်ဘက်က ကိုင်ကြည့်လျှင် စိုတိုတို။ ထွက်ချင်ဖောနှင့် ခြောက် အောင် မစောင့်နိုင်ဘဲ စာအုပ်ချုပ် ခိုင်းလိုက်သည်။

ဖြစ်ပုံက သည်လို။

မျက်နှာဖုံးမှာ ပန်းချီဆရာ ဦးဗကြည်၏ တစ်ကြောင်းဆွဲ ပန်း ချီ။ ဆေးသားက ထုထု၊ ပုံနှိပ်သောအခါ မင်ကထူထူ၊ ကောင်းကင် အပြာရင့်တွင် ကြယ်တစ်ပွင့်ပါသည်။ မျက်နှာဖုံးကို ဘရုတ်ကင်းလမ်း (ဘိုကလေးဈေးလမ်း) ရှိ ပူတူးတူး စာပုံနှိပ်စက်တွင် ရိုက်သည်။ ကျွန်တော် ကောင်းစွာ နေမကောင်း၍ မောင်စည်သူ သွားအပ်ခြင်း ဖြစ်သည်။ အဝါ နှင့် အနီရိုက်ပြီးနောက် အပြာရောင်ကို မရိုက်ခင် ကျွန်တော် ကြည့်ချင် သည် ဆို၍ မောင်စည်သူက ပူတူးတူး ပုံနှိပ်စက်ရိုက်သမားအား လာပြ ရန် ပြောထားသည်ဟု သိရသည်။ ကျွန်တော် ဇီဇာကြောင်သည်ကို သိ၍ မောင်စည်သူက ယခုလို စီစဉ်ထားဟန် ရှိသည်။ တစ်ညနေ ပူတူးတူးမှ လူတစ်ယောက် အစမ်းရိုက်ပြထားသော စက္ကူ ၂ ရွက်ကို ကိုင်ကာ လာသည်။ စက်သမားမှာ အသားညိုညို၊ ခပ်ပိန်ပိန်၊ အလုပ် ခန်းမှ လာသူဖြစ်၍ စွပ်ကျယ်လေးနှင့် မင်များပင် ပေနေသည်။ ချွေးတွေ သံတွေနှင့်။ ဒေါင်းစိမ်းပြာခေါ် အပြာနှင့် တစ်ရွက်။ ကြေးနီအပြာခေါ်

www.burmeseclassic.com



အပြာရင့်နှင့် တစ်ရွက်။ 'ဘယ်အရောင်နှင့် ရိုက်ရမည်လဲ' ဟု ခပ်ရှိရှိ အမူအရာဖြင့် မေးသည်။

ကျွန်တော်က ကောင်းကင်ပြာရင့် မင်ရောင်ကို ရွေးလိုက်သည်။ ခြေနင်းစက် ရိုက်သူ အလုပ်သမားဟု ကျွန်တော်က ထင်မှတ်ခဲ့သည်။ အမှန်က ထိုပုဂ္ဂိုလ်မှာ ပုတူးတူး ပုံနှိပ်စက်ပိုင်ရှင် 'သခင်ဖေသန်း'။ နောင်ခါ စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ ဖြစ်လာမည့် 'သာဓု'။ ကိုသာဓု။ ထိုအခါက သာဓု မဖြစ်သေး။ ကိုသာဓုမှာ ပုံနှိပ်စက်ရိုက်တတ်သူဟု သိရသည်။ မင်မခြောက်သေး၍ မဂ္ဂဇင်း စာအုပ်ကို စည်းသောအခါ တစ်အုပ် တစ်အုပ်ကြားတွင် စာရွက်တစ်ရွက် ညှပ်ခံ၍ စည်းရသည်။ ကျွန်တော်သည် စာအုပ်ပုံကြီးကို ကြည့်ကာ ငေးနေမိသည်။ တစ်ထောင်ပင် မကုန်ပါတကား။

[မိုးဝေမဂ္ဂဇင်း၊ စက်တင်ဘာလထုတ်၊ ၁၉၈၅။]

## ဖုန်တက်နေသော ဝါကြင်ကြင် စာရွက်ဟောင်းအပွေ

ယနေ့ကနေ လွန်ခဲ့သော အနှစ် ၄၀ (၁၉၄၀–၅၀) ကာလအတွင်း 'တာရာမဂ္ဂဇင်း' ထုတ်ဝေခဲ့သည်ကို ပြန်ကြည့်လိုက်လျှင် 'မဂ္ဂဇင်း သေးသေးလေး' တစ်စောင်ဖြစ်နေသည်ကို တွေ့ရသည်။

ယနေ့ ထွက်နေကြသော မဂ္ဂဇင်းများနှင့် ယှဉ်လိုက်လျှင် တာရာ မဂ္ဂဇင်းမှာ အတော်ကြီး သေးနေသည်။ အထူးအပါးသာမက အရွယ်ကလည်း သေးသည်။ ကျွန်တော်က အရွယ်သေးသေး စာမျက်နှာနည်းနည်းကို ကြိုက်သည်။ ကြိုက်သည်မှာလည်း အကြောင်းရှိသည်။ စာမျက်နှာ နည်းနေလျှင် ကျွန်တော့်စိတ်ကြိုက် စာများ ထည့်နိုင်သည်။ စာမျက်နှာများလျှင် စာသန့်သန့် မဖြစ်မှာ စိုးရိမ်သည်။ ထွက်လာစ ၁၉၄၇။ အရွယ် သေးသေး။ စာမျက်နှာမှာ နည်း၍ ကျေနပ်မိသည်။ ထွက်ခါစ စာအုပ်များတွင် ကျွန်တော်ချည်း ဒိုင်ခံရေးရသည်က များနေသည်။ မတတ်နိုင်။ ကျွန်တော် လိုချင်သော စာများမရ။ ထိုခေတ်ကာလက စာပေ ဝေဖန်ရေး၊ အနုပညာ ဝေဖန်ရေး စာရေးကြသူ အတော်နည်းသည်။ ယနေ့ခေတ်ကဲ့သို့ မဟုတ်။ သို့ဖြစ်ရာ ကျွန်တော်ပင် စာပေဝေဖန်ရေး စာကိုသာမက ပန်းချီ၊ ဂီတ၊ ရုပ်ရှင်၊ ပြဇာတ် စသော အနုပညာဝေဖန်ရေး စာများကိုပါ ကလောင် အမည်အမျိုးမျိုး ယူ၍ ရေးရသည်။ ၁၉၄၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော စာစောင်များကို ကျွန်တော် လိုချင်သော စာပေမဂ္ဂဇင်း ပုံစံဖြစ်အောင် ကောက်ကြောင်း 'ရာ' နိုင်ခဲ့သည်။ သိပ် မဆိုး။

အယူအဆပိုင်းတွင်ကား ကျယ်ကျယ်ပြန့်ပြန့် သဘောထားရှိခဲ့သည်။ ဒီမိုကရေစီ စာပေစိတ်ဓာတ်ဖြင့် တည်းဖြတ်ခဲ့သည်။ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်နှင့် အယူအဆခြင်း မတူသော်လည်း တိုင်းပြည်သို့ တင်ပြသင့်သည်ဟု မှတ်ယူသော စာပေ ဝေဖန်ရေးဆိုလျှင် ထည့်သွင်းခဲ့သည်။

၁၉၄၇ ခုနှစ် နောက်ပိုင်းကာလတွင် ဦးသိန်းဖေမြင့်ထံမှ 'ခေတ်နောက်ပြန် ဆွဲနေသော စာရေးဆရာများ' အမည်ရှိ စာပေ ဝေဖန်ရေးဆောင်းပါးတစ်စောင် ရရှိသည်။ ထိုအခါက 'သိန်းဖေ' အမည်ဖြင့် ရေးသည်။ သိန်းဖေမြင့် ဟူသော အမည်ကို မယူသေး။ ထိုစဉ်က ကိုသိန်းဖေမှာ ဗမာပြည် ကွန်မြူနစ်ပါတီ၏ နယ်ခြား မျဉ်းကြောင်းပေါ်တွင် ရပ်နေသည်ဟု ခံစားမိသည်။ နယ်ခြား မျဉ်းကြောင်းဟု ဆိုသည်မှာ အခြားကြောင့် မဟုတ်။ သူသည် ထိုအချိန်က နိုင်ငံရေး ကိစ္စတစ်ခုကြောင့် ဗမာပြည် ကွန်မြူနစ်ပါတီမှ 'အနားယူကာ ပါတီ တာဝန်မယူဘဲ' နေခိုက်ဖြစ်သည်။ သူ၏ အယူအဆသည် ကွန်မြူနစ် ပါတီ၏ အယူအဆ မဟုတ်။ သူ၏ ကိုယ်ပိုင်အယူအဆသာ ဖြစ်သည်ဟု ကျွန်တော် နားလည်ခဲ့သည်။

ကိုသိန်းဖေနှင့် ကျွန်တော် သိကျွမ်း ခင်မင်သည်မှာ စစ်မဖြစ်ခင် ကျောင်းသားဘဝကတည်းက ဖြစ်သည်။ ကိုသိန်းဖေက ကျွန်တော့်ထက် ၅ နှစ် ၆ နှစ် ခန့် ကြီးမည် ထင်သည်။ ကျွန်တော်တို့ ကျောင်းရောက်တော့ သူက ကျောင်းထွက် နေပါပြီ။ ကလကတ္တားတက္ကသိုလ်မှ ပြန်ရောက်စ၊ လက်ဝဲ ဘက်လိုကျောင်းသားများနှင့် ဆက်သွယ်မိကာ လက်ဝဲအယူအဆများ ရှိနေသည်ကို ကျွန်တော်တို့ သိထားခဲ့ကြသည်။ တက်ဘုန်းကြီးဝတ္ထုကြောင့် စာပေလောကတွင် လှုပ်ရှားကာ နာမည်ကြီးနေသောအခါ ဖြစ်သည်။

ယင်း 'ခေတ်နောက်ပြန်ဆွဲနေသော စာရေးဆရာများ' ဆောင်းပါးပါ ကိုသိန်းဖေ၏ စာပေ အယူအဆအားလုံးကို ကျွန်တော် သဘောတူသည် မဟုတ်ပါ။ အချို့သော ဝေဖန်ချက်တို့မှာ အဖျားဆွတ် ဝေဖန်ထားသည်ဟု ထင်မိသည်။ အဖျားဆွတ်ကောက်ယူကာ ကောက်နုတ်ဝေဖန်သည်ကို သဘောမကျသော်လည်း တချို့သော အခြေခံ သဘောများကိုကား တိုင်းပြည်သို့ တင်ပြသင့်သည်ဟု ယူဆ၍ ဆောင်းပါးကို ထည့်ပေးလိုက်ခြင်း ဖြစ်သည်။ ယင်းဆောင်းပါးနှင့် ပတ်သက်၍ ကိုတက်တိုး၏ ချေပချက် ဆောင်းပါးကို နောက်တစ်လအကြာ ပထမနှစ်ပတ်လည် ၁၉၄၇ ဒီဇင်ဘာလတွင် ထည့်သွင်းဖော်ပြလိုက်သည်။ ယင်း ဒီဇင်ဘာလထုတ်



တာရာမဂ္ဂဇင်းမှာ ၁၉၄၈ မတ်လမှ ထွက်ဖြစ်သည်။

ကိုသိန်းဖေနှင့် ကျွန်တော်တို့မှာ နိုင်ငံရေးအယူအဆများတွင် သဘော သိပ်မတူညီကြပါ။ (အထူးသဖြင့် ၁၉၄၈ နောက်ပိုင်း) ကမ္ဘာ့ငြိမ်းချမ်းရေး အဖွဲ့အစည်း၊ စာရေးဆရာအသင်း၊ တရုတ်မြန်မာ မိတ်ဆွေဖြစ်အသင်း စသော အဖွဲ့အစည်းများတွင် အတူလုပ်ကိုင်ခဲ့ဖူးသည်။ ၁၉၅၆ ဟန်ဂေရီအရေးတွင် ကိုသိန်းဖေနှင့် ကျွန်တော်တို့ များစွာ ကွဲလွဲခဲ့ကြပါသည်။ ကျွန်တော်က ဆိုဗီယက် စစ်တပ်များ ဟန်ဂေရီပြည်တွင်း ဝင်ရောက်ကာ စွက်ဖက်သည်ကို သဘောမတူပါ။ ကမ္ဘာ့ငြိမ်းချမ်းရေး အဖွဲ့အစည်း အမှုဆောင်အဖွဲ့အတွင်းတွင် ကျွန်တော် တစ်ယောက်တည်း ဖြစ်ခဲ့သည်။ ဦးသိန်းဖေမြင့်က ကျွန်တော့်ကို 'မင်းက ကိုဗဆွေလောက်မှ မတိုးတက်ဘူး၊ ကိုဗဆွေက ဒီကိစ္စမှာ ဆိုရှယ်လစ်စနစ်ဘက်က ကာကွယ်တယ်လို့ ယူဆတယ်' ဟု အစည်းအဝေးတွင် ပြောသည်။

(ခ)

၁၉၄၇ ဒီဇင်ဘာလထုတ်ကစ၍ မဂ္ဂဇင်းအရွယ်ကို နည်းနည်းပြောင်းရန် ဆုံးဖြတ်လိုက်သည်။ ဒီမိုင်းဟု ခေါ်သော အရွယ်။ မူလအရွယ်ထက် အပေါ်တစ်လက်မ၊ ဘေးတစ်လက်မခန့် ကြီးသည်။ ဖော်ပြခဲ့သည့်အတိုင်း ယင်း ပထမ နှစ်ပတ်လည် မဂ္ဂဇင်းမှာ ၁၉၄၈ မတ်လမှ ထွက်သည်။ အရွယ်ပြောင်းသည့် အတွဲ ၂ မဂ္ဂဇင်းသည် တစ်နှစ်လုံး အမှတ်စဉ်တပ်၍ ထုတ်ဝေခဲ့သည်။ အတွဲ ၁ မှ စ၍ လအမည်မတပ်ဘဲ အမှတ်စဉ်တပ်၍ ထုတ်ဝေခဲ့သည်မှာ အကြောင်းရှိသည်။ ထုတ်ဝေကတည်းက လစဉ် မှန်မှန်ထွက်နိုင်ခဲ့သည် မဟုတ်။ အတွဲ ၁ (၁၉၄၇) တစ်ခုလုံးမှာ သုဓမ္မဝတီ ပုံနှိပ်တိုက်တွင် ရိုက်ခဲ့သည်။ သုဓမ္မဝတီ ပုံနှိပ်တိုက်မှာ ပိဋကတ်ကျမ်းစာအုပ်များ ရိုက်နှိပ်သော တိုက်ဖြစ်၍ မင်ကျ မင်နှ ကောင်းသဖြင့် ကျွန်တော် ကြိုက်သည်။

သုဓမ္မဝတီပုံနှိပ်တိုက်မှလည်း 'တိုင်းရင်းမေ' အမည်ဖြင့် အမျိုးသမီးဂျာနယ် တစ်စောင် ထုတ်ဝေလျက် ရှိနေသည်။ သုဓမ္မဝတီ ဦးပန်းမောင်က ကျွန်တော့်ကို လစဉ် မထွက်လျှင် အမှတ်စဉ်ဖြင့် ထွက်ရန် အကြံပေးသည်။ ဟုတ်သည်။ လအမည်တပ် ထွက်၍ မဖြစ်။ အရွယ်ပြောင်းသည့် လကစ၍ ပုံနှိပ်စက်တစ်လုံး ဝယ်ရန် ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com



ကိုယ်ပိုင်စက်နှင့် ဆိုလျှင် လစဉ်မှန်မှန် ထွက်နိုင်မည်ဟု ထင်ခဲ့သည်။ ကျွန်တော့်စိတ်ထဲက ပုံနှိပ်တိုက် တစ်ခုတွင် စာစောင် ၂ ခု ထွက်နေရ၍ ကျွန်တော်၏ မဂ္ဂဇင်း ကြန့်ကြာသည်ဟု ထင်နေသည်။ ပုံနှိပ်စက် ဝယ်လိုက်မှ ပိုဆိုးတော့သည်။ ကျွန်တော်က လည်ဝယ်သူ မဟုတ်၍ ပုံနှိပ်စက် အပျက်ကြီး ဝယ်မိလျက်သား ဖြစ်နေတော့သည်။ စက်ကို ပြင်နေရသည်နှင့် ၄ လကြာသွားသည်။ ဒီဇင်ဘာလ ထွက်ရမည့် မဂ္ဂဇင်းမှာ ၁၉၄၈ မတ်လမှ ထွက်ဖြစ်တော့သည်။ ၁၉၄၈ မတ်လမှ ထွက်ဖြစ်တော့လည်း အလုပ်ရှုပ်ရုံသာမက လုပ်ငန်း စီမံရခြင်းတွင်လည်း အခက်အခဲကို တွေ့ကြုံရသည်။ ကျွန်တော်သည် အလုပ်သမားများဖြင့် လုပ်ကိုင်ရသော လုပ်ငန်း တစ်ခါမျှ မလုပ်ဘူးပေ။ ကျွန်တော့်အဖို့ အတွေ့အကြုံသစ် ဖြစ်နေသည်။

စာစီသမားတစ်ယောက်မှာ ကျွန်တော် စားပွဲတွင် မရှိလျှင် အိပ်နေတတ်သည်။ ကျွန်တော် အပြင်မှ ပြန်လာလျှင် အိပ်နေသည်ကို ၂-၃ ကြိမ် တွေ့ဖူးသည်။ သူ့ကို နှိုးပြီးမှ စာစီခိုင်းရသည်။ ကျွန်တော် အလုပ် မတွင် ဖြစ်နေသည်ကို လုပ်ငန်းအုပ်ချုပ်ပေးသော ဖိုမင်လူကြီးက ယင်း စာစီသမားကွယ်ရာတွင် 'ခင်ဗျားက အတွေ့အကြုံ မရှိသေးဘူး၊ ကျွန်တော်လည်း ပြောမလို့ဘဲ၊ ခင်ဗျားက သူနဲ့အတူ တွဲပြီး လံချားစီးတာကိုး' ဟု ပြုံးကာ ပြန်ပြောသည်။ ကျွန်တော် အံ့သြသွားပြီး နားမလည်နိုင် ဖြစ်ရသည်။ ကျွန်တော် ဖတ်လျက်ရှိသော အလုပ်သမားလူတန်းစားအကြောင်း စာအုပ်ထူကြီးများနှင့် လက်တွေ့ကို သုံးသပ်ကြည့်မိလာသည်။ လူ့သဘာဝနှင့် သဘောတရား၊ သဘောတရား စာအုပ်ကြီးနှင့် တကယ့် အတွေ့အကြုံတို့ကို နားလည်အောင် ကြိုးစားရမည်ဟု သိလာရသည်။

ထိုအခါက တာရာပုံနှိပ်စက်မှာ ကိုင်းတန်းတွင် ဖြစ်သည်။ နေသည်က ၁၄ လမ်း။ ထမင်းစား နေ့လယ်ပြန်တတ်ရာ အပြန်တွင် ယင်းအလုပ်သမားကို တွေ့လျှင် ကျွန်တော်စီးနေသော လံချားပေါ် တင်တတ်မြဲ။ ဖိုမင်လူကြီးက ယင်းကို ရည်ညွှန်းပြောခြင်း ဖြစ်သည်။ သူက ကျွန်တော့်ထက် အသက် ၂၀ ကျော်ခန့် ကြီးမည်။ လူ့အကြောင်းကို ကျွန်တော့်ထက် နားလည်သူ၊ အတွေ့အကြုံရှိသူ ဖြစ်သည်။ ကျွန်တော်သည် ထိုအခါက အသက် ၃၀ မပြည့်တတ်သေး။

ကျွန်တော်က ဖိုမင်လူကြီးကို ငေးကြည့်နေသောအခါ သူက



'ဒီလိုလုပ်၊ လခစားမထားနဲ့၊ ပုတ်ပြတ် အလုပ်သမားထား' ဟု အကြံပေးသည်။ ပြဿနာ မရှိတော့။ လူသစ် အလုပ်သမားကောင်း တစ်ယောက်ရသည်။ နောင် ကျွန်တော့် လက်စွဲဖြစ်သွားတော့သည်။ ကျွန်တော့် လက်ရေးကိုလည်း ကောင်းစွာ ဖတ်နိုင်သူ ဖြစ်သည်။

သို့သော် မဂ္ဂဇင်းက ခပ်နှေးနှေးပင် လှမ်းနေရသည်။ သည်တော့မှ ကျွန်တော့်လုပ်ငန်း မကျွမ်းကျင်မှန်း သိရသည်။ အလုပ်နဲ့မတူ။ စာရင်းအင်း မရှိ။ လဆန်းမှန်မှန် မထွက်။

(၈)

၁၉၄၈– ၄၉ နှစ် ကာလမှာ ပြည်တွင်း မငြိမ်မသက် ဖြစ်နေသော ကာလဖြစ်၍ လမ်းပန်းအဆက်အသွယ် ပြတ်တောက်နေသည်။ စာတိုက်များမှ ပို့၍ မရ။ သို့ဖြစ်ရာ မဂ္ဂဇင်းစောင်ရေမှာ ပို၍ ဆိုးသည်။ နယ်မှ ငွေများ အရောက်နှေးသည်။ တချို့ စာအုပ်ထုပ်များ ပြန်လာသည်။

အတွဲ ၃ တာရာ မဂ္ဂဇင်းများကို ကျွန်တော်ကိုယ်တိုင် ရိုက်နှိပ်ထုတ်ဝေခြင်း မပြု။ ရှမဝ ဦးကျော်က ကျွန်တော် မနိုင်မနင်း လုပ်နေသည်ကို မြင်၍ 'ခင်ဗျားနဲ့ ဒီအလုပ်က မတော်ပါဘူး၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိအကုန် ကျွန်တော် တာဝန်ယူ လုပ်ပေးမယ်၊ ခင်ဗျားက စာမူသာပေး၊ အေးအေးဆေးဆေး စာသာ ရေးပါ၊ ကျွန်တော်တို့ ရှမဝအတွက်လည်း ရေးပေးပါ' ဆိုသဖြင့် ဟန်ကျသွားသည်။ ဦးကျော်က ကျွန်တော်၏ စာများကို ကြိုက်သူဖြစ်သည်။ အချိန်ပိုရ၍ ရှမဝတွင် စာများ ရေးပေးခြင်း ဖြစ်သည်။ အတွဲ ၄ (၁၉၅၀) ကို တာရာ ပုံနှိပ်တိုက်တွင်ပင် ပြန်ရိုက်နှိပ်သည်။ မေလထုတ်၊ အတွဲ ၄ အမှတ် ၂၈ သည် တာရာမဂ္ဂဇင်း နောက်ဆုံးထုတ် ဖြစ်သည်။ လုပ်ငန်းသမိုင်းမှာ ဒါပဲ ဖြစ်သည်။ မအောင်မြင်သော မဂ္ဂဇင်းအငယ်လေးတစ်ခု။

ယနေ့ထွက်လျက်ရှိနေကြသော မဂ္ဂဇင်းများနှင့် နှိုင်းယှဉ်ကြည့်လိုက်လျှင် တာရာမဂ္ဂဇင်းသည် မဂ္ဂဇင်း သေးသေးလေးတစ်ခု။

လစဉ်သာ မှန်မှန်ထွက်ရမည်ဆိုလျှင် တာရာမဂ္ဂဇင်းသည် အမှတ် ၄၁ ထိ ရေတွက်နိုင်ရမည် ဖြစ်သည်။ ယခု တစ်ဝက်မျှသာ ရှိသည်။ စီးပွားရေး လုပ်ငန်းတစ်ခု အနေဖြင့် လုံးဝ မအောင်မြင်။ စီးပွားရေးကိုထား၊ လုပ်ငန်းတစ်ခု အဖြစ်ပင် မဆိုလောက်။

www.burmeseclassic.com

www.burmeseclassic.com



ပါးပါးလျလျ တာရာမဂ္ဂဇင်း အဖုံးအပြာရောင်ကတော့ ဆေးခြောက်သွားပြီ။ တာရာမဂ္ဂဇင်း အဟောင်းကို ပင့်ကူအိမ်အမြေးများကြားမှ ယူကြည့်ရသည်။ ထိုအခါကမူ မှန်တိုင်းကြားမှ မနည်းရုန်းကန်လူးလှိမ့်၍ လုပ်ခဲ့ရသည်။

(ဃ)

ကျွန်တော် မဂ္ဂဇင်းထုတ်ဝေသော ၁၉၄၆–၁၉၅၀ ကာလမှာ လွတ်လပ်ရေး ကြိုးပမ်းချိန်နှင့် လွတ်လပ်ရေးရခါစ၊ လှုပ်ရှားနေသော ကာလ။ မုန်တိုင်း ကာလ။ စစ်နှင့် ငြိမ်းချမ်းရေး ပြဿနာကို ဖြေရှင်းနေကြရသောကာလ။ ယင်းကာလသမိုင်းခေတ်ကို ဖြတ်သန်းခဲ့ရသော စာပေအတွေ့အကြုံသည် ကျွန်တော့် အတွက်ဆု။ အတွေးအခေါ် ဘက်ဆိုင်ရာဆု။ ကျွန်တော်တို့ ကျောင်းသားဘဝက တကုပ်ကုပ် ဖတ်ခဲ့ရသော စာအုပ်များထဲမှ ရရှိသော စာအုပ်အသိနှင့် တကယ် ရင်ဆိုင် ဖြတ်သန်းခဲ့ရသော ကိုယ်တွေ့လောကမှ သင်ကြားသော အသိတို့ကို ချေစပ်ညှိနှိုင်းကြည့်ရသော လမ်းစကို တွေ့မြင်သွားခဲ့ရသည်။ ချေစပ်၍ ရသည်များလည်း ရှိသည်။ ချေစပ်၍ မရသည်များလည်း ရှိသည်။ စာမျက်နှာနံရံပြင်ပမှလည်း အမှန်တရားကို ရှာဖွေတွေ့ရှိနိုင်သည်။

ယခုအခါ ကျွန်တော့်ထံတွင် တာရာမဂ္ဂဇင်း အဟောင်းများ သိပ်မရှိတော့ပြီ။ စုဆောင်းသိမ်းဆည်းထားသမျှလည်း ခြစား၍ ကုန်ပါပြီ။ တစ်ခါတစ်ရံ သတိရ၍ ကြည့်ချင်လျှင်ပင် မရှိ။ လွန်ခဲ့သော ၁၄ နှစ်ခန့်လောက် ထင်သည်။ မြန်မာစာ မဟာဝိဇ္ဇာတန်းတွင် **'တာရာမဂ္ဂဇင်းကို လေ့လာခြင်း'** စာတမ်း ပြုစုသူ ကျောင်းသားက ကျွန်တော့်ထံ လာမေးသည်။ ကျွန်တော့်ထံတွင် အပြည့်အစုံ မရှိ၍ တက္ကသိုလ်များ စာကြည့်တိုက်သို့ ညွှန်းလိုက်ရသည်။

ပါမောက္ခ ခွင့်ပြုချက်ရပြီးမှ စာစစ်အဖွဲ့ဝင် စာရေးဆရာကြီး တစ်ဦးက 'မကြိုက်' သဖြင့် စာတမ်းကို အမည်ပြောင်းကာ တစ်မျိုးပြင်၍ တင်ခဲ့ရသည်ဟု ကြားရသည်။ သူ့အမြင်မှာ တာရာမဂ္ဂဇင်းသည် သမိုင်းမဝင်၊ စာမဖွဲ့လောက်ဟူ၍ ဖြစ်မည်။ ကျွန်တော်က နောင်လာနောက်သားများ မည်သို့သဘောထားသည်ကိုတော့ စိတ်ဝင်စားမိသည်။ သမိုင်းဆိုသည်မှာ နောက်လူတို့က မှတ်တမ်းတင်သော ခံစားမှုပင် ဖြစ်



သည်။ အကောင်းထင်ထင်၊ အဆိုးထင်ထင် ကျွန်တော့် အတွက်ကား နှစ်ကာလ ဖုန်တက်နေသော စာရွက် ဝါကြင်ကြင် စာအုပ်အဟောင်း တစ်အုပ်အဖြစ် 'အမွေ' ရရှိလိုက်သည်ပင်။

[မိုးဝေ၊ အောက်တိုဘာ၊ ၁၉၈၆]

www.burmeseclassic.com

www.burmeseclassic.com

## ခံစားမှုနှင့် အဖွဲ့အနွဲ့

ဆန့်ကျင်ဘက်တို့သည် ပေါင်းစပ်နိုင်သလော။ ဤမေးခွန်းကို ကျွန်တော် လွန်ခဲ့သော အနှစ် ၅၀ ခန့်ကပင်လျှင် စိတ်ဝင်စားခဲ့သည်။ ကျွန်တော် ကျောင်းသားဘဝ ဒဿနစာအုပ်များ စတင် ထိတွေ့ရကတည်းကပင် လျှင် ကျွန်တော့်ခေါင်းထဲသို့ ချဉ်းနင်းဝင်ရောက်လာသော အတွေးအခေါ် ဖြစ်သည်ဟု ပြောရမည် ထင်သည်။ ယင်း ဒဿနစာအုပ်များ စဖတ်စက တော့ ကောင်းကောင်း နားမလည်ခဲ့။ သို့သော် တစ်ဘက်ကလည်း ဖတ် ချင်နေသည်။ ထိုအခါက အတွေ့အကြုံ သိပ်မရှိလှသေး။ ဝါသနာတွေက များနေသည်။ စန္ဒရား တီးတတ်ချင်သည်။ ပန်းချီ ရေးတတ်ချင်သည်။ ကဗျာ ရေးချင်သည်။ ဝတ္ထု ရေးချင်သည်။ ဘယ်အရာမှ မည်မည်ရရ မဖြစ်မြောက်သေး။ ဟိုစစ၊ သည်စစ။

ကျောင်းရောက်စနှစ်က ကျွန်တော်သည် သိပ္ပံအတန်းများကို တက်ကြည့်ဖူးသေးသည်။ ကျွန်တော်က သိပ္ပံဝါသနာပါသည်။ ဆယ်တန်း ၌ သင်္ချာဘာသာတွင် အမှတ်များခဲ့သည်။ အထူးသဖြင့် ပုစ္ဆာတွက်ရသည်ကို ပျော်သည်။ စဉ်းစားတွက်ချက်ပြီး အဖြေရလျှင် ပျော်သည်။ ဆန်းစစ်ကြည့် ရသည်ကို ပျော်သည်။ ယင်းကြောင့် သိပ္ပံတန်းသို့ လိုက်ကြည့်ခြင်း ဖြစ်သည်။ ကျွန်တော်မှာ ငယ်စဉ်ကတည်းက မျက်စိမှုန်သူဖြစ်ရာ ကျောက် သင်ပုန်းတွင် ဆရာက ရေးပြသော ဂဏန်းတို့ကို မြင်ရအောင် ရှေ့တန်း ဦးရမည်ကို ဝန်လေး၍ စိတ်ပျက်ကာ ဝိဇ္ဇာဘာသာတွဲဘက်သို့ အမြဲတမ်း ယူရန် ပိုင်းဖြတ်လိုက်ရသည်။ ဝိဇ္ဇာတန်းက ဆရာ၏ ပို့ချချက်ကို နား ထောင်လျှင် ပြီးသည်။ ဒုတိယခုံတန်းကို လှနေရာ မလို။ ထိုအခါက

www.burmeseclassic.com



ပထမခုံတန်းမှာ ကျောင်းသူများအတွက် ဖြစ်သည်။ ထိုအခါက ကျွန်တော့် စိတ်မှာ တယ်မတည်ငြိမ်သေး၊ ဟိုပြေး သည်ပြေး။

ယင်းကျောင်းသားဘဝက ဆန့်ကျင်ဘက်တို့၏ ပေါင်းစပ်ခြင်း ဟူသော အတွေးအခေါ်များ ကျွန်တော့်ကို စိတ်လှုပ်ရှားစေသည်။ ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ် အတွေ့အကြုံက ကျွန်တော်တို့၏ စိတ်ဓာတ် ကို ဖမ်းစားစေခဲ့ပြီ။ ခေတ်ပြိုင် သမိုင်းအဖြစ်အပျက်များက လူထု လှုပ်ရှားမှု အတွေ့အကြုံနှင့် ဆက်စပ်သော ဒဿနစာအုပ်တို့ကို စိတ်ဝင်စားအောင် လှုံ့ဆော်ပေးလိုက်သည်လား မသိ။ ဘာလိုလိုနှင့် ၁၉၃၆ ကျောင်းသား သပိတ်ပင် ရွှေရတုနှစ်သို့ ရောက်ပြီကော။ ယနေ့ ကျောင်းသား လူငယ် တို့ သမိုင်းကျောင်းသုံးစာအုပ်တွင် ယင်း ကျောင်းသား သပိတ်အကြောင်း သင်အံ့ ရွတ်ဆိုနေကြသည်ကို ကြားရသောအခါ သမိုင်းကမ္ဘည်းထိုးထား သည်ကို ဝမ်းသာမိရသည်။ ထိုကျေးဇူးကြောင့်ပင် နိုင်ငံရေး ဒဿနစာအုပ် တို့ကို စိတ်ဝင်စားခြင်း ဖြစ်သည် မဟုတ်ပါလော။

## (ခ)

ကျွန်တော် ကျောင်းသားဘဝနှင့် ဖြတ်သန်းခဲ့သော ၁၉၃၆ ကျောင်းသား သပိတ်။ ၁၃၀၀ ပြည့် အရေးတော်ပုံစသော လူထုလှုပ်ရှားမှု အတွေ့အကြုံများတွင် ဆန့်ကျင်ဘက် သဘောနှစ်ခုကို ခံစားရသည်။ အထူးသဖြင့် ၁၃၀၀ ပြည့် အရေးတော်ပုံတွင် ဆန့်ကျင်ဘက် ခံစားမှု သဘောကို နက်ရှိုင်းစွာ ထိတွေ့သည်ဟု ဆိုနိုင်သည်။ အင်္ဂလိပ်ကိုလိုနီ အစိုးရ ဖိနှိပ်ချုပ်ချယ်ခြင်း သဘောကို ထင်ရှားစွာ တွေ့ထိရသည်။

ဆန့်ကျင်ဘက် နှစ်ဘက်သဘောကို ခံစားရသည်။ တစ်ဘက်က ကျွန်တော်တို့ကို ဖိနှိပ်ချုပ်ချယ်သော အင်္ဂလိပ်ကိုလိုနီအစိုးရ၊ တစ်ဘက်က အဖိနှိပ်ခံရသော ပြည်သူ။ ကျွန်တော်တို့ ကျောင်းသားများ ပါဝင်သော ကျွန်တော်တို့နှင့် တစ်ဘက်တည်းတွင် အလုပ်သမား၊ လယ်သမား၊ စာရေး စာချီ၊ ဈေးသည်၊ ကုန်သည်၊ ပွဲစားစသော အများစုပြည်သူတို့ ပါဝင်သည် ကို တွေ့ရသည်။ အစိုးရထဲမှာပင် မျိုးချစ် မြန်မာအရာရှိကလေးများ ပါဝင်သည်ကို ထိတွေ့ရသည်။ ၁၉၃၈ ဒီဇင်ဘာလ ၂၁ ရက် အတွင်း ဝန်ကြီးရုံးကို ကျောင်းသားများ ဝိုင်းပြီး နောက်တစ်ရက်အကြာတွင် မြို့ထဲ သို့ လှည့်ကာ အလှူငွေ ကောက်ခံကြသည်။ ကျွန်တော်က ရန်ကုန်



အရှေ့ပိုင်း တာဝန်ကျသည်။ ပုဇွန်တောင်ဂိတ်တဲရှေ့သို့ ရောက်သော အခါ မြန်မာ ပုလိပ်အရာရှိတစ်ဦးက ထွက်လာကာ ကျောင်းသားများ အတွက် အလှူငွေထည့်သည်။ ကျွန်တော်က အလှူရှင်အမည်ကို ရေးမှတ် မည်ပြုသောအခါ သူက အမည်မဖော်ပြပါနှင့်ဟု မှာသည်။ ကျွန်တော်နှင့် အတူ ကျောင်းသားများလည်း ပါသည်။ ယင်းအဖြစ်အပျက်ကို အခြေပြု ကာ 'ရန်ပုံငွေ' အမည်ဖြင့် ဝတ္ထုတိုတစ်ပုဒ်ရေးဖြစ်သည်။ ၁၉၄၁ နှစ်ပတ် လည် တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်းတွင် ပါသည်။ မြန်မာစာတည်း မှာ ရှမ်းပြည်ကိုတင်အေးဖြစ်သည်။ ယင်းနှစ်အိုးဝေမဂ္ဂဇင်းတွင် သမဂ္ဂ အမှုဆောင် တစ်ဦးဟူသော ကလောင်အမည်ဖြင့် 'ပုလိပ်တွေ မမုန်းနှင့်' ဆောင်းပါးရေးခဲ့သည်။ ဘုရင်မပန်းခြံ (ယခု ဗန္ဓုလပန်းခြံ) တွင် ကြုံတွေ့ ခဲ့ရသော ကုလားပုလိပ်တစ်ဦးနှင့် တွေ့ဆုံခန်း ပုံသဏ္ဌာန်ဖြင့် ဖွဲ့နွဲ့ဖော် ပြထားသည်။ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှု အင်အားစုထဲတွင် အင်္ဂလိပ် အစိုးရအမှုထမ်းများကို ထိုးဖောက်ကာ စည်းရုံးကြရန် လိုသည်ဟု ယူဆ ကာ ကျွန်တော်၏ ခံစားမှုကို ဖော်ပြခြင်း ဖြစ်သည်။ ယင်း ခံစားချက် တို့မှာ ဆန့်ကျင်ဘက် ပေါင်းစပ်ခြင်း သဘောတရားမှ ပေါ်ထွက်လာခြင်း ဖြစ်သည်ဟု ဆိုလျှင် ရမည်ထင်သည်။

ထိုခေတ်က ကျွန်တော်တို့ ဖြတ်သန်းခဲ့သော ခေတ်ပြိုင်သမိုင်း အတွေ့အကြုံအရ ဘက်နှစ်ဘက်ကို ထင်ရှားပြတ်သားစွာ ထိတွေ့ခံစား ရသည်။ တစ်ဘက်ကား ဖိနှိပ်ချုပ်ချယ်သော နယ်ချဲ့စနစ်၊ တစ်ဘက်ကား ဖိနှိပ်ချုပ်ချယ်ခြင်း ခံရသော ပြည်သူ၊ ယင်း ဆန့်ကျင်ဘက် နှစ်ဘက်ကို မည်သို့ ပေါင်းစပ်မည်နည်း။ ဆန့်ကျင်ခြင်းသည် မည်သို့ ဖြေရှင်းရမည် နည်း။ အရင်းရှင်နှင့် အလုပ်သမား၊ မြေရှင်နှင့် လယ်သမား၊ ကိုလိုနီ နယ်ချဲ့သမားနှင့် လက်အောက်ခံ၊ ပြည်သူ့စစ်နှင့် ငြိမ်းချမ်းရေး စသည် ဖြင့် ဆန့်ကျင်ဘက် နှစ်ဘက်တို့ ရှိသည်။ ကမ္ဘာလောကကြီးတွင် ဆန့် ကျင်ဘက်တို့ဖြင့် ပြည့်လျက် ရှိသည်။ အတွင်းဘက် အပြင်ဘက်ရှိနေ ကြသည်ဟု ဆိုကြသည်။ ယင်း ဆန့်ကျင်ဘက် နှစ်ဘက်တို့ ပေါင်းစပ် အောင် လုပ်နိုင်ခြင်းသည် ဆန့်ကျင်ဘက်များကို ဖြေရှင်းနိုင်ခြင်းပင်မည် သည်။ မတူသော ဆန့်ကျင်ဘက် နှစ်ဘက်ကို မည်သို့ ပေါင်းစပ်အောင် လုပ်ရမည်နည်း။ ဤသည်ကား ဆန့်ကျင်ဘက် ပေါင်းစပ်ခြင်း သဘော တရား၏ သော့ချက် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်က နိုင်ငံရေး တရားပွဲများတွင် အင်္ဂလိပ်အစိုးရ အမှုထမ်းတို့ကို ရှုတ်ချတတ်ကြသည်။ အထူးသဖြင့် ပုလိပ်တို့ကို ပြည်ပအစေခံများ၊ နယ်ချဲ့လက်ပါးစေ စသည်ဖြင့် ခေါ်ဝေါ်ကာ ဟောပြောတတ်ကြသည်။ ကျွန်တော် သိပ်မကြိုက်၊ ဘဝင်မကျ ကျွန်တော် နယ်သို့ တရားဟောထွက်ရာတွင် သည်စကားလုံးများ မသုံး။ သူတို့ကို ပြည်သူဘက်ရောက်လာအောင် လုပ်ရမည်ဟု ကျွန်တော် ခံစားနေမိသည်။ ထို့ကြောင့်ပင် ဖော်ပြပါ ဝတ္ထုတိုနှင့် ဆောင်းပါးကို ရေးဖြစ်ခြင်း ဖြစ်သည်။

ကျွန်တော်က ငြိမ်းချမ်းသော နည်းလမ်းဖြင့် ဖြေရှင်းခြင်းကို ကြိုက်သည်။ အမှန်တရားကို ရှင်းလင်းဖော်ပြခြင်းဖြင့် မိမိဘက်ပါလာအောင် လုပ်ခြင်းကို ကြိုက်သည်။ ဆန့်ကျင်ဘက် ပေါင်းစပ်ခြင်း သဘောတရားကို အဓိပ္ပာယ်ကောက်ယူရာတွင် တစ်ယောက်နှင့်တစ်ယောက် မတူကြပါ။ ကျွန်တော်က ကိုယ့်နည်းနှင့်ကိုယ် အဓိပ္ပာယ်ကောက်သည်။ ကိုယ့်ခံစားမှုနှင့် ကိုယ် လုပ်ချင်သည်။

(ဂ)

သိပ္ပံဘက်တွင် ဆန့်ကျင်ဘက် ပေါင်းစပ်ခြင်းကို တွေ့နိုင်သည်။ ဖိုဓာတ်နှင့် မဓာတ် ပေါင်းစပ်ခြင်းဖြင့် လျှပ်စစ်မီး ပွင့်လင်းလာခဲ့သည်။ ပရမာဏုဖိုဓာတ်နှင့် ပရမာဏုမဓာတ်တို့ ပေါင်းစပ်ပေးခြင်းဖြင့် အဏုမြူစွမ်းအား ဖြစ်ပေါ်လာခဲ့ပြီ။ သိပ္ပံနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်သာ မဟုတ်၊ စာပေ အနုပညာနယ်ပယ်တွင်ကော ဆန့်ကျင်ဘက်ချင်း ပေါင်းစပ်ခြင်း သဘော မဖြစ်နိုင်ပေဘူးလော။

စစ်ကြီးအပြီး စစ်နှင့် တော်လှန်ရေး ခေတ်တို့ကို ဖြတ်သန်းခဲ့ပြီးနောက် ကျွန်တော်၏ ဘဝပုံသဏ္ဌာန်သည် ကျောင်းသားဘဝကကဲ့သို့ မပီမသ မဟုတ်တော့ဘဲ ပီသစပြုလာသည်ဟု ဆိုနိုင်လာသည်ထင်သည်။ လွတ်လပ်ရေးခေတ်ရောက်လာသောအခါ ကျွန်တော်၏ ခံစားမှုသည် စာပေ၊ ယဉ်ကျေးမှုနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး လုပ်ငန်းများဘက်သို့ ဒလဟောစီးဆင်းလာခဲ့တော့သည်။ ယင်းလုပ်ငန်းတို့မှာ ကျွန်တော်၏ ပင်ကိုဆန္ဒနှင့် ကိုက်ညီသော အလုပ်များ ဖြစ်နေကြ၍ ဖြစ်သည်။ ကျွန်တော်က ဆန့်ကျင်ဘက်များကို ငြိမ်းချမ်းသော နည်းလမ်းဖြင့် (နည်းလမ်းများ အမျိုးမျိုး



ရှိကြသည့်အနက်) ပေါင်းစပ်ဖြေရှင်းခြင်းကို ယုံကြည်သူ မဟုတ်ပါလား။

ကျွန်တော်သည် ဆေးစပ်ပျဉ်ပြားပေါ် မင်အနီနှင့် အပြာရောင် ရောစပ်ကြည့်ရလျှင် ပျော်သည်။ အနီက အပူရောင်၊ အပြာက အအေးရောင်၊ ဆန့်ကျင်ဘက် အရောင်များ။ သို့သော် ပေါင်းစပ်လိုက်သောအခါ အရောင်သစ်၊ အလှသစ်တစ်မျိုး ထွက်လာသည်။ ခရမ်းရောင်၊ မရမ်းဆေးရောင်၊ အပြာနည်းနည်း ကဲသွားလျှင် ခရမ်းရောင် ဖြစ်လာသည်။ အနီရောင် နည်းနည်းကဲလိုက်လျှင် မရမ်းဆေးရောင် ဖြစ်လာသည်။ အဖြူရောင် ထည့်လိုက်လျှင် အရောင်နုလာသည်။ ဘယ်လောက် အရသာရှိလိုက်သလဲ။

တစ်ခါက ရှမ်းပြည်နယ်၊ တောင်ကြီး ဟိုပုံးကားလမ်းဘေးရှိ ကြက်သွန်ဖြူခင်း ရှုခင်းကို ပန်းချီရေးရာ ကောင်းကင်ပြာပြာ တောင်တန်းတွေက စိမ်းစိမ်း၊ အားလုံး အအေးရောင်ချည်း လွှမ်းမိုးနေအောင် အရောင်များ ထည့်ပေးခဲ့သည်။ ကားချပ် ပြီးခါနီးသောအခါ အဝေးရှိ တောင်တန်း၊ တောင်စောင်းများအောက်ခြေတွင် မြေနီတစ်ကွက်ကို လှမ်းတွေ့နိုင်သည်။ ကျွန်တော်က အအေးရောင် စိမ်းပြာတို့နှင့် ဆန့်ကျင်သော မြေနီရောင် ရဲရဲထည့်ချင်နေသည်နှင့် အတော် ဖြစ်သွားခဲ့သည်။ ဆန့်ကျင်ဘက်ချင်း ပေါင်းစပ်ချင်နေသည်ကို နောက်မှ တွေးမိသည်။ တကယ် ရှိနေသည့် မြေနီရောင်တွင် ပို၍ နီရဲသော အရောင်ကို ကျွန်တော်က စိတ်ကူးဖြင့် ထပ်ဖြည့်လိုက်ခြင်း ဖြစ်သည်။ ကျွန်တော့် မိတ်ဆွေ ပန်းချီဆရာများက ကားကို ကြည့်ကာ ခင်ဗျားက ရဲသားပဲဟု ဝေဖန်ကြသည်။

ပန်းချီအမြင်ဖြင့် ကြည့်ကာ အရောင်အအေးခြင်း တွဲဖက်ခြင်း မဟုတ်ဘဲ အရောင်အေးထဲတွင် အပူရောင် ရောစပ်လိုက်ခြင်းကြောင့် ရဲသည်ဟု ပြောခြင်း ဖြစ်နိုင်သည်။ သမားရိုးကျကို ဆန့်ကျင်ကာ ဆွဲလိုက်သဖြင့် ရဲသည်ဟု ထင်လေသလား မသိ၊ ကျွန်တော့်အဖို့ရာကား ရဲသည်၊ ဘာသည်၊ ညာသည် မဟုတ်။ မိမိလုပ်ချင်တာကို ရေးချလိုက်ခြင်းသာ ဖြစ်သည်ဟု ဆိုရမည် ထင်သည်။ ကျွန်တော်က ဆန့်ကျင်ဘက်ခြင်း ပေါင်းစပ်ချင်နေသည်။

ကျွန်တော့်အဖို့ ဆန့်ကျင်ဘက်ပေါင်းစပ်လိုက်လျှင် ဆန်းသစ်မှု တစ်ရပ်ပေါ်လာသည်ဟု ခံစားမိသည်။ ကဗျာလက်ဘက်တွင်လည်း ယင်း သဘောဖြင့် ဖွဲ့နွဲ့ချင်နေသည်။ လေးနက်သော အကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



စကားလုံးနုနုဖြင့် ဖွဲ့သီချင်သည်။ အမှန်က လေးနက်ခြင်းနှင့် အနုအရှု တို့သည် ဆန့်ကျင်ကြသည် မဟုတ်ပါလား။ ပြန်၍ သုံးသပ်ကြည့်သော အခါ သွား၍ တွေ့ရခြင်း ဖြစ်သည်။ ရေးဖွဲ့စဉ်ကတော့ သတိထားမိ သည် မဟုတ်၊ ခံစားမှုကို ဖော်ကျူးလိုက်ခြင်းမျှသာပင်။

'၁၉၇၃ က သူမ၏ ဂုသချိုင်း၌' ဟူသော ကဗျာကို ရေးဖွဲ့မိ သည်။

သူ့ဂုပေါ်၌
ရေညှိမှော်မြ၊ ကတ္တီပါစိမ်း
ရှုရှုကလေး၊ လွှမ်းရုံသထား
ညတစ်ညမှာ လကစိန်ပြက်
ကြယ်ကစိန်ပြက်၊ သူ့ကိုယ်ထက်မှာ
စိန်ပြက်စိမ်းဖန့်၊ ယှန်မွေးညံ့အကျီ
လျှော့ရီလျှော့လျ၊ ကြယ်စေ့မတပ်
ကပ်၍ အတူမှီခဲ့ကြ။

သူ့ဂုဘေး၌
ပြေးလွှင့်ပွင့်လွှာ၊ စိန်ပန်းပြာလျှင်
ကြွေရာလမ်းပျောက်၊ လျှောက်ခဲ့ဖူးကြ
မိုးဦးကျမို့၊ ရေစဖွတ်စွတ်
ဒေါက်မြင့်ဖိနပ်၊ ရွှေရောင်ဖျပ်ဖျပ်
ရေဝပ်ချိုင့်ထဲ၊ လဲတော့မလို
သူ့ကိုလက်ဆွဲ၊ တွဲခေါ်ကိုင်မိ
တခိခိနှင့်၊ ရယ်ကြ မောကြ။

သူ့ဂုတစ်ဝိုက်
ရိုက်စင်သွန်းဖြာ၊ တိမ်ရောင်ပြာလဲ့
စောင်းရွှဲ့ထိုးကျ၊ မှန်မှနေရောင်
ဆည်းဆာရောင်မှာ၊ ဂုလည်းပြာလဲ့
မဟူရာတစ်ညာ၊ ကန့်စရေပြင်
ရိပ်ထင်မြဝန်း၊ လသာခန်းကွေ့



ရွှန်းလဲ့ပြာစိမ်း၊ ပုရိုန်းချို့ရှ
ပြင်သစ်အရက်၊ ဖန်ခွက်ချင်းတိုက်
ရိုက်သံချွင်ချွင်၊ အင်အင်ညည်းသ
အနမ်းချော်ထိ၊ ပါးအိမွှေးရှိ
ဆုတောင်းသီချင်း၊ သံတိုးညှင်းပျော့
မှေးဆင်းယစ်မှို၊ မပီသံလေး
သူမရဲ့ မွှေးနေ့တုန်းကပေါ့။

သူ့ဂုအပါး
အနားကပ်သော်၊ မြမှော်ပွင့်ရော်
မူးမော်ရနံ့၊ ထုံပျံ့မျောလာ
မွှေ့ရာတွန့်လျော၊ မောလျတစ်ည
ဘယ်ကလာမှန်း၊ မသိစွမ်းဘူး
နှုတ်ခမ်းပါးပြင်၊ ရင်ခွင်လည်ပင်း
ကိုယ်နံ့သင်းမြ၊ ဆွတ်သရေမွှေး
မေ့ဆေးပန်းပွင့်ရောလေသလား။

အော် အချစ်ဆိုတာ
ဘာမှန်းမသိ၊ ဒုတိယချစ်သူ
မကြည်ဖြူဘဲ၊ ကွဲကွာခဲ့ပြီးမှ
ပထမသူမ၊ ဂုသို့တစ်ခေါက်
မတော်တဆ၊ ရောက်အလာမှာ
စိမ်းပြာရောင်ပျက်၊ ရနံ့သက်ထုံ
ရင်ခုန်ခံစား၊ အဖျားတက်လာ
အာရုံရုပ်များ၊ ဖမ်းစားဖွဲ့နှောင်
သူမအရောင်၊ သူမရနံ့
သူမအတွေ့၊ ပြန်၍သစ်လာ
ဝေဒနာကား၊ မေတ္တာလေလား
ဖြေရာမတွေ့နိုင်တော့တကား။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူများအကြောင်း ဖွဲ့ထားသော ကဗျာဖြစ်သည်။ ပထမချစ်သူ၊ ဒုတိယချစ်သူ ကဗျာထဲမှ ဇာတ်ကောင်သည် ဒုတိယချစ်သူနှင့် ကွဲပြီးမှ ကွယ်လွန်ပြီဟူသော ပထမချစ်သူ၏ ဂူသင်္ချိုင်းအပေါ် ခံစားမှုကို ဖော်ပြထားသည်။ ပထမချစ်သူနှင့် ကွဲမှ ဒုတိယချစ်သူခေတ်ကို တမ်းတသူ။

ဆန့်ကျင်ဘက်တို့က အသို့နည်း။ ကဗျာရေးသူကား ကဗျာမှုကို သစ္စာဖောက် မဖြစ်၊ ဖော်လိုက်လျှင် ကဗျာ၏ လျှို့ဝှက်နက်နဲမှု သိမ်မွေ့တင်စားမှုတို့သည် ပျက်တော့မည် မဟုတ်ပါလား။

[စပယ်ဖြူအမျိုးသမီးမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၈၆]

## လှိုင်းဂယက်

ဒဿန သို့မဟုတ် အတွေးအခေါ်ဟူသည်မှာ မိုးပေါ်မှ ကျလာသည် မဟုတ်ပေ။ မိမိတို့၏ ပတ်ဝန်းကျင် ရုပ်ကမ္ဘာကြီးမှ ထင်ဟပ်လိုက်ခြင်းဖြစ်သည်။ မိမိဖြတ်သန်းသော သမိုင်းခေတ် အတွေ့အကြုံမှ ရရှိခြင်း ဖြစ်သည်။ လွန်ခဲ့သော အနှစ် ၅၀ က ကျွန်တော်၏ အတွေ့အကြုံများကို ဖော်ပြလာခဲ့ရာတွင် အနှစ် ၄၀ က ထုတ်ဝေခဲ့သည့် တာရာမဂ္ဂဇင်း အကြောင်းလည်း ပါသည်။ မဂ္ဂဇင်းလုပ်ကိုင်ခဲ့သည့် အတွေ့အကြုံမှာ စစ်ပြီးစကာလ စာပေအတွေ့အကြုံ ဖြစ်သည်။

တာရာမဂ္ဂဇင်း လုပ်ငန်း၏ အခက်အခဲတို့ကို အနှစ် ၄၀ အကြာ လည်ပတ်ကြည့်သော် ဘာမျှ မဟုတ်။ ပုံပြင်တစ်ခုအဖြစ် စိတ်ဝင်စားဖွယ်ရာ ရှိကောင်း ရှိမည်။ တလောက ကျွန်တော့်ထက် အသက် ၄၀ ကျော်ခန့် ငယ်သော လူငယ်စာပေသမား တစ်ယောက် တွေ့ရာ သူက တစ်နေ့က တာရာမဂ္ဂဇင်း အဟောင်းများ တွေ့တယ်ဟု ပြောလိုက်သည်။ ရှားပါးနေသော စာအုပ်အဟောင်း တစ်အုပ် တွေ့လိုက်ရသည်ကို အထူးအဆန်းသဖွယ် ပြောပြခြင်း ဖြစ်သည်။ မမြင်ဖူးသည့် စာပေသမား တွေ့ရှိသည့်အနက် သူက မြင်ဖူးသည့် သဘော။ သို့သော် ကျွန်တော် ပြောချင်သည်မှာ အတွေးအခေါ်အကြောင်း။ ယင်းမဂ္ဂဇင်း ထုတ်ဝေသည့် နှစ်ကာလမှာ လွတ်လပ်ရေး မရမီနှင့် လွတ်လပ်ရေးရပြီးစ အမျိုးသား နိုင်ငံတော် တည်ထောင်စ ပြင်းထန်သော လူထုလှုပ်ရှားမှု သမိုင်းခေတ် ကာလ။ ယင်းအတွေ့အကြုံမှာ ကျွန်တော်တို့၏ အတွေးအခေါ်ကို ရိုက်ခတ်ပေးသည်။

www.burmeseclassic.com



စာပေမဂ္ဂဇင်းလုပ်ငန်းနှင့် သမိုင်းခေတ် အတွေ့အကြုံ မည်သို့ ဆိုင်သလဲ။ မဂ္ဂဇင်းအယ်ဒီတာ လုပ်နေရသဖြင့် ခေါင်းကြီးပိုင်း ရေးရသည်။ မရေးမဖြစ်။ ခေါင်းကြီးဆိုသည်မှာ လက်ရှိ ခေတ်ပြိုင်လှုပ်ရှားမှုတို့ကို မိမိတုံ့ပြန်ခံစားသည့်အတိုင်း ဖော်ပြရသည်။ အကယ်၍ မဂ္ဂဇင်းမဟုတ်ဘူး ဆိုပါက ခေါင်းကြီးရေးဖြစ်မည် မဟုတ်။ မရေးဖြစ်လျှင် ခံစားမှုတို့သည် ရင်တွင်း၌သာ ကိန်းဝင် မြှုပ်၍ နေပေလိမ့်မည်။ မရေးမဖြစ် ရေးချ လိုက်ရသဖြင့် အတွေးအခေါ်များ ထွက်လာသည်။ ခေါင်းကြီးရေးရုံသာမက အခြားသော ရုပ်ပုံလွှာ အဖွဲ့အနွဲ့၊ ဝတ္ထု၊ ကဗျာ စသော စာများလည်း ရေးဖြစ်လာရသည်။ ယင်း အတွေးအခေါ်များ ခံစားမှုများသည် ကျွန်တော် ဖြတ်သန်းလျက်ရှိသော ခေတ်ပြိုင်လှုပ်ရှားမှု (ဝါ) သမိုင်းခေတ်ပေါ် ကျွန်တော့် တုံ့ပြန်ချက်၊ ခံစားချက်များသာ ဖြစ်နေကြသည်။ တုံ့ပြန် ခံစားချက် ဆိုသည်မှာ လူတစ်ယောက်နှင့် တစ်ယောက် တူကြသည် မဟုတ်ပါ။ ခေတ်ပြိုင်သမိုင်းတစ်ခေတ်တည်း ဖြတ်သန်းသွားသူခြင်း တူကြသည် မဟုတ်။ မိမိ၏ ပုဂ္ဂလိက ရုပ်ပုံချပ်ပေါ်တွင် တည်၍ တုံ့ပြန်ချက် ခံစားချက်တို့ ခြားနားသွားကြခြင်း ဖြစ်သည်ဟု ဆိုရမည်ထင် သည်။ ပုဂ္ဂလိက ရုပ်ပုံဆိုသည်မှာ အခြားမဟုတ်။ လူပုဂ္ဂိုလ်တစ်ယောက်ခြင်းတွင် ရှိသော ခံစားမှုအင်အား (ဗဟိုအာရုံကြောစနစ်) အတွေးအခေါ် အင်အား (ဦးနှောက်အစုအဝေး) စသော ကိုယ်ခံ အဖွဲ့အစည်း ရုပ်ပစ္စည်းများကို ဆိုလိုခြင်း ဖြစ်သည်။ ယင်း ကိုယ်ခံအဖွဲ့အစည်းများသည် ဖြတ်သန်းခဲ့သော သမိုင်းခေတ် အတွေ့အကြုံများကြောင့် သူ၏ ခံစားချက်၊ သူ၏ အတွေးအခေါ်တို့ ဖြစ်ပေါ် ဖွဲ့စည်းလာရပါသည်။

ကျွန်တော်၏ အတွေးအခေါ်နှင့် ခံစားမှုများကို ဖန်တီးဖွဲ့စည်း ဖြစ်ပေါ်စေသည်ကား စစ်နှင့် တော်လှန်ရေး ဖြစ်သည်ဟု ဆိုရမည် ထင်သည်။ ဖြတ်သန်းခဲ့ရသော စစ်နှင့် တော်လှန်ရေးကို လူသားတို့ မတွေ့မကြုံရသည် မရှိ။ တွေ့ကြုံရသည်သာ။ ကမ္ဘာတည်စကတည်းက စစ်နှင့် တော်လှန်ရေးတို့သည် ရှိခဲ့ကြသည်။ စစ်အမျိုးအစား၊ တော်လှန်ရေး အမျိုးအစားတို့သာ ခြားနားခြင်း ရှိမည်။ တစ်ခေတ် လူ့သက်တမ်းတွင် မတွေ့ကြုံရလျှင် နောင်တစ်ခေတ်တွင် တွေ့ကြုံရမည်သာ။ စစ်ဆိုသည်ကား လူသားအချင်းချင်း (သို့မဟုတ်) လူမျိုးအချင်းချင်း (သို့မဟုတ်) တိုင်းပြည်အချင်းချင်း ဖြစ်ပွားသော ပြဿနာကို လက်နက်ဖြင့် ဖြေရှင်း



ခြင်းသည် စစ်ဖြစ်သည်။ တော်လှန်ရေးဆိုသည်မှာ အဟောင်းကို ပယ်၍ အသစ်ကို တည်ဆောက်ခြင်း ဖြစ်သည်။

တော်လှန်ရေးတွင်လည်း နည်းလမ်းအမျိုးမျိုး ရှိသည်။ လက်နက်ကိုင်သောနည်းနှင့် လက်နက်မကိုင်သော နည်း။ မည်သည့်နည်းနှင့် ကျင့်သုံးသည်ဖြစ်စေ ခေတ်ဟောင်း တစ်ခုကို ခြားနားကာ ခေတ်သစ် တစ်ရပ်သို့ ရွေ့ရှုသော လှုပ်ရှားမှုသည် တော်လှန်ရေး ဖြစ်သည်ဟု ဆိုရပေမည်။

(ခ)

တာရာမဂ္ဂဇင်းအမှတ် ၁၊ ခေါင်းကြီးတွင် အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

ကျွန်ုပ်တို့သည် ပြန်လည် ဆန်းသစ်ရေး၏ ယာဉ် တစ်ခုအနေဖြင့် ယဉ်ကျေးမှုအစုစုကို တင်ဆောင် ဖော်ကျူးကာ ယဉ်ကျေးမှု ကိန်းဝပ်ရာ ထာဝစဉ် ငြိမ်းချမ်းရေးသို့ တစ်စိုက်စိုက် ချီတက်သွားပေအံ့။

ထို့နောက် တစ်ဖန် ၁၉၄၈ ဩဂုတ်လ၊ တာရာမဂ္ဂဇင်း ခေါင်းကြီးတွင် အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

**အလံဖြူတင်၍ စေ့စပ်သော**

တစ်ဖက်နှင့် တစ်ဖက် စေ့စပ်သောအခါ သေနတ်သံ ခေတ္တမျှ ရပ်စဲရန် အလံဖြူလွှင့်၍ စေ့စပ်သော သာဓကများ ရှိသည်။ စေ့စပ်ရေး ညှိနှိုင်းရေးဟူသော ကြွေးကြော်သံကို ဟစ်အော်နေရုံနှင့် မပြီး။ တကယ် တိုက်ခိုက်သူနှင့်သာ စေ့စပ်ရပေမည်။ သို့မှသာ စစ်ပွဲရပ်စဲနိုင်မည်။

ပထမ ခေါင်းကြီးမှာ လွတ်လပ်ရေး ရပြီး ၆ လအကြာ ရေးဖြစ်ခြင်း ဖြစ်သည်။ ကျွန်တော်၏ ယုံကြည်ချက်အဖြစ် ငြိမ်းချမ်းသော အယူအဆကို ထင်ဟပ်ဖော်ပြခြင်း ဖြစ်သည်။ ယင်းယုံကြည်ချက် အယူ

www.burmeseclassic.com

www.burmeseclassic.com



အဆသည် ယနေ့တိုင် ပြောင်းလဲခြင်း မရှိသေး။ ယင်းသည်ကား ကျွန်ုပ်၏ ပုဂ္ဂလိက ရုပ်ပုံ ဖြစ်သည်။ ပတ်ဝန်းကျင်ခေတ်ပြိုင်က ရိုက်ခတ်လိုက်သောအခါ အယူအဆ အတွေးအခေါ်များ ဖြစ်ပေါ်လာရတော့သည်။ ယင်းအတွေးအခေါ်တို့သည် ခေတ်ပြိုင် သမိုင်းခေတ် လှုပ်ရှားမှုအား တုံ့ပြန်ချက် ဖြစ်သည်ဟု ဆိုရမည်။

(ဂ)

မဂ္ဂဇင်းလုပ်ကိုင်ခဲ့သည့် လေးနှစ်တာ ကာလအတွင်း မည်သည့် စာပေရေးရာ အနုပညာရေးရာ အတွေ့အကြုံများ ရခဲ့သလဲ။ ယင်း အတွေ့အကြုံတို့မှ မည်သည့် အတွေးအခေါ်၊ အယူအဆများ ရခဲ့သလဲ။

၄၀ နှစ်တာ ကာလဆိုသည်မှာ ဘာမျှ ကြာလှသည့် ကာလ မဟုတ်။ သို့သော် လွတ်လပ်ခါစ ဖွံ့ဖြိုးဆဲ၊ စာပေအသစ်၊ အဖူးအငုံ ကာလ အတွေ့အကြုံကို ရခဲ့သည့် အယ်ဒီတာစားပွဲသို့ လူငယ်ကလောင်သစ်များ စုဝေးရောက်ရှိလာကြသည်။ အထူးသဖြင့် လွတ်လပ်ရေးရပြီး ၁၉၄၈ ကာလလောက်မှ ရောက်ရှိလာကြသည့် လူငယ်တို့နှင့် လူချင်း ထိတွေ့ရသည်။ တချို့ စာချင်း ထိတွေ့ရသည်။ သူတို့သည် လုလတ်တန်းစား၊ အထက်လွှာနှင့် အောက်လွှာမှ ပညာတတ်များဖြစ်ကြသည်။ တာရာမဂ္ဂဇင်းအမှတ် (၁) စာပေသစ် အမည်ရှိ ဒုတိယခေါင်းကြီးပိုင်းတွင် ကလောင်သစ်များကို ဖိတ်ခေါ်ရာတွင် ကိုယ်ရေး အတ္ထုပ္ပတ္တိ (လူတန်းစား၊ ပညာရေး၊ ပါဝင်သော အဖွဲ့အစည်းစသည်) ပေးရန် ဖော်ပြခဲ့ရာ သူတို့၏ အနေအထားကို သိရှိခွင့် ရခဲ့သည်။ သူတို့သည် ခေတ်ပြိုင် သူတို့၏ နိုင်ငံရေး လှုပ်ရှားမှုတို့နှင့် နီးစပ်သူများ ဖြစ်ကြသည်။ သူတို့နှင့် လက်ဖက်ရည်ဝိုင်းတို့တွင် စကားစမြည် ပြောဖြစ်ကြခြင်းက သိရှိရခြင်း ဖြစ်သည်။ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံပြီး လူးလွန့်လာခဲ့ကြသော အလုပ်သမား၊ လယ်သမားအရေး တော်လှန်ရေးတို့ကို စိတ်ဝင်စားခြင်း ဆိုရှယ်လစ် အယူအဆသည် စစ်ပြီးသော ကာလတွင် ဆက်လက် ရှင်သန်လာခဲ့သည်။ ထိုအခါ ဆိုရှယ်လစ်အယူအဆသည် စစ်ပြီးစ စာပေ လူငယ်များအပေါ်သို့ ရိုက်ခတ်သည်။ သူတို့ ဖြတ်သန်းလာခဲ့ရသော ခေတ်ပြိုင် လှုပ်ရှားမှုကြောင့် စာပေလူငယ်တို့သည် အလုပ်သမား၊ လယ်သမား စသော ဆင်းရဲသား ဘဝကို သရုပ်ဖော်ချင်သော ဆန္ဒရှိနေတတ်ကြသည်။ သို့သော် သူတို့ မွေးဖွားကြီးပြင်းလာရသော ဘဝက လူလတ်တန်းစားဘဝ



မနေရှင်ပေါက်စ ဘဝ။ မိမိ မနေထိုင်သော ဘဝ၊ ဆင်းရဲသား ဘဝကို သရုပ်ဖော်ရန်မှာ မလွယ်။ အလုပ်သမား၊ လယ်သမား၏ ပြင်ပ ရုပ်ပုံကို ဖွဲ့၍ ရသည်။ မခက်။ ဆင်းရဲသား အဝတ်အစား ဝတ်ပေးရန် လွယ်သည်။ သို့သော် အလုပ်သမား၊ လယ်သမား အတွေးအခေါ်။ အလုပ်သမား၊ လယ်သမား ခံစားမှုကို သရုပ်ဖော်ရန်ကား ခက်လှသည်။ စာပေဟူသည်မှာ မိမိကိုယ်တိုင် သိသော အကြောင်းအရာကို ရေးဖွဲ့လျှင်သာ သရုပ်ပေါ်မည်။ အနုပညာလည်း မြောက်မည်ဟု ထင်သည်။ သို့ဖြစ်ရာ မိမိနေထိုင် ကြီးပြင်းရာသော (ဝါ) မိမိနေသော လူလတ်တန်းစားဘဝ ဝန်းကျင်ကို ဖွဲ့တတ်ကြသည်။ ယင်းသို့ လူလတ်တန်းစားဘဝ၊ မနေရှင် လူ့အဖွဲ့အစည်း အကြောင်းဖွဲ့ရာ နွဲ့ရာတွင် ဝေဖန်သော အမြင်ဖြင့် ဖွဲ့လျှင် သရုပ်ပေါ်တတ်သည်။ ယင်းသို့ အယ်ဒီတာ စားပွဲမှနေ၍ လေ့လာ တွေ့ရှိချက်ကို အခြေပြုကာ ၁၉၅၀၊ စာပေသစ် မဂ္ဂဇင်း ခေါင်းကြီးတွင် စာပေသစ် သဘောတရား ဖွဲ့စည်းပုံကို ဖော်ပြခဲ့သည်။ ကျွန်တော် မဂ္ဂဇင်း ထုတ်ဝေနေသည့် ကာလပိုင်းတွင် ဖွံ့ဖြိုးစ လွတ်လပ်စ နိုင်ငံတော်သည် ပြင်းထန်စွာ လှုပ်ရှားလျက်ရှိရာ ယင်း ခေတ်ပြိုင် လှုပ်ရှားမှု (ဝါ) တော်လှန်ရေး လှုပ်ရှားမှုကို သရုပ်ဖော်သော စာပေသည်လည်း စာပေသစ် ဖြစ်ခဲ့သည်ဟု ဖော်ပြခဲ့သည်။ ဤသည်တို့မှာ စာပေလုပ်ငန်း အယ်ဒီတာစားပွဲ အတွေ့အကြုံမှ ရရှိသော အတွေးအခေါ်များ ဖြစ်ကြသည်။

မဂ္ဂဇင်းတွင် အဟောင်းနှင့် အသစ် ရောစပ်ခြင်း ပြုရသည်။ အဟောင်းဆိုသည်မှာ တိုးတက်သော အသစ်ကို အကျိုးပြုသည့် အဟောင်း ဖြစ်သည်။ အစတွင် အသစ်မှာ အင်အားနည်းတတ်သည်။ နုစ၊ ဖူးစ၊ ငုံစဖြစ်၍ နုနယ်နေသေးသည်။ နုပျိုသော အသစ်ဖြစ်၍ အားမကောင်းလှသေး။ သို့သော် တက်ကြွမှု ရှိသည်။

ယင်းသို့ဖြင့် လယ်သမား၊ အလုပ်သမား စသော ဆင်းရဲသား ဘဝ သရုပ်ဖော်ခြင်း၊ ခေတ်ပြိုင်တော်လှန်ရေးအကြောင်းတို့ သရုပ်ဖော်ခြင်းတို့အပြင် မနေရှင်ဘဝကို ဝေဖန်၍ (ဝါ) အရင်းရှင်စနစ်အပြစ် အနာအဆာတို့ကို သရုပ်ဖော်ခြင်း စသည့် စာပေသစ် သဘောတရားတို့ကို အတွေ့အကြုံမှ ထုတ်ယူကာ ဖွဲ့စည်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(ဃ)

တာရာမဂ္ဂဇင်းမှ စာပေသစ်ဟု ကြွေးကြော်ခဲ့သည်မှာ အနှစ် ၄၀ ကျော် ရှိနေပြီ။ လွန်ခဲ့သော လေးနှစ်ခန့်က ထင်သည်။ နိုင်ငံခြားမှ မြန်မာစာပေလေ့လာသော မိတ်ဆွေတစ်ဦးက ပြောခဲ့တဲ့ စာပေသစ်ဟာ ယနေ့ထွန်းကားနေပါသေးသလားဟု မေးသည်။ ကျွန်တော်က ထွန်းကား နေပါတယ်ဟု ဖြေလိုက်သည်။

အနှစ် ၄၀ အတွင်း စာပေသည် ဖွံ့ဖြိုးလာခဲ့သည်။ လူငယ် စာရေးဆရာ၊ ကဗျာဆရာများ မွေးဖွားလာခဲ့ကြသည်။ ပို၍ပင် ထက်သန် လာသည်ဟု ထင်သည်။ သူတို့သည် သူတို့၏ ခေတ်ပြိုင် ရုပ်ပုံကားချပ် တို့ကို ရေးခြယ် ဖွဲ့နွဲ့ချင်စိတ် ပြင်းပြကြသည်။ အနှစ် ၄၀ အတွင်း လူ့အဖွဲ့အစည်းနှင့် စာပေတို့ ဆက်သွယ်မှုသည်လည်း ပြောင်းလဲလာ သည်ဟု ထင်ရမည်ဟု ဆိုရပေမည်။ စာပေလူငယ်တို့သည် ရုန်းကန်လှုပ် ရှားနေသော ဘဝပတ်ဝန်းကျင်မှ ထွက်ပေါ်လာကြသည်။ လူတို့သည် သူတို့၏ ခေတ်ပြိုင်လှုပ်ရှားမှုများက ရိုက်ခတ်လိုက်သော ခံစားမှုဖြင့် ရေးဖွဲ့ချင်ကြသည်။ အထူးသဖြင့် ခံစားမှု ပြင်းပြသော ကဗျာဆရာလေး များသည် လွတ်လပ်စွာ ဖွဲ့ချင်ကြသည်။ သူတို့သည် ကျေးလက်ကတော့ မဟုတ်။ ကျေးလက်နှင့် ရောစပ်နေသော မြို့ပြမှ ဖြစ်ကြသည်က များ သည်။ သို့ဖြစ်၍ မြို့နေ ဆင်းရဲသားဘဝကို သရုပ်ဖော်တတ်ကြသည်။ ၁၉၅၀ မေလတွင် မဂ္ဂဇင်းကို ရပ်လိုက်သည်။

ကျွန်တော် စာပေမဂ္ဂဇင်းလုပ်ကိုင်ခဲ့ရသော လေးနှစ်ကာလ အ တွင်းမှာ လွတ်လပ်ရေး မရခင်နှစ်နှစ်။ လွတ်လပ်ရေးရပြီး နှစ်နှစ်ကာလဖြစ် ရာ နိုင်ငံရေး လှုပ်ရှားမှု ပြင်းထန်သော နှစ်များ ဖြစ်နေသည်။ ကျွန်တော်၏ မိမိခံစားမှု၊ အယူအဆကို ဖော်ပြခဲ့သည်။ ထိုအခါ ကျွန်တော်၏ ရုပ်ပုံသည် အယူအဆ ငြင်းခုံနေသော အလင်းရောင်ထဲတွင် ရောက်နေရသည်။ ထို အခါ စာပေသစ် အယူအဆ၊ အငြင်းအခုံ လှုပ်ရှားမှု ဖြစ်သည်။

မဂ္ဂဇင်း ရပ်စဲလိုက်ပြီးနောက် အယူအဆ လှိုင်းဂယက်သည် ရိုက်ခတ်လျက် ရှိသည်။ ကျွန်တော်ပါဝင်ဆောင်ရွက်သော စာရေးဆရာ အဖွဲ့အစည်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးစသော အဖွဲ့အစည်းအတွင်းသို့ပါ ဂယက်က ရောက်လာသည်။ ယင်းအဖွဲ့အစည်းများတွင် ကျွန်တော့်မှာ



အတိုက်အခံ ဖြစ်နေခဲ့ရသည်။

လှိုင်းထပြီးသောအခါ ဂယက်မှာ တစ်ခါတစ်ရံ လှိုင်းထက်ပင် ပို၍ ကြီးမားပေသည်။

[မိုးဝေမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၈၆]

www.burmeseclassic.com

www.burmeseclassic.com

# လှိုင်းဂယက်၏ အရှိန်များ

## (က)

လွတ်လပ်ရေးမရခင်နှင့် ရပြီးစကာလ ၁၉၄၈ ဝန်းကျင်က ကျွန်တော်သည် အနုပညာနှင့် စာပေဝေဖန်ရေးများ ရေးဖြစ်သည်။ စာပေဝေဖန်ရေး ရေးရင်း စာပေသဘောတရားများပါ ဖော်ပြဖြစ်သည်။ စာပေဝေါဟာရများ သုံးရသည်။ တချို့သော ဝေါဟာရတို့မှာ အနောက်နိုင်ငံ စာပေဝေဖန်ရေး ဝေါဟာရများကို မြန်မာပြန်၍ သုံးရသည်များ ရှိသည်။ Romantism ဟူသော စကားလုံးကို စိတ်ကူးယဉ်စာပေဟူ၍၊ Realsim ကို သရုပ်ဖော်ဟူ၍ အသီးသီး သုံးခဲ့သည်။ ယင်း စာပေ အယူအဆများသည် အနောက်နိုင်ငံ အနုပညာလောက စာပေလောကတို့တွင် ဖော်ပြ ငြင်းခုန်ကြသည်မှာ ကြာလှပါပြီ။ လွန်ခဲ့သော အနှစ် ၁၀၀ ကျော် ၂၀၀ ခန့်ကတည်းက ဖြစ်သည်ဟု ဆိုရမည်။

နောင်တွင် စိတ်ကူးယဉ်စာပေကို ဘဝအလွမ်းဟူ၍ လည်းကောင်း သရုပ်ဖော် စာပေကို ဒိဋ္ဌဓမ္မ၊ ယထာဘူတ စသည်ဖြင့် ခေါ်ဝေါ်လာကြသည်။ အခေါ်အဝေါ် မည်သို့ ကွဲပြားကြစေ၊ မူရင်း အင်္ဂလိပ်စာလုံးမှာ အတူတူပင် ဖြစ်သည်။ သို့သော် အယူအဆ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင်ကား မတူသည်များ ရှိသည်။ စိတ်ကူးယဉ်ကို အမျိုးမျိုး အယူအဆ ဖွင့်ဆိုကြသည်။ သရုပ်ဖော်ကိုလည်း အမျိုးမျိုး ဖွင့်ဆိုကြသည်။ အချိန်ကာလနှင့် တိုင်းပြည်လိုက် ခြားနားမှုများ ရှိကြသည်ကို တွေ့ရသည်။

စစ်ပြီးကာလက စာပေဝေဖန်ရေးများ ရေးသောအခါ ယင်း

www.burmeseclassic.com

www.burmeseclassic.com



စာပေ ဝေါဟာရများ သုံးကြရသည်။ ၁၉၄၉၊ ၅၀ ဝန်းကျင်က ကျွန်တော်၏ အရေးအသားကို မှတည်ကာ စိတ်ကူးယဉ် စာပေသစ်၊ သရုပ်ပျက်စာပေသစ် စသည်ဖြင့် ရေးကြသည်။ ရေးသူတို့မှာ ဘယ်လိုပါလိမ့်ဟု မရှင်းမလင်း ဖြစ်သွားကြဟန် ရှိသည်။ ထိုခေတ်ကာလက နိုင်ငံရေးလောကတွင်လည်း လက်ဝဲညီညွတ်ရေး ပျက်ပြားကာ အချင်းချင်း ကွဲပြဲနေသော ကာလဖြစ်သည်။ စာဖတ်ပရိသတ်တို့ ပိုမို ရှုပ်ထွေးသွားနိုင်သည်။

ကမ္ဘာပေါ်တွင်လည်း လက်ဝဲအုပ်စုနှင့် လက်ျာအုပ်စုတို့ စစ်အေးတိုက်ပွဲဆင်နွှဲနေသော အခါ ဖြစ်သည်။ ကျွန်တော်တို့ မြန်မာပြည်တွင်း၌သာ သဘောတရား တိုက်ပွဲ ဆူဝေနေသည် မဟုတ်။ ယင်းသည် စစ်ပြီးစ အခြင်းအရာ တစ်ရပ်ဟု ဆိုနိုင်သည် ထင်သည်။ ၁၉၄၉ ၌ စာရေးဆရာတစ်ဦးက ကျွန်တော်၏ အရေးအသားနှင့် ပတ်သက်၍ ဥပမာ တာရာနှင့် အပေါင်းပါ တစ်စုသည် စာပေသစ်၊ ပြည်သူ့စာပေစသော ဆောင်ပုဒ်များကို ကြွေးကြော်ကာ ရေးနည်း သားနည်းအသစ် လုပ်ခြင်း၊ စကားထွင်ခြင်းများကို အဓိက လုပ်၍ နေကြ၏။ (ဝါ) ဖက်ရှင်လုပ်၍ လျှပ်ပေါ်လော်လည်နေကြ၏။ ပြောတော့ ပြည်သူ့စာပေ၊ ရေးတော့ သူတစ်ယောက်တည်း နားလည်သည့် စကား၊ ပြောတော့ အမျိုးသားယဉ်ကျေးမှု၊ ရေးတော့ အမေရိကန် ပုံတူစသည်ဖြင့် ဝေဖန်ခဲ့သည်။

(ခ)

စစ်ပြီးစ ဆိုရှယ်လစ်ဝါဒ၊ မတ်ဝါဒနှင့် နိုင်ငံရေး သဘောတရားများကို အခြေခံသော နိုင်ငံရေး ပါတီများ လှုပ်ရှားမှု ပို၍ ပြင်းထန်အားကောင်းလာသည်နှင့်အတူ ဝေဖန်ရေးသည် ခေတ်စားလာသည်။ ယင်းစာပေ ဝေဖန်ရေးကျင့်ထုံးမှသည် စာပေလောကသို့ ဝင်ရောက်လာပေသည်။ အကျိုးအကြောင်း ဖော်ပြသော စာပေဝေဖန်ရေး၊ သဘောတရားကို အခြေခံသော ဝေဖန်ရေး၊ ပါတီအစွဲအလမ်း၊ အသိုင်းအဝိုင်း အစွဲအလမ်းဖြင့် ဝေဖန်ရေး၊ ပုဂ္ဂိုလ်ရေးအစွဲအလမ်းဖြင့် ဝေဖန်ရေး စသည်ဖြင့် ယေဘုယျအားဖြင့် ဝေဖန်ရေး အမျိုးမျိုး ပေါ်ထွက်ခဲ့ကြသည်။

မည်သို့ပင်ရှိကြစေ စာပေဝေဖန်ရေးကြောင့် စာပေလောကတွင် စိတ်ဝင်စားမှုကို လှုံ့ဆော်ပေးရာ ရောက်သည်ဟု ဆိုရမည်။ တချို့သော ဝေဖန်ရေးတို့မှာ ပုဂ္ဂိုလ်ရေး ပုတ်ခတ်မှုများဖြစ်၍ စာဖတ်ပရိသတ်က



လက်မခံကြပေ။ စာပေဆိုသည်မှာ စက္ကူအဖြူထက်တွင် အနက်ထင်ကာ ကမ္ပည်းထိုးထားသည်ဖြစ်ရာ နှစ်ကာလ ကြာလေ ပျောက်မသွားဘဲ နောက်လူတို့က အကဲဖြတ်နိုင်လေ ဖြစ်သည်။

သမိုင်းဟူသည်မှာ မေ့ချန်ဖျောက်ဖျက်၍ ရသည် မဟုတ်ပေ။

စာပေဝေဖန်ရေးကို မည်သို့ ခံယူမည်နည်း။

ဝေဖန်ရေးသည် တိုင်းပြည်အတွက် အကျိုးရှိသော လုပ်ငန်းဖြစ်သည်။ ဝေဖန်ရေးရှိမှ တိုးတက်မည်ဟု ယုံကြည်မိသည်။ စာပေဝေဖန်ရေးသည် စာပေလောကအတွက် အကျိုးရှိသည်။ စာရေးဆရာအတွက်လည်းကောင်း၊ စာဖတ်ပရိသတ်အတွက်လည်းကောင်း အကျိုးရှိသည်။ စာရေးဆရာအတွက် လည်းကောင်း၊ စာဖတ်ပရိသတ်အတွက် လည်းကောင်း အကျိုးရှိသည်။ စာပေဝေဖန်ရေးဖြင့် စာဖတ်ပရိသတ်သည် စာပေကို ရွေးချယ် ဖတ်ရှုနိုင်ကြမည် ဖြစ်သည်။ ယင်းတို့သည်ကား အကျိုးဖြစ်သည်။ သို့သော် တချို့သော ဝေဖန်ရေးတို့ကို မည်သို့ လက်ခံရမည်ကို မသိပါ။

သရုပ်ပျက် စာပေသစ်ဟု ခေါ်ဝေါ်ထားရာ မည်သို့ သရုပ်ပျက်ဖြစ်ကြောင်း ဂဃနဏ ဖော်ပြမထား၍ ကျွန်တော် ကောင်းစွာ နားမလည်လိုက်။ ကျွန်တော်က သရုပ်ဖော် စာပေအကြောင်း ရေးလေ့ရှိရာ သရုပ်ဖော်မဟုတ်။ ပုံပန်းပျက်နေသော စာပေလောဟုသာ ခပ်ဝါးဝါး နားလည်လိုက်ရသည်။ စိတ်ကူးယဉ် စာပေသစ်ကို ဖော်ပြသည်ကိုကား စဉ်းစားခဲ့သည်။ ကျွန်တော် နားလည်ထားသော စိတ်ကူးယဉ် အဓိပ္ပာယ်နှင့် ဆိုလိုသလော ရှင်းလင်းစွာ မသိရ။ ထိုအခါ စာပေဝေါဟာရများ စသုံးစ ဖြစ်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက် ရှိမှ ရှင်းလင်းမည် ဖြစ်သည်။ ကျွန်တော်က Romance ဟူသော အနောက်နိုင်ငံ ဝေါဟာရမှ ယူထားခြင်း ဖြစ်သည်။ ယင်းအဓိပ္ပာယ်ဆိုလျှင် မဆိုး။ အရပ်သုံးသဘောဖြင့် ဆိုလျှင် တကယ်မဟုတ်ဘဲ စိတ်ကူးသက်သက်မျှသာဟု အဓိပ္ပာယ်ထွက်နိုင်သည်။

ကျွန်တော် ဆိုလိုသော စိတ်ကူးယဉ်စာပေ အယူအဆဟူသည်မှာ ဘဝ၏ အလင်းရောင်ဘက်၊ အလှအပဘက်ကို ကြည့်ခြင်း၊ စိတ်ကူးအင်အင်အားဘက်သို့ ရှေ့ရှုသော အဖွဲ့အနွဲ့ဖြင့် ရေးသားခြင်း၊ ခံစားမှုကို အလေးထားခြင်း စသည့် လက္ခဏာများ ဖြစ်သည်။ စိတ်ကူးယဉ် စာပေ အယူအဆနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်များစွာ ရှိကြသည်။

www.burmeseclassic.com



စိတ်ကူးယဉ် စာပေသည် ရှေးဟောင်း စာပေ ဝါ ဂန္ထဝင်စာပေမှ လမ်းခွဲထွက်လာသည်ဟု အဆိုရှိသည်။ ဂန္ထဝင်စာပေဝါဒဟူသည်မှာ စည်းကြီးကမ်းကြီးသဘော၊ စိတ်ကူးကို ထိန်းချုပ်၍ ပုံသေနည်းနှင့် ဖွဲ့နှောင်ထားသည့် သဘော၊ အစဉ်အလာကို ဆုပ်ကိုင်ထားသည့် သဘော ဖြစ်သည်။

ယနေ့ခေတ်ပေါ် စာပေတို့တွင် စိတ်ကူးယဉ် စာလသဘောများ ရှိတတ်သည်ကို တွေ့ရသည်။ စိတ်ကူးယဉ် စာပေဝါဒဟူသည် တကယ်ကိုလည်း သဘာဝမှ ကင်းကွာခြင်းမျိုး မဟုတ်ဘဲ ဘဝ၏ အလင်းနှင့် အမှောင် ၂ ဘက်ရှိသည့်အနက် အလင်းဘက်ကို ကြည့်ခြင်း၊ ဘဝ၏ အလှနှင့် အကျည်းတန်ဘက် ၂ ဘက်ရှိသည့် အလှဘက်ကို ကြည့်ခြင်း သဘောသာ ဖြစ်သည်။ ယင်းသို့ ကျွန်တော် နားလည်သည့် စိတ်ကူးယဉ် အမြင်ဖြင့် စိတ်ကူးယဉ် စာပေသစ်ဟု ဆိုလိုသည်၊ မဆိုလိုသည်ကို ကျွန်တော် မရှင်းပေ။ ဝိုးတဝါးသာ နားလည်လိုက်သည်။

စကားလုံးထွင်ခြင်းနှင့် ပတ်သက်၍ ပြောစရာရှိသည်။

စာရေးဆရာ တစ်ယောက်နှင့် တစ်ယောက် ရေးသား ဖွဲ့နွဲ့ပုံချင်း မတူကြပေ။ တူလည်း မတူနိုင်။ တူစရာလည်း မလို။ သဘာဝကျသည်။ စာဖတ်ပရိသတ်တွင်လည်း အကြိုက်အမျိုးမျိုး ရှိကြသည်။ မိမိတို့ အကြိုက်များဖြင့် ကြိုက်သည့် စာရေးဆရာ၏ စာပေကို ရွေးချယ်ဖတ်ရှုကြရသည်။ ယင်းသည် သဘာဝကျသည်ဟု ထင်သည်။ စာရေးဆရာများ တစ်ယောက်နှင့်တစ်ယောက် ရေးသားဖွဲ့နွဲ့ပုံချင်း မတူခြင်းမှာ စာရေးဆရာတစ်ယောက်နှင့် တစ်ယောက် အာရုံခံစားမှုခြင်း မတူ ကွဲပြားခြားနားကြခြင်းကြောင့် ဖြစ်သည်။ (အတွေးအခေါ်လည်းပါသည်။)

ကျွန်တော်သည် ဝတ္ထု၊ ကဗျာ စသော ရသစာပေတို့ကို ရေးရာတွင် မိမိခံစားမှုကို အသေးစိတ် ရေးခြယ်ချင်သည်။ ကျွန်တော်သည် အရောင်၊ ရနံ့၊ အသံ၊ အထိအတွေ့ စသည်တို့ကို အသေးစိတ် ဖွဲ့နွဲ့တတ်သည်။ မျက်မြင်အာရုံရုပ်များကို ဖော်ပြရာတွင် အသေးစိတ် ပေါ်လွင်အောင် ဖွဲ့နွဲ့တတ်သည်။ ယင်းကို ရည်ရွယ်၍ ကျွန်တော် အဖွဲ့အနွဲ့လွန်ခဲ့သည်ဟု မိတ်ဆွေဆရာတို့က ဝေဖန်ခဲ့ကြသည်။ ယင်းသို့ ဝေဖန်သည်မှာ လွန်ခဲ့သော အနှစ် ၃၀ ကျော်ကတည်းက ဖြစ်သည်။

တလောက စာရေးဆရာများ ရောက်လာရာ၊ ယခင်လထုတ် စာပေလုပ်သားတွင် ရေးခဲ့သော မှန်ကွဲစများပေါ်တွင် လမ်းလျှောက်ခြင်း



ဝတ္ထုနှင့် ပတ်သက်၍ သူတို့ကို ဘယ်လို သဘောရသလဲဟု မေးကြည့်သည်။ တစ်ယောက်က 'လျှော့တယ်' ဟု ပြောလိုက်သည်။

ကျွန်တော်က သူ့စကားကို နားမလည်၍ လန့်သွားသည်။ ကျွန်တော်စာညံ့သွားသည်ဟု အဓိပ္ပာယ် ကောက်လိုက်သည်။ 'အရောင်တွေကို သိပ်မရေးတော့ဘူး'

ဒီတော့မှ ကျွန်တော်နားလည်သွားသည်။ အဖွဲ့အနွဲ့အကြောင်း ဆိုလိုကြတာကိုး။

'အဲဒီတော့ ညံ့မသွားဘူးလား၊ မကောင်းဘူးပေါ့'

'ပိုကောင်းသွားတယ်'

သူတို့ ထင်မြင်ချက် (ဝေဖန်ချက်ဟုလည်း ဆိုနိုင်ပါသည်)ကို ကြားရသောအခါ စဉ်းစားစရာ ဖြစ်လာရသည်။

ကျွန်တော် တွေးတောကြည့်မိသည်။ အကယ်၍ ကျွန်တော် အာရုံခံစားမှု လျှော့သွားသည်ဟု ဆိုလိုလျှင် ကျွန်တော် သိပ်မကြိုက်ချင်။ ကျွန်တော် အာရုံခံစားမှု လျှော့ပါးခန်းခြောက်သွားလေပြီလော။

ကျွန်တော်၏ ဝတ္ထုပုံသဏ္ဌာန်ကို ဆက်လက် သုံးသပ်ကြည့်မိပြန်သည်။ ဝတ္ထုပုံသဏ္ဌာန်မှာ ကိုစန်းအေး၊ သင်းသင်းမင်း၊ နှင်းနှင်းမင်းဟူသော ဇာတ်ဆောင် ၃ ယောက်၏ တစ်ဦးစီ ပြောပြချက်တို့ဖြင့် ဖွဲ့စည်းထားသော ပုံသဏ္ဌာန် ဖြစ်သည်။ ဝတ္ထုရေးသူ၏ ပြောပြချက်မျိုး မဟုတ်၊ ဇာတ်ဆောင်များ၏ နေရာတွင် ဝတ္ထုရေးသူက ဝင်ရောက်ကာ ခံစားမှုကိုဖော်ပြသော အဖွဲ့။ ထို့ကြောင့် ယခုကဲ့သို့ အဖွဲ့အနွဲ့ မပါခြင်း ဖြစ်လေသလော။ ဖွဲ့နွဲ့စရာ အကြောင်းမရှိ၍ပေလော။ ကျွန်တော်မပြောတတ်။ စဉ်းစားစရာကား ဖြစ်လာရပေသည်။

ယင်းသို့ ခံစားမှုကို အနုစိတ် ဖွဲ့နွဲ့ရန် လိုအပ်သလို စကားလုံးများ ရှာရသည်ကို လျှပ်ပေါ် လော်လည်ခြင်းဟု ဆိုလျှင် ကျွန်တော် မတတ်နိုင်ပါ။ ပန်းချီအရောင်အသွေးတို့ကို ခံစားသည့်အတိုင်း ဖွဲ့ချင်သည်မှာ ကျွန်တော်၏ အားနည်းချက် ဖြစ်ချင် ဖြစ်နိုင်ပါသည်။

အမေရိကန် ပုံတူဟု ပြောသည်ကိုကား ကောင်းစွာ နားမလည်။ စာပေအဖွဲ့အနွဲ့တွင် အမေရိကန် ပုံတူ စာပေအဖွဲ့အနွဲ့မျိုး မည်သို့ ရှိသည်ကို ကျွန်တော် နားမလည်။ ထိုအခါက လက်ဝဲ၊ လက်ျာဟူသော စကားလုံးများ သုံးစွဲကာ တစ်ဘက်နှင့် တစ်ဘက် အမည်ခေါ်ကာ အငြင်း

www.burmeseclassic.com

www.burmeseclassic.com



ပွားတတ်ကြရာ၊ အမေရိကန်ဟု ဆိုလိုက်လျှင် လက်ျာဟု နားလည်ထားတတ်ကြသည်။ ယင်းသို့ ဆိုလျှင်လည်း 'လက်ျာဆန်သည်' ဟု နားလည်ရမလို ဖြစ်နေသည်။

ထိုအခါက ဟံသာဝတီ၊ သမာဓိစသော သတင်းစာများ၊ ပဒေသာ၊ သစ္စာ စသော မဂ္ဂဇင်းများတွင် စာပေသစ်နှင့် ပတ်သက်၍ လည်းကောင်း၊ ကျွန်တော်၏ အရေးအသားများနှင့် ပတ်သက်၍ လည်းကောင်း ဝေဖန်ရေးသားကြသည်မှာ အတော်လေး ရှိခဲ့သည်။ တချို့က ကျွန်တော်၏ အရေးအသား အဖွဲ့အနွဲ့ကို ပြောကြသည်။

သူတို့က ရေးသားပုံကို မကြိုက်ကြလို့ဘဲဟု နားလည်လိုက်သည်။ အတွေးအခေါ်၊ သဘောတရားတို့ကို အချက်အလက် ခိုင်လုံစွာ ဂယနဏ ဖော်ပြသူ နည်းသည်ကို တွေ့ရသည်။ ကျွန်တော် နားလည်လျှင် လက်ခံ စဉ်းစား၍ နားမလည်လျှင် လက်မခံဘဲ နေလိုက်သည်။ လက်ခံသည် ဆိုသည်မှာ ပစ္စည်းတစ်ခုပေးလျှင် အပေးခံရသူ လက်ထဲ ရောက်မှ လက်ခံ၍ ရမည် ဖြစ်သည်။ လက်ထဲမရောက်ဘဲ ယိုကျသွားလျှင် သို့မဟုတ် ဆားရောက်သွားလျှင် လက်ခံချင်သော်လည်း လက်ခံရရှိမည် မဟုတ်ပေ။ ယင်း အဓိပ္ပာယ်ဖြင့် လက်ခံသည်၊ လက်မခံသည်ကို ဆိုလိုခြင်း ဖြစ်ပါသည်။ စာပေရေးဖွဲ့သည့် အကြောင်းအရာ အတွေးအခေါ်၊ သဘောတရားဖြင့် ဝေဖန်လျှင် ပြန်၍ ရှင်းလင်းသည်။ သို့မဟုတ်လျှင် အသာနေလိုက်သည်။ ယင်းသို့ပင် ဝေဖန်ရေးစာများအပေါ် ယနေ့အထိ ထားရှိသော ကျွန်တော်၏ သဘောထားဖြစ်သည်။

၁၉၄၈၊ ၄၉၊ ၅၀ ကာလမှ စတင်ခဲ့သော လှိုင်းဂယက်သည် စက္ကူပေါ်တွင်သာ ရိုက်ခတ်သည် မဟုတ်။ စာရေးဆရာအဖွဲ့အစည်းစသော အဖွဲ့အစည်း ကြမ်းပြင်ပေါ်သို့ပင် ကူးဆက်ရိုက်ခတ်သည်ကို တွေ့ရသည်။ ၁၉၅၀ တွင် ကျွန်တော်သည် မမျှော်လင့်ဘဲ စာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ် ရွေးခံလိုက်ရသည်။

ထိုအခါ ဆန့်ကျင်ဘက် ၂ ဘက်ဖြစ်ကာ အသင်းကြမ်းပြင်တွင် ရင်ဆိုင် တွေ့ဆုံကြပြန်သည်။ ၁၉၄၆၊ ၄၈ က တာရာမဂ္ဂဇင်းတွင် ကျွန်တော် ရေးသားခဲ့သော ငြိမ်းချမ်းရေး အယူအဆများကြောင့် ကမ္ဘာ့ ငြိမ်းချမ်းရေး အဖွဲ့အစည်း ကြမ်းပြင်တွင် အငြင်းပွားမှုကို တွေ့ကြုံခဲ့ရသည်။ ၁၉၅၂ ညီလာခံတွင် ကျွန်တော်သည် နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်း



ရေး ကော်မတီ၏ ဒုတိယဥက္ကဋ္ဌ ဖြစ်လာခဲ့ရသည်။

ယင်းလှိုင်းဂယက်တို့သည် ၁၀ ဆယ်စုနှစ် ကာလခန့်အထိ အရှိန် မပျော့မသွားဟု ထင်မိပေသည်။

[မိုးဝေမဂ္ဂဇင်း၊ ဖေဖော်ဝါရီလ၊ ၁၉၈၇]

www.burmeseclassic.com

www.burmeseclassic.com

## ပန်းချီချိန်

မြောင်းမြမဂ္ဂဇင်းအတွက် စာမူလာတောင်းသည်။ မိတ်ဆွေ တစ်ယောက်မှ တစ်ဆင့် ကျွန်တော် ဘာရေးရမလဲ မြောင်းမြကို တစ်ခါမျှ ရောက်ဖူးသည် မဟုတ်။ ပုသိမ်အသွား ဖြတ်သွားဖြတ်လာ။ တစ်ခါတစ်လေ ညကြီး ဖြစ်သဖြင့် မြောင်းမြဆိုက်သည် ဆိုသည်ကို ငြိမ့်ခနဲ သိလိုက်ရုံမျှသာ။

သည်တော့ မြောင်းမြအကြောင်း ဘာရေးရမလဲ။ စာရေးစရာ မရှိ။ ငယ်စဉ်ကျောင်းသားဘဝက ရာဇဝင်သင်ကြားခဲ့ရာတွင် မြောင်းမြစား လောက်ဖျားဟူသော နာမည်ကို ကြားဖူး၍ မွန်တို့ဒေသ ရာမညက သမိုင်းဝင် မြို့ကြီး တစ်မြို့ပါကလားဟူသော အသိသာလျှင် ဆက်စပ်စရာရှိသည်။

ကျွန်တော်က သမိုင်းသမား မဟုတ်၍ မြောင်းမြရာဇဝင်ကို မသိ။ ယခု မြန်မာနိုင်ငံဟု ခေါ်သော ပထဝီမြေအပြင်တွင် ပုဂံခေတ် မတိုင်မီ ကာလက ပျူနိုင်ငံတော်၊ မွန်နိုင်ငံတော်ဟူ၍ ထွန်းကားခဲ့သည်။ ပျူယဉ်ကျေးမှု၊ မွန်ယဉ်ကျေးမှုဟူ၍ ထွန်းပခဲ့ကြသည်။ ယခု တိမ်ကောနေပြီ စသည်လောက်သာ သာမန်သိထားသည်။ မွန်ခမာ ယဉ်ကျေးမှုမှာ မဲခေါင်မြစ် စီးဆင်းရာ တစ်လျှောက် ကြီးကျယ်စွာ ပွင့်ဖူးခဲ့သည်ကို ဖတ်ဖူးသည်။ သည်လောက် သိရုံနှင့် ဘာမှ ဂဃနဏ ရေးနိုင်သည် မဟုတ်။

သဘော်ထွက်စ နောက်တွင် တဖြည်းဖြည်း ဝေးကျန်ရစ်ခဲ့သော လရောင်တွင် အိပ်စက်နေသော မြောင်းမြ၏ လပြည့်ညကိုပဲ ကဗျာဖွဲ့ရရင် ကောင်းလေမလား။ ခံစားမှု အကြောင်းအရာက ပါးလျားနေသဖြင့်

www.burmeseclassic.com



ကဗျာကောင်းထွက်လာမည် မထင်။

သည်တော့ ဘာထူးမလဲ။

(ခ)

ယနေ့ခေတ်တွင် မြို့နယ်များက မဂ္ဂဇင်းတွေ ထုတ်ဝေနေကြသည်။ ယခင်ခေတ်များက သိပ်မကြားဘူး။

မြို့နယ် မဂ္ဂဇင်းများကို သူ့မြို့နယ်အသင်းက ထုတ်ဝေကြသည်ဟု သိရသည်။ မြို့နယ် မဂ္ဂဇင်းများ ကျွန်တော့်ကို စာမူတောင်းကြသည်။ ကျွန်တော်နှင့် မဆိုင်ဟု ယူဆ၍ မပေးဖြစ်။ မြို့နယ်အသင်းများ ထုတ်ဝေကြသည်ကို ကျွန်တော် ဘဝင်မကျ။ ကျဉ်းမြောင်းသော စိတ်ဓာတ်ကို မွေးမြူပေးကာ ဒေသစွဲပဲဟု မကြိုက်။ အားမပေးချင် (သည်းခံပါ) ကျွန်တော်သည် မိမိမြို့နယ်အသင်းပင် မဝင်ခဲ့။ ဒေသစွဲလွန်ကဲပြီး ပြိုင်ဆိုင်ရန်လိုစိတ် ပွားလာမည် စိုး၍ ဖြစ်သည်။ ဒါက ကျွန်တော့် အယူအဆ အရေးမကြီးပါ။

ယခု သဘောထား တစ်မျိုး ပြင်ထားရသည်။ မထား၍ မဖြစ်။ အခြေအနေအရ ဆိုပါတော့။ ကျွန်တော် မကြိုက်သော စကားလုံး၊ လမ်းစဉ် ပြောင်းရလျှင် ကျင့်သုံးလေ့ရှိသော နာမည်ပျက်နေသော အကြောင်းပြ စကားလုံး။

ယခုလည်း ကျွန်တော်၏ အခြေအနေကို တင်ပြမှ ရှင်းမည်။ ကျွန်တော့်တွင် စာရေးစရာ နေရာသိပ်မရှိ။ အချို့က မေးကြသည်။ ဘာဖြစ်လို့ စာမရေးသလဲ။ ရေးချင်ပါသည်။ ရေးစရာတွေလည်း ရှိပါသည်။ ယခုခေတ်တွင် ပိုလို့တောင် ရှိပါသည်။ သို့သော် ရေးစရာက မရှိ။ အသက် ၄၀ ကျော် ၅၀ ကျော် အယ်ဒီတာများက ကျွန်တော့်စာကို မတောင်းကြ။ တချို့က လိုချင်လျက် မတောင်း။ ကျွန်တော် နားလည်ပါသည်။ ကျွန်တော်က မတောင်းလျှင် မရေး။ အသက် ၃၀ ဝန်းကျင် စာပေသမား လူငယ် အယ်ဒီတာများကတော့ ကျွန်တော့်စာ တောင်းကြသည်။

ယခု မြောင်းမြမဂ္ဂဇင်းအတွက် လူငယ်စာပေသမားများက တောင်းသဖြင့် ရေးပေးရန် ဆုံးဖြတ်ရသည်။ မြို့နယ် မဂ္ဂဇင်းကတော့ စီးပွားရေး မဟုတ်။ စာပေမွေ့သူတို့ ဖြစ်မည်။ ကျွန်တော်နှင့် ကိုက်မည်။



ဂေါ်ကီက စာပေနေရာနှင့် ပတ်သက်၍ ပြောဖူးသည်။ ကျုပ်အတွက်ကတော့ သချိုင်းကုန်းက လွဲရင် ကျုပ်နေရာချည်းပဲဗျို့။

ကျွန်တော်က နေရာရှာနေသူ။ ယခု တွေ့သွားပြီ။

မြို့နယ်မဂ္ဂဇင်း ထုတ်ဝေခြင်းသည် ကောင်းသလား။

(ဂ)

တောင်းသည့် မြို့နယ် မဂ္ဂဇင်းများမှာ စီးပွားရေး လုပ်ငန်းတစ်ခု အနေဖြင့် ထုတ်ဝေကြခြင်း မဟုတ်။ စာပေခံစားမှုကို ဖော်ပြလိုသဖြင့် ထုတ်ကြခြင်း ဖြစ်သည်ဟု ထင်သည်။ စေတနာ သန့်သည်။ ရည်ရွယ်ချက် ရှိသည်။ ဘော်ချက်နေခြင်း မဟုတ်။ သို့ဖြစ်ရာ အသုံးတော်ခံစာပေ၊ ပျော်တော်ဆက် စာပေများ မပါနိုင်။ ပါလျှင်လည်း နည်းမည်ဟု ထင်မိသည်။ တက္ကသိုလ်ကောလိပ်မဂ္ဂဇင်းများသည်လည်း ယင်းအတူပင် ဖြစ်သည်။

မြို့နယ်မဂ္ဂဇင်းများက ကျွန်တော့်ထံ ဆောင်းပါးလာတောင်းလျှင် ကျွန်တော်က 'ခင်ဗျားတို့ မြို့နယ်အကြောင်း ဘာမှ မသိတာ' ဟု ပြောလျှင် 'ရပါတယ် အပြင်က စာရေးဆရာတွေလည်း တောင်းပါတယ်၊ ရေးချင်တာသာ ရေးပါ' ဟု ပြောတတ်ကြသည်။ ကျွန်တော့်စိတ်ထဲတွင်ကား သူတို့ မြို့နယ်အကြောင်း ရေးရင်ကောင်းမည်ဟု ထင်နေမိသည်။

မြို့နယ်နာမည်နှင့် ထုတ်သော်လည်း ကျယ်ကျယ်ပြန့်ပြန့် သဘောထားပုံရသည်။ တစ်ပြည်လုံး အတိုင်းအတာဖြင့် ဆောင်းပါးများ တောင်းသည်။ သို့နှင့် ကျွန်တော်လည်း သဘောထား ပြောင်းလိုက်ရခြင်း ဖြစ်သည်။

(ဃ)

ဓလေ့က ဒေသစွဲအကြောင်း ရေးခဲ့သည်။ ဒေသစွဲသာ မဟုတ် ဘာစွဲ ညာစွဲမှ မကောင်း။ အသေးဆုံး ဥပမာပြရလျှင် ဒေသချင်း ကစားသော ဘောပွဲမှ ရန်ပွဲအထိ ဖြစ်ပွားသွားတတ်သည်ကို တွေ့မြင်ကြပေလိမ့်မည်။ ကျောင်းပွဲဆိုလျှင် သာဆိုးသေးသည်။ ဒေသစွဲမှာ တစ်စုံတစ်ရာသော အတိုင်းအတာအထိတော့ ကောင်းသည်ဟု ဆိုနိုင်သည်။ ဒေသစိတ်၊

www.burmeseclassic.com



စည်းလုံးညီညွတ်ပြီး တက်တက်ကြွကြွ စိတ်ဓာတ်ကို မွေးမြူပေးသည်။ ရည်ရွယ်ချက်ကောင်းလျှင် ကောင်းသလောက် ဒေသအတွက် အကျိုးပြုသည်။ သည့်ထက် ကျယ်ဝန်းသော လုပ်ငန်းမျိုး ဆိုပါက တိုင်းပြည်အတွက်ပါ အကျိုးသက်ရောက်ပေမည်။ ယခု မဂ္ဂဇင်းထုတ်ဝေခြင်းမျိုး၊ ယင်းမှာ ငြိမ်းချမ်းသော နည်းကို ရွေးချယ်လုပ်ဆောင်သောကြောင့် ဖြစ်သည်။ စာပေအနုပညာဆိုသည်မှာ ငြိမ်းချမ်းရေး လုပ်ငန်း မဟုတ်ပေလော။

လူမျိုးစွဲစိတ်၊ ကိုယ့်အမျိုးမှ ကိုယ့်အမျိုးဟူသော စိတ် ဝါ လွန်ကဲသော လူမျိုးရေး စိတ်ကြောင့် စစ်ခင်းကြသည့် သာဓကများစွာကို ကမ္ဘာ့ရာဇဝင်တွင် ထင်ရှားစွာ ဖတ်ရှုနိုင်သည်။ မျိုးချစ်စိတ်ကျပြန်တော့ အကျိုးပြုပြန်သည်။ စည်းလုံးညီညွတ်စေပြီး တိုင်းပြည်ထူထောင်ရေးကို တက်ကြွစွာ လုပ်ဆောင်စေသည်။ ဝါဒစွဲ၊ ဘာသာစွဲစသည်တို့သည်လည်း စစ်မက် ဖြစ်စေကြောင်း ကမ္ဘာ့ရာဇဝင်က သက်သေပြခဲ့သည်။ သို့သော် အတိုင်းအတာဖြင့် ရှိလျှင် ကောင်းသည်။ ဘာသာကိုင်းရှိုင်းလျှင်ကားယုံကြည်မှုကို ခိုင်မာစေပြီး စိတ်ဓာတ်တက်ကြွအားကောင်းစေသည်မှာ အမှန်။

'တန်ဆေး၊ လွန်ဘေး' ဟူသော စကားမှာ ယင်းကိစ္စများတွင် သုံးသင့်သော တရားဖြစ်သည်ဟု ဆိုချင်သည်။ အတိုင်းအတာထက် ကျော်လွန်ကာ လွန်ကဲခြင်းကို ဆင်ခြင်တုံတရား ဝါ အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်စေသည်ဟု စဉ်းစားတွေးတော အကျိုးအကြောင်း တရားဖြင့်သာ ထိန်းချုပ်နိုင်သည်ဟု ထင်ပေသည်။

ယင်း ဆင်ခြင်တုံတရားကို ဘယ်က ရမည်နည်း၊ စာပေက ရနိုင်သည်။

စောစောက စာပေအနုပညာအကြောင်း စခဲ့သည်။ ငြိမ်းချမ်းရေး လုပ်ငန်းဟု ဝိသေသ ပြုချင်သည်။

'စာပေ' ဟူသော ဝေါဟာရမှာ ယေဘုယျအသုံးအနှုန်းအဖြစ် သုံးလျှင်လည်း ရသည်။ ကျွန်တော်က စာပေဟု သုံးလိုက်ခြင်းမှာ ရသ စာပေကို ရည်ညွှန်းခြင်း ဖြစ်သည်။ စာပေ ဘယ်နှစ်မျိုးရှိသလဲဟု မေးစရာ ဖြစ်လာသည်။ သို့ဖြစ်ရာ ရှင်းရန် လိုလာပြီ။

အကြမ်းအားဖြင့် (၂) မျိုး ခွဲချင်သည်။ ရသစာပေနှင့် ရသ မဟုတ်သော စာပေ။ ရသစာပေဟူသည်မှာ ဝတ္ထု၊ ကဗျာ၊ ပြဇာတ်



စသော စာပေအနုပညာ ပုံသဏ္ဌာန်ဖြင့် ရေးသား ဖွဲ့နွဲ့ထားသော စိတ်ကူးစာပေ၊ ခံစားမှုစာပေတို့ကို ဆိုလိုသည်။ ရသစာပေ ဆိုသည်မှာ လူတို့၏ ဘဝခံစားမှုတို့ကို ရသပေါ်အောင် ဖွဲ့နွဲ့ရေးသားထားသော စာပေ ဖြစ်သည်။ လူ့ဘဝအကြောင်း ရေးဖွဲ့ထားသော စာပေတွင် လူ့သဘာဝ ပါမည်၊ လူ့ဇာတ်ကြောင်းဖွဲ့ရာတွင် ဆင်ခြင်တုံတရားဖြင့် လွန်ကဲစိတ်ကို ထိန်းချုပ်ခြင်းအကြောင်းများပါမည်။ ယင်း ဆင်ခြင်တုံ တရား လွှတ်လျှင် ရန်လိုလာတတ်သည်။ စစ်မက်သို့ ဦးတည်သည်။ အစွဲ၏ နောက်သို့ လိုက်ခြင်း ဖြစ်သည်။ ဆင်ခြင်တုံတရားဖြင့် ထိန်းနိုင်ပါက ငြိမ်းချမ်းရေးသို့ ဦးတည်မည့် အစွဲကင်းမည်။ မျှမျှတတ ကြည့်တတ်မည်။ အမြင်မှန်မည်။ ကိုယ့်ဘက်ရော သူတို့ဘက်ပါ ကြည့်တတ်မည်။ ယင်းသို့ သဘာဝ ကျကျ ကြည့်တတ်ခြင်း၊ တွေးခေါ်တတ်ခြင်းသည် ဆင်ခြင်တုံတရား၊ ကျိုးကြောင်းသိ တရားသဘောများ ဖြစ်ပေသည်။

လွန်ခဲ့သော ၃-၄ နှစ်ခန့်က 'အချစ်နှင့်အမုန်း' ဟူသော ကဗျာ တစ်ပုဒ် ရေးဖွဲ့ဖူးသည်။ အချစ်ပင်ကို စိုက်ပျိုးလျှင် ပန်းခူးချိန်တွင် အချစ်ပန်း ခူးရမည်။ အမုန်းပင်စိုက်လျှင် အမုန်းပွင့်ရမည်။ အမုန်းပင် စိုက်ပြီး အချစ်ပန်းမျှော်လင့်၍ မရနိုင်ကြောင်း စစ်နှင့် ငြိမ်းချမ်းရေး သဘောကို တင်စားထားခြင်း ဖြစ်သည်။

အချစ်ပင်စိုက်မည်လော၊ အမုန်းပင် စိုက်မည်လော။

[မြဝန်းရောမဂ္ဂဇင်း၊ ဇွန်လ၊ ၁၉၈၇]

www.burmeseclassic.com

www.burmeseclassic.com

## မြွတ်လေးရဲ့ တောအစ

### (က)

တစ်နေ့တွင် မြတ်လေးမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင် တစ်ဦး ကျွန်တော့်ထံ ရောက်လာကာ ကိုယုထံမှ စာကို ပေးသည်။ ဆောင်းပါးတောင်းသော စာ ဖြစ်နေသည်။ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ ဘာဖြစ်ဖြစ်ပေးပါတဲ့။

စာမူလာတောင်းသည့် အယ်ဒီတာများအား ဆောင်းပါးလား၊ ဝတ္ထုလား၊ ကဗျာလားဟု မေးရသည်။ အယ်ဒီတာတို့မှာ စာပေသမား၊ သို့မဟုတ် စာရေးဆရာများ ဖြစ်နေတတ်ကြသည်။ ကျွန်တော့်ထံမှ မည်သည့် စာမူကို လိုချင်သည်ကို သိမှ နှစ်ဖက်အဆင်ပြေမည် ဖြစ်သည်။

ဝတ္ထုတောင်းသူက နည်းသည်။ ဆောင်းပါးတောင်းသူများသည်၊ ကဗျာလည်း တောင်းကြသည်။ ကဗျာကျတော့ အမြဲတမ်း ထွက်သည် မဟုတ်။ ခံစားမှုပေါ်မှ ကဗျာကောင်းရမည် ထင်သည်။

ကဗျာက ခံစားမှု မပေါ်ဘဲကတော့ စကားလုံးများ စီးဆင်းမလာ။ ကာရန်သာ ရမည် ထင်သည်။ ကာရန်ဆိုသည်ကလည်း ယနေ့ခေတ်သည် ကာရန်ခေတ် မဟုတ်ဟု ထင်သည်။ ယနေ့ခေတ်သည် အင်းဝခေတ် မဟုတ်။ မန္တလေးခေတ်လည်း မဟုတ်။ အင်းဝခေတ်သည် မြန်မာကဗျာ ပင်မရေစီးကြောင်း စတင်မြစ်ဖျားခံရာ မေခ ဖြစ်သည်။ ကျွန်တော်တို့ ကျောင်းသားဘဝ၊ စာပေလေ့လာဆည်းပူးစအခါက ဖတ်ခဲ့ရသော လေးလုံးစပ် လင်္ကာ အဖွဲ့အနွဲ့ ပုံသဏ္ဌာန်သည် အင်းဝခေတ်မှ ဖူးပွင့်လာခဲ့သော ပွင့်ဦးဖြစ်သည်။ လေးသုံးနှစ် ကာရန်၊ အသံ ပုံပန်းကို ချစ်မိသည်။ ကာရန် အရှိန်သည် မန္တလေးခေတ်အထိ နှစ်ပေါင်း ၄၀၀

www.burmeseclassic.com



ကျော်ကို ဖြတ်သန်းကာ အားကောင်းခဲ့သည်။ မန္တလေးခေတ် စကားပြေတွင်ပင် ကာရန်ဖြင့် ရောစပ်ထားရသည်ကို တွေ့နိုင်သည်။

ယနေ့ခေတ်တွင်ကား လွတ်လပ်သော ကာရန်စနစ်ကို သုံးလာကြပြီ။ ပွင့်သစ်စ ကဗျာဆရာတို့သည် လွတ်လပ်သော ကာရန်စနစ်ဖြင့် ဖွဲ့နွဲ့နေကြပြီ။ ယနေ့ခေတ်တွင် ကာရန်ထက် ခံစားမှု၊ စိတ်ကူး၊ အတွေးအခေါ်တို့ကို အရေးထားလာကြပြီဟု ဆိုနိုင်မည် ထင်သည်။ ကျွန်တော်လွန်ခဲ့သော အနှစ် ၅၀ ကျော်ကာလ၊ ကျောင်းသားဘဝက ရေးဖွဲ့ခဲ့သော ရှေးဟန် ကာရန်ဖြင့် ဖွဲ့နွဲ့ထားသည့် ရတုပိုဒ်စုံကဗျာကို ယခု ကလောင်အမည်ဖြင့် မဟုတ်ဘဲ အခြား ကလောင်အမည်ဖြင့် မဂ္ဂဇင်းတိုက်သို့ ပို့လိုက်လျှင် အယ်ဒီတာ လူငယ်က ပယ်မည်မှာ သေချာသည်။

အကယ်၍ ယနေ့ခေတ်ပေါ် ကဗျာကို အင်းဝခေတ် အယ်ဒီတာထံသို့ ပို့လိုက်လျှင်လည်းပယ်မှာ သေချာသည်။ 'ဟင် ကဗျာမှ မဟုတ်ဘဲ' ဟုပင် အပြောခံရမည် ထင်သည်။ ဘာကြောင့်လဲ။ ခေတ်ချင်း ကွာသောကြောင့်ပင် ဖြစ်သည်။

ကဗျာနှင့် ပတ်သက်၍ အယူအဆများစွာ ရှိသည်။ ယနေ့ခေတ်ပေါ် ကဗျာ ပုံသဏ္ဌာန်တို့ကလည်း များလှသည်။ ယနေ့ခေတ်တွင် လူ့အဖွဲ့အစည်းပုံစံ၊ စီးပွားရေးစနစ်ပုံစံတို့ကလည်း ထွေပြားစုံလင်ရှုပ်ထွေးသည်။ ထိုအခါ ပတ်ဝန်းကျင်က ရိုက်ခတ်လိုက်သော ခံစားမှုတို့က ထွေပြားနေတတ်သည်။ ယင်းခံစားမှုကို ဖွဲ့နွဲ့သော ကဗျာသည် ထွေပြားလာရခြင်း ဖြစ်သည်ဟု ဆိုရမည်။ သို့ဖြစ်ရာ ကဗျာ အယူအဆ ထွေပြားလာရပေသည်။

မြန်မာစာပေ (ရသစာပေ) ကို ခွဲလိုက်လျှင် ကဗျာနှင့် စကားပြေဟူ၍ တွေ့ရပေမည်။ ရှေးဟောင်း ဂန္ထဝင်စာပေတွင်ကား ကဗျာက အားကောင်းသည်ဟု ဆိုနိုင်သည်။ စကားပြေက နည်းသည်။ ခေတ်ပေါ် မြန်မာစာပေတွင်ကား စကားပြေ အားကောင်းလာသည်ဟု ဆိုနိုင်မည် ထင်သည်။

စကားပြေစာစုထဲတွင် ဝတ္ထုနှင့် ပြဇာတ်တို့ ပါဝင်သည်။ ဂန္ထဝင်စာပေတွင် ပြဇာတ်များ ပါဝင်သည်။ သို့သော် ထိုခေတ်က ပြဇာတ်သည် စကားပြေဖြင့် ဖွဲ့နွဲ့ထားသော ပြဇာတ် မဟုတ်ဘဲ ကာရန်သွား လင်္ကာဖြင့် ဖွဲ့နွဲ့ထားကြသည်။ ရှေးခေတ်မှာ ကာရန်ခေတ် လင်္ကာခေတ်ဖြစ်၍



ပြဇာတ်ကိုလည်း လင်္ကာဖြင့် ဖွဲ့ခြင်း ဖြစ်မည်။ ယနေ့ခေတ်တွင်ကား ပြဇာတ်ကို စကားပြေဖြင့်ပင် ဖွဲ့နေကြသည်။

ယနေ့ခေတ်ပေါ် မြန်မာစာပေ၏ စကားပြေစာစုတွင် ပြဇာတ်နှင့် ဝတ္ထုကို ထည့်သွင်း ရေတွက်ရပေမည်။ ၂၀ ရာစုနှစ်အစ ကျွန်တော်တို့ မမီလိုက်သော အချိန်တွင် သခင်ကိုယ်တော်မှိုင်းက ရွှေတောင် ဆရာလွမ်းအမည်ဖြင့် ပြဇာတ်များ ရေးသားသည်ဟု သိရသည်။ ကျွန်တော်တို့ စာပေဖတ်ခါစက ပြဇာတ်များကို မတွေ့ကြရတော့ပြီ။ စကားပြေအဖြစ် ဝတ္ထုများကိုသာ ဖတ်ခဲ့ကြသည်။ ပြဇာတ်ရေးသူ နည်းပါးသွားပြီ။ သခင်နု၏ ပြဇာတ်များ ဖတ်ခဲ့ကြရဖူးသည်။ ယနေ့ခေတ်တွင်ကား ပြဇာတ်များ မတွေ့ရသလောက်ပင်။ ဘာသာပြန် ပြဇာတ်များအဖြစ်ကား မော်လ်ရဲ၊ အစ်ဗဆင်၊ ရှိတ်စပီးယားစသော ပြင်သစ်၊ နော်ဝေ၊ အင်္ဂလိပ်ပြဇာတ်တို့ကို တွေ့ရသည်။ ပြဇာတ်ဘာသာပြန်ပင် နည်းသည်ဟု ဆိုနိုင်သည်။

မြန်မာစကားပြေတွင် ခေတ်ပေါ် ပြဇာတ်စာပေနည်းပါးရသည့် အကြောင်းမှာ ပြဇာတ်စာပေကို စင်တင်ကပြခြင်းနည်းနေသောကြောင့်လည်းကောင်း၊ ပြဇာတ်စာပေကို စာဖတ်ပရိသတ်က အကြိုက်နည်း၍ စာပေဈေးကွက် မရှိခြင်းကြောင့် လည်းကောင်း ဖြစ်နိုင်သည်။ ယနေ့ခေတ် သဘင်လောက၌ ဇာတ်ပွဲများတွင် ရှေ့ပိုင်းခေတ်ပေါ် ပြဇာတ်များ ပါသော်လည်း ယင်းပြဇာတ်ကို စာပေအဖြစ် ရေးသားထုတ်ဝေခြင်း မရှိပေ။ ထို့ကြောင့် စင်တင် ကပြသော ပြဇာတ်စာပေဟူ၍ မရှိခြင်းလည်း ဖြစ်နိုင်သည်။ အများအားဖြင့် ယင်းပြဇာတ်တို့မှာလည်း အပျော်ကြည့်ပွဲပရိသတ်တို့အတွက် ရည်ရွယ်၍ ကပြသော ပြဇာတ်မျိုး ဖြစ်ကြဟန်ရှိသည်။ (လေးနက်သော ပြဇာတ်ကောင်းများလည်း ရှိနိုင်ပါသည်)။ သို့ဖြစ်၍ စကားပြေစာပေအဖြစ် ပုံနှိပ်ရန် ရေးသားခြင်း မရှိဟု ယူဆရသည်။ အကယ်၍ အနောက်နိုင်ငံ-သို့မဟုတ် ကမ္ဘာတွင် ကပြလျက်ရှိသော စကားပြောခန်းကိုသာ အဓိကထားသော (စကားပြော) ပြဇာတ် စကားပြေ စာပေမှ ပြဇာတ်မျိုးကို စင်တင်ချင်မှ တင်ကြပေမည်။ စင်တင်ဖြစ်လျှင်လည်း ပရိသတ်က ကြိုက်ချင်မှ ကြိုက်ကြမည် ထင်သည်။ ပြဇာတ်မှာ ၄-၅ ခန်းထက် မများလှဘဲ စကားပြောခန်းဖြင့်သာ ဇာတ်၏ ရသကို ဖော်ဆောင်ကြရသည်။ နိုင်ငံခြားများတွင် ခေတ်ပေါ် ပြဇာတ်ကို အပျော်ကြည့်ပွဲ ပရိသတ်ထက် စာပေပညာပရိသတ်တို့က ကြည့်တတ်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

ပြဇာတ်စာပေမှာ စကားပြေတွင် စာပေအဆင့်ဝင်အဖြစ် စာပေဝေဖန်ရေး ဆရာတို့က သတ်မှတ်ကြသည်။ လူ့သဘာဝကို ဇာတ်ကောင်တို့၏ စကားပြောခန်းဖြင့်သာ သရုပ်ဖော်ရသည်ဖြစ်၍ စကားတိုင်းမှာ အဓိပ္ပာယ် ရှိရသည်။ ပြဇာတ်၏ နောက်ခံကားမှာ သမိုင်းတစ်ခေတ်ကို ကိုယ်စားပြုသော ခေတ်ပြ သင်္ကေတ ဖြစ်ရမည်ဟု ဆိုကြသည်။ ပြခန်း ၄-၅-၆ ခန်းအတွင်း မိမိတင်ပြလိုသော လောကအဖြစ်အပျက်သည် အကျုံးဝင်နေရသည်။

စကားပြေတွင် အင်အား အများဆုံးမှာ ဝတ္ထုဖြစ်မည် ထင်သည်။ ခေတ်တိုင်း မျိုးဆက်တိုင်းတွင် အားလျော့မသွားဘဲ အမြဲတမ်း အင်အားသစ် စာဖတ် ပရိသတ်တို့ဖြင့် ပွားများနေသည်ကား ဝတ္ထုပရိသတ် ဖြစ်သည်။ စာဖတ်စ လူငယ်ပေါက်တိုင်းသည် ဝတ္ထုကိုသာ ဖတ်ကြသည်။ ဝတ္ထုရေးဆရာ အသစ်များလည်း တိုးပွား၍သာ လာလျက် ရှိနေတတ်သည်။ ယနေ့ထွက်ပေါ်လျက် ရှိသော မဂ္ဂဇင်းများတွင် ဝတ္ထုရေးဆရာ အသစ်များကို တွေ့နိုင်သည်။ အထူးသဖြင့် လူငယ်စာရေးဆရာများ ဖြစ်ကြသည်။

မြန်မာစာပေလောက၌ နာမည်ကျော် ဝတ္ထုရေးဆရာကြီးများသည် အသက်အရွယ် ရင့်လာသောအခါ ဝတ္ထုများ မရေးကြတော့။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအရ အရွယ်ရင့်လာလျှင် ဘာသာတရားနှင့် မွေ့လျော်ရမည်။ 'ဖေတော့မောင်တော့' စာပေများ မရေးသင့်ဟု ယူဆလေသလောမသိ။ အရွယ်ရင့်လာသည့်အလျောက် ဘဝ အတွေ့အကြုံပို၍ ကြွယ်ဝလာမည်ဖြစ်ပေရာ ဝတ္ထုရေးလျှင် ပို၍ပင် လေးနက်အားကောင်းလာနိုင်မည် ထင်သည်။ ဝတ္ထုဟူသည်မှာ လူ့ဘဝအကြောင်း ရေးဖွဲ့သော စကားပြေဖြစ်သည် မဟုတ်လား။

အနောက်နိုင်ငံတွင်ကား ဝတ္ထုရေးဆရာကြီးများသည် အရွယ်ရင့်လာသည့်အခါလည်း ဝတ္ထုကို ရေးမြဲ ရေးကြသည်ကို တွေ့ရသည်။ သို့မဟုတ်လျှင်လည်း အသိပညာနှင့်ဆိုင်သော ဆောင်းပါးများ ရေးတတ်ကြသည်။ အယ်ဒီတာတို့က စာရေးဆရာကြီးများထံ ဆောင်းပါး တောင်းတတ်ကြသည်။

'ဆောင်းပါး' ဟူသော ဝေါဟာရပေါ်သည်မှာ ကြာပါပြီ။



သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ ပုံနှိပ်ထုတ်ဝေကတည်းက ဖြစ်မည် ထင်သည်။ (ထိုအခါက သတင်းနှင့် ပတ်သက်သော စာမျိုးကို ဆောင်းပါး ဟု ခေါ်ကြဟန် တူသည်။) ကဗျာ၊ ဝတ္ထု၊ ပြဇာတ်တို့ကို စိတ်ကူးစာပေ ထဲတွင် ထည့်သွင်းလျှင် ဆောင်းပါးကို 'စိတ်ကူးမဟုတ်သော စာပေ' ဟု ဆိုရမည် ထင်သည်။ ယနေ့ခေတ်တွင် အသိပညာပေးသော ရိုးရိုး ဆောင်းပါးအပြင် ရသဟန်ဖြင့် ရေးဖွဲ့ကြသော 'ရသဟန်ဆောင်းပါး၊ သတင်းဆောင်းပါးများ' ရှိနေကြသည်။ သမိုင်းမှတ်တမ်း၊ ခရီးသွားမှတ်တမ်း၊ အတ္ထုပ္ပတ္တိကို ရသဟန် အဖွဲ့အနွဲ့ဖြင့် ရေးသားလာကြပြီ။ ယခင်ကဲ့သို့ အသိပညာဆောင်းပါး၊ သတင်းဆောင်းပါးမျိုးပုံစံဖြင့် ရိုးရိုးစင်းစင်း မရေးကြတော့။ ဝတ္ထုတစ်ပုဒ် ဖတ်ရသလို ရေးဖွဲ့ကြသည့် စကားပြေမျိုး ဖြစ်လာကြသည်။ စကားပြေ စာပေပုံစံအမျိုးမျိုး ဆန်းသစ်လာသည်ဟု ဆိုနိုင်သည်။ စာပေဝေဖန်ရေး၊ အနုပညာဝေဖန်ရေးတို့ကိုပင် ရသဟန် ကလေးစွက်ကာ ရေးဖွဲ့လာကြပြီ။

စာပေပုံသဏ္ဍာန်၊ အနုပညာပုံသဏ္ဍာန်ဆိုသည်မှာ ခေတ်ပတ်ဝန်းကျင် ပြောင်းလာသည့်အလိုက် ပြောင်းလဲတတ်ပေသည်။

ကဗျာ၊ စကားပြေဟူသော မြန်မာစာပေသည် လွန်ခဲ့သော ရေးနှစ်ပေါင်း ၉၀၀-၁၀၀၀ ကတည်းက စတင်ကာ ပေါ်ပေါက်ခဲ့သည်မှာ ယနေ့တိုင်ပင်။ ခေတ်တိုင်းကို ဖြတ်သန်းလျက် သူ့ခေတ် သူ့အရောင်၊ သူ့ခေတ် သူ့ရနံ့ဖြင့် တောရိုင်း၊ ပန်းဥယျာဉ်၊ နန်းရင်ပြင်၊ ကျောင်းသင်္ခမ်း၊ ဇာခန်းဆီးလွင့်၊ မှန်တံခါးညှော့ခန်းဆောင်၊ စာကြည့်တိုက်၊ အငှားဆိုင် စသည့် နေရာ အဆင့်ဆင့်တို့တွင် လှပမွှေးကြိုင်ရှင်သန်နေပေသည်။

[မြတ်လေးမဂ္ဂဇင်း၊ မတ်လ၊ ၁၉၈၇]

www.burmeseclassic.com

www.burmeseclassic.com

## နေကြာပွင့်မှ ကုမုဒြာပွင့်သို့

ကျွန်တော်တို့ နေထိုင်ရာ မဲဇာကျေးလက်မှာ နွားအော်သံ၊ ဘဲအော်သံ၊ ဖားအော်သံ၊ ပုရစ်အော်သံဖြင့် စည်ဝေနေသည်။ နေကြာပွင့်ရိုင်း၊ စံပယ်ခိုင်တို့ ပွင့်လန်းသည်။ ကျွန်တော့်အိမ်ရှေ့ရှိ လမ်းဖြူဖြူ (မိုးရွာလိုက်လျှင်တော့ ပန်းနုရောင်ကြွတက်လာသည်) မှာ လယ်ကွင်းဘေးတွင် ရှိသည်။ အိမ်၏ ခြံဝန်းကျင်တွင် ပိတောက်ပင်၊ ငှက်ပျောပင်၊ ဒန့်သလွန်ပင်၊ သဘော်ပင်များ ရှိသည်။ ကြည့်၍မဆုံးသော လယ်ကွင်းကြီး ကျော်လျှင်တော့ မြစ်တစ်ခုကို တွေ့မည်ထင်သည်။ လှိုင်မြစ် ဖြစ်မည်။ ကျွန်တော်သည်အထိတော့ မရောက်ဖူးဘူး။

အိမ်ရှေ့တွင် အုပ်ဝေသော ညောင်ပင်ကြီး ရှိသည်။ ညောင်ပင်ကြီး၏ သစ်ခေါင်းထဲတွင် ဇီးကွက်တစ်ကောင် နေထိုင်သည်ဟု သိရသည်။ သို့သော် အပြင်ထွက်လာသည်ကိုကား သိပ်မတွေ့ရ။

ကတ္တရာလမ်းမပြည်လမ်းမှ ဖဲ့ထွက်လျှင် ကျွန်တော် နေရာလမ်းသို့ ရောက်သည်။ တကူးတကလာမှ ရောက်မည်။ ပြည်လမ်း တိုးချဲ့ပြင်ဆင်နေသည့် အခါတွင်ကား စက်မောင်းသံများကို တဂျုန်းဂျုန်း ကြားနေရသည်။ လမ်းဖောက်လုပ်ရေးမှ လိမ္မော်ရောင်ကားကြီးများ ဥဒဟိုပြေးလျက် ရှိသည်။

တစ်နေ့တွင် ကုမုဒြာ အဖွဲ့မှ လူများ ကျွန်တော့်ထံ ရောက်လာကြသည်။ ကျွန်တော် လုံးလုံး မမျှော်လင့်။ သူတို့နှင့် တွေ့ရသည်မှာ အတော်ကြာပြီ။ အနှစ် ၂၀ ခန့်ပင် ရှိမည်ဟု ထင်သည်။ သူတို့က စာပေမွေ့သူများ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က စာပေသဘောတရားများကို စိတ်ဝင်စားကြသည်။ လေ့လာစူးစမ်းချင်သူများ ဖြစ်သည်ကို ကျွန်တော်က နားလည်လိုက်သည်။ သူတို့က စာပေဆွေးနွေးမှုများ စီစဉ်တတ်ကြသည်။ မိတ်ဆွေ၏ အိမ်တစ်အိမ်တွင်၊ သာမကျောင်းတွင် သူတို့သည် စုဆောင်းကာ နှံနက်စာ ကျွေးမွေးလေ့ရှိသည်။ သို့မှ တစ်နေ့လုံး အေးအေးဆေးဆေး စကားစမြည် ပြောနိုင်ရန် ဖြစ်သည်။ ဝန်းမော်တင်အောင်နှင့် ကျွန်တော်ကို သူတို့က ဖိတ်သည်။ တစ်ခါ ညနေဘက် ဆွေးနွေးပွဲအပြီးတွင် သူတို့ ကုန်ကျစရိတ်မှ ကျန်နေသော ငွေများကိုပင် ကျွန်တော်တို့ နှစ်ယောက်အား လက်ဆောင်ဟုဆိုကာ ပေးလိုက်ကြသည်။ ကျွန်တော်တို့ မယူ၍ မရ။ ဤမျှ ရိုးသားကြသူများပင်။

ဆွေးနွေးပွဲဆိုတော့ ကျွန်တော်တို့ကချည်း ပြောသည် မဟုတ်။ သူတို့က မေးသည်။ ကျွန်တော်တို့ ရှင်းလင်း ပြောချက်များကို ထပ်ဆင့်မေးသည်။ အပြန်အလှန်။ တကယ်ပင် ဆွေးနွေးပွဲ ပီသသည်ဟု ဆိုရပေမည်။

ယခု သူတို့က ကျွန်တော့်ထံ ရောက်လာကြသည်။ ဘာကိစ္စပါလိမ့်။ အလည်သက်သက်လား။ စကားစမြည် ပြောရင်း သူတို့ 'ကုမုဒြာ' အမည်ဖြင့် စာစောင်တစ်ခု ထုတ်ဝေချင်လို့တဲ့။ ကျွန်တော်နှင့် တွေ့စကတော့ သူတို့သည် ကျောင်းထွက်စလူငယ်။ နှစ်ဆယ်ပတ်ဝန်းကျင်၊ ယနေ့ခေတ် လူငယ်များမှာ သဘောတရားများကို စိတ်ဝင်စားကြသည်။ လေ့လာချင်ကြသည်။ သို့သော် ခက်သည်က သဘောတရားနှင့် ပတ်သက်သော စာအုပ်စာတမ်းများက သိပ်မရှိလှ။ သည်တော့ သူတို့ လက်လှမ်းမီရာ ကျွန်တော်တို့ထံ ရောက်လာပြီး စကားပြောချင်ကြသည်။ ဆွေးနွေးချင်ကြသည်။ သူတို့ ထုတ်ဝေချင်သော စာအုပ်ကို 'ကုမုဒြာ' ဟု အမည်ပေးထားခြင်းကိုတော့ ကျွန်တော် ကြိုက်သွားပြီ။

ကုမုဒြာဆိုသည်မှာ ကြာပွင့်။ အခြား ကြာပွင့်များနှင့် မတူ။ လရောင်တွင် ပွင့်သော ကြာပွင့်။ လရောင်မှာ အေးချမ်းသည်။ သည်တော့ ကြာပွင့်မှာလည်း ငြိမ်းချမ်းသော ကြာပွင့်။ ငြိမ်းချမ်းရေးကို ခံစားသော ကြာပွင့်။



(၂)

ကျွန်တော်တို့ ငယ်စဉ် ကျောင်းသားဘဝ ဆယ်ကျော်သက်က ဘဝအတွေ့အကြုံက နုနယ်သေးသည်။ ကျွန်တော်တို့ မသိရသေးသော ဘဝ အတွေ့အကြုံကို သိချင်နေသည်။ ထိုအခါ ကျွန်တော်တို့သည် စာအုပ်ထဲမှ ရှာရသည်။ ဤသို့ဖြင့် ခံစားမှုပါသော ရသစာပေများကို ဖတ်ချင်လာသည်။ ဝတ္ထု၊ ကဗျာ စသည်တို့ကို ဖတ်ချင်လာသည်။ အထူးသဖြင့် ဝတ္ထုကို ဖတ်ချင်လာသည်။ ဝတ္ထုထဲတွင် ကျွန်တော်တို့ မတွေ့ကြုံရသော ဘဝများကို တွေ့ကြုံရသည်။ ခံစားရသည်။ ထို့ကြောင့်ပင် အထူးသဖြင့် ကာလပေါ် ဝတ္ထုကို ပို၍ နှစ်သက်ခြင်း ဖြစ်သည်။ ဤကစ၍ စာဖတ်ခြင်း၌ မွေ့လျော်လာကာ မိမိဘဝ၌ မတွေ့ကြုံရသော၊ မိမိ မသိသေးသော အသိကို စာအုပ်၌ ရှာဖွေ စူးစမ်းခဲ့သည်။

အာရုံ ခံစားမှု အသိနှင့် အတွေးအခေါ်တို့သည် စာအုပ်ထဲ၌ နှစ်မျိုးစလုံးရှိသည်။ ဤ အသိနှစ်ရပ်စလုံးသည် ကုန်ခမ်းသွားသည် မရှိ။ စိတ်အလိုပြည့်သွားသည် မရှိ။ အမြဲတမ်း တပ်မက်လျက်သာ ရှိနေသည်။ ကမ္ဘာမြေပြင်ပေါ်တွင် လူများ အသက်ရှင် တည်ရှိနေသရွေ့ လူ့ဘဝ၏ အကြောင်းအရာကို ဝတ္ထုဖြင့် ဖော်ပြသော ရသစာပေသည် တိုးပွားလျက်သာ ရှိနေသည်။ ကမ္ဘာမြေပြင်တွင် လူတို့၏ လူ့အဖွဲ့အစည်း လှုပ်ရှားမှုရှိနေသမျှ အတွေးအခေါ် အသိကို ဖော်ပြသော စာအုပ်များ ရှိနေဦးမည်။ ငယ်သည့်အခါလည်း ငယ်သည့်အလျောက်၊ ကြီးသည့် အခါလည်း ကြီးသည့် အလျောက် ရသအသိကို ရှာဖွေခံစား၍ မဆုံး။ အတွေးအခေါ် အသိကို ရှာဖွေစူးစမ်း၍ မဆုံး။ ဆုံးသည်ဟူ၍လည်း မရှိ။

ကျွန်တော့်အိပ်ခန်းမှာ စာအုပ်ပုံများဖြင့်သာ ကာရံလျက်ရှိသည်။ စာအုပ်စင်ပေါ်တွင် စာအုပ်များ မဆန့်၍ ကြမ်းပြင်ပေါ်တွင် စာအုပ်များ ပုံထားရသည်။ စာအုပ်ပုံများမှ လွဲ၍ ဘာမျှ မရှိ။ ဘာအိမ်ထောင် ပရိဘောဂမှ မရှိ။ စန္ဒရား တစ်လုံးနှင့် ပန်းချီကားချပ်များသာ ရှိသည်။ စန္ဒရားပေါ်တွင် ဗီးနစ်ခေါ် အချစ်နတ်သမီးရုပ်တု။ ကိုယ်တုံးလုံးနှင့် ရုပ်တု။ ခေါင်းရင်းဘက်တွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ရုပ်တု။ ပန်းချီကားများမှာ မဲနယ်တောင်စိမ်းပြာရောင် ကားချပ်၊ ဟိုကုန်း ရှုခင်း ကားချပ်၊ ပန်းပွင့်ကားချပ်နှင့် ကိုခင်မောင်ရင် ရေးသော ကျွန်တော့် ပုံတူပန်းချီ

www.burmeseclassic.com

www.burmeseclassic.com



ကားချပ်။ ဒါပဲ ရှိသည်။

ကျွန်တော့်ထံ လာလည်သော ဧည့်သည်များ အထူးသဖြင့် လူငယ်လေးများသည် စာအုပ်ပုံကြားတွင်သာ စကားစမြည်ပြောကြရသည်။ ကျယ်ကျယ်ဝန်းဝန်း မဟုတ်။ သို့သော် ကျွန်တော်က အလှအပ ကြိုက်သူဖြစ်၍ ဤစာအုပ်များကို ကျောက်စိမ်းရံသဖွယ် စီရီထားတတ်သည်။ ကျွန်တော့် ခုတင်နှင့် ကပ်လျက်ကား စာရေးစားပွဲ တစ်လုံး။ လောလောဆယ် ဖတ်နေသော စာအုပ်များ တင်ထားတတ်သည်။ စားပွဲပေါ်တွင် စာကြည့်မီးတိုင် တစ်တိုင် ရှိသည်။ ခြင်ထောင်ဘေးတွင် မီးခလုတ်နှင့် တွဲလွဲရှိနေတတ်သည်။ တစ်ရေးနိုးလျှင် ကျွန်တော့်ခြင်ထောင်မှပင် မီးခလုတ်ကို ဖွင့်၍ စာဖတ်တတ်သည်။ ကျွန်တော့်အိပ်ရာ ခေါင်းအုံးဘေးတွင် စာအုပ်များ ချထားတတ်သည်။ ကျွန်တော့်တွင် အခြား လုပ်စရာ မရှိ။ တစ်ရေးနိုးလျှင် စာဖတ်လေ့ရှိသည်။ ကျွန်တော် ရှာဖွေစူးစမ်းချင်သော အသိများမှာ ဤစာအုပ်ထဲတွင် ရှိသည် မဟုတ်ပါလား။ ကျွန်တော်နှင့် ခင်မင်သော၊ စာပေနှင့် မပတ်သက်သော မိတ်ဆွေများ၊ ဆွေမျိုးများ လာလျှင် ကျွန်တော့်အခန်းကို ကြည့်ပြီး 'ကိုဋ္ဌေးမြိုင်အခန်းက စာအုပ်တွေ ချည်းပါပဲကလား၊ အကုန်ဖတ်နိုင်လို့လား' လို့ ပြောလေ့ရှိသည်။ ကျွန်တော် ဘာမျှ ပြန်မပြော။ ကျွန်တော့်စာအုပ်များမှာ ဤအခန်းထဲမှာသာမဟုတ်။ တစ်ဘက်ရှိ ဂိုဒေါင်ထဲ၌ပင် အများကြီး ရှိနေသည်။ ကျွန်တော်က စာအုပ်များကို ရောင်းပစ်လေ့ မရှိ။ ထားစရာ မရှိ၍ အသုံးလည်း မဝင်တော့သော မဂ္ဂဇင်း၊ ဂျာနယ်အဟောင်းများကိုသာ ရောင်းပစ်လေ့ရှိသည်။

သည်ဘက်ခေတ်ရောက်လာသောအခါ ကျွန်တော့်ထက် အသက်လေးဆယ်၊ သုံးဆယ်ငယ်သူများ လာရောက်ကြလျှင် ကျွန်တော့်အခန်းတွင်ပင် ဧည့်ခံစကားပြောရသည်။ သူတို့က မေးခွန်းများစွာ မေးကြသည်။ စကားပြော၍ မောလာပြီဆိုလျှင်တော့ ကျွန်တော့်နေရာမှ မိနစ်အနည်းငယ် လျှောက်လျှင် ရောက်နိုင်သော တောင်ကုန်းလေးပေါ်ရှိ လက်ဖက်ရည်ဆိုင်သို့ သွားကြသည်။ လက်ဖက်ရည်ဆိုင်တွင် တစ်ဝိုင်း ထိုင်ကြပြန်သည်။ သူတို့က လက်ဖက်ရည်ကြိုက်တတ်သူများ ဖြစ်သည်။

(၃)

ကျွန်တော့်ထံ လာကြသည့် လူငယ်များထဲတွင် ယခု ကမုဒြာ



အဖွဲ့က လူငယ်များလည်း ပါဝင်သည်။ လူငယ်များက မေးခွန်းများ မေးကြသည်။ သူတို့ မမီလိုက်သော သမိုင်းခေတ် အကြောင်းအရာများကို သူတို့ သိချင်နေကြသည်။ ကျွန်တော်က သူတို့ထက် အသက်ကြီးသူဖြစ်၍ သူတို့ မမီလိုက်သော အတွေ့အကြုံခေတ်များအကြောင်း ပြောပြရသည်။

ကျွန်တော်တို့ ငယ်စဉ်ကတော့ ကျွန်တော်တို့ သိချင်သော အသိများကို စာအုပ်ထဲတွင် ရှာဖွေကြရသည်။ ယခု သူတို့ ခေတ်တွင်ကား စာအုပ်များ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ရှိကြမည် မထင်။ သူတို့တွင် အတွေ့အကြုံများက ရှိကြသည်။ သို့သော် တွေးခေါ်၍ ညှိစရာ စာအုပ်များ မလုံလောက်၍ ဖြစ်နိုင်သည်။ အမှန်တရားကို ရှာဖွေသည် ဆိုသည်မှာ အချက်အလက် ပြည့်စုံမှ ဖြစ်မည်။ အချက်အလက် ပြည့်စုံမှုပေါ်တွင် အခြေတည်၍ တွေးခေါ်မှုသာလျှင် မှန်ကန်သော အတွေးအခေါ် သိကို ရမည် မဟုတ်ပါလား။

ထို့ကြောင့် ကျွန်တော် သူတို့နှင့် စကားစမြည် ပြောရသည်ကို ကျေနပ်မိသည်။ အတွေးအခေါ်သိဆိုသည်မှာ စာအုပ်ထဲမှသာ ယူရသည် မဟုတ်။ မိမိဖြတ်သန်းခဲ့သော သမိုင်းခေတ် အတွေ့အကြုံနှင့် ညှိ၍ အသိရှာရသည်။ အသိကို အတည်ပြုရသည်။ ထိုအခါ သူတို့ မမီလိုက်သော သမိုင်းခေတ်ကို သိချင်နေကြသည်။ 'ကျွန်တော်တို့ မျှော်လင့်တာက ကျွန်တော်တို့ နိုင်ငံရဲ့ အိမ်နီးချင်း ပေါက်ဖော် မြန်မာပြည်က စာရေးဆရာရဲ့ ပြောင်မြောက်တဲ့ အရေးအသား အဖွဲ့အနွဲ့တွေကို ကျွန်တော်တို့ စာဖတ်ပရိသတ်များကို တင်ပြချင်ပေမယ့် ဘာသာစကားရဲ့ အကန့်အသတ် အဟန့်အတားကြောင့် ပြည့်စုံမှု မရှိတာကို စာဖတ်သူများ ခွင့်လွှတ်ကြဖို့နှင့် အများပါရင် သည်းခံပြုပြင်ဖို့ တောင်းပန်လိုက်ပါတယ်' ဟု ၎င်းတို့၏ အမှာကို နိဂုံးချုပ်ထားပေသည်။

မည်သို့ဖြစ်စေ၊ တရုတ်ပြည်မှ စာဖတ်ပရိသတ်များသည် မြန်မာပြည် စာပေလောကအကြောင်းကို တစေ့တစောင်းမျှ သိရှိသွားရပေသည်။ ဤနည်းဖြင့် ဆရာ တက္ကသိုလ်ဘုန်းနိုင်သည် စာပေတာဝန်ကို တစ်စွန်းတစ်စ ထမ်းဆောင်နိုင်ခဲ့ပြီဟု ကမုဒြာ စာတည်းအဖွဲ့က သဘောရပါသည်။

ကျွန်တော်ကလည်း သူတို့ထံမှ ရသည်။ သူတို့၏ ခေတ်ပြိုင် ခံစားမှုကို ကျွန်တော် သူတို့နှင့် စကားပြောရင်း သူတို့ထံမှ သိရသည်။ သူ

www.burmeseclassic.com

www.burmeseclassic.com



တို့ထံမှရသော အသိဖြင့်လည်း ကျွန်တော်၏ အတွေးအခေါ်သိကို ထပ်၍ ဖြည့်တင်းရသည်။ ညှိရသည်။ ထို့ကြောင့် ကျေနပ်မိခြင်း ဖြစ်ပေသည်။

တချို့သော စာအုပ်ထဲမှ ရရှိသော အတွေးအခေါ်သိများမှာ အဘိဓာန် စကားလုံးနှင့် မလုံလောက်။ မိမိတို့၏ ခေတ်ပြိုင်သမိုင်းအတွေ့ အကြုံနှင့် ညှိကြည့်မှ အဓိပ္ပာယ်ထင်ရှားသည်။

နောက်တစ်ကြိမ် ကုမုဒြာ အဖွဲ့ဝင်တစ်ယောက် လာတော့ ကျွန်တော်သည် မဲဇာတစ်နေရာ ရောက်နေရသည်။ မဲဇာဆိုသည်ကလည်း အကျယ်ကြီး။ ယခု ရောက်သည့် မဲဇာမှာ ဥဿာရိုးမ အစွယ်အပွားတောင် ကုန်းကလေးဆားတွင် ရှိသည်။ တောင်ကုန်းမှာ ယခင်အခါကတော့သစ်ပင် အုပ်များဖြင့် မှိုင်းညိုလျက်။ ယူကလစ်ပင်များဖြင့် စိမ်းဝေလျက်။ ယခုကား ယူကလစ်ပင်တို့မှာ ထင်းအဖြစ်သို့ ပြောင်းလဲသည်မှာ ကြာ၍ မစိမ်းညိုနိုင်။

ယခုနေရာတွင် နေကြာပွင့်ရိုင်းတို့ စံပယ်ပွင့်ရိုင်းတို့လည်း ရှိမြဲ ရှိသည်။ နေရိုင်းလရိုင်းတို့သည်လည်း ဝင်းပမြဲ ရှိနေသည်။ လေရိုင်းတို့ သည်လည်း တိုက်ခတ်မြဲ ရှိနေသည်။ ကုမုဒြာ အဖွဲ့သားများက မေးခွန်း များ မမေးကြပြီ။ သူတို့ အလုပ်ရှုပ်နေ၍လည်း ဖြစ်နိုင်သည်။

ကုမုဒြာ ကြာပွင့်တို့ကို ကျွန်တော် မမြင်ဖူး၊ မတွေ့ဖူး။ ဂန္ထဝင် စာပေထဲမှာသာ တွေ့ရဖူးသည်။ စိတ်ကူးနှင့်သာ ကျွန်တော် ကုမုဒြာ ကြာပန်းပွင့်ကို ခံစားရသည်။

သစ်ပင်၊ ပန်းပွင့်ဆိုသည်မှာ နေရောင်ရမှ ရှင်သန်နိုင်သည်။ ဖူးပွင့်နိုင်သည်။ သို့သော် ယခု ကုမုဒြာကြာပွင့်ကား ညအခါ လရောင်တွင် ပွင့်သော ငြိမ်းချမ်းရေး ကြာပွင့်ဖြစ်၍ ကျွန်တော် မြတ်နိုးသော၊ ချစ်သော၊ ငြိမ်းချမ်းရေး သင်္ကေတအဖြစ် ကုမုဒြာကြာပွင့် အမြဲတမ်း စည်ပင် သာ ယာဝပြောပါစေဟု စိတ်ထဲက တသနေလိုက်ပေသည်။

[ကုမုဒြာမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၈၈။]

❁

## မှုန်ဝါးသော အဝေးမြင် ပုံကားချပ်များ

(က)

ကျွန်တော်သည် မိမိ ဖြတ်သန်းလာခဲ့သော သမိုင်းခေတ် ပုံကားချပ်များကို ဟိုတစ်ကွက် သည်တစ်ကွက် ခြယ်ရေးဖွဲ့ရာတွင် နိုင်ငံရေးနှင့် စာပေနယ် နမိတ် မျဉ်းကြောင်းပေါ်တွင် ရောက်နေသည်ဟု ဖော်ပြခဲ့သည်။ တကယ် ကတော့ နိုင်ငံရေး နယ်ပယ်ထဲသို့ စိတ်မထိန်းနိုင်၍ စိတ်လှုပ်ရှားမှု ဒဏ်မခံနိုင်၍ ဖိတ်စင်ကျသွားခြင်း ဖြစ်နိုင်သည်။

တကယ်ကျတော့လည်း စာပေနယ်ထဲ၌သာ ကျောက်စူးချမိသွား ခဲ့သည်သာ အမှန်ပင်။ ၁၉၃၈–၃၉ ခုနှစ်တွင် ကျွန်တော် တက္ကသိုလ်သို့ ရောက်လာသည်။ ကျွန်တော့် အသိုင်းအဝိုင်းက ရောနေသည်။ တစ်ဘက်က စာပေ အသိုင်းအဝိုင်း၊ တစ်ဘက်က သမဂ္ဂ အသိုင်းအဝိုင်း၊ ဂီတ အသိုင်း အဝိုင်းကလည်း ရှိသေးသည်။ နယ်မြေနှစ်ခု ကူးလိုက် သန်းလိုက်လား မသိ။ ကိုဘဟိန်း ကိုလှရွှေတို့ ဆွဲဆောင်မှုကြောင့် တက္ကသိုလ် သမဂ္ဂ အမှုဆောင်အဖွဲ့ဝင်၊ အိုးဝေမဂ္ဂဇင်း အယ်ဒီတာ ဖြစ်သွားခဲ့ရသည်။

ထိုခေတ်က ကိုလိုနီ ဆန့်ကျင်ရေး၊ လွတ်လပ်ရေး လှုပ်ရှားမှု ခေတ် ဖြစ်သည်။ ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်ကာလတွင် ရန်ကုန် ဂျူဗလီဟော၊ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ညီလာခံသို့ တက် ရောက်ပြီးကတည်းက နိုင်ငံရေး စိတ်ကလေး မသိမသာ ဝင်နေဟန် ရှိ သည်။

သို့သော် ကျွန်တော် လက်ငင်း ထက်သန်နေသည်က ကဗျာ၊

www.burmeseclassic.com

www.burmeseclassic.com



စာပေ ဖြစ်နေသည်။ ကျောင်းသားအရွယ် ဖြစ်၍ မည်သည့်ဗီဇက လွှမ်းမိုး ခဲ့သည်ကို ကိုယ့်ကိုယ်ကို မသိခဲ့။ သမဂ္ဂထဲ ရောက်သွားသောအခါ ကျွန်တော်က သမဂ္ဂကို စာပေဆန်စေချင်သည်။ ယဉ်ကျေးမှု ဆန်စေချင်သည်။ ထိုအခါ ကျွန်တော်က ယဉ်ကျေးမှုနှင့် ပတ်သက်သော အဆိုများ တင်သည်။ ကိုယ့်ဘက် ကိုယ်ဆွဲသည်ပဲ ပြောပြော၊ သူတို့ကလည်း ကျွန်တော့် အဆိုကို မငြင်းကြ၊ လက်ခံကြသည်က များသည်။

ထိုနှစ် ၁၉၃၉–၄၀ နှစ်က တက္ကသိုလ် ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌမှာ ဆေးသိပ္ပံကျောင်းသား ကိုလှရွှေ ဖြစ်သည်။ ကျွန်တော့်ကိုပင် မမေးဘဲ သူတို့က သမဂ္ဂ အမှုဆောင်အဖြစ် ရွေးချယ်လိုက်ကြသည်။

ကျွန်တော် မသိရဘဲ သမဂ္ဂ အမှုဆောင် ရွေးကောက်ပွဲ အရွေးခံရန် လျှောက်လွှာကို တင်ထားကြသည်။ နောက်တစ်နေ့လွန်ပြီးမှ သိသောအခါ ကျွန်တော့်မှာ အံ့သြပြီး 'ဟာ မဖြစ်ပါဘူးဗျာ၊ ကျွန်တော်နှင့် မဖြစ်ပါဘူး။ ကျွန်တော်က စာသမားပဲ၊ ခင်ဗျားတို့ ပြောသလို ကျွန်တော်က အရေးသမား၊ အတွေးသမား၊ အငေးသမားလေဗျာ' ဟု ပြန်ပြောသောအခါ

'အေး အဲဒါကြောင့်မို့ ကျွန်တော်တို့က ခင်ဗျားကို လိုချင်တာပေါ့'

ကျွန်တော်လည်း မတတ်နိုင်တော့။ ကျွန်တော်သည် အမှုဆောင်အဖွဲ့ထဲသို့ ရောက်သောအခါ ကျွန်တော့် ယဉ်ကျေးမှု စိတ်ကူးကလေးများကို အကောင်အထည် ဖော်ချင်သည်။ ကျွန်တော်က နိုင်ငံရေးနှင့် စာပေ အနုပညာကို ပေါင်းစပ်ချင်သည် မဟုတ်ပါလား။

ထိုအခါက အေဝမ်းရုပ်ရှင်မှ မှူးနတ်မောင် ဇာတ်ကားမှာ အင်မတန် ကျော်ကြားလျက် ရှိသည်။ ကျွန်တော်လည်း မြို့ထဲရောက်သည့် အခါတိုင်း ကြည့်သည်။ ကျွန်တော် အင်မတန် ကြိုက်သည့် ဇာတ်ကား။ ဒီဇာတ်ကားနှင့် ပတ်သက်၍ တစ်ခုခု လုပ်ချင်သည်။ 'ရွှေတံဆိပ် ဆုပေးလျှင် မကောင်းဘူးလား' ဟု အကြံပေးသည်။

သူတို့က 'ခင်ဗျား ကြိုက်တာ လုပ်ပါ' ဟု ခွင့်ပေးကြသည်။ ကျွန်တော်က ရုပ်ရှင်ဇာတ်ကားကို အကဲဖြတ်ရန် အဖွဲ့ကလေး တစ်ခု ဖွဲ့ဖို့ အကြံပေးသည်။ ထိုအဖွဲ့ထဲတွင် ပါဝင်ရန် ဆရာဦးခင်ဇော်ကို သွား၍ သတိရလိုက်သည်။ သူတို့ကလည်း သဘောတူကြသည်။ ဆရာဦးခင်ဇော်မှာ ထိုအချိန်က တက္ကသိုလ် စာကြည့်တိုက်မှူးအဖြစ် ဆောင်ရွက်နေသည်။ အင်္ဂလန်မှ ပညာတော်သင် အဖြစ် ပြန်လာပြီး မကြာမီ



ဖြစ်မည် ထင်သည်။

ဦးခင်ဇော်ကို ကျွန်တော် မသိ။ အဝေးမှ မြင်ဖူးနေသည်။ ကျွန်တော်တို့နှင့် အသက်ကလည်း ကွာသည်။ ဆရာဦးခင်ဇော်မှာ ကျွန်တော်တို့ထက် ဆယ်နှစ်ကျော် ကြီးမည် ထင်သည်။ ထိုအခါက ဆယ်နှစ်ကျော် လူကြီးနှင့် လူငယ်များ ရောရောနှောနှော ရင်းရင်းနှီးနှီး နေကြဟန် မတူ။

ဆရာဦးခင်ဇော်ကို မသိသော်လည်း ဆရာဦးခင်ဇော်၏ ဇနီးကိုတော့ သိသည်။ ကျွန်တော်တို့ အတန်းတွင် အင်္ဂလိပ်စာ ပြသူမှာ မစ္စစ်ခင်ဇော် ဖြစ်သည်။ သူမက အင်္ဂလိပ် အမျိုးသမီး ဖြစ်သည်။

ကျွန်တော်သည် တက္ကသိုလ် စာကြည့်တိုက်သို့ သွားကာ ဆရာဦးခင်ဇော် အခန်းထဲ ဝင်သွားသည်။ ကျွန်တော်က အကျိုးအကြောင်း ပြောပြသောအခါ ပျူပျူငှာငှာပင် ဆက်ဆံသည်။

ပထမတော့ မျက်နှာထားက ခပ်တည်တည်ပင်။ ကျွန်တော်တို့မှာ ဆရာနှင့် 'ကျောင်းသားဆက်ဆံသကဲ့သို့ ရှိနေသည် ထင်သည်။ ဦးခင်ဇော်က ဘာမျှ သိပ်ပြန်မပြော။ နည်းနည်းပါးပါး မေးကာ ရုပ်ရှင်အကဲဖြတ်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ပေးမည်ဟု ပြောသည်။ ကျွန်တော်က အတော်ဝမ်းသာသွားသည်။

ကျွန်တော်က ဆရာဦးခင်ဇော်ကို လူချင်းမသိသော်လည်း သူ၏ စာများကို သိနေသည်။ ဂန္ထလောကမဂ္ဂဇင်းတွင် ရေးသည်။ စာပေနှင့် ဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးများ ရေးသည်။ အထူးသဖြင့် တောကျေးလက် အနုပညာ အကြောင်းများ ရေးသည်ကို ကျွန်တော် စိတ်ဝင်စားသည်။ ထို့ကြောင့် ကျွန်တော်က ရုပ်ရှင် အကဲဖြတ် လူကြီးအဖြစ် ရွေးချယ်သောအခါ ဆရာဦးခင်ဇော်ကို သတိရခြင်း ဖြစ်ပေသည်။

ကျွန်တော်တို့သည် ထိုနှစ်က ရုပ်ရှင် ဒါရိုက်တာ ဦးတင်မောင်ကို ရွှေတံဆိပ်ဆု ချီးမြှင့်ခဲ့ကြသည်။ အမှန်အားဖြင့် ကျောင်းသားသမဂ္ဂဟူသော ကျောင်းသားအဖွဲ့အစည်းသည် မူလက နိုင်ငံရေး ဆောင်ရွက်သော အဖွဲ့အစည်း အဖြစ် တည်ရှိခဲ့သော အဖွဲ့အစည်း မဟုတ်။ အင်္ဂလန် အောက်စ်ဖို့ တက္ကသိုလ်၊ ကိန်းဘရစ် တက္ကသိုလ်မှ သမဂ္ဂများ၏ စံနမူနာကို ယူ၍ စည်းမျဉ်းများ ချမှတ်ဖွဲ့စည်း၍ တက္ကသိုလ် စတင်ကတည်းက ဖွဲ့စည်းထားသော အဖွဲ့အစည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပညာရေးဆိုင်ရာ အဖွဲ့အစည်း ဖြစ်သည်။ ပညာရေးဘက်တွင် ကျယ်ပြန့်အောင်၊ ဗဟုသုတ တိုးအောင် ဖွဲ့စည်းသော လူမှုရေးအဖွဲ့အစည်း ဖြစ်သည်။ သို့သော် ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ် ဖြစ်ပြီးကတည်းက တက္ကသိုလ်သမဂ္ဂမှာ ကိုလိုနီ ဆန့်ကျင်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး စသည်တို့ကို ရှေ့တန်းမှ ဆောင်ရွက်ခဲ့သော အဖွဲ့အစည်း အဖြစ် ပြောင်းလဲသွားသည်မှာ အမှန်ပင် ဖြစ်သည်။

ဆရာဦးခင်ဇော်ကို သည်တစ်ခါပဲ တွေ့လိုက်ရဖူးသည်။ နောက်လည်း မတွေ့။ သို့သော် ဆရာဦးခင်ဇော်၏ စာများကိုတော့ တွေ့နေရသည်။ ဦးခင်ဇော်သည် အင်္ဂလိပ်ဘာသာဖြင့်သာ ရေးသူ ဖြစ်သည်။ မြန်မာလို မရေး။ ထိုခေတ်က ပညာတတ်များထဲတွင် အင်္ဂလိပ်လို ရေးသားသူများ ရှိကြသည်။ အတွေးအခေါ်တစ်ရပ်၊ စိတ်ကူးတစ်ရပ်ကို ဖော်ပြရာတွင် ဘာသာစကားသည် အကြောင်း မဟုတ်။ မိမိ နိုင်နင်းသော ဘာသာစကားဖြင့် ဖော်ပြလျှင် ရသည်ဟု ကျွန်တော် ထင်သည်။

ကျွန်တော်တို့သည်ပင်လျှင် စာရေးသောအခါ တစ်ခါတစ်ရံ အင်္ဂလိပ် စာလုံးအဖြစ်ဖြင့် ပေါ်လာသည်။ ယင်းအင်္ဂလိပ်စကားလုံးကို မြန်မာလို ပြန်၍ပင် သုံးရသည်များ ရှိသည်။ ထို့ကြောင့် ဘာသာစကားသည် အကြောင်း မဟုတ်ဟု ပြောခြင်းပင် ဖြစ်သည်။

အင်္ဂလိပ်ဘာသာ စကားဖြင့် ရေးသားကြသူများထဲတွင် ဦးခင်ဇော်လည်း အပါအဝင် ဖြစ်သည်။ သူ၏ ကလောင်အမည်မှာ K (ကေ) ဟူ၍ အသံထွက်သော အင်္ဂလိပ်အက္ခရာ တစ်လုံးလည်း ဖြစ်သည်။ နာမည် အတိုကောက် ဖော်ပြထားခြင်း ဖြစ်သည်။ ဆရာကေနှင့် ကျွန်တော် သိပ် ထိတွေ့လှသည် မဟုတ်။ စစ်မဖြစ်မီ ခေတ်ကတော့ အသက်ချင်းလည်း ကွာ၊ သိပ်တွေ့စရာ အကြောင်းလည်း မရှိ။ စစ်ပြီးသောအခါ ဆရာကေနှင့် သွားတွေ့သည်။ ထိုအခါ ၁၉၄၇ ခုနှစ် ဖြစ်မည်။ နေရာမှာ ရွှေတောင်ကြားထဲရှိ အိမ်ကြီး တစ်အိမ်။ နှစ်ထပ်တိုက်ကြီးကို 'မြန်မာ့အသံ' ဟူ၍ ဆိုင်းဘုတ်ချိတ်ကာ အသံလွှင့်သော ဌာန ဖြစ်သည်။

စစ်ပြီးစ အခြေမကျသေးသော ကာလဖြစ်၍ ဤတိုက်ကြီးထဲ၌ အသံလွှင့်ဌာနကို ဖွင့်လှစ်ထားခြင်း ဖြစ်မည်။ ကျွန်တော်က ကိစ္စနှင့် တက္ကသိုလ် စာကြည့်တိုက်သို့ ကျောင်းသားအဖြစ် အသွား၊ သူနှင့် တွေ့ဆုံဖူးသူဟု မှတ်မိမည်လား မသိ။



တက္ကသိုလ်နေဝင်း အပျော်တမ်း တူရိယာအဖွဲ့တွင် စန္ဒရား တီးသူအဖြစ် သွားခြင်း ဖြစ်သည်။ ထိုအခါက ကေသည် အသံလွှင့်ဌာနတွင် အကြီးအကဲ ဖြစ်သည်။ တက္ကသိုလ်နေဝင်း (ဗိုလ်ထွန်းလှ) မှာ ထိုအခါက ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲ အဖြစ် တာဝန်ထမ်းဆောင်နေသည်။ အသံလွှင့် ကိစ္စများနှင့် ပတ်သက်၍ ဗိုလ်ထွန်းလှက တက်တက်ကြွကြွ လုပ်သည်။ ဗိုလ်အောင်ဆန်း စီးသော စတေရှင်ဝက်ဂွန်းကားကြီးဖြင့် ကျွန်တော့်ကို လာခေါ် ပြန်ပို့နှင့် လုပ်နေသည်။ သူက ဤအလုပ်မျိုးကို လုပ်တတ်သည်။ ကျွန်တော်တို့ အစမ်း အသံလွှင့်ကြည့်သောအခါ ဆရာကေက လာရောက်နားထောင်သည်။ ကျွန်တော်က နန်းကေသီကို တီးသည်။ အဆိုမှာ ဗိုလ်ထွန်းလှ ဇနီး ငြိမ်းငြိမ်းနှင့် ဗိုလ်ထွန်းလှတို့ ဖြစ်ကြသည်။ ကျွန်တော်က နန်းကေသီကို အများတီးနေသော အသံစဉ် B ဖလက်ဖြင့် မတီးဘဲ B မိုင်းနားဖြင့် တီးသည်။

ဤသည်ကို 'အော် ဒါနှင့် တီးသလား' ဟု ကေက မေးသည်။ ကျွန်တော်က သည်အသံကို ကြိုက်နေသည်။ ကျွန်တော့်နားထဲတွင်တော့ ခပ်ဝဲဝဲ ဖြစ်နေသည်။ သို့သော် ဤသည်ကိုပင် ကျွန်တော်က ကြိုက်နေသည်။ သည်နောက် ကေနှင့် တစ်ခါမျှ မတွေ့တော့။ သို့သော် ၁၉၅၆ ခုနှစ် မြို့တော်ခန်းမတွင် ပြုလုပ်သော ပန်းချီဆရာမ နန်စီဒေးဗစ်၏ ပန်းချီပြပွဲအတွက် ဦးခင်ဇော် ရေးသားသော ပန်းချီအကြောင်း အကဲဖြတ် လမ်းညွှန်စာအုပ်ကို ကျွန်တော်က ဘာသာပြန်ပေးသည်။

စာအုပ်ထဲတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ပုံတူပန်းချီကားချပ်အကြောင်း အကဲဖြတ်ထားသည်ကို သဘောကျနေသည်။ ယင်းအကဲဖြတ် စာစုထဲတွင် 'ပူဇော်သက္ကာရပြုရာ' ဟု သုံးနှုန်းသည်။ ဤပန်းချီကားချပ်ကို ရေးသူ ပန်းချီဆရာမ နန်စီနှင့်အတူ ကျွန်တော်သည် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ အိမ်သွားရာ စကားပြန်အဖြစ် လိုက်သွားဖူးသည်။

ထိုစဉ်က ကျွန်တော်သည် တစ်ပတ်တစ်ခါလား မသိ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းထံ သွားသည်။ နန်စီက ကျွန်တော့်ကို ပါခေါ်သည်။ ပန်းချီကားထဲတွင် ခပ်စောင်းစောင်း ထိုင်နေသည့် ရုပ်ပုံရှိ၍ ဆရာကြီး သုံးနေကျ၊ ကွမ်းအစ်၊ လက်ဖက်ခွက် စသည်များ ပါသည်။ ဆရာကြီး၏ အမျိုးသား နောက်ခံကားမှာ ထင်ရှားစွာ ပေါ်နေသည်။ ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



ဝတ်နေကျ ပင်နီအပေါ်အင်္ကျီ၊ ဆရာကြီး၏ ပြုံးလဲ့လဲ့ ဟန်ပန် စသည်တို့မှာ ကျွန်တော် ကြိုက်နေသော ရုပ်ပုံလွှာ အဖွဲ့အနွဲ့ ဖြစ်နေသည်။ ပန်းချီဆရာမသည် ဆီဆေးနှင့် ရေးသော်လည်း တရုတ်ဟန် ရေဆေးဟန်လည်း ပါနေသဖြင့် ကျွန်တော်မှာ ခြယ်ရေးမှု ဟန်ပန်ကို နှစ်သက်နေခဲ့သည်။ ထို့ကြောင့်ပင် ဆရာကြီး၏ ပန်းချီကားချပ်ကို အကဲဖြတ်စာ ရေးသော ကေ၏ စာကို စိတ်ဝင်စားစွာ ဘာသာပြန်ပေးခြင်း ဖြစ်ပေသည်။

၁၉၅၀ ပြည့်နှစ်က ကျွန်တော် မြန်မာ့အသံမှာ စန္ဒရား တီးလုံးသက်သက်ဖြင့် အသံလွှင့်ဖူးသည်။ ၄၅ မိနစ် ဖြစ်မည်။ ထိုအခါက တီးလုံးသက်သက် အသံလွှင့်မှု မရှိသေး။ သို့သော် ညွှန်ကြားရေးမှူးကေက ခွင့်ပြုလိုက်သည်ဟူ၍ အသံလွှင့်ရုံမှ ကျွန်တော့် မိတ်ဆွေများက ပြောဆိုသည်ကို ကြားရသည်။

ထိုညက ကေနှင့် ခဏ တွေ့လိုက်ရသည်။ သည့်နောက်တွင်ကား မတွေ့ရတော့ပေ။ ကေ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ အပိုင်းအစကလေးများကို ဂါးဒီးယန်း မဂ္ဂဇင်းတွင် ဖတ်လိုက်ရသည်။ ကေ၏ စာပေကိုသာ ထိတွေ့နေရသည်။

(ခ)

ထိုခေတ်က အင်္ဂလိပ်ဘာသာဖြင့် ရေးသော စာပေဝေဖန်ရေးဆရာတစ်ဦးမှာ သူကြီးဇေဇက် ဦးခင်မောင် ဖြစ်သည်။ သူကြီးစာစောင်မှာ ထိုအခါက အင်္ဂလိပ်အစိုးရ ပြန်ကြားရေး ဝန်ကြီးရုံး၊ ပြန်ကြားရေးဌာနမှ ထုတ်ဝေသော စာစောင် ဖြစ်သည်။ ကျေးလက်များရှိ သူကြီးများထံသို့ ပို့သော မြန်မာဘာသာဖြင့် ဖော်ပြသောစာစောင် ဖြစ်သည်။ သူကြီးဇေဇက် ဦးခင်မောင်ဟု ခေါ်သည်။ သူ၏ ကလောင်အမည်မှာ 'တောသား' ဖြစ်သည်။ ကျွန်တော် သူ၏ ဝေဖန်စာများကို ဖတ်ဖူးသည်။ သူကြီးဇေဇက်စာစောင်ကို တစ်ချို့က 'ဟာ သူကြီးတွေ ဖတ်တာ မဟုတ်ပါဘူးဗျာ၊ သူကြီးကတော်တွေ ဆေးလိပ်အစီခံ လုပ်တာပါ' ဟု ပြောကြသည်။

ယင်းစာစောင်မှာ စာပေဆန်သည်။ ကျွန်တော် သူ၏ စာများကို ကြိုက်သည်။ စစ်ဖြစ်ခါနီးကာလက ဖြစ်မည်။ အတွင်းဝန်ရုံး ပြန်ကြားရေး



ဌာနတွင် လုပ်နေသော ကိုတက်တိုးထံသို့ မောင်မောင်(သမာဓိ)၊ ကိုသန်းထွတ် (တိုက်စိုး)တို့နှင့်အတူ သွားကြသည်။ ကိုတက်တိုးမှာ ဘာသာပြန်ဌာနတွင် အရာရှိအဖြစ် အလုပ်ဝင်ပြီးစ ဖြစ်သည်။ ဘာသာပြန်ဌာနမှာ ဖွင့်ခါစ ဖြစ်သည်။

ယင်းအစိုးရ ဘာသာပြန်ဌာနမှ ထုတ်ဝေသော စာအုပ်များထဲတွင် သခင်ဘသောင်း ရေးသော 'အလိုပြည့်ရေးကျမ်း'၊ ဦးညွန့်၏ 'ရွှေနှင်းဆီနှင့် ရွှေလက်စွပ်'၊ 'အန်ဒါဆင် ကလေးပုံပြင်' တို့ကို မှတ်မိသည်။ 'အလိုပြည့်ရေးကျမ်း' မှာ ဘောဂဗေဒကို ဘာသာပြန်ထားသော စာအုပ် ဖြစ်သည်။ ကျွန်တော်တို့ စကားပြောနေစဉ် ကိုတက်တိုး ပြုံး၍ ထင်သည်။ သူကြီးဇေဇက် ဦးခင်မောင်ကို ဖြတ်ခနဲ တွေ့လိုက်ရသည်။ ကျွန်တော်တို့နှင့် စကားပြောခွင့် မရ။ လူကြီးနှင့် လူငယ်တို့ ဖြစ်နေသည်။ စာမှ တဆင့် သိနေသော ဦးခင်မောင်။ သူ့ရုပ်သွင်မှာ အသားလတ်လတ်နှင့် မြန်မာဆန်သော ရုပ်ဟု ခံစားမိခဲ့သည်။

ဆရာကေနှင့် သူကြီးဇေဇက် ဦးခင်မောင်တို့မှာ အရာရှိပိုင်း ဖြစ်၍ ကျွန်တော်တို့နှင့် မနီးစပ်ဟု ခံစားမိခဲ့သည်။ ကိုတက်တိုး ရုံးခန်းသို့ သွားလျှင်ပင် ရုံးခန်း အရှိန်အဝါကြောင့်လား မသိ၊ ကျွန်တော်တို့နှင့် ခပ်စိမ်းစိမ်း ဖြစ်နေသည်ဟု ခံစားမိခဲ့သည်။ ကိုတက်တိုးကတော့ ကျွန်တော်တို့ထက် အသက်ကြီး၍ အလုပ်အကိုင် ရှိနေသည်။ ကိုတက်တိုးနှင့်ကတော့ ရင်းနှီးခင်မင်သည်။ ကျွန်တော်တို့က ကျောင်းသားဘဝ၊ မောင်မောင်က စကားကျယ်ကျယ် ပြောတတ်သည်။ အော်ကြီးဟစ်ကျယ်နှင့် တဟားဟား ရယ်မောတတ်သူ၊ ကိုသန်းထွတ်ကလည်း သူ ထင်ရာ စွတ်ပြောတတ်သူ။ ကိုတက်တိုး ဧည့်ခံသော လက်ဖက်ရည်ကို သောက်ကြပြီး ကျွန်တော်တို့ သုံးယောက်သား အပြန်တွင် ပြုံးမိကြသည်။

မောင်မောင်က 'မင်းလူကြီးက ခပ်တည်တည်ကွ'။ 'မင်းက စကားပြောတာ အော်ကြီးဟစ်ကျယ်ကိုးကွ။ ရုံးခန်းက ငြိမ်သက်နေတာ' ဟု ကျွန်တော်က ပြန်ပြောသည်။

ခန့်ငြားထယ်ဝါသော အနီရောင် ဗိတိုရိယ ပိသုကာ ဆန်ဆန် အတွင်းဝန်ရုံးကြီးမှ ထွက်လာသောအခါ လွတ်လပ်သည်ဟု ကျွန်တော်တို့ ခံစားမိကြသည်ဟု ထင်နေကြသည်။

ထိုခေတ်အခါက အရာရှိအသိုင်းအဝိုင်းနှင့် သာမန်အရပ်သား

www.burmeseclassic.com

www.burmeseclassic.com



တို့သည် နည်းနည်း ခြားနားသည်ဟု ခံစားမိကြသည်။ ယခုအခါ ကိုတက်တိုးသည် ကျွန်တော့်နေရာ မဲဇာသို့ မကြာခဏ လာရောက်လည်ပတ်ပြီး ရှေးဟောင်းနှောင်းဖြစ်များ လာပြောဆိုတတ်သည်။

၁၉၅၀ ပြည့်နှစ်တွင် မမျှော်လင့်ဘဲ သူကြီးဂေဇက်ဦးခင်မောင်အိမ်သို့ ရောက်သွားခဲ့သည်။ ထိုအခါက ဦးခင်မောင်သည် ဟယ်လ်ပင်လမ်းရှိ အစိုးရ အရာရှိတိုက်တွင် နေသည်။ ထိုအခါက သူသည် ပြန်ကြားရေးဝန်။ သွားသည့်အကြောင်းက ကျွန်တော် ၁၉၄၇ ခုနှစ်က တာရာမဂ္ဂဇင်းတွင် ရေးသားခဲ့သော 'ဗဟိန်း (သို့) ကဗျာ' ရုပ်ပုံလွှာ အဖွဲ့အနွဲ့ကို အင်္ဂလိပ် ဘာသာဖြင့် ပြန်ရန် သွားရောက် ပြောဆိုခြင်း ဖြစ်သည်။

တက္ကသိုလ်နှစ်လည် မဂ္ဂဇင်းတွင် ယင်းဘာသာပြန်ကို ထည့်သွင်းရန် ဖြစ်သည်။ ကျွန်တော့်၏ စာကို ဘာသာပြန်ရန် စဉ်းစားသောအခါ သူကြီးဂေဇက် ဦးခင်မောင်ကို သွား၍ အမှတ်ရမိသည်။ ထိုအခါက ကျွန်တော်မှာ သိပ်မငယ်လှတော့ပြီ ဖြစ်၍ မိတ်ဆက်သွားရောက်ခါ ဘာသာပြန်ရန် တောင်းပန်ရသည်။

ဦးခင်မောင်က လျော့လျော့ရှုရှုပင် ဘာသာပြန်ပေးမည်ဟု ပြောခဲ့သည်။ ကျွန်တော်က ကျွန်တော် ထုတ်ဝေသော တာရာမဂ္ဂဇင်းများကို ပေးထားခဲ့သည်။ သူ ချိန်းသော ရက်တွင် သွားသောအခါ သူ့ကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရသည်။ ထိုအခါက သူသည် အတော်ရင့်နေသည်ဟု ထင်လိုက်သည်။ ပထမ စတွေ့စကလို မဟုတ်။ ကျန်းမာရေး မကောင်း၍လား မသိ။ ကျွန်တော်နှင့် အတော်ကြာပင် စာအကြောင်း ပြောဖြစ်ကြသည်။ တာရာဆိုသည့် အဓိပ္ပာယ်ကိုပင် သူက ဖွင့်ဆိုသည်။

'တာရာဆိုတာ လှုပ်ရှားနေတဲ့ ဂြိုဟ် နက္ခတ် တစ်ခုပဲ။ ရပ်နေတာ မဟုတ်ဘူး။' မြန်မာစာကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်တာပဲဟု ကျွန်တော် လေးစားသွားရသည်။

'လက်နှိပ်စက်က မကောင်းလို့ဗျာ။ လက်ရေးပဲ ပေးနိုင်တယ်' ဟု 'ဗဟိန်း (သို့) ကဗျာ' ကို ခဲတံနှင့် ရေးထားသော စာမူကြမ်းကို ပေးသည်။ ထိုညနေက ကျွန်တော်နှင့် စာအကြောင်း၊ ပေအကြောင်း အတော်ပြောဖြစ်ကြသည်။ သူကြီးဂေဇက်ဦးခင်မောင်နှင့် ပို၍ ရင်းနှီးလာသည်။ ကျွန်တော်တို့ စကားပြောနေစဉ် သမီးတစ်ယောက်က ကော်ဖီ ပူပူ လာချပေးလေသည်။



(၈)

ဆရာကြီး ဦးဖေမောင်တင်နှင့် သိရသည်မှာ ငယ်စဉ်ကတည်းက ဖြစ်သည်။ ကျွန်တော် (၈) တန်းမှာ ပါဠိဘာသာ ယူခဲ့သည်။ (၈) တန်းတွင် ဆရာကြီး ဦးဖေမောင်တင်၏ ပါဠိဖတ်စာ သင်ကြားခဲ့ရသည်။ ထို့ကြောင့် ဆရာကြီး ဦးဖေမောင်တင်နှင့် သိရခြင်းဟု ဆိုနိုင်သည်။ နောက် ခေတ်စမ်းပုံပြင်များ၊ ခေတ်စမ်းကဗျာများတွင် ဦးဖေမောင်တင်၏ စာများကို ဖတ်ခဲ့ရသည်။ ထို့နောက်တွင်ကား ၁၉၃၈ ခုနှစ် တက္ကသိုလ် ရောက်သောအခါ တက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ် အဝေးမှ စတင်မြင်ခဲ့ရဖူးသည်။ ၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်ပြီးသောအခါ အင်္ဂလိပ် အာဏာပိုင်များက မြန်မာများ ကျေနပ်အောင်ဆို၍ ဆရာကြီး ဦးဖေမောင်တင်ကို ကျောင်းအုပ်ကြီးအဖြစ် ခန့်ထားခြင်း ဖြစ်မည်။

အရင်က ကျောင်းအုပ်ကြီးမှာ မစ္စတာစလော့ ဖြစ်သည်။ ကျွန်တော် ကျောင်းရောက်သည့်နှစ်က ဆရာကြီး ဦးဖေမောင်တင် ကျောင်းအုပ်ကြီးဖြစ်သည့်အတွက် ဂုဏ်ပြုသည့် ကပွဲတွင် စန္ဒရားတီးခဲ့ဖူးသည်။ သီချင်းမှာ ဂုဏ်ပြုသော သီချင်း ဖြစ်သည်။ ကျောင်းဆောင်အသီးသီးက ပဒေသာကပွဲများ အစီအစဉ် ယူကြ၍ သိုက်မြိုက်စွာပင် ဘွဲ့နှင်းသဘင် ခမ်းမဆောင်ထဲတွင် ကျင်းပသည်ကို မှတ်မိနေသည်။

နောက်တွင်ကား ဆရာကြီးနှင့် ကိုယ်တိုင် ထိတွေ့ခဲ့ရသည်။ ကျွန်တော်သည် ဥပစာ ဝိဇ္ဇာတန်း၌ ရာဇဝင်ဘာသာယူခဲ့သည်။ ရာဇဝင်အတန်းကို တော်တော် ပျက်ကွက်ဟန်တူသည်။ ကျွန်တော်က စိတ်မပါလျှင် မတက်။ ထို့ကြောင့်ပင်လျှင် ပါမောက္ခဒေဆိုင်းက သူနှင့် လာတွေ့ရန် ကြော်ငြာသင်ပုန်းတွင် ကပ်ထားသည်။ ကျွန်တော် သွားမတွေ့။ နောက်တစ်ခါ ထပ်ကပ်သည်။ ကျွန်တော် သွားမတွေ့။ သို့သော် ထိုအတောအတွင်း ကျွန်တော် တက်သည့်အခါလည်း တက်သည်။ အတန်းလုံးလုံး ပျက်ကွက်သည်တော့ မဟုတ်။ နောက်ဆုံးတွင် ကျောင်းအုပ်ကြီးက သူနှင့် လာတွေ့ရန် စာပို့လိုက်သည်။ ထို့ကြောင့် ကျွန်တော် မနေသာတော့။ ကျောင်းရုံးခန်းသို့ ခပ်ရွံ့ရွံ့နှင့် သွားရသည်။

အဖြူရောင်ဝတ် ဒါရဝမ် ကုလားထဲ ခုံနံပါတ်ပေးပြီး စောင့်နေရသည်။ ကျောင်းအုပ် ရုံးခန်းမှာ ခန့်ငြားထယ်ဝါလှသည်။ ကြမ်းပြင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းကွက်ရောင်မှာ ဖိတ်ဖိတ်လဲ့နေသည်။ မှန်တံခါးများကလည်း တဖိတ်ဖိတ်လဲ့နေသည်။ ခန်းဆီး အစိမ်းရင့်က တလွင့်လွင့်။ အခန်းကျယ်ကြီး ထောင့်ရှိ ပြောင်လက်သော စားပွဲကြီး၌ ဆရာကြီးကို တွေ့လိုက်ရသည်။

ကျွန်တော် ဝင်သွားသောအခါ ဆရာကြီးက 'ဘာလဲဟေ့' ဟု အော်လိုက်သည်။ ကျွန်တော် ရင်ဖိုသွားသည်။

ဆရာကြီး၏ ရုပ်သွင်မှာ ခန့်ငြားသည်။ မြန်မာ ဆန်သည်။ ပညာရှိ ဆန်သည်ဟုပင် ထိုအခါက ခံစားခဲ့ရသည်။ ကျွန်တော်က ကျွန်တော်၏ ခုံနံပါတ်နှင့် အကျိုးအကြောင်း ပြောပြသည်။ ဆရာကြီးက 'ဘာလဲဟေ့' ဟု ပြောကတည်းက ကျွန်တော်မှာ အသံ မတုန်အောင် ထိန်းပြောရသည်။ ဆရာကြီးကို ကျွန်တော် ရွံ့နေသည်။ 'ဘာဖြစ်လို့ ကျောင်းမတက်ရတာလဲကွ' ဟု မေးသည်။

ကျွန်တော်က အသံကို ထိန်းကာ စိတ်မပါသည့်အတွက် မတက်ကြောင်း ပြောပြသည်။ 'တက်မှပေါ့ကွ။ အေး ဒါပဲ။ သွားတော့' ဟု ပြောလိုက်သည်။ ကျွန်တော်လည်း ဆရာကြီး ရုံးခန်းမှ ပြန်ထွက်လာခဲ့သည်။ အပြင်ဘက် သစ်ပုတ်ပင်ကြီးအောက် ရောက်မှ ကျွန်တော် ရင်ခုန်မှန်သွားတော့သည်။

နောက်တစ်ကြိမ် ဆရာကြီး ဦးဖေမောင်တင်နှင့် တွေ့ရသည်မှာ ၁၉၃၈ ခု ဒီဇင်ဘာလ အရက် ၂၀ နေ့ည ဖြစ်သည်။

သည်နောက်၌ကား ဆရာကြီးနှင့် ကျွန်တော် မတွေ့တော့။ အဝေးမှသာလျှင် ဆရာကြီး၏ စာပေဆိုင်ရာ ဆောင်းပါးများ၊ ဟောပြောချက်များကို ဖတ်ရှုခဲ့ရသည်။ စစ်ပြီးကာလ အင်းလျား လမ်းဘက်သို့ ရောက်သောအခါ ဆရာကြီးကို အဝေးမှ လှမ်းမြင်ရသည်။ ဆံပင်များ အတော်ပင် ဖြူနေပေပြီ။ ဆရာကြီးသည် အင်းလျားလမ်း တစ်နေရာတွင် နေထိုင်နေသည်ကို ကျွန်တော် မှတ်မိနေသည်။ ထို့နောက် ဆရာကြီးထံ တစ်ခေါက် ရောက်သွားသည်။ စာပေရေးရာ ကိစ္စနှင့် ဖြစ်သည်။ ဘယ်ကိစ္စမှန်းတော့ အတိအကျ မမှတ်မိတော့။ ဆရာကြီးအိမ်တွင် ပြင်ဆင်ထားသော အိမ်ထောင်ပရိဘောဂများမှာ များစွာ ရှေးဆန်သည်ကို မှတ်မိနေသည်။ အင်္ဂလိပ်ခေတ်က ပုံစံမျိုး ဆိုဖာများ၊ ခန်းဆီးကြီးများဖြင့် ဆင်ယင်ထားသည်။ ဆိုဖာများမှာ အရောင်လွင့်နေကြပြီ။ ခန်းဆီးများ



မှာလည်း အရောင်မှိန်နေပေပြီ။

သို့သော် ဆရာကြီးကို ဤနောက်ခံကားဖြင့် တွေ့ရသောအခါ ပညာရှိကြီး တစ်ယောက်ဟုပင် ကျွန်တော် ခံစားနေခဲ့သည်။

နောက်ဆုံး ၁၉၆၃ စာဆိုတော်နေ့ နိုဝင်ဘာလ (၁၅) ရက်နေ့က ဖြစ်သည်။ ကျွန်တော်တို့ စာရေးဆရာသမဂ္ဂက ရွှေတိဂုံဘုရားလမ်း၊ ကျားကူးဓမ္မာရုံ၌ စာဆိုတော်နေ့ အခမ်းအနား ကျင်းပသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဆရာကြီး ဦးဖေမောင်တင်၊ ဟံသာဝတီ ဦးဘရင်တို့ကို ကျွန်တော်တို့ ကန်တော့ကြသည်။ မကန်တော့ခင် ဆရာကြီးများ ထိုင်နေသော ဝိုင်းသို့ ကျွန်တော် ရောက်သွားသည်။ ဗန်းမော်တင်အောင်က ကျွန်တော့် နာမည်ကို ပြောလိုက်သည်။

'အေး အေး' ဟု ခေါင်းညိတ်သည်။ မကြာသေးမီ ၁၉၆၃ ခုနှစ် ငွေတာရီ၌ ကျွန်တော် ရေးသားခဲ့သော 'လေးလုံးစပ်လင်္ကာ၏ ပျော့ပျောင်းခြင်းနှင့် သန်စွမ်းခြင်း' ဆောင်းပါးအကြောင်းကို ပြောလိုက်သည်။ ကျွန်တော်က ကျွန်တော် ရေးသော ဆောင်းပါးများကို ဆရာကြီး ဖတ်မည်ဟု မထင်။ ကျွန်တော့် ဆောင်းပါးထဲတွင် လေးလုံးစပ်လင်္ကာသည် လေးကိုင်းကဲ့သို့ အားကောင်းကြောင်း၊ ပျော့ပျောင်းကြောင်း ဖော်ပြသည်။

ဤသို့ ဖော်ပြရာတွင် 'လေး' ဟူသော ၁၊ ၂၊ ၃၊ ၄၊ ရေတွက်မှုသည် ကမ္ဘာက သုံးနေသော နရီစည်းဝါး အခြေခံနှင့် ကိုက်ညီကြောင်း ပါရှိသည်။ ဤအချက်ကို သူက ပြောသည်။ 'ဆရာ ချီးကျူးပါတယ်ကွာ' ဟု ပြောလိုက်သည်။ ကျွန်တော် ခေါင်းနပမ်းကြီးသွားသည်။ ဆရာကြီးသည် ဂီတ နားလည်သူ ဖြစ်၍ တယော ထိုးတတ်ကြောင်းကို ပြေး၍ သတိရလိုက်သည်။ ဤဆရာကြီးသည် ကျွန်တော့်စာကို ဖတ်မည် မထင်။ တစ်ခါက ရာဇဝင်တန်း မှန်မှန် မတက်၍ ခေါ်ယူကြိမ်းမောင်းရသော ကျောင်းသားလေးတစ်ယောက်ဟု မှတ်မိလိမ့်မည် မထင်။

၁၉၆၇ ခုနှစ် ပတ်ဝန်းကျင်တွင် ခရစ်ယာန် စာပေအသင်းမှ ဟောပြောပွဲ တစ်ခု၌ ဟောပြောရန် ကျွန်တော့်ကို လာရောက်ဆက်သွယ်သည်။ ကျွန်တော် ငြင်းလိုက်သည်။ ထိုအခါက ကျွန်တော်သည် မည်သည့် ဟောပြောပွဲမျှ မသွားဟု ဆုံးဖြတ်ထားသည်။ စာဆိုတော် ဟောပြောပွဲများကိုလည်း လက်မခံခဲ့။ ဆွေးနွေးပွဲများသာ လိုက်မည်ဟု ပြောခဲ့သည်။

နောက်တွင်ကား ယင်းခရစ်ယာန် အသင်းက ပြုလုပ်သော ဟော

www.burmeseclassic.com

www.burmeseclassic.com



ပြောပွဲတွင် ဆရာကြီး ဦးဖေမောင်တင် လိုက်ပါဟောပြောသည်ကို ကြားသိရသည်။ ကျွန်တော့်ကို ဟောပြောစေရန် အကြံဉာဏ်ပေးသည်ဟု ကြားရသောအခါ ကျွန်တော် များစွာ စိတ်မကောင်း ဖြစ်သွားမိသည်။

ဆရာကြီး ကွယ်လွန်သောအခါ ကျွန်တော်သည် ဆရာကြီးအား မြှုပ်နှံရာ ကီရစ္စာန်ရုံထောင့်ရှိ ခရစ်ယာန် သင်္ချိုင်းသို့ သွားရောက်ပို့ဆောင်သည်။ ဓမ္မတေးသံများ ကြားတွင် ဆရာကြီး ရုပ်အလောင်း မြှုပ်နှံသည်ကို ငေးမောကြည့်ရင်း ကျွန်တော့်စိတ်ထဲ၌ တစ်မျိုးခံစားနေရသည်။ ဆရာကြီးသည် အင်္ဂလိပ်ဂီတကို နားလည်သူ ဖြစ်သည်။ တယောထိုးသည်ဟု ကြားဖူးသည်။ ဤဂီတ အခြေခံဖြင့် ကျွန်တော် ရေးသားခဲ့သော လေးလုံးစပ် အလင်္ကာသည် ကမ္ဘာ နရီစည်းဝါးနှင့် ကိုက်ညီသည်ဟု ပြောခြင်းကို စိတ်ထဲတွင် တစ်မျိုးခံစားလျက် နေရပေသည်။

ဆရာကြီးနှင့် စကားလက်ဆုံ မပြောဖူးသော်လည်း စိတ်ချင်းကား ဆက်သွယ်မိပါကလားဟု စိတ်မိတ်ဆွေ ခံစားမှုကလေးဖြင့် ခံစားနေမိခဲ့သည်။

[ချယ်ရီ၊ ဧပြီ၊ ၁၉၉၀]

❁

# အဝေးတွင် ကျန်ရစ်ခဲ့သော အယ်ဒီတာဘဝ ပုံကားချပ်များ

(က)

ရွှေဝတ်မှုန် အယ်ဒီတာချုပ်က ကျွန်တော့်ထံ ရောက်လာသည်။ သူက ကျွန်တော့်နေရာ ‘မဲဇာ’ ကို ကောင်းစွာ မသိ။ မီးရထား တစ်တန်၊ ကားတစ်တန်၊ ထို့နောက် ခြေကျင် လျှောက်လာရသည်။ သူ့ မဂ္ဂဇင်းတွင် လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်က ကျွန်တော် ရေးသော ဝတ္ထုတိုတစ်ပုဒ်ကို ပြန်လည် ဖော်ပြထားသည်။ သူက ကျွန်တော့်ထံမှ ဝတ္ထုတိုလိုချင်သည်။ ကျွန်တော်က ဝတ္ထုတိုများ သိပ်မရေး။ စိတ်ကူးနှင့် အခြေအနေ ဟပ်မိမှ ရေးသည့်အကြောင်း ပြောလိုက်သည်။ ကျွန်တော်က သူ့ကို စာနာမိသည်။ ကျွန်တော်သည်လည်း ငယ်စဉ်ကတည်းက အယ်ဒီတာ လုပ်ခဲ့ဖူးသည်။ မိမိ လိုချင်သော စာမူများကို ဆရာများထံ သွားရောက်တောင်းရသည်။ ပန်းချီဆရာထံသို့ သွားကာ မဂ္ဂဇင်းအတွက် ပန်းချီပုံများ ရေးရန် သွားပြောရသည်။ သူက သူတက္ကသိုလ် ကျောင်းသားဘဝက ကျွန်တော် ရေးသော ‘ဒဂုန်တာရာ၏ ဒဂုန်တာရာ’ အတ္ထုပ္ပတ္တိကို ဖတ်ကာ စာရေးချင်စိတ် ပေါ်လာသည်ဟု ပြောပြပေသည်။ ယင်းစာအုပ်မှာ ၁၉၅၀ က ထုတ်ဝေသော စာအုပ်ဖြစ်၍ အနှစ် ၄၀ ပင် ကြာပေပြီ။

စာအကြောင်း ပေအကြောင်း စကားစမြည် ပြောဆိုကြပြီးနောက် ရွှေဝတ်မှုန် အယ်ဒီတာသည် ကျွန်တော့်နေရာကို လမ်းညွှန်သောကလေးနှင့်အတူ ပြန်သွားသည်။ ထိုနေ့လယ်က မိုးရွာ၊ ခပ်အုံ့အုံ့ နေ၍

www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုက မဆိုး။ မိုးကျလာသည် ဖြစ်သဖြင့် နွေအခါက ခြောက်သွေ့နေသော မြက်ခင်းများ နေရာတွင် ထူထပ်သော မြက်ခင်းစိမ်းစိမ်းများ ပေါက်နေသည်။ သည်ကြားထဲမှ လမ်းနီကလေးတွင် အယ်ဒီတာ ပြန်သွားသည်ကို ကျွန်တော် ငေးကြည့်နေမိသည်။ ယူကလစ်ပင်များ အကြားမှ သူသည် ပျောက်ကွယ်သွားသည်။ အတော်ကလေးပင် လမ်းလျှောက်မိလျှင် သူသည် ကားလမ်းမပေါ်သို့ ရောက်မည်။ ထို့နောက် ဘတ်စ်ကားများကို စောင့်ကာ စီး၍ ပြန်သွားမည်။ ကျွန်တော့်မှာ လွန်ခဲ့သော နှစ်ငါးဆယ်ခန့်က ကျောင်းသားဘဝက အယ်ဒီတာ ပေါက်စ ပုံကားချပ်များ ပေါ်လာသည်။

(ခ)

ကျွန်တော် ပထမဆုံး အယ်ဒီတာ လုပ်ရသည်က တက္ကသိုလ်သမဂ္ဂမှ ထုတ်ဝေသော အိုးဝေ မဂ္ဂဇင်း။ ၁၉၃၉-၁၉၄၀ နှစ်က သမဂ္ဂအမှုဆောင် အဖွဲ့ဝင်ထဲတွင် ကျွန်တော်ပါသည်။ ပထမ ကျွန်တော့်တာဝန်က အိုးဝေမဂ္ဂဇင်း မဟုတ်။ လူမှုဆက်ဆံရေး ဆပ်ကော်မတီတွင် သဘာပတိ ဖြစ်သည်။ သို့သော် ကျွန်တော် အိုးဝေမဂ္ဂဇင်းကိုပါ ပူးတွဲ၍ ကိုင်ရသည်။ ကျွန်တော်က မြန်မာစာကဏ္ဍကို တာဝန်ယူရသည်။ အင်္ဂလိပ်ကဏ္ဍကတော့ ကိုမြတ်ဇော၊ ဘောဂဗေဒ ဂုဏ်ထူးတန်း ကျောင်းသား။ ကျွန်တော်က စာမူတောင်းရသည့် အလုပ်ကို စလုပ်ရသည်။ မဂ္ဂဇင်းကော်မတီထဲတွင် မစ္စတာ တီပီဝမ်၊ ကိုဘစန်(ပါမောက္ခဦးစံသာအောင် အစ်ကို)၊ ကိုကို၊ ကိုတင်အောင်(ဟိန်း) တို့လည်း ပါဝင်ကြသည်။ ကျွန်တော်က ဆရာကြီး သခင်ကိုယ်တော်မှိုင်းထံ သွားရသည်။ ပထမဆုံး ဆရာကြီးနှင့် တွေ့ဆုံကာ စကားပြောရခြင်း ဖြစ်သည်။ အစကတော့ ဘေးပတ်လည်မှာသာ နေရသည်။ စကား မပြောဖြစ်။

ထိုအခါ ဆရာကြီးမှာ အသက် ၆၀ ကျော်၊ ၇၀ တော့ မရောက်သေးဘူး ထင်သည်။ ဆရာကြီးမှာ ဝံသာနုခေတ်မှ စ၍ ထင်ရှားလာသည်။ ကျွန်တော်တို့ မမီလိုက်သော ဝံသာနု အမျိုးသားလှုပ်ရှားမှုခေတ်အကြောင်းကို ဆရာကြီးထံမှ ကြား၍ ကျေနပ်ရသည်။

ထိုအခါက ကျွန်တော် ဆရာကြီးကို မမေးရဲ။ ဆရာကြီး ပြော



သည်ကို နားထောင်ပြီး ပြန်လာခဲ့ရသည်က များသည်။ နောက် ရင်းနှီးလာသောအခါ ကျွန်တော်တို့ သိချင်လာသော သမိုင်းအဖြစ်အပျက်များကို ကြားခဲ့ရပေသည်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးထံမှလည်း ကျွန်တော် ဆောင်းပါး လိုချင်သည်။ သို့သော် လယ်တီပဏ္ဍိတ ဦးမောင်ကြီးမှာ မုံရွာသို့ ရောက်နေသည်ကို ကြား၍ သူ့ထံသို့ မရောက်ခဲ့။ ဂျာနယ်ကျော် ဦးချစ်မောင်ထံသို့လည်း သွားတောင်းသည်။ ဦးချစ်မောင်က နောက်တစ်ပတ်လောက် လာ၍ ချိန်းပြီး ဆောင်းပါး ပေးလိုက်သည်။ ဆူးလေဘုရားလမ်းမှ ဦးချစ်မောင်ထံမှ ဆောင်းပါးယူပြီး ပြန်အလာ ကျွန်တော် ဒဂုန်တွင် ဝင်သည်။ ဒဂုန်မဂ္ဂဇင်းမှ အယ်ဒီတာများနှင့် ကျွန်တော် ၃၂ လမ်းထိပ်ရှိ သဟာယ လက်ဖက်ရည်ဆိုင်သို့ သွားကြသည်။

ယင်းသို့ ကျွန်တော် ဦးချစ်မောင် ဆောင်းပါးကို ပြန်ဖတ်ကြည့်ရင်း လက်ဖက်ရည်ခွက်မှောက်သည်တွင် လက်ဖက်ရည်များ စိုကုန်သည်။ ကြည့်လိုက်သည့်အခါ မင်များ ပြန့်သွားသည်။ ဖတ်၍ ကောင်းကောင်း မရတော့။ ကျွန်တော် စိတ်ထိခိုက်သွားသည်။ ဦးချစ်မောင်ကို ဘယ်လို မျက်နှာပြရပါ့မလဲ။ မဂ္ဂဇင်း အယ်ဒီတာ ဒဂုန်ဦးလှဘူးနှင့် ရွှေညာမောင်တို့က ကျွန်တော့်အဖြစ်အပျက်ကို ကြည့်ကာ ရယ်မောနေကြသည်။ နောက်တစ်နှစ်ခန့်ကြာသောအခါ ဂျာနယ်ကျော် ဂျာနယ်ကျော်ဦးချစ်မောင်နှင့် ဆုံမိသည်။ သူက မမေး၍ တော်သေးသည်။ ထို့နောက် သခင်စိုး၊ သခင်သန်းထွန်း၊ သခင်လေးမောင် စသောသူများထံမှ ဆောင်းပါးများ တောင်းသည်။ သူတို့ကလည်း လွယ်လွယ်ကူကူပင် ရေးပေးလိုက်ကြသည်။ ကျွန်တော်က သခင်များကို လေးစားကြည်ညိုရင်းစွဲရှိသည့်အတိုင်း တို့ဗမာအစည်းအရုံးမှ သခင်များ၏ ဆောင်းပါးများကို တောင်းသည်။ အပြင်ပမှ မောင်ထင်နှင့် ရွှေပြည်စိုးတို့ထံ စာရေး၍ ဆောင်းပါးတောင်းသည်။ ထိုအခါက သူတို့မှာ နယ်တွင် ရောက်နေသောကြောင့် ဖြစ်သည်။ မောင်ထင်မှာ မြို့အုပ်လုပ်လျက် ရှိသည်။ လူချင်းကား မသိသေး။ ရွှေပြည်စိုးကိုကား ဒဂုန်မဂ္ဂဇင်းတွင် ဆုံခိုက် တွေ့ဖူးသည်။ သူသည် ၁၉၃၆ က ကျောင်းသားသပိတ်ကောင်စီတွင် ပါဝင်သူ ဖြစ်၍ သပိတ်စခန်းတွင် အိုးသူကြီးလုပ်ဖူးသူ ဖြစ်သည်။ မိုးနက် ဝတ္ထု ရေးသူ ဖြစ်သည်။

ကျောင်းသားများကိုတော့ အထူး သွားတောင်းရန် မလို။ သူတို့နှင့်တော့ ကျောင်းဆောင်များထဲတွင် တွေ့နေကျ ဖြစ်သည်။ သူတို့က

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ထံ လာပေးကြသည်။ အိုးဝေမဂ္ဂဇင်းမှာ တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်းကဲ့သို့ အပြင်အဆင် သိပ်မပါလှ။ ပန်းချီ အသုံးနည်းသည်။ အခန်းကဏ္ဍ ပန်းချီ ဒီဇိုင်းပုံနှင့် ကဗျာကို သရုပ်ဖော်သော ပန်းချီကားတို့လောက်သာ ဖြစ်သည်။ ကျွန်တော်သည် ပန်းချီအပ်ရန်အတွက် ရန်ကုန် အနောက်ပိုင်း ၁၃ လမ်းရှိ ကာတွန်းဆရာကြီး ဦးဘဂျမ်းထံသို့ သွားရသည်။ ဦးဘဂျမ်းပုံများကို တက္ကသိုလ်မဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်းများတွင် တွေ့နိုင်သည်။ ဦးဘဂျမ်းထံသို့ မကြာခဏ ရောက်ရင်း သူနှင့် ခင်မင်သွားသည်။ ဦးဘဂျမ်းမှာ တက္ကသိုလ်ပရဝုဏ်ရှိ စာရေးဆရာ အယ်ဒီတာများနှင့် ခင်မင်ရင်းနှီးသူတစ်ယောက် ဖြစ်သည်။ ဦးဘဂျမ်းမှာ ပန်းချီဆရာလည်း ဖြစ်ပြီး သူသည် လူရုပ်ပုံ သရုပ်ဖော်ရာ၌ အားကောင်းသူဖြစ်သည်။ ကျွန်တော်က အိုးဝေမဂ္ဂဇင်းအယ်ဒီတာထံ ပေးစာအခန်းအတွက် ခေါင်းစီးပုံ သွားအပ်သောအခါ ကျွန်တော်၏ ပုံနှင့် ခပ်ဆင်ဆင် ရေးလိုက်၍ ပြုံးမိလိုက်သည်။ ကျွန်တော်၏ ဆံပင် လှိုင်းတွန့်နှင့် ကျွန်တော် ကိုင်လေ့ရှိသော ရက်ဖာ ဖောင်တိန်ကို ပင်နီ အပေါ်ဖုံးအိတ်၌ ချိတ်ထားသည့် ဟန်ပါနေသည်။ ထိုအခါက ကျောင်းသားများမှာ ရက်ဖာဖောင်တိန်ကို သိပ်မသုံး။ ပတ်ကား ဖောင်တိန်သာ သုံးလေ့ ရှိသည်။ ကျွန်တော်က နဂိုက ပတ်ကား ဖောင်တိန် သုံးသော်လည်း ထိုနှစ်က ရက်ဖာ ဖောင်တိန် ဝယ်၍ အပေါ်ဖုံး အင်္ကျီနှင့် ချိတ်ထားသည်ကို ဦးဘဂျမ်းက မှတ်သားမိ၍ ရေးလိုက်ခြင်း ဖြစ်သည်။ အိုးဝေမဂ္ဂဇင်းအဖုံးကိုလည်း ဦးဘဂျမ်းပင် ရေးဆွဲပေးသည်။

လှပသော စုလစ်မွမ်းချွန်နှင့် ကနုတ်ပန်းဖော် ပြသာဒ်အမိုးပေါ်တွင် ဒေါင်းငှက် နားနေသောပုံ ဖြစ်သည်။ ဒေါင်းငှက်မှာ အမြီးကို သိမ်းထားသောပုံ ဖြစ်သည်။ အိုးဝေမဂ္ဂဇင်း အယ်ဒီတာဘဝမှာ ကျွန်တော့်အတွက် စာပေအတွေ့အကြုံ၊ နိုင်ငံရေး အတွေ့အကြုံများပင် ဖြစ်သည်ဟု ဆိုရမည်။

၁၉၃၆ ကျောင်းသားသပိတ်မှ စတင်၍ ကျောင်းသားသမဂ္ဂသည် အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုတွင် ပါဝင်လာခဲ့ရာတွင် ရှေ့တန်းက ပါဝင်ဆောင်ရွက်ခဲ့သော တို့ဗမာအစည်းအရုံးဝင် သခင်ခေါင်းဆောင်များနှင့် ထိတွေ့ခင်မင် ရင်းနှီးခွင့် ရခဲ့သည်။ အိုးဝေမဂ္ဂဇင်းသည် ကျောင်းသားသမဂ္ဂမှ ထုတ်ဝေသည်ဆိုသော်လည်း တက္ကသိုလ် ပရဝုဏ် ပြင်ပမှ စာပေသမားများကို ဖိတ်ခေါ်ခဲ့ကြရသည်။

စာပေ အနုပညာ နိုင်ငံရေးတို့... ပေါင်းစပ်ခြင်းဖြင့် ကျယ်ပြန့်



နက်ရှိုင်းလာသည်ဟူသော အသိကို ယင်းအတွေ့အကြုံများမှ ရရှိခဲ့သည်။

တစ်နည်းဆိုရသော် နိုင်ငံရေး ယဉ်ကျေးမှု အသိကို ရရှိခြင်းဟု ဆိုရပေမည်။

(ဂ)

တာရာမဂ္ဂဇင်း (၁၉၄၆–၁၉၅၀) အယ်ဒီတာ ဘဝသက်တမ်းမှာ သိပ်မရှည်ကြာလှပါ။ ၄ နှစ်မျှသာ ရှိသည်။ လွတ်လပ်ရေး မရမီကာလနှင့် လွတ်လပ်ရေး ရပြီးကာလများကို ဖြတ်သန်းလာခဲ့သော အယ်ဒီတာ ဘဝ ဖြစ်သည်။ ကျောင်းသားသမဂ္ဂမှ လုပ်ဖော်လုပ်ဖက်များမှာ စစ်ပြီးစတွင် အမျိုးသား လွတ်လပ်ရေး လှုပ်ရှားမှုများတွင် ပါသွားကြသူ များကြသည်။ အချို့က နိုင်ငံရေး အဖွဲ့အစည်းများထဲတွင် ရှိကြ၍ အချို့က ဗမာ့တပ်မတော်ထဲတွင် ရှိကြသည်။ တာရာမဂ္ဂဇင်း ထွက်စနှစ် ကာလများက ဗမာ့တပ်မတော်မှ ကျွန်တော့် မိတ်ဆွေ လုပ်ဖော်လုပ်ဖက် စစ်ဗိုလ်များက ကျွန်တော်၏ တာရာမဂ္ဂဇင်းကို တပ်မတော်အတွက် လစဉ် ဝယ်ယူသည်။

ကျွန်တော်၏ မဂ္ဂဇင်းကို အားပေးရန်နှင့် တပ်ထဲတွင် ဖတ်ပြီး စာပေလေ့လာရေး အကျင့် ပြန့်ပွားရန် ဖြစ်မည် ထင်သည်။ ၁၉၄၈–၄၉ များတွင်တော့ မဂ္ဂဇင်းများကို လာမယူတော့။ တာရာမဂ္ဂဇင်း အယ်ဒီတာ ဘဝမှာ စာပေသစ် လှုပ်ရှားမှု အတွေ့အကြုံများ ဖြစ်သည်ဟု ဆိုရမည်။ စစ်ပြီးစတွင် တက္ကသိုလ်သို့ ရောက်လာကြသော ကျွန်တော့်ထက် ၁၀ နှစ်ခန့် ငယ်ကြသော ကျောင်းသားလေးများ တာရာမဂ္ဂဇင်း စားပွဲ ရောက်လာကြသည်။ သူတို့၏ ဆယ်ကျော်သက်နှစ်များမှာ ဖက်ဆစ် ဆန့်ကျင်ရေး လှုပ်ရှားမှုတွင် ခေတ်ပြိုင် ဖြတ်သန်းကြသူများ ဖြစ်သည်ဟု ထင်ရပေသည်။ ယင်းနှစ်ကာလများမှာ စစ်ပြီးစ ငြိမ်းချမ်းရေး လှုပ်ရှားမှု စတင်စကာလ စစ်အေး လှိုင်းဂယက်များ ထသောကာလဖြစ်၍ တာရာ မဂ္ဂဇင်းတွင် အယူအဆများ ဖော်ပြချက်များ ပါဝင်လာကြသည်။ ထို့ကြောင့် နောက်တစ်ဖန် ၁၉၅၁ ခုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာ အသင်းမှ ထုတ်ဝေသော 'စာပေ' မဂ္ဂဇင်းတွင် ပါဝင်ရပြန်သည်။ ထိုနှစ်က ကျွန်တော်သည် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဖြစ်ပေရာ စာပေမဂ္ဂဇင်းအတွက်

www.burmeseclassic.com

www.burmeseclassic.com



စာမူ ရွေးချယ်ရေးတွင် ကျွန်တော် ပါရပြန်သည်။ အသင်းမှ ထုတ်ဝေသော မဂ္ဂဇင်း ဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့် ရွေးချယ်ခဲ့ရပြန်ပေသည်။ တာရာ မဂ္ဂဇင်းမှာကဲ့သို့ စိတ်တိုင်းကျ ရွေးချယ်ခြင်းမျိုး မဟုတ်။ ထို့နောက် ၁၉၅၃ တွင် ဂန္ထဝင်ဂျာနယ် အယ်ဒီတာ အဖြစ် ဆောင်ရွက်ရပြန်သည်။ ဂျာနယ်မှာ နှစ်စောင်သာ ထုတ်ဖြစ်သည်။ ဂန္ထဝင် ဟူသော စကားမှာ ခေတ်ပြိုင် သမိုင်းလှုပ်ရှားမှုများမှ စာပေတွင် ထင်ဟပ်သော အဓိပ္ပာယ် အဖြစ် ယူထားခြင်း ဖြစ်သည်။ ကျွန်တော်က နိုင်ငံခြားရေး အယ်ဒီတာ မောင်သစ္စာ၊ မောင်ဂန္ထဝင် စသော ကလောင်အမည်များနှင့် နိုင်ငံရေး ဝေဖန်ချက်များ ရေးသားခဲ့သည်။ ကျွန်တော် ဂျာနယ် လုပ်ငန်းကို စိတ် မဝင်စား မဟုတ်၊ စိတ်ဝင်စားသည်။ သို့သော် ယင်းဂန္ထဝင် ဂျာနယ်မှာ နှစ်ပတ်သာ ခံ၍ ကျွန်တော် ရေးသားခွင့် မရတော့။ စစ်ပြီးစ လှုပ်ရှားမှုများ ကို ဖွဲ့နွဲ့သော မြို့တော် ရန်ကုန် အမည်ရှိ အခန်းဆက် ဝတ္ထုကို နှစ်ပတ် မျှသာ ရေးသားခွင့် ရခဲ့သည်။ ကျွန်တော် နောက်ဆုံး အယ်ဒီတာအဖြစ် လုပ်ခဲ့သော မဂ္ဂဇင်းမှာ 'စာပေ' ဟူသော မဂ္ဂဇင်း ဖြစ်သည်။ စာပေဟူသော အမည်ကို ကျွန်တော်က ပေးခြင်း ဖြစ်သည်။ ၁၉၆၂ က တည်ထောင်သော စာရေးဆရာသမဂ္ဂ၏ ကြေးကြော်သံ အဖြစ် စာပေမဂ္ဂဇင်းကို ထုတ်ဝေခြင်း ဖြစ်သည်။

ယင်းစာပေမဂ္ဂဇင်းမှာ ၂ အုပ် ထုတ်ဝေဖြစ်သော်လည်း နောက်ဆုံး အမှတ် ၂ ထုတ်ဝေခွင့် မရဘဲ ဖြစ်ခဲ့သည်။ ကျွန်တော်တို့လည်း ဆိတ် ဖလူးရန့်သင်းပျံ့ရာ နေရာထိုင်ခင်းကလေးသို့ ရောက်သွားခဲ့ရပေသည်။

စာပေမဂ္ဂဇင်းတွင် ကျွန်တော်က ခေါင်းကြီးပိုင်း ရေးရုံလောက်သာ တာဝန်ယူခဲ့ရသည်။

အိုးဝေမဂ္ဂဇင်း ၁၉၃၉ ခေါင်းကြီးပိုင်းတွင် 'နွေဦး' ဟူသော အမည်ဖြင့် ခေါင်းကြီးပိုင်း ရေးသားခဲ့သည်။ ၁၉၄၅ စစ်ပြီးစ ကိုုက်လတ်မြို့ ဖဆပလအဖွဲ့မှ ပြည်သူ့သတင်းစာအမည်ဖြင့် စာစောင် ထုတ်ဝေရာ ကျွန်တော်ပင် အယ်ဒီတာအဖြစ် ဆောင်ရွက်ပြီး 'ရာဇဝင်မြောက် တော် လှန်ရေး' ဟူသော ခေါင်းကြီး ရေးခဲ့ဖူးသည်။ စစ်အေးများ ရိုက်ခတ်လျက် ရှိသော ၁၉၅၃ ကာလက ဂန္ထဝင်ဂျာနယ် ခေါင်းကြီးပိုင်းတွင် အမျိုးသား လွတ်လပ်ရေး အဓိပ္ပာယ်ကို ဖော်ပြခဲ့သည်။ စာရေးဆရာအသင်းမှ ထုတ်ဝေသော 'စာပေ' မဂ္ဂဇင်း ခေါင်းကြီးပိုင်းတွင် ပြည်သူ့စာပေ



အမည်ဖြင့် လည်းကောင်း၊ အမှတ် ၂ တွင် စာပေ တပ်ပေါင်းစု ဟူသော သဘောကို ရေးသားခဲ့သည်။

စာရေးဆရာသမဂ္ဂမှ ထုတ်ဝေသော 'စာပေ' မဂ္ဂဇင်း ၁၉၆၂ တွင် အလုပ်သမား၊ လယ်သမား၊ ပညာရှင်တို့ ညီညွတ်ပေါင်းစုသော သဘောကို ရေးသားခဲ့ပေသည်။ ထိုခေတ် ထိုအခါက သမိုင်းခေတ် အခြေအနေများကို ခံစားကာ ရေးသားခဲ့သည်ဟု ပြန်လည် တွေးတောမိပေ သည်။

[ရွှေဝတ်မှုန်၊ စက်တင်ဘာ၊ ၁၉၉၀]

www.burmeseclassic.com

www.burmeseclassic.com

## အယ်ဒီတာနှင့် အတွေးအခေါ်

## (က)

၁၉၅၃ ခုက ကျွန်တော်သည် ဂန္ဓဝင် ဂျာနယ် အမည်ရှိ ဂျာနယ်တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ဂျာနယ်ဆိုသည်မှာ အမှန်အားဖြင့် တစ်ပတ်တစ်ခါ အနည်းဆုံးနှစ်ပတ်တစ်ကြိမ်ထုတ်ရန် ဖြစ်သည်။ သို့သော် အခြေအနေ မပေးသဖြင့် တစ်လတစ်ကြိမ်သာ ထုတ်ဝေဖြစ်ပြီး နှစ်ကြိမ်ဖြင့် ရပ်စဲသွားခဲ့ရသည်။ ထုတ်ဝေသူမှာ ဂျာနယ်ကျော် မမလေး ဖြစ်သည်။ ကျွန်တော်က ဂျာနယ်စိတ်ရှိနေသည်။ ဂျာနယ်တွင် ဝေဖန်ရေးများကို ရေးချင်နေသည်။ စာပေဝေဖန်ရေးသာမဟုတ် နိုင်ငံရေးရာ ဝေဖန်ရေးကိုလည်း ရေးချင်နေသူ ဖြစ်သည်။

နိုင်ငံရေးရာ ဝေဖန်ချက်များကို ဂျာနယ်တွင်သာ ရေးရမည်ဟု ကျွန်တော်က ထင်နေသည်။ ဗန်းမော်တင်အောင်၏ လင်းယုန်ဂျာနယ်တွင် တော်တော်ရေးဖြစ်ခဲ့သည်။ ကိုတင်အောင်နှင့် ကျွန်တော်မှာ ခင်မင်ရင်းနှီးပြီး တစ်ယောက်အကြောင်းတစ်ယောက် နားလည်သိရှိပြီး ဖြစ်သည်။ ထို့ကြောင့်ပင် ကိုတင်အောင်က သူ၏ ဂျာနယ်တွင် ကျွန်တော် ရေးချင်သည်များကို ရေးပါဟု ပြောသည်။ ထို့ကြောင့်ပင် ကျွန်တော်က ရေးဖြစ်သွားခြင်း ဖြစ်သည်။ ကျွန်တော်က ကလောင်နာမည်အမျိုးမျိုးဖြင့် ရေးဖြစ်ခဲ့သည်။ ရောင်ခြည်သစ် ဂျာနယ်တွင် မောင်သစ္စာအမည်ဖြင့် နိုင်ငံရေးရာ ဆောင်ပါးများ ရေးဖြစ်သည်။ ဝေဖန်ချက်ဆောင်းပါးများ စတင် ရေးခဲ့သည်။ သို့သော် လင်းယုန်ဂျာနယ် (၁၉၅၁) တွင် ပို၍ ရေးဖြစ်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂန္ထဝင်ဂျာနယ်အမှတ် (၁) တွင် ခေါင်းကြီးရေးသားရန် အမျိုးသား လွတ်လပ်ရေးနှင့် အမျိုးသား ညီညွတ်ရေး ဆက်စပ်လျက်ရှိကြောင်း ဖော်ပြခဲ့သည်။ ထိုအခါက အရှေ့ဘက် နယ်စပ်တွင် တရုတ်ပြည်ဘက်မှ ဝင်လာသော စစ်ပြေး ကူမင်တန်တပ်များ ရှိနေသည်။

ယင်းသည် ကျွန်တော်တို့၏ အချုပ်အခြာ အာဏာပိုင်ခြင်းကို ထိပါးသည်ဟု ခံစားမိ၍ အမျိုးသားလွတ်လပ်ရေးနှင့် အမျိုးသား ညီညွတ်ရေး ဆက်စပ်နေသည်ဟု ရေးသားလိုက်ခြင်း ဖြစ်သည်။

တကယ်တော့ ကျွန်တော်သည် နိုင်ငံရေးသမားမဟုတ်။ နိုင်ငံရေးသမားဖြစ်ချင်သူလည်း မဟုတ်။ ကျောင်းသားဘဝက တက္ကသိုလ် သမဂ္ဂမှ မိတ်ဆွေများ၊ တို့ဗမာအစည်းအရုံးမှ မိတ်ဆွေများနှင့် ရင်းရင်းနှီးနှီး ပြောဆိုနေထိုင်ခဲ့သော်လည်း နိုင်ငံရေးသမား ဖြစ်ရန် ရည်ရွယ်ချက် မရှိ။

သို့သော် ကျွန်တော်က နိုင်ငံရေးကို စိတ်ဝင်စားသည်။ နိုင်ငံရေးရာနှင့် ပတ်သက်၍ ကျွန်တော်၏ အယူအဆများကို ဖော်ပြချင်သည်။ နိုင်ငံရေးရာ ဝေဖန်ချက်များကို ရေးကြည့်သည်။ ထို့ကြောင့်ပင် ကျွန်တော်သည် မောင်သစ္စာအမည်ဖြင့် ရေးဖြစ်သွားသည်။

လင်းယုန်ဂျာနယ်အလယ်စာမျက်နှာတွင် အလုပ်သမား အစည်းအရုံး ဘယ်လဲဟူသော ဆောင်းပါးတစ်စောင် ရေးဖူးသည်။ အလုပ်သမားအစည်းအရုံးမှာ ဖဆပလ အစည်းအရုံး လက်အောက်ခံ အဖွဲ့အစည်း ဖြစ်သည်။ ၁၉၅၁ မေဒေး၌ ဥက္ကဋ္ဌ သခင်လွင်၏ မိန့်ခွန်းကို ဖတ်ပြီး ကျွန်တော် ရေးချင်စိတ်ပေါ်၍ ရေးလိုက်ခြင်း ဖြစ်သည်။

ယင်းမိန့်ခွန်းတွင် အလုပ်သမား အစည်းအရုံး အဖွဲ့အစည်းသည် လက်ဝဲလမ်းကို လိုက်ရမည်လော၊ လက်ျာဘက် လိုက်ရမည်လော ဟူသော ဒွိဟစိတ်တွေ ဝေနေသောကြောင့် ဖြစ်သည်ဟု ကျွန်တော် ခံစား၍ ရေးလိုက်ခြင်း ဖြစ်သည်။ ထိုအခါက ကမ္ဘာတွင် စစ်အေး စတင်နေသော အချိန် ဖြစ်သည်။ အမေရိကန် ခေါင်းဆောင်သော လက်ျာအုပ်စုနှင့် ဆိုဗီယက်ခေါင်းဆောင်သော လက်ဝဲအုပ်စုတို့ အယူအဆခြင်း ပြိုင်ကာ ငြင်းခုံနေကြသော စစ်အေးတိုက်ခတ်နေသည့် ခေတ်ဖြစ်သည်။ ယင်း အလုပ်သမား အစည်းအရုံးမှာ ဗမာပြည်ဆိုရှယ်လစ် ပါတီက ဦးစီးဖွဲ့စည်းထားသော အစည်းအရုံး ဖြစ်သည်။ ထိုအခါက ဗမာပြည် ဆိုရှယ်လစ်ပါတီထဲတွင် လက်ဝဲနှင့် လက်ျာဟု အကြမ်းဖျင်း ခေါ်ဆိုနိုင်သော



အယူအဆအားဖြင့် ပြိုင်ဆိုင်ကာ ကွဲတော့မည် အခြေအနေ ရှိသည်။

ထိုနှစ်ကုန်မှာပင် ဗမာပြည်ဆိုရှယ်လစ်ပါတီသည် နှစ်ခြမ်း ကွဲသွားသည်။ ဗမာပြည် ဆိုရှယ်လစ်ပါတီက ကျန်ရစ်ခဲ့၍ အခြား အလုပ်သမား လယ်သမား ပါတီအမည်ဖြင့် ခွဲထောင်ကာ ပေါ်ပေါက်ခဲ့သည်။ ထို့နောက် တစ်ဖန် ကိုးရီးယား အရေးအခင်းနှင့် ပတ်သက်၍ မဲခွဲသော ကိစ္စများ ပေါ်လာသည်။ ဖဆပလ အဖွဲ့က မြောက်ပိုင်းကိုရီးယားက တောင်ပိုင်းကိုးရီးယားကို ကျူးကျော်သည်ဟူသော ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို ထောက်ခံခဲ့သည်။ ယင်းသို့ ထောက်ခံသင့် မသင့် စည်းဝေးသည့် လွှတ်တော်ကို ကျွန်တော် ဧည့်သည်အဖြစ် တက်ရောက် နားထောင်ခဲ့သည်။

အစည်းအဝေးမှ ပြန်လာသောအခါ နိုင်ငံရေးရာ ဝေဖန်ရေးဆောင်းပါး တစ်စောင် ရေးဖြစ်သည်။ အလုပ်သမား လယ်သမားပါတီဟူ၍ တစ်စင်ခွဲထောင်မည့် အုပ်စု (နောင်အခါ သတင်းစာရေးဆရာတို့က ဆိုရှယ်နီဟု ခေါ်ကြသည်။) က တောင်ကိုရီးယားကို ဆန့်ကျင်ကာ မြောက်ကိုရီးယားကို ထောက်ခံဆွေးနွေးခဲ့ကြသည်ကို ကြားခဲ့ရသည်။ သို့သော် လွှတ်တော်ထဲတွင် မဲခွဲသောအခါ မြောက်ကိုရီးယား ကျူးကျော်သည် ဟူသော ကုလသမဂ္ဂ ဆုံးဖြတ်ချက်ကို ထောက်ခံခဲ့သဖြင့် ကျွန်တော့်စိတ်တွင် ရေးချင်စိတ် ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ လွှတ်တော်ထဲတွင် မြောက်ကိုရီးယားက မကျူးကျော်ကြောင်းကို အချက်အလက်ဖြင့် ပြောဆိုခဲ့ပြီး မဲခွဲသောအခါ မြောက်ကိုရီးယားက ကျူးကျော်သည်ဟူသော ကုလသမဂ္ဂ ဆုံးဖြတ်ချက်ကို ထောက်ခံကာ မဲပေးခဲ့ကြသည်။ ကျွန်တော်သည် ဝေဖန်ရေး ဆောင်းပါးသက်သက်သာ ရေးလိုက်ခြင်း ဖြစ်သည်။

ကျွန်တော်သည် မည်သည့်ဘက်မှ ကျွန်တော်၏ အကျိုးစီးပွားမရှိ။ နိုင်ငံရေးရာ ဝေဖန်ချက်များမှာ မိမိတို့ ပါဝင်သော အဖွဲ့အစည်း ပါတီဘက်မှ မိမိတို့၏ အကျိုးစီးပွားကို အခြေခံကာ ဝေဖန်တတ်ကြသည်။ ကျွန်တော်က နိုင်ငံရေး သမားမဟုတ်၍ မိမိ အတွေးအခေါ်ဖြင့်သာ လွတ်လပ်စွာ ဝေဖန်ရေးသားခြင်း ဖြစ်သည်။ ထို့ကြောင့် ဝေဖန်ရေး သက်သက်ဟု ဆိုရခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(ခ)

ကျွန်တော်သည် အာဏာနိုင်ငံရေး ဦးတည်သော နိုင်ငံရေး အဖွဲ့အစည်းများတွင် မပါဝင်သော်လည်း ငြိမ်းချမ်းရေးရာနှင့် စာပေရေးရာအဖွဲ့တွင်ကား ပါဝင်ခဲ့သည်။ စာရေးဆရာ အသင်းတွင် ပါဝင်ဆောင်ရွက်ခဲ့ဖူးသည်။ သို့သော် ၁၉၅၁ ပတ်ဝန်းကျင်တွင် ကျွန်တော်တို့သည် စာရေးဆရာအသင်း၏ အလုပ်အမှုဆောင်အဖွဲ့၏ အချို့ လုပ်ရပ်များကို မကျေနပ်သဖြင့် စာရေးဆရာ စာပေကလပ်အမည်ဖြင့် စာပေရေးရာ အသင်းအဖွဲ့ တစ်ခု ထူထောင်ခဲ့ဖူးသည်။ ထို့နောက် ၁၉၆၃ တွင် စာရေးဆရာ သမဂ္ဂဟူ၍ ယခင်စာရေးဆရာ စာပေကလပ်တွင် စည်းရုံးရေး အဆင့်မြင့်သော အဖွဲ့အစည်းတစ်ခု တည်ထောင်ခဲ့ကြသည်။

ယင်းစာရေးဆရာ အဖွဲ့အစည်းများမှာ မဂ္ဂဇင်းထုတ်ဝေကြသည်။ ကျွန်တော်သည် ယင်း မဂ္ဂဇင်းတွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ စာရေးဆရာ စာပေကလပ်မှ ၁၉၆၂ တွင် စာပေအမည်ဖြင့် မဂ္ဂဇင်းတစ်စောင် ထွက်လာသည်။ ယင်းစာပေမဂ္ဂဇင်းတွင် ကျွန်တော် ခေါင်းကြီးပိုင်းများ ရေးသားခဲ့သည်။ ကျွန်တော်သည် မဂ္ဂဇင်း ခေါင်းကြီးများ ရေးသောအခါ ဖြတ်သန်းတွေ့ကြုံလျက်ရှိသော အခြေအနေနှင့် ရေးဖွဲ့တတ်သည်။ တစ်နည်းဆိုရသော် သမိုင်းခေတ်မှ ထင်ဟပ်လိုက်သော ခံစားမှုကို ဖော်ပြလိုက်သည့် သဘောပင် ဖြစ်သည်။ တိုင်းပြည် တစ်ပြည်တွင် အပြောင်းအလဲများ ဖြစ်ပေါ်နေသည်။ ယင်း အပြောင်းအလဲပေါ်တွင် အခြေခံ၍ ကောင်းသော ပြောင်းလဲခြင်းများဖြင့် မျှော်လင့်ချင်သည်။

ယင်းသို့ ပြောင်းလဲသည့်အခါ အလိုအပ်ဆုံးမှာ စည်းလုံးညီညွတ်ရေးပင် ဖြစ်သည်။ ညီညွတ်ရေး အင်အားသည် အရာရာကို ကောင်းသည့်ဘက်ကို ပို့ဆောင်နိုင်သည်ဟု ယုံကြည်မိပေသည်။ အထူးသဖြင့် ဖွံ့ဖြိုးစနိုင်ငံများအဖို့ ညီညွတ်ရေးသည် အရေးကြီးဆုံးသော လိုအပ်ချက်ဖြစ်သည်။ သို့ဖြစ်ရာ ကျွန်တော်သည် စာပေမဂ္ဂဇင်း ခေါင်းကြီး ရေးသားသောအခါ ညီညွတ်ရေးကို ရှေးရှု ရေးလိုက်မိသည်။ ယင်းသို့ ညီညွတ်ရေးသည်က အခြားမဟုတ်။ အလုပ်သမား၊ လယ်သမား၊ ပညာရှင်တို့၏ ပေါင်းစပ် ညီညွတ်ရေးပင် ဖြစ်သည်။ ကျွန်တော်တို့ ကျောင်းသားဘဝက ၁၃၀၀ ပြည့် အရေးတော်ပုံတွင် အလုပ်သမား လယ်သမား ကျောင်းသား



လူငယ် ပညာရှင်တို့ ပေါင်းစည်းညီညွတ်သော အင်အားဖြင့် အင်္ဂလိပ်အင်ပိုင်ယာကို တုန်လှုပ်အောင်လုပ်နိုင်ခဲ့သည်ဟု ကျွန်တော်တို့ ခံစားခဲ့သည်။ ၁၃၀၀ ပြည့် အရေးတော်ပုံမှ စည်းရုံးပေးလိုက်သော အင်အားဖြင့် လွတ်လပ်သော မြန်မာနိုင်ငံကို ထူထောင်နိုင်ခြင်း ဖြစ်သည်ဟု ကျွန်တော် ယုံကြည်မိသည်။

ခေါင်းကြီးအမည်မှာ 'ပန်းပြားပင်နှင့် သစ်ပင်ကြီး' ဟူ၍ ဖြစ်သည်။

'အခါတစ်ပါး ပုဂံပြည်၌ နရသီဟပတေ့မင်းသည် မင်းပြု၏။ ထိုမင်းအား မင်းအဖြစ်သို့ ရောက်အောင် စည်းရုံးပေးခဲ့သူကား ပညာရှိအမတ်ကြီး ရာဇသင်္ကြန်တည်း။ ထိုခေတ်က နိုင်ငံရေးအာဏာသည် ပြည်သူပြည်သားထံ မတည်သေး၊ အမျိုးအမတ် ကလန်သံပျင် စစ်သည်တော်တို့၏ အင်အားစည်းရုံးမှုအပေါ်တွင် တည်၏။ ရာဇသင်္ကြန်သည် ယင်းမှူးမတ် အင်အားစုတို့ကို ခမည်းတော် ဥဇနမင်းကြီး၏ သချိုင်းတော်၌ ဦးတိုက်ဟန် စုဝေးခေါ်ယူကာ စည်းရုံးပြီးသော် နောင်တော် သီဟသူကို နန်းချ၍ နရသီဟပတေ့အား နန်းတင်လေ၏။

နရသီဟပတေ့သည် မင်းအဖြစ်သို့ ရပြီးသောအခါ အာဏာယူပေးသူ အမတ်ကြီး ရာဇသင်္ကြန်အား မေ့လျော့ဘိ၏။ ယင်းသို့ခိုက်ဝယ် ရာဇသင်္ကြန်သည် နန်းရင်ပြင်၌ ကွမ်းကလပ်ပွဲကို ကိုင်ဆောင်လျက် ပန်းပွတ်သည် သားမြေးတို့ ကောင်းစားနေ၍ ကလပ်ပွဲကို စားရသည်ဟု အာဏာယစ်မူးမေ့လျော့နေခြင်းကို သတိပေး ဝေဖန်၏။ မင်းကြီးလည်း ငါ့ကို ဝေဖန်ရကောင်းလောဟု ရာဇမာန်တက် အမျက်တော်ရှ၍ အမတ်ကြီးအား ရာထူးချကာ ဒလသို့ ပို့ဆောင်ရန် အမိန့်တော်မှတ်လေ၏။ ဒလသို့ သွားရာ လှေလမ်းခရီးကမ်းစပ်၌ လေပြင်းထန်၍ သစ်ပင်ကြီးများ၏ အကိုင်းအခက်တို့ ကျိုးပဲ့သော ရှုခင်းကို မြင်သော် ရာဇသင်္ကြန်က ပို့သော မင်းချင်းများအား 'ငါသည် ရေပန်းပြားပင်လောက်မှ မလိမ္မာ၊ အလိုက်သင့် အပင့်ချိ မနေတတ် ဝေဖန်မိချေ၏။ သစ်ပင်ကြီးကဲ့သို့ အကိုင်းများ ကျချေ၏တကား'ဟု သိမ်မွေ့စွာ ဆိုမိန့်၏။ ယင်းစကားကို ပို့သူတို့က ပြန်လျှောက်သော် မင်းကြီးသည် ခပ်မဆိတ်နေ၏။

ပညာရှိ အမတ်ကြီး ရာဇသင်္ကြန် မရှိပြီဟု ကြားလတ်သော် မစ္ဆာဂီရိစား မုတ္တမစားတို့ ထောင်ထားကြကုန်၏။ ထကြွမှု များမြောင်လာ

www.burmeseclassic.com

www.burmeseclassic.com



ပြီး၊ မင်းကြီးသည်လည်း သေနင်္ဂဗျူဟာရေးရာ နိုင်ငံရေး စည်းရုံးမှုမရှိလေသောကြောင့် ပူပန်လျက် နှလုံးမသာ ရှိ၏။ အကြင်အခါ၌ မိဖုရားစောက ရာဇသင်္ကြန်အား ပြန်ခေါ်ရန် လျှောက်လေ၏။ ရာဇသင်္ကြန်လည်း နန်းတော်သို့ ရောက်လာရ၏။ ထိုအခါ၌သော် နိုင်ငံတော် မငြိမ်သက်မှု မတည်ငြိမ်မှုများသည် ပညာရှိ ရာဇသင်္ကြန်၏ စီမံခန့်ခွဲမှု စည်းရုံးမှုကြောင့် လွင့်စင်ကြေပျောက်ကာ အေးငြိမ်သွားရ၏။

ပညာရှိအမတ်ကြီး၏ သေနင်္ဂဗျူဟာမှုနှင့် စည်းရုံးမှုကို နားလည်သိရှိလာသော မင်းကြီးလည်း နိုင်ငံတော် အေးချမ်းသွားလေသောကြောင့် စိတ်ချမ်းမြေ့သာယာ ရှိလေ၏။

ယခုခေတ်၌ အလုပ်သမား တောင်သူလယ်သမား ပညာရှင်ဟူသော အင်အားထု သုံးရပ်၏ ညီညွတ်သော အင်အားဖြင့် တိုင်းပြည်၏ ကောင်းကျိုးကို ပြုနိုင်ပေ၏။ စာရေးဆရာသည် စာပေအလုပ်သမားများ ဖြစ်ပေသည်။

စာရေးဆရာဟူသည် တိုင်းပြည်၏ သစ္စာတရားကို လက်ကိုင်ထားသော ပညာရှင်များ ဖြစ်ကြသည်။ လူသည် ရသစာပေကို ဖွဲ့နွဲ့သီကုံးရာ၌ အမှန်တရားဖြင့်သာလျှင် ရဲရဲရင့်ရင့် သရုပ်ဖော်ရပေမည်။ အမှန်တရားသည် စာရေးဆရာ၏ နှလုံး၊ စာရေးဆရာ၏ မျက်စိ၊ စာရေးဆရာ၏ ဦးခေါင်းဖြစ်ပေသည်။

စာရေးဆရာသည် သစ်ပင်ကြီးကဲ့သို့ ကျင့်ရာပေသည်။ လေပြင်းတိုက်သဖြင့် သစ်ပင်ကြီး၏ လုံးပတ် အမြစ်တို့သည် မလဲမသေနိုင် အကိုင်းအခက် အရွက်အလက်တို့သာလျှင် ကျိုးပဲ့ရုံမျှ ဖြစ်ပေသည်။ လေငြိမ်ပြီးသော် အေးချမ်းသာယာသော ကာလ၌ သစ်ပင်ကြီးမှ စိမ်းစိုလှပသော အရွက်အကိုင်းတို့သည် ထွက်မြဲ ဝေဆာမြဲ ဖြစ်ပေသည်။ ပန်းပြားပင်တို့သည်ကား ပင်မကျောရိုးမဲ့သော အယိမ်းသမားများသာ ဖြစ်ချေသည်။ နောက်ဆုံး၌ သစ်ပင်ကြီးတို့သာလျှင် ပင်ကိုယ်လုံးဖြင့် ကြံ့ကြံ့ခံ၍ မားမားမတ်မတ် ရပ်တန့်လျက်ရှိမြဲ ဖြစ်ပေသည်။

စာရေးဆရာသည် အမှန်တရားဖြင့် ရပ်တည်သော အလုပ်သမား တောင်သူလယ်သမားတို့၏ မဟာမိတ် ဖြစ်ပေသည်။

[ရွှေဝတ်မှုန်မဂ္ဂဇင်း၊ မတ်လ၊ ၁၉၉၁]

## အယ်ဒီတာနှင့် နုပျိုလှငယ်ပွင့်သစ်

ကျွန်တော်တို့ ငယ်စဉ်ကျောင်းသားဘဝ ခေတ်က အယ်ဒီတာများမှာ ပညာရှိ လူကြီးများ ဖြစ်ကြသည်။ ပညာရှိ ဆိုသူမှာ စာပေ ကျမ်းဂန်တတ်ကျွမ်းသူ၊ ရှေးဟောင်း မြန်မာစာပေတွင် နှံ့စပ်သူများ ဖြစ်ကြသည်။

အချို့သည် ရဟန်းထွက် ပုဂ္ဂိုလ်များလည်း ဖြစ်တတ်ကြသည်။ အရွယ်က ကျွန်တော်တို့ထက် များစွာ ကြီးသည်။ လူလတ်ပိုင်း ဖြစ်မည်။ လူကြီးပိုင်း ဖြစ်မည်။ ယနေ့ကား ဤသို့ မဟုတ်ကြတော့ပြီ။

အယ်ဒီတာများသည် လူငယ်များ ဖြစ်တတ်ကြသည်။

အထူးသဖြင့် စစ်ပြီးခေတ် လွတ်လပ်ရေး ကာလမှ စတင်၍ အယ်ဒီတာများသည် လူငယ်များ ဖြစ်နေတတ်ကြသည်။

စစ်မဖြစ်မီ ခေတ်က အယ်ဒီတာများ လူလတ်ပိုင်း၊ လူကြီးပိုင်းများ ဖြစ်ရသည်မှာ သဘာဝကျသည်ဟု ဆိုနိုင်သည်။

ဘုရင်ခေတ် ကုန်ဆုံး၍ အင်္ဂလိပ် ကိုလိုနီခေတ် ရောက်ခဲ့ရသော ကာလ ဖြစ်သည်။

ပဒေသရာဇ်မင်းများ၊ ဘုရင်ခေတ်များတွင် ပညာရှင် ဆိုသည်မှာ ကျမ်းတတ် ပုဂ္ဂိုလ်များ ဖြစ်သည်။

ပါဠိပေါရာဏများကို ကျွမ်းကျင်သူ၊ ပိဋကတ်ကျမ်းစာများကို ကျွမ်းကျင်သူ၊ ရှေးဟောင်း မြန်မာစာပေ ဂန္ထဝင်၊ ဆန်းအလင်္ကာကျမ်းများ တတ်သူများ ဖြစ်ကြသည်။

ယင်း ဂန္ထဝင် အရှိန်အဝါဖြင့်ပင်လျှင် အယ်ဒီတာတို့သည် ကျမ်းတတ် ပုဂ္ဂိုလ်ပညာရှင်များ ဖြစ်ကြခြင်း ဖြစ်သည်။

www.burmeseclassic.com



ဈေးဟောင်း ဂန္ထဝင် စာပေခေတ်နှင့် ခေတ်ပေါ် စာပေခေတ်တို့ အကူးအပြောင်း ကြားကာလ ဖြစ်သည်ဟု ဆိုနိုင်သည်။

ဂန္ထဝင်စာပေ အရှိန်အဝါကလည်း ကောင်းစ ဖြစ်သည်။ ထိုအခါက ကဗျာလင်္ကာတို့မှာ ဂန္ထဝင်ဟန်၊ ဈေးဟန် ကဗျာတို့က များသည်။

ကဗျာထဲတွင် ပါဠိပေါရဏ မပါလျှင် အယ်ဒီတာက အထင်ကြီးသည် မဟုတ်။

ကျွန်တော်သည် ထိုခေတ်အခါ ကျောင်းသားဘဝ ဒဂုန်မဂ္ဂဇင်းသို့ တုတိယြဘာ မင်္ဂလာရတုပိုဒ်စုံ၊ မင်္ဂလာလူးတား မင်္ဂလာဧချင်း စသော ဈေးဟန်ကဗျာများ ပို့ခဲ့သည်။

အယ်ဒီတာတို့ကလည်း ထည့်သွင်းခဲ့သည်။

ကျွန်တော့်ကဗျာများတွင် ပါဠိပေါရဏ စကားလုံးများ လှိုင်နေအောင် ပါသည်။ ထို့ကြောင့်ပင်လျှင် ကျွန်တော့်ကဗျာကို ပယ်သည် မရှိ။ ထည့်သွင်းဖော်ပြခြင်း ဖြစ်သည်ဟု နောင်သောအခါ သုံးသပ်မိသည်။

သူ့ခေတ်နှင့် သူ။

ထိုအခါက ထင်ရှားသော အယ်ဒီတာချုပ်များမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး စသော ပုဂ္ဂိုလ်များ ဖြစ်သည်။ သူ့ခေတ်နှင့် သူပင်။

(ခ)

၁၉၃၀ ကျော်ကာလလောက်က စ၍ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းလောက၊ စာပေလောကတွင် ခေတ်တစ်ခေတ် ဆန်းသစ်လာသည်ဟု ဆိုချင်သည်။

သာယာဝတီ လယ်သမား တော်လှန်ရေးအပြီးတွင် အမျိုးသားနိုးကြားမှုသည် အရှိန်တက်စ ပြုလာသည်။

တို့ဗမာအစည်းအရုံးလည်း ပေါ်လာသည်။ ခေတ်ပညာတတ်၊ အင်္ဂလိပ်ပညာတတ်များသည် သတင်းစာလောက၊ စာပေလောက၊ နိုင်ငံရေးလောကသို့ ရောက်ရှိလာကြသည်။

ပြင်ပကမ္ဘာကြီးနှင့်လည်း ထိတွေ့မှု ပိုမိုလာသည်။ အယ်ဒီတာချုပ်များမှာ ဂန္ထဝင်ကျမ်းတတ် ပညာရှိ ပုဂ္ဂိုလ်ကြီးများ ဖြစ်နေကြသော်



လည်း သူတို့နှင့်တွဲဖက် လက်ထောက်အယ်ဒီတာများမှာ ခေတ်ပညာတတ်များ ဖြစ်နေသည်ကို တွေ့နိုင်သည်။

ဂန္ထဝင်စာပေနှင့် ခေတ်ပေါ်စာပေ အကူးအပြောင်းကာလသဘောပင် ဖြစ်မည်။ လူငယ်နှင့် လူကြီး ပေါင်းစပ်သည့် သဘော၊ အသစ်နှင့် အဟောင်း ပေါင်းစပ်သည့် သဘောပင် ဖြစ်မည်။

ထိုအခါက အမျိုးသား အင်အားတို့ ညီညွတ်ပေါင်းစပ်နေသော ကာလဟု ပြောနိုင်ပေသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း (ငယ်စဉ်အမည် မောင်လွန်း)၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီးတို့မှာ အယ်ဒီတာပေါက်စ ဘဝကတော့ လူငယ်များ ဖြစ်မည်။

သို့သော် ကျွန်တော်တို့အရွယ်ရောက်စ ဆယ်ကျော်သက်အရွယ်တွင်ကား သူတို့သည် လူကြီးများ ဖြစ်နေကြပေပြီ။

သမိုင်းခေတ် တစ်ခေတ်ဆိုသည်မှာ သီးခြားပေါ်ထွန်းလာခြင်း မဟုတ်။

ဈေးဟောင်းခေတ်ထဲမှ ခေတ်သစ်ပေါ်ထွန်းလာရသည်။ မြေရှင်ပဒေသရာဇ်ခေတ်မှ အရင်းရှင်ခေတ်သို့ ကူးပြောင်းလာကြရသည်။

ခေတ်ဟောင်းနှင့် ခေတ်သစ်ကြား ကူးပြောင်းသည့် ကာလမျိုးတွင် အသစ်အင်အားစုသည် ပထမတော့ အားမကောင်းနိုင်သေးပေ။

သို့သော် သူတို့သည်လည်း အတွေ့အကြုံများကို ဖြတ်သန်းပြီးသောအခါ ရင့်လာကြရပေသည်။

အင်အား ခိုင်မာလာကြသည်မှာ သဘာဝဟု ပြောရမည် ထင်သည်။ ယင်းကို ကျွန်တော်က အဆင့်ဆင့် တော်လှန်ပြောင်းလဲခြင်းဟု နားလည်မိသည်။

ထိုအခါ ယင်းအရင်းရှင်စနစ်သည် တိုးတက်နေသော စနစ်ဖြစ်သည်။ ၁၈ ရာစု စက်မှုတော်လှန်ရေးကြီး ဖြစ်ပွားပြီးနောက် ဥရောပတွင် အရင်းရှင်စနစ် ထွန်းကားခဲ့သည်။

ယင်းအရင်းရှင်စနစ်မှ နယ်ချဲ့စနစ် (ဝါ) ကိုလိုနီခေတ်ပေါ်ပေါက်လာရခြင်း ဖြစ်သည်။

ထိုအခါ အမျိုးသား လှုပ်ရှားမှုသည် ဈေးဟောင်းနည်းနာဖြင့် မရတော့။ ခေတ်မီနည်းစနစ်ဖြင့် ဆန့်ကျင်တိုက်ပွဲဝင်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သတင်းစာလောက စာပေလောကတွင်လည်း ခေတ်ပညာတတ်များသည် အယ်ဒီတာစာရေးဆရာ စသည်တို့ ဖြစ်လာကြကာ မိမိတို့ နည်းနာဖြင့် ပြည်သူကို စည်းရုံးကာ ကိုလိုနီစနစ်ကို ဆန့်ကျင်ခဲ့ကြခြင်း ဖြစ်မည်။

ထိုအခါက လူငယ်များသည်လည်း သူ့ခေတ်နှင့်သူ ဆန်းသစ်လာသော အယူအဆများကို စိတ်ဝင်စားလာရသည်။

'လူငယ်အင်အားစုသည် တိုးတက်သော အင်အားစု ဖြစ်သည်။ ယနေ့တွင်ကား ကိုလိုနီစနစ်သည် အဟောင်းဖြစ်သွားခဲ့ပြီး သူ့ခေတ်မရှိတော့။

(ဂ)

ယနေ့ခေတ်တွင်ကား အယ်ဒီတာတို့သည် လူငယ်များ ဖြစ်နေကြပေသည်။ ဤသည်မှာလည်း သဘာဝကျသည်ဟု ဆိုနိုင်သည်။

ခေတ်ပေါ်စာပေဆိုသည်ကလည်း လူငယ်များက စတင်လှုပ်ရှားမှု တစ်ရပ်ဖြစ်သည်ဟု ဆိုရပေမည်။ သူ့ခေတ်နှင့်သူ။

၁၉၆၀ ဝန်းကျင်ကာလက စာပေလောကတွင် ကဗျာအင်အားစုတို့ နိုးကြားတက်ကြွနေကြသည်။

သူတို့သည် အဆန်းအသစ်ကို ရှာသည်။ အယူအဆသစ်ကို တောင့်တနေကြသည်။ ယင်း အယူအဆသည် အခြားမဟုတ်။ အရင်းရှင်စနစ်ကို ဆန့်ကျင်သော ကိုလိုနီစနစ်ကို ဆန့်ကျင်သော ဆိုရှယ်လစ်ဝါဒ၊ မာ့က်စ်ဝါဒပင် ဖြစ်သည်။

မြန်မာပြည်သာ မဟုတ်။ အာရှ၊ အာဖရိကများတွင် ဤသို့ပင် ဖြစ်သည်။ လွတ်လပ်ခါစ နိုင်ငံတော်သစ်များသည် ဆိုရှယ်လစ်ဝါဒကို စိတ်ဝင်စားကြသည်။

ကျွန်တော်သည် ယင်း ၁၉၆၃ လောက်က ကဗျာဆရာ အဖွဲ့အစည်းတစ်ခု၏ ဥက္ကဋ္ဌ ဖြစ်ခဲ့၏။ ယင်းတွင် ရေအလျဉ် အမည်ရှိ မဂ္ဂဇင်းပါးပါး ကဗျာမဂ္ဂဇင်း တစ်စောင် ထုတ်ဝေသည်။

ယင်းတွင် ကျွန်တော် ခေါင်းကြီး ရေးသားခဲ့သည်။ ၁၉၆၃ က ထုတ်ဝေခဲ့သည်။ ကောက်နုတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။



## ရေအလျဉ်

စာပေသည် နိုင်ငံတည်ဆောက်ရေး၌ ကြီးမားသော ပညာရေး အင်အားစုတစ်ရပ် ဖြစ်ပေသည်။

ပြောင်းလဲလျက်ရှိသော လူ့သမိုင်း၏ အသစ်အသစ်ဖြစ်ထွန်းသော လူမှုရေးတိုးတက်မှု၌ စာပေ၏ တာဝန်ကဏ္ဍသည် ပါဝင် ထမ်းဆောင်ပေသည်။

စာပေ၏ မြင့်မြတ်သော သမိုင်းရေး တာဝန်သည်ကား တိုးတက်သော လူ့အဖွဲ့အစည်း တည်ဆောက်ဖန်တီးရာ၌ အလုပ်သမား၊ လယ်သမား လုပ်သားပြည်သူနှင့် အတူအားတစ်အားအဖြစ် ပါဝင်ပေသည်။

စာပေသည် တော်လှန်ရေး၌ ထက်မြက်သော လက်နက်တစ်ခု ဖြစ်ပေသည်။ ကဗျာအင်အားစု။ ယနေ့ခေတ်၌ ကဗျာ အင်အားစုသည် ကြီးမားကျယ်ပြန့်သော၊ ပျို့မြစ်သော၊ တက်ကြွသော၊ ဆန်းသစ်ဖန်တီးလိုသော စာပေအင်အားသစ်တစ်ရပ် ဖြစ်နေပေသည်။

ယနေ့လူငယ်တို့သည် ကဗျာ၌ စိတ်အားထက်သန်ကြသည်။ သူတို့ခေတ်၏ အတွေ့အကြုံများ၊ ခံစားချက်များကို ကဗျာဖြင့် ထင်ဟပ်ဖော်ပြရန် ကြိုးပမ်းကြသည်။

အမျိုးသားအစဉ်အလာ မြန်မာကဗျာသည်တက်ကြွသော စာပေအစဉ်အလာ တစ်ရပ်အဖြစ် ပုဂံခေတ် အနန္တသူရိယ အမတ် အသက်စတေးရာ နီမြန်းသော မြေချာမှ စတင်စီးဆင်းခဲ့ပေသည်။

ကဗျာသည် ရှေး အတိတ်ဘိုးဘေးဘီဘင် အရှ အစဉ် လက်ထက် ခေတ်အဆက်ဆက် မြန်မာတို့၏ သွေးကြောထဲမှ အလျဉ်မပြတ် ဆက်ခံပွားစီး မျိုးစေ့ မိုးလာခဲ့သော အမျိုးသား အစဉ်အလာ တစ်ရပ် ဖြစ်ပေသည်။

ယနေ့လူငယ်တို့သည် ကောင်းမြတ်သော အမျိုးသားအစဉ်အလာ၏ သားသမီးများ ဖြစ်ကြသည့်အားလျော်စွာ သူတို့နေထိုင်သော လူ့အဖွဲ့အစည်းနှင့် ခေတ်ဝန်းကျင်တို့၏ လှုပ်ရှား

www.burmeseclassic.com

www.burmeseclassic.com



မှုများကို ကဗျာဖြင့် ဖော်ကျူး သီကုံးကြခြင်း ဖြစ်ပေသည်။

ကျွန်ုပ်တို့၏ လမ်းညွှန်သဘောတရား၊ ကဗျာရေးသူသည် ပြည်သူတို့နှင့် မကွဲမကွာ ဆက်စပ်ဖွဲ့နှောင်ခြင်းပေါ်၌ အခြေပြုလျက် ပြောင်းလဲလှုပ်ရှားနေသော လူ့ဘဝကို သရုပ်ဖော်ခြင်း၊ ယင်းလှုပ်ရှားမှုတွင် ပါဝင်သော လူတန်းစားတိုက်ပွဲ၊ ငြိမ်းချမ်းရေး တိုက်ပွဲ သရုပ်ဖော်ခြင်းတို့ကို သီကုံးရပေမည်။

ယင်းဘဝနှင့် ဘဝတိုက်ပွဲတို့ကို သရုပ်ဖော်ရာ၌ ဆိုရှယ်လစ် ဦးတည်ချက်ဖြင့် မွမ်းထုံရပေမည်။

ကျွန်တော်သည် ကဗျာစာပေနည်းနာ တစ်ခုအဖြစ် သရုပ်ဖော်စာပေဝါဒ တစ်ခုကို ဖော်ပြခဲ့သည်။

သရုပ်ဖော်စာပေဝါဒ ဆိုသည်မှာ အခြားမဟုတ်၊ မိမိ၏ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းကြီး၏ တကယ်ရှိနေသော အခြင်းအရာကို ဖွဲ့နွဲ့စီကုံးခြင်းပင် ဖြစ်သည်။

ယနေ့အခါကတော့ ခေတ်ပြိုင် ခံစားမှု သရုပ်ဖော် စာပေဝါဒ ဆိုသည်မှာ နည်းနာပင် ဖြစ်ပေသည်။

[ရွှေဝတ်မှုန်မဂ္ဂဇင်း၊ မေလ၊ ၁၉၉၁]

## ပေါင်းလောင်းမြစ်ပေါ်မှ ကဗျာရွတ်ဖတ်သံ

(၁)

ပြာသိုလကုန်လောက်မို့ ပေါင်းလောင်းမြစ်ရေမှာ ပေါင်ရင်း လောက်မျှသာ နက်နေပေသည်။ သို့သော် ကျွန်တော်တို့သည် လှေကူးတို့ ဖြင့်ပင် တစ်ဖက်ကမ်းပေါ်သို့ ကူးလိုက်ကြသည်။ လှေထွင်းတောင်မှာ လှမ်းမြင်နေရသည်။ ရသေ့ကြီးတစ်ပါးအောင်းသည့် နေရာကို မှန်းကြည့်ရ၏။ အရှေ့ဘက်ရှိ ရှမ်းရိုးမတောင်တန်းကြီးက ကျွန်တော်တို့အား မှိုင်းညိုစိမ်းနက်မာယာဖြင့် ခေါ်နေသည်။ ခရီးလမ်းတစ်လျှောက်လုံး ရိုးမတောင်တန်းကြီးများ၏ ကျောက်ကွင်းမှ လွတ်အောင် ခုခံခဲ့ရသည်။ တစ်ဖက်တွင် စိမ်းသော မြယာကျော ပဲခူးရိုးမတောင်တန်းကြီး။ တစ်ဖက်တွင် ရှမ်းရိုးမ။ မွန်နှင့် မောတို့၏ ကြား၌ မီးရထားသည် တငြိမ့်ငြိမ့် ခုတ်မောင်းနေခဲ့သည် မဟုတ်လား။

မြစ်တစ်ဖက်ကမ်း မရောက်ခင်ပင် လှေပေါ်မှ ဆင်းကာ သဲပေါ်၌ လမ်းလျှောက်လာခဲ့ကြသည်။ ပေါင်းလောင်းရေမှာ အေးမြနေ၏။ အရင်တုန်းက ပေါင်းလောင်းမှာ ကဗျာစိတ်ကူးထဲက မြစ်။ ယခုကား ပေါင်းလောင်းမြစ်၏ အေးမြလှပခြင်းကို ကိုယ်တိုင် ထိတွေ့နေရပေပြီ။ မနေ့ကပင် ပေါင်းလောင်းမြစ် တစ်နေရာ အကွေ့အဝိုက်တစ်နေရာ ဖြတ်ကာ ဆင်ဖြူတောင်ကို တက်ခဲ့ကြ၏။ ယခုကား ပေါင်းလောင်းမြစ် အဖျားဘက်ဖြစ်၍ အေးမြနေပေသည်။

ကျွန်တော်တို့သည် ချုံများကို ဖြတ်ကာ သစ်ပင်ရိပ်အောက် ယာထဲ၌ နေရာရွေးလိုက်သည်။ ယာတဲအောက်ကား ခရမ်းချဉ်ခင်းကြီး။

www.burmeseclassic.com



တဲတောင့်၌ပင် ခရမ်းချဉ်သီးများ ပြန့်ကျဲလျက်။

'ကဲ ချက်ဖို့ ပြုတ်ဖို့ သွားစီစဉ်လိုက်အုံးမယ်၊ တော်ကြာ ကူးခဲ့ကြ၊ ဆာချိန်လောက်ပေါ့' ဟု အိမ်ရှင်က ပြောကာ ထွက်သွားသည်။ သူသည် ရွာဘက်ကူးသွားသည်။

ယာသမား အဒေါ်ကြီးက မြေကရားဖြင့် လက်ဖက်ရည်ကြမ်း လာချပေးသည်။ ဆီးသီးများလည်း လာချသည်။ ကျွန်တော်တို့သည် မြေကြီးပေါ်၌ပင် ထိုင်ကာ စာပေရေးရာများ ဆွေးနွေးကြသည်။ ပေါင်းလောင်း မြစ်ရေစီးသံကို ကြားနေရသည်။ ရှမ်းရိုးမတောင်တန်းကြီးများ၏ အပြာရိပ်က ယာတဲဆီသို့ သန်းနေသည်။ မောလေသည် မွေးမြနေ၏။ ဆီးသီးနံ့သည် သင်းပျံ့နေ၏။

လှငယ်ကဗျာဆရာကလေးများက သူတို့ ခံစားနေရသော ပြဿနာများကို တင်ပြကြသည်။ ဆွေးနွေးညှိနှိုင်းကြည့်ကြသည်။

စာဆိုတော် ပွဲရက် မဟုတ်။ ရိုးမရိပ်နှင့် ပေါင်းလောင်းအလှကို ရှိုဝခံစားရန် လာခြင်းဖြစ်သည်။ စာဆိုတော်ရက်များ၌ ကျွန်တော်သည် စင်မြင့်ပေါ် တက်ရန် ငြင်းခဲ့သည်သာ ဖြစ်သည်။ ကျွန်တော်တို့ ဘာများ ပြောစရာ အသစ်ရှိပါသလဲ။ ဘယ်လောက်များကော ပြောနိုင်မလဲ။ ပြောဟောသူ စာရေးဆရာက စင်မြင့်ပေါ်က။ ပရိသတ်က အောက်က။ သူပြောတာ နားလည်လည် မလည်လည်၊ ရှင်းရှင်း မရှင်းရှင်း၊ နားထောင်နေခြင်းများသာ ဖြစ်နေတတ်သည်။ ပရိသတ်ဆိုသည်ကလည်း စာပေမွေ့သော ပရိသတ် ဟုတ်ချင်မှ ဟုတ်မည်။ အခမ်းအနား စီစဉ်သူများက လူများအောင် ဖိတ်ကြားထားတတ်သည်။ စာရေးဆရာဆိုတာ ဘယ်လိုလူများပါလိမ့်ဟု အထူးအဆန်းသဘောဖြင့် မြင်ဖူးချင် ကြားဖူးချင်သော သူတို့က ထောင်ချီနေလျှင်ကော။ စာရေးဆရာသည် ပရိသတ် လူထုအထက်က လော။

တစ်ခါက ဟောပြောသူများနှင့်အတူ မြို့တစ်မြို့ပါသွားသည်။ စာဆိုတော် အခမ်းအနားပွဲသဘင်ဖြစ်၍ ဟောပြောသော အစီအစဉ်နှင့် အတူ အဆိုအတီး အစီအစဉ်များလည်း ပါသည်။ ဇာတ်ခုံရှေ့ကလည်း ကလေးပရိသတ်က မနည်း။ လူကြီး ပရိသတ်က ကစားရုံ အပြည့်အလျှံ။ ကျွန်တော်တို့ အထဲမှ နိုင်ငံရေးသမားဟောင်း စာရေးဆရာမှာ အာဆောင် အာရင်းသန်သန်ဖြင့် အဟောကောင်း။ သို့သော် ကလေးများ၏ ဆူသံကို



အသံက မတိုးနိုင်။ ကျွန်တော်က ရုံနောက်ဖက်မှ နားထောင်နေ၏။ စကားသံမကြားရ။ ပရိသတ်မှာလည်း မကြားရသဖြင့် အချင်းချင်း၊ စကားပြောကာ တဝေါဝေါ ဆူညံလာပြန်တော့သည်။

စာရေးဆရာများ ပြန်သွားသောအခါ သတင်းစာထဲတွင် ခမ်းနားသိုက်မြိုက်စည်ကား၍ ပရိသတ်လေးထောင်ကျော် တက်ရောက်သော စာဆိုတော်နေ့ အခမ်းအနား သဘင်အကြောင်း ဖတ်ကြရသည်။ စီစဉ်သူများအဖို့ ကြိုဆို ဧည့်ခံပြုစုရသဖြင့် ဖတ်ဖတ်မော ကျန်ရစ်ခဲ့သည်။ နှစ်သက်သူများက 'စာရေးဆရာမောင်ကကြီး ပြောတာ ရယ်ရသားပဲ' ဟု မှတ်ချက်ချလိုက်၏။ ကောင်လေးတစ်ယောက်က 'အရင်တစ်ခါ ဦးခကျွေး ပြောတာကမှ ဟားရတာကွ' ဟု ဆိုလိုက်၏။ အဲသည်လို ဆိုက နားထောင်သူရော၊ ပြောဟောသူရော အကျိုးရှိပါ့မလား။

နိုင်ငံရေးသမားအဖို့ကား ပရိသတ်များလေ ဝါဒဖြန့်အားကောင်းလေဖြစ်၏။ ကျွန်တော်တို့ ငယ်စဉ် ကျောင်းသားဘဝက ကျောင်းသားသမဂ္ဂလှုပ်ငန်းဖြင့် ဟောခဲ့ဖူး၏။ စစ်အပြီး၌ ကမ္ဘာ့ငြိမ်းချမ်းရေးကိစ္စဖြင့် ဟောခဲ့ဖူး၏။ ပရိသတ်များလျှင် ပြောအား ရှိသည်။ ပရိသတ်များလေ ဝါဒဖြန့်ချိရေးသည် ပို၍ ထိရောက်လေ။ သို့သော် စာရေးဆရာ တစ်ယောက်အဖို့ကား စာပေပရိသတ်နှင့် တွေ့ဆုံရလေ၊ သူ့အတွက်ကော၊ စာဖတ်ပရိသတ်အတွက်ပါ ကောင်းသည်ဟု ထင်မိပေသည်။ စာဖတ်ပရိသတ်က သူ့ကို ဝေဖန်လေ၊ သူ၏ စာများ ပို၍ တိုးတက်လာလေ မဟုတ်ပေလော။

(၂)

စာပေမွေ့သူ ကဗျာဆရာတစ်ယောက်က ကာရန်မဲ့ ကဗျာနှင့်ပတ်သက်၍ မေးသည်။ စာပေဆွေးနွေးပွဲများ ရောက်လေတိုင်း မေးကြသော မေးခွန်း။ ကျွန်တော်လည်း သည်အကြောင်းရေးခဲ့ဖူးပြီ။ အကျယ်တဝင့်တော့ မဟုတ်။

ပထမ 'ကာရန်မဲ့' ဟူသော စကားလုံးကို စိစစ်ကြည့်ရန် လိုပေသည်။ ကာရန်မဲ့ဟူသည် ကာရန် လုံးဝ မရှိသော ကာရန်ကင်းမဲ့သော ကဗျာဟူ၍ အဓိပ္ပာယ်ထွက်သည်။ 'ကာရန်မဲ့ကဗျာ' ဟု ခေါ်ဝေါ်ကြသည်ဆိုရာမှာ ကဗျာရေးသူများက သူတို့၏ ကဗျာများကို 'ကာရန်မဲ့

www.burmeseclassic.com

www.burmeseclassic.com



ကဗျာ’ ဟု သူတို့ ကိုယ်တိုင်က ခေါ်ဝေါ်ကြခြင်း မဟုတ်။ အခြားသူများက မကြိုက်သော လေသံဖြင့် ‘ကာရန်မဲ့ကဗျာ’ ဟု ခေါ်ကြခြင်းသာ ဖြစ်သည်။ ကာရန်မဲ့ ကဗျာဟု နာမည်အပေးခံရသော ကဗျာစုများကို ကြည့်လိုက်သောအခါ ကာရန်လုံးဝမဲ့သော ကဗျာများ မဟုတ်ကြသည်ကို တွေ့ရပေသည်။ ကာရန်ချိတ်မိသည်။ သို့သော်လေးလုံးစပ် လင်္ကာ အစဉ်အလာချိတ်ခြင်းမျိုးကား မဟုတ်။ လေးလုံးအညီ မဟုတ်တော့။ လုံးရေစနစ်မထား။ ၈– လုံး၊ ၉– လုံးအထိပင် ရှိချင် ရှိမည်။ ရှိချင်သည့် နေရာ ရှိသည်။ မိမိ၏ အတွေးအခေါ်အလိုက် အလုံးရေ အနည်းအများ ထားရှိသည်။ ယင်းသို့ မနှစ်သက်သူများက ကာရန်မဲ့ ကဗျာဟု ခေါ်သော ကဗျာ ပုံသဏ္ဌာန်မှာပင်လျှင် တူညီသော အကွက်အဆင်ပုံစံ မကျသေးသည်ကို တွေ့ရသည်။ ကာရန်စနစ်ဆောင်ထဲ၌ ရှိသည်။ သို့သော် ကာရန်ကို လွတ်လပ်စွာ သုံးထားသည်။ စာလုံးရေကို လွတ်လပ်စွာ ထားသည်။ ကာရန်လုံးဝ ကင်းမဲ့ခြင်းမျိုး မဟုတ်သဖြင့် သူတို့ကိုယ်တိုင်က သူတို့၏ ကဗျာများကို ‘ကာရန်မဲ့ကဗျာ’ ဟု ပုံသဏ္ဌာန်အမျိုးအမည်ကို မတပ်ခြင်းပေလား မသိပေ။ ကျွန်တော်ကမူ ယင်းကဗျာမျိုးကို ‘လွတ်လပ်လင်္ကာ’ ဟု ခေါ်ချင်သည်။

ဤကား ကာရန်မဲ့ကဗျာဟူသော ဝေါဟာရ၏ အဓိပ္ပာယ်နှင့် ယနေ့ လူငယ်များ နှစ်သက်စွာ ရေးသားနေကြသော ကာရန်မဲ့ကဗျာ မြင်ကွင်း ဖြစ်သည်။

လုံးဝ ကာရန်မမဲ့သော်လည်း ဘာကြောင့် ကာရန်မဲ့ဟု ခေါ်ချင်ကြသလဲ။ လေးသုံးနှစ် သုံးချက်ညီ လေးလုံးစပ် လင်္ကာ အစဉ်အလာစွဲလမ်းနေသူများအဖို့ကား ယင်းသို့ ကာရန်ကို လွတ်လပ်စွာ သုံးနေခြင်းကိုပင်လျှင် လက်မခံနိုင်ကြသဖြင့် ‘ကာရန်မဲ့ကဗျာ’ ဟု ခံစားနေကြခြင်း ဖြစ်ဟန်တူပေသည်။

ကျွန်တော့်အဖို့ကား လေးလုံးစပ် လင်္ကာ၏ သုံးချက်ညီ စည်းကမ်းကို စွန့်လွှတ်ခဲ့သည်မှာ ကြာပြီ။ သို့သော် မြန်မာကဗျာတွင် ကာရန်တော့ ပါရမည်။ ကာရန်သည် သီကုံးရာ၌ ဆက်စပ်ပေးသည့် အသံမျှင်တစ်မျှင်။ ကာရန်ကို လွတ်လပ်စွာ သုံး၊ ခံစားမှု စိတ်စေရာ အတိုင်း ကာရန်ကို ယူနိုင်သည်။ စာလုံးရေကိုလည်း လေးလုံးဟူ၍ ပုံသေ မကန့်သတ်ချင်။ အတွေးအခေါ်အတိုင်း လွတ်လပ်စွာ ယူနိုင်သည်။ ကျွန်တော်



လည်း ယနေ့ ဤအတိုင်း ရေးစပ်နေသည်။ အဲသည်တုန်းကတော့ သုံးချက်ညီ။ သို့သော် ကျွန်တော် လွန်ခဲ့သော အနှစ် ၄၀က ငယ်ငယ်က ရေးဖွဲ့ခဲ့သော ကဗျာပုံသဏ္ဌာန်နှင့်ကား မတူတော့ပြီ။ အဲ လွန်ခဲ့သော ၁၀ နှစ်ကနှင့်ပင် မတူတော့ပြီလေ။ စာပေမွေ့သူ တချို့က ၁ နှစ် ၂ နှစ် ကွာလာပြီဟု ပြောကြသည်။ ကျွန်တော်တော့ မပြောတတ်တော့ပြီ။

ထိုသူက ဆက်လက်၍ ယနေ့ခေတ်၌ တကယ် ကာရန် မပါသော ကာရန်မဲ့ ကဗျာများ မရှိနိုင်ပြီလောဟု မေးသည်။

ကျွန်တော်ကား ယနေ့အထိ ကာရန် မပါသော ကဗျာတစ်ပုဒ် တလေမျှ တွေ့ရှိ စွဲလမ်းခြင်း မရှိခဲ့သေး။ စာဖတ်သူ အများက ကာရန် မပါဘဲ ကဗျာရေး၍ ရပါကလားဟု ကာရန်မဲ့ စနစ်သစ် တစ်ခုကို သိမြင်လောက်အောင် မရှိသေးဟု ထင်မြင်မိပေသည်။ စမ်းသပ်ရေးဖွဲ့သူများ ရှိကောင်း ရှိမည်။ သို့သော် ရပ်တည်ခြင်း မရှိသေး။

သူက ကာရန်မဲ့ဟု ဆိုသော ကဗျာတစ်ပုဒ်ကို ရွတ်ပြသည်။ ကျောက်ပုံနှိပ်ဖြင့် ရိုက်ကူးထားသော ကဗျာစုထဲမှ တစ်ပုဒ် ဖြစ်သည်။ ကျောက်ပုံနှိပ်ဖြစ်၍ ကျယ်ပြန့်မည် မဟုတ်ပေ။ ထား။ သူ ရွတ်ဖတ်ပြီးသောအခါ ကျွန်တော်က တစ်ကြောင်းနှင့် တစ်ကြောင်း သို့မဟုတ် တစ်ပါဒနှင့် တစ်ပါဒ ကာရန် ချိတ်ထားသည်များကို ထောက်ပြလိုက်သည်။ သုံးချက်ညီတော့ မဟုတ်။ အစဉ်အလာ ကာရန်စနစ်ကား မဟုတ်။ အဲသည်တော့မှ သူကလည်း သူကိုယ်တိုင် သတိမထားမိသော ကာရန်စနစ်ကို တွေ့မြင်သွား၍ ပြုံးနေ၏။ ဟုတ်တယ် မဟုတ်လား၊ ကာရန်မိတယ် မဟုတ်လား။ ကာရန်စနစ်ဖြင့် ကြီးပြင်းလာသော သူ၏ ‘မသိစိတ်’ ထဲ၌ ကာရန် ဝိညာဉ်လေး ကိန်းအောင်းနေသည်ကို ရေးသူကိုယ်တိုင် မသိ။ သို့သော်အစဉ်အလာ ကာရန်ပုံစံကိုကား စွဲထားရန် မလို။ ကာရန်စနစ်သစ်ကို ဖန်တီး တီထွင်ရပေမည်။ ကာရန်၏ စေခိုင်းရာ ကဗျာအတွေးကို သွားရန် မဟုတ်။ ကဗျာဆရာက ကာရန်ကို စေခိုင်းရမည်သာ ဖြစ်၏။ ကာရန်ကို စေခိုင်းနိုင်သူသာလျှင် ကဗျာဆရာ ဖြစ်၍ ကာရန်ခိုင်းရာ ခံသူမှာ ကာရန်ဆရာသာ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်ပင်လျှင် ကျွန်တော်တို့သည် လွန်ခဲ့သော ၁၅ နှစ်ခန့်ကတည်းက လင်္ကာနှင့် ကဗျာကို ခွဲခြားခဲ့သည်။ ကဗျာ၌ ကာရန်က အရေးမကြီး၊ ကဗျာ စိတ်ကူးအင်အားနှင့် အဘိဓမ္မာက ပို၍ အရေးကြီးသည်ဟု ရေးသားခဲ့ခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာကဗျာတွင် 'ရစ်သမ်' (Rhythm) ကို သုံး၍ မရပါသလောဟု မေးလိုက်ပြန်သည်။ သူက အင်္ဂလိပ်အသံထွက်ဖြင့်ပင် မေးသည်။

ကျွန်တော်က ယင်း 'ရစ်သမ်' ဟူသော စကားလုံးကို ဘာသာပြန်သုံးခဲ့သည်မှာ ကြာပြီ။ အနှစ်အစိတ်ခန့်ပင် ရှိပေလိမ့်မည်။ တာရာမဂ္ဂဇင်း ထုတ်ဝေစဉ်ကတည်းက။ ထိုအခါက ဂီတအကြောင်း ရှင်းလင်းဖော်ပြရာတွင် သုံးခြင်း ဖြစ်သည်။ ကာရန်လှိုင်း၊ အသံလှိုင်း စသည်ဖြင့် သုံးဖူးသည်။ ကဗျာအကြောင်း ရေးရာတွင် မဟုတ်။ ပန်းချီအကဲဖြတ်စာများတွင်လည်း တစ်ခါတစ်ရံ သုံး၏။ အင်္ဂလိပ်ဘာသာဖြင့်ကား အနုပညာနယ်ပယ်တွင် အရေးကြီးသော ဝေါဟာရ ဖြစ်၏။ အက၊ ကဗျာ၊ ဂီတ၊ ပန်းချီတို့တွင် သုံးသော ဝေါဟာရ ဖြစ်သည်။ နောက်ဆုံး ကျွန်တော်သုံးသည်က 'အသံစီးဆင်းပုံ စနစ်' ဟူ၍ ဖြစ်သည်။ 'အသံ စီးဆင်းဖွဲ့စည်းမှု' ကိုလည်း သုံးဖူးသည်။ သင်္ကေရိုက်၌ 'လယ' ဟု ခေါ်သည်။ လှိုင်းဟု ရုပ်ပုံ တင်စား၍ သုံးသည်မှာ အခြားကြောင့် မဟုတ်။ အနိမ့်အမြင့်သဘောကို ထင်ရှားစေလို၍ ဖြစ်သည်။ အကနှင့် ပန်းချီတွင် လှိုင်းဟု သုံးလျှင် ဆီလျော်ပြီး ကဗျာတွင်ကား ဆီလျော်မည် မဟုတ်ဟူ၍ အသံစီးဆင်းပုံ စနစ်ဟု ပြင်၍ သုံးခြင်း ဖြစ်သည်။ 'ရစ်သမ်' ဟူသော စကားမှာ လက်တင်မှ ယူသည် ဖြစ်ရာ၊ စကားရင်းအဓိပ္ပာယ်မှာ စီးဆင်းခြင်းဟူ၏။ ဝေါဟာရများ အတည်ဖြစ်ရန် အချိန်စောင့်ကြရပေသည်။ အမျိုးသား လွတ်လပ်ရေးရခါစ၊ ဖွံ့ဖြိုးစ နိုင်ငံများအဖို့၊ စီးပွားရေး၊ ယဉ်ကျေးမှု နယ်ပယ်မှ ကျယ်ပြန့်လူးလွန့်လာသောအခါ ဝေါဟာရ အသစ်များ ဖြစ်ပေါ်လာတတ်ကြသည်မှာ ဓမ္မတာပင် ဖြစ်ပေသည်။

မြန်မာစကား၌ အသံစီးဆင်းမှု ရှိသလား။ ရှိပေသည်။ အသံရှိလျှင် စီးဆင်းမှု သဘောရှိရမည်သာ။ အတိုအရှည်၊ အနိမ့်အမြင့်တို့သည် အသံစီးဆင်းမှုပင် ဖြစ်ပေသည်။ မြန်မာနှင့် မတူသော၊ အင်ဒိုဥရောပစကား အုပ်စုဖြစ်သော အနောက်နိုင်ငံ ဂရိ၊ လက်တင်၊ အိန္ဒိယ သင်္ကေရိုက်မှ သက်ဆင်းရာ ဘာသာစကားများ၌ကား၊ ကဗျာဖွဲ့ရာ အသံအနိမ့်အမြင့် သဘောကို ယူ၍ ဖွဲ့စည်းပေးသည်။ မြန်မာကဗျာ၌ကား အထူးသဖြင့် တေးထပ်နှင့် ဘောလယ်တို့၊ လေးချိုးတို့တွင် ကာရန်သာမက ကာရန်နှင့် အတူ အသံအနိမ့်အမြင့် သဘောကိုပါ ပုံစံချ၍ ဖွဲ့ဆိုကြရသည်ကို တွေ့ရှိရသည်။ တေးထပ်တွင် ကာရန်မိရုံနှင့် မရ။ အသံအနိမ့်အမြင့်သဘော၊



သရကာရန် သဘောပါမှရပေသည်။ ဘောလယ်နှင့် လေးချိုးကား သူ့လောက် စည်းကမ်းမကြီး။ အနောက်နိုင်ငံက ကဗျာ စည်းကမ်းမှ 'မီတာ' သဘောနှင့် နီးစပ်သည်။ အနောက်နိုင်ငံ ကဗျာမှုတွင်ကား ဗဟုဝဏ္ဏခေါ် အသံတစ်လုံးထက်မကသော အသံစုံ စကားလုံးဖြစ်၍ အသံ အတိုအရှည်ကို တိုင်းထွာ၍ မီတာစနစ် (ဝါ) တိုင်းထွာသောပုံစံစနစ် ရှိပေသည်။ မြန်မာကဗျာပုံစံနှင့် မတူပေ။ ကာရန်တွင်လည်း မြန်မာအသံ တစ်ခုစီ ညီလျှင် ကာရန်ညီသည်ဟု သတ်မှတ်ထားပေသည်။ အင်္ဂလိပ်ကဗျာတွင်ကား အသံစုံအားလုံးညီမှ ကာရန် ညီပေသည်။ (ခေတ်သစ် ကဗျာတွင်ကား တစ်ဝက်ကာရန် စနစ်၊ အသံစီးဆင်းမှု စနစ်များဖြင့် စပ်ဟပ်လာကြပေပြီ။)

မြန်မာကဗျာတွင် အသံစီးဆင်းပုံစနစ် မည်သို့ သုံးကြမည်လဲ။ ရစ်သမ်နှစ်သက်သူများ စမ်းသပ်ကြည့်ကြရန် လိုပေသည်။

မဲဇာတောင်ခြေ
စီးပြာပြာတည့်
တောင်ပေါ်နှင်းဖုံး

ကျွန်တော်က ချက်ချင်း လေးသုံးနှစ်ပုံစံသဘောကို ယူကာ ဥပမာ ထုတ်၍ အသံစီးဆင်းပုံတူညီသော အဖွဲ့ကို ထုတ်ပြလိုက်ခြင်းမျှသာ ဖြစ်သည်။ ခြေ၊ ပြာ၊ ပေါ်တို့သည် ကာရန်မညီ။ သို့သော် အသံစီးဆင်းပုံကား ညီသည်။ အသံရှည်ချင်း ကိုက်ညီသည်။

ယင်းအသံစီးဆင်းပုံ စနစ် သဘောမျိုးကို မြန်မာကဗျာတွင် သုံး၍ ရ မရကား ကဗျာဆရာ၏ လက်ထဲတွင် ရှိသည်။ ကဗျာဆရာသည် တီထွင်ဆန်းသစ်သူ ဖြစ်သည်။ ကာရန်နှင့် အသံကို စေခိုင်းသူ ဖြစ်သည်။ ယင်းစနစ် တည် မတည်ကား၊ ကဗျာဆရာ တစ်ယောက်တည်းနှင့် မဆိုင်။ ကဗျာဖတ်သူ စာဖတ်ပရိသတ်နှင့် ဆိုင်သည်။ စာဖတ်ပရိသတ်က လက်ခံသော စနစ်သည် အတည်ဖြစ်သွားရမည်သာ ဖြစ်သည် မဟုတ်လား။ အရာရာကို ပြည်သူကသာလျှင် ဆုံးဖြတ်သည် မဟုတ်ပါလား။

တစ်ယောက်က ကြားဖြတ်၍ ကျွန်တော်၏ 'ဒို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ' ဝတ္ထုအကြောင်း မေး၏။ အားလုံး ၃ ပိုင်း။ အမျိုးသား လွတ်လပ်ရေးကြိုးပမ်းမှု အဖွဲ့မှာ ပထမပိုင်း ဖြစ်သည်။ ၁၉၄၈၊ မတ်လ ၂၈ ရက်၊ လင်းအရုဏ်တွင် အခုံးသတ်မည်။ ဒီမိုကရေစီရေး လှုပ်ရှားမှု

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့မှာ ဒုတိယပိုင်း ဖြစ်မည်။ ၁၉၄၈ မှ ၁၉၆၃ နိဝင်ဘာလ ၁၈ အထိ။ ယခုအထိမှာ ပထမပိုင်း၏ သုံးပုံတစ်ပုံမျှလောက်သာ ရောက်သေးကြောင်း ပြောပြရသည်။ အားလုံး တတိယတွဲထိ ထားမည်။ ယင်းဝတ္ထုမှာ သမိုင်းခေတ်များကို ဖြတ်သန်းထားပြီး ဇာတ်ကောင် အဖွဲ့ဝတ္ထု ဖြစ်သည်။ ဇာတ်ကောင်များမှာ ယခုမှ အာရုံခံစားမှု အဆင့်မျှသာ ရောက်သေးသည်။ အာရုံခံစားမှုမှ ဘဝအတွေ့အကြုံ၊ အယူအဆသိ အထိ အဆင့်ဆင့် ကြီးပြင်းလာပုံကို ဖွဲ့ရမည် ဖြစ်ပေသည်။ ဝတ္ထုမှာ ယခုမှ အစရှိသေးသည်။ မျိုးဆက်သုံးဆက်ခေတ်များကို ဖွဲ့ရန် ရည်ရွယ်ထားပေသည်။ ပထမမျိုးဆက်၏ ပထမအရွယ် စရုံမျှသာ ရှိသေးသည်။

'အရှည်ကြီးပေါ့' ဟု တစ်ယောက်က ဆိုလိုက်သည်။

'ဟုတ်တယ် ပထမပိုင်း ပြီးရင်တော့ ခဏနားထားအုံးမယ်'

ထို့နောက် ကဗျာအကြောင်း ရောက်သွားပြန်သည်။ သူတို့သည် ကဗျာကို ပို၍ မွေ့သူများ ဖြစ်ကြသည်။

ဆီးသီးနံ့သင်းပျံ့လာ၏။ ပေါင်းလောင်းမြစ် ရေစီးသံသည် ကဗျာရွတ်သံကို စည်းလိုက်ပေးနေ၏။ ရှမ်းတောင်တန်းကြီးများသည် ပြာမှိုင်းရီဝေနေ၏။ ပေါင်းလောင်းမြစ်ရေသည် စစ်တောင်းသို့ စီးဝင်ကာ၊ ထို့နောက် မုတ္တမပင်လယ်ကွေ့သို့ သက်ဆင်းသွားပေလိမ့်မည်။ စီးဆင်းရာ နေရာဒေသ တစ်လျှောက် နာမည်များ ပေးကြပေမည်။ ရှမ်းပြည်နယ်မှ စီးဆင်းလျှင် ရှမ်းစကားဖြင့် ခေါ်၍ မွန်ပြည်နယ်မှ စီးဆင်းလျှင် မွန်စကားဖြင့် ခေါ်ကြပေမည်။ ရေအယဉ်ကား သည်ရေအယဉ်သာ။ မြန်မာကဗျာအယဉ်သည်လည်း ခေတ်များကို ဖြတ်ကျော်ကာ အကွေ့အကောက် အလိုက် ပြောင်းလဲသွားရမည်သာ ဖြစ်သည် မဟုတ်လား။

ပေါင်းလောင်းမြစ်ပေါ်မှ ကဗျာရွတ်ဖတ်သံသည် ပေါ်လာပြန်သည်။

[ရှုမဝရုပ်စုံမဂ္ဂဇင်း၊ မေ၊ ၁၉၇၅]

## ဖြတ်သန်းရာ စာပေဝိုင်းများ

### (က)

စာပေ ဆိုသည်ကတော့ ခေတ်အဆက်ဆက် ရှိနေခဲ့ကြသည်။ ကျွန်တော်တို့ ငယ်စဉ် ကျောင်းသားဘဝကတည်းကပင် စာပေဝိုင်းများက ရှိကြသည်သာ။ စာပေဝိုင်း ဖွဲ့စည်းပုံကတော့ တစ်ခေတ်နှင့် တစ်ခေတ် မတူကြ။ စစ်မဖြစ်မီခေတ် ကျောင်းသားဘဝကတည်းကပင် ရှိခဲ့သည်။ ၁၀ တန်း ကျောင်းသားဘဝကတည်းက ဆိုပါတော့။ ထိုအခါက ကျွန်တော်တို့မှာ ငယ်ကြသေးသည်။ ဆယ်ကျော်သက်အရွယ်။ စုဝေးရာ နေရာကတော့ ယနေ့ခေတ်ကကဲ့သို့ ၃၃ လမ်း လေထန်ကုန်း လက်ဖက် ရည်ဆိုင် မဟုတ်။ ကျွန်တော်တို့ ငယ်စဉ်က လက်ဖက်ရည်ဆိုင် သိပ်မထိုင်တတ်သေး။ ကျွန်တော် ၈ တန်းကတည်းက အတူနေခဲ့သော အတန်းသားကြီးများ စိန်ဝင်း၊ ဘခက်၊ လှဖေ။ ထိုအခါကတော့ ရွယ်တူ 'ကို' တပ်မခေါ်ကြ။ မင်းနှင့် ငါပြောကြ၊ တိုင်းကြ ထွာကြ၊ ဆဲမနာ ဆိုမနာ၊ အခုနေ ရေးရင်တော့ 'ကို' တပ်ခေါ်မှ ဖြစ်မည်။ အားလုံးလည်း မရှိကြတော့ပြီ။ စာကိုတော့ အကုန်ဝါသနာပါကြသည်။ စာဖတ်တာချင်း တူသည်၊ ဝတ္ထု၊ ကဗျာများ ဖတ်ကြသည်။ တခြားကျောင်းသားများနှင့်ကား ဝတ္ထု ကဗျာ စာပေအကြောင်း သိပ်ပြော၍ မရ။ ကျွန်တော်နှင့်အတူနေသူ ဘညွန့် (မောင်စည်သူ) လည်း ပါသည်။ သူ့ကား စာပေဝါသနာပါသည်။ ကျွန်တော့်ထက်ပင် စော၍ စာရေးနေသည်။ ပို့တော့ မပို့ဖြစ်။ ကိုစိန်ဝင်းက ပန်းချီဝါသနာပါသည်။ ကျွန်တော်ကလည်း ပန်းချီဝါသနာပါသည်။ ရေးနေရင်း နှစ်ယောက်စကားပြောဖြစ်ကြသည်။ အတွဲ ဖြစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုလှဖေကတော့ စာဝါသနာပါသည်။ ရှမ်းပြည်နယ် သီပေါမှ ထုတ်ဝေသော ရတနာသီဟ ဂျာနယ်တွင် သူ၏ ဝတ္ထုများ ပါလာပေသည်။ ကိုဘခက်က ရေးတော့ ရေးသည်။ ကျွန်တော်တို့ကို ပြသည်။ ဘယ်ကိုမျှတော့ မပို့။ အားလုံးသူတို့ မရှိကြတော့ပြီ။

ပန်းချီ ကိုစိန်ဝင်းမှာ ဗိုလ်ကလေးတင့်အောင်၏ ဦးလေးလား မသိ တော်သည်။ ကိုဘခက်၊ ကိုစိန်ဝင်းတို့က အတီးအမှုတ် ဝါသနာပါကြသည်။ မယ်ဒိုလင်နည်းနည်းပါးပါး တီးသည်။ ကျွန်တော်ကလည်း ထိုအခါ မယ်ဒိုလင် တီးခတ်နေသော ကာလ။ ဗိုလ်ကလေးတင့်အောင်ကတော့ ကျွန်တော်နှင့် ကြာကြာမထိတွေ့လိုက်ရ။ မောင်ကိုကိုကျတော့ ဂျပန်ခေတ်ကျမှ တွေ့ရသည်။ ထိုအခါ ကျွန်တော့်အိမ်လာလည်ရင်း ကျွန်တော့်အိမ်ရှိ အကော်ဒီယံကို တီးကြည့်သည်။ သည်တစ်ခါပဲ တွေ့ဖူးတယ်ဟု သူ ပြောသော စကားကို မှတ်မိနေသည်။ ထိုအခါက သူ ပတ္တလား အတီးများသည်။ ကျွန်တော်က စန္ဒရားတီးနေသည်။ သို့သော် ကျွန်တော်က ဟိုစပ်စပ် သည်စပ်စပ်ဖြင့် သိပ်မဖြစ်မြောက်သေး။

ကိုစိန်ဝင်းကတော့ ပန်းချီဘက်တွင် ဖြစ်မြောက်သွားသည်။ ကျွန်တော်တို့ ၁၀ တန်းတွင် ထုတ်ဝေသော နေမင်းရောင် ကျောင်းလက်ရေး စာစောင်တွင် အယ်ဒီတာ။ ကျွန်တော် ၁၀ တန်းဖြေမည့်နှစ်ဖြစ်၍ ဆရာကြီးက ကျွန်တော့်ကို ယင်းလက်ရေး စာစောင် မဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် မခန့်ရဟု ပြောသည်။ သို့သော် ကျွန်တော်သည် လက်ရေးစာစောင်တွင် မဲဇာတောင်ခြေ ဘောလယ်ကဗျာကို ခေါင်းစီး ပန်းချီရေဆေးနှင့် ဆွဲ၍ ရေးထည့်ဖူးသည်။

ကိုလှဖေက နေမင်းရောင် လက်ရေးစာစောင်တွင် ပထမစာတည်းဟု တပ်သည်။ ထိုအတွင်း ကျွန်တော်သည် ကိုသိန်းမောင် (သုခ)၊ ကိုတင်မြင့် (သခ်ါ) တို့နှင့် တွေ့ရသည်။ သူတို့က ကျွန်တော့်ထက် (၁၀) နှစ်ခန့် ကြီးသည်။ အမှန်အားဖြင့် ကျွန်တော်ထက် အသက်ကြီးသော အပေါင်းအသင်းထဲမှာ သူတို့နှစ်ယောက်သာ ဖြစ်သည်။ သူတို့က စာရေးဆရာဖြစ်၍သာ ကျွန်တော်နှင့် ဆက်ဆံပေါင်းသင်းခြင်းဖြစ်မည်။ ရွယ်တူချင်းသာ ပေါင်းသင်းမည် ဖြစ်သည်။

ကိုသုခက ရွှင်ပျော်ပျော် စာအုပ်တိုက်တွင် မိန်းမသားဟူသော ဝတ္ထုစတင်ထွက်စ။ ကိုသခ်ါကတော့ နာမည်ရှိနေပြီ။ သူတို့နှင့် ဝတ္ထုကဗျာ



စာပေအကြောင်း ပြောဖြစ်ကြသည်။ သူတို့ကတော့ ကျွန်တော့်ကို မင်းနှင့် ငါပြောသည်။ ကျွန်တော့်ထက် အသက်ကြီးပေတာကိုး။ ယခုကြီးလာ၍ တွေ့ရသောအခါ သူတို့က ပြောင်း၍ ကိုဌေးမြိုင်ဟု ခေါ်ကြသည်။ ငယ်စဉ်ကတော့ မောင်ဌေးမြိုင်။ သူတို့က ကျိုက်လတ်သားများ ဖြစ်ကြသည်။ ကိုသခ်ါက မိကျောင်းအိုင်ရွာကဟု သိရသည်။ သူက ရွာမှ ထွက်ခွာသွားသည်မှာ ကြာပြီ။

ကိုသုခကတော့ သဘင်ဇာကလေး၊ ဂီတဇာကလေး ငယ်စဉ်ကတည်းက ရှိခဲ့သည်။ ဒါကြောင့် သူနှင့် ဂီတအကြောင်း ပြောဖြစ်သည်။

ထိုအခါက သဘော်ဆိပ်နားတွင် ဖွင့်သော စာအုပ်ဆိုင်နားသို့ သွား၍ ဆုံနေကျ။ ကိုသခ်ါက လက်ဖက်ရည်မသောက်၊ စီးကရက်မသောက်။ နိုင်ငံခြားဖြစ် ရှောင်သူ။ အင်္ကျီပင်နီဖျင်ကြမ်းဝတ်သူ။ စာပေလောကအကြောင်း ပြောသောအခါ ကျွန်တော်က ငေး၍ နားထောင်ရသည်။ လွမ်းမောခဲ့ရသည်ကော။

၁၉၃၈ တွင် ကျွန်တော် ရန်ကုန် တက္ကသိုလ်သို့ ရောက်နေပြီ။ ထိုအခါက ယူနီဗာစိတီကောလိပ်ဟု သုံးနှုန်းခေါ်ဝေါ်လေ့ရှိကြသည်။ ကျောင်းတွင်တော့ စာပေအပေါင်းအသင်း၊ သမဂ္ဂအပေါင်းအသင်း ၂ မျိုး ကွဲသွားသည်။ စာပေအပေါင်းအသင်းများ၏ စုရပ်က ယခု လှည်းတန်းဟု ခေါ်သော နေရာ ဖြစ်သည်။ ဘူးသီးကြော်ဆိုင်များ ရှိသည်။ ယခု နိုင်ငံခြားဘာသာ သိပ္ပံရှေ့ဘက်နေရာ ဂရင်းဘတ်ခေါ် စိမ်းသော ကမ်းစပ်တွင်လည်း ဘူးသီးကြော်ဆိုင်များ ဖွင့်ကြသည်။ ညနေဘက်တွင် ဘူးသီးကြော်၊ အာလူးကြော်၊ ငါးခူကြော်စသည်များ ရောင်းကြသည်။ လက်ဖက်ရည်ကြမ်း သောက်ရသည်။ အင်းယားကန်ဆားနှင့် ထိုနေရာများကား စာပေသမားများ စုဝေးရာ နေရာ။

သမဂ္ဂ မိတ်ဆွေများက သမဂ္ဂပျော်ပွဲစားရုံတွင် ဆုံကြသည်။ ဘူးသီးကြော်ဆိုင်သို့ သိပ်မသွား။ စာပေဝိုင်းက သိပ်များများစားစား ရှိသည်မဟုတ်။ ကိုတက်တိုး၊ မန်းတင်၊ တက္ကသိုလ်ထင်ကြီး၊ သိန်းထွဋ် (တိုက်စိုး)၊ ညိုမြတို့ ဖြစ်ကြသည်။ ကိုတက်တိုး၊ တိုက်စိုးတို့နှင့်ကား ရင်းနှီးသည်။ တွေ့လျှင် မိမိတို့ရေးသားသည့် ဝတ္ထုများ၊ ဖတ်သည့်စာများ (အနောက်နိုင်ငံဝတ္ထုကဗျာများ) အကြောင်း ပြောကြသည်။ စကားဝိုင်း ဖြစ်သည်ဆိုသည်မှာလည်း ငြင်းခုန်ဆွေးနွေး ပြောဆိုနိုင်သော

www.burmeseclassic.com

www.burmeseclassic.com



ဘာသာရပ် တူညီသောကြောင့် ဖြစ်သည်။ စာအုပ်များ ဖတ်ပြီးလျှင် မိမိ ဖတ်သည့် စာအုပ်ကို ကြားကြသည့်သဘော။ အငြင်းအခုံလုပ်ကြသည်။ ကျွန်တော်တို့ စုဝေးရာကို ကမာရွတ်ဟု ခေါ်ကြသည်။ လှည်းတန်းဟု အခေါ်အဝေါ် မရှိ။ ထိုနေရာမှာလည်း သစ်ပင်ကြီးများနှင့် မှိုင်းညိုနေသော တောတန်းရွာကလေး၊ စမ်းချောင်းကလေးပင် အနီးအနား၌ ရှိသည်။ ရေစီးသံကြားရသည်။ ယခုမြင်ကွင်းနှင့် တခြားစီ။ လမ်း လုံးဝ မရှိ။ လမ်းဘေး မြက်ခင်းပေါ်တွင် ဘူးသီးကြော်ဆိုင်များ ဖွင့်ကြသည်။ ဆိုင်ကတော့ ညနေဘက် လှုစည်သည်။ ဘူးသီးကြော်ချပေးသော ကောင်မလေးများကလည်း ရှိသည်။ ဆံတောက်နှင့် ကောင်မလေးများ။ စီးကရက် ကွမ်းယာတို့လည်း ရောင်းသည်နှင့် တူသည်။ ကျွန်တော်က မသောက်၍ ကောင်းကောင်း မမှတ်မိ။

ထိုအခါကတော့ ကျွန်တော်တို့ စာပေဘဝများသည် ပီပီသသ မဖြစ်ကြ။ ကိုသန်းထွဋ်ဆိုလျှင် စာပင် မရေးသေး။ ကျွန်တော်တို့ စာပေ ဝိုင်းတွင် အကြီးဆုံးက ကိုတက်တိုး။ သူက မင်းနှင့် ငါနှင့် အားလုံးကို ပြောသည်။ ကျွန်တော်တို့ထက် ၆ နှစ် ၇ နှစ်ခန့် ကြီးသည်။ အသက်ချင်း ကတော့ မတူကြ။ စိတ်ဝင်စားမှုကလည်း မတူကြ။ အကြိုက်တူသည်များ လည်း ရှိသည်။ ကျွန်တော်က အဲလ်ဒတ်စ်ဟတ်စလေ (Aldous Huxley) ကို ကြိုက်သည်။ ကျွန်တော်နှင့် အကြိုက်တူသူကတော့ ကိုသန်းထွဋ်။ တစ်နေ့ကပင် ကျွန်တော် သူနှင့် တွေ့ရာ ဟတ်စလေ၏ ဝတ္ထုအကြောင်း စကား စပ်မိရင်းက ကျွန်တော်လည်း ဖတ်ပြီးပြီဖြစ်သော (မိနော်ဒွါရ) အကြောင်း စကားစပ်မိကြသည်။ စစ်ပြီးခေတ်ရောက်သောအခါ ဟတ်စလေ ဖတ်သော သူများနှင့် မတွေ့သလောက်ပင်။ စစ်ပြီးခေတ်တွင် (သံအမတ်ဟောင်း) နှင့်တော့ ဟတ်စလေအကြောင်း ပြောဖြစ်ကြသည်။ ပြောစရာ အဖော် သိပ်မရှိ။ သမဂ္ဂလုပ်ဖော်ကိုင်ဖက်များတွင် စာပေ မွေ့သူများ ရှိကြသည်။ ကိုဘဟိန်းနှင့် တွေ့ရသည်။ သူက စာသမား။ ထို့ကြောင့် ပို၍ ခင်မင် ရင်းနှီးသွားခြင်း ဖြစ်သည်။ သူက ဝတ္ထုလည်း ရေးသည်။ ကဗျာတော့ မဖွဲ့။ သူက သီချင်းကြီးလည်း ကြိုက်သည်။ သူကတော့ မတီး။ စည်းတော့ လိုက်ပေးသည်။ ကိုဘဆွေလည်း စာပေ မွေ့သူတစ်ယောက်။ သူနှင့်လည်း စာအကြောင်းပြောဖြစ်ကြသည်။ သူက အရေးတော့ မထန်။ နည်းနည်းပါးပါး ရေးသည်။ 'မေ' ဝတ္ထုသည်ပင်လျှင်



သူ့ကြောင့် စာစော ထုတ်ဝေသွားခြင်း ဖြစ်သည်။ သူ့ တိုက်တွန်းမှု ကြောင့်။

ကိုဘကလေး။ သူက တက္ကသိုလ် သမဂ္ဂတွင် တစ်နှစ်တည်း ဆောင်ရွက်ဖူးသည်။ သူ့ကလောင်အမည်က တက္ကသိုလ်မောင်တင့်တယ်။ ဝတ္ထု ရေးတော့ ခပ်နွဲ့နွဲ့ပင်။ ကျွန်တော် အိုးဝေမဂ္ဂဇင်း အယ်ဒီတာ လုပ်သည့်နှစ်က သမဂ္ဂအတွင်းရေးမှူး။ 'ဘာလဲဟဲ့ ဖက်ဆစ်' ဟူသော စာအုပ် ထုတ်ဝေဖူးသူ။ တက္ကသိုလ်မောင်တင့်တယ်အမည်ဖြင့် အိုးဝေ မဂ္ဂဇင်းတွင် ဝတ္ထု ရေးသည်။ ဖဆပလခေတ်တွင် ကုန်သွယ်ရေးမင်းကြီး အဖြစ် ဆောင်ရွက်သည်။ သူနှင့်တော့ အဆက်ပြတ်သွားသည်။

ဘဝဆိုသည်က အခက်သား။ သူ့ပတ်ဝန်းကျင်နှင့်သူ ဖြစ်ထွန်း သွားတတ်သည်လား မသိ။ သမဂ္ဂ အမှုဆောင်ထဲမှ အခြားတစ်ယောက် က ကိုတင်အောင် (ဟိန်း)။ သူလည်း စာပေမွေ့သူ။ ကျွန်တော်လုပ်သည့် အိုးဝေမဂ္ဂဇင်းတွင် သူ၏ 'သစ်ရွက်ကြွေတော့'ဟူသော စာညွှန့်ကလေး ကို ထည့်သွင်းဖူးသည်။ ထို့နောက် ဆက်ရေးဟန် မတူ။ သည်ဘက်ခေတ် တွင် ကလောင်အမည်နှင့် ရေးသည်ဟု ကြားမိသည်။ ကျွန်တော် မဖတ်မိ။ စာအဖွဲ့တော့ ဟုတ်မည်မထင်။ အခြားတစ်ယောက်ကတော့ တက္ကသိုလ် မောင်သိန်းနွယ်။ သူ့ကလောင်နာမည် ဖြစ်သည်။ ဝတ္ထုတိုလေးများ ရေး သည်။ စစ်ပြီးခေတ်တွင်တော့ ဗိုလ်မှူးကြီး သိန်းမောင် ဖြစ်သွားသည်။ ကျွန်တော်နှင့် မတွေ့တော့။

အင်္ဂလိပ်ဘာသာဖြင့် ရေးသူကတော့ ကိုမြစိန်။ ထိုအခါ သူသည် မြန်မာလိုပင် မရေး။ အင်္ဂလိပ်ဘာသာဖြင့် ဝတ္ထုတိုလေးများ၊ ကဗျာများ ရေးသည်။ စစ်ပြီးခေတ်တွင်လည်း သူ ဆက်ရေးသည်။ စစ်ပြီးခေတ်တွင် တော့ ကျွန်တော် ထုတ်ဝေသော တာရာမဂ္ဂဇင်းတွင် ဝတ္ထုတိုလေး ၃ ပုဒ်လောက် ရေးသည်။ ကျွန်တော်ကြိုက်သည့် ဝတ္ထုတိုလေးများ ဖြစ်သည်။ သူက သံတမန် ဖြစ်သွားပြီး အဆက်အသွယ်ပြတ်သွားသည်။ သို့သော် ရန်ကုန်ရောက်တိုင်း ကျွန်တော်နှင့် တွေ့ဖြစ်ကြသည်။

မင်းသုဝဏ်နှင့်ကား ၁၃၀၀ ပြည့်အရေးတော်ပုံပြီးမှ စတင် တွေ့ဖူးသည်။ ကျွန်တော် ကျောင်းရောက်စက ဆရာသည် အင်္ဂလန်သို့ သွားရောက်ပညာသင်ကြားနေ၍ မတွေ့ဖြစ်။ နောက်တော့ သူ့အတန်း တွင်ပင် တက်ခဲ့ရသည်။ ပုဂံလမ်းထိပ်ရှိ သူ့အိမ်သွားမှသာ ဆရာနှင့်

www.burmeseclassic.com

www.burmeseclassic.com



စာပေအကြောင်း ပြောဖြစ်ကြသည်။

ဆရာခင်ဇော် (ကေ) အမည်ဖြင့် အင်္ဂလိပ်လို ရေးသူနှင့်ကား သိရုံမျှသာ။ သူတို့က ကျွန်တော့်ထက် အသက်များစွာ ကြီးသည်။ ဆရာဇော်ဂျီနှင့်ကား သိပင် မသိခဲ့သေး။ ကျွန်တော် ကျောင်းရောက်သည့်နှစ်က ဆရာ ပညာတော်သင်အဖြစ် သွားသည်။ ပြန်လာသောအခါလည်း စာကြည့်တိုက်တွင် လုပ်နေ၍ ကျွန်တော်နှင့် မတွေ့။ အခြား ခေတ်စမ်းဆရာများ ဖြစ်သော ဆရာ ဦးတိုးအောင် (ကုသ)၊ ဆရာ ဦးချမ်းမြ (မြကေတု) တို့နှင့် တွေ့ကြရသည်။ သူတို့က ဆရာဖြစ်သည်။ သူတို့ကို စာပေဝိုင်းများမှာ တွေ့ခဲ့ရသည် မဟုတ်ပေ။ ကုသမှာ ကျွန်တော် နေသော အင်းဝကျောင်းဆောင်တွင် ဒုတိယအဆောင်မှူး ဖြစ်သည်။ ဆရာဘဆောင်း (မောင်သုတ) နှင့် တစ်ဆောင်တည်း။ ထိုအခါက ကျွန်တော် စစ်ကိုင်းကျောင်းဆောင်တွင် နေ၍ ဆရာနှင့် တွေ့၍ စကားပြောဖြစ်သည်။ သူတို့က ကျွန်တော့်ထက် ၁၀ နှစ်ကျော်ကြီးသည်။ ခေတ်စမ်းကဗျာတွင်တော့ သိရီမောင်အဖြစ် ရေးဖွဲ့သူ ဖြစ်သည်။ စာပေဘဝ ဆိုသည်ကလည်း ငယ်စဉ်ကနှင့် ကြီးလာသောအခါ မတူကြတော့။ အမျိုးမျိုး ဖူးပွင့်ကြသည်သာ။

(၈)

စစ်ပြီးသောအခါ စာပေဝိုင်းက အတော်ပင် ပြောင်းလဲသွားသည်။ ကျွန်တော်တို့ ကျောင်းသားဘဝက စာပေအသိုင်းအဝိုင်းနှင့် တကွဲတပြား ဖြစ်သွားကြသည်။ အိမ်ထောင်ကျသူကျ၊ အလုပ်ဝင်သူဝင်၊ အများအားဖြင့်ကတော့ အစိုးရ အရာရှိကြီးများ ဖြစ်သွားကြသည်။ ကျွန်တော်သည်ပင် ကျောင်းသားဘဝကကဲ့သို့ ရံဖန်ရံခါ မတွေ့ဆုံဖြစ်ကြတော့။ တွေ့ဆုံစရာအကြောင်းကလည်း မရှိ။ တွေ့ဆုံစရာလည်း သိပ်မရှိလှ။

စာရေးဆရာ အသင်းအစည်းအဝေးများတွင် တစ်ခါတစ်ရံ ဆုံမိကြသည်။ သို့သော် ကျွန်တော်တို့ ကျောင်းသားဘဝက စာပေဝိုင်းမျိုး မဟုတ်ကြတော့။ စစ်ပြီးခေတ်ပေါ်ထွန်းလာသော လူငယ်စာပေသမားများက လွှမ်းမိုးနေကြသည်။ ကျွန်တော့်ထက် အသက်ငယ်ကြသူများ ဖြစ်သည်။ ကျွန်တော် တာရာမဂ္ဂဇင်းထုတ်လိုက်သောအခါ စာပေဝိုင်း အသစ်များဖြစ်သွားသည်။ ဆုံရာနေရာကတော့ ရန်ကုန်အနောက်ပိုင်းကိုင်းတန်း



နှင့် မနီးမဝေးနေရာများ။ တစ်ခါတစ်ရံ လမ်းထိပ်လက်ဖက်ရည်ဆိုင်။ စာပေ နောက်ခံကားချင်းလည်း သိပ်မတူလှ။ သို့သော် သူတို့က စစ်နှင့် တော်လှန်ရေးကို နုနယ်စအရွယ်တွင် ဖြတ်သန်းလာကြသူများ ဖြစ်၍ ကျွန်တော်နှင့် နိုင်ငံရေးအခြေအနေများကြောင့် စကားဝိုင်းဖွဲ့ဖြစ်သွားသည်။ သူတို့သည် တက္ကသိုလ်ကျောင်းသားများ ဖြစ်ကြသည်။

မာ့က်စ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒများနှင့် တစ်နည်းမဟုတ် တစ်နည်း ငြိတွယ်ဆက်စပ်နေသူများကို တွေ့ရသည်။ ကျွန်တော်နှင့် ကျောင်းသားသမဂ္ဂလုပ်ဖော်ကိုင်ဖက်များကတော့ ဖဆပလ အဖွဲ့နှင့် အခြား အဖွဲ့အစည်းများတွင် စိတ်အားထက်သန်စွာ ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ကျွန်တော်နှင့် အဆက်အစပ် နည်းသွားသည်။ ကျွန်တော်နှင့် စာပေဝိုင်းများက ဒုတိယမျိုးဆက်နှင့် စကာ ထိတွေ့ရသည်။ ကျွန်တော်နှင့် ရွယ်တူကျောင်းနေဖက် စာပေသမားများနှင့်တော့ စာပေစကားဝိုင်း သိပ်မဖြစ်လှ။ အတွေ့နည်းသောကြောင့် ဖြစ်မည်။ တာရာမဂ္ဂဇင်း ထုတ်ဝေစဉ်ကတော့ ဇော်ဂျီ၊ မင်းသုဝဏ်၊ နွယ်စိုး (ပါမောက္ခဆရာ ဦးမျိုးမင်း) တို့နှင့် စာပေဝိုင်း ဖြစ်ကြသည်။ ဒုတိယမျိုးဆက်များကား နိုင်ငံရေးရာ သဘောတရားများတွင် စိတ်ဝင်စားသူဖြစ်၍ ဂိုဏ်းဂဏ သဘောမျိုးတော့ ရှိနေတတ်သည်ကို ကျွန်တော် နားလည်နေသည်။ စာပေသစ် အရေးဏ်နိုဦး ခေတ်ဖြစ်၍ စာပေအယူအဆများ စာပေလောကတွင် ငြင်းခုန်လျက် ရှိသောအခါက ကျွန်တော့်ဘက်မှ နေသောသူများ ဖြစ်ကြသည်။

၁၉၅၀–၆၀ ကျော်လောက် ရောက်သောအခါ ဒုတိယမျိုးဆက် အစောပိုင်းလူငယ်များနှင့် ထိတွေ့ရသည်။ ၁၉၇၀ ဝန်းကျင်ရောက်လာပြန်သောအခါ တတိယမျိုးဆက်တို့နှင့် တွေ့ရပြန်သည်။ ကျွန်တော့်ထက် ငယ်ရွယ်ကြသူများ ဖြစ်နေကြသည်။ မတတ်နိုင်။ ကျွန်တော်က စာပေဝိုင်းတို့နှင့် ကင်းကွာ၍ မနေတတ်၍လား မသိ။ ကျွန်တော်က ဝိုင်းအမျိုးမျိုး နည်းနည်းတွေပြားသည်။ ကျွန်တော်သည် ယင်းသို့ စာပေဝိုင်းများကို ငယ်ကတည်းက ဖြတ်သန်းလာခဲ့ရသည်။ နိုင်ငံရေးယဉ်ကျေးမှု၊ စကားပြေယဉ်ကျေးမှု၊ ကဗျာယဉ်ကျေးမှုများ ပျိုးထောင်ရာ ပန်းပွင့်များ အကြားရှိနေကြသည်ကို တွေ့ရသည်။ မွေးစရန့်နှင့် စိတ်ကူးရုပ်ပုံ အရောင်အသွေးတို့ကတော့ အမျိုးမျိုး။ ကဗျာဆရာတစ်ဦးက သူ၏ ကဗျာရေးရာ အတွေ့အကြုံများကို ဖွဲ့နွဲ့ရင်း ဒုတိယ ကဗျာအလုပ်ရုံက မော်ဘီမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လိမ့်မည်ဟု ကျွန်တော်နေသည့် မဲဇာကို ညွှန်းလိုက်သည်မှာ သိပ်တော့ မဆိုးလှ။ ကျွန်တော့်ထံသို့ လာလည်ကြသူများထံမှ သူတို့၏ ရင်ခုန်သံများကို တိုးတိုးတစ်ခါ ကျယ်ကျယ်တစ်ခါ နူးညံ့တစ်ခါ ကြားနေရသည်။ တကယ်ကတော့ အချိန်မှန် အလုပ်ရုံတော့ မဟုတ်။ ညှော်သည် အလုပ်ရုံ။ ညှော်အလုပ်ရုံ။

[ပန်းဝေသီမဂ္ဂဇင်း၊ ဧပြီလ၊ ၁၉၉၅]

✹

## ပိတောက်ပန်းနှင့် ကဗျာ

### (၁)

လွန်ခဲ့သော ၁၅ နှစ်ခန့်က ကျွန်တော် အကျဉ်းထောင်ထဲ၌ ရှိစဉ် နွေတစ်ရက်တွင် ထောင်မှူးက ကျွန်တော့်အား ပိတောက်တစ်ခက် လာပေးသည်။ ကျွန်တော်တို့ အဆောင်ဘက်တွင် ပိတောက်ပင် မရှိ။ သရက်၊ ပိန္နဲ၊ ဒန့်ဒလွန်၊ ဆိတ်ဖလူးပင်များသာ ရှိသည်။ အခြား အဆောင်ဘက်ကလား၊ သို့မဟုတ် အပြင်ဘက်က ရသလားကား မသိ၊ ကျွန်တော့်မှာ ပိတောက်ခက်ကလေးကို ကိုင်ရင်း ရင်ထဲ၌ လှုပ်ရှားနေမိသည်။ ကျွန်တော် အင်မတန် နှစ်သက်သော ပိတောက်ပန်းကို အကျဉ်းထောင်ထဲတွင် လက်ဝယ်ရလိုက်သည် ဆိုသည်မှာ နည်းသည့် အခွင့်အရေးမဟုတ်။ ထူးခြားလှသည်။ အခြားသော အထိန်းသိမ်းခံများကို မပေး။ ကျွန်တော့်အားသာ ကွက်၍ ပိတောက်ခက်ပေးသည်။ ဘာကြောင့်လဲ။ ကျွန်တော်သည် ကဗျာရေးသူ ဖြစ်၍ ပိတောက်ပန်းကို နှစ်သက်မှာပဲဟု တွေးမိ၍လား။ ယင်းထောင်မှူးသည် စာဖတ်သူ တစ်ယောက်တော့ ဖြစ်သည်။ သူသည် အကျဉ်းသားများအတွက် လစဉ်ထုတ် မဂ္ဂဇင်းများ ဝယ်ပေးရသူ ဖြစ်သည်။ ထို့ကြောင့် စာပေမွေ့နိုင်သည်။ ကျွန်တော် ကဗျာရေးဖွဲ့သည်ကို သူသိသလား။ ပိတောက်ပန်းနှင့် ကဗျာဆက်စပ်သည်ဟု နားလည်ကာ ကျွန်တော့်အား ပိတောက်တစ်ခက် ပေးလေသလား။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ သူ့ကို ကျေးဇူးတင်မိခဲ့သည်။

သူ မပြောနှင့် မြန်မာပြည်တွင် နေထိုင်သွားဖူးသော ချီလီကဗျာဆရာ ပါဘလိုနီရူဒါကပင် ပိတောက်ကို သတိရနေသည်။ နီရူဒါသည်

www.burmeseclassic.com



၁၉၃၀ ပတ်ဝန်းကျင်ကာလက ရန်ကုန်မြို့ ကာလဘတ်တီးရပ်ကွက်၌ နေထိုင်ကာ ချီလီကောင်စစ်ဝန်ရုံး အရာရှိအဖြစ် အမှုထမ်းဖူးသည်။ ထိုအခါ နီရုဒါမှာ အသက်အစိတ်ခန့် ရှိပေပြီ။ ကဗျာများ တော်တော် ရေးနေပြီ။ သူ့ပြည်တွင်တော့ ကျော်ကြားစ။ 'အရှေ့တိုင်း၏ ကိုးကွယ်မှု' ဟူသော ကဗျာ၌ သူ၏ ရန်ကုန် ခံစားမှုကို ဖွဲ့ထားသည်။

ယင်းကဗျာ၏ အစ၌ ရန်ကုန်မြို့ကို နောက်ခံကာ ဘုရားများ အကြောင်း ဖွဲ့ထားသည်။

သူ၏ ကဗျာ၌ ဖွဲ့ထားသည့် ဗုဒ္ဓ တို့ဟူ၍ ဖော်ပြထားသည်မှာ သူ မြင်တွေ့နေရသော များစွာသော ဗုဒ္ဓ ရုပ်ပွားဆင်းတုတော်များကို ဆိုလိုခြင်း ဖြစ်သည်ဟု ယူဆမိပေသည်။

ကျွန်တော် နီရုဒါနှင့် တွေ့တော့ ၁၉၅၁ ပီကင်းမှာ။ ထိုအခါ တွင်ကား သူသည် ကမ္ဘာကျော်စ ပြုပေပြီ။ အသက် ၅၀ နီးတော့မည်။ ကျွန်တော်က ၃၀ အရွယ်။ သူနှင့် တွေ့တော့ ဆရာကြီး သခင်ကိုယ်တော် မှိုင်းလည်းပါသည်။ သူက မြန်မာနိုင်ငံက ဆိုပြီး ဝမ်းသာနေပုံရသည်။ သူသည် ပြန်ခါနီး နှုတ်ဆက်သောအခါ 'ရွှေရောင်လိုလှပတဲ့ ပိတောက် ပန်းကို သတိရနေပါတယ်' ဟု ပြောလိုက်သည်။ နှုတ်မှလည်း 'ပိတောက် ပိတောက်' ဟု ပီပီသသ ရွတ်ဆိုသည်။ ကဗျာဆရာ နီရုဒါသည် ပိတောက် ဟူသော မြန်မာစကားလုံး အသံထွက်ကို ရန်ကုန်မှ ထွက်ခွာသည်မှာ အနှစ် ၂၀ ကြာသော်လည်း မမေ့။ ကျွန်တော်က 'ပိတောက်' ဟု အသံထွက်သည်ကို အံ့ဩရသေးသည်။ ပိတောက်ပန်းချစ်သော နီရုဒါမှာ ၁၉၇၁ က သူ၏ ကဗျာများအတွက် နိုဗယ်စာပေဆုရခဲ့ပြီး ၁၉၇၃ ခု ကွယ်လွန်သွားသည်။

ရှေးဂန္ထဝင် စာပေခေတ်ကာလကတည်းက ကဗျာများသည် ပိတောက်ပန်းကို ဖွဲ့ခဲ့ကြသည်။ သူ့စိတ်၊ သူ့ခံစားမှု၊ သူ့အနုပညာဟန် ပန်ဖြင့်။

ကျွန်တော်လည်း ပိတောက်ပန်း ကဗျာများ ဖွဲ့ခဲ့သည်။ ၁၉၃၈ မှ ၁၉၅၂ အထိ (၁၅) နှစ်အတွင်း ပိတောက်ပန်းကဗျာ (၄) ပုဒ် ဖွဲ့ ခဲ့သည်။ ပထမနှင့် ဒုတိယ ကဗျာများမှာ လွတ်လပ်ရေး မရခင် ၁၉၃၈ နှင့် ၁၉၃၉ နှစ်ကာလက ဖွဲ့ခဲ့သည်။ တတိယကဗျာမှာ လွတ်လပ်ရေး ရတော့မည့်ဆဲဆဲ ၁၉၄၈ ခုနှစ်နှင့် စတုတ္ထကဗျာမှာ ၁၉၅၂ ခုနှစ်တွင်



ဖြစ်ကြသည်။ ပိတောက်ဝေဝေ၊ တော်လှန်မှု၊ ပိတောက်ဦး၊ ဝါတောက် တောက်။

ပိတောက်ပန်းသည် ရှေးခေတ်ဟောင်း မြန်မာကဗျာ၊ မြန်မာစာ ပေ ပေါ်ပေါက်ကတည်းက ပွင့်ခဲ့သည်သာ။ ပုဂံခေတ်တွင် ပိတောက်ပန်း ကဗျာသိပ်မတွေ့ရ။ အင်းဝခေတ်တွင် စသလား မသိ။ တောင်ငူခေတ်၊ မန္တလေးခေတ်တွင် အသင့်အတင့် ရှိလာသည်။ ပိတောက်ပန်း၏ ရုက္ခဗေဒ သစ်ပင် သဘောတရားသည် ပြောင်းလဲကောင်း ပြောင်းလဲမည်။ သည် အရွက်၊ သည်အပွင့်၊ သည်အခိုင်၊ သည်ရနံ့။ ပြောင်းလဲမည် မဟုတ်။ ဝါတောက်တောက်၊ မွှေးမြသော ပိတောက်၊ ပြောင်းလဲမည်ကား မဟုတ်။ သို့သော် ခေတ်နှင့် လူများကား ပြောင်းလဲလျက် ရှိပြီ။ သမိုင်းခေတ် အတွင်းက လူ၊ သမိုင်းခေတ် ထင်ဟပ်ခြင်း ခံရသော လူ။

ကဗျာဆရာ၏ ခံစားမှု ပြောင်းလဲပါမည်လော။

လူ၏ခန္ဓာရုပဗေဒလည်း ပြောင်းလဲမည် မဟုတ်။ သည်ကျော ရိုးအဆက်မျိုး၊ သည်အာရုံကြော ဖွဲ့စည်းပုံ စနစ်မျိုး။ သို့သော် အာရုံ ခံစားမှု သို့မဟုတ် အလှဗေဒ ခံစားမှု၊ ရသခံစားမှု အပါအဝင် လူ့အသိ စိတ်သည် မပြောင်းဘဲ နေမည်လော။ လူ့အသိစိတ်သည် သူ၏ ပတ်ဝန်း ကျင် ရုပ်ကမ္ဘာကြီးက ထင်ဟပ်ချက်ပင် ဖြစ်သည်။ ရုပ်ကမ္ဘာကြီး ပြောင်း လဲ လှုပ်ရှားနေလျှင် ယင်း ပြောင်းလဲလျက်ရှိသော ရုပ်ကမ္ဘာကြီး၏ ထင်ဟပ်ချက်ဖြစ်သော လူ့အသိစိတ် ဖော်ပြမှု ပုံသဏ္ဌာန် မြင်သော အနုပညာ သို့မဟုတ် ကဗျာခံစားမှုသည်လည်း ပြောင်းလဲမည်သာ ဖြစ်မည် မဟုတ်ပါလော။ ရုပ်ကမ္ဘာဆိုသည်မှာ သမိုင်းခေတ်နှင့် လူ။ သမိုင်းခေတ် ဆိုသည်မှာ ရုပ်ကမ္ဘာကြီး၏ အစိတ်အပိုင်း တစ်ပိုင်း၊ မျက်နှာတစ်မျက် နှာ ဖြစ်ပေသည် မဟုတ်ပေလော။

## (၂)

ရုပ်ကမ္ဘာကြီးသည် တကယ်ရှိသည်။ အစစ်အမှန် တည်ရှိသည်။ ရုပ်ကမ္ဘာကြီးကို ကမ္ဘာကြီးတွင် နေထိုင်သော လူ အထိအတွေ့ ခံစား သည်။ အာရုံတံခါးပေါက် မနောအဝရများမှ တစ်ဆင့် ထိတွေ့ခံစားရခြင်း ဖြစ်သည်။ ယင်းသို့ တကယ်တည်ရှိသော ရုပ်ကမ္ဘာကြီးမှ ထင်ဟပ်ချက်။ အမြင့်ဆုံးသည် လူ့အသိစိတ်ပင် ဖြစ်ပေသည်။ လူ့အသိစိတ်သည် သူ၏

www.burmeseclassic.com

www.burmeseclassic.com



အာရုံခံစားချက်၏ စုစုပေါင်း၊ လူများနှင့် ထိတွေ့မှု (ဝါ) လူမှု အတွေ့အကြုံ၏ စုစုပေါင်းမှ ဖွဲ့စည်းဖြစ်ပေါ်လာရခြင်းပင် ဖြစ်သည်။ ယင်းလူမှု အသိစိတ်ကို အနုပညာခံစားမှု (ဝါ) အလှဗေဒ ပုံသဏ္ဍာန်ဖြင့် ဖော်ပြခြင်းသည် ကဗျာ ဖြစ်ပေသည်။

ရုပ်ကမ္ဘာ၊ လူ့အသိစိတ်၊ ခံစားမှု၊ အလှဗေဒ၊ ကဗျာဆရာ၏ ဖော်ပြမှု၊ ကဗျာ။ ယင်းသို့ဖြစ်စဉ်များ ဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။ ယင်း ဖြစ်စဉ်သည် ကဗျာ၏ ဓမ္မတရားဖြစ်သည်။ အနုပညာပေါ်လာကတည်းက ရှိလာသော ဖြစ်စဉ်တရား ဖြစ်သည်။

ပိတောက်ပန်းသည် ရုပ်ကမ္ဘာ၌ အကယ်တည်ရှိသည်။ အဝါရောင် အပွင့်များ အဆုပ်လိုက် အခိုင်လိုက် ပွင့်သည်ကို လူတိုင်း မြင်ကြရသည်။ မွှေးကြရသည်။ မျက်စေ့နှင့် နှာခေါင်းဟူသော အာရုံတံခါးပေါက်မှ လူ၏ စိတ်တွင်းသို့ ဝင်ရောက်လာသည်။ တား၍ မရ။ သည်ဖြစ်စဉ်အံ့ထိ လူသားအားလုံးအတူတူ။ ရန်ကုန်တွင် နေထိုင်ဖူးသော ချီလီပြည်သား နီရူဒါပင် ပိတောက်ပန်းကို မြင်သည်။ မွှေးသည်။ ထို့နောက် ခံစားလိုက်သည်။ ပိတောက်ပန်း၏ ထူးခြားချက်သည် သူ၏ စိတ်ကို ရိုက်ခတ်လိုက်သည်။ တား၍ မရ။ မျက်စိက မြင်သည်။ နှာခေါင်းက ရှူလိုက်သည်။ ထိုအခါ ရင်ခုန်လာသည်။ မောလျလာသည်။ လှိုက်ဖိုလာသည်။ ဒါသည် အာရုံခံစားမှု ဝေဒနာ။ မျက်စိအာရုံ၊ နှာခေါင်းအာရုံ၌ လှုပ်ရှားနေသော လုပ်ရပ် ဖြစ်သည်။ လူတိုင်း ပြေးမလွတ်သော ဗဟို အာရုံကြောစနစ်၏ လုပ်ငန်းတစ်ခု။

သို့သော် ယင်းပိတောက်ပန်းကို မြင်တွေ့ မွှေးအပြီး တုန့်ပြန်မှု၌ကား လူတစ်ယောက်နှင့် တစ်ယောက် မတူကြတော့။ တစ်ယောက်က ကြည့်ရှုကြည့်ပြီး၊ မွှေးရှုမွှေးပြီး ဘာမျှ ထူးထူးခြားခြား မဖြစ်လှ။ မြင်နေကျ မွှေးနေကျ သဘောမျိုး။ နောက်တစ်ယောက်က 'လှလိုက်တာ' ဟု ပြောကာ ဆက်လက် လျှောက်သွားသည်။ နောက်တစ်ယောက်က မျက်လုံးများ ဝင်းလက်ကြည်ပြုံးသွားကာ 'ဟယ် လှလိုက်တာဟယ်' ဟု အံ့ဩ နှစ်သက်သည်။ နောက်တစ်ယောက်က ရင်ကို မကာ 'ဟယ် လှလိုက်တာတော့၊ ငိုက်ကျနေတာရော၊ အဆုပ်လိုက်ကော ဝင်းနေတာပဲ။ ကြည့်စမ်းပါအုံး' ဟု သူ၏အဖော် အခြားသူများကိုပါ ကြည့်ကာ သူ့ခံစားမှုနှင့် ညှိကြည့်သည်။ အာရုံခံစားမှုသည် နည်းနည်းတော့ တက်လာပြီ။



တစ်ပါးသူအား သူ၏ ခံစားမှုကို ဝေငှချင်လာသည်။ ပထမလူများထက် ခံစားမှု ပိုလာပြီ။ 'ဝင်းနေတာပဲ' ဟု သူ၏ ခံစားမှုကို ထင်ရှားလိုက်သည်။ ဝင်းပခြင်းဟူသော ဝင်းပသော ရုပ်ပုံ။ စိတ်ကူးရုပ်ပုံဖြင့် တင်စားကာ သူ၏ ခံစားမှုကို တုန့်ပြန်ဖော်ပြလိုက်ခြင်း ဖြစ်သည်။ ချီလီပြည်သား ကဗျာဆရာ နီရူဒါက 'ရွှေရောင်လို လှပတဲ့ ပိတောက်ပန်း' ဟု ဆိုလိုက်သည်။ ရွှေရောင် ဆိုသည်မှာ ကမ္ဘာပေါ်ရှိ လူသားအားလုံးက သူတို့ လူ့အသိစိတ်ထဲတွင်ရှိသော အရောင်ဖြစ်သည်။ လူမျိုး၊ နိုင်ငံမရွေး နားလည်သိရှိနေသော ရွှေရောင်တင်စားချက် ဖြစ်သည်။ နီရူဒါသည် မြန်မာပြည်၌ ရှိစဉ် ပဲခူးနှင့် မော်လမြိုင်ကိုလည်း ရောက်ဖူးလေရာ ရွှေရောင်ဝင်းပနေသော စေတီပုထိုးများကိုလည်း မြင်ခဲ့ပေမည်။ ထို့ကြောင့် ရွှေရောင် တင်စားမှုကို သုံးလိုက်တာလဲ ဖြစ်မည်၊ သူ၏ အရှေ့တိုင်း၏ ကိုးကွယ်မှု ကဗျာထဲ၌ 'ရွှေပြားခတ်ထားသော ချွန်ချွန်ဘုရားများ' ဟု ဖွဲ့ထားသည်။ ဘုရားဆိုရာ၌ သူတို့ အနောက်က သုံးနှုန်းသော (God) ဟူသော စကားလုံး။ သူ ရေးသော မူရင်း စပိန်ဘာသာစကားလုံးကတော့ ရုပ်ပွားဆင်းတုတော်များကို ဆိုလိုခြင်း ဖြစ်မည်။

ယင်းသို့ ပိတောက်ပန်း မြင်တွေ့မွှေးမြကြသူများ တစ်ယောက်နှင့် တစ်ယောက် မတူကြခြင်းမှာ လူတစ်ယောက်နှင့် တစ်ယောက် ခန္ဓာ ရူပဗေဒချင်း မတူကြခြင်း သဘော။ အာရုံကြော ဖွဲ့စည်းပုံ စနစ်ချင်း မတူခြင်းသဘော၊ အာရုံခံစားမှု အင်အား၊ အနည်းအများ မတူခြားနားကြခြင်း သဘော။ ယင်းသို့ မတူခြားနားကြသဖြင့် တုန့်ပြန်ရာ၌ မတူကြခြင်း ဖြစ်ပေမည်။ အာရုံခံစားမှု အားနည်းသူ၊ အားကောင်းသူများ ရှိကြပေသည်။ ယင်း ခံစားမှုကို ဖော်ပြသော တုန့်ပြန်မှု သဘောများလည်း မတူဘဲ ဖြစ်လာကြတော့သည်။ ဤကား အလှဗေဒ သဘောတရားပင် ဖြစ်သည်။ မိမိ၏ အလှအာရုံခံစားမှုကို အနုပညာပုံသဏ္ဍာန်ဖြင့် ဖော်ပြဖွဲ့နွဲ့ခဲ့သော သဘောတရားပင်။ ယင်းသို့လျှင် လူပုဂ္ဂိုလ်အလိုက်၊ ကဗျာဆရာ အနုပညာရှင်များအလိုက် အလှခံစားမှုကို လိုက်၍ အသီးသီး သူတို့၏ ကဗျာများ မတူခြားနားသွားကြခြင်း ဖြစ်သည်။ လူပုဂ္ဂိုလ်ဆိုရာ၌ သူ၏ ရူပခန္ဓာဗေဒ၊ အာရုံကြော ဖွဲ့စည်းပုံစနစ်၊ သူကြီးပြင်းလာရသော ပတ်ဝန်းကျင် ရုပ်ကမ္ဘာ (ဝါ) လူတန်းစား၊ လူမှု အတွေ့အကြုံများ၊ သမိုင်းခေတ်များအပေါ် တည်၍ ကဗျာဆရာ၏ ခံစားမှု။ ယင်းခံစားမှုကို

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တုန့်ပြန်ခြင်းမှ ဖြစ်ပေါ်လာသော ကဗျာများ မတူကြခြင်း ဖြစ်ပေသည်။

ရုပ်ကမ္ဘာ၊ လူ့အသိစိတ်၊ ခံစားမှု၊ အလှဗေဒ၊ ကဗျာဆရာ၏ ဖော်ပြမှု၊ ကဗျာ။

(၃)

ကဗျာရေးဖွဲ့သော ပုဂ္ဂိုလ်တစ်ယောက်တည်း၏ စာပေဘဝဖြစ်စဉ်တစ်လျှောက်၌ပင် သူ၏ ကဗျာများသည် သူ ဖြတ်သန်းကြီးပြင်းလာသော အရွယ်အလိုက် ခေတ်အလိုက် မတူဘဲ ရှိနိုင်သည်။ ပြောင်းလဲတိုးတက်ခြင်းသဘော။

အခြား မကြည့်နှင့်။ ကျွန်တော်၏ ကဗျာဘဝတွင်ပင် ပိတောက်ပန်း ခံစားမှုချင်း မတူသည်ကို သုံးသပ်မိသည်။ ပိတောက်ပန်းများကို ကျွန်တော် ဖြတ်သန်းလာတိုင်း ကျွန်တော်၏ အလှခံစားမှုက တုန့်ပြန်ချက်များမှာ မတူ။

၁၉၃၈ က 'ပိတောက်ဝေဝေ' ဟူသော ကဗျာတစ်ပုဒ် ဒဂုန်မဂ္ဂဇင်း၌ ရေးမိသည်။ ထိုအခါက ကျွန်တော့်မှာ အသက် ၁၈ နှစ်ခန့်အရွယ်။ တက္ကသိုလ်ကျောင်းရောက်စ။ သည့်အရင် စောစောကတည်းကလည်း ပိတောက်ပန်းကို ရတုပိုဒ်စုံ၊ လူးတား၊ တေးထပ်စသော ရှေးရေးဂန္ထဝင်ပုံသဏ္ဌာန်များဖြင့် ညှပ်ကာ ရေးဖူးသည်။ ကဗျာ ခံစားမှုသဘောမျိုး မဟုတ်။ ကဗျာတစ်ပုဒ်၊ အတွေးအခေါ် တစ်ပုဒ်။ ခေတ်သစ် ကဗျာစာပေသဘောမျိုးကား မဟုတ်။

'ပိတောက်ဝေဝေ' ဟူ၍ ဝတ္ထုတစ်ပုဒ် ရေးဖူးသည်။ အလွမ်းဝတ္ထု။ ယင်းဝတ္ထုဇာတ်လမ်းကို ကဗျာဖွဲ့ထားခြင်း ဖြစ်သည်။ သံချိုစပ်။

**ပိတောက်ဝေဝေ**

မယ့်ခေါင်းမှာ ရွှေပိတောက်ကယ်တို့
ဦးဆောက်လို ဝေဝေပန်မှ
သစ္စာနဲ့ ရွှေလှော်မြနှယ်သို့
မေ့ကေသွယ် ဖြေအလျော့ယင်ဖြင့်
ကြော့ရရော၊ စီရရီ။ ။



ပိတောက်ခိုင် ရွှေဝါပွင့်ကိုလ
လှမ်းလင့်ကာ မောင်တလက်ငဲ့ပြင်
ခင့်လက်ကို သာတယာပ
မယ်တစ်ခါ မောင်တစ်လှည့်ရယ်နှင့်
ရိပ်ကြည့်ကာ မယ်ဆံထုံးမှာလ
မောင်ကုံး၍ ပန်ခဲ့သည်။ ။

လေချို လှောက်ပြန်တော့
ပင်အောက်မှာ အတူယှဉ်၍
ခင်ပျိုကို မောင်မလွှတ်စဉ်က
ပန်းဝတ်လွှာ ခိုင်အခြောက်ကယ်တို့
လေနှောက်ရင် ပွင့်တွေကြွေကြ
ဘိသိက်ချွေ ငဲ့ကာလွင့်တယ်ဟု
ချစ်ပန်းပွင့် ဝေ့လည်လည်
ပျိုဆီသို့ ခညောင်း။ ။

တန်ခူးရောက်ရင်ဖြင့်
ပိတောက်တွေ ကဝေဆေပ
မယ့်ကြင်ဆွေ သစ္စာမဲ့တာကြောင့်
မြင်လှည့်ပါ သည့်အဖြစ်ကိုလ
အချစ်ဒဏ် ခင့်ကို စူးပါပေါ့
ချစ်ဦးကို ခင်မဖျောက်နိုင်လို့
ပိတောက်ခိုင် တစ်ခါဝေတိုင်း
မပြေနိုင် နေ့စဉ်လွမ်းပါရ
သဲကျွမ်းကာ စုတေပစ်ခါမှ
မောင့်ကိုယ်တိုင် သင်္ဂြိုဟ်ရစ်ပေတော့
ဘုန်းချစ်အလောင်း။ ။

(ဒဂုန်မဂ္ဂဇင်း၊ ၁၉၃၈)

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော အနှစ် ၄၀ ကျော်က ကဗျာ။

ရေးဟန်မှာ ဂန္ထဝင်ဟန်အပြည့်၊ စိတ်ကူးမှာလည်း ဂန္ထဝင်ကဗျာ စိတ်ကူး၊ အသစ်မဟုတ်။ နဝဒေး၊ နတ်ရှင်နောင်ရတုကဗျာများထဲကတင်စားမှု၊ အသစ်မဟုတ်။ ဂန္ထဝင် စကားလုံးဖြင့် ဆင်ယင်သီကုံးထားတာမျိုး။ အသစ်မဟုတ်၊ ကိုယ်ပိုင်စိတ်ကူး မဟုတ်၊ ကိုယ်ပိုင်တင်စားမှု မဟုတ်။ အမျိုးသမီးက ရေးသည့်ဟန်၊ မယ်ဘွဲ့ကဗျာ အမျိုးအစား။ ဂန္ထဝင်ကဗျာပုံကို ဖယောင်းစက္ကူဖြင့် ကူးတာမျိုး။

တကယ်ကတော့ ကဗျာဖြစ်ရုံ ကဗျာမျိုး။ လူမှု အတွေ့အကြုံ မပါ။ ပုဂ္ဂလိက ခံစားမှုသက်သက်။

ကဗျာရေးစက ပုဂ္ဂလိက ခံစားမှုချည်း ရေးခဲ့တာတော့ မဟုတ်။ ၁၉၃၄ က ပထမဦးဆုံး ပုံနှိပ်ပါရှိသော 'ဒေါင်းမင်းသီတာ' ချီရတု ကဗျာမှာ ပုံသဏ္ဌာန် ဂန္ထဝင် ဖြစ်သော်လည်း အကြောင်းအရာမှာ လူမှု အတွေ့အကြုံ ပါသည်။ တို့ဗမာ သခင် လှုပ်ရှားမှုအကြောင်း ဖွဲ့နွဲ့တာ ဖြစ်သည်။

ယခု 'ပိတောက်ဝေဝေ' ကဗျာမှာ ကဗျာရေးသူ ဖြတ်သန်းလျက် ရှိသော သမိုင်းခေတ် စိတ်ကူးရုပ်ပုံမပါ။

ပိတောက်ပန်းများကား ပွင့်ဆဲ၊ မွှေးဆဲ။ ကဗျာရေးသူသည် ပိတောက်ပန်းများကို ဖြတ်သန်းသွားဆဲ။

[မိုးဝေမဂ္ဂဇင်း]

## အစဉ်အလာ၏ ရိုက်ခတ်မှု

### (က)

အစဉ်အလာ။ ဤဝဏ္ဏလေးလုံးရှိသော စကားပုဒ်ကလေးကို သုံးစွဲပြောဆိုလာကြသည်မှာ ကြာပေပြီ။ သို့သော် သုံးစွဲပုံခြင်း မတူ။ နားလည်မှုခြင်း မတူ။ ရည်ရွယ်ချက်ခြင်း မတူ။ ခံစားပုံခြင်း မတူကြ။ ကျွန်တော်တို့ ငယ်စဉ်ကတည်းက ကြားခဲ့ကြသော စကားလုံး။ သုံးနှုန်းသူ လူအမျိုးမျိုး၊ အရွယ်အစားစား။ သုံးနှုန်းသော ခေတ်ကာလအပိုင်းပိုင်း၊ သုံးနှုန်းသော နေရာအသီးသီး။ ဤစကားလုံးဖြင့် ပြဿနာအထွေထွေကို ကိုင်တွယ်ခဲ့ကြသည်။ နိုင်ငံရေးပြဿနာ၊ စာပေပြဿနာ၊ အနုပညာ ပြဿနာ။ တချို့က ဤစကားလုံးဖြင့် ခြိမ်းခြောက်ကြသည်။ တချို့က ဤစကားလုံးကို စိန်ခေါ်ကြသည်။ တချို့က ဤစကားလုံးဖြင့် ဖိအားပေးကြသည်။ အချို့က ဤစကားလုံးဖြင့် ရှုတ်ချချင်ကြသည်။

'အစဉ်အလာ' ဟူသော စကားလုံးနှင့် အဓိပ္ပာယ် အယူအဆအားဖြင့် ဆက်နွယ်သော အခြား စကားလုံးများလည်း ရှိသေးသည်။ ရိုးရာ၊ ရှေးဟောင်း၊ အမွေအနှစ်၊ အတိတ်၏ ကြီးကျယ်ခြင်း၊ ဂန္ထဝင်၊ သီချင်းကြီး၊ ရှေးလက်ရာ၊ အမျိုးသားယဉ်ကျေးမှု၊ အမျိုးသား အစဉ်အလာ၊ ရိုးရာ ယဉ်ကျေးမှု။ ယင်းတို့ကား စာပေအနုပညာရပ်တို့နှင့် ပတ်သက်သော ဝေါဟာရများ၊ တစ်ခုနှင့် တစ်ခု အယူအဆအားဖြင့် ဆက်စပ်နေသော်လည်း တစ်ခုစီ တစ်ခုစီ၏ အဓိပ္ပာယ်ကို တိတိကျကျ ဖွင့်လျှင်ကား ကွဲပြားမှုကလေးများ ရှိကြပေသည်။ အဘိဓမ္မာဆိုင်ရာ အယူအဆများ၊ လူမှုလက်တွေ့မှ လာသော အယူအဆ၊ ပြောင်းလဲလှုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှားမှုဆိုင်ရာ အယူအဆ။

အစဉ်အလာဟူသော အဓိပ္ပာယ်ရင်းကား ယနေ့ခေတ်ကာလအထိ တစ်ခေတ်ပြီးတစ်ခေတ်၊ ခေတ်အဆက်ဆက် ဆက်ခံရရှိလာသော အတွေ့အကြုံအစုစု၏ ရလဒ်။ တစ်ခေတ်ပြီးတစ်ခေတ် ဟူရာ၌ ဘယ်လောက်ကြာသော နှစ်များနည်း။ ခေတ်များကတော့ နှစ်ကာလအပိုင်းအခြား အကန့်အသတ်ပုံသေ အတိအကျ မရှိနိုင်ပါ။ ရှေးခေတ်နှစ်ကာလများ ဖြတ်သန်းလာခဲ့ရာ ယနေ့ခေတ်ကာလအထိ ရရှိသော စုပေါင်းအတွေ့အကြုံကို ဆိုလိုခြင်းသာ ဖြစ်ပေသည်။ ထိုအခါ ရိုးရာ၊ ရှေးဟောင်း၊ အမွေအနှစ် စသော စကားလုံးများနှင့် အဓိပ္ပာယ်ချင်း ဆက်စပ်နေကြသည်ကို တွေ့ရပေမည်။ ရိုးရာဟု ဆိုသည်နှင့် ရှေးဟောင်းဟူ၍ သိရသည်။ အစဉ်အလာဟု ဆိုသည်နှင့် ရိုးရာသဘော၊ ရှေးဟောင်းသဘောပါရှိပြီး ဖြစ်နေသည်။ ယင်းနှင့်အတူ ရှေးဟောင်း အမွေအနှစ်၊ ရိုးရာအမွေအနှစ်တို့မှ ဆက်ခံရရှိသော အဓိပ္ပာယ်လည်း သက်ဝင်နေသည်ကို တွေ့ရပြန်သည်။ ယင်းသို့ ဆက်စပ်၍ အမျိုးသား ယဉ်ကျေးမှု၊ အမျိုးသား အစဉ်အလာ၊ ရိုးရာယဉ်ကျေးမှု စသော စကားလုံးများ၏ အဓိပ္ပာယ်ဆက်စပ်မှုများကို တွေ့ရသည်။

ဤနေရာ၌ အစဉ်အလာ၊ ရိုးရာ၊ ယဉ်ကျေးမှုဟူသော အဓိပ္ပာယ်များ၌ မကွဲမပြား။ သို့သော် အမျိုးသားဟူရာ၌ အဓိပ္ပာယ်ဖော်ပုံ၊ အမျိုးသားနှင့် ပတ်သက်သော အယူအဆများက ရှိလာပြန်သည်။ ကျယ်ပြန့်လာသည်။ အမျိုးသားဟူရာ၌ မည်သည့် အမျိုးသားလဲ။ လူတန်းစားများဖြင့် ခြားနားလျက်ရှိသော လူ့အဖွဲ့အစည်းကြီး၌ လယ်သမား အမျိုးသားလော၊ ဆင်းရဲသား အမျိုးသားလော၊ မြေရှင် အမျိုးသားလော၊ အရင်းရှင် အမျိုးသားလော၊ အုပ်စိုးသူ အမျိုးသားလော၊ အအုပ်စိုးခံ အမျိုးသားလော စသည် စသည်ဖြင့် စိစစ်ရန် လိုလာပေသည်။ ရောထွေးနေသည်ကို ရှင်းလင်းကွဲပြားရန် လိုလာသည်။ ထို့ကြောင့် အမျိုးသား ယဉ်ကျေးမှု၊ အမျိုးသား အစဉ်အလာဟူ၍ စိစစ်ရန် ရှိလာပြန်သည်။

သီချင်းကြီးဟူသော စကားလုံး၊ သူကတော့ ဂီတနှင့်သာ ဆိုင်သော စကားလုံး။ ရှေးသီချင်းဟူ၍လည်း ခေါ်ဝေါ်ကြသေးသည်။ သီချင်းကြီးကတော့ အဓိပ္ပာယ် အတိအကျ ကောက်ယူ၍ ရသော စကားလုံး၊ အဓိပ္ပာယ်မှာ အငြင်းမပွား။ မဟာဂီတ စာအုပ်ထဲ၌ ပါသော သီချင်းများ။



မြန်မာ ရှေးသီချင်းကြီး စပေါ်ကတည်းက ကုန်းဘောင်ခေတ်အထိ စပ်ဆိုခဲ့ကြသော ရှေးဟောင်းသီချင်းများကို ဆိုလိုသည်။ ရှေးသီချင်းကြီး ဘယ်တုန်းက စပေါ်သည်ဆိုတာကတော့ အငြင်းပွားနိုင်သည်။ သုတေသနလုပ်စရာရှိသည်။ ယနေ့ အသံလွှင့်ရုံမှ သုံးသော 'ခေတ်ဟောင်းသီချင်း' ဟူသော စကားလုံး တစ်လုံး၊ သူတို့ သတ်မှတ်ချက်ကတော့ အင်္ဂလိပ်ခေတ်ကို ခေတ်ဟောင်း။ (တကယ်ကတော့ ခေတ်သစ်၏ အစောကာလ၊ ရှေ့ပိုင်းကာလပင်။ ခေတ်ဟောင်းဟူသော စကားနှင့် မဆီလျော်။ ဝေးဝေးလံလံဆိုပါက ပို၍ဆီလျော်ပါမည်။) ယင်းစကားလုံး စတင် သုံးနှုန်းသည်မှာ သိပ်မကြာသေး၊ ဆယ်နှစ်ပတ်ဝန်းကျင်က။ အင်္ဂလိပ်ခေတ်ဆိုတော့ လွန်ခဲ့သော နှစ်အစိတ်လောက်ကို ခေတ်ဟောင်းဟု ခေါ်ချင်နေသည့် သဘော။ နှစ်အစိတ်ဟိုဘက်၊ အကြမ်းအားဖြင့် လွန်ခဲ့သော အနှစ်ငါးဆယ်ကျော်က ခေတ်အထိ အဝေးဆုံး။ အနီးဆုံး နှစ်အစိတ်ဟု ဆိုပါစို့၊ တစ်ခါ အနှစ်နှစ်ဆယ်ဟောင်းဟူ၍လည်း သုံးကြသေးသည်။ သူတို့ကိုတော့ ရှေးခေတ်ဟု မသုံး၊ ဘာပဲဖြစ်ဖြစ် ရှေးသီချင်းကြီးဟူသည် အစဉ်အလာ အဓိပ္ပာယ်နယ်ထဲက စကားလုံး၊ ယင်း၏ အဓိပ္ပာယ်သဘောပင် သက်ဝင်သည်။

ရှေးလက်ရာဟူသော စကားလုံး။ သူကတော့ ပန်းချီအနုပညာနှင့် ဆိုင်သော စကားလုံး။ စာပေတွင် သုံးနိုင်သော်လည်း ပန်းချီပန်းပု စသော အနုပညာရပ်များတွင်သာ သုံးလေ့ရှိကြသည်ဟု နားလည်မိသည်။ ယင်းစကားလုံးသည်လည်း ရှေးဟောင်းယဉ်ကျေးမှု၊ ရိုးရာယဉ်ကျေးမှု၊ အမျိုးသား ယဉ်ကျေးမှု စသည်တို့နှင့် အဓိပ္ပာယ်ချင်း ဆက်စပ်သော စကားလုံး တစ်လုံးပင်။

ဂန္ထဝင်။ သည်စကားလုံးကတော့ သုံးနှုန်းတာ သိပ်မကြာသေး။ အနှစ် ၂၀ ခန့် ရှိမည်လား မပြောတတ်။ သည်ထက် စောတောင်စောမည်။ စာပေသဘောတရားများ တင်ပြသောအခါ Classicဟူသော စကားလုံးကို မြန်မာစာပေ သဘောတရား၌ 'ဂန္ထဝင်' ဟူသော စာပေဝေါဟာရအနေဖြင့် သုံးနှုန်းထားသော စကားလုံး။ စာပေခေတ်များကို အစဉ်လိုက်ဖော်ပြကြသောအခါ ဂန္ထဝင် စာပေခေတ်၊ စိတ်ကူးယဉ်စာပေခေတ်၊ သရုပ်ဖော် စာပေခေတ် စသည်ဖြင့် ပိုင်းခြားပြရင်း၊ ဂန္ထဝင်ဟူသော စကားလုံးသည် စိတ်ကူးယဉ်စာပေ၊ သရုပ်ဖော်စာပေဟူသော စာပေသဘောတရားရေး ဆိုင်ရာ ဝေါဟာရများနှင့်အတူ သုံးခဲ့သော စကားလုံး ဖြစ်သည်။

www.burmeseclassic.com



ယခုတော့ ‘ဂန္ထဝင်’ဟူသော စကားလုံးသည် အတော်ကလေး ပျံ့နှံ့ကာ တည်တံ့ခိုင်မြဲစပြုလာပေပြီ။ ဂန္ထဝင်စာပေဟူသည်မှာ ရှေးဟောင်းစာပေများထဲမှ လူအများက အနှစ်သက်ဆုံး၊ အကောင်းဆုံးဟု အသိအမှတ်ပြုထားသော စာပေ၊ စံထားလောက်သော စာပေဟု အဓိပ္ပာယ်ထွက်သည်။ လူအများ လက်ခံ အသိအမှတ်ပြုထားသော ရှေးဟောင်းစာပေဟု နားလည်ကြရသည်။ တချို့က ‘စံတော်ဝင်စာပေ’ ဟုလည်း ခေါ်ကြသည်။ စာပေသာ မဟုတ်။ ဂီတ၊ ပန်းချီ၊ ပန်းပု၊ ပိသုကာ၊ အက၊ ဇာတ်သဘင်စသော အခြား အနုပညာရပ်များ၌လည်း သုံးနှုန်းနိုင်သော ကျယ်ဝန်းသော အဓိပ္ပာယ်ဆောင်သည့် အနုပညာ ဝေါဟာရ စကားလုံး ဖြစ်သည်ဟု ဆိုရပေမည်။ ဂန္ထဝင်ဟူသော စကားလုံးသည် အစဉ်အလာနှင့် ဆက်စပ်နေသော စကားလုံး ဖြစ်ပေသည်။ ဂန္ထဝင်၏ နောက်ဆက်တွဲ စကားလုံးမျိုးကတော့ ဂန္ထဝင်အမွေအနှစ်၊ ဂန္ထဝင် အစဉ်အလာ။ ဝိသေသစကားလုံးများ ဖြစ်ကြသည်။

ဤသည်တို့ကား အစဉ်အလာဟူသော စကားလုံး၏ အဓိပ္ပာယ်။ ယင်းနှင့် အယူအဆချင်း ဆက်စပ်နေကြသော အခြားသော ဆင်တူစကားလုံးများ။ စာပေဝေါဟာရများ၊ အနုပညာဝေါဟာရများ၏ ဝန်းရံမှု။

## (ခ)

အစဉ်အလာနှင့် ကဗျာ။ မည်သို့ ဆက်စပ်နေသနည်း။

အစဉ်အလာသည် စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု အားလုံးနှင့် ဆက်စပ်သည်။ စာပေ၌ အနုပညာပုံသဏ္ဌာန်များ အသီးသီး ရှိကြသည်။ အစဉ်အလာသည် အနုပညာ ပုံသဏ္ဌာန်များကို ထူထောင်ပေးနိုင်သော စွမ်းရည်ရှိသည်။ အစဉ်အလာသည် နှစ်ကာလ အဆက်ဆက်က အတွေ့အကြုံရှိပေရာ ယင်းခေတ် အဆက်ဆက် စုပေါင်း အတွေ့အကြုံသည် စာပေ၊ အနုပညာတစ်ရပ်အဖြစ် တည်ရှိ ရှင်သန်နိုင်သည်။ အနုပညာရှင်တို့၏ စိတ်ကူး၊ အတွေးအခေါ်များ တည်ရာ မှီရာ၊ လဲလျောင်းရာ၊ ပုံသဏ္ဌာန်ကို ဖန်တီးစည်းရုံး ထူထောင်ပေးခြင်း ဖြစ်ပေသည်။

ကဗျာ။ ကဗျာသည်လည်း အစဉ်အလာ ရှိပေသည်။ ယနေ့ ခေတ်သစ်ကဗျာသည် ရှေးဟောင်း အစဉ်အလာ ဂန္ထဝင်ကဗျာမှ ဆင်း



သက် ပေါက်ပွားလာခြင်း ဖြစ်ပေသည်။ သို့သော် ခေတ်သစ်ကဗျာသည် ဂန္ထဝင် ရှေးဟောင်းကဗျာနှင့် မတူတော့ပေ။ တူလည်း မတူနိုင်တော့ပေ။ တူလျှင်လည်း ခေတ်သစ်ကဗျာဟု ခေါ်ဝေါ်တော့မည်လည်း မဟုတ်ပေ။

ကျွန်တော်တို့ ငယ်စဉ် ကဗျာ စရေးသောအခါ ဂန္ထဝင်ကဗျာနည်းနာ နိသျှကို ယူ၍ ရေးသည်။ ဂန္ထဝင်ဟန်ကို အတုခိုးသည်။ ဂန္ထဝင်စကားလုံးများနှင့် တူနိုင်သမျှ တူအောင် လိုက်ရေးသည်။ ဘာကြောင့်လဲ။ အစဉ်အလာ ကဗျာများသည် ကျွန်တော် ကဗျာမစပ်ခင် အရင်ကတည်းက ဆိုပါတော့၊ နှစ် ၈၀၀ ကျော် ၉၀၀ ကတည်းက တည်ရှိလာခဲ့သော ကဗျာများဖြစ်၍ ကျွန်တော် နားလည်သိရှိနေခဲ့သည်။ အစဉ်အလာကို ကျွန်တော် ရှိသေခဲ့ရသည်။ ကြောက်ခဲ့ရသည်။ သည်မျှ အစဉ်အလာသည် အင်အားကြီးပေသည်။ တန်ခိုးကြီးပေသည်။

ငယ်ငယ် ကဗျာရေးစ ၁၂-၁၃ နှစ်အရွယ်က ဆိုလျှင် ဆန်းလင်္ကာကျမ်းဖတ်ကာ ဂိုဏ်းများကို ယုံကြည်နေမိခဲ့သည်။ ဂရု၊ လဟု၊ ဂိုဏ်း၊ နက္ခတ်၊ ဂိုဏ်းစောင့်နတ်၊ အကျိုးအပြစ်၊ ဆင်းရဲအံ့၊ အရပ်မမြဲ၊ မြေရအံ့၊ အသက်ရှည်အံ့။ ယင်းသို့သော စာများကို သင်ခဲ့ရသည်။ နောက်ကြီးလာပြီး လေ့လာသောအခါ ယင်းဆန်းလင်္ကာကျမ်းများမှာ ပါဠိသင်္ကရိက်မှလာပြီး ဂါထာအတွက် ဖြစ်ကြောင်း သိသည်။ မြန်မာဘာသာစကားနှင့် ဘာမျှ မဆိုင်ပေ။ ပုဂံခေတ်ကတည်းက ကျွန်တော်တို့မှာ ပါဠိဘာသာ၏ လွှမ်းမိုးရိုက်ခတ်မှုကို ခံခဲ့ရပေသည်။ နှောင်သောအခါ ပါဠိဘာသာပေါ် မှီနေသည်နှင့် မြန်မာဘာသာစကား အသုံးအနှုန်းမှာပင် အားနည်းလာသလားဟု ဆဖန် သုံးသပ်မိလာသည်။ ပါဠိကို မှီခိုနေသဖြင့် အမှီခိုမဲ့ မဟုတ်ဘဲ မလွတ်မလပ်ဘဲ ဖြစ်နေတာပဲလား မိမိအင်အားကို မဖြည့်တင်းဘဲ နေနေပါတကား။ ပါဠိသာ မရှိလျှင် မြန်မာစကားသည် ယခုထက် အားကောင်းလာလေမည်လား၊ ပါဠိစကားလုံးများ ယူသုံးခဲ့ပေသဖြင့် မြန်မာစကားပင် မတိုးတွင်တော့ပေ။ ပါဠိကိုလိုနိဘ၀ ကျူးကျော်ခဲ့သည်ဟုပင် ဟာသ သဘော တွေးမိသည်။ ဟော၊ ယခုပင် ဟာသဟူသော ပါဠိစကားလုံးကို သုံးမိနေပြီကော။ သည်ပြဿနာကိုထား။

www.burmeseclassic.com

www.burmeseclassic.com



(၈)

ထိုအခါက ကျွန်တော် အနှစ်သက်ဆုံးသည်ကား လေးလုံးစပ်လင်္ကာပုံသဏ္ဌာန်၊ သက်စေ့ နှစ်သုံးချက်ညီ။ လေးသုံးနှစ် ကာရန်စနစ်ဆိုပါတော့။ ယနေ့တိုင်လည်း နှစ်သက်နေသေးသော ကဗျာပုံသဏ္ဌာန်။

ယင်း လေးလုံးစပ်သည် လွန်ခဲ့သော နှစ်ပေါင်း ၈၀၀ ခန့်ကတည်းက ပေါ်ခဲ့သည်ဟု စာပေသမိုင်းဆရာတို့ ဆိုကြသည်။ 'သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ' စသော လင်္ကာသည် ပုဂံခေတ်က ပေါ်ခဲ့သော ကဗျာ ဟုတ် မဟုတ်ကား သုတေသနမှန်ပြားပေါ်၌ အငြင်းပွားနိုင်သည်။ မြေဖြူနှင့် ပွတ်ဆဲ။ ပင်းယခေတ် စတုရင်္ဂဗလအမတ်ကြီး၏ 'မလျှောက်ဝံ့ဝံ့၊ လျှောက်ဝံ့ဝံ့' လင်္ကာသည် အစောဆုံး ဟုတ် မဟုတ် စသည်များကိုထား။ 'ဥဿာလမည်၊ တန်လင်းပြည်ကိုစိ၊ နည်နည်ညက်ညက်၊ ဖျက်ချေပြီးရယ်' စသော ပရိမ္မထီးလှိုင်ရှင်ဘုရား ကျောက်စာသည် အခိုင်အမာဆုံး ဆိုသည့် တင်ပြချက်များကိုထား။

ယနေ့အထိ ရေးနေကြဆဲ လေးလုံးစပ် လင်္ကာ၊ လေးသုံးနှစ်ကာရန်စနစ်ဟူသော အစဉ်အလာသည် နှစ်ပေါင်းများစွာ ရှည်ရှိနေသည်ကား အမှန်။ ယင်းအစဉ်အလာသည် ချက်ချင်းပေါ်လာခြင်း မဟုတ်ပေ။ ယင်းသို့ အတည်မဖြစ်ခင် နှစ်ပေါင်း လပေါင်း မည်မျှကတည်းက ယင်းနည်းကို ရှာကြံ ဖန်တီးနေခဲ့သည် ဆိုတာကိုကား မည်သူမျှ မပြောနိုင်ပေ။ မည်သူက ယင်းနည်းကို စတင်သည်။ မည်မျှကြာအောင် လေ့ကျင့်စမ်းသပ်နေရသည်တို့ကို သုတေသန လုပ်ရန် မလွယ်။ သို့သော် အချိန်ကာလများစွာကြာအောင် စမ်းသပ် ဖန်တီးရင်း အတွေ့အကြုံများ စုပေါင်းကာ ပုဂံခေတ် နောက်ပိုင်းရောက်မှ လေးလုံးစပ် လင်္ကာ သုံးချက်ညီကာရန် စနစ်အဖြစ် လူအများက လက်ခံအသိအမှတ်ပြု၊ အတည်ပြုပြီးသော စနစ်တစ်ခုအဖြစ် နည်းနာတစ်ခုအဖြစ် ထူထောင်မိခြင်း ဖြစ်ပေသည်။ တစ်ယောက်တည်းကလည်း ဟုတ်ချင်မှ ဟုတ်မည်။ ဖန်တီးသူအနုပညာရှင်များစွာ၊ မည်မျှကြာမည်၊ မည်မျှသော နှစ်ကာလ၊ မည်မျှသော အကြိမ်ကြိမ်ဟူသော သမိုင်းအတွေ့အကြုံ၊ စာပေအနုပညာအတွေ့အကြုံမယားကသာ အစဉ်အလာ ဖြစ်လာပေလိမ့်မည်။

သို့သော် ယင်းသို့ ခဲယဉ်းစွာ၊ ကြာညောင်းစွာ၊ အနုပညာရှင်



ပေါင်း များစွာ၊ ပရိသတ်ပေါင်းများစွာ၊ အတွေ့အကြုံပေါင်းများစွာ စုပေါင်း၍ ဖြစ်လာရသော အစဉ်အလာကြီး တစ်ရပ်သည် ရာသက်ပန် တည်တံ့ရမည်လော။

မဟုတ်ပေ။ တစ်ချိန်ချိန်တွင် ပြောင်းလဲရပေလိမ့်မည်။

အဘယ်ကြောင့် ဆိုသော် ထိုအစဉ်အလာသည် ထိုခေတ်က လူများက ထိုခေတ်က လူများအတွက်သာ ဖြစ်သောကြောင့် ဖြစ်သည်။

ယနေ့ခေတ် (ခေတ်တစ်ခေတ်ဆိုပါတော့) က လူများ၏ သမိုင်းလိုအပ်ချက်နှင့် မကိုက်ညီတော့လျှင်ကား အစဉ်အလာတစ်ရပ်သည် နောက်အစဉ်အလာသစ် တစ်ခုဖြင့် ပြောင်းလဲသွားရပေလိမ့်မည်။

လှည်းသည် ရှေးကာလက ပေါ်ခဲ့သည်။ ဘီးကို တွေ့ရှိရာမှ လှည်း ဖြစ်လာခြင်း ဖြစ်သည်။ လူ့ယဉ်ကျေးမှုပေါ်စက ယင်း လှည်းဘီးအစဉ်အလာဖြင့် ယနေ့ မာစီဒီကား ဆန်းသစ်လာခြင်း ဖြစ်သည် မဟုတ်ပါလား။ လှည်းဘီး၏ လည်ပတ်မှုအနှစ်သာရကို ဆက်ခံ၍ ခေတ်သစ်သိပ္ပံနည်းဖြင့် အဆင့်တက်၍ မာစီဒီကားအဖြစ် ဆန်းသစ်လာခြင်း မဟုတ်ပါလား။

ကျွန်တော်တို့သည် အစဉ်အလာ ရိုက်ခတ်မှုအောက်၌ ကြီးပြင်းလာကြရင်း အစဉ်အလာကို မျက်နှာမူကြပေသည်။ ကျွန်တော်သည် ရှေးရိုးသမား၊ ဂန္ထဝင်သမားဘဝမှ စမ်းသပ်ကြည့်ခဲ့ရပေသည်။

[မိုးဝေမဂ္ဂဇင်း]

www.burmeseclassic.com

အာရှမေး • ၂

ဒဂုန်တာရာ

BURMESE CLASSIC .com

www.burmeseclassic.com

ILLUSTRATED BY KO SAN: 2003